1504

မြန်မာမင်း လွှတ်တော်သုံး

ကဝိလက္ခဏာသတ်ပုံ သံပေါက်များ၏

အဖွင့်ဋီကာ

# ကဝိလက္ခဏာဝိဘာဝနီ


ပြုစုသူ

နှစ်ဖက်လှ-ဦးကျော်လွင် (မဟာဝိဇ္ဇာ)

* ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ
* စေတိယင်္ဂဏပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစက
* သာသနဓဇသိရီပဝရ ဓမ္မာစရိယ


၁၅၀၄


ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၅ ကောဇာ ၁၃၄၃ ဇန်နဝါရီလ ၁၉၈၂

မြန်မာမင်း လှူတော်သုံး

## ကဝိလက္ခဏာသတ်ပုံ သံပေါက်များ၏

## အဖွင့်ဋီကာ

# ကဝိလက္ခဏာဝိသောဓနီ

ပြုစုသူ

နှစ်ဖက်လှ-ဦးကျော်လှိုင် (မဟာဝိဇ္ဇာ)

* ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ
* စေတိယင်္ဂဏပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစက
* သာသနဓဇသိရီပဝရ ဓမ္မာစရိယ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၅ ကောဇာ ၁၃၄၃ ဇန်နဝါရီလ ၁၉၈၂

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေး ဦးစီးဌာနအတွက်
ရန်ကုန်မြို့ အမှတ်-၂၄၂၊ လမ်း ၄၀၊ အောင်မြင့်ထွန်းပုံနှိပ်တိုက်တွင် မောင်ထွန်းထွန်း မှတ်ပုံတင်အမှတ် (၀၂၇၂၆) က ပုံနှိပ်၍ ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင် မှတ်ပုံတင်အမှတ် (၀၂၅၂၇) က ထုတ်ဝေသည်။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **ကျမ်းဦး စာဂဟေ** | .... | ၁ |
| ၁။ | **သဒ္ဒါဆိုင်ရာ သံပေါက်များ၏ အဖြေ** | | |
| (၁) | အချင်း၊ အို၊ ဟယ်၊ အာလုပ်သွယ်၊ အဘယ် ခေါ်ဝေါဟာ၊ သံပေါက်၏ အဖြေ၊ | .... | ၉ |
| (၂) | ဝိဂ္ဂိုဟ်မင်၊ ဂဠုန်ပျံ၊ သင်အံနှလုံးစွဲ၊ သံပေါက်၏ အဖြေ၊ | .... | ၃၄ |
| (၃) | လေ့နှစ်စင်းဟန်၊ သမာသ်ဒွန်၊ နှစ်တန် စ ပါရာ၊ သံပေါက်၏ အဖြေ၊ | .... | ၄၁ |
| (၄) | အာဒိအမှန်၊ အာဒိဝန်၊ ကျမ်းဂန်တွေ့တိုင်းရှာ၊ သံပေါက်၏ အဖြေ၊ | .... | ၅၅ |
| (၅) | သဒ္ဒါမသန်၊ မောဂ္ဂလာန်၊ ပြန်ပြန် သင်၍နှာ၊ သံပေါက်၏ အဖြေ၊ | .... | ၆၄ |
| (၆) | ဣတ္ထိလိန်-ပုလ္လိန်၊ နပုလ္လိန်၊ သုံးလိန်ဆက်ဆံခြင်း၊ သံပေါက်၏ အဖြေ၊ | .... | ၇၃ |
| (၇) | ယော-သော-နိယတ်၊ အနိယတ်၊ စွဲမှတ်သင့်ရာငင်၊ သံပေါက်၏ အဖြေ၊ | .... | ၈၃ |
| (၈) | နပုန်းကေတ်၊ ငဲ့တုံလတ်၊ သမာသ်ဒိဂုပင်၊ သံပေါက်၏ အဖြေ၊ | .... | ၈၉ |
| (၉) | အနွတ် ဗာဟျတ်၊ ယွင်းမချွတ်၊ ခပ်မှတ် စုံနှစ်ပြင်၊ သံပေါက်၏ အဖြေ၊ | .... | ၉၈ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၁၀) | ကတ်ကတ် သတ်သတ်၊ ကျမ်းအာချာတ်၊ ဝိဘတ် ရှစ်သွယ်စဉ်၊ သံပေါက်၏ အဖြေ၊ .... | ၁၀၀ |
| (၁၁) | ပစ္စည်းနှင့် ခေတ်၊ ရှုပ်ယှက်ခတ်၊ ဥဏာဒ်မသင်ချင်၊ သံပေါက်၏ အဖြေ၊ .... | ၁၂၄ |
| (၁၂) | သဒ္ဒါရုပ်ခေတ်၊ လိန်သကတ်၊ ကတ်လတ် ကန့်လန့်ကျင်၊ သံပေါက်၏ အဖြေ၊ .... | ၁၃၀ |
| (၁၃) | စွန့်အပ် စွန့်တတ်၊ နှစ်ချက်မှတ်၊ ကံ့ကတ္တားပင်ပင်၊ သံပေါက်၏ အဖြေ၊ .... | ၁၄၃ |
| (၁၄) | သံလေး သံပြတ်၊ သံရည်ဖြတ်၊ ကျူးခတ် အေးယင်ယင် သံပေါက်၏ အဖြေ၊ .... | ၁၄၇ |
| (၁၅) | ဖွင့်၍ ရွတ်ဖတ်၊ အားထုတ်လတ်၊ ပယတ် အမည်တွင်၊ သံပေါက်၏ အဖြေ၊ .... | ၁၆၄ |
| (၁၆) | သမာသ်တဒ္ဓိတ်၊ အာချာတ်၊ ကိတ်၊ ခက်ကျိတ် ရောက်သည်နှင့်၊ သံပေါက်၏ အဖြေ၊ .... | ၁၇၆ |
| (၁၇) | သဒ္ဒါမှာသုတ်၊ ဝုတ္တိထုတ်၊ လိင်ဝုစ် အပြီးပြီး၊ သံပေါက်၏ အဖြေ၊ .... | ၁၈၈ |
| (၁၈) | သမာသ်တဒ္ဓုတ်၊ အာချာတ်ကြုတ်၊ ပါဌ်ပုဒ်သင့်အောင်စီ သံပေါက်၏ အဖြေ၊ .... | ၁၉၆ |
| (၁၉) | ရှေ့တိုး နောက်ဆုတ်၊ အရကုတ်၊ သမုစ္စယပြီ၊ သံပေါက်၏ အဖြေ၊ .... | ၂၀၃ |
| (၂၀) | သဒ္ဒါမှာလည်း၊ သမုစ္စည်း၊ အဆည်း တတ်အောင်ဆို၊ သံပေါက်၏ အဖြေ၊ .... | ၂၀၃ |

| ခန်းစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၂၁) | သဒ္ဒါဝိကပ်၊ ကြံစည်အပ်၊ အရပ် အရပ်သာ၊ သံပေါက်၏ အဖြေ၊ | .... ၂၁၄ |
| (၂၂) | ပါဠိသရုပ်၊ ပါဠိနေပုံ၊ လူနုပ် မသိနိုင်၊ သံပေါက်၏ အဖြေ၊ | .... ၂၂၂ |
| (၂၃) | ဒေါဓဿရုပ်၊ အရှုပ်ရှုပ်၊ လျှင်ခုပ် မတွက်နိုင်၊ သံပေါက်၏ အဖြေ၊ | .... ၂၃၅ |
| (၂၄) | သဒ္ဒါပဟုသည်၊ ချုပ်ပင်စည်၊ ရေနည် ငါးပဝေး၊ သံပေါက်၏ အဖြေ၊ | .... ၂၃၇ |
| (၂၅) | ကမ္မဓာရည်း၊ သမာသ်နည်း၊ ကစ္စည်း မိန့်သံချို၊ သံပေါက်၏ အဖြေ၊ | .... ၂၄၀ |
| ၂။ | နေ့တ္တိဆိုင်ရာ သံပေါက်များ၏ အဖြေ | |
| (၂၆) | ဟာရအာဝတ်၊ သာထူးမြတ်၊ ဝိဘတ္တိနည်းအင်၊ သံပေါက်၏ အဖြေ၊ | .... ၂၂၅ |
| (၂၇) | နေ့တ္တိကျမ်းမြတ်၊ ပရိဝတ်၊ ပညတ္တိပုံပြင်၊ သံပေါက်၏ အဖြေ၊ | .... ၂၆၁ |
| (၂၈) | နန္ဒိယာဝဋ်၊ နည်းထူးမြတ်၊ တုလွတ်နေ့တ္တိပင်၊ သံပေါက်၏ အဖြေ၊ | .... ၂၆၅ |
| (၂၉) | နည်းနာမုန်ဟုတ်၊ နေ့တ္တိဟုတ်၊ တိပုက္ခလပြီ၊ သံပေါက်၏ အဖြေ၊ | .... ၂၆၉ |
| (၃၀) | နိဂုံးလင်္ကာ၊ | .... ၂၇၁ |
| (၃၁) | ကျမ်းကိုး စာရင်း | .... ၂၇၂ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၃။ နောက်ဆက်တွဲ အဖြေများ

(၁) ပရိသတ်လယ်၊ ပျော်စံပယ်၊ ဘုန်းကြွယ် လူ့ထွတ်ချာ၊
သံပေါက်၏ အဖြေ၊ .... ၂၈၁

(၂) သံတအယ်အယ်၊ သုရကာယ်၊ အပါယ်လေးဘုံမှာ၊
သံပေါက်၏ အဖြေ၊ .... ၃၁၃

(၃) အောင်တော်မူမြဲ၊ မာရ်ငါးပွဲ၊ ရန်ကဲး တို့ဘုရား၊
သံပေါက်၏ အဖြေ၊ .... ၃၃၀

(၄) လက်တော်ငင်ဆွဲ၊ တလံခွဲ၊ ပြောင်ပြဲ နဖူးဖျား၊
သံပေါက်၏ အဖြေ၊ .... ၃၄၃

(၅) မွေးရှင်အစုံ၊ ဥဏ္ဏလုံ၊ ရောင်ဟုံ တွေးရရွေး၊
သံပေါက်၏ အဖြေ၊ .... ၃၄၃

(၆) မွေးရှင်တော်ပျံ၊ နဖူးယံ၊ တလံတော်အခွဲ၊
သံပေါက်၏ အဖြေ၊ .... ၃၄၃

(၇) နေမိမင်းတဲ့၊ စောရန်ဖွဲ့၊ ငရဲ့ အောက်ပြည်ရွာ၊
သံပေါက်၏ အဖြေ၊ .... ၃၅၇

(၈) သရဏဂုံ၊ ကိုယ်လုံးထုံ၊အာရုံ ငြိမ့်ဆေးလေး၊
သံပေါက်၏ အဖြေ၊ .... ၃၆၃

(၉) ဘုန်းခြောက်ဖြာစုံ၊ ကောဏာဂုံ၊ မကြုံ ငါတို့ဝေး၊
သံပေါက်၏ အဖြေ၊ .... ၃၇၈

(၁၀) သီဟိုဠ် ကျမ်းတတ်၊ ဗုဒ္ဓဒတ်၊ ပုဒ်ပါဠ် ကျမ်းစီရင်၊
သံပေါက်၏ အဖြေ၊ .... ၃၉၃

(၁၁) လူငယ်ကျမ်းပြု မောင်သြ၊ .... ၄၂၆

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ကံ | .... ၁၄၃ |
| ကစ္စည်း | .... ၂၄၀ |
| ကတ္တား | .... ၁၄၃ |
| ကမ္မဓာရည်း | .... ၂၄၀ |
| ကိတ် | .... ၁၇၆ |
| ချုံ | .... ၂၃၇ |
| ဂဠုန်ပျံ | .... ၃၅ |
| တဒ္ဓိတ် | .... ၁၇၆ |
| တိပုက္ခလ | .... ၂၆၉ |
| ဒိဂုသမာသ် | .... ၈၉ |
| ဒေါဓဿရုပ် | .... ၂၃၂ |
| ဒွန္ဒသမာသ် | .... ၄၁ |
| ဓာတ် | .... ၁၂၇ |
| နပုန်း | .... ၈၉ |
| နိယတ် | .... ၈၅ |
| နန္ဒိယာဝဋ္ဋနည်း | .... ၂၆၅ |
| နေတ္တိကျမ်း | .... ၂၆၅ |
| ပယတ် | .... ၁၇၀ |
| ပရိဝတ် | .... ၂၆၁ |
| ပါဠိ | .... ၂၂၅ |
| ပစ္စည်း | .... ၁၂၇ |
| ပညတ္တိ | .... ၂၆၁ |
| ဗာဟျတ် | .... ၉၈ |
| မောဂ္ဂလာန် | .... ၆၄ |
| ရေနည်ငါး | .... ၂၃၇ |
| လိင် | .... ၇၃ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| လျှင်ခုပ် | .... ၂၃၂ |
| ဝိကပ် | .... ၂၁၄ |
| ဝိကြိုဟ် | .... ၃၅ |
| ဝိဘတ် | .... ၁၀၉ |
| ဝိဘတ္တိနည်း | .... ၂၂၅ |
| ဝုစ် | .... ၁၈၈ |
| ဝုတ္တိ | .... ၁၈၈ |
| သကတ် | .... ၁၃၈ |
| သဒ္ဒါ | .... ၁၃၈ |
| သမာသ် | .... ၁၇၆ |
| သမုစ္စယ (သမုစ္စည်း) | .... ၂၀၃ |
| သံပြတ် | .... ၁၄၇ |
| သံလေး | .... ၁၄၇ |
| သုတ် | .... ၁၈၈ |
| အနိယတ် | .... ၈၃ |
| အန္တတ် | .... ၉၈ |
| အာချာတ် | .... ၁၀၄ |
| အာဒိဝန် | .... ၅၅ |
| အာလုပ် | .... ၁၀ |
| အာဝတ္တဟာရ | .... ၂၅၇ |
| ဥဏာဒ် | .... ၁၂၇ |
| ကောတ် | .... ၈၉ |
| ယောင် | .... ၁၄၇ |

# ကျမ်းဦး စာဂဟော

ဤ ကဝိလက္ခဏာဝိဘာဝနီကျမ်းတွင် 'အချင်း,အို,ဟယ်၊ အာလုပ်သွယ်၊ အဘယ်ခေါ်ဝေါဟာ' အစပြုသော သံပေါက်စာကိုယ် ပုဒ်ရေ (၄၀) တို့၏ ဖွင့်ဆိုရှင်းလင်းချက်များ ပါရှိပါသည်၊ ဤကျမ်းကို နိဂုံးမချုပ်မီ စိန္တကျော်သူ ဦးညို အနေဖြင့် (၁၅)နှစ်သား အရွယ်က ဤမျှ ကောင်းမွန်သော သတ်ပုံကျမ်းကောင်းတဆူကို ပြုစုနိုင် မပြုစုနိုင် ချင့်ချိန်မှုတချပ် ထည့်သွင်း ဖေါ်ပြထားပါသည်၊ ယခု နိဒါန်းပိုင်းတွင်မူ ကဝိလက္ခဏာ ကျမ်းဂုဏ်ရည်နှင့် ဝိဘာဝနီ ဖွင့်ဆိုရေးသားပုံ အခြင်းအရာကို ဖော်ပြအပ်ပါသည်။

## ကဝိလက္ခဏာ ကျမ်းဂုဏ်ရည်

ရှေးဟောင်း မြန်မာသတ်ပုံ စာပေလောကတွင် ရှေ့ဆုံးတန်း၌ တည်နေခဲ့သော ကျမ်းနှစ်ကျမ်း ရှိပါသည်၊ တကျမ်းမှာ စိန္တကျော်သူ ဦးညို ( ၁၀၉၈ – ၁၁၃၃ ) ၏ ကဝိလက္ခဏာ သတ်ပုံသံပေါက်ကျမ်း ဖြစ်ပြီး၊ တကျမ်းမှာ ဆရာတော် ဦးဗုဓ် ( ၁၁၄၈–၁၂၀၄ ) ၏ ကဗျာသာရတ္ထသင်္ဂဟကျမ်း ဖြစ်ပါသည်၊ ကဝိလက္ခဏာကျမ်းကို အသတ်ကာရန်အတွက် ပြုစုခဲ့ခြင်း ဖြစ်ပါသည်၊ ကဗျာသာရတ္ထ သင်္ဂဟကျမ်းကို ပင့်ရစ်အတွက် ပြုစုခဲ့ခြင်း ဖြစ်ပါသည်။

ထိုနှစ်ကျမ်းတို့သည် မိမိတို့၏ ရည်ရွယ်ချက်အတိုင်း အသတ်ကာရန်များ၊ အပင့်အရစ်များ စုံလင်ခြင်း၊ ဝေါဟာရစုံလင်ခြင်း၊ အများကြိုက်ညီလောက်အောင် ခိုင်မာခြင်း၊ အစီအစဉ်အားဖြင့် စနစ်တကျရှိခြင်း၊ အရေးအသား အသုံးအနှုန်း ချောမောပြေပြစ်ခြင်း၊ လောကီ လောကုတ္တရာ ဗဟုသုတ နှံ့စပ်ကြွယ်ဝခြင်း စသော ဂုဏ်တို့ကြောင့် မိမိတို့၏ ရှေ့ပေါ် – နောက်ပေါ် ကျမ်းတို့ထက် နှစ်ပေါင်းများစွာ သာလွန်မြဲ သာလွန်လျက် ရှိခဲ့ပါသည်၊ ဤကျမ်း နှစ်ကျမ်းတို့တွင်လည်း ကဝိလက္ခဏာ

ကျမ်းသည် ကဗျာသာရတ္ထထက်ပင် အသုံးများကာ ထင်ပေါ်ကျော်ကြားလျက် ရှိနေပါသည်။

ကဝိလက္ခဏာ သတ်ပုံသံပေါက်ကျမ်းသည် စိန္တကျော်သူ ဦးဩ ငယ်နုစဉ် အသက်(၁၅)နှစ်သားအရွယ် ရွှေတောင်ရာဇကျော်ဘဝဖြင့် ပြုစုစီရင်ခဲ့သော ကျမ်းဖြစ်ပါသည်၊ မိမိ၏အရှင်သခင် တောင်ငူရာဇာ၏ တိုက်တွန်းချက်ကြောင့် ပြုစုခဲ့ရာ သက္ကရာဇ် ၁၁၁၃-ခုနှစ်၌ ကျမ်းပြီးကြောင်း သိရပါသည်။

ကဝိလက္ခဏာကျမ်းသည် အင်းဝနှင့် အင်းဝနှောင်းခေတ်ပေါ် ပျို့ ကဗျာ လင်္ကာများကို ကျောထောက်နောက်ခံ ယူထားသောကြောင့် သတ်ပုံဆိုင်ရာတွင် ခိုင်ခံ့ထယ်ဝါသည့်အပြင် အကြောင်းအရာ နယ်လည်း ကျယ်ဝန်းလှပါပေသည်၊ လောက ဓမ္မ ရာဇ အရေးအရာ စုံလင်စွာ ပါရှိပါသည်။

စင်စစ်ကား ကဝိလက္ခဏာကျမ်းသည် သတ်ပုံကျမ်းသက်သက် မဟုတ်ပေ၊ သွားယင်းဟန်လွှဲ ဆိုသကဲ့သို့လည်းကောင်း၊ 'အမ္ဗသေစနဂရုန္နာပနနည်း' ကဲ့သို့လည်းကောင်း၊ သတ်ပုံအကျိုးသက်သက်လောက်ကိုသာမက တောင်ပံ့ရာပုံ ဗဟုသုတမျက်နှာစာ စုံလှသည့်အကျိုးများကိုပါ ရစေသော ကျမ်း ဖြစ်ပါသည်။

သို့ရာတွင် ဗဟုသုတ များစွာအတွက် ( အကျယ်ရေးခွင့် မရသည့်အတိုင်း) ကျဉ်းလွန်းလှသောကြောင့်လည်းကောင်း၊ ရေးသားပုံကျစ်လစ်သိပ်သည်းလှသောကြောင့်လည်းကောင်း သာမညပုဂ္ဂိုလ်များသည် ဦးဩ၏ ဉာဏ်နောက်သို့ မီအောင်မလိုက်နိုင်ပဲ ရှိကြရလေသည်။

ထို့ကြောင့်ပင် သံပေါက်စာကိုယ် (၁၇၉၃) ပုဒ်တို့အနက် မင်းတုန်းမင်း၏ အမိန့်တော်ဖြင့် အမေးတော်ရှိ၍ မြောင်လှမ္မိုစား နိုင်ငံခြားဝန်ထောက်တော်မင်း မင်းကြီး သီရိမဟာဇေယျသူ ဦးခြိမ့်က "ရောင်ခြည်ခြောက်သွယ်" ချီ အပုဒ် အပါအဝင် ပုဒ်ရေ(၇၇)ပုဒ်၏အဖြေကို ရေးသားပေးခဲ့သည်၊ယင်းသည်ကဝိလက္ခဏာဒီပနီအမည်ဖြင့် ယခုထင်ရှားရှိပါသည်။

ထို့နောက် မန္တလေးတက္ကသိုလ်မှ ဆရာကြီး ဦးဆန်းထွန်းက "အရိပ်နည်းငယ်"၌ အပုဒ် အပါအဝင် ပုဒ်ရေ(၂၈)ပုဒ်၏ အဖြေကို ရေးသားပြီး ကဝိလက္ခဏာ ဝိသောဓနီ အမည်ဖြင့် ကျမ်းပြုထားပါသည်။

၁၉၅၄-ခုနှစ်ထုတ် မြဝတီမဂ္ဂဇင်းများတွင်လည်း ကဝိလက္ခဏာဒီပနီသစ် ဟူသော အမည်ဖြင့် ကထိက ဦးကျော်ရင် ဖြေဆိုထားသော ပုဒ်ရေ (၅)ပုဒ်၏ အဖြေကို တွေ့ရပါသည်။

ထိုသုံးရပ်ကိုပေါင်းသော် ယခုအခါ၌ ကဝိလက္ခဏာ သတ်ပုံ သံပေါက်များအနက် သံပေါက်ပေါင်း ( ၁၁၁ ) ပုဒ်၏ အဖြေ အထင်အရှား ရှိကြောင်း သိရပါသည်၊ ထိုမှကြွင်းသော ပုဒ်ရေ (၁၆၈၂) ပုဒ်မှာ အဖြေ အထင်အရှား မရှိသေး ဖြစ်ပါသည်။

ကဝိလက္ခဏာကျမ်းတွင် ပိဋကတ်ဆိုင်ရာ သတ်ပုံသံပေါက်ပေါင်း (၃၅၃)ပုဒ် ပါရှိသည့်အနက် သဒ္ဒါ(၃၆)ပုဒ်၊ နေတ္တိ(၄)ပုဒ် ပါဝင်ပါသည်၊ ဒီပနီဆရာ ဖြေဆိုသော ပုဒ်ရေ (၇၈)တို့တွင် သဒ္ဒါဆိုင်ရာ(၈)ပုဒ်၊ ဝိသောဓနီ ဆရာ၏ အဖြေ (၂၈)ပုဒ်တွင် သဒ္ဒါဆိုင်ရာ (၃)ပုဒ် ပါဝင်ပါသည်၊ ထို့ကြောင့် မူလရှိရင်း (၃၆)ပုဒ်အနက် သဒ္ဒါဆိုင်ရာ (၁၁)ပုဒ်မှာ အဖြေရှိပြီးသားဖြစ်၍ (၂၅)ပုဒ်မှာ အဖြေမရှိသေး ဖြစ်ပါသည်။

ကဝိလက္ခဏာ သတ်ပုံသံပေါက် အားလုံးကို ဖွင့်ဆိုရေးသားခြင်း မပြုနိုင်သေးမီ အဖွင့်မရှိသေးသော ပါဠိသဒ္ဒါနှင့် နေတ္တိဆိုင်ရာ သံပေါက်များ၊ အခြားသော ပိဋကတ်ဆိုင်ရာ သံပေါက်များကို ဖွင့်ဆိုရေးသားရန် ပါဠိ မြန်မာ စွယ်စုံ သိသူများက ကြိုးပမ်းသင့်သည်ဟု ယုံကြည်ခဲ့၏၊ ဤယုံကြည်ချက် အခြေခံဖြင့် ဤကျမ်းကို ပြုစုခြင်း ဖြစ်ပါသည်။

## အဖြေ ရေးနည်းများ

အဖြေ ရေးနည်း ရေးဟန်နှင့် စပ်လျဉ်း၍ တင်ပြရသော် ဒီပနီ၊ ဝိသောဓနီနှင့် ကဝိလက္ခဏာ ဒီပနီသစ် သုံးဦးတို့သည် တဦးနှင့်တဦး မတူကြသည့်နည်းတူ ကျွန်တော်၏ ရေးနည်းသည်လည်း ထိုသုံးဦးနှင့် ကွဲပြားပါသည်၊

ဒီပနီနှင့် ဝိသောဓနီတို့သည် ပြင်ပ ဗဟုသုတများစွာကို သိပ်နှယ်ထည့်သွင်း ဖော်ပြကြသည်၊ သို့သော် ဒီပနီဆရာ၏ ပိဏ္ဍတ္ထ၊ အဝယဝတ္ထ၊ ဥပဒေသ ပုံစံသို့ ဝိသောဓနီက မလိုက်ချေ၊ ဒီပနီသစ် ဆရာသည် ဦးခြိမ့် ဒီပနီသို့ ပုံစံအားဖြင့် လိုက်သော်လည်း ရေးသားဟန်အားဖြင့် ကွဲပြားသွားပါသည်၊ ပါဠိ နည်းပြီး မြန်မာမှုဘက်သို့ များစွာ အားပြုထားပါသည်၊ ဤသို့ ဖြေဟန်များ ကွဲပြားခြင်းမှာ ခေတ်ကွာခြားမှုကြောင့် စာဖတ်သူများသို့ လိုက်ပြီး ကွဲပြားသွားဟန် ရှိပါသည်။

ရှေးခေတ်သည် အချိန်အား များစွာရှိပြီး ဗဟုသုတကျမ်းပင်လယ်ကို လက်ဝစ်ကူးနိုင်ကြသောခေတ် ဖြစ်ပါသည်၊ ယနေ့ခေတ်မှာမူ ပင်လယ်ကို သင်္ဘောဖြင့် ဥဒဟိုဖြတ်သန်းနေကြသောခေတ် ဖြစ်၍ လိုရင်း တိုရှင်း ကြိုက်သောခေတ် ဖြစ်ပါသည်၊ သို့ရာတွင် လိုရင်းကို မကြွင်းမကျန်စေပဲ ငင်သမျှ အစတိုင်း ပါစေသင့်ပါသည်။

## ဖွင့်ဆိုပုံ အစီအစဉ်

အဖြေကို ဤသို့ စီစဉ်ရေးသားပါသည်၊ ပထမဦးစွာ ဖြေဆိုမည့် သတ်ပုံသံပေါက် စာကိုယ်ကို ဖော်ပြပါသည်၊ ထိုနောက် ထိုသံပေါက်၏ စကားပြေကို ရေးသားပါသည်၊ စကားပြေ ရေးသားပြီးနောက် သက်ဆိုင်ရာ သဒ္ဒါ၊ အနက်ဖွင့်ဆို ရှင်းလင်းချက်များကို ဆက်လက် ဖော်ပြပါသည်၊ နောက်ဆုံး၌ အကျိုးရလဒ်ကို ဖော်ပြ၍ နိဂုံးအုပ်ပါသည်။

ဖွင့်ဆိုရှင်းလင်းချက် ရေးသားရာတွင် ရှေးဒီပနီ၊ ဝိသောဓနီတို့ကဲ့သို့ အခြားကျမ်း ဗဟုသုတများကို အများအပြား ကူးယူထည့်သွင်း ဖော်ပြခြင်း မပြုပဲ ဖြေဆိုနေသည့် သံပေါက်၏ အနက်အဓိပ္ပာယ် ပြည့်စုံရုံလောက်ကိုသာ အလေးထား၍ ရေးသားပါသည်၊ ထို့ကြောင့် ဂန္ထဂရုဒေါသ (ကျမ်းလေးသည့်အပြစ်) မှ လွတ်ကင်းမည်ဟု မြော်လင့်ပါသည်၊ ထို့ပြင် ပါသင့်သော အဓိပ္ပာယ် မကြွင်းမကျန်ရစ်အောင်လည်း အားထုတ်ပါသည်၊ ထို့ကြောင့် ကျည်းကန်ရှင်ကြီး၏ သတ်ပုံပုစ္ဆာများကို ဖြေဆိုထားသော ကျီးသဲလေးထပ် ဆရာတော်ဘုရား၏ စွယ်စုံကျော်ထင် အဖြေ

ကျမ်းကဲ့သို့ အချိုအရာ၌ ငုပ်,ကျဉ်းလွန်းသော အစွန်းတဘက်မှလည်း လွတ်မည်ဟု ယူဆပါသည်။

ထိုသို့ ဖွင့်ဆိုရှင်းလင်းချက်များကို ရေးသားယင်း ဤသံပေါက်ပါ အချက်အလက်များသည် ပါဠိသဒ္ဒါအတွက် မည်သို့ အကျိုးများသည်၊ မြန်မာသဒ္ဒါနှင့် မြန်မာစာပေအတွက် မည်သို့ အထောက်အကူ ဖြစ်စေသည်၊ ဗဟုသုတ မည်သို့ပေးသည် ဟူသော အချက်ကိုပါ ထင်ဟပ်ဖော်ပြပါသည်၊ ဤသို့ ဖော်ပြသဖြင့် ဦးသြသည် အဘယ်ကြောင့် ဤသံပေါက်ကို စပ်ဆိုခဲ့ကြောင်း စာဆို၏ နှလုံးသွင်း အာဘောဂကိုပါ တွေးမြင်ခွင့် ရမည် ဖြစ်ပါသည်။

## ပန်ကြားချက်

ဤကျမ်းစာကို စက်တင်ပုံနှိပ်စဉ်က ကျမ်းပြုသူအနေဖြင့် အခြားသော သာသနာရေးကိစ္စများဖြင့် မအားမလပ်လွန်းသည့်အတွက် ကိုယ်တိုင် ကြီးကြပ်ရိုက်နှိပ်နိုင်ခြင်းမရှိခဲ့ပါ၊ သို့ဖြစ်၍ စာအကျအပေါက် အမှားအယွင်း မကင်းသည်ကို တွေ့ရပါသည်၊ သာဓကတခု ပြရပါသော် 'ရပြီးသားစာများ မမေ့မပျောက်ရအောင် ညညပြန်ဖတ် ရသည်' (နှာ-၄၃၇)၌ အမှန်မှာ 'ညညစာပြန်ရသည်' ဟုသာ ဖြစ်ပါသည်။

ဤသို့သော ချွတ်ချော် တိမ်းယိမ်းမှုများကို တွေ့ရပါလျှင် ပညာရှင်များအနေဖြင့် အမှန်ကိုဆင်ခြင်၍ ပြင်ဆင်ဖတ်ရှုနိုင်ကြသည်ဟု ယုံကြည်ပါသဖြင့် အမှားပြင်ဆင်ချက် မထည့်မသွင်းလိုက်တော့ပါ၊ အခြေအနေအရ ခွင့်လွှတ်နိုင်သောအချက် ဖြစ်ပါစေခလို။

နှစ်ဖက်လှ–ဦးကျော်လွင်

# ပဏာမနှင့်ပဋိညာဉ်

ဒသဗလူပ သမ္ဗုဒ္ဓံ၊ ဓမ္မံ သံဃဉ္စ ဥတ္တမံ။
အဘိဝါဒိယ ရစိဿံ၊ သဒ္ဒပဗ္ဗ ဝိသဇ္ဇနံ။

ကဝိလက္ခဏဂန္ထဿ၊ ဂုဠတ္ထ နယ သောဘိတံ။
သောတူနံ ပါဒဘာဝါယ၊ မြမ္မဝေါဟာရ နိဿိတံ။

(ပထျာဝတ္တ ဂါထာ)

အဟော၊ မြန်မာ့ဝေါဟာ၊ မြန်မာစာနှင့်၊ မြတ်စွာတရား၊ မြန်တလွှား၌၊ ကြီးပွားတိုးတက်၊ တန်ခိုးထက်အောင်၊ နေ့ရက်မချာ၊ စွဲမြဲစွာဖြင့်၊ လေးဖြာဓိပတိ၊ လက်စွဲရှိ၍၊ အသိပေါ်ထင်၊ သူတော်မြင်သည့်၊ ကျော်လွှင်သမုတ်၊ အကျွန်ုပ်သည်။ ဥတ္တမံ၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏဒဿန ဂုဏ်တို့ဖြင့်၊ လွှမ်းခြုံတင့်အပ်၊ အလွန်မြတ်သော။ ဒသဗလူပ သမ္ဗုဒ္ဓံ၊ အားတော်ဆယ်တန်၊ ဉာဏ်တော် ဆယ်ပါး၊ ထင်ရှားကုံလုံ၊ ပြည့်စုံတော်မူသော။ ဗုဒ္ဓဉ္စ၊ သစ္စာလေးဆင့်၊ ခိုင်လုံးရင့်ကာ၊ ပွင့်လာခေါင်ဖျား၊ ရှင်တော်မြတ်ဘုရားကို လည်းကောင်း။ ဓမ္မဉ္စ၊ မဂ်,ဖိုလ်,နိဗ္ဗာန် ဓမ္မခန်ဟု၊ ဆယ်တန် ထင်ပေါ်၊ တရားတော်ကို လည်းကောင်း။ သံဃဉ္စ၊ မဂ်,ဖိုလ်တည်ဆောက်၊ သိဒ္ဓိမြောက်သည့်၊ ရှစ်ယောက်သော ပရမတ္ထ သံဃာတော်မြတ်ကိုလည်းကောင်း။ အဘိဝါဒိယ၊ စေတနာသုံး၊ သဒ္ဓါကုံးဖြင့်၊ ညွတ်ရုံးဝပ်လျှိုး၊ ရှိခိုးပြီး၍။ ကဝိလက္ခဏ-ဂန္ထဿ၊ ကဝိလက္ခဏ၊ နာမမည်သာ၊ ကျမ်းမဟာ၏။ ဂုဠတ္ထ နယ-သောဘိတံ၊ လျှို့ဝှက်သော အနက် လျှို့ဝှက်သောနည်းတို့ဖြင့် အံ့ချီးစဖွယ်၊

တင့်တယ်ပေထသော။ မြမ္မဝေါဟာရ နိဿိတံ၊ ဘိုးဘွားမွေနှစ်၊ မြန်မာစစ်တို့၊ ချစ်သည့်ဝေါဟာ၊ မြန်မာစာဖြင့်၊ ကောင်းစွာပြုပြင်၊ စီရင်အပ်သော။သဒ္ဒပဗ္ဗဝိသဇ္ဇနံ၊ ကဝိလက္ခဏာ၊ တအင်္ဂါဟု၊ သဒ္ဒါမြကြုတ်၊ ဆိုင်ရာပုဒ်၏၊ မယုတ်မလွန်၊ အဖြေမှန်ကို။ သောတူနံ၊ ပညာလိုက်စား၊ လူအများတို့၏။ ပါဒဘာဝါယ၊ အစပျိုးသစ် အခြေ ဖြစ်စိမ့်သော်ငှာ။ ရစိဿံ=ရစယိဿာမိ၊ ရေးသားပြုပြင် စီရင်ပေအံ့။ ။

# ၁။ အချင်း အို ဟယ်၊ အာလုပ်သွယ်၊ အဘယ် ခေါ် ဝေါဟာ

ဤသံပေါက်သည် ဟယ် သွယ် ဘယ် ဟူသော အယ်ကာရန် ဝေါဟာရများ၏ သတ်ပုံကို ဖော်ပြ၏၊ အချင်း အို ဟယ် အဘယ် ဟူသော ဝေါဟာရတို့သည် အခေါ် အဝေါ် အာလုပ် စကားဖြစ်ကြောင်းလည်း သိစေ၏။

အချို့အရာ၌ "နောက်ပစ် ယသတ် သမာနတော" ဟူသော ပြောင်းလဲခြင်း ဥပဒေအရ ကျယ် နှင့် ကျဲ၊ ဆွယ် နှင့် ဆွဲ စသည်ကို လက်နုပ်လက်ဝါး သုံးကြ၏၊ ဤ၌မူ ဟယ် နှင့် ဟဲ၊ ဘယ် နှင့် ဘဲ ပြောင်းလဲ အသုံးမပြုရ၊ အခေါ် အဝေါ် အာလုပ်စကားဖြစ်၍ အယ် ကာရန်ဖြင့်သာ-ဟယ်၊ ဘယ်(အဘယ်)ဟု သတ်ပုံမှန် ရှိစေရမည်ဟု သိစေသည်။

ဖွင့်ဆိုရှင်းလင်းချက်

ဤ သံပေါက်တွင် "အာလုပ်" ဟူသော စကားသည် "စကားမ" ဖြစ်၏၊ ထို့ကြောင့် ယင်းက စပြီး ဖွင့်ပေအံ့။

**အာလုပ်** ဟူသော ဝေါဟာရ၏ ရင်းမြစ်ကား အာလပန ( ပါ ) တည်း။

အာ + လပန
အာ = ရှေ့ရှုခြင်း (အဘိမုခ)
လပန = ခေါ်ခြင်း၊
အာလပန= ရှေ့ရှုခေါ်ခြင်း၊

ပဒုမ ပုဒ်၊ ဝစနမှ ဝုစ် ဖြစ်လာသကဲ့သို့ လ၏မိုရာ "အ" သရကို "ဥ" ပြု၊ အဆုံးဗျည်း "န" ကိုချေ၊ ပ ၌ တံခွန်လွှားပြီး "အာလုပ်" ဟူသော ပါဠိသက် မြန်မာဝေါဟာရကို ရပေ၏။

ကဝိလက္ခဏာ ၁—ပ-မ-သ-စ

## အာလုပ်အဓိပ္ပာယ်

အာလပန (အာလုပ်) သည် အနက်နှစ်မျိုးရှိ၏၊ တမျိုးကား "အာ-အဘိမုခံ ကတွာ လပနံ အာလပနံ" ဟူသော ဘာဝသာဓ်ဝိဂ္ဂိုဟ်အရ ရှေးရှု ခေါ်သော ကြိယာအမူအရာကို "အာလုပ်" ဟု ဆိုရ၏၊ အခြားတမျိုးကား "အာ အဘိမုခံ ကတွာ လပိတဗ္ဗန္တိ အာလပနံ" ဟူသော ကမ္မသာဓ်ဝိဂ္ဂိုဟ် အရ ရှေးရှုခေါ်အပ်သော အနက်(ဒြပ်)သည် အာလုပ် မည်ပေ၏။

မင်းဘူး ဦးသြဘာသ၏ ဝေဿန္တရာဇာတ် မြန်မာပြန် ဝတ္ထုကြီး၌ ဝေဿန္တရာမင်းကြီးက "အဘယ်မဒ္ဒီ" ဟု ခေါ်ရာတွင် မဒ္ဒီသို့ ရှေးရှု၍ (ရည်ရွယ်၍) ခေါ်လိုက်သည့် ဝေဿန္တရာမင်း၏ ခေါ်ခြင်း ကြိယာ အသံအမူအရာသည် အာလုပ် မည်၏၊ အခေါ်ခံရသော မဒ္ဒီမိဖုရား သည်လည်း ဒုတိယနည်းအရ အာလုပ်ပင် မည်ပေသည်။

"အဘယ်" သည် ခေါ်ခြင်းကြိယာ အမူအရာ အာလုပ်ကိုပြ၏၊ "မဒ္ဒီ" သည် အခေါ်ခံရသော မိဖုရား ဒြပ်ဟူသော အနက်ဒြပ် အာလုပ်ကို ပြ၏၊ အကယ်၍ "မဒ္ဒီ" ဟူသော စကားမပါပဲ "အဘယ်" ဟုသာ ခေါ်ပါလျှင် မိန်းမအများ ရှိနေပါက မည်သူ့ကိုခေါ်သည် ဟူသော အနက်မထင်ရှား၊ ဝေဿန္တရာမင်းမှာ မဒ္ဒီတဦးတည်းရှိနေမှသာ သူ့ကို (မဒ္ဒီကို) ခေါ်ကြောင်းသိရာ၏၊ သို့သိခြင်းသည်လည်း "အဘယ်" ဟူသော အာလုပ်သက်သက်ကြောင့်မဟုတ်၊ သူ့ကိုမှတပါး အခြား ခေါ်စရာမိန်းမ မရှိဟု နားလည်နှင့်သောကြောင့် ဖြစ်ရာ၏။

"အဘယ်" ဟူသော အာလုပ်ပြစကားမပါပဲ၊ 'မဒ္ဒီ' ဟုသာ ခေါ်လျှင် ရှေးရှုမှု အဘိမုခသည် လွန်စွာ အရေးပါလာ၏၊ သူ့ကိုရှေးရှုပြီး 'မဒ္ဒီ' ဟု ခေါ်မှသာ အာလုပ်ဖြစ်ရာ၏၊ ရှေးရှုမှုမရှိပဲ 'မဒ္ဒီ၊ မဒ္ဒီ' ဟု ဆိုနေလျှင် စာရွတ်သကဲ့သို့ ဖြစ်နေရာ၏၊ ကွေကွင်းနေရသူကို တမ်းတနေသည့် သဘောသို့လည်း ရောက်ရာ၏၊ အာလုပ်ကိစ္စ မပြီးချေ၊ မဒ္ဒီကလည်း လာမည်မဟုတ်ချေ၊ သို့ဖြစ်သောကြောင့် အာလုပ် (အာလပန) အရာ၌ 'အာ' ၏ အနက်ရှေးရှုခြင်း(အဘိမုခ)သည် အရေးပါလှကြောင်း သိရပေသည်။

ရှေ့ရှုသည်ဆိုရာတွင် အသံဖြင့် ရှေ့ရှုခြင်းသာ ဖြစ်၏၊ ခေါ်ကြောင်း သိစေမည့် အသံအား ပါရမည်၊ အားထုတ်မှု ရှိရမည်ဖြစ်၏၊ အဘိဓမ္မာ ဝေါဟာရဖြင့်ဆိုသော် ဝစီဝိညတ် ထင်ရှားစေရမည်ဖြစ်၏၊ (ဝစီ=စကား၊ ဝိညတ္တိ=သိစေတတ်ခြင်း)။

ထို့ကြောင့်ပင် သာရတ္ထဒီပနီကာ၌ 'အာမန္တိယတေ အာဟုယတေ့ ပုရိ-သာနေနာ တျာမန္တနံ'ဟု ဖွင့်ပြထား၏၊ အနက်ကား – ပုရိသာ၊ ယောကျ်ားတို့သည်။ အနေန၊ ဤ စကားသံဖြင့်။ အာမန္တိယတေ အာဟုယတေ၊ ရှေ့ရှုထင်ရှား သိစေအပ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ အာမန္တနံ၊ အာမန္တန မည်၏။

အာမန္တနနှင့် အာလပန ခေါ်ဝေါ်ခြင်း၌ တူ၏၊ 'အာမန္တန' ကား ပါဠိ ပိဋကတ်သုံး စကား၊ "အာလပန"ကား လောကီသဒ္ဒါကျမ်း သုံးအမည်ဖြစ်၏၊ ဤမျှသာ ထူး၏။

'အသံဖြင့် ရှေ့ရှုခြင်း'ဟူသော စကား၏ စွမ်းရည်အနက်(သာမတ္ထိယ) အားဖြင့်'ကိုယ်ဖြင့် ရှေ့ရှုခြင်း'ဖြစ်ပါက အာလုပ် မမည်ဟူသော အဓိပ္ပာယ် ထူးကို သိစေသည်၊ ထို့ကြောင့် လက်ယပ်ခေါ်ခြင်း၊ ခေါင်းညိတ်ခေါ် ခြင်းသည် အာလုပ် မဟုတ်၊ အာလုပ်သည် ကာယဝိညတ်(ကိုယ်အမူအရာ ဖြင့် သိစေမှု)နှင့် မသက်ဆိုင်၊ ဝစီဝိညတ်အရာသာ ဖြစ်သည် ဟူလို။

ထိုမှတပါး အာလုပ်နှင့်စပ်လျဉ်း၍ ပါဠိ သဒ္ဒါကျမ်းများက စနစ် တကျ ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြကြ၏၊ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး၏ ပါဠိဘာသာရေး နိရုတ္တိဒီပနီကျမ်းကြီး၌—

အာမန္တနံ ဝုစ္စတိ အာလပနံ၊ ဣဒံ အာမန္တနံ နာမ
ပဌမာ သိဒ္ဓေ ဧဝ ဟောတိ၊ န ဝိဓာတဗ္ဗေ။

ဟု ဖွင့်ပြ၏၊ ဆိုလိုသည်မှာ အာလုပ်ဆိုသည်မှာ ခေါ်ခြင်းကို ဆိုလိုသည်၊ ယင်းခေါ်ခြင်းသည် မူလကရှိနှင့်ပြီးသောအရာကိုသာ ခေါ်၍ရသည်၊ ပြုပြင် ဖန်တီးပြီး ခေါ်၍မရဟု ဆိုလိုသည်၊ ပုံစံ — မင်းဖြစ်နှင့်မှ ထိုသူအား 'အိုမင်းမြတ်' ဟု ခေါ်ရာ၏၊ ရဟန်းဖြစ်နှင့်မှ 'အိုရဟန်း' ဟု ခေါ်နိုင်

ရာ၏၊ မဖြစ်သေးခင် ထိုသို့ မခေါ်နိုင် ဟူလို၊ ဤစကားအရ သိရသည်မှာ အာလုပ်သည် အတိတ်၊ အနာဂတ်နှင့် မသက်ဆိုင်၊ တည်ဆဲ ပစ္စုပ္ပန် အခြေအနေ အမှန်အတိုင်းသာ ခေါ်ရသည်ဟု သိရပေသည်။

## အာလုပ်အမျိုးမျိုး

အာလုပ်သည် ခေါ်ဝေါ်နည်းသို့လိုက်၍ အမျိုးမျိုးရှိပေ၏၊ ယင်း အာလုပ်တို့ကား အောက်ပါတို့ပင် ဖြစ်ကြသည်။

သာဒရ-အာလုပ် =ရိုသေလေးမြတ်စွာ ခေါ်ခြင်း၊ ပုံစံ–အိုအမိငယ်။

မေး။ အို....အမိငယ်၊ နတ်ဓါ်နှယ်၊ အဘယ် အာလုပ် ခေါ်မည်နည်း။ (ကူ့ညီးကန်)

ဖြေ။ အိုအမိငယ်ဟု ခေါ်ခြင်းသည် သာဒရအာလုပ် တည်း။ (ကျီးသဲ)

အနာဒရ-အာလုပ် =ပမာမခန့် မထီလေးစားခေါ်ခြင်း၊ ပုံစံ ဟယ်.... ပုဏ္ဏား။ တဏှာယောကျ်ား ဟယ် ပဲကွပ်သမား။

နိဒ္ဒီဝ-အာလုပ် =အသက်မဲ့ဝတ္ထု အား ခေါ်ခြင်း အို....တောမီး၊ (ဇာတဝေဒ)။ (ဝဋ္ဋပရိတ်)

သဇီဝ-အာလုပ် =အသက်ရှိသူအား ခေါ်ခြင်း — အို....ရဟန်း။

ပစ္စက္ခ-အာလုပ် =မျက်မှောက်၌ ခေါ်ခြင်း – အမောင်လုလင်။

အ ပစ္စက္ခ အာလုပ် =မျက်ကွယ်ခေါ်ခြင်း၊ တကြော်ကြော် ခေါ်ပြီး ရှာဖွေခြင်းများ၌ သုံးခြင်းဖြစ်၏၊ ပုံစံ—အို.... သားလေးဘယ်မှာလဲ (ကဟံ ဧကေ ပုတ္တက)။

နိယမ-အာလုပ် =သတ်မှတ် ခေါ်ဝေါ်ခြင်း၊ ပုံစံ — အိုပုဏ္ဏား ပျက်၊

အနိယမ-အာလုပ် =တဦးဦးကို မသတ်မှတ်ပဲ လုံး၍ ခေါ်ခြင်း။ ပုံစံ—

အိုအချင်းတို့ (အံ့ဖွယ်ရှိစွတကား)။
အိုအချင်းတို့(မဖြစ်ဖူးမြဲ ထူးကဲလှချေတကား)။
အို သူတော်ကောင်းတို့၊ ဤဓမ္မစကြာတရားတော်ကို ရွတ်ဆိုကြပါကုန်စို့။
(ဓမ္မစက္ကံ ဘဏာမ ဟေ)

## ပါဠိဝေါဟာရ-အာလုပ်ပုဒ်များ

မြန်မာဘာသာအတွက် အမှီးရစေရန် ပါဠိသုံး အာလုပ်ပုဒ်အချို့ကို ကောက်နုတ်ဖော်ပြပါဦးအံ့။

အာယသ္မာ =အရှင်၊ ချစ်ခင်မှု အလေးပြု၍ ခေါ်သောအာလုပ်၊ ရဟန်းအချင်းချင်း၊ လူက ရဟန်းကို ခေါ်ရာ၌ သုံးနိုင်၏။

အာယသ္မာတိ ပိယဝစနမေတံ၊ ဂရုဂါရဝသပတိဿာဓိဝစနမေတံ။ (ပါရာဇိကဏ်-၄)

အယျ =အရှင်၊ အရှင်မ။ ဘန္တေ-ကဲ့သို့ ရိုသေလေးမြတ်စွာ ခေါ်သောအာလုပ်၊ ဘိက္ခုနီမများကို ဖြစ်စေ၊ လူအချင်းချင်းဖြစ်စေ ခေါ်နိုင်သည်။

အယျေ =အရှင်မ။ အယျနှင့်တူ၏၊ သို့သော် အလေးဂရုပြုရသော မိန်းမများကို ခေါ်ရာ၌ သုံး၏။

အမ္မ =အမိ၊ မိခင်။ မိခင်ကို ဖြစ်စေ၊ မိခင်နှင့်တူသော မိန်းမများကို ဖြစ်စေ ခေါ်နိုင်၏၊ အမ္မာတိ မာတရံ အာလပတိ။ (ပါ-၄)

တာတ =အဖ၊ ဖခင်၊ အမောင်။
ဖခင်ကို လည်းကောင်း၊ ဖခင်နှင့်တူသူကို လည်းကောင်း၊ သားကိုလည်းကောင်း၊ သားနှင့်တူသူကို လည်းကောင်း ခေါ်ဝေါ်သော အာလုပ်ဖြစ်၏။

ဤတွင်'တာတ'ဟူသော အာလုပ်ပုဒ်သည် သားက အဖကိုခေါ်သော ဝေါဟာရဖြစ်သလို အဖက သားကိုခေါ်သော ဝေါဟာရလည်း ဖြစ်နေသည်ကို သတိပြုသင့်၏၊ သားကလည်း အဖေကို 'တာတ'၊ အဖေကလည်း သားကို 'တာတ'ဟု အပြန်အလှန် ခေါ်နိုင်ခြင်း ဖြစ်၏။

မြန်မာမှု၌လည်း ထိုကဲ့သို့ သားနှင့်အဖ အပြန်အလှန် ခေါ်နိုင်သော ဝေါဟာရရှိ၏၊ ပုံစံ–ခပည်း။ သားက အဖကို 'ခမည်းတော်'ဟု ခေါ်သည် များစွာရှိ၏၊ အဖကလည်း သားကို ချစ်မြတ်နိုးစွာ 'သားခမည်း' ဟု ခေါ်ပေသည်။ ထို့ကြောင့် ကဝိလက္ခဏာ၌ ဤသို့ ဆိုပေ၏။

တသမတ်တည်း၊ ချစ်အားသည်း၊ ခမည်းဖခင်ဆို။ (ကဝိ-၁၆၆၄)

ဘဂိနီ =နှမ။ ရဟန္တာက မာတုဂါမကို ခေါ်သည့် အာလုပ်။ (အင်္ဂုလိမာလသုတ်)
သာမန်လူများကလည်း နှမအရွယ်မိန်းကလေးကို 'နှမ'ဟု ခေါ်နိုင်၏။

ဤ ပါဠိယဉ်ကျေးမှုမှ ဆင်းသက်ပြီး လူပျိုက အပျိုကလေးကို 'နှမ' စသည်ဖြင့် ခေါ်ဝေါ်ရေးသားခြင်း ဖြစ်ဟန်တူ၏၊ မောင်နှမအချင်းချင်း လက်ထပ်ခဲ့ဖူးသော သကျသာကီဝင် ယဉ်ကျေးမှုအရ 'နှမတော်'ဟု ခေါ်ခြင်းလည်း ဖြစ်ရာ၏။

ဘဒ္ဒေ =ရှင်မ။ လင်က မယားကို ခေါ်သော အာလုပ်။
အဆင့်နိမ့်သူက အိမ်ရှင်မကို ခေါ်ရာ၌လည်း သုံး၏။ 'ဘဒ္ဒ' သဒ္ဒါသည် ကောင်းမြတ်ခြင်း

အနက်ရှိ၏။ ဘဒ္ဒေကို အာဘယ်ဟု မင်းဘူး ဦးညြဘာသမြန်မာပြန်ပြီး 'အာဘယ်မဒ္ဒိ'ဟုရေးခဲ့၏၊

ဘဒ္ဒန္တ =ကောင်းမြတ်သော၊ ဘဒ္ဒန္တေ – ဟု ဆိုလျှင်— ကောင်းမြတ်သော အရှင်—ဟု အာလုပ်မှုခြင်း ဖြစ်၏၊ ယင်း ဘဒ္ဒန္တကို ဘန္တေ ဟုလည်းပြောင်း သည်၊ ဘဒ္ဒန္တေ သဒ္ဒါ၊ ရှိလေရာ၊ အာလုပ်နာမ် နှစ်ခါ။ ဘဒ္ဒန္တေ—ဘန္တေ၊ ဘဒ္ဒံ-သုန္ဒရံ၊ တေ-တဝ ယောတု၊ နှစ်ကွဲပြု၊ နှစ်ခု ယောဇနာ။ (ဆူးခါးနိယံ-မဟာဝိသယ)။

သာမိ =အရှင်။ မယားက လင်ကိုခေါ်ရာ၌ သုံးသော အာလုပ်။ ကျေးကျွန်က မိမိသခင်ကိုခေါ်ရာ၌ လည်း သုံး၏။

ဘဏေ =အိုအချင်း။ မင်းစိုးရာဇာတို့က လက်အောက် ငယ်သားများကို ခေါ်ရာ၌ သုံး၏။

ဘော =အိုအချင်း။ပုဏ္ဏားတို့ ဇာတ်မလေ့ဖြင့် ခေါ်ဝေါ် သော အာလုပ်။

အာလုပ် ဝေါဟာရ ဘော ဟာ ဟေ ယော တို့နှင့် ပတ်သက်၍ ရှေးကျမ်းတို့၌ ယေဘုယျသဘောကို ဤသို့ ပြောကြားခဲ့၏၊ ဘော ဘောတိ ဂရုကံ ဥဒယျံ၊ ဘော ဘော ဟု ဆိုလျှင် အလေးဂရုပြုခြင်းဟု သိရာ၏။ ဟာ ဟာတိ ပိယဝစနံ၊ ဟာ ဟာ ဟုဆိုလျှင် ချစ်ဖွယ်စကားဟု သိရာ၏။ ဟေ ဟေ အနာဒရေ စေဝ၊ ဟေ ဟေ ဆိုလျှင် မရိုမသေဟု သိရာ၏။ တိဝိဓံ တဿ လက္ခဏံ၊ ဤကား အာလုပ်လက္ခဏာ သုံးရပ်တည်း၊

သမ္ဘ =အိုအဆွေ၊ အရှယ်တူ သူငယ်အချင်းချင်းကို ခေါ်သော အာလုပ်။ သမ္မာတိ ဝယာသဘာဝိလာပေါ။ (သီ—၄)

ရေ၊ အရေ =ဟေ့ကောင်။ ယုတ်နိမ့်သူကိုဖြစ်စေ၊ နှိမ်ချလို၍ ဖြစ်စေ၊ မုန်းတီးစိတ်ဖြင့် ခေါ်ဝေါ်သော အာလုပ်။
ရေတိ အာမန္တနဝစနံ။ (ကထာဝတ္ထု–၄)

ဇေ =ဟဲ့ ကျွန်မ။ အိန္ဒိယပြည် ဝေသာလီနယ်၌ ရှေးခေတ်က ကျွန်မကို 'ဇေ'ဟု ခေါ်သတတ်၊ ဇေတိ အာလပနေ နိပါတော၊ ဇေ ဟိ တသ္မိံ ဒေသေ ဒါသီနံ အာလပန္တိ၊ (ပါ—၄)

## ဝါကျ၌ အာလုပ်၏ အခန်းကဏ္ဍ

ဝါကျနှင့်စပ်လျဉ်း၍ ကာရက အကာရကဟု နှစ်မျိုးရှိရာ အာလုပ်ပုဒ်များသည် အကာရက၌ အကျုံးဝင်လေသည်၊ ဤအချက်ကို သိသာရန် အနည်းငယ် ရှင်းလင်းဖော်ပြပါမည်။

ဝါကျဟူသည်မှာ အာချာတ်ပုဒ်တခုနှင့် ကာရက ပုဒ်များရှိသော ပုဒ်အပေါင်းပင် ဖြစ်သည်၊[၁] တနည်းအားဖြင့် အချင်းချင်းငဲ့ခြင်း၊ ဆက်သွယ်ခြင်းရှိသော ပုဒ်အပေါင်းကို 'ဝါကျ'ဟု ခေါ်သည်[၂]။

ထိုအပြင် ဝါကျတွင်း၌ တည်ရှိသော ပုဒ်တို့၏ အဆင့်အတန်းကို အောက်ပါအတိုင်း တင်စားသတ်မှတ် ဖော်ပြကြသည်။

ရာဇာ တုလျာ ကြိယာ နာမ၊ အမစ္စာ ဝိယ ကာရကာ။
တသ္မာ ဆကာရကာ ကြိယံ၊ ပါပုဏန္တိ ယထာရဟံ။
(ချာသ၊ နိဒ္ဒေသ)

---

၁။ ပါဠိအဘိဓာန်။ ၂။ သဒ္ဒတ္ထဘေဒစိန္တာ။

ကြိယာ နာမ၊ ကြိယာပုဒ်မည်သည်ကား။ ရာဇာတုလျာ၊ ဘုရင်နှင့်တူ၏။ ကာရကာ၊ ကာရကပုဒ်တို့သည်။ အမစ္စာ ဝိယ၊ အမတ်တို့ကဲ့သို့တည်း။ တသ္မာ၊ ထိုသဘောကြောင့်။ ဆကာရကာ၊ ကာရကခြောက်ပါးတို့သည်။ ယထာရဟံ၊ ထိုက်သင့်သည်အားလျော်စွာ။ ကြိယံ၊ ကြိယာပုဒ်သို့။ ပါပုဏန္တိ၊ ဆိုက်ရောက်ကြရကုန်၏။

အထက်ဖော်ပြပါ သဘောသွားကို ဆင်ခြင်လျှင် ဝါကျတခု၌ ကြိယာသည် ပဓာနအကျဆုံးဖြစ်ကြောင်း သိသာပေသည်။

မ-ကာရလောပ ပိဋကတ်အကျော်ခင်ကြီးပျော်ဆရာတော်က ကာရကလက္ခဏာနှင့် အကာရကလက္ခဏာတို့ကို ဤသို့ခွဲခြားဖော်ပြခဲ့၏။

> ကြိယာ၏အကြောင်းဖြစ်၍ စင်စစ်ကြိယာဟူသော အကျိုးရှိသော အနက်သည် ကာရကမည်၏။ သမ္ဗန်၊ အာလုပ် အစရှိသော အနက်တို့သည် ကြိယာနှင့်မစပ်သည်ဖြစ်၍ ကြိယာ၏အကြောင်းမျှမဖြစ်သောကြောင့် အကာရက မည်ကုန်၏။ ဟိတ်၊ လက္ခဏအစရှိသော အနက်တို့သည် ကြိယာနှင့် စပ်သည်ဖြစ်၍ ကြိယာ၏အကြောင်းဖြစ်ငြားသော်လည်း စင်စစ် ကြိယာဟူသောအကျိုး မရှိသောကြောင့် အကာရက မည်ကုန်၏။

(သဒ္ဒါကြီးပုဒ်စစ်စုံ၊ ကာရကပုဒ်စစ်)

အကျဉ်းချုပ်သော်ကား ကြိယာဟူသော အကျိုးရှိသောအနက်သည် ကာရက မည်၏။ ကြိယာဟူသောအကျိုးမရှိသော အနက်သည် အကာရက မည်၏ ဟူလို။ ဝါကျတခုတွင် ပါဝင်သောပုဒ်များကို ကြိယာအကျိုး ရှိမရှိ ကြည့်ရာ၏။ ရှိလျှင် ကာရက၊ မရှိလျှင် အကာရက။ ပုဒ်စစ်ဆရာတော်က ပဓာနကျသော အနက်ကိုကိုင်၍ဆိုရိုးပြုထားသော်လည်း အနက်ကို ဖော်ပြသောပုဒ်သည်လည်း အဝိနာဘာဝနည်းအားဖြင့် ကာရက၊ အကာရက မည်သည်ပင်။

ပုံစံ – အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ (ပါဠိ)။

အရှင်ဘုရား၊ အကျွန်ုပ်သည် သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသော သီလတရားကို တောင်းပါ၏ (မြန်မာပြန်)။

ဤစကားစုသည်ကား ကြိယာပုဒ်တပုဒ် ပါရှိခြင်း၊ စကားလုံးအချင်းချင်းငဲ့ခြင်း(ဝါ)ဆက်သွယ်မှုရှိခြင်းကြောင့် ဝါကျမည်ပေ၏။

ဤ၌ 'တောင်းပါ၏'ဟူသော ကြိယာကို ကိုင်ရာ၏။ ဘယ်သူတောင်းသလဲ၊ တောင်းခြင်းကြိယာကို အဘယ်သူပြုသလဲ၊ ဤသို့မေးလျှင်'အကျွန်ုပ်သည် တောင်းပါ၏'ဟု အဖြေထွက်၏။ 'အကျွန်ုပ်'ဟူသော ပုဒ်သည် တောင်းခြင်းကြိယာကို ပြီးစေ၏။ (ဝါ) ကြိယာပြီးစီးခြင်းအကျိုး ရှိ၏။ ထို့ကြောင့် ကာရက မည်ပေသည်။

ထိုကြိယာကို သူကပင် ပြုလုပ်၏။ ထို့ကြောင့် ကတ္တု(ကတ္တား) မည်ပြန်သည်။ နှစ်ရပ်ပေါင်းသော် 'အကျွန်ုပ်သည်'သည် ကတ္တုကာရက မည်ပေသည်။

တောင်း၏ဆိုသော ကြိယာသည် ကံရှိ ကြိယာဖြစ်၍ ကံပုဒ်လို၏။ ကံပုဒ်ပါမှ ကြိယာပြည့်စုံပြီးမြောက်ရာ၏။ သို့ဖြစ်၍ ဘာကိုတောင်းသလဲ မေးရာ၏။ 'ငါးပါးသီလကို တောင်းသည်'ဟုအဖြေထွက်၏။ ထို့ကြောင့် 'ငါးပါးသီလကို' ဟူသောပုဒ်သည် 'ကမ္မကာရက' ပေတည်း။

'သရဏဂုံ သုံးပါးနှင့်' ဟူသောပုဒ်သည် 'တကွ'၌သာ စပ်၏။ 'တောင်းပါ၏' ကြိယာနှင့်မစပ်။ 'သရဏဂုံသုံးပါးနှင့်တကွ' ဟူသောပုဒ်သည် 'ငါးပါးသီလ' ဟူသော ပုဒ်ကိုသာခြံရံ၏။ ထိုသို့ 'တောင်းပါ၏' ဟူသော ကြိယာပုဒ်အတွက် အကျိုးမရှိ၍ ကာရကမဟုတ်။ အကာရက ပေတည်း။ သူမပါပဲလည်း 'အကျွန်ုပ်သည် ငါးပါးသီလကို တောင်းပါ၏'ဟု ဆိုက တောင်းခြင်းကြိယာ ပြည့်စုံပြီးမြောက်ပေသည်။

'အရှင်ဘုရား' ဆိုသောပုဒ်ကား အတောင်းခံရမည့် ရဟန်းကိုရှေးရှု၍ ခေါ်လိုက်သော အာလုပ်စကားတည်း။ ထိုအာလုပ်သည် တောင်းခြင်း

ကြိယာနှင့် လုံးဝမသက်ဆိုင်။ တောင်းခြင်း ကြိယာကို ဘုန်းကြီးက ပြုလုပ်သည်မဟုတ်။ ' အကျွန်ုပ် ' ဟူသော ဒကာကသာ ပြုလုပ်ခြင်း ဖြစ်၏။ ထို့ကြောင့် 'အရှင်ဘုရား' ဟူသော အာလုပ်စကားသည် ကြိယာ ပုဒ်နှင့်လည်းမစပ်။ ကြိယာပြီးမြောက်ဖို့ ပြုလုပ်သူလည်းမဟုတ်။ ကြိယာ အကျိုးလည်းမရှိသောကြောင့် အကာရက ဖြစ်လေသည်။

အာလုပ်ပုဒ်ကား ဝါကျနှင့်မသက်ဆိုင်။ ဝါကျမှ အလွတ်ဖြစ်သော အကာရကပုဒ်မျိုး ပေတည်း။ သို့သော် စကားတန်ဆာ စကားဖြစ် ပေသည်။

## ပါဠိဘာသာ၌ အာလုပ်ပုဒ်ထားနည်း စည်းကမ်း

ပါဠိဘာသာ၌ အာလုပ်ပုဒ်ထားနည်း စည်းကမ်းရှိ၏။ ထိုစည်းကမ်း တို့ကား အောက်ပါအတိုင်းပင် ဖြစ်ကြ၏။

၁။ ရိုးရိုးစုဏ္ဏိယစကားပြေ၌ ဝါကျ၏အစ၌ အာလုပ်ပုဒ်ကို မထားရ၊ အစပုဒ် တပုဒ်၏ နောက်၌သာ ထားရသည်။

ပုံစံ – အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ။
ဘန္တေ။ အရှင်ဘုရား-ကား အာလုပ်ပုဒ်တည်း။

ယတောဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော။ (အင်္ဂုလိမာလ ပရိတ်)

ဘဂိနိ = အိုနှမ - ကား အာလုပ်ပုဒ်တည်း။

၂။ ဂါထာဗန္ဓဖြစ်လျှင် ဆန်းဂိုဏ်းသို့လိုက်ပြီး ဆန်းနေဂိုဏ်း ညီ ဖြစ်အောင် စ၊ လယ်၊ ဆုံး သင့်သလိုထားနိုင်၏။

ပုံစံ – (၁) **ဂဟကာရက** ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။ (ဓမ္မပဒ၊ ခုဒ္ဒကပါဌ)

ဂဟကာရက၊ ဟယ် တဏှာယောကျ်ား၊ ပဲခွပ်သမား- ကား အာလုပ်တည်း။

၃။ ပုစ္ဆ ဝါသ၀ မံ ပဥှံ၊ ယံ ကိဉ္စိ မနသိစ္ဆသိ။ (မဟာဝဂ္ဂ ပါဠိတော်၊ သက္ကပဉှသုတ်)။
ဝါသဝ=သိကြားမင်း-ကား အာလုပ်တည်း။

၄။ သဗ္ဗလောကဟိတတ္ထာယ၊ ပရိတ္တံ တံ ဘဏာမ ဟေ။ (ပရိတ်ကြီးပါဠိအမွန်း)
ဟေ=အို သူတော်ကောင်းတို့-ကား အာလုပ်တည်း။

## ပါဠိ အာလုပ် အဖွဲ့များ

ပါဠိဘာသာ၌ လုံးကောက်အာလုပ်များသာမက အာလုပ်အဖွဲ့များလည်း ရှိပေ၏။ ယင်းပါဠိအာလုပ်အဖွဲ့ စကားများကို ဆိသာရုံမျှ ကောက်နုတ်ဖော်ပြပါအံ့။

ဇာတ်အဋ္ဌကထာ တတိယအုပ်၌ ကေရာဇဇာတ် ပါရှိ၏။ ဒုဋ္ဌိသေနမင်းက ကေရာဇာမင်းကို ဖမ်းဆီးပြီး သတ်ဖြတ်ရန် ဦးခေါင်းဇောက်ထိုးဆွဲထား၏။ ကေရာဇာမင်းသည် မူလက အလေ့အကျင့်ရှိသည့်အတိုင်း သမထကမ္မဋ္ဌာန်းကို အားထုတ်လိုက်ရာ ဈာန်သမာပတ်ကို ခဏခြင်း ရရှိတော်မူသောကြောင့် အနှောင်အဖွဲ့မှ လွတ်ပြီး ကောင်းကင်ပြင်၌ ထက်ဝယ်ဖွဲ့ခွေ နေထိုင်လျက်သား ဖြစ်လာသည်။

ထိုအခြေအနေကိုမြင်၍ ဒုဋ္ဌိသေနမင်းသည် အလွန်တရာ ထိတ်လန့်ကြောက်ရွံ့သွားပြီး ကေရာဇာမင်းကို တောင်းပန်စကား ပြောကြားရန် ဤသို့ ဖွဲ့နွဲ့၍ ခေါ်ဝေါ်လိုက်ပါသည်။

## မင်းဖွဲ့အာလုပ်

'ယသဿိနံ ပညဝန္တံ ဝိသယှ' (ဇာတ်ပါဠိ)
ထိုပါဠိတော်ကို ဤအဋ္ဌကထာဆရာ ရှင်မဟာဗုဒ္ဓဃောသက အောက်ပါအတိုင်း ဖွင့်ပြ၏။

> ယသသ်ိနံ ပညဝန္တံ ဝိသယှာတိ ပရိဝါရသမ္ပတ္တိယာ ယသသီ၊ ပညာသမ္ပဒါယ ပညာဝန္တံ၊ အသယှသာဟိတာယ ဝိသယှ၊ ဧဝံ တီဏိ ဌေတာနိ အာလပနာနေဝ။ နန္တိ ပနေတ္ထ နိပါတော၊ ဗျဉ္ဇန ဗျဉ္ဇနတ္ထ သိလိဋ္ဌတာ ဝသေန န္တကာရဿ သာနုနာသိကတာ ကတာတိ ပစ္စေတဗ္ဗာ။ (ဇာ၊ ဋ္ဌ၊ ၃)

အဋ္ဌကထာဆရာ၏ ဆိုလိုရင်းမှာ 'ယသသ်ိနံ ပညဝန္တံ ဝိသယှ' ဟူသော စကားရပ်အားလုံးသည် ကေရဇာမင်းကို ခေါ်သော အာလုပ်စကားချည်းဖြစ်သည် ဟူလို။

ထိုသုံးပုဒ်ကို မြန်မာပြန်သော်ကား - 'အခြံအရံ အကျော်အစောနှင့်လည်း ပြည့်စုံထသော၊ ပညာဉာဏ်လည်း ကြီးရင့်ထသော၊ မည်သူတဦးတယောက်ကမျှလည်း အန္တရာယ်ပြုခြင်းငှာ မစွံ့ရဲသော အိုမင်းမြတ်' ဟူပေ။ ထိုအဓိပ္ပါယ်ကို လေးလုံးစပ် ကဗျာဖြင့် ရေးလိုက်ပါလျှင် ကေရဇာမင်းဖွဲ့ အာလုပ်ပုဒ် ဖြစ်လာပေလိမ့်မည်။

## ဥပ္ပလဝဏ်ဖွဲ့အာလုပ်

ထို့အပြင် အပဒါန်ပါဠိတော် ဥပ္ပလဝဏ် ထေရီအပဒါန်၌လည်း ပါဠိအာလုပ်အဖွဲ့များကို တွေ့နိုင်ပေသည်။

> မြတ်စွာဘုရားက ဥပ္ပလဝဏ်ထေရီကို ဤသို့ခေါ်၍ မိန့်တော်မူခဲ့၏။
>
> ဣဒ္ဓိဉ္စာပိ နိဒဿေဟိ၊ မမ သာသနကာရိကေ။ (ဂါထာ ၃၃၈)
>
> မြန်မာပြန်-ငါဘုရား၏ အဆုံးအမ သာသနာကို လိုက်နာကျင့်ကြံသော ချစ်သမီး ဥပ္ပလဝဏ်၊ (အာလုပ်စကား)၊ တန်ခိုး အဘိညာဉ်ကို ပြဘိဦးလော့။

## ဘုရားဖွဲ့အာလုပ်

ဥပ္ပလဝဏ်ထေရီက မြတ်စွာဘုရားကို ဤသို့ ဂုဏ်ပြုခေါ်ဝေါ်၍ လျှောက်ထား၏။

မိတာ တုယုံ မဟာဝိရ၊ ပညဝန္တ ဇုတိန္ဓရ (ဂါထာ-၃၃၉)
မြန်မာပြန် - ကြီးမြတ်သော လုံ့လဝီရိယ ရှိတော်မူထသော၊ ပညာဉာဏ်ဂုဏ်လည်း ပြည့်စုံတော်မူထသော၊ ရောင်ခြည်တော် တန်ခိုးတော်တို့ကိုလည်း ဆောင်တော်မူသော မြတ်စွာဘုရား (အလုပ်ကော)ကျွန်ုပ်သည်ရှင်တော်ဘုရား၏ သမီးတော်ပါဘုရား။

ဤအနက်ကို ကဗျာစပ်လိုက်လျှင် မြန်မာဘာသာ ကဗျာအလုပ်အဖွဲ့ ဖြစ်လာပေမည်။

ဤမျှလောက်ဆိုပါလျှင် နည်းယူရာ ပါဠိဘာသာအလုပ်အဖွဲ့များ ရှိနေကြောင်းသိအပ်ပေပြီ။

ဤတွင် သတိပြုရန်မှာ မြန်မာစာဆိုကြီးများသည် ပျို့၊ ကဗျာ၊ လင်္ကာကြီးများ၌ အလုပ်ကောများ ဖွဲ့ရာတွင် အလုပ်ဖွဲ့ဟန်ကိုသာ ပါဠိကျမ်းဂန်များမှ နည်းယူခြင်းဖြစ်သည်၊ မြန်မာကဗျာဆရာတို့ဖွဲ့သော မြန်မာအလုပ် အမျှမူကား နဂိုက သာဒိုပုတ္တာ၊ အာနန္ဒ သည်ဖြင့် တခွန်းတည်းသာရှိသော ကောရင်ကို မိမိတို့ ပညာ ဗဟုသုတ ကဗျာဉာဏ်တို့ဖြင့် တင့်ဆန်းအောင် ဖွဲ့ခြင်းသာဖြစ်သည်။ ဤအချက်ကို သတိချပ်အပ်ပေသည်။

## မြန်မာအာလုပ် ဝေါဟာရများ

မြန်မာဘာသာ၌ အာလုပ်အဖြစ်အသုံးပြုသော ဝေါဟာရများကား အချင်း၊ အို၊ ဟယ်၊ အဘယ် ဟူသော ဝေါဟာရများ ဖြစ်ကြောင်း ဤသံပေါက်က ပြခြင်းဖြစ်၏။ သဒ္ဒါကျမ်းနက်၌-

အို၊ ဟယ်၊ အချင်း၊ အမင်းစေဝ၊ အာလပန မုဒိရိတံ-ဟူဆိုကြောင်း ဝေါဟာရတ္ထပကာသနီ၌ ဖော်ပြ၏၊ စာစပ်နိယံတွင်-

အို၊ ဟယ်၊ အချင်း၊ အမင်း၊ အမောင်၊ အနက်ဆောင်၊ နားထောင် အာလပန-ဟု စာစပ်ကိုပြ၏။

'အို'သည် မုန်း ချစ် မဟူ ခေါ်နိုင်သော စကားဖြစ်၏။ 'ဟယ်' ကား အမုန်းစာတ်ခံ စော်ကားသံပါသော ဝေါဟာရတည်း။ သို့ရာတွင် 'နှစ်သက်နာဘွယ်၊ နှုတ်သံငယ်နှင့်၊ ဟယ် ဟယ်ပြောဟ္မ၏၊ အာလုပ် ဟ လျက်' (ကိုးခန်း)ဟုဆိုရာ အချို့တွင် 'ဟယ်'သည် နှစ်သက်သော အနက်သဘောကိုလည်း ဆောင်ကြောင်းတွေ့ရသည်။ (ဟယ် ဟယ်-သည် ဝိစ္ဆာမဟုတ်ပေ)။

'အချင်း'လည်း မုန်း ချစ် မဟူ သာမန်ခေါ်နိုင်၏။ 'အမင်း၊ အမောင်' တို့ကား ကြီးသူတို့က အယဉ်အကျေးခေါ်သော စကားဖြစ်၏။ 'အ'သည် ယဉ်ကျေးဘွယ်ရာကိုပြ၏။ အ-မပါပဲ 'မောင်မင်း'ဟု ဆိုလျှင် လွန်စွာ ရိုင်းပြ၏။ အင်္ဂလိပ်ခေတ်၌ မြန်မာတို့ကို 'မောင်မင်း နားခံရမည်မှာ' စသည်ဖြင့် သုံးနှုန်းခဲ့ဘူး၏။

'အဘယ်၊ ဘယ်'ကား ချစ်စနိုးဝေါဟာရတည်း။ ဘဒ္ဒေ-ဟူသော ပါဠိအာလုပ်ကို 'အဘယ်'ဟု မြန်မာပြန်၏။ 'အဘယ်'သည် ပိယဟူသော ပါဠိမှပယ်၊ ပယ်မှဘယ်ဟု ဖြစ်လာသော ပါဠိသက် ဝေါဟာရဟုဆို ကြ၏။ ရှင်မဟာရဋ္ဌသာရ အသက်-၁၂-နှစ်သား အရွယ်က အင်းဝဘုရင် မင်းခေါင်၏သမီးတော် ကလေးအား စာဖွဲ့ရာတွင်-

'အိုဘယ့်ဘယ်၊ အိုဘယ့်သမီးတော်'

ဟု အာလုပ်မူခဲ့သည်။ 'ဘယ့်ဘယ်' ကား 'ပရိယာယ် နှစ်ချက်ဆင့်၊ အနက်မြင့်'ဆိုသည့်အတိုင်း နှစ်ခါထပ်ဆိုထား၍ 'အလွန်ချစ်စရာကောင်း လှသော'ဟု ချီးကျူးရာရောက်၏။ အလွန် ချစ်စရာကောင်းလှသော အို သမီးတော်လေးဟု ဆိုလိုသည်။ ထိုမှတပါး ဟော၊ ဟာ ဟူသော မြန်မာအာလုပ် ဝေါဟာရများကိုလည်း ဤသို့ ခွဲခြားပြကြ၏။

ဟော- သောမန၊ ဟာ- သောက၊ မြန်မာ့ဝေါဟာရာ။
ဟော- ပဋိဃ၊ ဟာ- ခေပ၊ မြန်မာ့ထုံးစဉ်လာ၊
(ဆူးခါးနိယံ ဒုဗ္ဗောခ)

သောမန=ဝမ်းသာ၊ သောက=စိုးရိမ်၊ ပဋိဃ= မုန်းတီး။
ခေပ= ကုန်ပျက်။

ဘမ်းငင်ကလူ၊ သေမင်းယူသော်၊ ဘယ်သူတားလှည့်၊
ဟာ- ပျောက်၏ဟု၊ သနားမှုဖြင့်။ (ကိုးခန်း)

စာသုံးအပြင် အရပ်သုံး အာလုပ် စကားများလည်း ရှိ၏။ တယောက်ယောက်ကို လှမ်းခေါ်ရာတွင် 'ရေ၊ ကေ' ဟူသော စကားကို ထည့်၍ ခေါ်၏။

ပုံစံ- မောင်ဘရေ၊ ဘခက်ကေ (စသည်)

## မြန်မာဘာသာ၌ အာလုပ်ပုဒ်ထားပုံစံနစ်

မြန်မာဘာသာ၌မူကား ကဗျာဖြစ်စေ၊ စကားပြေ ဖြစ်စေ၊ အာလုပ်ပုဒ်ကို စကား၏ အစ၊ အလယ်၊ အဆုံး တနေရာ၌ သင့်သလို ထားရှိနိုင်၏။

ပုံစံ- (၁) အစ၌ထားခြင်း။ ရဲဘော်တို့၊ ဒီနေ့ဟာ ငါတို့ရဲ့ ဘခင် အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်းကျဆုံးခဲ့တဲ့နေ့ ဖြစ်တယ်။

(၂) အလယ်၌ထားခြင်း။ အိုး၌ ချောင်ချောင်၊ ထမင်း ပြောင်သည်၊ အမောင် ဆည်းပူးနိုင်စေသတည်း။ (သင်္ဂဇာစကားပုံ-မှ)

(၃) အဆုံး၌ထားခြင်း။ ဤသိက္ခာပုဒ်ကို အဘယ်သူကို အကြောင်းပြု၍ အဘယ်အရပ်မှာ ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။
(သံဂါယနာ အမေး အဖြေ- မှ)

ဆဋ္ဌသံဂါယနာတင်သောအခါ သံဂါယနာ အမေးအဖြေများ ပြုလုပ်ရာတွင် မဟာစည်ထေရ်မြတ်က 'ဤသိက္ခာပုဒ်ကို အဘယ်သူကို

အကြောင်းပြု၍ အာဘယ်အရပ်မှာ ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်’ဟု မေးတော်မူခဲ့၏။ အမှန်မှာ အို ငါ့ရှင်- ဤသိက္ခာပုဒ်ကို အာဘယ်သူကို အကြောင်းပြု၍ အာဘယ်အရပ်မှာ ပညတ်တော်မူခဲ့ပါသနည်း-ဟု မေးလိုရင်း ဖြစ်ပေသည်။ ထို့ကြောင့် မြန်မာမှု၌ အာလုပ်စကားကို မေးခွန်း၏ ရှေ့၌ လည်းကောင်း၊ နောက်၌ လည်းကောင်း ထား၍ အသုံးပြုနိုင်ကြောင်း သိရပေသည်။

ဖြေဆိုသူ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ က ‘ဤသိက္ခာပုဒ်ကို မည်သူ့ကို အကြောင်းပြု၍ မည်သည့်အရပ်မှာ ပညတ်တော်မူခဲ့ပါသည် အရှင်ဘုရား’ဟု ဖြေဆိုရာတွင်လည်း ‘အရှင်ဘုရား’ ဟူသော အာလုပ်ပုဒ်ကို ရှေ့၌လည်း နေရာယူနိုင်ပုံကို နည်းတူ သိအပ်ပေပြီ။

အို၊ ဟယ်၊ အချင်း၊ အမောင်၊ အာဘယ် စသော အာလုပ် ဝေါဟာရတို့သည် အများအားဖြင့် အခေါ်ခံ နာမ်ပုဒ်၏ ရှေ့၌ တည်၏။

ပုံစံ – အို ပုဏ္ဏား၊ ဟယ် သူယုတ်၊ အချင်း လုလင်၊ အမောင် နတ်သား၊အာဘယ်မဒ္ဒီ စသည်။ ပုဏ္ဏား အို၊ သူယုတ်ဟယ်၊ လုလင် အချင်း စသည်ဖြင့် နာမ်ပုဒ်နောက် မထားရ ဟူလို။

သို့သော် ‘အမင်း၊ မင်း’ ဟူသော အာလုပ်စကားမှုကား ကဗျာ လင်္ကာများ၌ နောက်ဆုံး၌ ရှိနေတတ်၏။

ပုံစံ– နှံကျက်ပညာ၊ မြတ်ဆရာ၌၊ မေတ္တာထုကြီး၊ ကျေးဇူးမှီး၍၊ ကောင်းချီးဆောက်နှင်း ပေးစေမင်း။ (ရှင်ရဋ္ဌသာ ဂမ္ဘီသာရ)။

‘ပေးစေမင်း’ဆိုရာ၌ ပေးစေ အမောင် ဟု ဆိုလိုသည်။ အမင်း အမောင် ဟု အာလုပ်မှု၍ ဆုံးမ သြဝါဒပေးခြင်း ဖြစ်ပေသည်။

အရပ်သုံး အာလုပ် ဝေါဟာရ 'ရေ၊ ကေ' တို့ကို အခေါ်ခံရသော အနက်ဒြဗ် (နာမ်ပုဒ်)၏ အနောက်၌လည်းကောင်း၊ နာမည် (နာမ်) ၏ နောက်၌ လည်းကောင်း ထားရသည်။

'ရေ နှင့် ကေ' အသုံး ထူးခြားမှုရှိ၏။ က်၊ စ်၊ တ်၊ ပ်၊ င်၊ ည်၊ န်၊ မ်၊ ယ်၊ ဝ် ဟူသော မြန်မာအသတ် ဆယ်ချက်တို့အနက် – က်၊ စ်၊ တ်၊ ပ်၊ သတ်သော အမည်များ၏ နောက်တွင် 'ကေ'ကို သုံးကြ၏။

ပုံစံ– ဘခက် ကေ၊ မြနှစ် ကေ၊ ထွန်းမြတ် ကေ (စသည်)။

ကျန်သော အသတ် ခြောက်မျိုး နှင့် အခြားသော ကာရန်ဆုံးသည့် အမည် ဝေါဟာရများနောက်၌ 'ရေ'ကို အသုံးပြုကြသည်။

ပုံစံ– ခင်ခင်ရေ၊ ကြည်ကြည်ရေ၊ ကြွန်ရေ၊ ကိုမောင်ကံ(မ်) ရေ၊ မောင်ဘရေ၊ ဝါဝါရေ၊ ဒေးရေ၊ တီတီရေ၊ စုစုရေ၊ အေးအေးမော်ရေ (စသည်)

မြန်မာ့ ကျေးလက်ကဗျာများအနက် အာလုပ်စကားကို အရင်းတည်၍ စပ်ဆိုသော 'အိုင်ချင်း' တွင်မူ 'ရေ၊ ကေ' အစား 'လေ'ကို အသုံးပြုသည်ကို တွေ့ရသည်။

ပုံစံ– ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းကောင်း ယောင်းတို့လေ (အာလုပ်) ရှင်လူထွက်သစ်၊ ၁၃–နှစ်က၊ ချစ်တဲ့သူကို၊ အယူတခြား၊ မိထွေးများက၊ ဆီးတားဆို၊ ယစ်ကို ထောင်ကာထားရတယ်။ (စသည်)။

(မြန်မာစာညွန့်ပေါင်းကျမ်း၊ ဒုတိယတွဲ၊ နှာ–၇ မှ)

ကာယကံရှင် မိန်းကလေးက သူ၏ အဖြစ်သနစ်ကို သူငယ်ချင်းမိန်းကလေးများအား ပြောပြရာတွင် အကြောင်းအရာကိုမပြောမီ စကားစအနေဖြင့် 'ချစ်တဲ့သူငယ်ချင်းတို့ရေ'ဟု ခေါ်လိုက်ခြင်း ဖြစ်၏။ သူ့စကားကို စိတ်ပါဝင်စားလာအောင် ဆွဲဆောင်လိုက်သည့် နည်းပရိယာယ် ပေတည်း။

## မြန်မာစာပေနှင့် အာလုပ်အဖွဲ့များ

မြန်မာစာပေလောကဦ ခိုင်ခံ့ထင်ရှားသော ပျို့ကျမ်း အဆူဆူ တို့ဦ အာလုပ်အဖွဲ့သည် ပျို့ကဗျာ၏ အသက်သဖွယ်ဖြစ်ပေသည်။ ကဗျာ ဝိဒူတို့သည် မိမိတို့၏ ပြောင်မြောက်သော ကဗျာဉာဏ်ရည်နှင့် ဗဟုသုတ အနက်အဝှမ်းတို့ကို အာလုပ်အဖွဲ့တည်း ဟူသော ကြေးမုံပြင်ဦ ထင်ဟပ် စေခဲ့သည်။ ထို့ကြောင့်လည်း အာလုပ်အဖွဲ့များသည် စာပေတန်ကြေး မြင့်မားလျက် ရှိကြလေသည်။

ချောင်း ကဗျာများဦလည်း ချောင်းခံ မင်းသား၊ မင်းသမီးကလေး များကို အသွယ်သွယ် အလှယ်လှယ် ချီးကျူး ခေါ်ဝေါ် ချော့မြူမြဲ ဖြစ်ပေသည်။

ဝန်ကြီး ပဒေသရာဇာ စတင်တီထွင်ရေးသား ပြုစုသော ပြဇာတ် ခေတ်သို့ ရောက်လာသောအခါတွင်ကား အာလုပ် အခန်းကဏ္ဍသည် ထပ်ဆင့် ကျယ်ဝန်းလာပြန်သည်။ မင်းနှင့် မိဖုရား၊ ခမည်းတော်နှင့် သားတော်၊ ဘုရင်နှင့် မှူးမတ်များ၊ စကားပြောခန်းများဦ လိုရင်း စကားမပြောမီ တဦးနှင့်တဦး အာလုပ်မူကြမြဲ ဖြစ်လေသည်။ ထိုသို့ ခေါ်ငင်သော အာလုပ်စကားကို ရိုးရိုးလုံးကောက်မျှသာ ပုဒ်ကတုံးအဖြစ် အသုံးမပြုစေပဲ စာပေအနုပညာဆင်ယင်လျက် ဂုဏ်ရသရှိရှိဖြင့် ထိမိအောင် ဖွဲ့ဆို ခေါ်ဝေါ်စေခဲ့လေသည်။

နောက်ပိုင်းတွင် ပြဇာတ်များကို စင်တင် ကပြလာကြသောအခါ အာလုပ်အဖွဲ့များကို ပရိသတ်ဆွဲဆောင်ရာဦ လှိုင်လှိုင် အသုံးချလာကြ သဖြင့် စာပေအာလုပ်သည် ဂီတသုခုမ အနုပညာနယ်ကိုပါ အလှခြယ်ပေး ရပြန်လေသည်။

ထို့ပြင် ဇာတ်၊ ရုပ်သေးအငြိမ့်ပွဲများဦလည်း မင်းသမီးကို သူ့ဟာသူထက် သူ့ဟာသူ ကြခြင်းကိုခွင့်မပြုပဲ ဝါဒြေရှင် မိန်းကလေးများ ကို တန်ဖိုးထား လေးစားတတ်သည့် မြန်မာ့စရိုက်အရ ပရိသတ်ကိုယ်စား လူရွှင်တော်များက မင်းသမီးကို ပန်ကြား ခေါ်ဝေါ် ထုတ်ပေးရလေ

သည်။ ထိုသို့ ခေါ်ရာတွင် မင်းသမီးခေါ်ရန် အာလုပ်အဖွဲ့များကို လှလှပပ ဖွဲ့နွဲ့ အသုံးချလေသည်။

သို့ဖြစ်သောကြောင့် အင်းဝခေတ် စာပေလောက စင်မြင့်ပေါ်၌ စတင် ထင်ရှားလာသော အာလုပ်အဖွဲ့များသည် ယနေ့ထိ စာပေနှင့် အနုပညာနယ်၌ တန်ဖိုးသိသော ပြည်သူတို့က ဆက်လက် ထိန်းသိမ်းထားသော ကျောက်ကောင်းတလုံးသဖွယ် တင့်တယ်စွာ တည် ရှိ နေလေသည်။

ယခုဆက်လက်၍ စာပေလောက၌ လှပသော အာလုပ်အဖွဲ့ အချို့ကို သိသာရုံမျှ ထုတ်နုတ်ဖော်ပြပါမည်။

## သာရိပုတ္တရာအဖွဲ့

ပါတိမောက္ခ၊ သံဝရက၊ စသည်ကျင့်ပြင်း၊
သတင်းလေးပါး၊ ဆွထွားထွားလျှင်၊ စုလျားဘွဲ့ဖူး၊
သရဖူနှင့်၊ မြခြူစွန်းနား၊ များလျားချမြိတ်၊
ရောင်လျှံဘိတ်သား၊ စာရိတ္တသီ၊ မျက်ခြယ်စီလျက်၊
အင်္ကျီဒုယင်၊ သင်တိုင်းဖျင်ကို၊ သို့ပင်မချွတ်၊
နေ့တိုင်းဝတ်လျက်၊ ရှင်မြတ်ဘောင်တွင်၊ ငါ့သဘင်၌၊
အလင်္ကာရ၊ ဂုဏဝါပလျက်၊ သွယ်ချနည်းမှတ်၊
ပိဋကတ်မျိုး၊ ဝန်ကြီးစိုးသည်၊ ထမ်းပိုးဘဏ္ဍာ၊
သာရိပုတ္တရာ။ (ရှင်မဟာသီလဝံသ-ပါရမီတော်ခန်းပျို့မှ)

**ဟယ်ဒေဝ** – လူကိုယုတ်မြတ်၊ မသိတတ်သည့်၊ စောင့်မှတ်ရက္ခ၊ ဟယ်ဒေဝ။ (ကိုးခန်းပျို့၊ ပိုဒ်-၉)။

**ဘုန်းခေါင်မိခင် – ကျေးဇူးရှင်** – ပဋိသန္ဓေ၊ ဆယ်လနေ၍၊ မြူတေမျက်နှာ၊ မြင်သောခါက၊ နှံ့ သ ၁ ပန်း မျိုး၊ မဥ္ဇူ ပျိုး သို့၊ မြတ်နိုးလှမော၊ ချစ်သဘောဖြင့်၊ ကျော်စော

ထင်အောင်၊ စီးပွားဆောင်သည်၊ ဘုန်းခေါင်မိခင်၊ ကျေးဇူးရှင်။

(ရှင်မဟာရဋ္ဌသာရ၊ ဘူရိဒတ်လင်္ကာကြီး)

**သုံးလူ့ဘ** – ခန္ဓကျုံးသတ္တဝါ၊ ပြဟ္မာလူနတ်၊ ပရိသတ်တို့၊ အကျွတ်သုံးတန်၊ မြိုက်ဆုံးမှန်မှ၊ နိဗ္ဗာန်ပြည်ကြီး၊ တိုင်စေပြီးသော်၊ မင်းခီး ဓမ္မရာဇ်၊ ပွင့်သစ်စက်စက်၊ ကျော်ဝှန်တက်သား၊ တဘက်မဲ့အောင်၊ တန်ခိုး ဆောင်လျက်၊ ထွတ်ခေါင်ရတနာ၊ မြတ်လှစွာသည်၊ သကျာဝတ၊ သုံး လူ့ဘ။

(ရှင်အုန်းညို၊ ဂါထာခြောက်ဆယ်ပျို၊ ပိုဒ် ၁၅-မှ)

**သုခမိန်တို့** – ဘဒ္ဒမြတ်စွာ၊ ကပ်ကမ္ဘာထက်၊ နောင်လာပွင့်ထောက်၊ မြတ်တယောက်လျှင်၊ ရောက်လယ်တုံပြီ၊ ဘော်ငယ် ရှိနှင့်၊ ဟေပုတ္တ၊ လက်ဝါးပြလျက်၊ ဗုဒ္ဓရတနာ၊ ဖူးသောခါဟု၊ ပညာထိန်းကျောင်း၊ ဆုမွန်တောင်း သည်၊ နှုတ်ကောင်းခွန်းမြိန်၊ သုခမိန်တို့။

(အရှင်အဂ္ဂသမာဓိ၊ နေမိငရဲခန်း ပျို-မှ)

**မာတလိ** – အပုံအယင်၊ မြန်တိုင်းခွင်ဝယ်၊ ဦးတင်ထွတ်ဖျား၊ ငါမင်းအားကို၊ ရထားမြင်းလျှင်၊ ယူလျှင်တင်သည်၊ နတ်ရှင်ယုံဘိ၊ မာတလိ။

(ရှင်အဂ္ဂသမာဓိ၊ နေမိဘုံခန်း ပျို-မှ)

**ရွှေငှက်မင်း** – စိတ္တကူဋ်တောင်ထဲ၊ ကျိန်း နေ မြဲ သား၊ ဝမ်း ဘဲ ကိုးသောင်း၊ အပေါင်းရံပတ်၊ ငှက်များ နတ်ဟူ၊ အထွတ်ထားတင်၊ လွှံ့ကျော်ထင်လျက်၊ ကြည်လင်

စဖွယ်၊ ဆင်းနိကာယ်နှင့်၊ ဘွယ်သား နည်းနာ၊ အဖြာဖြာလျှင်၊ မဟာထင် လောင်း၊ မကြားတောင်း တည့်၊ နှုတ်ကောင်းလျှာပါး၊ ခေါ်ထက်သွားသို့၊ စကားပြေပြစ်၊ မေးကျစ်လျစ်သည်၊ ထွန်းထစ်ရောင်ဝင်း၊ ရွှေငှက်မင်း။

(ရှင်တေဇောသာရ၊ ရွှေဟင်္သာမင်း ပျို့-မှ)

**တကာမ** – မူရှုဆင်း ဝါ၊ ထူးမြတ်စွာသည်၊ မျက်နှာနွမ်းလျ၊ **(သူဇာ)** တကာမ။

**လှလှယ်** – ရွှေကိုပုံချ၊ မြကိုပုံသွန်း၊ နတ်ဘန်ဆန်းသည်၊ **(သူဇာ)** နှုန်းနှုန်းစရာ၊ မရသာဟု၊ မေတ္တာကြီးအင်၊ တို့စိတ်ထင်သည်၊ မင်း ရှင်နုနယ်၊ လှလှယ်။

(ပဒေသရာဇာ၊ သူဇာပျို့-မှ)

**ရသေ့ဖျား** – သိလာဇုဝ၊ ကုဋ္ဌိကဖြင့်၊ လုံ့လအပြိုင်၊ ရွှေလက်ကိုင်၍၊ ဖြိုင်ဖြိုင် ကမ္ဗလာန်း၊ မန္တန်ပွန်းလျက်၊ အောင်နန်းသာလှ၊ အမတ၏၊ ဒွါရထဲလျှို၊ ခက်ခဲဖို့လည်း၊ လျှိုလျှိုတင်ခံ၊ ဖွင့်အားကြံသည်၊ ကျော်လံ့ထင်ရှား၊ ရသေ့ဖျား။

(တွင်းသင်းမင်းကြီး၊ မုဒုလက္ခဏာပျို့-မှ)

**စောမှင်းမြတ်** – ယင်တသောက်မျှ၊ သွေးပေါက်မထွက်၊ ဘုန်းခက်တေဇာ၊ ရိန္ဒမာနှင့်၊ ကုသာဝတီ၊ ပူရီအာဒိ၊ အစချီ၍၊ မဇ္ဈိမပိုင်း၊ ဆယ့်ခြောက်တိုင်းဝယ်၊ သမိုင်းသိုက်ဝင်၊ စိုးအောင်မြင်သည်၊ ဘုရင်တို့နတ်၊ စောမင်းမြတ်။

(မုံရွေးဆရာတော်-ကုသပျို့-မှ)

**သားသည်းအူ** – ဘေးစောစက္ကဝတ်၊ လောင်းမန္ဓာတ်၏၊ မပြတ် နွယ်တော်၊ ဆက်သာပေါ်၍၊ ရွှေလှော်ကျိုင်းထွား၊ ကသိုဏ်းလားသို့၊ ဘဖျားသက်စု၊ နေ့တိုင်းရှုသည်၊ မောင်ပုမင်းဖြူ၊ သားသည်းအူ။

(မန်လည် မဃဒေဝ-မှ)

**နရအခေါင်** – တဖြိုးဖြိုးလျှင်၊ တန်ခိုးရောင်ခြည်၊ ထိန်ထိန်လည်မျှ၊ ညွှတ်သည်မစဲ၊ နေ့တိုင်းကဲသည်၊ မင်းရဲဒိဗ္ဗ၊ နရ အခေါင်၊ (ရွှေနားတောင်လော့)။

(ရှင်သံခို၊ မင်းရဲဒိဗ္ဗ ချေင်းမှ)

**နန်းလျှာဘုန်းရှိ** – ကျွန်းကျွန်း **တန်ဆောင်၊** မင်း ထွတ် ခေါင် ထက်၊ ထောင်ရှစ်ဆယ့်လေး၊ ညီဖျားရွေးသို့၊ နက်လေးပညာ၊ ထူးလှစွာသည်၊ နန်းလျှာဘုန်းရှိ၊ (ရွှေနားချိလော့)။

(ဦးဖျော်၊ ပလိပ်စား ချေင်းမှ)

**မရေသယ်** – ဆံထုံးတော်ကြီး၊ တမာ့သီးနှင့်၊ ခါးဆီးဝတ်လဲ၊ ချုပ်စပြဲကို၊ တဲအပ်နှင့်တွယ်၊ လူမြင်သမျှ၊ စိတ်ပျက် အောင်လှပါတဲ့၊ မရေသယ်။

(ဦးပုည၊ ရေသည်ပြဇာတ်-မှ)

**မှင်းမဟော်** – အဇဋ္ဌာဗွေ၊ အာကာ သေနှင့်၊ ရေမြေအရှည့်၊ လေအဏ္ဏဝါ၊ သမုဒ္ဒရာသို့၊ ပညာဖြည့်သည်၊ ငါ၏ သားတော်၊ မင်းမဟော်။

(ဦးပုည၊ မဟော်ပြဇာတ်)

**သတိုးစိန်** – အဝန်းညီမျှ၊ ကျွန်းဒီပမှာ၊ ကွန်းချီမြရှိန်၊ နန္ဒင်း သာခဲ့၊ ပယင်းဝါမှဲ့ကဲ့သို့၊ ဝင်းဝါလဲ့ထိန်၊ နီဖလံဘိုး၊

ပြည်တန်မျိုးကဲ့သို့၊ သတိုးစိန်ကလေးဗျ....
(မန်လည်ဆရာတော်ရေး၊ မင်းသားကြီး အိမ်နိမ့်ပေး စကား-မှ)

အထက်ပါ ရှင်မဟာသီလဝံသ၏ ရှင်သာရိပုတ္တရာဖွဲ့ အာလုပ်မှစ၍ ယခု မန်လည်ဆရာတော်၏ မင်းသားကြီးအိမ်နိမ့်ပေး မိဖုရားခေါ် အာလုပ် အဖွဲ့ထိသုံးသပ်ကြည့်ပါလျှင် အင်းဝခေတ်မှစ၍ ယနေ့အထိ အာလုပ်အဖွဲ့တို့၏ စာပေခရီးကို တွေ့ရပေမည်။ ခေတ်ပြောင်းသည်နှင့် အတူ အကြောင်းအရာနှင့် စာဟန်များ ပြောင်းလဲလာပုံကိုလည်း ဆင်ခြင်နိုင်ပေသည်။

## အာလုပ်ကို ဘုရားရှင်ဂရုပြုခြင်း

လူတဦးနှင့်တဦး ခေါ်ဝေါ်သုံးစွဲမှု မှန်ကန်စေခြင်းသည် ပေါင်းသင်းဆက်ဆံရေးကိစ္စများ၌ လွန်စွာအရေးကြီးလှ၏။ သို့ဖြစ်၍အလွန်ကြီးကျယ်သောသံဃာ့အဖွဲ့အစည်းကြီးတွင် ရဟန်းအချင်းချင်း မည်ကဲ့သို့ခေါ်ဝေါ် ဆက်ဆံကြရမည်ဟု ပရိနိဗ္ဗာန် စံယူအံ့ဆဲဆဲ၌ မြတ်စွာဘုရား မှာကြားခဲ့ခြင်းဖြစ်ပေသည်။ ဝါငယ်သောရဟန်းက မိမိထက်ဝါကြီးသော ရဟန်းအား 'ဘန္တေ'ဟု ခေါ်ရမည်။ ဝါကြီးသောရဟန်းက မိမိအောက်ဝါငယ်သောရဟန်အား 'အာဝုသော'ဟု ခေါ်ရမည်ဟု သတ်မှတ်ပေးခဲ့လေသည်။ (မဟာဝဂ္ဂ၊ မဟာပရိနိဗ္ဗာနသုတ်)

ထို့ကြောင့် ယခုခေတ်ပဥ္စင်းခံပွဲများ၌ ကမ္မဝါစာဖတ်ရာတွင် ဝါငယ်သော ရဟန်းများက 'သုဏာတု မေ ဘန္တေ သံဃော'ဟု ဆိုရ၏။ မထေရ်ကြီးက 'သုဏာတု မေ အာဝုသော သံဃော'ဟု ဆိုလေသည်။ (ဘန္တေ=အရှင်ဘုရား၊ အာဝုသော-ငါ့ရှင်တို့)

အာလုပ်ခေါ်ခြင်းသည် နာခံသူ၏ စိတ်အာရုံကို ဆွဲယူနိုင်စွမ်း၏၊ ထို့ကြောင့်ပင် စာပေကျမ်းဂန်များ၌သာမက စကားပြောကောင်းသူ

တို့သည်ပင် အာလုပ်စကားကို အသုံးပြုကြလေသည်၊ အာလုပ်သည် ပါဠိ၊ မြန်မာစာပေ ယဉ်ကျေးမှုသာမက နေ့စဉ် ဆက်ဆံရေးဘာဝအတွက်ပါ အသုံးများပြီး အရေးပါသော စကားရပ်ဖြစ်လေသည်။ ထို့ကြောင့် စိန္တကျော်သူ ဦးဩသည် အာလုပ်အကြောင်းကို အလွတ်မခံပဲ တည့်သွင်း စပ်ဆိုခဲ့ခြင်း ဖြစ်ရပေသတည်း။

# ၂။ ဝိဂြိုဟ်မင်း၊ ဂဠုန်ပျံ၊ သင်အံနှုလုံးစွဲ

ပါဠိပဒများ၏ရင်းမြစ်အနက်ကို ဖော်ထုတ်ရန်အလို့ငှာ ဝိဂ္ဂဟပြုရာတွင် ဝိဂြိုဟ်ပြုပုံပြုနည်း မကျွမ်းကျင် မတတ်မြောက်သေးပါက ကျွမ်းကျင် တတ်မြောက်ရန်အတွက် ဂဠုန်ပျံသဒ္ဒါကျမ်းကို မပြတ်သင်အံမှတ်သား ပါလေ။

ဤသံပေါက်သည် ပါဠိပဒများကို ဝိဂြိုဟ်ဆိုတတ်အောင် မည်သည့် ကျမ်းကို သင်ရမည်ဟု အညွှန်းပြုခဲ့သော သံပေါက်ပေတည်း။ ဝိဂြိုဟ် နိုင်ချင်လျှင် ဂဠုန်ပျံကို သင်ပါလေ ဟူလို။

## ဖွင့်ဆိုရှင်လင်းချက်

ဤဂဠုန်ပျံကျမ်းသည် ၉-ကြောင်းရေး ပေမျက်နှာ က မှ ဃ အထိ (၄၂-ရွက်)ရှိ၏။ ၃-အင်္ဂါခွဲ ဟုဆိုရာ၏။ သို့သော် အစအဆုံး ပေရွက်၌ တမျက်နှာစီသာပါ၍ ပေမျက်နှာအားဖြင့် ဂ၂-မျက်နှာသာ ရှိသည်။ နမောတဿ ချီပြီး သေဋ္ဌံ တိလောက မဟိတံ သန္တိ ပဏာမဂါထာမှ စတင်ဖွင့်သည်။ ကိတ်ပိုင်း ကဂါစဇာနံသုတ်တွင် အဆုံးသတ်လျက် ပဥ္စမော ကဏ္ဍော နိဋ္ဌိတော ဟု ပါရှိ၏။

ဤဂဠုန်ပျံကျမ်းကို မည်သူရေးသည်ဟု စာကိုယ်၌ မပါရှိ။ အခြား ပညာရှင်များထံချဉ်းကပ် လေ့လာသော်လည်း အမည်မသိ ပုဂ္ဂိုလ် တဦးဟုသာ အဖြေရသည်။ ကျမ်းပြီးသောနှစ်လည်း အတိအကျမပါ။ ဦးဩသည် ဟံသာဝတီပါ မင်းလက်ထက် သက္ကရာဇ် ၁၁၃၃-ခုနှစ်၌ ဤကဝိလက္ခဏာ သတ်ပုံသံပေါက်ကို ရေးသားပြီးစီးခဲ့သဖြင့် ထိုအလျှင် ကပင် ဂဠုန်ပျံပါ၌ထင်ရှားနေ၏ဟု သိနိုင်ပေသည်။

ဤဂဠုန်ပျံကျမ်း၏နိဿယကို စလင်းမြို့အရှေ့ ပိတ်မှန်ဘုန်သာကျောင်း ဝါတော် ၄၀-ဝါရှိ ဆရာတော်က သာသနာနှစ် ၂၃၅၁-ခုနှစ်၌ပြုစု ပြီးစီးခဲ့သည်။သာသနာနှစ် ၂၃၅၁ သည် ကောဇာသက္ကရာဇ် ၁၁၆၉နှင့်

ညီမျှ၏၊ ထို့ကြောင့် ဂဋ္ဌုန်ပုံနိဿယ သည် ဘိုးတော်ခေတ်ပေါ်ကျမ်း ဖြစ်လေသည်။

ပေမူ၌ ဂဋ္ဌုံပြန်၊ ဂဋ္ဌုန်ပြန်၊ ဂဋ္ဌုံပုံ၊ ဂဋ္ဌုန်ပုံ ဟု စာလုံးပေါင်း အမျိုးမျိုးရေးသားသည်ကို တွေ့ရ၏။ ဂဋ္ဌုန် သည် ဂဏ္ဍ ရင်းမြစ်၊ ဂဏ္ဍ မှ ဂဋ္ဌုရ၊ ဂဋ္ဌုရ်၊ ဂဋ္ဌုန် ဟု ဆင်းသက်ရကား မကာရမှ မကာရ်၊ မကန် ကဲ့သို့ န သတ်သင့် ပေသည်။ ရှေးခေတ် ကျောက်စာများ၌ ကာလုန် ဟု ရေးသည်၊ ဂဋ္ဌုန်သည် ငှက်မျိုးနွယ်ဖြစ်ကြောင်း သုဃောနန္ဒ ဇာတ် အဋ္ဌကထာ စသည်၌ ပြဆိုသောကြောင့် 'ပုံ'ဟူသော စာလုံး ပေါင်းသည် အဓိပ္ပါယ်နှီးနွယ်လျက်ရှိပေသည်။ ထို့ကြောင့် ဂဋ္ဌုန်ပုံ ဟူသော စာလုံးပေါင်းသာ သင့်ပေသည်။

ဤတွင် ဂဋ္ဌုန်ငှက် ဟူသည် ငှက်တကာတို့၏ မင်းဖြစ်သည်။ တနည်း- ငှက်တကာတို့တွင် အကြီးဆုံးလည်းဖြစ်သည်၊ အစွမ်းလည်း အရှိဆုံး ဖြစ်သည်။ မူလ ပဏ်-ဋ္ဌ- ၃၁၃ ၌ ဂဋ္ဌုန်၏ကိုယ်သည် ယူဇနာ ၁၅၀-ရှိသည်ဟုပင် ဆိုသည်။ အခြား အဋ္ဌကထာများ၌ ပည်း အလားတူ ဆိုကြသည်။ လေပြင်း မုန်တိုင်းကိုပင် ကျရောက်စေနိုင်သည်ဟု ဆိုကြ သည်။ (ဇာတကဋ္ဌ-တ- ၁၇၃)

ထို့ကြောင့် ဂဋ္ဌုန်ငှက်ကြီး ပုံသကဲ့သို့ ဝိဂ္ဂိုဟ်အရာတွင် ပြင်းထန် ထိရောက် မြင့်မားစွာ ပုံသန်းပြသော (ဝါ) ကွန့်မြူး ပုံသန်းပြသော ကျမ်းဖြစ်သည်ဟု ဆိုရာပါသည်။

'ငံ'ဟူသော ဝေါဟာရစကားသည် တတ်မြောက် ကျွမ်းကျင်ခြင်း အနက်ရှိ၏။ သဒ္ဒါငံသည် ဆိုသကဲ့သို့တည်း။ ထို့ကြောင့် 'မငံ'ဟူသည် မကျွမ်းကျင် မတတ်မြောက် ဟု အဓိပ္ပာယ်ရသည်။

ဝိဂ္ဂိုဟ် – ရင်းမြစ် ဝိဂ္ဂဟ (ပါ)၊ ဝိ+ဂဟ = ဝိဂ္ဂဟ= အထူး ယူခြင်း၊
ဝိသေသေန ဂဟ္ယတိ နိပ္ဖန္နသာ အတ္တော ဧတေနာတိ ဝိဂ္ဂဟော ဟု ဝိဂ္ဂိုဟ်ပြု။

ဧတေန၊ ဤ ဝါကျဖြင့်။ နိပ္ဖန္နသော၊ ပုဒ်ပြီး တပုဒ်ပုဒ်၏။ အတ္ထော၊ အနက်ကို။ ဝိသေသေန၊ အထူးသဖြင့်။ ဂယှတိ၊ ယူအပ်၏။ ဣတိ၊ ထို့ကြောင့်။ ဝိဂ္ဂဟော၊ ဝိဂ္ဂဟ မည်၏။ ဝါ၊ ဝိဂြိုဟ် မည်၏။ ဂဟ မှ ဂြိုဟ်၊ သင်္ဂဟ မှ သင်္ဂြိုဟ်-ဖြစ်သကဲ့သို့ ဝိဂ္ဂဟ မှ ဝိဂြိုဟ် ဖြစ်၏[၁]။

ပုံစံ- ဗုဇ္ဈတီတိ ဗုဒ္ဓေါ ဟူသော စကားရပ်၌ 'ဗုဇ္ဈတီတိ' ဟူသော ဝါကျကို ဝိဂြိုဟ် ဟု ခေါ်သည်၊ အကြောင်းမှာ ဗုဒ္ဓေါ ဟူသောပုဒ်၏ အနက်ကို အထူးတလည် ယူပြသောကြောင့်တည်း။

ထို ဝိဂြိုဟ် သည် ဓာတုဝိဂြိုဟ်၊ ဓာတွတ္ထဝိဂြိုဟ်၊ သပဒဝိဂြိုဟ်၊ အသပဒဝိဂြိုဟ်၊ သပရိယာယ ဝိဂြိုဟ်၊ နိပ္ပရိယာယ ဝိဂြိုဟ် ဟု ခြောက်မျိုး ရှိ၏။

မိမိဓာတ်ရင်းဖြင့် ဝိဂြိုဟ်ဆိုလျှင် ဓာတုဝိဂြိုဟ်ခေါ်၏။ ပုံစံ- ဗုဇ္ဈတီတိ ဗုဒ္ဓေါ။ ဤ၌ ဗုဓ ဓာတ်ရင်းဖြင့် ဝိဂြိုဟ်ဆိုသည်။ အခြားဓာတ်ဖြင့် ဝိဂြိုဟ်ဆိုလျှင် ဓာတွတ္ထ ဝိဂြိုဟ် ခေါ်၏။ ပုံစံ- ဇာနာတီတိ ဗုဒ္ဓေါ၊ ဗုဓ ဓာတ်မှတပါး အခြားသောဓာတ်ဖြင့် ဝိဂြိုဟ်ပြုသည်။

ကိတ်ပုဒ်ဖြင့် ဝိဂြိုဟ်ပြုလျှင် သပဒဝိဂြိုဟ်မည်၏။ ပုံစံ - ဗုဇ္ဈန္တောတိ ဗုဒ္ဓေါ၊ ဗုဇ္ဈန္တော၌ အန္တပစ္စည်းကိတ်ပုဒ်ဖြင့် ဝိဂြိုဟ်ဆိုသည်။ အာချာတ်ပုဒ်ဖြင့် ဝိဂြိုဟ်ဆိုသော် အသပဒဝိဂြိုဟ်ခေါ်၏။ ပုံစံ-ဗုဇ္ဈတီတိ ဗုဒ္ဓေါ၊ ဗုဇ္ဈတိ၌ တိ ဟူသော အာချာတ်ပုဒ်ဖြင့် ဝိဂြိုဟ်ဆိုသည်။

သံ၊ အဘိ စသော ဥပသာရ (စကားပို) ထည့်ပြီး ဝိဂြိုဟ်ဆိုလျှင် သပရိယာယဝိဂြိုဟ်တည်း။ ပုံစံ-သမ္ဗုဇ္ဈတီတိ သမ္ဗုဒ္ဓေါ။ ဤ သမ္ဗုဇ္ဈတိ၌ သံ ဟူသော ဥပသာရ ထည့်သွင်းထားသည်။ ဥပသာရပုဒ်မပါပဲဆိုလျှင် နိပ္ပရိယာယ ဝိဂြိုဟ်တည်း။ ပုံစံ - ဗုဇ္ဈတီတိ ဗုဒ္ဓေါ။

ဤသို့လျှင် ဝိဂြိုဟ်အမျိုးမျိုးရှိပေ၏။

---

၁။ ဂြဟ ဟူသော သက္ကတစကားလုံးကိုယူ၍ ဂြ၌ အ,ကို အို,သရ သို့ ပြောင်းပြီး ဂြဟ မှ ဂြိုဟ်ဖြစ်လာသည်။ ပါဠိဂဟမှ ဂြိုဟ်သို့ တိုက်ရိုက် မပြောင်းချေ။

အဖွင့် သံဝဏ္ဏနာသည် ခြောက်မျိုး ရှိ၏။ ယင်းခြောက်မျိုးကို ကျမ်းဂန်များ၌ အောက်ပါအတိုင်း ဖော်ပြကြ၏။

သမ္ဗန္ဓော စ ပဒတ္ထောဒေါ၊ ပဒတ္ထော ပဒဝိဂ္ဂဟော။

စောဒနာ ပရိဟာရော စ၊ ဆဗ္ဗိဓာ သုတ္တဝဏ္ဏနာ။

သမ္ဗန္ဓော စ၊ သမ္ဗန္ဓသံဝဏ္ဏနာ လည်းကောင်း။ ပဒတ္ထောဒေါ စ၊ ပဒတ္ထောဒသံဝဏ္ဏနာ လည်းကောင်း။ ပဒတ္ထော စ၊ ပဒတ္ထသံဝဏ္ဏနာ လည်းကောင်း။ ပဒဝိဂ္ဂဟော စ၊ ပဒဝိဂ္ဂဟသံဝဏ္ဏနာ လည်းကောင်း။ စောဒနာ စ၊ စောဒနာသံဝဏ္ဏနာ လည်းကောင်း။ ပရိဟာရော စ၊ ပရိဟာရသံဝဏ္ဏနာ လည်းကောင်း။ ဣတိ၊ ဤသို့။ သုတ္တဝဏ္ဏနာ၊ သုတ်အဖွင့်သည်။ ဆဗ္ဗိဓာ၊ ခြောက်ပါး အပြားရှိ၏။

ဤခြောက်မျိုးတို့တွင် ပုဒ်ချင်းဆက်စပ်၍ ဖွင့်ခြင်းသည် သမ္ဗန္ဓသံဝဏ္ဏနာ မည်၏။ ပုဒ်ခွဲပုဒ်ဖြတ်ပြု၍ ဖွင့်ခြင်းသည် ပဒတ္ထောဒသံဝဏ္ဏနာ မည်၏။ ပုဒ်တို့၏အနက်ကို ဖွင့်ပြခြင်းသည် ပဒတ္ထသံဝဏ္ဏနာ မည်၏။ ပုဒ်တို့ကို ဝိဂ္ဂဟ်ပြု၍ ဖွင့်ခြင်းသည် ပဒဝိဂ္ဂဟသံဝဏ္ဏနာမည်၏။ လိုအပ်သောအနက် ပေါ်လွင်အောင် စောဒနာပြု၍ ဖွင့်ခြင်းသည် စောဒနာသံဝဏ္ဏနာ မည်၏။ ထိုစောဒနာကို အဖြေထုတ်၍ ဖွင့်ခြင်းသည် ပရိဟာရသံဝဏ္ဏနာ မည်၏။

ဤသို့ ဖွင့်ပုံ ဖွင့်နည်း သံဝဏ္ဏနာ ခြောက်မျိုးရှိရာတွင် ဂဋ္ဌန်ပုံကျမ်းသည် ပဒဝိဂ္ဂဟ သံဝဏ္ဏနာကို အဓိကထား၍ ဖွင့်ပြသောကျမ်းဖြစ်၏။ ဤအချက်ကို သိသာထင်ရှားစေရန် ယင်းကျမ်းလာ ပုံစံ အချို့ကို ထုတ်နုတ်ဖော်ပြပါအံ့။

## အတ္ထော အက္ခရသညာ တော ဟူသော သုတ်ကိုဖွင့်ပုံ-
### အတ္ထော၏ဝိဂြိုဟ်များ

အရိယတေ ဂမျတေ ဉာယတေတိ အတ္ထော၊ သဒ္ဒါနုရူပံ အသတိ ဘဝတီတိ ဝါ အတ္ထော၊ အသ ဂတိမှိတိမဿ၊ သဒ္ဒါနုသာရေန အရိယတေ ဉာယတေတိ ဝါ အတ္ထော၊ အရ ဉာဏေတိ မဿ။

### အက္ခရာကို ဝိဂြိုဟ်ပြုပုံ

နတ္ထိ ခယံ မရဏံ ခရတ္တံ ဧတေသူတိ အက္ခရာနိ၊ န ခီယန္တီတိ ဝါ အက္ခရာ၊ ပမာဏတော ကေတ္တ လီသတ္တော၊ ပိဠကတ္တယမ္ပိ ပတွာ အတ္တဝါဧကဘာဝေန န ခီယန္တီတိ အတ္ထော၊ န ပုဗ္ဗ ခီခယေတိမဿ၊ နတ္ထိ ခရာ ဧတေသန္တိ ဝါ အက္ခရာ။

### သညာတောဝိဂြိုဟ်

သညာယတေ သညာယိတ္ထ သညာယိဿတေတိ သညာတော၊
သံပုဗ္ဗဿ ဉာအဝဗောဓနေတိမဿ၊
အက္ခရေဟိ သညာတော အက္ခရသညာတော။

အတ္ထောကို အသဓာတ်တမျိုး၊ အရဓာတ်တမျိုးကြံ၍ ဝိဂြိုဟ်သုံးမျိုးကို ပြသည်။ အက္ခရာကို ဝိဂြိုဟ်နှစ်မျိုး၊ သညာတောကို ကာလသုံးပါးနှင့် သုံးမျိုးဆိုပြ၏။

နောက်ဆုံး ကဂါစဇာနံ ဟူသောသုတ်ကိုလည်း ဤသို့ ဖွင့်ပြ၏။

ကော စ ဂေါ စ ကဂါ၊ စော စ ဇော စ စဇာ၊ တေသံ စဇာနံ ပြယုဂ်များကိုလည်း ဝိဂြိုဟ်ဆိုပြ၏။ ပုံစံ-

ပစ္စတေ ပါကော၊ ပစ္စနံ ပါကော၊
ယုဇ္ဇတေ ယောဂေါ၊ ယုဇ္ဇနံ ယောဂေါ (စသည်)။

ဤကျမ်း၌ ကစ္စည်းသဒ္ဒါကြီး၏ သုတ် ဝုတ္တိ ဥဒါဟရုဏ် စုံအောင် ဝိဂ္ဂိုဟ်ဆိုပြထား၏။ ထို့ပြင် မိမိစကား၌ပါသော စကားလုံး ဝေါဟာရ ပါဠိ ပဒ တို့ကိုပင် အလွတ်မပေး။ တွေ့သမျှကြုံသမျှ ဝိဂ္ဂိုဟ်ဆိုပြသည် သာဖြစ်သည်။

သို့ဖြစ်သောကြောင့် ဤဂဠုန်ပျံကျမ်းကို သင်အံ လေ့ကျင့်သော သူသည် ဝိဂ္ဂိုဟ်ဆိုရဲလာပေသည်။ ဆိုရဲရုံတွင်မက မြင်သမျှ တွေ့သမျှ မလွတ်တမ်း ဝိဂ္ဂိုဟ်ပြုချင်သည့်စိတ်ပင် ရှိလာတတ်၏။

ထို့ကြောင့် မံ သိရိံ ခါရေတီတိ မန္တလေး၊
ပုနပ္ပုနံ သိသံ စာလေတီတိ ပုတ်သင်၊
မြန်မြန် ဂစ္ဆတီတိ မြင်း၊

စသည်ဖြင့် ပါဠိမြန်မာကပြား ဝိဂ္ဂိုဟ်များသည်ပင် ခေတ်စားလာခဲ့ပေ၏။

ဂဠုန်ပျံကိုမသင်ကြားဘူး၍ ဝိဂ္ဂိုဟ်မဆိုတတ်သူများသည်ပင် ဂဠုန်ပျံ တပည့်ကို အားကျပြီး 'တီတိ'ကလေးခတ်ချင်လာကြ၏။ ထို့ကြောင့်ပင် 'ဝိဂ္ဂိုဟ် မတတ် တီတိခတ်' ဟူ၍ပင် ဆိုလာခဲ့လေသည်။

ခေတ်ပစ္စည်း စနစ်တကျဖော်ထုတ်၍ ဝိဂ္ဂိုဟ်မဆိုတတ်၊ ဝိဂ္ဂိုဟ်လည်း ဆိုချင်၍ 'တီတိ'ထည့်၍ ဆိုခြင်းဖြစ်၏။ ပုံစံ - မနုဿတီတိ မနုဿော၊ ဂေါတီတိ ဂေါ စသည်ကဲ့သို့တည်း။

ပါဠိပုဒ်တို့ကို ဝိဂ္ဂိုဟ်ဆိုသည့် ရည်ရွယ်ချက်မှာ ပုဒ်တို့၏ ရင်းမြစ် အနက်မှန်ကို ခြေခြေမြစ်မြစ် ဆစ်ဆစ်ပိုင်းပိုင်း သိရှိစေရန် ဖြစ်ပေသည်။ အနက်အဓိပ္ပါယ်ကို သဒ္ဒါဝေါဟာရဖြင့် မှတ်သားရသည်ဖြစ်ရာ သဒ္ဒါ ဝေါဟာရတို့၏ အနက်အဓိပ္ပါယ်ကို ယထာဘူတအတိုင်း သိရှိရေးသည် လွန်စွာလိုအပ်လှပေသည်။ အနက်မှန်ရရှိမှ သဘောမှန် အယူမှန်ကို သိပြီး အကျင့်မှန်ကို ကျင့်ကြံနိုင်ပေသည်။ ထို့ကြောင့်ပင် ပါဠိ ပဒတို့ကို

ဝိဂ္ဂိုဟ်ပြု၍ ရင်းမြစ်အနက် ဖော်ထုတ်ခြင်းလုပ်ငန်းကို ရှေးဆရာတို့သည် အလေးဂရုပြု၍ ဆောင်ရွက်ခဲ့ကြလေသည်။

စိန္တကျော်သူ ဦးဩသည် ဤအချက်ကို သိရှိ၍ ပါဠိစာသင်သားများအား ဝိဂ္ဂိုဟ်အရာ၌ တတ်သိလိမ္မာစေရန် ဂဠုန်ပျံကျမ်းကို သင်ယူဖြစ်အောင် တိုက်တွန်းချက်ထည့်သွင်း စပ်ဆိုထားသည်ဟု ဆိုရာသည်။

မြန်မာဘာသာ ဝေါဟာရစကားလုံးတို့၏ အနက်အဓိပ္ပာယ်ကို ရှာကြံရာ၌လည်း ဤပါဠိဝိဂ္ဂိုဟ်ကျင်းနည်းကို ရှေးဆရာတို့ အသုံးပြုခဲ့ကြသည်။

ပျို-ဟူသောစကား၏အနက်ကို မနံ ပီနေ့တီတိပျိုဟု ဝိဂ္ဂိုဟ်ကျင်း၍ ရှာဖွေပြီး၊ ပျိုဟူသည် စိတ်ကိုနှစ်သက်စေတတ်သော စာဟုဆိုခဲ့သည်။

ဝိဂ္ဂိုဟ်ကျင်း၍ ပုဒ်တို့၏အနက်အဓိပ္ပါယ် ဖော်ယူသော နည်းစနစ်သည် ပါဠိ၊ မြန်မာ နှစ်ဘာသာအတွက် ထိုက်သည့်အား လျော်စွာ အကျိုးရှိလေသည်။

---

# ၃။ လျှေနှစ်ခင်းဟာန်၊ သမာသ်ဒွန်၊ နှစ်တန် စ-ပါရာ

ဤ သံပေါက်၏ အဓိပ္ပာယ်ကား- ဒွန်သမာသ်သည် အနည်းဆုံး နှစ်ပုဒ် ပေါင်းစပ်ရသည့်အတွက် လှေနှစ်စင်းနှင့် ပမာတူသည်။ ဒွန်သမာသ်ပုဒ် ပြုလုပ်ရန် ဝါကျခင်းသောအဆင့်တွင် 'စ'အက္ခရာ နှစ်လုံး ပါမြဲ ဖြစ်သည်ဟု ဆိုလိုသည်။

စိန္တကျော်သူ ဦးသြသည် 'အန်' ကာရန်သတ်ပုံကို ဖော်ပြရာတွင် သဒ္ဒါဆိုင်ရာ ဗဟုသုတပါအောင် စပ်ဆိုခဲ့သည်။ စကား တခွန်းဖြင့် အကျိုးနှစ်ချက် သက်ရောက်စေလေသည်။

### ဖွင့်ဆို ရှင်းလင်းချက်

ဒွန်သမာသ်ကို သဒ္ဒါဆရာတို့ ဤသို့ ဖွင့်ဆိုကြကုန်၏။

ရှေ့ပုဒ် နောက်ပုဒ် ပထမာဝိဘတ်ကျေ၍ စ-သဒ္ဒါနှစ်လုံးတို့ဖြင့် မှတ်အပ်သော သမာသ်သည် 'ဒွေ ဒွေ နာဝါ ဒွန္ဒာ၊ ဒွန္ဒာ ဝိယာတိ ဒွန္ဒော'ဟူသော ဝစနတ္ထနှင့်အညီ နှစ်ပုဒ်အနက် ပြဋ္ဌာန်းသောအဖြစ်ဖြင့် နှစ်စင်း နှစ်စင်းသော လှေနှင့်တူသောကြောင့် ဒွန်သမာသ် မည်၏။

ပြယုဂ်ကား-

'သမဏော စ ဗြာဟ္မဏော စ သမဏဗြာဟ္မဏာ'တည်း။

ဤ ပြယုဂ်သည် သမဏဟူသော ဗြာဟ္မဏဟူသော နှစ်ပုဒ် အနက် ပြဋ္ဌာန်းသောအဖြစ်ဖြင့် နှစ်စင်း နှစ်စင်းသော လှေနှင့် တူသောကြောင့် ဒွန်သမာသ် မည်၏။

(သဒ္ဒါကြီး ပုဒ်စစ်စုံ)

ဦးဩသည် အထက်ပါ ဒွန်သမာသ်၏ သဘောလက္ခဏာနှင့် အညီ နှစ်ပုဒ်ပြဋ္ဌာန်းသောအဖြစ်ကို သိစေရန် 'လေ့နှစ်စင်းဟန်' ဟု နိမိတ်ပုံကိုဆို၏။ ဝါကျခင်းသော အခိုက်ကိုရည်၍ 'နှစ်တန်စ-ပါရာ'ဟု ဆိုပေသည်။

ထို့ကြောင့်-

သမုစ္စယ၊ ဝါကျဥ္စမှာ၊ စ-တည့်ပါမူ၊ မှန်စွာဒွန်သမာသ်၏ သဘောတည်း။

ဟု-(မန်လည်သုသုဟာရကနိယံ)၌ ဖော်ပြထားလေသည်။

## ပုဒ်အများ-အနက်တခု

ဒွန်သမာသ်ပုဒ်သည် အနည်းဆုံး ပုဒ်နှစ်ပုဒ် ပေါင်းစပ်ပါဝင်၏။ နှစ်ပုဒ်ထက်ပို၍လည်း ဒွန်သမာသ်ဖွဲ့စည်းနိုင်၏။ ယင်းသို့ ပုဒ်အများကို စုစည်းထားသော်လည်း အနက်မှာမူ တနက်တည်းသာ ရှိရလေသည်။

ကေတ္ထီဘာဝေါ သမာသ လက္ခဏံ။ ကေတ္ထီဘာဝေါ၊ အနက်တခု တည်း၏ အဖြစ်သည်။ သမာသ် လက္ခဏံ၊ သမာသ် ပုဒ်၏ လက္ခဏာတည်း ဟူ၍ သမာသ်၏ သဘောလက္ခဏာကို မှတ်သားထားကြ၏။ သမာသ် ပုဒ်ဟူက မည်သည့်သမာသ်မဆို ပုဒ်များသော်လည်း တနက်တည်းသာ ဟောရပေသည်။

ဒွန်သမာသ်ပုဒ်အနေဖြင့် တနက်တည်းရှိပုံမှာ ပဓာန၊ အပ္ပဓာန အနေဖြင့် ရှိခြင်းဖြစ်၏။

ပုံစံ - စက္ခုသောတံ။ မျက်စိနှင့် နားဟူသော သမာသ်ပုဒ်၌၊ စက္ခု ဟူသော ပုဒ်သည် မျက်စိကို ပဓာနအားဖြင့် ဟော၏။ နားကို အပ္ပဓာနအားဖြင့် ဟော၏။ ထိုနည်း အတူ သောတ ဟူသော ပုဒ်သည် နားကိုပဓာန၊ မျက်စိကို အပ္ပဓာန ဟောလေသည်။ ထိုသို့ စက္ခုသောတ ဟူသော

ဒွန်သမာသ်ပုဒ်သည် အနက်တနက်တည်းကိုသာ ပဌာန
အားဖြင့် ဟောသောကြောင့် ကေတ္တိဘာဝ လက္ခဏာ
နှင့် ညီညွတ်လေသည်။

ပဌာန-အပ္ပဌာန်၊ ကေတ္ထ၊ ဟောရနက်တခု။
မျက်စိနှင့်နား၊ ထိုနှစ်ပါး၊ ဟောကြားတခုခု။
ထို့ကြောင့်ရကာ၊ ကေတ္ထာ၊ နောင်လာနှလုံးပြု။
(ရွှေကျင် နိယံ)

နှစ်ပုဒ်ထက်အလွန် သုံးပုဒ်၊ လေးပုဒ် စသည် ပေါင်းစပ်၍ ဒွန်
သမာသ်ဖြစ်သော ပုံစံတို့မှာ အောက်ပါတို့ပင် ဖြစ်ကြ၏။

(က) ဗလဉ္စ ပရက္ကမော စ ဇုတိ စ ဗလပရက္ကမဇုတိယော။
(၃-ပုဒ်)

ဗလဉ္စ၊ အားလည်း။ ပရက္ကမော စ၊ လုံ့လလည်း။
ဇုတိ စ၊ အရောင်လည်း။ ဗလပရက္ကမဇုတိယော၊ အား
လုံ့လ အရောင်တို့။

(ခ) ဥရော စ အက္ခဉ္စ အံသော စ ဗာဟု စ ဥရက္ခံသဗာဟဝေါ။
(၄-ပုဒ်)

ဥရော စ၊ ရင်လည်း။ အက္ခဉ္စ၊ ညှပ်ရိုးလည်း။
အံသော စ၊ ပခုံးလည်း။ ဗာဟု စ၊ လက်ရုံးလည်း။
ဥရက္ခံသဗာဟဝေါ၊ ရင် ညှပ်ရိုး ပခုံး လက်ရုံးတို့။

ဤတွင် 'ဗလဉ္စ ပရက္ကမော စ ဇုတိ စ' ဟူသော အပိုင်းကို သမာသ်
ဝါကျ (ဝါ) သမာသ် ဝိဂြိုဟ်ဟုခေါ်သည်။ ဝိဂ္ဂဟ (ဝိဂြိုဟ်)၏အဓိပ္ပာယ်
မှာ အနက်သိသာအောင် အထူးထုတ်၍ယူခြင်းပင်ဖြစ်၏။ ဝိဂြိုဟ်ပြုလိုက်
သဖြင့် ပုဒ်ရင်း၏ အနက်သိသာလာ၏။

'ဗလပရက္ကမဇုတိယော'သည်ကား သမာသ်ပုဒ်ဖြစ်၏။ ပုဒ်ရေတွက်လျှင်(ဝါ) စကားလုံး ရေတွက်လျှင် တပုဒ်ဟူသော သတ်မှတ်ရ၏။ စကားတလုံးသာဖြစ်၏။ အကြောင်းကား- ဝိဘတ်တချက်သာ ရှိသောကြောင့်တည်း

ထို့ပြင် မည်သည့်သမာသ်ပုဒ်မဆို အနက်တခုတည်းသဘောသို့ သက်ရောက်ရမြဲဖြစ်၏။ ဧကတ္ထီဘာဝေါ သမာသလက္ခဏံ။ ဧကတ္ထီဘာဝေါ၊ အနက်တခုတည်းအဖြစ်သည်။ သမာသလက္ခဏံ၊ သမာသ်၏လက္ခဏာတည်းဟု ဆိုသည့်အတိုင်း ဤဒွန်သမာသ် ပုဒ်သည်လည်း တပေါင်းတည်း အနက်တခုတည်းကိုသာ ဖော်ပြပေသည်။ မိမိပုဒ်အနက်ကို ပဓာန၊ ကျန်တွဲဘက်ပုဒ်တို့၏အနက်ကို အပဓာနအားဖြင့် ဟောပေသည်။

## ပေါင်းစည်းပေးပုံ

'ဗလဉ္စ' စသည်၌ပါရှိသော စ - သဒ္ဒါသည်ကား သမုစ္စယ (သမုစ္စည်း)အနက်ကိုပြ၏။ 'သမုစ္စည်း'ဟူသည် တခုနှင့်တခု ပေါင်းစည်းပေးခြင်း (ဝါ) ဆွဲစပ်ပေးခြင်း သဘောပင်ဖြစ်၏။ 'ဗလဉ္စ ပရက္ကမော စ ဇုတိ စ' ဟူသော သမာသ်ပုဒ်တွင် 'ဗလဉ္စ'၌ ပါရှိသော စ-သဒ္ဒါ(လည်း) သည် ပရက္ကမနှင့် ဇုတိကို ပေါင်းယူ၏။ ဗလသာမက ပရက္ကမနှင့် ဇုတိ လည်းပါကြောင်း ပြသ၏။ ဤသို့ ဆက်သွယ်ပေးမှုကို 'ဆည်းသည်'ဟု လည်း ခေါ်၏။ အကယ်၍ စ- သဒ္ဒါ (လည်း) မပါလျှင် ဗလနှင့် ကျန်ရှိသော ပရက္ကမ၊ ဇုတိ တို့ မသက်ဆိုင်သော **သ**ဘောသို့ ရောက်ပေ၏။ စ-သဒ္ဒါက ပေါင်းစည်းပေးမှုကြောင့် ဗလ၊ ပရက္ကမ၊ ဇုတိ တို့ အချင်းချင်း ငွဲ့ကွက်မှု ရှိကြောင်း သိရလသည်။

ပို၍သိသာစေရန် 'ဟောတိ' ကြိယာ ထည့်သွင်း ကြည့်ရာ၏။ အကယ်၍ 'ဗလဉ္စ ဟောတိ' ခွန်အားလည်း ဖြစ်၏ဟု ဆိုငြားအံ့။ စ(လည်း)က ပရက္ကမ (လုံ့လ)လည်း ဖြစ်၏။ ဇုတိ (အရောင်) လည်း ဖြစ်၏ဟု ပြောရာရောက်၏။ စ (လည်း) မပါပဲ 'ဗလံ ဟောတိ' ဟူသော

ဆိုဘိမူ ကျန်သောလုံ့လနှင့် အရောင်တို့ကို ပေါင်းထည့်၍ မရ တော့ပေ။ ထို့ကြောင့် ဒွန်သမာသ် ဝိဂ္ဂိုဟ်ကျင်းရာ၌ သမုစ္စည်းအနက် ရှိသော စ-သဒ္ဒါ (လည်း)၏ အရာရောက်မှုကို သိရပေသည်။

## ဒွန်လေးမျိုး

ရှေးဆရာမြတ်တို့သည် ဆိုခဲ့ပါသမုစ္စည်း အနက်ရှိသော စ-သဒ္ဒါကို ကိုင်ပြီး အောက်ပါအတိုင်း ဒွန်လေးမျိုးကို ခွဲခြား ပြသလေသည်။

ဒွန်သည်လည်း သမုစ္စယဒွန်၊ အန္ဝာစယဒွန်၊ သမာဟာရဒွန်၊ ဣတရီတရယောဂဒွန် အားဖြင့် လေးပါးအပြားရှိ၏။ ထိုတွင် ကြိယာတခု တည်း၌ ကာရကအများကိုဆည်းသောဒွန်သည် သမုစ္စယဒွန် မည်၏။ **ပြယုဂ်ကား**-

'သတ္တာ စ သာရိပုတ္တော စ ဓမ္မံ ဒေသေတိ'တည်း။ ဤ သတ္တာ စ သာရိပုတ္တော စ'ဟူသော ဒွန်သည် ဒေသေတိဟူသော ကြိယာတခုတည်း၌ သတ္တာ ဟူသော သာရိပုတ္တော ဟူသော ကာရကအများကို ဆည်းသော ကြောင့် သမုစ္စယဒွန် မည်၏။

ကြိယာ ကာရက အသီးသီးကိုဆည်းသော ဒွန်သည် အန္ဝာစယ ဒွန် မည်၏။ **ပြယုဂ်ကား**

'ဒါနဉ္စ ဒေတိ သီလဉ္စ ရက္ခတိ' ဤ ဒါနဉ္စ ဟူသော ဒွန်သည် 'ဒေတိ'ဟူသော ကြိယာ၌ သီလ ဟူသော ကာရကကိုဆည်း၏။ 'သီလဉ္စ' ဟူသော ဒွန်သည် 'ရက္ခတိ'ဟူသော ကြိယာ၏ 'ဒါန' ဟူသော ကာရကကို ဆည်းသည်ဖြစ်၍ ကြိယာကာရက အသီးသီးကို ဆည်းသော ကြောင့် အန္ဝာစယဒွန် မည်၏။

နပုလ္လိင်ဧကဝုစ် ငံ့သည်ဖြစ်၍ ဧကဝုစ် ဝိဘတ်အဆုံးရှိသော ဒွန်သည် သမာဟာရ ဒွန်မည်၏။ **ပြယုဂ်ကား**-

'စက္ခုဉ္စ သောတဉ္စ စက္ခုသောတံ'တည်း။ ဤ ဒွန်သည် နပုံ ဧကဝုစ် ငံ့သည်ဖြစ်၍ ဧကဝုစ် ဝိဘတ်အဆုံး ရှိသောကြောင့် သမာဟာရဒွန်

မည်၏။ နပုံ ကေတ်မင့်မူ၍ ဗဟုဝုတ် ဝိဘတ်အဆုံးရှိသော ဒွန်သည် ဣတရိ တရယောဂ ဒွန်မည်၏။ ပြယုဂ်ကား-

'သမဏော စ ဗြာဟ္မဏော စ သမ္မဏ ဗြာဟ္မဏာ'တည်း။ ဤဒွန်သည် နပုံ ကေတ်မင့်မူ၍ ဗဟုဝုစ် ဝိဘတ် အဆုံးရှိသောကြောင့် ဣတရိတရ ယောဂဒွန် မည်၏ [၁]။

ဖော်ပြပါဒွန်လေးပါးတို့တွင် သမုစ္စယဒွန်နှင့်အန္တာစယဒွန်နှစ်မျိုးသည် စ-သဒ္ဒါ၏ ပေါင်းစည်းပုံကိုသာပြ၏။ ပုဒ်ချင်း တွဲစပ်မှုမဖြစ်၍ သမာသ် မဖြစ်ပေ။ သမာဟာရဒွန်နှင့် ဣတရိတရယောဂဒွန်နှစ်ပါးသည်သာ ပုဒ် ချင်း ဆက်စပ်မှုရှိ၍ သမာသ်ဖြစ်လေသည်။

အထက်ပါ ကောက်နုတ်ချက်၌ 'ကြိယာတခုတည်း၌ ကာရကအများ ကို ဆည်းသည်' ဆိုရာတွင် သတ္တာ စ ဓမ္မံ ဒေ သေတိ၊ သာရိပုတ္တော စ ဓမ္မံ ဒေသေတိ ဟူ၍ ဒေသေတိ ကြိယာ တခုတည်းက သတ္တာ ဟူသော ကာရက၊ သာရိပုတ္တာ ဟူသော ကာရကနှစ်ခုလုံးကို လက်ခံခြင်းကို ဆိုလိုပေသည်။ 'ဘုရားလည်း တရားဟော၏။ သာရိပုတ္တရာလည်း တရား ဟော၏ ဆိုရာ၌'လည်း'ဟူသော သမုစ္စည်းစကားလုံးကနှစ်ဝါကျကို တဝါကျတည်း ပေါင်းယူကာ ဒေသေတိ (ဟော၏)ဟူသော ကြိယာ တခုကိုမြှုပ်ပြီး၊ ၎င်းမြှုပ်ကွက်ကို စ(လည်း) ဟူသော စကားက ဖော် ယူခြင်း ဖြစ်ပေသည်။

နပုံကေတ်င့်သည် ဆိုသည်ကား ထို သမာဟာရ ဒွန်သမာသ်ပုဒ်သည် လိင်အားဖြင့် နပုံလိင်သာဖြစ်ပြီး၊ ဝုစ်အားဖြင့် ကေဝုစ်သာ ဖြစ်ရခြင်းကို ဆိုလိုသည်။ စက္ခုသောတ သည် မျက်စိနှင့် နားနှစ်ခုဖြစ်၍ ဒြပ်အများ ဖြစ်သော်လည်း သဒ္ဒါနည်းအရ တခုတည်း ကေဝုစ်အဖြစ်သုံးစွဲခြင်းဖြစ်၏။ ဤသမာသ်ပုဒ်မျိုးကို သမာဟာရဒွန် ဟူလိုသည်။ ဣတရိတရယောဂ ဒွန်မှာ သမာဟာရဒွန်၏ ပြောင်းပြန်သာဖြစ်ပေသည်။ မည်သည့်လိင်မဆို ဖြစ်နိုင်သည်။ ကေဝုစ်ဗဟုဝုစ်နှစ်မျိုး ရှိနိုင်သည်။

---

၁။ သဒ္ဒါကြီးပုဒ်စစ်စုံ(သမာသ်ပုဒ်စစ်)ပါဠိနိဿျာကရှုဏ်း'စတ္တေ ဒွန္ဒော'သုတ်။

## သမာဟာရဒွန်

သမာဟာရဒွန်သည် လူ၏ကိုယ်အင်္ဂါ၊ တူရိယာ အစိတ်အပိုင်း၊ လယ်ယာသုံးပစ္စည်း၊ စစ်ပစ္စည်း၊ တိရစ္ဆာန် အသေးအမွှားကလေးများ၊ ရန်ဘက်တိရစ္ဆာန်များ၊ သဘာဝတူ တရားများနှင့် အခြားအရာအချို့ တို့၌ ဖြစ်ပေ၏။

**ပုံ စံ များ**

| | | |
|---|---|---|
| ကိုယ်အင်္ဂါ | စက္ခုသောတံ | မျက်စိနား (မျက်စိနှင့် နား) |
| တူရိယာ | ဂီတဝါဒိတံ | သီဆိုတီးမှုတ်မှု |
| လယ်ယာသုံး | ယုဂနင်္ဂလံ | ထမ်းပိုးထွန်တုံး |
| စစ်ပစ္စည်း | အသိစမ္မံ | သန်လျက်ကာ |
| တိရစ္ဆာန်ငယ် | ဍံသမကသံ | မှက်ခြင် |
| ဆန့်ကျင်သတ္တဝါ | အဟိနကုလံ | မြွေ မြွေပါ |
| သဘာဝတူတရား | ဝိဇ္ဇာစရဏံ | သိမှု ကျင့်မှု |
| အခြား | ပတ္တစီဝရံ | သပိတ်သင်္ကန်း |
| | ဆတ္တုပါဟနံ | ထီးဖိနပ် (စသည်) |

ဤတွင် မျက်စိနှင့် နားအများဖြစ်၍ စက္ခုသောတာနိဟု လည်းကောင်း၊ မျက်စိ နားတို့ဟုလည်းကောင်း ဗဟုဝုစ်မသုံးရ။ အထက်ပါအတိုင်း အမြဲတမ်း ဧကဝုစ်သာရှိရမည်။ စက္ခုသောတာစသည်ဖြင့် ပုလ္လိင် စသည်လည်း မဖြစ်ရ။ အမြဲတမ်း နပုံလိင်သာ ရှိရမည်ဟူလို။ ဤသည်ကို သမာဟာရ ဒွန်သမာသ်ပုဒ်ဟု ခေါ်သည်။

သစ်ပင်၊ မြက်၊ တောင်၊ ဥစ္စာ၊ စပါး၊ ဇနပုဒ် အနက်ဟောအချို့ သောပုဒ်တို့ကို ဒွန်သမာသ်ပြုလုပ်ရာတွင်မူ ရံခါနပုံလိင်ဧကဝုစ် ဖြစ်၏။ ရံခါ မဖြစ်ပေ။

### ပုံစံများ။

| | | |
|---|---|---|
| အဿတ္ထ ကပိတ္ထံ | နပုလ္လိင် ကေဝုစ် | ညောင်ဗုဒ္ဓဟေ ညောင်ကြပ်ပင် |
| အဿတ္ထ ကပိတ္ထာ | ပုလ္လိင် ဗဟုဝုစ် | ညောင်ဗုဒ္ဓဟေ ညောင်ကြတ်ပင်တို့ |
| ဥဿိရ ဗီရဏံ | နပုလ္လိင် ကေဝုစ် | ပန်းရင်းပြိတ်မြက် |
| ဥဿိရ ဗီရဏာ | ပုလ္လိင် ဗဟုဝုစ် | ပန်းရင်းပြိတ်မြက်တို့ |
| အဇေဠကံ | နပုလ္လိင် ကေဝုစ် | ဆိတ်သိုး |
| အဇေဠကာ | ပုလ္လိင် ဗဟုဝုစ် | ဆိတ်သိုးများ |
| ဟိရညသုဝဏ္ဏံ | နပုန်းလိင် ကေဝုစ် | ငွေရွှေ |
| ဟိရညသုဝဏ္ဏာ | ပုလ္လိင် ဗဟုဝုစ် | ငွေရွှေတို့ |
| သာလိယဝံ | နပုလ္လိင် ကေဝုစ် | သလေး မုယော |
| သာလိယဝါ | ပုလ္လိင် ဗဟုဝုစ် | သလေး မုယောများ |
| ကာသိကောသလံ | နပုလ္လိင် ကေဝုစ် | ကာသိတိုင်း ကောသလတိုင်း |
| ကာသိကောသလာ | ပုလ္လိင် ဗဟုဝုစ် | ကာသိတိုင်း ကောသလတိုင်းတို့ |

### လူတရိတရယောဂဒွန်

အချို့သောနာမ်ပုဒ်များကို ဒွန်သမာသ်ပုဒ်ပြုလုပ်ရာ၌ကား မည်သည့်အခါမျှ နပုလ္လိင် ကေဝုစ်မဖြစ်ပေ။ ထိုဒွန်သမာသ်မျိုးကို လူတရိတရယောဂဒွန်ဟု ဆိုခဲ့ပြီ။

### ပုံစံများ

| | |
|---|---|
| သမဏဗြာဟ္မဏာ | ရဟန်းပုဏ္ဏားတို့ |
| စန္ဒိမသူရိယာ | လ နေ တို့ (စသည်) |

### ဒွန်၏ရှေ့နောက် ပုဒ်နှစ်ထောက်

ဒွန်သမာသ်နှင့်စပ်လျဉ်း၍ အရေးကြီးသော အခြားမှတ်သားစရာ တရပ်မှာ ဒွန်သမာသ်ပုဒ်၏ရှေ့၌ရှိသောပုဒ်၊ နောက်၌ရှိသော ပုဒ်တို့ကို

ဒွန်သမာသ်ဝင်ပုဒ်တိုင်း၌ တွဲဖက်၍ အနက်ယူရခြင်း ဖြစ်လေသည်။ ရှေးဆရာတို့က-

ဒွန်၏ရှေ့နောက်၊ ပုဒ်နှစ်သောက်မှာ၊ ပုဒ်တိုင်းသာ၊ ယှဉ်ကာစပ်ရမြဲ ဟု မိန့်ဆိုလေသည်။

(ဘုရားကြီး နိယံ- ၂၁၀)

## ဒွန်၏ရှေ့ပုဒ် ပုံစံကား

စဏ္ဍ ဟတ္ထိ အဿမိဂ ဂေါဏ ကုက္ကုရ အဟိ ဝိစ္ဆိက မဏိသပ္ပ ဒီပိအစ္ဆ တရစ္ဆ သူကရ မဟိံသ ယက္ခ ရက္ခသာဒီဟိ။
(ပရိတ်ကြီး ပါဠိ)

ဤပုံစံ၌ 'ဟတ္ထိ' မှ 'ရက္ခသာ'အထိ ကဆယ့်ငါးပုဒ်သည် ဒွန်သမာသ် ပုဒ်ကြီးဖြစ်၏။ 'စဏ္ဍ' ဟူသောပုဒ်သည် ထိုဒွန်သမာသ်ပုဒ်ကြီး၏ ရှေ့ဆုံး၌ တည်ရှိနေသော ပုဒ်ဖြစ်၏။ ထို့ကြောင့် ပါဠိဘာသာစည်းကမ်းအရ ထိုဒွန်ပုဒ်၏ရှေ့ဆုံး၌ တည်ရှိသောပုဒ်ကို ဒွန်သမာသ်ဝင်ပုဒ်တိုင်း၌ ယှဉ်စပ်ပေးရသည်။ ထို့ကြောင့်

| | | |
|---|---|---|
| စဏ္ဍဟတ္ထိ | = | ကြမ်းသောဆင် (ဆင်ကြမ်း) |
| စဏ္ဍအဿ | = | ကြမ်းသောမြင်း (မြင်းကြမ်း) |
| စဏ္ဍမိဂ | = | ကြမ်းသောသားကောင် (သားကြမ်း) |
| စဏ္ဍဂေါဏ | = | ကြမ်းသောနွား (နွားကြမ်း) |
| စဏ္ဍရက္ခသာ | = | ကြမ်းသောရက္ခိုသ် (ရက္ခိုသ်ကြမ်း) |

ဟူ၍ ပုဒ်တိုင်း၌ တွဲစပ်ပြီး အနက်ယူရလေသည်။

## ဒွန်၏နောက်ပုဒ်ပုံစံကား

ဝေဒနာ ညာဏသညါဂါရ ဘောဒန (အဘိဓမ္မတ္ထသင်္ဂဟ ပါဠိ)

ဤတွင် 'ဝေဒနာညာဏသညါဂါရ'သည် ဒွန်သမာသ်ပုဒ်ဘည်း။ ဘောဒ (ဘောဒေန)သည် ဒွန်ပုဒ်၏ နောက်၌ တည်ရှိသောပုဒ်ဘည်း။ ထို့ကြောင့် ပါဠိစည်းကမ်းအရ-

ဝေဒနာဘေဒေန = ဝေဒနာအပြားအားဖြင့်

ဉာဏဘေဒေန = ဉာဏ်အပြားအားဖြင့်

သင်္ခါရဘေဒေန = သင်္ခါရအပြားအားဖြင့်

ဤသို့ပုဒ်တိုင်းမှာ ယှဉ်စပ်၍ အနက်ယူရလေသည်။

ဤသို့ပုဒ်တို့ကို ဒွန်သမာသ်ပြုလုပ်ခြင်း၊ ဒွန်ပုဒ်၏ ရှေ့နောက်ပုဒ်တို့ကို ဒွန်ပုဒ်ဝင်ပုဒ်တိုင်း၌ ဆက်စပ်ယူခြင်းတို့ကြောင့် စကားလုံး ဖောင်းပွမှု မရှိစေပဲ ဘာသာစကား ကျစ်လစ်သိပ်သည်းမှု အကျိုးရှိလေသည်။ ဤအထိ ပါဠိသဒ္ဒါဆိုင်ရာ ဒွန်သမာသ်၏ အဖွင့်ဖြစ်၏။

## မြန်မာသမာသ်များ

ဆိုခဲ့ပါ ပါဠိသဒ္ဒါဒွန်သမာသ်၏ ဥပဒေသကိုယူပြီး မြန်မာစာပေ၌ မြန်မာသမာသ် ဝေါဟာရများ ဖွဲ့စည်းယူကြလေသည်၊ ယင်းသို့ယူရာ တွင် ပါဠိသဒ္ဒါ ဒွန်သမာသ်သဘောကို တိုက်ရိုက်ရယူ အသုံးချခြင်းနှင့် အချို့အဝက်ယူ၍ အသုံးချခြင်းဟူသော လက္ခဏာ နှစ်ရပ်ကို တွေ့ ရပေသည်။

## ပါဠိသဒ္ဒါဒွန်သဘောကိုတိုက်ရိုက်ယူ၍ မြန်မာဝေါဟာရဖွဲ့စည်းခြင်း

ပုံစံ –

ကျီကြာ၊ ကြေးငွေ၊ လင်မယား၊ သားအမိ၊ သားအဖ၊ အိုးအိမ်၊ အိပ်ရာခြင်ထောင်၊ ကျောင်းကန်ဘုရား၊ ဆင်မြင်း ကျွဲနွား၊ ဇီးဖြူသျှိသျှား၊ တရော်ကင်ပွန်း၊ မြေရေလေမီး၊ ရေတွင်းရေကန်၊

အထက်ပါပုံစံတို့တွင် 'ကြေး ငွေ' ကို 'ကြေး စ ငွေ စ ကြေးငွေ' ဟု ဒွန်ဝိဂြိုဟ်ကျင်း၍ 'ကြေးငွေ'ဟူသော သမာသ်ပုဒ်တွဲတခု ရနိုင် ကြောင်း သဒ္ဒါအမြင်၌ ထင်နိုင်၏။ 'ကြေး ငွေ'သည် အနက်တခုတည်းသို့

ရောက်သော သမာသ်သက္ခဏာလည်း ရှိပေသည်။ 'အိုးအိမ်' စသော ပုဒ်များလည်း နည်းတူပင်ဖြစ်၏။

## ပါဠိသမာသ်သဘောမှ စည်းမျဉ်းအချို့ကိုအသုံးချလျက် မြန်မာဝေါဟာရဖွဲ့စည်းခြင်း

ပုံစံ—

ကုသိုလ်ကောင်းမှု၊ စိတ်နှလုံး၊ ဆင်းရဲဒုက္ခ၊ တရားဓမ္မ၊ ပစ္စည်းဥစ္စာ၊ ဘေးဘယာ၊ ရဟန်းသံဃာ၊ ရှင်သာမဏေ၊ ရောဂါဘယ၊ အထူးဝိသေသ၊

အထက်ပါပုံစံတို့၌ကား ကုသိုလ်နှင့်ကောင်းမှုသည် အနက်ရတူသည်၊ 'ကုသိုလ်'သည် ပါဠိသက် မြန်မာဝေါဟာရ၊ 'ကောင်းမှု'သည် မြန်မာဝေါဟာရ၊ ဤသို့အနက်တူ ဝေါဟာရ ကွဲသော စကားနှစ်ချပ်ကို ပေါင်းစပ်ပြီး 'ကုသိုလ်ကောင်းမှု'ဟု ဆိုခြင်းသည် 'နာမ်ပုဒ်တို့၏ ပေါင်းခြင်းသည် သမာသ်မည်၏' ဟူသော သာမန်လက္ခဏာအရသာ ဖြစ်ပေသည်။ သမာသ်အစစ်မှာမူ မျက်စိနား၊ ရဟန်းပုဏ္ဏား၊ လင်မယား စသည်ကဲ့သို့ မူလကအနက်မတူသော ဝေါဟာရများကိုသာ ဖွဲ့စည်းခြင်း ဖြစ်ပေသည်။

ထို့ပြင် ပါဠိမြန်မာ စွယ်စုံတတ် ရှေးဆရာအချို့သည် အထက်၌ ဖော်ပြခဲ့သော သမာဟာရဒွန်သဘောကို စောင့်ထိန်းလျက် မြန်မာစာ ရေးရာ၌ မျက်စိ နားကို၊ ထီး ဖိနပ်ကို စသည်ဖြင့် ဧကဝုစ်ရေးကြ၏။ မျက်နား တို့ကို ထီးဖိနပ်တို့ကိုဟု ဗဟုဝုစ် မရေးကြချေ။ အချို့ကား စကားလုံး မပေါင်းဖွဲ့ဘဲ စာပေ၌ကား ကျစ်လစ်သိပ်သည်းခြင်းအကျိုး ရှိပေ၏။

### ပုံစံအချို့ကား

သံဃာကို ရည်၍လှူသော ရွှေငွေအပ်၏ဟု ယူသည်လည်းတပါး[၁]။
ဝင်းဝင်းညီးသော ဓားသန်လျက်ကို စွဲငင်၍[၁]။

---

၁။ ကျီးသဲမဟာဝင် ဝတ္ထု၊ လယ်တီမဏ္ဍိုင် ၁၉၆၆။

ငါ့သမီးနှားမျက်စိ မငြိမ်းရှိက ငါလည်း မျက်စိနှား မငြိမ်း ရှိပေမည် [၁]။

ပြင်ပမှာသာလျှင် ဆန်စပါးရှိ၏ [၂]။

မြန်မာဘာသာ၌ ဣတရီတရယောဂ ဒွန်သဘောကိုလည်း များစွာ အသုံးပြုပေသည်။ ပုဒ်အများကို တန်းစီပြီး ဝိဘတ်တချက်ဘည်း သတ် ထားလေသမျှ ဒွန်ပုဒ်ဟု မှတ်ရပေသည်။

- ခါးလုံ လေးမြှားတို့ကိုယူပြီးလျှင် (မဟာဝင်ဝတ္ထု)
- ကိုယ်လုပ်မောင်း မသူဌေးသူကြွယ်ကတော် စိုးမင်းမြို့ဝန်များ နှင့် တကွ (ရာဇာဓိရာဇ် အရေးတော်ပုံ)
- ရတု ရကန် အဲအန်သာချင်းဖြင့် (မဟောသဓာဇာတ်ဝတ္ထု)

မြန်မာစာပေနယ်၌ 'ဒွန်၏ ရှေ့နောက်၊ ပုဒ်နှစ်ထောက်မှာ၊ ပုဒ်တိုင်း သာ၊ ယှဉ်ကာစပ်ရမြဲ' ဟူသော ဥပဒေသကို လိုက်နာ၍ ရေးသား သုံးနှုန်းထားသည်များကိုလည်း တွေ့ရသည်။

## ရှေ့ပုဒ်လိုက်ပုံစံ

'ရပ်စည် သာထူး၊ တံတားဦးဝယ်' [၃]။

ဤ၌ 'စည်သာထူး'သည် ဒွန်ပုဒ်ဖြစ်သည်။ စည်ကားခြင်း၊ သာယာ ခြင်း၊ ထူးမြတ်ခြင်း၊ သုံးပုဒ်ကို ပေါင်းဖွဲ့ထားခြင်း ဖြစ်၏။ သို့ဖြစ်၍ 'ရပ်'ကို ပုဒ်တိုင်းနှင့်ယှဉ်ပြီး 'ရပ်စည် ရပ်သာ ရပ်ထူး'ဟု အနက်ယူရ လေသည်။ စည်ကားသော အရပ်၊ သာယာသော အရပ်၊ ထူးမြတ်သော အရပ်ဟု ဆိုလိုပေသည်။

---

၁။ ရာဇာဓိရာဇ် အရေးတော်ပုံ၊ ဗွဲ ၁၉၆၇။
၂။ မင်းဘူးဦးဩဘာသ၊ မဟော်သဓာဇာတ်တော်ကြီးဝ ထ္ထု ဒုတွဲ၊ ဟံသာဝတီ ၁၉၅၄။
၃။ ရှင်မဟာရဋ္ဌသာရ။ တံတားဦးတည် မင်္ဂလာစေတီတော်မော်ကွန်း၊ ပိုဒ်ရေ ၁ မှ။

## နောက်ပုဒ်လိုက် ပုံစံ

'ဇာတိပုည၊ ဂုဏ်မာနဖြင့်' [၁] ။

ဤတွင် 'ဇာတိပုည ဂုဏ်' ဟူသော သုံးပုဒ်သည် ဒွန်သမာသ်ပုဒ်ဖြစ်၏။ ဝိဘတ်တချက်တည်း သတ်ထားသည်ကို ကြည့်ပြီး ဒွန်ပုဒ်ဟု ဆိုရခြင်း ဖြစ်သည်။ ထိုဒွန်ပုဒ်နောက်ရှိ 'မာန' ဟူသော ပုဒ်ကို ရှေ့ဒွန် ပုဒ်ဝင် ပုဒ်တိုင်းနှင့် တွဲစပ်ယူရ၏။ ဇာတိမာန၊ ပုညမာန၊ ဂုဏမာန၊ ဇာတိမာန်၊ ပုညမာန်၊ ဂုဏမာန်ဖြင့်ဟု ဆိုလိုပေသည်။

ထို့ပြင် 'နေမီးလဝါ' ဟူသော နဝဒေးကြီး၏ ရတုအချီစကားရပ်၌ လည်း ဤဒွန်သဘောကို တွေ့ရပေသည်။ 'နေမီးလ' ဤသုံးရပ်သည် ဒွန်ပုဒ်တည်း။ ယင်းဒွန်ပုဒ်နောက်ရှိ 'ဝါ'ကို ပုဒ်တိုင်းနှင့်တွဲပြီး နေဝါ၊ မီးဝါ၊ လဝါဟု ယူရသည်။ 'ဝါ'သည် ဤ၌ အရောင်အနက်ဟော။ ထို့ကြောင့် နေရောင်၊ မီးရောင်၊ လရောင်ဟု ဆိုလိုသည်။

### အချုပ်အားဖြင့် ဒွန်သမာသ်၏ လက္ခဏာကား

၁။ နာမ်ပုဒ်အချင်းချင်း ပေါင်းစပ်ထားခြင်း၊

၂။ ဝိဘတ်တခုတည်းရှိခြင်း၊ အနက်တခုတည်းအဖြစ်သို့ ရောက်ခြင်း၊

၃။ ပုဒ်ချင်းလည်းစပ်၊ အနက်ချင်းလည်းစပ်ခြင်း၊

ဤသုံးပါးတည်း။

ထို့ကြောင့် နာမ်ပုဒ်နှင့် ကြိယာပုဒ်သော်လည်းကောင်း၊ ကြိယာ ပုဒ်ချင်းချင်းသော် လည်းကောင်း၊ ဒွန်သမာသ်ပြုလုပ်၍မရ။ ပုဒ်ချင်းသာ စပ်ပြီး အနက်ချင်းမစပ်ပါကလည်း ဒွန်သမာသ် (သမာသ်)ပုဒ် မဟုတ်ဟု သိအပ်ပေသည်။

---

၁။ ဒွင်မဟာရှင်ဥသ္မာရ၊ ကိုးခန်းပျို့ အပိုဒ် ၁ မှ။

‘လှေနှစ်ငင်းဟန်၊ သမာသ်နှ’ ဟု ဆိုခြင်းသည်ကား ဥပလက္ခဏာ စကား[၁] သာတည်း။ စင်စစ်ဒွန်သမာသ်၌ ပုဒ်ရေ သတ်မှတ်ချက်မရှိ။ နှစ်ပုဒ်သာမက နှစ်ပုဒ်တက် ပုဒ်များစွာကို ဒွန်သမာသ် ပြုလုပ်နိုင်ပေသည်။

ဤသံပေါက်သည် ပါဠိသဒ္ဒါ မြန်မာသဒ္ဒါနှစ်ရပ်လုံးအတွက် အသုံးဝင်သော ဒွန်သမာသ်၏ သဘော လက္ခဏာကို ဖော်ပြသဖြင့် စင်စစ် အကျိုးရှိလေသည်။ ။

---

၁။ ဥပလက္ခဏာစကား= အတွေ့ရများ၍ ထင်ရှားသော အချက်တရပ်ကို စွဲမှတ်၍ဆိုသောစကား။

# ၄။ အာဒိအမှန်၊ အာဒိဝန်၊ ကျမ်းဂန် တွေ့တိုင်းရှာ

ကျမ်းဂန်စကားရပ်များတွင် အာဒိသဒ္ဒါဖြင့် သုံးနှုန်းဖော်ပြထား ပါလျှင် အာဒိဝန်ကို တွေ့အောင်ရှာရမည်-ဟူလို။

### ဖွင့်ဆိုရှင်းလင်းချက်

အာဒိ(ပါဠိ)=အစ။ အာဒိဝန် ပါဠိသက်ဝေါဟာရ။ အာဒိဝန္တ-၌ အဆုံးအက္ခရာ 'တ'ကိုချေ၊ 'န'တွင် တံခွန်လွှား၍၊ အာဒိဝန် ဟူသော ဝေါဟာရကို ရလေသည်။ ပညာဝန္တကို ပညာဝန်၊ ဂုဏဝန္တကို ဂုဏဝန်၊ သီလဝန္တကို သီလဝန်ဟု ဆိုဘိသကဲ့သို့ အာဒိဝန္တကို အာဒိဝန်ဟု ဖော် ပြခြင်းဖြစ်သည်။

အာဒိဝန်ဟူသည်ကား အာဒိရှိသောအရာဟု တိုက်ရိုက်အဓိပ္ပါယ်ရှိ၏။ အာဒိ ကို အစ၊ အဦး ဟု များသောအားဖြင့် အနက်ပေးကြ၏။ ထို့ကြောင့် အာဒိဝန်ကိုလည်း 'အစရှိသော'ဟု အနက်ပေးရန်ရှိ၏။ သို့သော် အာဒိသဒ္ဒါသည် 'အစ'ဟူသော အနက်တခုတည်းကိုသာ ဟောသည်မဟုတ်၊ အခြားသော အနက်လည်းရှိသေး၏။

အာဒိ၊ အာဒိဝန်ကိစ္စနှင့် ပတ်သက်၍ ကျမ်းဂန်စုံသိမ်းကျုံး၍ အာဒိ၊ အာဒိဝန် ရေးထုံး ယူထုံး ရှိသမျှကို ဖော်ပြသော အောက်ဖော်ပြပါ ရှေးရေးဆောင် နိဒါန်းဖြင့် ရှင်းသင့်ပေ၏။

### အာဒိအနက်လေးချက်

(၁) အဦးပိုင်းခြား၊ စိတ်ကားအတူ၊ နက်လေးဆူ၊ ဟောမူ အာဒိမှန်။

(၂) ဘုမ္မ-ပါဒ ်န်၊ ကမ္မ-ကရဏ၊ သာခနေ၊ ပြုကြဝိဂ္ဂဟ၊ စဉ်တိုင်ံမှန်။

(၃) သမာသ်အာဒိ၊ ဧရွှနက်ဒ္ဓိ၊ ယူဘိ အတက္ကံ။

(၄) နောက်နှစ်ပါးသာ၊ အညမှာ၊ ယူပါ-တဂ္ဂု ဏံ။

(၅) လှည်ဘက်ကြိယာ၊ တူခဲ့ရာ၊ လေးဖြာနက်သမွန်။

(ရှေးရေးဆောင်နိယံ)

ပထမနိယံအရ - အာဒိသဒ္ဒါသည် -

သာမိပ = အနီးံဟူသောအနက်

သီမာ = အပိုင်းအခြားဟူသောအနက်

အဝယဝ = အစိတ်ဟူသောအနက်

ပကာရ = အတူတူ ဟူသောအနက်

ဤသို့ အနက်လေးပါးကို ဟောကြောင်းသိရ၏။

**ပါဠိအဘိဓာန်၌လည်း-**

အာဒိ သီမာပကာရေသု၊ သမီပေဝယဝေ မတော ဟူ၍ အာဒိသဒ္ဒါ ဟောသော အနက်လေးမျိုးကို ဖော်ပြထား၏။ ထို့ကြောင့် အာဒိ သဒ္ဒါ တွေ့တိုင်း သူ့နေရာနှင့်သူ ဤအနက်လေးမျိုးထဲက မည်သည့်အနက် ကို ဟောသည်ဟု အမှန်တွေ့အောင် ရှာရမည်ဖြစ်ပေသည်။ စိန္တကျော်သူ ဦးသြသည် ဤအဓိပ္ပာယ်ကို သူ၏သံပေါက်ဖြင့် သိစေပေသည်။

ဒုတိယနိယံသည်ကား အာဒိသဒ္ဒါက ဟောသော အနက်လေးမျိုး အလိုက် အာဒိသဒ္ဒါကို မည်ကဲ့သို့ ဝိဂြိုဟ်ဆိုရမည်ဟု ပြသည်။ ဝိဂြိုဟ်ကျင်းပြီး ရှင်းယူမှ အနက်ထင်လင်းပေစွ။

### အနီးအနက်ဟော အာဒိသဒ္ဒါကို-

အာဒိယာတိ အညပဒတ္ထော ဂယှတိ တွေ ပဒေ သမီပဘာဝေနာတိ အာဒိဟု ဝိဂ္ဂိုဟ်ပြု။ အနက်ကား၊ တွေ ပဒေ၊ ဤပုဒ်၌။ အညပဒတ္ထော၊ ဤပုဒ်၌ တိုက်ရိုက်မပြသော အခြားသောပုဒ်အနက်ကို။ သမီပဘာဝေန၊ နီးစပ်သည်၏ အဖြစ်ဖြင့်။ ဂယှတိ၊ သိမ်းယူအပ်၏။ ဣတိတသ္မာ၊ ထိုသို့ နီးစပ်သော ပုဒ်အနက် ကို သိမ်းယူရာဖြစ်သောကြောင့်။ အာဒိ၊ အာဒိ မည်၏။ အာဒိ=အနီး။

### အပိုင်းအခြားအနက်ဟော အာဒိသဒ္ဒါကို-

အာဒိယတိ အညပဒတ္ထော ဂယှတိ တေသ္မာ ပဒတော သီမဘာဝေနာ တိ အာဒိဟု ဝိဂ္ဂိုဟ်ပြု၏။ အနက်ကား၊ တေသ္မာ ပဒတော၊ ဤပုဒ်မှ။ အညပဒတ္ထော၊ အခြားသောပုဒ်အနက်ကို။ သီမဘာဝေန၊ အပိုင်းအခြား အဖြစ်ဖြင့်။ ဂယှတိ၊ သိမ်းယူအပ်၏။ ဣတိတသ္မာ၊ ဤသို့ အပိုင်းအခြား အနေအားဖြင့် အခြားသော ပုဒ်အနက်တို့ကိုပါ သိမ်းယူရာဖြစ်သော ကြောင့်။ အာဒိ၊ အာဒိမည်၏။ အာဒိ=အပိုင်းအခြား။

### အစိတ်အနက် အာဒိသဒ္ဒါကို-

အာဒိယတိ ယံ ပဒံ ဂယှတိ အညပဒတ္ထာ အဝယဝဘာဝေနာတိ အာဒိဟု ဝိဂ္ဂိုဟ်ပြု။ အနက်ကား။ ယံ ပဒံ၊ အကြင်ပုဒ်ကို။ အညပ ဒတ္ထာ၊ တပါးသောပုဒ်နက်၏။ အဝယဝဘာဝေန၊ အစိတ်၏အဖြစ်ဖြင့်။ အာဒိယတိ၊ ယူအပ်၏။ ဣတိတသ္မာ၊ ဤသို့ အစိတ်အပိုင်းအားဖြင့် တပါး တခြားသောပုဒ်အနက်ကိုပါ သိမ်းယူအပ်သောကြောင့်။ အာဒိ၊ အာဒိမည်၏။ အာဒိ=အစိတ်၊ အစိတ်အပိုင်း။

### အတူအနက် အာဒိသဒ္ဒါကို-

အာဒိယတိ အညပဒတ္ထော ဂယှတိ တေန ပဒေန ပကာရဘာ ဝေနာတိ အာဒိ ဝိဂ္ဂိုဟ်ပြု။ အနက်ကား။ တေန ပဒေန၊ ဤပုဒ်ဖြင့်။

စိတ်အားလုံးနှင့်ယှဉ်သော စေတသိက် ခုနစ်လုံးရှိ၏။ ၎င်းတို့ကား–

ဖဿ ဝေဒနာ သညာ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြိယ မနသိကာရ - တို့တည်း။

ဤစေတသိက် ခုနစ်လုံးသည် အပေါင်းတည်း။ ယင်းတို့ထဲက တခုစီသည် အစိတ်တည်း။ တနည်းအားဖြင့် ယင်းခုနစ်ခုသည် စိတ်အားလုံး၌ ယှဉ်သော စေတသိက်အမျိုးအစား (သဗ္ဗစိတ္တသာဓာရဏ စေတသိက်) အနေဖြင့် တခုနှင့်တခုတူကြကုန်၏။

ဤစေတသိက်ခုနစ်ခုကို ပြောပြလိုသောအခါဖြစ်စေ၊ ရေးသားလိုသောအခါ ဖြစ်စေ ခုနစ်လုံးလုံး ထုတ်ပြနေလျှင် စကားကြောရှည်၏။ စာဖေါင်းပွ၏။ ထိုအခါ စကားကျဉ်းကျဉ်းဖြင့် လိုရင်းရောက်စေခြင်းငှာ အာဒိသဒ္ဒါကို အသုံးပြုရပေသည်။

ဖဿော အာဒိ ယေသံ တာနိတိ ဖဿာဒီနိ-

ဟု ဝိဂ္ဂဟပြု၍ ဖဿဒီနိ ဟူသော သမာသ်ပုဒ်ကို တည်ဆောက်ယူရ၏။ အနက်ကား- ဖဿာဒီနိ၊ ဖဿ ဟူသော အစိတ်ရှိကုန်သော စေတသိက်များ။ သို့မဟုတ်၊ ဖဿ လျှင် အတူရှိကုန်သော စေတသိက်များဟု ပေးရ၏။ အရကား ဖဿ အပါအဝင် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်လုံးတည်း။

ဖဿာဒီနိ ဟူသော သမာသ်ပုဒ်ကို သေသေချာချာ သုံးသပ်ကြည့်လျှင် ဖဿာဒီနိ ဟူသောပုဒ်က ဖော်ပြသော စေတသိက် ခုနစ်လုံးထဲတွင် ဖဿ ပါဝင်နေသည်ကို တွေ့ရ၏။ သဒ္ဒါစကားဖြင့်ဆိုသော် သမာသ်ပုဒ်၏ အရကောက် အနက်ထဲတွင် သမာသ်ပုဒ်ပါဝင်နေသည်ဟုဆိုရာ၏။

ဤကဲ့သို့ သမာသ်ပုဒ်၏အရကောက် အနက်ထဲ၌ သမာသ်ပုဒ်ပါ ပြန်ပါနေသော ဗဟုဗ္ဗီဟိ သမာသ်မျိုးကို သဒ္ဒဝိဒူတို့က တဂ္ဂုဏသံ ဝိညာဏ ဗဟုဗ္ဗီဟိ သမာသ်ဟု မှည့်ခေါ်လေသည်။

## အာဒိတိုင်း-အစမဟုတ်

အာဒိ ဟူသောပုဒ်ကို အစ၊ အစရှိသောဟု များသောအားဖြင့် အနက်ပေးကြ၏။ အစဟု ဆိုသဖြင့် အစ၏နောက်က အလယ်နှင့်အဆုံး ရှိမြဲသဘောကို ဆင်ခြင်နိုင်၏။ အာဒိဝန်ကို အစရှိသောအရာဟု ဆိုလျှင် အာဒိဝန်အရ အစ၏နောက် အလယ်နှင့် အဆုံးကိုယူရန် ရှိချေသည်။

သို့ရာတွင် အထက်တွင် စိစစ်တင်ပြခဲ့သော အာဒိအနက် လေးချက်ကို ဖခသေအချာ သဘောပေါက်လျှင် အာဒိတွေ့တိုင်း 'အစ' အနက် မပေးနိုင်ကြောင်း သိအပ်ပြီ။ အနီးနှင့် အပိုင်းအခြားဟူသော အနက်ဟော အာဒိသဒ္ဒါမျိုးကို မည်သည့်အခါမျှ 'အစ' ဟု အနက်မပေးသင့်။

အထက်ပါ ဝနာဒီနိ ကို တော အစရှိသော၊ ပဗ္ဗတာဒီနိ ကို တောင် အစရှိသော ဟု အနက်ပေးချေသော် တက်တက်စင် လွဲမှားလေရာ၏။

သို့ရာတွင် အစိတ်နှင့် အတူ ဟူသော အနက်ဟော အာဒိသဒ္ဒါမျိုး ဖြစ်ဘိမူ 'အစ' ဟု အနက်ပေးနိုင်လေ၏။ ဥပမာ- ဖဿာဒီနိကို ဖဿ အစရှိသော ဟု ဆိုက မမှားချေ။ ဖဿနောက်တွင် စေတသိက်ခြောက်လုံး ရှိနေသည် မဟုတ်ပါလော။

သတ်ပုံသံပေါက်က ညွှန်းသည့်အတိုင်း အာဒိ၏ အာဒိဝန်ကို ရှာမူကား အာဒိသဒ္ဒါက ဟောသောအနက်များအရ ဤသို့ဖြစ်ရာ၏။

အနီးဟော အာဒိ= ဝနာဒီနိ၊ အာဒိအရကား။ တော၊ အာဒိဝန် အရကား တော၏အနီးရှိ လယ်။

အပိုင်းအခြား အာဒိ= ပဗ္ဗတာဒီနိ၊ အာဒိကား တောင်။ အာဒိဝန်ကား လယ်။

အစိတ်ဟော အာဒိ = ဖဿာဒီနိ၊ အာဒိကား ဖဿ၊ အာဒိဝန်ကား ဝေဒနာ စသော ကျန် စေတသိက် ခြောက်လုံး။

ဤအထိကား ပါဠိသဒ္ဒါဆိုင်ရာ အာဒိ၊ အာဒိဝန်တို့၏ အနက်အဓိပ္ပာယ် ရှင်းလင်းချက် ဖြစ်ပေသည်။

## မြန်မာဘာသာနှင့် အာဒိ၊ အာဒိဝန်

ဤအာဒိအမှန်၊ အာဒိဝန်၊ ကျန်းဂန်တွေ့တိုင်း ရှာ-ဟူသော သံပေါက်သည် မြန်မာမှုကိုလည်း အကျိုးပြုသည်။ မြန်မာစကားနှင့် စာပေတွင်လည်း အာဒိသဘောကိုမသုံး၍ မဖြစ်ပေ။ မြန်မာမှု၌ အနီးနှင့် အပိုင်းအခြားကို ပေါ်လွင်စွာဖော်ပြီး ရေးသား၏။ သို့သော် အစိတ်နှင့် အတူ သဘောကိုမူ 'အစ' ဟူသော စကားဖြင့် သိမ်းယူတတ်ပေသည်။

ပုံစံ -

သိလက္ခန္ဓ၊ စသည်ကျေးဇူး၊ အထူးထူးကို၊ ဆည်းပူးရှာမှီး၊
လော့ကျင့်ပြီး၍၊ ရှေးတီးဗိုလ်လူ၊ ရသေ့ဟူသား။

(ကိုးခန်း- ၁၉)

ဤတွင် သီလက္ခန္ဓ စသည် ဟူသောစကားသည် ပါဠိ အာဒိသဘော ပင် ရှိ၏။ သီလက္ခန္ဓ၊ သမာဓိက္ခန္ဓ၊ ပညာက္ခန္ဓ ဟူ၍ သုံးမျိုးရှိ၏။ ထို သုံးမျိုးလုံးကို ဖော်ပြနေလျှင် စကားကြာရှည်ရာ၏။ ထို့ကြောင့် ကျန်နှစ်မျိုးကို 'စသည်' ဖြင့် သိမ်းလိုက်၏။

သီလ၊ သမာဓိ၊ ပညာ သည် ရသေ့ရှာမှီးသော ကျေးဇူးသုံးရပ် ဖြစ်၏။ တွဲဘက်ဖြစ်၏။ ထို့ကြောင့် သီလ တည်းဟူသော အစိတ်တခုကို ထုတ်ယူပြီး ကျန်သော အချက်နှစ်ရပ်ကို စသည်ဖြင့် သိမ်းယူသည်။ တနည်းအားဖြင့် သီလ၊ သမာဓိ၊ ပညာ တို့သည် ကျေးဇူးတရားချင်း တူသောကြောင့် တူသောအချက်သုံးရပ်ကို ယူပြီးပြသည်ဟုလည်း ဆိုရာ၏။

ဤတွင်အစကားသီလတည်း။အစရှိသည်ကားသမာဓိနှင့် ပညာတည်း။ ပါဠိစကားဖြင့်ဆိုသော် သီလကား အာဒိတည်း။ သမာဓိ နှင့် ပညာကား အာဒိဝန်တည်း။

ထို့ကြောင့် ဦးသြစပ်ဆိုခဲ့သော သံပေါက်သည် မြန်မာမှုပါ အကျိုးပြုကြောင်း၊ မြန်မာစာပေနှင့် စကားကို ခြေခြမြစ်မြစ် တတ်သိရေး အတွက်လည်း အကူအညီရကြောင်း သိရပေသည်။ ။

# ၅။ သဒ္ဒါမသန်၊ မောဂ္ဂလာန်၊ ပြန့်ပြန့်သင်၍နေ

သဒ္ဒါအရာ၌ မစွမ်းသေးလျှင် မောဂ္ဂလာန် သဒ္ဒါကျမ်းကို အထပ်ထပ် အခါခါ သင်ကြား နေသည်ပါလေ။

### ဖွင့်ဆိုရှင်းလင်းချက်

မောဂ္ဂလာန်၊ မောဂ္ဂလ္လာန် နှစ်ချက်သင့်။ ဦးဟုတ်စိန်၏ ပါဠိအဘိဓာန်ကြီး၌ –

မောဂ္ဂလာန (မော်ဂ္ဂလျာယန) (ပ) ရှင်မောဂ္ဂလာန် ဟု ပြသည်။ အဘယာရာမ ဆရာတော်၏ ဗျာကရဏသိရောမဏိ ခေါ် မောဂ္ဂလ္လာန် နိဿယကျမ်း၊ လယ်တီဆရာတော်၏ နိရုတ္တိဒီပနီကျမ်းနှင့် ဆင့်မူပါဠိ၊ အဋ္ဌကထာ စာအုပ်များ၌ မောဂ္ဂလ္လာန်ဟု ရှိသည်။ မောဂ္ဂလ္လပုဒ် အာန (ဏာန)ပစ္စည်းဖြင့်ပြီးသော တဒ္ဓိတ်ပုဒ်တည်း။

### ပိဋကတ်တော်စောင့် သဒ္ဒါကျမ်းများ

မြတ်စွာဘုရား၏ စကားတော်များကို စောင့်ရှောက်ရန် အလို့ငှာ ပေါ်ပေါက်လာခဲ့ကြသော ပါဠိသဒ္ဒါကျမ်းများအနက် ၈ တ ဒဂ်ရှိ ရှင်မဟာကစ္စည်းထေရ် ဟောကြားခဲ့သော နိရုတ္တိပိဋကခေါ် မဟာနိရုတ္တိကျမ်း၊ ယမကထေရ် စီရင်သော စူဠနိရုတ္တိကျမ်းတို့သည် ပုဂံခေတ်အထိ ထင်ရှားရှိခဲ့သေ သော်လည်း ယခုအခါ တိမ်မြုပ် ပျောက်ကွယ်သွားခဲ့လေပြီ။

---

၁။ ပုဂံခေတ်ပေါ် သဒ္ဒနီတိကျမ်း၌ ယင်းကျမ်းများ ကိုးကားထားသည်ကို တွေ့ရသည်။

ထို့နောက် ဗောဓိသတ္တဗျာကရဏ်းကျမ်း၊ သဗ္ဗဂုဏ်ဗျာကရဏ်းကျမ်းတို့ ပေါ်လာခဲ့သော်လည်း သုတ်ဝုတ္တိ ဥဒါဟရဏ် မစုံလင်လှသဖြင့် အသုံးနည်းပြီး တိမ်မြုပ်သွားပြန်လေသည်[1]။

ရှင်မဟာ ဗုဒ္ဓဃောသ ပေါ်ထွန်းလာသောခေတ် (သာသနာနှစ်-၉၀၀-၁၀၀၀)တွင်မူ စောင္ဒတိုင်းသား[2] ကစ္စာယနမထေရ်မြတ်သည် နိရုတ္တိပိဋကစသော မာဂဓသဒ္ဒါကျမ်းများ၊ပါဏိနိနှင့်ကာတ [န္တ]ဟူသော သက္ကတ သဒ္ဒါကျမ်းများကို အမှီပြု၍ ကစ္စာယနဗျာကရဏ်းကို စီရင်တော်မူသည်။ ကစ္စည်းကျမ်း၌ သန္ဓိကပ္ပ စသည်ဖြင့် ကပ္ပရှစ်မျိုးပါဝင်ပြီး သုတ်ပေါင်း (၆၇၃)သုတ်ရှိသည်။

ဤကစ္စည်း သဒ္ဒါကျမ်းကို ဧတဒဂ်ရ ရှင်မဟာကစ္စည်းထေရ် ဟောကြားခဲ့သည်ဟုလည်းကောင်း၊ ရှင်းကစ္စည်းထေရ်သည် တကျမ်းလုံးကို မဟော။ သုတ်စဉ်ကိုသာ ဟောခဲ့သည်ဟုလည်းကောင်း အဆိုအမိန့်ထူးများလည်းရှိသည်။ သုတ်၏ ဝုတ္တိကို သံဃနန္ဒိထေရ်ကဖွင့်ဆိုသည်။ ပြယုဂ်များကိုမူ ဗြဟ္မဒတ်ထေရ်က ထုတ်ဆောင်သည်ဟုဆိုပါသည်[3]။

ထို့နောက် သာသနာတော်နှစ် (၁၆၉၆) ခုနှစ်၊ နန်းတက်သော သီဟိုဠ်ဘုရင် မဟာပရက္ကမဗာဟုမင်း လက်ထက်၌ အနုရာဓမြို့ ထူပါရာမကျောင်းတိုက်၌ သီတင်းသုံးတော်မူသော သာသနာပြု မဟာမောဂ္ဂလာန်ထေရ်သည် မောဂ္ဂလ္လာန် ဗျာကရဏ်းကျမ်းကို စီရင်တော်မူသည်။ မောဂ္ဂလ္လာန်ဗျာကရဏ်းသည် သက္ကတသဒ္ဒါကျမ်းတို့တွင် စန္ဒြဗျာကရဏ်းကို အများဆုံး အမှီပြုကာ ပါဠိတော်သုံး (မာဂဓီဘာသာ) အတွက် ရေးသားသောကျမ်း ဖြစ်ပေသည်။

မောဂ္ဂလာန်သဒ္ဒါကျမ်း၌သညာဒိကဏ္ဍစသည်ဖြင့် ကဏ္ဍပေါင်း ခုနစ်ကဏ္ဍ ပါဝင်ပြီး သုတ်ပေါင်း (၁၀၃၇) သုတ်ရှိသည်။ ယခုခေတ်၌

---

၁။ ဗုဒ္ဓိပသာဒနီခေါ် မောဂ္ဂလာန်အဖွင့်ကျမ်း။
၂။ စောင္ဒတိုင်းဟူသည် မဒရပ်ပြည်တောင်ပိုင်း သို့မဟုတ် သီဟိုဠ်ကျွန်း။
၃။ အပဒါန် အဋ္ဌကထာ၊ ကစ္စာယန ဘေဒဋီကာသစ်။

သုတ်ပေါင်း(၂၂၉)သုတ်ရှိသော ဏွာဒိကဏ္ဍကို သီးခြားစာအုပ်တအုပ် ပြုလုပ်သည်။ ဏွာဒိကဏ္ဍ၌ ဓာတ်၊ ဓာတ်နက်များကိုသာ ပြဆိုသည်။ ကျန်ခြောက်ကဏ္ဍ သုတ်ပေါင်း (၀၀၀)သုတ်ကို မောဂ္ဂလာန်သဒ္ဒါကျမ်း အဖြစ်သီးခြားစာတအုပ် ပြုလုပ်ထားလေသည်။

ထိုခေတ် သာသနာနှစ် (၁၆၉၇) ခုနှစ်တွင် အရိယဒ္ဒဝံ မည်သော ပုဂံပြည်ကြီး၌ အရှင်အဂ္ဂဝံသမထေရ်ကျော်သည် မာဂဓနည်း၊ သက္ကတ နည်းတို့ကို အခြေခံပြီး၊ 'သဒ္ဒနီတိ' အမည်ရှိသော ပါဠိသဒ္ဒါကျမ်းကြီးကို ပြုစုစီရင်တော်မူခဲ့သည်။

သဒ္ဒနီတိ၌ ဓာတုမာလာ၊ ပဒမာလာ၊ သုတ္တမာလာဟူ၍ အဓိက အခန်း ကြီး သုံးခန်းပါရှိသည်။ မာလာတခုစီသည် ကျမ်းတကျမ်းစီ ပမာဏ ရှိသည်။ သုတ္တမာလာ၌ သုတ်ပေါင်း (၁၃၄၇)သုတ် ရှိလေသည်။

ဆိုခဲ့ပါ ကစ္စည်း၊ မောဂ္ဂလာန်၊ သဒ္ဒနီတိ ဟူသော မာဂဓသဒ္ဒါကျမ်း ကြီး သုံးကျမ်းသည် ပရိယတ္တိ စာပေနယ်၌ ထီးထီးမားမား တည်ရှိနေ ပေသည်။

## သင်ရိုးသဒ္ဒါ

ထိုသုံးကျမ်းအနက် ကစ္စည်းသဒ္ဒါကျမ်းသည် တိုတို ကျဉ်းကျဉ်းဖြင့် လိုရင်းအမြန် ရောက်သည်။ ကျက်လွယ် ဆောင်လွယ်ဖြစ်သည်။ သို့အတွက် ရှေးခေတ် ဘုန်းတော်ကြီးကျောင်းများ၌ သင်ရိုးကျမ်းစာအဖြစ် သတ် မှတ် ပြဋ္ဌာန်းကာ သူငယ် သင်ယူ လေ့ လာခဲ့ကြသည်။

ကစ္စည်းကျမ်း၏ အဖွင့်ကျမ်း၊ အလိုက်ကျမ်း၊ နိဿယကျမ်းများ လည်း များစွာပေါ်ခဲ့သည်။ န્યာသကျမ်း၊ သုတ္တနိဒ္ဒေသကျမ်း၊ ကစ္စာ ယနဝဏ္ဏနာတို့သည် ကစ္စည်းသဒ္ဒါကြီး၏ အဖွင့်ကျမ်းများဖြစ်ကြသည်။ ရူပသိဒ္ဓိ၊ ဗာလာဝတာရကျမ်းတို့သည် ကစ္စည်းကျမ်းကို အတုလိုက်၍ ရေးသားထားသော အလိုက်ကျမ်းများ ဖြစ်ကြသည်။ ဒက္ခိဏာဝန် သဒ္ဒါကြီးနိဿယ၊ နန်းကျောင်းမှု သဒ္ဒါကြီးနိဿယတို့ ရှေးအခါက ပေါ်ခဲ့ပြီး ယခုခေတ်တွင် သပြေကန်သဒ္ဒါကြီးနိဿယသစ်သည်း ပေါ် နေသည်။

သဒ္ဒနီတိကျမ်းသည်ကား ကျမ်းဂန်ပမာဏ လွန်စွာကြီးမားလှသဖြင့် စာသင်သားတို့အဖို့ သင်ရိုးကျမ်းဂန်မဖြစ်ခဲ့ပေ။

မောဂ္ဂလာန်သဒ္ဒါကျမ်းမှာမူ ကျမ်းဂန်ပမာဏ ကြီးလွန်းလှ၍ မဟုတ်ပဲ သက္ကတ နည်းတို့ဖြင့် ရောပြွမ်းနေ၍ ခက်ခဲခြင်း၊ အဖွင့်ကျမ်းများ မပြည့်စုံခြင်း၊ ကစ္စည်းကျမ်းလောက် ကျက်လွယ်ဆောင်လွယ် မဖြစ်ခြင်း တို့ကြောင့် သင်ရိုးကျမ်းစာ မဖြစ်ခဲ့ပေ။

သို့ရာတွင် မောဂ္ဂလာန်သဒ္ဒါကျမ်းသည် သဒ္ဒနီတိလောက် မကျယ်ဝန်း သော်လည်း သဒ္ဒါအစီအရင် အဆုံးအဖြတ် ပြည့်ဝစုံသင်ခြင်း၊ ကစ္စည်း ကျမ်း၌မပါ ကြွင်းကျန်သော ပါဠိပုဒ်အဆုံးအဖြတ်တို့ကို သိမ်းကျုံး ထည့်သွင်းစီရင်ထားခြင်းများကြောင့် ပညာရှိများ အလေးဂရုပြုခြင်းကို ခံရပေသည်။

ဥတိန္နပျိုပိုဒ်ရေ(၈၅)၌ မောဂ္ဂလာန်သဒ္ဒါကျမ်းအကြောင်း ညွှန်း ထားသည်ကို အောက်ပါအတိုင်း တွေ့ရ၏။

ပညာတရား၊ ပွားများနည်းနာ၊ ဆည်းပူးရှာမူ၊
**သဒ္ဒါသန်မြန်၊ မောဂ္ဂလာန်ခဲခက်၊** အနက်လွန်ထန်၊
အဘိဓာန်ကျမ်းမြတ်၊ ဝစနတ်ထိုထို၊ ဝိဂ္ဂိုဟ်ငံငံ၊
ဂဠုန်ပံ့ သိမြင်၊ ဆင်ခြင်အနုမာန်၊ ယူဟာန်လိမ္မာ၊
ဂုဏ်သမ္ဘာနှင့် များစွာသုတ၊ ပြည့်စုံလှသား၊
ဆရာ့ထံရင်း၊ ဆည်းကပ်လျှိုး၍၊ မကင်းလို့လ၊
ဆုံးမယူနာ၊ နည်းခံရာ၏။

ထိုပြင် သာသနာနှစ် ၂၄၄၇(ကောဇာ ၁၂၆၅)ခုနှစ်၌ ရေးသား ပြုစုပြီးခဲ့သော နိရုတ္တိဒီပနီကျမ်း၌ ကျမ်းပြုဆရာ လယ်တီဆရာတော် ဘုရားက မောဂ္ဂလာန်သဒ္ဒါကျမ်း၏ ဂုဏ်ရည်ကို ဤသို့ နိဒါန်းသွင်း ခဲ့သည်[၁]။

---

၁။ နိရုတ္တိဒီပနီသည် မောဂ္ဂလာန်သဒ္ဒါကျမ်း၏ အဖွင့်ကျမ်းဖြစ်၏။

မောဂ္ဂလာန် သဒ္ဒါကျမ်းမည်သည်ကား သဒ္ဒါ အစီအရင်အားဖြင့် လွန်စွာကျဉ်းပြီး အနက်အားဖြင့်မူ လွန်စွာကျယ်ဝန်းလေသည်။ ပိဋကသုံးပုံကိုလည်းကောင်း၊ ပိဋကနှင့်လျော်သော သက္ကတသဒ္ဒါကျမ်း အစီအရင်တို့ကိုလည်းကောင်း ပျံ့နှံ့၍ တည်၏။

ဘိုးတော်မင်းတရားခေတ် (၁၁၄၃-၁၁၈၁)၌ ပေါ်ထွန်းခဲ့သော ရွှေတိုက်စိုး ဦးတိုး၏ ပထမတန်းစား ရာမရကန်ကြီး၌–

ကဝိလက္ခဏာ၊ သေချာစေ့စပ်၊ အရပ်ရပ်မူ၊
သဒတ်မတာ၊ စပ်မတာဘူး၊

ဟု တိတိပပ ဖော်ကျူးထားသည်ကို ထောက်၍ ထိုထက်စောသော စိန္တကျော်သူ ဦးသြတို့ ခေတ်လောက်ကတည်းက 'သဒ္ဒါ မတတ် စာမတတ်၊ သဒ္ဒါကုံးခေါက် စာပြိုးပြောက်' ဟူသော လက်တွေ့မှ ရရှိသည့်အယူအဆတို့ ထွန်းလင်းခဲ့ပေရာသည်။ ယင်းသို့ သဒ္ဒါကို အလေးအနက် ထားသည်အားလျော်စွာ သဒ္ဒါအရာ၌ ကစ္စည်း သဒ္ဒါကြီးလောက်နှင့် တင်းတိမ်မနေကြပဲ သဒ္ဒါပို၍တတ်အောင် မောဂ္ဂလာန် သဒ္ဒါကျမ်းကိုပါ သင်ပါဦးဟု တိုက်တွန်းလိုသည်။ ထို့ကြောင့် သဒ္ဒါ မသန်၊ မောဂ္ဂလာန်၊ ပြန်ပြန်သင်၍ နာဟု ဦးသြထည့်သွင်းစပ်ဆိုခဲ့ခြင်း ဖြစ်ပေသည်။

## မောဂ္ဂလာန်ကျမ်းသဒ္ဒါသန်ပုံ

ဤတွင် မောဂ္ဂလာန် သဒ္ဒါကျမ်းသည် သဒ္ဒါအရာ၌ အဘယ်မျှ ကောင်းမွန်သည်ကို သိသာရုံမျှ ဖော်ပြပါအံ့။

အဇ္ဈတ္တံ စေတောသမထမနုယုတ္တော၊
(မူလ ပဏ္ဏာသပါဠိ၊အာကင်္ခေယျသုတ်)

အတ္တနော စိတ္တသမ ထေ ယုတ္တော၊ ဘုမ္မတ္တေ ပနေတံ၊ သမထန္တိ ဥပယောဂဝစနံ၊ အနုတိဋ္ဌမိနာ ဥပသဂ္ဂယောဂေ သိဒ္ဓံ။
(ဋီကာ၊ အဋ္ဌကထာ)

၁။ ကုန်းဘောင်တည်ဦးစခေတ်၊ သက္ကရာဇ် ၁၁၁၅ ဝန်းကျင်၊

အဋ္ဌကထာ ဆရာကြီးသည် အနက်မှန်ရအောင် 'စေတောသမထံ' ကို 'စိတ္တသမထေ'ဟုလည်းကောင်း၊ 'အနုယုတ္တော' ကို 'အနုဖြုတ်ပြီး' 'ယုတ္တော'ဟု လည်းကောင်း ဖွင့်ပြတော်မူသည်။ ဤသို့ ဖွင့်ရာတွင် 'စေတောသမထံ'သည် ဘုမ္မတ္ထ၌ ဒုတိယာဝိဘတ်ဖြစ်သည်။ 'အနု'ဟူသော ဥပသာရ၏ အလျဉ်၌ ဤအစီအရင်ပြီးသည်ဟု ရှင်းပြလေသည်။

အဆိုပါ အဋ္ဌကထာဆရာကြီး၏ စကားကို သာမန် သဒ္ဒါဉာဏ်ဖြင့် နားမလည်နိုင်။ သဒ္ဒါပံပါမှ အာဘော်အမှန်ကို သိနိုင်ပေရာသည်။ စိစစ် ဖော်ပြပါဦးအံ့။

'စေတော သမထ အနုယုတ္တော' ဟူသော ပါဠိတော်၌ 'အနုယုတ္တော' ဟူသော စကားရပ်သည် အခရာပေတည်း။ 'အနု' တပုဒ်၊ 'ယုတ္တော' တပုဒ်၊ နှစ်ပုဒ်လော၊ 'အနုယုတ္တော' တပုဒ်တည်းလော။

ယုတ္တောသည် ယုဇဓာတ်၊ တ ပစ္စည်းဖြင့် ပုဒ်ပြီး၏။ ယုဇယောဂေဟု ဓာတ်ကျမ်း၌ဆိုရကား ယုဇဓာတ်သည် ယှဉ်ခြင်းအနက်ရှိ၏။ ကံမဲ့ အကမ္မ ဓာတ်မျိုးတည်း။ အကယ်၍ အနုနှင့် တပေါင်းတည်း 'အနုယုတ္တော'ဟု ရှိလျှင် အနုသည်လည်း ယုဇဓာတ်၏ အနက်ကို အထူး ခြယ်လှယ်လျှင် အနုယုတ္တော၊ အားထုတ်၏ ဟူသော ကံရှိ အနက်ဖြစ်ရာသည်။

အဋ္ဌကထာ ဆရာကြီးသည် အားထုတ်၏ ဟူသော ကံရှိအနက်ကိုမလို။ ယှဉ်၏ ဟူသော ကံမဲ့အနက်ကိုသာ လိုသောကြောင့် 'အနု'ကို မြှုပ်ပြီး ဖွင့်ပြထားလေသည်။ ထို့ကြောင့် 'အနု' သည် ဓာတွတ္ထ ဝိသေသက ဥပသာရ မဟုတ်။ အနု နှင့် ယုတ္တောသည် တပုဒ်တည်း မဟုတ်ဟု သိရ ပေသည်။

သို့ဖြစ်လျှင် 'စေတော သမထ မနုယုတ္တော'ကို သဒ္ဒါ နည်းစနစ်တကျ ပုဒ်ပြီးအောင် မည်သို့စီရင်ရမည်နည်း။

ယုတ္တောသည် ကံမဲ့ဓာတ်ဖြစ်၍ စေတော သမထံကို ကမ္မတ္ထ ဒုတိယာ ဟူသော ကစ္စည်းသုတ်ဖြင့် ဒုတိယာ ဝိဘတ်မသက်နိုင်။

စေတောသမထကို စိတ္တသမထဟု အာခါရပြောင်းပြီး ယုတ္တောဝ်၌ စပ်ရမည် ဖြစ်သောကြောင့် တတိယာသတ္တမီနဲ့ ဟူသော ကစ္စည်းသုတ်ဖြင့် သတ္တမီအနက်၌ ဒုတိယာ ဝိဘတ် သက်နိုင်သလော၊ အရာမဟုတ်၍ မသက်နိုင်။ ဥပ၊ အနု၊ အဓိ၊ အာ ရှေ့ရှိသော ဝသဓာတ်၏ အယှဉ်အာခါရ အနက်၌သာ ဤသုတ်ဖြင့် သက်ဆိုင်သည်။

'အနု' သည် အရင်က ဥပသာရ ဖြစ်ခဲ့ဖူး၍သာ ဘူတပုဗ္ဗဂတိက နည်းဖြင့် 'ဥပသဂ္ဂ'ဟု အဋ္ဌကထာ ဆရာကြီးက သုံးစွဲလိုက်ခြင်းဖြစ်သည်။ စင်စစ် ဤနေရာ၌ ဥပသာရမဟုတ်၊ ကမ္မပ္ပဝစနီယသာ ဖြစ်လေသည်။ သို့ရာတွင် 'အနု' သည် ကံကိုမဟောသောကြောင့် ကမ္မပ္ပဝစနီယ ဆိုသော်လည်း ရင်္ဂီသာဖြစ်သည်။ ရင်္ဂီကမ္မပဝစနီယ ဖြစ်စေကာမူ ထို 'အနု'ပုဒ်၏ အယှဉ်၌ ဒုတိယာဝိဘတ်သက်၍ကား ရပေပြီ။

ဤကဲ့သို့ ပါဠိတော် အဋ္ဌကထာတို့၌ သဒ္ဒါရေး အကျဉ်း အကြပ်ကြုံတွေ့ရာများတွင် မောဂ္ဂလာန် သဒ္ဒါကျမ်းသည် စောင့်လျက် နေလေသည်။ ကမ္မပဝစနီယဖြစ်သော အနုသဒ္ဒါယှဉ်သော လိင်နောက်မှာ ဒုတိယာဝိဘတ် သက်နိုင်ခြင်းငှာ သျှာဝိကဏ္ဍ၌ 'အနုနာ'ဟူသောသုတ် အမှတ် (၁၀)ကို တည်ထားနှင့်ပေသည်။

ကျွန်ုပ်တို့သည် 'အနုနာ' ဟူသော မောဂ္ဂလာန်သုတ်ကလေးဖြင့် 'အနု' ဟူသောပုဒ်၏အယှဉ်၌ 'စေတောသမထ' ဟူသောပုဒ်၌ ဒုတိယာ ဝိဘတ် သက်ပြီး စေတောသမထံဟူသော ပါဠိတော်ပုဒ်ကို ပြီးစေနိုင်လေပြီ[၂]။

အနက်ကား–

အဇ္ဈတ္တံ၊ မိမိ၏။ စေတောသမထံ အနု၊ စိတ်၏ တည်ကြည်ခြင်း၌။ ယုတ္တော၊ ယှဉ်သည်။ (အဿ၊ ဖြစ်ရာ၏)[၃]။

---

၁။ သပြေကန် သဒ္ဒါကြီး နိဿယ ပထွဲ၊ နှာ ၆၃၀။

၂။ ကစ္စည်းသဒ္ဒါကြီးဖြင့် စီရင်လိုမူ 'ကမ္မပ္ပဝစနီယယုတ္တေ' ဟူသော သုတ်သို့ သွင်း၍ စီရင်ရသည်။

၃။ မူလပဏ္ဏာသပါဠိတော်နိဿယ၊ မုသန၊ ၁၃၂၃။ နှာ- ၃၅။

ထို့ပြင် ဥပရိပဏ္ဏာသပါဠိတော်၊ ပုဏ္ဏောဝါဒသုတ်၌ 'သတ္ထဟာရကံ ပရိယေသန္တိ'ဟူ၍ ရှိ၏။ ဟာရကဥ် ဟရဓာတ် ဏျုပစ္စည်း ဖြစ်၏။ ဏျုပစ္စည်းကို များသောအားဖြင့် ကတ္တားဟော ပစ္စည်းအဖြစ် သဒ္ဒါဆရာတို့ ပြကြသောကြောင့် 'သတ္ထာဟရကံ' ဓားလက်နက်ကို ဆောင်တတ်သူကိုဟု အနက်ပေးရမည်သို့ ရှိနေသည်။ သို့ရာတွင် ပါဠိတော်အဓိပ္ပာယ်မှာ ဓားကိုင်သူကိုမရှာ၊ ဓားကိုသာ ရှာခြင်း ဖြစ်သည်။

မောဂ္ဂလာန်ဆရာသည် ခါဒိကဏ္ဍသုတ် အမှတ် ၃၃ ၌ 'ပါဒေဟိ ဟရိယတီတိ ပါဒဟာရကော'ဟု ဏျုပစ္စည်းကို ကံဟောပြထား၏။ သို့ဖြစ်၍ သတ္ထဟာရကံ၌လည်း ဏျုပစ္စည်းကို ကံဟောယူပြီး 'သတ္ထဟာရကံ၊ ဆောင်အပ်သော ဓားလက်နက်ကို'ဟု အနက်ပေးမှ ပါဠိတော်အလိုကျ ဖြစ်သွားပေသည်။

အနက်ကား- သတ္ထဟာရကံ၊ ဆောင်အပ်သော ဓားလက်နက်ကို။ ပရိယေသန္တိ၊ ရှာကြကုန်၏ ဟူလို။

ဤသို့စသည်ဖြင့် သဒ္ဒါရေး အခဲအကပ်များ၌ မောဂ္ဂလာန်သဒ္ဒါကျမ်းက ဖြေရှင်းပေးချက်တို့ကား များစွာ၏။

ပညာရှိ ကဝိလက္ခဏာ လေးရပ်ကို သုဗောဓာလင်္ကာရကျမ်း၌ ဤသို့ ပြထား၏။

> သဒ္ဒါကျမ်း တို့ကို ကျွမ်းကျင်လိမ္မာခြင်း၊
> အဘိဓာန်ကျမ်း၊ ဆန်းကျမ်း၊ အလင်္ကာကျမ်း၊
>
> တို့၌ မပြတ်လေ့လာ ဆည်းပူးနေခြင်း၊ ဤလက္ခဏာ လေးရပ်နှင့်
> ပြည့်စုံလျှင် ကျမ်းဂန် မရေးသားသော်လည်း ကဝိခံထိုက်ပေသည်။

ဦးဩတို့ခေတ်သည် ဘုန်းကြီးကျောင်း ပညာသင်ခေတ်ဖြစ်၍ ပါဠိ၊ မြန်မာ စွယ်စုံပညာရှင်များ ဖြစ်လာမည့် ကျောင်းသားကြီးများအတွက် မောဂ္ဂလာန် သဒ္ဒါကျမ်းကို အထင်မသေးပဲ သင်ဖြစ်အောင် ဦးဩက သူ၏သတ်ပုံသံပေါက်ကျမ်း၌ ထည့်သွင်း တိုက်တွန်းခြင်း ဖြစ်ရသည်။

စာတတ်လက္ခဏာတရပ်ဖြစ်သော သဒ္ဒါအတတ်သည် အတတ်(၁၈)ရပ် (အဋ္ဌာရသသိပ္ပ)တွင်လည်း ပါဝင်သဖြင့် တတ်ထိုက်သော ပညာဖြစ်ပေသည်။ ပါဠိသဒ္ဒါကိုတတ်မြောက်လျှင် မြန်မာစာကို သဒ္ဒါမှန်အောင် ရေးနိုင်မည်ဖြစ်၍ မြန်မာစာနှင့်လည်း ဆက်သွယ်မှုရှိပေသည်။ ။

# ၆။ ဣတ္ထိလိန် ပုလ္လိန်၊ နပုလ္လိန်၊ သုံးလိန် ဆက်ဆံခြင်း

ပါဠိဝေါဟာရပုဒ်များတွင် ဣတ္ထိလိန်ဖြစ်သောပုဒ်၊ ပုလ္လိန်ဖြစ်သော ပုဒ်၊ နပုလ္လိန်ဖြစ်သော ပုဒ်များလည်းရှိ၏။ ထိုလိန်သုံးမျိုးနှင့် ဆက်ဆံ သောပုဒ်များလည်း ရှိလေသည်။

## လိန် နှင့် လိင်

'လိင်္ဂ' ပုဒ်၌ လိန+အင်္ဂ နှစ်ပုဒ်ပါဝင်၏၊ လိန=မထင်မရှား၊ အင်္ဂ= အစိတ်အပိုင်း၊ ထို့ကြောင့် လိင်္ဂ=မထင်မရှားသော အစိတ်အပိုင်း၊ ဦးဟုတ်စိန်၊ ပါဠိမြန်မာ အဘိဓာန်ကြီး၌ ဤသို့ဖွင့်ဆို၏။

> လိန-မပေါ်လွင် မထင်ရှားသည်၊ ငြိကပ်သည် (စသည်)။
> လိင်္ဂ(လိင်္ဂ) (လိင်္ဂ+အ) (န) အမှတ်အသား အသွင်သဏ္ဍာန်၊
> ယောကျ်ားအင်္ဂါဇာတ်၊ မာတ်ပစ္စည်း ဝိဘတ်ကျေအပ်သောသဒ္ဒါ။

ဒီပမှဒိပ်၊ နိဋမှနိဋ်၊ သီမာမှ သိမ်ဟု ပြောင်းသကဲ့သို့ လိနမှ လိကို လိ ဟု ( ီ ကို ိ ) ပြောင်း၊ နပေါ်တင်နှင့်ဝင်လျှင် 'လိန်'ဟူသော ပါဠိသက် ဝေါဟာရကို ရ၏။ မထင်ရှားသော၊ ကွယ်ဝှက်သောဟု အနက်ရှိ၏။

အင်္ဂမှ အင်၊ တေရင်္ဂမှ တေရင်၊ ပဋ္ဋင်္ဂမှ ပဋ္ဋင်း၊ မာတင်္ဂမှ မာတင် ဟု ပြောင်းသကဲ့သို့ လိင်္ဂ၌ နောက် ဂ ဗျည်းကိုချေပြီး လိင်ဟူသော ပါဠိသက် မြန်မာဝေါဟာရ ရပေ၏။ မထင်ရှားသော ကွယ်ဝှက်သော အစိတ်အပိုင်း အမှတ်အသား အသွင်သဏ္ဍာန်ဟူလို။

လိန်၊ လိင် အရေးအသားနှင့်ပတ်သက်၍ ဤကဝိလက္ခဏာဆရာသည် အိန်ကာရန် ၃၃ ပုဒ်၌ 'လိန်'ကိုသာ ပြသည်၊ လိင်ကိုထည့်သွင်း၍မပြ၊ ယင်းဆရာတော်၏ ရတနာကြေးမုံ သတ်ပုံ၌လည်း "ထို့ပြင် ပုံလိန် နပုံလိန် နှင့် သုံးလိန်စပ်နှော၊ လိန်ဇာတ်ဘော"ဟု-

ဟူ၍ 'လိန်'ကိုသာ ပြသည်၊ ဗျာကရဏသင်ရောမဏီ ခေါ် မောဂ္ဂလ္လာန် နိသျယကို ရေးသားသော အဘယာရာမ ဆရာတော်သည် သဒ္ဒါလိန် ကို နသတ်ဖြင့်သာ ရေးလေသည်။

ဝေါဟာရတ္ထပကာသနီ၌မူ 'လိန်'နှင့်စပ်လျဉ်း၍ ပဥ္စမာလိန်၊ ကလိန် ကလစ် ဟူသော ဝေါဟာရကိုသာပြသည်။ ပဥ္စမ+အာလိန္ဒမှ ပဥ္စမာလိန်၊ လိန်လည်သည်၊ ကလိန်ကျသည် ဆိုသည်မျိုး၌ လိန်အသုံး ထင်သည်၊ သဒ္ဒါသုံး လိန်ကို မပြချေ။

ယုဒသန်၏ မြန်မာအင်္ဂလိပ်အဘိဓာန်၌ ဂုတ္တိလိင်၊ နပုလ္လိင် ဟူသော ပုဒ်ကိုသာပြသည်။ အသံထွက်လျှင်သာ နပုံးလိန်ဟုထွက်ရန်ပြသည်။

မုံရွေးဆရာတော်၏ ပဋ္ဌာဝုဝပျို့တွင်
ပစ္စည်းဓာတ်က၊ ဝိဘတျန်၊ လိင်အန်ဝုစ်ယုဂ်-

ဟူ၍ စာလုံးပေါင်းရှိကြောင်း ဦးဝန်၏ တက္ကသိုလ် မြန်မာသတ်ညွှန်း ကျမ်း၌ တဆင့်ယူငင် ဖော်ပြသည်။

ပညာရေးဝန်ကြီးဌာနထုတ် မြန်မာစာလုံးပေါင်း သတ်ပုံကျမ်း၌-

လိင် (ဂုတ္တိ-ပုလ္လိင်)
လိင်ဒဏ် (ဝိနည်းသုံး)
လိင်ပြန်
လိင်အန် ဝိဘတ် (သဒ္ဒါသုံး)

ဟု ဖော်ပြထား၏။

ဤသို့ လိန်နှင့်လိင် နှစ်ထွေကွဲပြားလျက်ရှိရာတွင် ကစ္စည်းသဒ္ဒါကြီး လာ လိင်္ဂဥ္စ နိပ္ပဇ္ဇတေ၊ လိင်္ဂတ္တေ ပထမာ ဟူသော သုတ်တို့ကို လည်း ကောင်း၊ ပုမဿာလိင်္ဂါဒီသု သမာသေသုသုတ်၌ ပုလ္လိင်္ဂ၊ ဣတ္ထိလိင်္ဂ၊ နပုံသကလိင်္ဂ ဟူသောပြယုဂ်တို့ကိုလည်းကောင်း ထောက်ရှု၍ လိင်္ဂမှ လိင် ဟူသော ဝေါဟာရသည်သာ သဒ္ဒါသုံးလိင်အတွက် သင့်တော်ပေသည်၊ ဣတ္ထိလိန၊ ပုလ္လိန၊ နပုံသကလိန ဟု ပါဠိ မရှိပါချေ။

အသွင်သဏ္ဌာန်ဟော အနက်၌လည်း သောတ်လိင်ပင် သင့်၏။

လိင်္ဂံ ဟတ္ထာဒိသဏ္ဌာနံ၊ နိမိတ္တံ မိဟိတာဒိကံ။
ကုတ္တံ သုပ္ပါဒိနာ ကီဠ၊ အာကပ္ပေါ ဂမနာဒိကံ။

ဟူသော ဂါထာအရ လက်ခြေစသော သဏ္ဌာန်သည် လိင်္ဂ(လိင်)မည်၏ ဟုသိရပေသည်။

## လိင်္ဂ(လိင်)အဓိပ္ပာယ်

လိင်အဓိပ္ပာယ်ကို ဤသို့ဖွင့်ဆိုကြ၏။

(၁) လိနံ အပါကဋံ အင်္ဂန္တိ လိင်္ဂံ-ဟူသော ဝစနတ္ထနှင့်အညီ မထင်ရှားသော အစိတ်ဖြစ်သောကြောင့်လည်းကောင်း။ လိနမတ္တံ ဂမယတိ ဗောဓေတီတိ ဝါ လိင်္ဂံ ဟူသော ဝစနတ္ထနှင့်အညီ ကွယ်ဝှက်သော အနက်ကို သိစေတတ်သောကြောင့်လည်းကောင်း လိင်မည်၏[၁]။

## အနက်ရှိသော သဒ္ဒါဖြစ်ပုံ

ပုရိသဒ္ဒ ပုရဓာတ် ဣသပစ္စည်း၊ ပုရဓာတ်သည် ပြည့်စေခြင်းကြိယာ ဟော၏။ ဣသပစ္စည်းသည် ပြည့်စေသူ၏ ကာရကသတ္တိကို ပြ၏။ ယင်း ပြည့်စေခြင်း ကြိယာနှင့် ပြည့်စေသည့်ကာရကသတ္တိရှိသူကား ယောကျ်ား ပေတည်း။ ထို့ကြောင့် ပုရိသဒ္ဒ ပြည့်စေခြင်းကြိယာ၊ ပြည့်စေသည့် ကာရကသတ္တိ၊ ယောကျ်ားဒြပ်၊ ဤသို့အနက်သုံးရပ် တွယ်ကပ်နေကြောင်း သိရ၏။

ထိုတွင် ပြည့်စေခြင်းအနက်နှင့် ကာရကသတ္တိတို့ကို မယူပဲ ယောကျ်ား ဟူသောဒြပ် အနက်ကိုသာယူပြီး ယင်းသို့ ဒြပ်အနက်ရှိသော 'ပုရိသ' ပုဒ်ကို လိင်ဟုဆိုလိုခြင်းဖြစ်ပေသည်။ အခြားသဒ္ဒါများနည်းတူပင်။

---

၁။ ခင်ကြီးဖျော်-သဒ္ဒါကြီးပုဒ်စစ်စုံ (နာမ်ပိုင်း)။

## အတ္ထလိင်နှင့် သဒ္ဒလိင်

အတ္ထ = အနက်ဟူသည်ကား–

လူကောင် နတ်ကောင်၊ တောတောင်ရေမြေ၊ လေးတွေ့ပရမတ်၊

ယင်းဒြပ်၊ မှတ်လေအနက်သာ။

ဟူသည့်အတိုင်း ပညတ်၊ ပရမတ် ဒြပ်မှန်သမျှ 'အနက်' အတ္ထပင်ဖြစ်လေသည်။

ထိုအနက်နယ်၌ အခြင်းအရာ (အာကာရ)ကို လိင်ဟု ဆိုရသည်။ ဤအခြင်းအရာကား အတ္ထလိင် (လိင်စစ်) ပေတည်း။ သဒ္ဒလိင်ဟူသည်ကား ထိုအတ္ထလိင်ကို ဟောညွှန်သော သင်္ကေတသဒ္ဒါများ၊ ဝေါဟာရများပေတည်း။

### အတ္ထလိင် သုံးမျိုး

အတ္ထလိင်၌ အခြင်းအရာသည် သန့်ရှင်း၊ မသန့်ရှင်း၊ သန့်ရှင်းသည်လည်းမဟုတ် မသန့်ရှင်းသည်လည်းမဟုတ် ဟူ၍ သုံးမျိုးသုံးစား ကွဲပြား၏။ ထိုသုံးမျိုးတို့တွင် သန့်ရှင်းသောအခြင်းအရာသည် အဖိုသတ္တဝါများ၌ ရှိတတ်၏။ ခန္ဓာဗေဒအရ သန့်ရှင်းမှု၊ အနေအထိုင်အပြုအမူ သန့်ရှင်းမှု ရှိ၏။ မသန့်ရှင်းသော အခြင်းအရာသည် အမသတ္တဝါများ၌ ရှိတတ်၏။ ခန္ဓာဗေဒအရ ရာသီလာမှု စသည်ဖြင့်လည်းကောင်း၊ နေထိုင်ပြုမူမှုဘက်၌လည်းကောင်း ယောကျ်ားများကဲ့သို့ မသန့်ရှင်းကြပေ။ အဖိုအမမှ အလွတ် သက်မဲ့ပစ္စည်း ဝတ္ထုများကိုမူ သန့်ရှင်း မသန့်ရှင်းဟု ဆိုဖွယ်မရှိချေ။

ထိုသုံးပါးတို့တွင် သန့်ရှင်းသော အခြင်းအရာ (ဝိသဒါကာရ) ကို ပုလ္လိင်၊ မသန့်ရှင်းသော အခြင်းအရာ (အဝိသဒါကာရ) ကို ဣတ္ထိလိင်၊ သန့်ရှင်းသည်လည်းမဟုတ်မသန့်ရှင်းသည်လည်းမဟုတ်သော အခြင်း အရာ (နေဝဝိသဒါ နာဝိသဒါကာရ) ကို နပုလ္လိင်ဟု ခေါ်လေသည်။ ဤကား အတ္ထလိင် သုံးမျိုးတည်း[၁]။

---

၁။ ဝိသဒါဘာဝါဒိသဟိတံ လိင်္ဂနယတ္ထဂမကံ နိပ္ဖန္နဝစနံ လိင်္ဂံ နာမ၊ ဝိသဒံ ပုလ္လိင်္ဂံ (သဒ္ဒနီတိ)

သန့်ရှင်းသန့်စင်၊ ယင်းသုံးဖြာ၊ ဉာဏ်ဆရာ၏ အလိုတည်း။
မှတ်ဆိတ်ကြင်စွယ်၊ အသွယ်သွယ်၊ မှတ်လေ ကေစိ အလိုဘည်း။
ကြီးငယ်လက်ခြေ၊ အထွေထွေ၊ မှတ်လေ ဗုဒ္ဓဃောသ အလိုတည်း။
**အတ္တလိင်မှာ၊** ပေါင်းသုံးဖြာ၊ ဆရာသူတို့ တွေ့သတည်း။
**သဒ္ဒလိင်ကား၊** နည်းမပြား၊ အများသူတို့ တချက်တည်း။

(ရွှေကျင်နိဿယ)

## သဒ္ဒလိင် သုံးမျိုး

ထိုအတ္တလိင်သို့ အတုလိုက်၍ သဒ္ဒလိင်များကို မှည့်ခေါ်ကြ၏။ အနိပ္ဖန္နပုဒ်တပုဒ်ကို နာမ် ဝိဘတ်ခုနစ်သွယ်တို့ဖြင့် သွယ်တန်း၍ ပဒမာလာ (ပုဒ်ပန်းကုံး) (ဝါ) ဂိုဏ်းစဉ်ပြုလုပ်ရာ၌ သန့်ရှင်းသော သဒ္ဒါမျိုးကို ပုလ္လိင်ဟုခေါ်သည်။ ပုံစံ- ပုရိသော၊ ပုရိသာ၊ ပုရိသံ၊ ပုရိသေ (စသည်)။

ဝိဘတ်သွယ် မသန့်ရှင်းသော (ဝါ) ရှုပ်သော သဒ္ဒါမျိုးကို ဣတ္ထိလိင်ဟု ခေါ်သည်။ ပုံစံ- ကညာ၊ ကညာ၊ ကညာယော၊ (စသည်)

ဂိုဏ်းစဉ် သန့်ရှင်းသည်လည်း မဟုတ်၊ မသန့်ရှင်းသည်လည်း မဟုတ်သောသဒ္ဒါမျိုးကို နပုလ္လိင်ဟု ခေါ်သည်။ ပုံစံ- စိတ္တံ၊ စိတ္တာနိ (စသည်)။ ဤကား သဒ္ဒလိင်သုံးမျိုးတည်း။

## လိင်ခြောက်မျိုး

ပါဠိသဒ္ဒါကျမ်းများ၌ သဒ္ဒလိင်ကို အောက်ပါအတိုင်း ခြောက်မျိုး ခွဲခြား ဖော်ပြကြကုန်၏။

ထိုလိင်သည်လည်း ဣတ္ထိလိင်၊ ပုလ္လိင်၊ နပုလ္လိင်၊ ဒွိလိင်၊ တိလိင်၊ အလိင် အားဖြင့် ခြောက်ပါး အပြားရှိ၏။ ထိုတွင် ယာ သာ ဟူသော သဗ္ဗနာမ်ပုဒ်နှင့် တုလျာဓိကရဏ ဖြစ်ကောင်းသောလိင်သည် ဣတ္ထိလိင် မည်၏။ ပြယုဂ်ကား- ကညာတည်း။ ယော၊ သော

ဟူသော သဗ္ဗနာမ်ပုဒ်နှင့် တုလျာဓိကရဏ ဖြစ်ကောင်းသော လိင်သည် ပုလ္လိင်မည်၏။ ကား- ပုရိသောတည်း။ ယံ၊ တံ ဟူသော သဗ္ဗနာမ်ပုဒ်နှင့် တုလျာဓိကရဏ ဖြစ်ကောင်းသောပုဒ်သည် နပုလ္လိင်မည်၏။ ကား - စိတ္တံတည်း။ နှစ်လိင်ဆံ ကောင်းသော လိင်သည် ဒွိလိင်မည်၏။ ကား-ဩဇာ၊ဩဇောတည်း။ သုံးလိင်ဆံကောင်းသော လိင်သည် တိလိင် မည်၏။ ကား- ပဥ္စာ၊ ပဥ္စော၊ ပဥ္စံတည်း။ ဥပသာရပုဒ်၊ နိပါတ်ပုဒ်၊ ပဉ္စအစ အဋ္ဌာရသ အဆုံးရှိသော သချာ သဒ္ဒါ၊ တုမှသဒ္ဒါ အမှ တို့သည် လိင်ဖြစ်ငြားသော်လည်း လိင်ကြောင့် ရုပ်အထူး မရှိသောကြောင့် အလိင်မည်၏[၁]။

ထိုတွင် **သဗ္ဗနာမ်** ဟူသည် နာမ်ပုဒ်အားလုံးနှင့် ဝင်ဆံ့သော ယှဉ်တွဲနိုင်သော နာမ်မျိုးဖြစ်၏။ ယ၊ တ၊ ဧကမ စသည်ဖြင့် သဗ္ဗနာမ်များစွာ ရှိ၏။ ထို သဗ္ဗနာမ်သည် ဣတ္ထိလိင်ဖြစ်လျှင် ယာ၊ သာ၊ ပုလ္လိင်ဖြစ်လျှင် ယော၊ သော၊ နပုလိင်ဖြစ်လျှင် ယံ၊ တံ စသည်ဖြင့် ရှိလေသည်။

**တုလျာဓိကရဏ** ဟူသည်ကား-တုလျ=အတူ၊ တူခြင်း၊ အဓိကရဏ= တည်ရာ ဟု အနက်ရှိ၏။ တူသော တည်ရာ (ဝါ) တည်ရာ တူခြင်းပေတည်း။

ယာ ကညာ၊ ယော ပုရိသော၊ ယံ စိတ္တံ ဟု ဆိုလျှင် တည်ရာတူ၏။ အကယ်၍ ယာ ပုရိသော ယော စိတ္တံ၊ ယံ ကညာ ဟူ၍ဆိုမူ တည်ရာ မတူ ဟု သိရာသည့်။ ပါဠိဘာသာ၌ တည်ရာမတူလျှင် တွဲစပ်၍မရချေ။

သဗ္ဗနာမ်ပုဒ်တို့ လိင်ကြောင့် ရုပ်အထူးမရှိပုံကား- ပုံစံ-အမှ သဒ္ဒါ သိဝိဘတ်သက်၍ စီရင်လျှင် 'အမှ' မှ 'အဟံ' (ကျွန်ုပ်သည်) ဟု ဖြစ်လာ၏။ ထို အဟံပုဒ်သည် မိန်းမ၊ ယောကျ်ား၊ နပုန်း တွဲစပ်၍ ရုပ်မပြောင်း။ မိန်းမလည်း အဟံ၊ ယောကျ်ားလည်း အဟံ၊ နပုန်းလည်း အဟံ ဟု ဆိုနိုင်၏။ မိန်းမကပြော၍ အဟာ၊ ယောကျ်ား ဖြစ်လျှင်

---

၁။ ခင်ကြီး ဖျော်-သဒ္ဒါကြီးပုဒ်စစ်စုံ၊ ဇွဲ၊ ၁၃၄၀ ခု။
ဆရာတော်ဗုမိ၏ ကဗျာသဒ္ဒသင်္ဂဟကျမ်း၌လည်း နည်းတူပင်ပြ၏။

အဟော၊ နပုန်းဖြစ်လျှင် အဟံ၊ ဤကဲ့သို့ ရုပ်မပြောင်းသည်ကို လိင်ကြောင့် ရုပ်အထူး မရှိဟု ဆိုလိုပေသည်။

## ဒွိလိင် သုံးမျိုး

နှစ်လိင် ဆက်ဆံကောင်းသော ဒွိလိင်သည် ဣတ္ထိလ္လိင် ပုလိင်၊ ဣတ္ထိလိင် နပုလ္လိင်၊ ပုလ္လိင် နပုလ္လိင် ဟု သုံးမျိုးရှိပေသည်။ ယာ၊ သာ၊ ယော၊ သော နှင့် တွဲနိုင်လျှင် ဣပုဒွိလိင်တည်း။ ပုံစံ- ဩဇာ၊ ဩဇော။ ယာ၊ သာ၊ ယံ၊ တံ နှင့် တွဲနိုင်လျှင် ဣနဒွိလိင်တည်း။ ပုံစံ-မာလာ၊ မာလံတည်း။ ယော၊ သော၊ ယံ၊ တံ နှင့် တွဲနိုင်လျှင် ပုနဒွိလိင်တည်။ ပုံစံ - စီဝရော၊ စီဝရံတည်း။

## တိလိင် နှစ်မျိုး

သုံးလိင်ဆက်ဆံသော တိလိင်၌လည်း သဘာဝအတိုင်း သုံးလိင်ဆက်ဆံသော သဘာဝတိလိင်လည်း ရှိ၏။ ပုံစံ-ပညာ၊ ပညော၊ ပညံတည်း။ မိမိက အထူးပြုရသော ဝိသေသျပုဒ် (အထူးပြုခံပုဒ်) သို့ လိုက်ပြီး သုံးလိင်ဆက်ဆံရသော တိလိင်မျိုးလည်း ရှိ၏။ ယင်းကို ဝစ္စတိလိင် (ဟောရာလိုက် တိလိင်) ဟု ခေါ်၏။

| | | | | |
|---|---|---|---|---|
| ပုံစံ- | ဒီဃာ | ရတ္တိ | (ဣ) | (ရှည်သော ညဥ့်) |
| | ဒီဃော | သံသာရော | (ပု) | (ရှည်သော သံသရာ) |
| | ဒီဃံ | ယောဇနံ | (န) | (ရှည်သော ယူဇနာ) |

## မြန်မာဘာသာ၌ လိင်ရှိသလော

မြန်မာဘာသာ၌ အတ္ထလိင်ရှိ၏။ သို့သော် သဒ္ဒလိင်မရှိချေ။ အထက်တွင် ရှင်းလင်း တင်ပြခဲ့သော ပါဠိဘာသာလိင်၏ သဘောသဘာဝကို အခြေခံလျက် ပါဠိမြန်မာ နှစ်ဘာသာကို နှိုင်းယှဉ်ချိန်စက်ပြီး ဤဆုံးဖြတ်ချက်ကို ချမှတ်ခြင်းဖြစ်၏။

အတ္တလိင် သတ်မှတ်ခြင်းသည် အနက်ပေါ် အခြေပြု၍ သတ်မှတ်ခြင်း ဖြစ်၏။ အနက်သည် ပညတ်၊ ပရမတ် ဒြပ်ပင်ဖြစ်ကြောင်း ဖော်ပြခဲ့ပြီ။ ထိုဒြပ်၏ အခြင်းအရာဟူသည် မြန်မာဘာသာ၌လည်း ရှိသည်ပင်။ ထို အခြင်းအရာကို လိင်ဟု ခေါ်လေသည်။ သို့ဖြစ်၍ မြန်မာဘာသာ၌ လိင်မျိုးကြောင်း (ဝါ) အတ္တလိင်ရှိကြောင်း ထင်ရှားတော့၏။

တဖန် ဖို၊ မ၊ သက်မဲ့ ဟူသော အနက်ဒြပ်တို့သည် မြန်မာဘာသာ၌ စင်စစ်ရှိပေ၏။ ဖို သည် သန့်ရှင်းသော အခြင်းအရာကိုဆောင်၏။ မ သည် မသန့်ရှင်းသော အခြင်းအရာကို ဆောင်၏။ သက်မဲ့ဝတ္ထုသည် ထိုနှစ်ပါးမှ လွတ်၏။

သန့်ရှင်း၊ မသန့်ရှင်း အခြင်းအရာ (အာကာရ)သည် ဒြပ်နှင့် ကင်း၍ မဖြစ်။ ဒြပ်၏ အရည်အသွေးတမျိုးသာ ဖြစ်၏။ သို့ဖြစ်၍ အခြင်းအရာ ကို လိင်ဟု ဆိုသောအခါ ထို အခြင်းအရာမှီတွဲနေသော ဒြပ်ကို ဖော်ပြ သော သဒ္ဒါဝေါဟာရဘို့ကိုပါ လိင်ဟု အဝိနာဘာဝ နည်းအားဖြင့် ဆိုရလေသည်။

ထို့ကြောင့် သန့်ရှင်းသော အခြင်းအရာကို ဆောင်သော ယောကျ်ား နှင့် အလားတူပုဒ်တို့သည် ပုလ္လိင်၊ မသန့်ရှင်းသော အခြင်းအရာကိုဆောင် သော 'မိန်းမ' နှင့်အလားတူပုဒ်တို့သည်ဣတ္ထိလိင်၊သန့် မသန့် မဟုတ်သော အခြင်း အရာကို ဆောင်သော 'စိတ်' နှင့် အလားတူပုဒ်တို့သည် နပုလ္လိင် ပေတည်း။

အတ္တဗေဒအမြင်အားဖြင့် ယောကျ်ား၊ ဘုန်းကြီး၊ ဘုရားစသော မြန်မာဝေါဟာရတို့သည် ပုလ္လိင်။ မိန်းမ၊ မိဖုရား၊ ဘိက္ခုနီမ စသော မြန်မာဝေါဟာရတို့သည် ဣတ္ထိလိင်။ စိတ်၊ နှလုံး၊ ကျွန်းတုံးစသော ဝေါဟာရတို့သည် နပုလ္လိင် ဟူလို။

ပါဠိရုပ်အစဉ် သန့်ရှင်းမှုရှိ-မရှိ၊ ယာသာစသော သဗ္ဗနာမ်ပုဒ်တို့နှင့် တုလျာဓိကရဏ ဖြစ်မှု မဖြစ်မှု အပေါ် အခြေပြုပြီး ဣတ္ထိလိင်၊ ပုလ္လိင်၊ နပုလ္လင် ဟူသော သဒ္ဒလိင်ကို ခွဲခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ပြီ။

မြန်မာဘာသာ၌ကား ပါဠိ၌ ကဲ့သို့ ရုပ်စဉ်မှု၌ ထူးခြားချက်မရှိ၊ သဗ္ဗနာမ်တွဲစပ်မှုသဘောအရလည်း ထူးခြားမှုမရှိ။ ထို့ကြောင့် မြန်မာဘာသာ၌ သဒ္ဒလိင် မလိုအပ်ဟု သိအပ်ပေသည်။

သိသာရုံ ဖော်ပြပါဦးအံ့။

ပါဠိကိုမှီပြီး ရှေးပညာရှင်ကြီးများ၏ တီထွင်ချက်အရ မြန်မာဘာသာ၌ အောက်ပါ မြန်မာဝိဘတ် ခုနစ်သွယ်ရှိ၏။

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပထမာ | သည် | တို့သည် |
| ဒုတိယာ | ကို | တို့ကို |
| | သို့ | တို့သို့ |
| တတိယာ | ဖြင့် | တို့ဖြင့် |
| | နှင့် | တို့နှင့် |
| စတုတ္ထီ | အား | တို့အား |
| ပဉ္စမီ | မှ | တို့မှ |
| | အောက် | တို့အောက် |
| | ထက် | တို့ထက် |
| ဆဋ္ဌီ | ၏ | တို့၏ |
| သတ္တမီ | ၌ | တို့၌ |

မြန်မာဝေါဟာရများကို ဝိဘတ်ခုနစ်သွယ်ဖြင့် ပဒမာလာ (စကားလုံးပန်းကုံး) စဉ်ကြည့်လျှင် လိင်အရ ပါဠိလို ရုပ်ထူးခြားမှုမရှိသည်ကို တွေ့ရသည်။ ၁၅၀၄-

ပုံစံ – ယောကျ်ားသည် ယောကျ်ားတို့သည်
မိန်းမသည် မိန်းမတို့သည်
စိတ်သည် စိတ်တို့သည် (စသည်)။

မြန်မာဘာသာ၌ အကြောင်၊ ထို၊ ယင်း စသည်ကို သဗ္ဗနာမ်သဘော ထားကြည့်သော်လည်း ယင်းတို့နှင့်တွဲစပ်၍ ထူးခြားမှုမရှိချေ။

ပုံစံ – အကြောင်ယောကျ်ား ထိုယောကျ်ား
အကြောင်မိန်းမ ထိုမိန်းမ
အကြောင်စိတ် ထိုစိတ် (စသည်)။

ထို့ပြင် ပါဠိဝါကျတွင် ကိတ်ကြိယာတို့သည် မိမိဟောသော နာမ်ပုဒ်၏လိင်သို့ လိုက်ရ၏။

ပုံစံ – ပုရိသော ဂတော
ဣတ္ထိ ဂတာ
စိတ္တံ ဂတံ (စသည်)။

မြန်မာ၌မူ ထိုသို့ လိင်လိုက်ပြီး ပြောင်းလဲမှုမရှိ။

ပုံစံ – ယောကျ်ား သွားသည်
မိန်းမ သွားသည်
စိတ် သွားသည်

ပါဠိ၌ လိင်လိုက်ပြီး ဂတော၊ ဂတာ၊ ဂတံ ပြောင်းသလို မြန်မာ၌ မပြောင်းချေ၊ မြန်မာဘာသာ၌ သဒ္ဒလိင်ခွဲခြားသတ်မှတ်ခြင်း အားဖြင့် ဝါကျစီကုံးရာ၌ တစုံတရာ အကျိုးမရှိကြောင်း ထင်ရှားပေ၏။

သို့ဖြစ်သောကြောင့် မြန်မာဘာသာ၌ ဣတ္ထိလိင်၊ ပုလ္လိင်၊ နပုလ္လိင် ဟူသော သဒ္ဒလိင်မရှိဟု ဆိုရပေသတည်း[၁]။

---

၁။ ဦးဖေမောင်တင်၏ ဘာသာလောက ကျမ်းနှင့်တကွ၊ ဒေဗစ်ဒီရင်ဂျာ၏ THE ALPHABET ကျမ်း စသည်တို့၌ မြန်မာဘာသာသည် ကေဝဏ္ဏ ဘာသာဖြစ်သည်၊ ဝိဘတ်သွယ်ဘာသာမဟုတ် စသည်ဖြင့် ကျယ်ဝန်းစွာ ဖော်ပြထားလေ့သည်။

# ၇။ ယော၊ သော၊ နိယတ်၊ အနိယတ်၊ ခွဲမှတ်သင့်ရောင်း။

ပါဠိဝါကျများနှင့် စုဏ္ဏိယစကားပြေ၊ ဂါထာအဖွဲ့တွင် ယောဟူသော အနိယတ်၊ သောဟူသော နိယတ်အဖွဲ့တို့ကို သင့်အောင်စွဲရန် လိုသည်၊ အစွဲလိုနေပါက အခြားကယူငင်၍ သင့်အောင်ထည့်ပေးရမည်ဟူလို။

## ဖွင့်ဆိုရှင်းလင်းချက်

နိယတ် = နိယတ (ပါ) = အမြဲ၊ စွဲမြဲခြင်း၊
အနိယတ်= အနိယတ(ပါ) = မမြဲ၊ စွဲစွဲမြဲမြဲ မရှိသေးခြင်း၊

ပါဠိဝါကျများဖွဲ့စည်းရာ၌ ထူးခြားချက်တရပ်မှာ အနိယတ်၊ နိယတ် စကားများကို လှိုင်လှိုင်သုံးစွဲခြင်း ဖြစ်ပေသည်။ သို့ဖြစ်၍ ပါဠိဝါကျ အမျိုးမျိုးတို့၌ အနိယတ်ဝါကျ၊ နိယတ်ဝါကျဟူ၍ ဝါကျစုံတွဲတမျိုး တွင်ကျယ်လျက် ရှိပေသည်။

"အနိယမ" အနက်ကို "ယ=အကြင်"ဟူသော သဗ္ဗနာမ်ပုဒ်ဖြင့် ပြ၏၊ "နိယမ" အနက်ကို "တ=ထို"ဟူသော သဗ္ဗနာမ်ပုဒ်ဖြင့် ပြ၏။ သို့ဖြစ်၍ ယာ၊ ယော၊ ယံ စသည့် အနိယမ-စကားပါသော ဝါကျကို အနိယမဝါကျဟု ခေါ်၏။ သာ၊ သော၊ တံ စသည့် နိယမစကားပါသော ဝါကျကို နိယမဝါကျဟုခေါ်၏၊ ထို ယံ တံ တစုံသည် အတူယှဉ်တွဲလျက် ရှိမြဲဖြစ်၏။ (နိယတ=နိယမ)။

အကယ်၍ ယံ အနိယတ ဝါကျသာရှိလျှင် တံ နိယတ်ဝါကျကိုထည့် ပေးရ၏၊ ထိုနည်းတူ တံ သာရှိရာ၌လည်း ယံကို ထည့်ပေးရသည်။ ထို့ကြောင့် ရှေးသဒ္ဒါဆရာမြတ်တို့က ဤသို့မိန့်ဆိုခဲ့ကြ၏။

ယန္တိ သုတွာန တန္တိ ပဒံ၊
တန္တိ သုတွာန ယန္တိ စ။
ယောဇေယျ ယတ သဒ္ဒါနံ၊
နိစ္စံ သမ္ဗန္ဓ ဘာဝတော။

**အနက်ကား**။ ယတသဒ္ဒါနံ၊ ယတသဒ္ဒါတို့၏။ ဝါ၊ အနိယတ် နိယတ်တို့၏။ နိစ္စံ၊ အမြဲ။ သမ္ဗန္ဓဘာဝတော၊ ဆက်စပ်မှုရှိသည် ၏ အဖြစ်ကြောင့်။ ယန္တိ သုတွာန၊ ယံ ဟူ၍ ကြားလျှင်။ တန္တိပဒံ၊ တံ ဟူသောပုဒ်ကို။ ယောဇေယျ၊ ယှဉ်ရာ၏။ တန္တိသုတွာန စ၊ တံ ဟု ကြား၍လည်း။ ယန္တိပဒံ၊ ယံဟူသောပုဒ်ကို။ ယောဇေယျ၊ ယှဉ်ရာ၏။

ထို အနိယတ်၊ နိယတ်၊ ယ၊ တ သဗ္ဗနာမ်တို့သည် ဝိသေသန သဘောရှိသောကြောင့် မိမိတို့၏ညွှန်ပြတွဲစပ်သော နာမ်ပုဒ်နှင့် "ဝိဘတ်၊ လိင်၊ ဝုစ်" သုံးမျိုးတူရပေသည်။

ဝိဘတ်တူ၊ ဝုစ်တူ ပုံစံ-

| | | | |
|---|---|---|---|
| ပထမာ ဝိဘတ် | ဧ | ယော ပုရိသော | သော ပုရိသော |
| | ဗ | ယေ ပုရိသာ | တေ ပုရိသာ |
| ဒုတိယာဝိဘတ် | ဧ | ယံ ပုရိသံ | တံ ပုရိသံ |
| | ဗ | ယေ ပုရိသေ | တေ ပုရိသေ |
| တတိယာဝိဘတ် | ဧ | ယေန ပုရိသေန | တေန ပုရိသေန |
| | ဗ | ယေဟိ ပုရိသေဟိ | တေဟိ ပုရိသေဟိ |
| စတုတ္ထီ ဝိဘတ် | ဧ | ယဿ ပုရိသဿ | တဿ ပုရိသဿ |
| | ဗ | ယေသံ ပုရိသာနံ | တေသံ ပုရိသာနံ |
| ပဉ္စမီ ဝိဘတ် | ဧ | ယသ္မာ ပုရိသာ | တသ္မာ ပုရိသာ |
| | ဗ | ယေဟိ ပုရိသေဟိ | တေဟိ ပုရိသေဟိ |
| ဆဋ္ဌီ ဝိဘတ် | ဧ | ယဿ ပုရိသဿ | တဿ ပုရိသဿ |
| | ဗ | ယေသံ ပုရိသာနံ | တေသံ ပုရိသာနံ |
| သတ္တမီ ဝိဘတ် | ဧ | ယသ္မိံ ပုရိသသ္မိံ | တသ္မိံ ပုရိသသ္မိံ |
| | ဗ | ယေသု ပုရိသေသု | တေသု ပုရိသေသု |

လိင်တူ ပုံစံ-

| | | | |
|---|---|---|---|
| ပထမာဝိဘတ် | ပုလ္လိင် | ယော ပုရိသော | သော ပုရိသော |
| | ဣတ္ထိလိင် | ယာ ဣတ္ထီ | သာ ဣတ္ထီ |
| | နပုလ္လိင် | ယံ စိတ္တံ | တံ စိတ္တံ |

## နိယတ်၊ အနိယတ် ဝါကျလေးမျိုး

ပါဠိစုဏ္ဏိယ စကားပြေနှင့် ဂါထာတို့တွင် နိယတ်၊ အနိယတ် နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဝါကျ လေးမျိုး လေးစားရှိသည်။

(၁) နိယတ် အနိယတ်စုံလင်စွာ ပါရှိသော ဝါကျမျိုး၊

(၂) နိယတ်သာပါပြီး အနိယတ်မပါသော ဝါကျမျိုး၊

(၃) အနိယတ်သာပါပြီး နိယတ်မပါသော ဝါကျမျိုး၊

(၄) နှစ်မျိုးလုံး မပါသော ဝါကျမျိုး၊

ဤ ဝါကျတို့ကို ပါဠိအဋ္ဌကထာ ပုံစံတခုစီဖြင့် ဖော်ပြလိုက်ပါသည်။
(၁) နိယတ် အနိယတ် စုံလင်စွာ ပါရှိသည့် ဝါကျမျိုး။

ပုံစံ - (က) ယေန ဘဂဝါ၊ တေနုပသင်္ကမိ၊ (မင်္ဂလသုတ်ပါဠိ)
အနက်-ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အတ္ထိ၊ ရှိတော်မူ၏။ တေန၊ ထိုဘုရားရှိရာ အရပ်သို့။ ဥပသင်္ကမိ၊ ကပ်လေ၏။

(ခ) ယဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊ တဿ ဝေဒနက္ခန္ဓော ဥပ္ပဇ္ဇတိ။

(ခန္ဓယမိုက် ပါဠိတော်)

**အနက်။** ယဿ၊ အကြင်သူအား။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲ။ တဿ၊ ထိုသူအား။ ဝေဒနက္ခန္ဓော၊ ဝေဒနက္ခန္ဓာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲလော။

(၂) နိယတ်သာ ပါရှိပြီး အနိယတ် မပါရှိသော ဝါကျမျိုး။

ပုံစံ - တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္စာယံ ဝိဟရတိ။
(ပါရာဇိကကဏ် အဋ္ဌကထာ၊ နှာ-၇၉)

**အနက်။** (ယေန သမယေန၊ အကြင်အခါ၌။ အာယသ္မတော သာရိပုတ္တဿ၊ အရှင်သာရိပုတ္တရာအား။ သော ပရိဝိတက္ကော၊ ထိုသိက္ခာပုဒ် ပညတ်စေရန် အကြံသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏)။

တေန သမယေန၊ ထိုအခါ၌။ ဘဂဝါ၊ ဘုန်းတော်ကြီးသော။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဝေရဉ္စာယံ၊ ဝေရဉ္စာမြို့၌။ ဝိဟရတိ၊ သီတင်းသုံးနေ၏။

လက်သဲကွင်းပါ စကားရပ်သည် လိုအပ်၍ထည့်ပေးရသော အနိယတ်စကားရပ်တည်း။

(၃) အနိယတ်သာ ပါရှိပြီး နိယတ်မပါရှိသော ဝါကျမျိုး။

ပုံစံ - ယတောဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော
နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ။
(အင်္ဂုလိမာလပရိတ်)

**အနက်။** ဘဂိနိ၊ အိုနှမ။ အဟံ၊ ငါ အင်္ဂုလိမာလသည်။ ယတော၊ အကြင်အခါမှ။ ပဋ္ဌာယ၊ စ၍။ အရိယာယ၊ အရိယာ ဇာတ်အားဖြင့်။ ဇာတော၊ ဖြစ်၏။ (တတော၊ ထို

အရိယာဇာတ် ရဟန်းဖြစ်သည်မှ စ၍) ပါဏံ၊ သက်ရှိသတ္တဝါကို။ သဉ္စိစ္စ၊ သေစေလိုသော စိတ်စေတနာဖြင့်။ ဇီဝိတာ၊ အသက်မှ။ ဝေါရောပေတာ၊ ချဘူးသည်ဟူ၍။ နာဘိဇာနာမိ၊ ငါမသိပါ။

(လက်သဲကွင်းပါ စကားရပ်သည် လိုအပ်၍ ထည့်ပေးရသော နိယတ်စကားတည်း)။

(၄) နိယတ် အနိယတ် လုံးဝမပါသော်လည်း အနက်ထင်ရှားစေရန် ထည့်ပေးရသော ဝါကျမျိုး။

ပုံစံ – အာရမ္မဏံ စိန္တေတီတိ စိတ္တံ။ (အဋ္ဌသာလိနီ- ၁၀၆)။

**အနက်**။ ယံ ဓမ္မဇာတံ၊ အကြင်တရား သဘောသည်။ အာရမ္မဏံ၊ အာရုံကို။ စိန္တေတိ၊ ကြံစည်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ အာရုံကို ကြံစည်တတ်သောကြောင့်။ တံ ဓမ္မဇာတံ၊ ထိုတရားသဘောသည်။ စိတ္တံ၊ စိတ်မည်၏။

နိဿယ ဆရာတော်ဘုရားများသည် လိုအပ်၍ ထည့်ပေးထားသော ပါဌ်ကို လက်သဲကွင်းဖြင့်(ထည့်ပါဌ်)ဟု သေချာစွာ မှာကြားထားတတ်ကြသည်။

ပခုက္ကူ၊ မန္တလေး စသည်တို့၌ သံဃာ နှစ်ရာ သုံးရာကို စာပေပို့ချတော်မူသော ဆရာတော်ဘုရားကြီးထံ၌ တပါးတည်း စာဆိုရသော ပုဂ္ဂိုလ်တို့သည် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ၊ ယောဇနာ စသည်တို့ကို ကောင်းစွာ ညှိနှိုင်းကြည့်ရှုပြီး လိုအပ်သော နိယတ် အနိယတ်ဝါကျတို့ကို ပြည့်စုံစွာထည့်၍ အနက်ပေးကြရလေသည်။

ဤသို့ပါဠိစာပေအရာ၌ အရေးကြီးသော ကိစ္စရပ်ဖြစ်၍ စိန္တကျော်သူ ဦးသြက "ယော၊ သော၊ နိယတ်၊ အနိယတ်၊ စွဲမှတ်သင့်ရာငင်"ဟူ၍ ပညာသားပါပါ သတ်ပုံသံပေါက်ကို စီရင်ခဲ့ခြင်း ဖြစ်လေသည်။

ပါဠိသန်သူတို့ မြန်မာစာပေ ရေးသားသော အခါ အကြင်၊ ထိုဟူသော အနိယတ်၊ နိယတ်သဘောကို သုံးတတ်ကြ၏။ အင်္ဂလိပ်စာသန်သူအချို့ ရေးသားသော မြန်မာစာသည် အင်္ဂလိပ်ဟန် ဖြစ်နေသကဲ့သို့ပင် တည်း။ သို့သော် မြန်မာစာကို ပါဠိဟန် အင်္ဂလိပ်ဟန် မဖြစ်စေပဲ မြန်မာဟန်စစ်စစ်ဖြစ်အောင် ရေးသင့်ပေသည်။

# ၈။ နပုန်းကောက်၊ ငဲ့တိုလတ်၊ သမာသ်ဒိဂုပင်။

ဒိဂုသမာသ်ပုဒ်များကို နပုလ္လိင်အဖြစ်သို့လည်းကောင်း၊ ဧကဝုစ်အဖြစ် သို့လည်းကောင်း ငဲ့ရသည်။ ငဲ့ပါဟူလို။

## ဖွင့်ဆိုရှင်းလင်းချက်

နပုန်း–ရင်းမြစ်ကား နပုံသက(ပါ)တည်း။ နပုံသကမှ နပုံ။ နပုံးဟု ဆင်းသက်၏။ နပုံမှ နပုန်းဟု ပြောင်းထုံးမရှိ။

ကမ္မ မှ ကမ် – ကံ
ဘုမ္မ မှ ဘုမ် – ဘုံ

စသည်ဖြင့် မသတ်နှင့် သေးသေးတင် နိဂ္ဂဟိတ်သာ ပြောင်းရိုးဖြစ်၏။

တနည်း – န + ပုလ္လိင်မှ နပုလ္လိင်၊ နပုလ်၊ နပုန်၊ နပုန်းဟု ပြောင်းသော် ပြောင်းရာ၏။ လ နှင့် န် သည် ပြောင်းနိုင်၏။

ပုံစံ – မာ လာ မှ မာလ် – မာန်၊ မန်
ဖ လိ က မှ ဖလ် – ဖန်
မသာရဂလ္လမှ မသာရဂလ် – မသာရဂန်

နပုန်း–အဓိပ္ပာယ်ကား၊ ပုလ္လိင်၊ ဣတ္ထိလိင်မဟုတ်၊ ကြားလိင်ဟူလို။ ဝိနည်းအရာ၌ ယောကျ်ားလည်းမဟုတ်၊ မိန်းမလည်းမဟုတ်သူကို နပုန်းဟု ခေါ်သည်။ ပဏ္ဍုက် ဆိုသည်မှာလည်း နပုန်းပင်။ ယောကျ်ားသဏ္ဌာန်ရှိသော်လည်း ယောကျ်ားပီသစွာ မဖြစ်သူပေတည်း။ ဤအချက်ကို စွဲ၍ သဒ္ဒါအရာမှာလည်း ပုလ္လိင်၊ ဣတ္ထိလိင် မဟုတ်သောသဒ္ဒါကို နပုန်းလိင်ဟု မှည့်ခေါ်ခြင်း ဖြစ်လေသည်[၁]။

---

၁။ သင်္ဂြိုဟ်ဘာသာဋီကာ

ကေတ် – ရင်းမြစ်ကား ကေတ္တ(ပါ)တည်း။ ဒေဝဒတ္တမှ ဒေဝဒတ်ဟူသကဲ့သို့ ကေတ္တမှ ကေတ်ဟုဆိုသည်။ အနက်မှာ တခုတည်း၏အဖြစ်(ဝါ) ကေဝုစ်တည်း။

'ငဲ့'ဟူသည်ကား 'နပုံသကလိင်ေ၁ါ ဒဋ္ဌဗ္ဗော'[1] ကို နပုန်းလိင် ကဲ့သို့ မှတ်ရာ၏ဟု သဒ္ဒါအနက်ပေး၏။ 'ကဲ့သို့မှတ်'ကို နိဿယဆရာတော်များက 'ငဲ့'ဟု ဆိုခြင်းဖြစ်သည်။ နပုန်းလိင်၊ ကေဝုစ်အဖြစ် အသုံးပြုရခြင်းပင် ဖြစ်ပေသည်။ ဝေါဟာရတ္ထပကာသနီ၌လည်း ''ငဲ့' သည် 'ဣက္ခန' ရှုခြင်းအနက်ရှိ၏ဟု ဖော်ပြ၏။ ဒဋ္ဌဗ္ဗောနှင့် ဣက္ခနသည် သဘောမပြားပြီ။

သမာသ် – ရင်းမြစ်ကား သမာသ(ပါ)တည်း။ သံ+အာသဓာတ်+အပစ္စည်း။ သမာသီယတီတိ သမာသောဟု ဝိဂြိုဟ်ပြု၏။ သမာသီယတိ၊ ယှဉ်တွဲပူးကပ် ချုံးစပ်အပ်၏။ ဣတိ၊ ထို့ကြောင့်။ သမာသော၊ သမာသ် မည်၏ဟု အနက်ပေး၏[2]။ ထို့ကြောင့် ပုဒ်အချင်းချင်း ယှဉ်တွဲပူးကပ် ချုံးစပ်သော အရာကို သမာသ်ဟု ခေါ်သည်။

သမာသ်အရာ၌ 'ချုံး'ဟူသော ဝေါဟာရကိုလည်းသုံး၏။ ကျုံးစေသည်ကို ချုံးသည်ဟုဆိုသည်။ ချုံးသည် ကျုံး၏ ကာရိတ်သံဖြစ်၏။[3] ပုဒ်အချင်းချင်းချုံးသောကြောင့်လည်း သမာသ် မည်၏ဟူလို။

ဒိဂု – ရင်းမြစ်ကား ဒွေ ဂါဝေါ(ပါ)တည်း။ ဒွေ၊ နှစ်ခု နှစ်ကောင်။ ဂါဝေါ၊ နွားများ။ သဒ္ဒါနည်း[4] ဖြင့် 'ဒွေ ဂါဝေါ' မှ 'ဒွေ' ကို 'ဒိ' ပြု၊ 'ဂါဝေါ' ကို 'ဂု'ပြု၊ 'ဒိဂု'ဟူသော ပုဒ်ပြီး၏။

'ဒိဂု' ဟူသောပုဒ်၌ 'ဒိ'ဟူသောသင်္ချာ ပုဒ်ရှေ့၌ တည်ရှိသကဲ့သို့ သင်္ချာပုဒ်ရှေ့၌ တည်ရှိသော အခြားသောပုဒ်များကိုလည်း ဒိဂုသမာသ်

---

၁။ ကစ္စည်းသဒ္ဒါကြီး

၂။ သပြေကန်သဒ္ဒါကြီး နိဿယသစ် ဒုတိယတွဲ။

၃။ ဝေါဟာရတ္ထပကာသနီ၊ ၆၁၃။

၄။ ဝိသတိ ဒသေသုံ ဗာ ဒွိဿ တု၊ အယုဝဏ္ဏာနဉ္စာယော ဝုဒ္ဓိ (ကစ္စည်း တဒ္ဓိတကပ္ပ)။

ပုဒ်ဟု အမည်မှည့်၏။ ဤသို့ တူညီမှုကိုယူ၍ ဇာသုံးပြုခြင်းကို သဒ္ဒါသူပစာ ဟုခေါ်သည်။

ပုံစံ – တိလောကံ = လောကသုံးပါး

စတုဒ္ဒိသံ = လေးပါးသောအရပ်

ပဉ္စိန္ဒြိယံ = ငါးပါးသောဣန္ဒြေ

ဤသို့စသည်ဖြင့် သင်္ချာပုဒ် ရှေ့၌ တည်ရှိသော သမာသ်ပုဒ်အားလုံး ကို ဒိဂုသမာသ်ဟု ခေါ်လေသည်။

ဒိဂုသမာသ်ပုဒ်ကို နပုန်းလိင်၊ ကေဝုစ်ငဲ့စေရမည်ဟု ဦးသြကာ သတိ ပေးလေသည်။

ဒိဂုသမာသ်၌ သင်္ချာပုဒ် ရှေ့၌ရှိခြင်း ဆိုသည်မှာ များရာလိုက်၍ ပြော သော ယေဘုယျနည်းစကားသာဖြစ်၏။ အချို့ ဒိဂုသမာသ်၌ သင်္ချာပုဒ် နောက်၌ရှိ၏။ သင်္ချာနောက်ရှိ ဒိဂုသမာသ်–

ပုံစံကား–

'ရတနတ္တယံ'တည်း။

ရတနာသည် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာဟူ၍ သုံးမျိုး ရှိသောကြောင့် သုံးဝါကျကျင်းရ၏။ ထို'ရတနာ'ဟူသော သဒ္ဒါသုံးခုကို နှစ်ခုချေ၊ တခုကြွင်း ကေသိသ်ပြုရ၏။ တခုကြွင်းပြုထားသော ရတနာ ဟူသောပုဒ်သည် ဘုရား တရား သံဃာဟူသော သုံးပါးလုံးကို ဟော ပေ၏၊ ထို့နောက် တယံ ဟူသောပုဒ်ကို တိဏ္ဏံ သမူဟော တယံ၊ တယော အဝယဝါ ဧတဿာတိ ဝါ တယံ ဟု ဝိဂ္ဂဟ်ပြု။ ရတနာနံ တယံ ရတနတ္တယံ ဟု ဒိဂုသမာသ် တွဲရသည်။

ရှေ့ရှိသင်္ချာ၊ ဒိဂုမှာ၊ များရာ ယေဘုယျနည်းပေတည်း။
နောက်ရှိသင်္ချာ၊ ဒိဂုမှာ၊ နည်းရာအပွက နည်းပေတည်း။

(မန်လည် - သုသုဟာရက)

## ဒိဂုသမာသ်နှစ်မျိုး

ဒိဂုသမာသ်ပုဒ်များ၌ အပေါင်းပြဌာန်းသောပုဒ်၊ အစိတ်ပြဌာန်းသော ပုဒ်ဟူ၍ နှစ်မျိုးနှစ်စားရှိ၏။ အပေါင်းပြဌာန်းသော ဒိဂုသမာသ်ကို သမာဟာရဒိဂု[၁]၊ အစိတ်ပြဌာန်းသော ဒိဂုကို အသမာဟာရဒိဂု ဟု ခွဲခြား ခေါ်ဝေါ်သည်။

အပေါင်းပြဌာန်း၊ အစိတ်ပြဌာန်းဆိုရာ၌ ပြဌာန်းမှုသည် သဒ္ဒါကို အသုံးပြုသူ၏ အလိုဆန္ဒသို့လိုက်၍ ဖြစ်ရပေသည်။ ထို့ကြောင့်

‘ဝတ္တိစ္ဆာနုပုဗ္ဗိကာ သဒ္ဒပဝတ္တိ’[၂]

ဟူ၍ ဆိုရိုးပြုခဲ့ကြသည်။ အနက်ကား - သဒ္ဒပဝတ္တိ၊ သဒ္ဒါ၏ ဖြစ်ပေါ်ခြင်းသည်။ ဝတ္တိစ္ဆာနုပုဗ္ဗိကာ၊ သဒ္ဒါကို အသုံးပြုသူ၏ ဆိုလိုသော အလိုသို့လိုက်၍ ဖြစ်၏။

ပိုစံ - ပဉ္စိန္ဒြိယ (ပဉ္စ + ဣန္ဒြိယ)

ပဉ္စ = ငါးခု။ ဣန္ဒြိယ=ဣန္ဒြေ။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ဟူသော ဣန္ဒြေ ငါးပါးတည်း။ ထိုငါးပါးကို အသုံးပြုသူက တပေါင်းတည်း အနက်သဘောဖြင့် အသုံးချသောအခါ အပေါင်းပြဌာန်း၏။ တခုစီကို ရည်ရွယ်သုံးစွဲသောအခါ အစိတ်ပြဌာန်း၏။

အပေါင်းပြဌာန်းသောအခါ နပုန်းကေတင်၍ ‘ပဉ္စိန္ဒြိယံ’ဟု နပုန်းလိင် ကေဝုစ်ရှိစေရ၏။ အစိတ်ပြဌာန်းသောခါ နပုန်းကေတ် မငင့်မူပဲ ‘ပဉ္စိန္ဒြိယာနိ’ဟု မူရင်းပုဒ်အနေအထားအတိုင်း ရှိစေရ၏။

သို့ဖြစ်၍ နပုန်းကေတ်၊ ငွဲတုံလတ်၊ သမာသ်ဒိဂုပင်- ဆိုသော စကားသည် အပေါင်းပြဌာန်းသော သမာဟာရဒိဂု သမာသ်မျိုး အတွက်သာ

---

၁။ သမာဟာရ = အပေါင်း၊ အသမာဟာရ အပေါင်းမဟုတ်၊ အစိတ် (ပဒရူပသိဒ္ဓိ)။

၂။ သုတ်သီလက္ခန်ဋီကာသစ်။

ဖြစ်ကြောင်း၊ အစိတ်ပြဋ္ဌာန်းသော အသမာဟာရ ဒိဂုသမာသ်မျိုးဖြစ်မှု နပုန်းကောက်မင့်ရကြောင်း ခွဲခြား မှတ်သား အပ်ပေသည်။

## မြန်မာဒိဂုသမာသ်

အထက်ပါ ရှင်းလင်းချက်ဖြင့် သတ်ပုံသံပေါက်၏ အဖြေပြည့်စုံပြီ ဖြစ်သော်လည်း မြန်မာဘာသာအတွက် ဆက်၍ ဆိုပါဦးအံ့။ ဒိဂုသမာသ် ပုဒ်များကို မြန်မာဘာသာ ပြန်ဆိုသောအခါတွင်–

ဧကပုဂ္ဂလ= တယောက်သောပုဂ္ဂိုလ်- ပုဂ္ဂိုလ်တယောက်
ဒွိပဒ = နှစ်ချောင်းသောခြေ - ခြေနှစ်ချောင်း
တိလောက= သုံးပါးသောလောက - လောကသုံးပါး။

ဤသို့စသည်ဖြင့် ပြန်ဆိုကြရ၏။ ထို့ကြောင့် တယောက်သောပုဂ္ဂိုလ်၊ ပုဂ္ဂိုလ်တယောက်၊ နှစ်ချောင်းခြေ၊ ခြေနှစ်ချောင်း၊ သုံးပါးလောက၊ လောကသုံးပါး စသော ပုဒ်ပေါင်းမျိုးကို ‘ မြန်မာဒိဂုသမာသ်ပုဒ် ’ဟု ဆိုနိုင်၏[၁]။

## ယောက်၊ ကောင်၊ ခိုင်၊စီး အဘာယ်နည်း

မြန်မာဒိဂု သမာသ်ပုဒ်များ၌ တစ်၊ နှစ်၊ သုံး စသော သင်္ချာနှင့် တွဲစပ်သော ယောက်၊ ချောင်း၊ ပါး စသော ဝေါဟာရသစ်များ ပါလာ၏။ ယင်း ယောက်၊ ချောင်း၊ ပါး စသော စကားလုံးတို့သည် သဒ္ဒါနည်းအရ မည်သည့် အမျိုးအစားများ ဖြစ်ကြသနည်း။

အဖြေကား– ယောက်၊ ချောင်း၊ ပါး စသော စကားလုံးတို့သည် နာမ်ပုဒ်များဖြစ်ကြ၏။ ဒိဂုသမာသ်ပုဒ်အတွင်း၌ပါရှိသော ပဓာနနာမ်ဒြပ်

---

၁။ လောကသုံးပါးကဲ့သို့ သင်္ချာနောက်ရှိပုဒ်မျိုးကိုလည်း မြန်မာမှုသို့လိုက်၍ မြန်မာဒိဂုသမာသ် ဟု ခေါ်၏။

ကိုပင် ပြန်လည် ရည်ညွှန်း၏။ ညွှန်းခြင်း အကြောင်းကား ဧကတ္ထီဘာဝေါ် သမာသလက္ခဏာ ဟူသောစကားနှင့်အညီ သမာသ်ပုဒ် မည်သည်မှာ အနက်တခုတည်းကိုသာ ဟောရသောကြောင့်တည်း။ ထို့ကြောင့်- တယောက်လူ၊ လူတယောက်၌ 'ယောက်' သည် လူ ကို ပင် ဟော၏။ ခြေနှစ်ချောင်း၌ 'ချောင်း'သည် ခြေကိုပင်ဟော၏။ သုံးပါးလောက၊ လောကသုံးပါး၌ 'ပါး'သည် လောကကိုပင် ဟောပေ၏။

ဤကိစ္စနှင့်စပ်လျဉ်း၍ ဦးဖိုးလတ်၏ မြန်မာ စ ကား အဖွင့် ကျမ်း (ဒုတိယတွဲ)၌ ဤသို့ ရှင်းလင်း ဆုံးဖြတ်ထား၏။

"လူတယောက်ဆိုသည့်၌ 'ယောက်'၏ အနက်သည် ပုဂ္ဂိုလ်၏ ကိုယ်ခန္ဓာပင်ဖြစ်၏။ လူပုဂ္ဂိုလ်နှင့် ၎င်း၏ ကိုယ်ခန္ဓာတို့မှာ ခွဲခြား၍ ရနိုင်ကောင်းသည် မဟုတ်ရကား 'ယောက်'၏ အချုပ်လိုရင်း အနက်မှာ လူပုဂ္ဂိုလ်ဖြစ်၏"။

ဤတွင် တယောက်၊ တချောင်း၊ တပါး-ကို သီးခြားခွဲ၍ကြည့်နိုင်၏။ ယောက်သည် အယောက်၊ ချောင်းသည် အချောင်း၊ ပါးသည် အပါးနှင့် အတူတူပင်ဖြစ်၏။ တစ် ဟူသော သင်္ချာပုဒ်ကို အယောက်ဟူသော နာမ်ပုဒ်နှင့် ပေါင်းစပ်၍ တယောက်ဟူသော သမာသ်ပုဒ်ဖြစ်သာ၏။ ထိုနည်းတူ တစ်+အချောင်း= တချောင်း၊ တစ်+အပါး= တပါး ဖြစ်သာ၏။ ထို့ကြောင့် တယောက်၊ တချောင်း၊ တပါးတို့သည် ပုဒ်ချင်းချဉ်းခြင်း၊ သင်္ချာရှေ့ရှိခြင်း ဟူသော ဒိဂုသမာသ်ပုဒ်များ ဖြစ်လေသည်။

နာမ်ပုဒ်ချင်းချင်း ချဉ်းလျှင် သမာသ်၊ ပုဒ်နှင့်ပစ္စည်းချဉ်းလျှင် တဒ္ဓိတ်၊ ဓာတ်နှင့် ပစ္စည်းချဉ်းလျှင် ကိတ်ဟု သဒ္ဒါစည်းကမ်း ရှိရကား တယောက်၊ တချောင်း၊ တပါး ဟူသောပုဒ်တို့သည် နာမ်ပုဒ်ချင်း ချဉ်းသောသမာသ်သာ ဖြစ်သောကြောင့် ယောက် (အယောက်)၊ ချောင်း (အချောင်း)၊ ပါး (အပါး)တို့သည်လည်း နာမ်ပုဒ်သာဖြစ်ကြောင်း ထင်ရှားလေပြီ။

ဤနည်းတူ အောက်ပါတို့သည်လည်း နာမ်ပုဒ်များပင် ဖြစ်လေသည်။

| နာမ်ပုဒ်များ | ပုံစံများ | (မြန်မာဒိဂုသမာသ်များ) |
|---|---|---|
| ခိုင်၊ အခိုင် | တခိုင်သောငှက်ပျော၊ | ငှက်ပျောတခိုင်၊ |
| ချပ်၊ အချပ် | တစ်ချပ်သောဖျာ၊ | ဖျာတချပ်၊ |
| ခွေ၊ အခွေ | တစ်ခွေသောကြိုး၊ | ကြိုးတခွေ၊ |
| စီး၊ အစီး | တစ်စီးသောကား၊ | ကားတစီး၊ |
| ဆောင်၊ အဆောင် | တစ်ဆောင်သောအိမ်၊ | အိမ်တဆောင်၊ |
| ဆူ၊ အဆူ | တစ်ဆူသော ဘုရား၊ | ဘုရားတဆူ၊ |
| တက်၊ အတက် | တစ်တက်သော ကြက်သွန်၊ | ကြက်သွန်တတက်၊ |
| တုံး၊ အတုံး | တစ်တုံးသော အသား၊ | အသားတတုံး၊ |
| ထုံး၊ အထုံး | တစ်ထုံးသောကြိုး၊ | ကြိုးတထုံး၊ |
| ပြွတ်၊ အပြွတ် | တစ်ပြွတ်သော အသီး၊ | အသီးတပြွတ်၊ |
| ဖုံ၊ အဖုံ | တစ်ဖုံသောဆေး၊ | ဆေးတဖုံ၊ |
| မျှင်၊ အမျှင် | တစ်မျှင်သောခြည်၊ | ခြည်တမျှင်၊ |
| လုံး၊ အလုံး | တစ်လုံးသောသစ်သီး၊ | သစ်သီးတလုံး၊ |
| လက်၊ အလက် | တစ်လက်သောထီး၊ | ထီးတလက်၊ |
| သိုက်၊ အသိုက် | တစ်သိုက်သောအပျို၊ | အပျိုတသိုက်၊ |
| အုံ၊ အအုံ | တစ်အုံသောပျား၊ | ပျားတအုံ၊ |
| အုပ်၊ အအုပ် | တစ်အုပ်သောဆွမ်း၊ | ဆွမ်းတအုပ်(စသည်) |

ယုဒသန်၏ မြန်မာအင်္ဂလိပ်အဘိဓာန်၌ ယောက်၊ ကောင်၊ ခိုင်၊ စီး စသော စကားလုံးတို့ကို 'အရေအတွက် အကူအညီစကား' ဟု သာမန်မျှသာ ဖော်ပြ၏။ သဒ္ဒါဉာဏ် မပါချေ။

အချို့က တယောက်၊ တကောင်၊ တစီးစသည်တို့ကို 'မျိုးပြပစ္စည်း' ဟု ဆိုကြ၏။ မသင့်ချေ။ ပစ္စည်းလည်းမဟုတ်၊ မျိုးပြလည်းမဟုတ်ပေ။

ဝေါဟာရတ္ထ ပကာသနီဆရာတော်ဘုရားက 'မြန်မာသဒ္ဒါပစ္စည်း' အကြောင်းကို ဤသို့အနက်ဖွင့်ထား၏။

ပစ္စည်းတမူကား – ပုဒ်နှင့်ကင်း၍လည်း မတည်၊
ပုဒ်၏ အနက် ဓာတ်၏ အနက်ကို လွတ်၍လည်း မဟော၊
ပုဒ်၏ ရှေ့ ဓာတ်၏ ရှေ့၌လည်း မတည်၊ နောက်၌သာ တည်၏။

ဤပစ္စည်း လက္ခဏာနှင့် စိစစ်လျှင် ဤသို့တွေ့ရ၏။

လူတယောက်၊ ခွေးတကောင်၊ ကားတစီး စသည်ဖြင့် ပုဒ်နှင့် အမြဲတွဲစပ်မနေပဲ တယောက်၊ တကောင်၊ တစီး စသည်ဖြင့် ပုဒ်နှင့် ကင်း၍ သူ့ချည်းလည်း တည်၏။ ထိုတွင်မျှမက အယောက်၊ အကောင်၊ အစီး ဟူ၍ပင် ထီးထီးနေနိုင်၏။

ယင်းသို့ ပုဒ်နှင့်ကင်း၍ တည်နိုင်သောကြောင့် ပုဒ်အနက်ကိုလွတ်၍ အနက်ကိုဟော၏။ သုံးပါးလောက၊ လောကသုံးပါး စသည်ဖြင့် ပုဒ်၏ ရှေ့၌လည်းကောင်း၊ နောက်၌လည်းကောင်း တည်နေနိုင်၏။ ထို့ပြင် လူနှစ်ဆယ်ယောက်ဟူ၍ လည်းကောင်း၊ လူအယောက် နှစ်ဆယ်ဟူ၍ လည်းကောင်း ရှေ့နောက်ဘည်၏။

ထိုသို့ ပစ္စည်းလက္ခဏာနှင့် မညီညွတ်သောကြောင့် ယောက်၊ ကောင်၊ စီး စသည်တို့ ပစ္စည်းမဟုတ်သည်မှာ ထင်ရှားပေ၏။

'မျိုးပြ' ဆိုသည်လည်း မဟုတ်ချေ။ ဘုန်းကြီးတပါး၊ လူတယောက် စသည်ဖြင့် ပြောဆိုရေးသားခြင်းသည် သုံးရိုးစွဲရိုး (USAGE) မျှသာ ဖြစ်၏။ တပါးက ဘုန်းကြီးဟူသောအမျိုးအစားကိုပြသည်။ တယောက်က လူ ဟူသော အမျိုးအစားကို ပြသည်မဟုတ်ပေ။ ထို့ကြောင့် အင်းဝ

ခေတ်၌ ခံုတော် မောင်ကျဖမ်းက မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန် လေးယောက်ကို ကိုးကားပြီး ဘုန်းကြီးတယောက်၊ ဘုန်းကြီးနှစ်ယောက် ဟုပင် သုံးနှုန်းခဲ့ဘူးလေပြီ။

အချုပ်ကား ကဝိလက္ခဏာဆရာ ဖော်ပြထားသော ပါဠိဒိဂုသမာသ်မှ မြန်မာဘာသာအဘွက် သဒ္ဒါဉာဏ်ရ၏။ ထိုဉာဏ်ကို အသုံးချကြည့်သော အခါ မြန်မာဘာသာ၌ ဒိဂုသမာသ်ရှိသည်ကို တွေ့ရ၏။ မြန်မာဒိဂု သမာသ်များတွင် ပါရှိသော ယောက်၊ ကောင်၊ ခိုင်၊ စီး စသောစကား လုံးတို့သည်လည်း ပစ္စည်း စကားများမဟုတ်ကြ။ သမာသ်ဝင် နာမ်ပုဒ် များသာဖြစ်ကြောင်း မှန်ကန်စွာ တွေ့ရပေသည်။ ဤကား ဦးဩ သတိ ပေးသည့် ကျေးဇူးပေတည်း။ ။

# ၉။ အန္တတ် ဗာဟျတ်၊ ယွင်းမချွတ်' ခပ်မှတ်ခုံနှစ်ပြင်

ပါဠိပုဒ်တခုခု၌ အန္တတ် ဗာဟျတ် ဟူသော အနက်တစုံသည် မချွတ် မယွှင်းပါရှိသည်။ တံဆိပ်ခတ်ထားသကဲ့သို့ လည်းကောင်း၊ အမှတ်အသား ပြုထားသကဲ့သို့လည်းကောင်း၊ ပီပြင်ထင်ရှားစွာ ပါရှိမြဲ ဖြစ်လေသည်။

## ဖွင့်ဆိုရှင်းလင်းချက်

အန္တတ်၊ ရင်းမြစ်ကား – အန္တတ္ထ(ပါ) အန္တ+အတ္ထ

အန္တ=အတွင်း၊ အတ္ထ+အနက်၊

အတွင်းကျသော အရင်းခံအနက်ကို အန္တတ္ထ (ဝါ) အန္တတ်ဟု ခေါ်သည်။

ဗာဟျတ်–ဗာဟျတ္ထ (ပါ) ဗာဟိယ၊ ဗာဟိရ+အတ္ထ၊

ဗာဟိယ=ဗာဟိရ=အပ=ပြင်ပ၊

အတ္ထ + အနက်

အပြင်အနက်ကို ဗာဟျတ္ထ (ဝါ) ဗာဟျတ် ဟုခေါ်၏။ ဗာဟိယ သို့မဟုတ် ဗာဟိရ မှ ယ၊ ရ ချေ၊ ဥ ကို ‐ျ ပြုက ဗာဟျတ္ထဖြစ်၏။ ထ ကို ချေ၊ တ ကို တံခွန်လွှားသော် ဗာဟျတ် ဟူသော ပါဠိသက် မြန်မာဝေါဟာရကို ရသည်။

ဤတွင် အန္တ၊ အန္တတ္ထ၊ ဗာဟျ၊ ဗာဟျတ္ထ ဟူ၍ လေးမျိုး ခွဲခြား၍ သဒ္ဒါစာစပ်နိယံကျမ်းများ၌ ဖော်ပြကြ၏။ ခွဲပုံမှာ–

| | |
|---|---|
| ခါတ်သည် | အန္တ |
| ခါတ်၏အရ(ခါတ်နက်)သည် | အန္တတ္ထ(အန္တတ်) |
| ပစ္စည်း သည် | ဗာဟျ |
| ပစ္စည်း၏အရသည် | ဗာဟျတ္ထ(ဗာဟျတ်) |

ခါတ်နက်-အန္တ၊ ဗာဟျ-ပစ္စည်း၊ သွားနည်းတဖုံ၊
တွေ့မြင်ကြုံ၊ ဂုဏ်နှင့်ဂုဏေး၊ အမည်ပေး။
(တွင်းကြီးနိယံ)။

ခါတ်သည် တွာ စသော ကိတ်ပစ္စည်း၊ တိ စ သောအာချတ် ဝိဘတ်တို့နှင့် ယှဉ်၏။

ပုံစံ – ဂမုခါတ် – ဂန္တွာ (ဂမုခါတ်+တွာပစ္စည်း)
ဂစ္ဆတိ (ဂမုခါတ်+တိ ဝိဘတ်)

ထိုခါတ်၏အရ ကောက်ယူရမည့်အရာကို အန္တတ္ထ။ တွာ၊ တိ စသော ပစ္စည်းဝိဘတ်၏အရ ကောက်ရသည့် အရာကို ဗာဟျတ္ထ ဟူလိုသည်။

လေးရပ်ခွဲပုံ – ပုရိသော ဂစ္ဆတိ၊ ယောကျ်ားသွား၏။

ပုရိသောကား ပုရခါတ်၊ ဣသပစ္စည်း၊ သိ ဝိဘတ်။
ဂစ္ဆတိကား- ဂမုခါတ်၊ အ ပစ္စည်း၊ တိ ဝိဘတ်။

| | | |
|---|---|---|
| ပုရိသော၌ – | ပုရ် ခါတ်သည် | အန္တ။ |
| | ပြည့်ခြင်း အနက်သည် | အန္တတ္ထ။ |
| | ဣသပစ္စည်းသည် | ဗာဟျ။ |
| | ပြည့်စေသော ယောကျ်ား အနက်သည် | ဗာဟျတ္ထ။ |
| ဂစ္ဆတိ၌ – | ဂမုခါတ်သည် | အန္တ။ |
| | သွားခြင်း အနက် ကြိယာသည် | အန္တတ္ထ။ |
| | တိ ဝိဘတ်သည် | ဗာဟျတ္ထ။ |
| | ကတ္တားအနက်သည် ဗာဟျတ္ထ။ | |

ထို့ပြင် ဝိသေသနပုဒ်တို့၌ ဂုဏ် ကိုလည်း အန္တတ္ထ ယူသေး၏။

၌ အန္တတ်၊ ဗာဟျာတ် ခွဲခြားမှုသည် ဝါကျတွင်းရှိ ပုဒ်တပုဒ်နှင့် တပုဒ် ဆက်စပ်မှုကို ရှာဖွေရာ၌ အသုံးဝင်၏။ ပုဒ် တပုဒ် နှင့် တပုဒ် ဆက်စပ်မှုပြုသည်ကို 'စာစပ်သည်' ဟု ဆို၏။ စာစပ်မှန်ကန်မှုသည် အဓိပ္ပာယ်မှန်၊ အနက်မှန် သိရှိနားလည်ရေးအတွက် လွန်စွာ အရေးပါလေသည်။ ထို့ကြောင့် ဘုန်းကြီးကျောင်း ပါဠိသင်ကြားနည်းစနစ်၌ စာစပ်ကို အလေးဂရုပြုပြီး လေ့ကျက်ခိုင်းလေသည်။

အန္တတ် ဗာဟျာတ် စပ် စာစပ်နိယံ[၁] –

(၁) သုံးပါး ကြိယာ၊ အန္တတ္ထာ၊ စပ်ရာချင်းတို့ချင်း။
(၂) ဝိသေသနာ၊ အန္တတ္ထာ၊ စပ်ရာ ဗာဟိရတ္ထချင်း။
(၃) နိဒ္ဒါရဏာ၊ သမ္ဗန္ဓာ၊ စပ်ရာ ဗာဟိရတ္ထချင်း။
(၄) ဟိတ်ပေါင်းကိုးဖြာ၊ လက္ခဏာ၊ ခြောက်ဖြာ ကာရက။
(၅) ဗာဟျတ္ထ၊ စပ်ကြလေရာ၊ အန္တတ္ထာ၊ စပ်ရာသည်တွင်မင်း။

## နိယံများ ရှင်းလင်းချက်

၁။ သုံးပါးကြိယာ (ဝါ) ကြိယာသုံးပါးတို့ကား ပုဗ္ဗကာလကြိယာ၊ အပရကာလကြိယာနှင့်သမာနကာလကြိယာတို့ပေတည်း။ ကြိယာ နှစ်ခုဖြစ်ရာတွင် တခုက အလျင်၊ တခုက နောက်ဖြစ်ခဲ့သော် အလျင်ဖြစ်သော ကြိယာသည် ပုဗ္ဗကာလကြိယာ၊ နောက်မှဖြစ်သော ကြိယာသည် အပရကာလကြိယာ မည်၏။ ကြိယာနှစ်ခု တပြိုင်နက်ဖြစ်လျှင် သမာနကာလ ကြိယာဟု ခေါ်၏။
ပုံစံ – ဒွါရံ ဝိဝရိတွာ နိက္ခမိ၊ တံခါးကိုဖွင့်၍ ထွက်၏။

၌၌ ဖွင့်ပြီးမှထွက်ရသည်။ ထို့ကြောင့် ဖွင့်ခြင်းကြိယာ 'ဝိဝရိတွာ' သည် ပုဗ္ဗကာလကြိယာတည်း။ ထို ရှေ့ကြိယာသည် နောက်ကြိယာအား အထူးပြုသည့် သဘောလည်းရောက်၍ ဝိသေသနဖြစ်၏။ ဖွင့်ခြင်း၊

---

၁။ နိယာမ သမ္မာဟဒီပနီကျမ်း၊ ဇမ္ဗူမိတ်ဆွေ ပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၄၁-ခု။

ထွက်ခြင်းကြိယာ အနက်သည် အန္တတ္ထဖြစ်၏။ စာစပ်ရန်မှာ ထိုအန္တတ္ထ ဖြစ်သော ကြိယာချင်းစပ်ရာ၏။

ဝိဝရိတ္တွာကား နိက္ခမိ ၌ ပုဗ္ဗကာလကြိယာ ဝိသေသန၊ နိက္ခမိကား အပရကာလကြိယာ ဝိသေသျ အဖြစ်ဖြင့်စပ်၏။

ဒွါရံ ပိဒဟိတွာ နိက္ခမိ၊ တံခါးကို ပိတ်၍ထွက်၏။ အမှန်က ထွက်ခြင်းကအလျင်၊ ပိတ်ခြင်းက နောက်တည်း။ ထို့ကြောင့်ပိဒဟိတွာသည် အပရကာလ ကြိယာတည်း။

ဒဏ္ဍော ထက္ကစ္စ ပကတိ၊ တုတ်သည် တထစ်ထစ်မြည်၍ ကျ၏။ ဤ၌ မြည်ခြင်းနှင့် ကျခြင်း တချိန်တည်းဖြစ်၏။ ထို့ကြောင့် သမာနကာလ ကြိယာဖြစ်၏။

၂။ ဝိသေသနပုဒ်၌ ဂုဏ်သည် အန္တတ္ထဖြစ်၏။ သေဋ္ဌ၊ မြတ်သော ဟူသောပုဒ်၌ အမြတ်ဂုဏ်သည် အန္တတ္ထ၊ တပစ္စည်း အနက်သည် ဗာဟျတ္ထ ပေတည်း။ သေဋ္ဌံ ဗုဒ္ဓံ၊ ချီးမွမ်းအပ်သော မြတ်စွာ ဘုရား ဟူရာ၌ သေဋ္ဌံမှ တပစ္စည်းသည် ဗာဟျတ္ထ၊ ဗုဒ္ဓံမှ တ ပစ္စည်းလည်း ဗာဟျတ္ထ။ ယင်းတို့ချင်းစပ် ဟူလို။ အာချာတ် ကြိယာသည် ဘုရင်မင်းမြတ်နှင့် တူ၏။ ကိတ်ကြိယာပစ္စည်းသည် အိမ်ရှေ့မင်းသားနှင့်တူ၏။ ထို့ကြောင့် ဗုဒ္ဓံ ၌ ကိတ်ပစ္စည်း ဟူသော ဗာဟျတ္ထ အိမ်ရှေ့မင်း၌ စပ်အပ်၏ ဟူလို။

ဆိုလိုသည်ကား- ‘ဗုဒ္ဓံ’သည် ကိတ်ပုဒ်တည်း။ ဗုဓ ဓာတ်၊ တ ပစ္စည်း ဖြင့် ပြီး၏။ ဗုဓ ဓာတ်အရ ဘုရားရှင်၏ အသိဉာဏ် ဟူသောဂုဏ်ကိုရ၏။ တ ပစ္စည်းအရ အသိဉာဏ်ရှိသော ဘုရားဒြပ်တော်ကိုရ၏။ ဓာတ်အရ အသိဉာဏ်ကား အန္တတ္ထ၊ အတွင်းအနက်။ ပစ္စည်းအရ ဒြပ်ကား ဗာဟျတ္ထ၊ အပြင်အနက်ပေတည်း။

သေဋ္ဌံ ဗုဒ္ဓံဟူသောစကားရပ်၌ စာစပ်လိုသောအခါ ‘သေဋ္ဌံ၊ မြတ်သော’ ဟူသော ဝိသေသနကို ဗုဒ္ဓံ ၌ စပ်ရန်ဖြစ်၏။ စပ်သောအခါ ‘မြတ်သော ဉာဏ်’ဟု စပ်လိုသော် အန္တတ္ထကို စပ်ခြင်းမည်၏။ မြတ်သော ဘုရားဟု စပ်လိုသော် ဗာဟျတ္ထကို စပ်ခြင်းမည်၏။

သေဋ္ဌံ ဗုဒ္ဓံ နှစ်ပုဒ်၌ ဘုရင်မင်းမြတ်နှင့်တူသော အာချတ်ကြိယာမပါ၊ ဗုဒ္ဓံကား ကိတ်ပုဒ်ဖြစ်၍ အိမ်ရှေ့မင်းနှင့်တူ၏။ ထို့ကြောင့် အိမ်ရှေ့မင်း (တ ပစ္စည်း)၌ပင် စပ်ပါဟူလို။

၃။ အပေါင်းထဲမှ အစိတ်ကိုထုတ်ခြင်း နိဒ္ဓါရဏ၊ တခုနှင့်တခု ဆက်စပ်ခြင်း သမ္ဗန်တို့သည် ပညတ်သဘောဖြစ်၍ ဗာဟိရသာ တည်း။ ထို ဗာဟိရတ္ထချင်း စပ်အပ်၏ ဟူလို။

ပုံစံ - သာဝကေသု အာနန္ဒော ဗဟုသုတော။
သာဝကေသု၊ သာဝကတို့တွင်။ အာနန္ဒော၊ ရှင်အာနန္ဒာသည်။ ဗဟုသုတော၊ ဗဟုသုတရှိ၏။ ဤ သာဝကေသု ဟူသော နိဒ္ဓါရဏီယ စကား၌ သာဝကအပေါင်း ဟူသော ပညတ် ဗာဟျတ္ထသည် ရှင်အာနန္ဒာဟူသော နိဒ္ဓါရဏ အစိပ် ပညတ် ဗာဟျတ္ထ၌ စပ်၏။

မနုဿာနံ သမူဟော။ မနုဿာနံ၊ လူတို့၏။ သမူဟော၊ အပေါင်း။ မနုဿာ နံ ၌ ဆက်စပ်မှုဟူသော ဘာဝပညတ် ဗာဟျတ္ထသည် သမူဟော ဟူသော အပေါင်း ပညတ် ဗာဟျတ္ထ၌စပ်၏။

၄။ 'ဟိတ်ပေါင်းကိုးဖြာ'အရ ဟိတ်ကိုးမျိုးကား- နာနာဟိတ်၊ ပရမ္ပရဟိတ်၊ ပစ္စေကဟိတ်၊ ဇနကဟိတ်၊ ဉာပကဟိတ်၊ သမ္ပာပကဟိတ်၊ သဘာဝ ဉာပကဟိတ်၊ ဗျတိရေ ကဉာပကဟိတ်၊ ကာရိယ ဉာပကဟိတ် တို့တည်း။ ထိုဟိတ်တို့နှင့် လက္ခဏာအနက် ကာရက ခြောက်ပါးတို့သည် ဗာဟျတ္ထမည်၏။ ထိုဗာဟျတ္ထတို့ကို ကြိယာဟူသော အန္တတ္ထ၌ စပ်အပ်၏ ဟူလို။

ပုံစံ - ဗီဇာယ အင်္ကုရော ဇာယတိ။ မျိုးစေ့ကြောင့် အညွန့် ဖြစ်၏။ ဤတွင် 'မျိုးစေ့ကြောင့်' သည် ဟိတ်တည်း။ ထို ဗီဇာယ ဟူသော ဟိတ်ဗာဟျတ္ထ သည် ဇာယတိ ကြိယာ အန္တတ္ထ၌ စပ်အပ်၏။ မျိုးစေ့ကြောင့် ဖြစ်၏ ဟူလို။

ကျန်သော အနက်များ၌လည်း ဤနည်းတူပင် ဖြစ်၏။

အချင်းချင်းငုံ့ခြင်း၊ စပ်ခြင်းရှိသော ပုဒ်အပေါင်းကို ဝါကျ^၁ဟုဆို၏။ ထိုဝါကျတွင်းရှိ ပုဒ်အချင်းချင်း ဆက်စပ်ပုံကို အတွင်းအနက် (အန္တတ်)၊ ပြင်ပအနက် (ဗာဟျုတ္တ) ဆိုက်အောင် ပြသခြင်းသည် ပါဠိသဒ္ဒါ၏ လေးနက်သောနည်းစနစ်တရပ်ဖြစ်လေသည်။ ထို့ကြောင့်ပင် စိန္တကျော်သူ ဦးသြသည် ဤအန္တတ် ဗာဟျုတ်စာစပ်ကို တန်ဖိုးထားပြီး ထည့်သွင်း ဖော်ပြခြင်း ဖြစ်လေရာသည်။

---

၁။ သဒ္ဒတ္ထ ဘေဒစိန္တာ။

# ၁၀။ ကတ်ကတ်သတ်သတ်၊ ကျမ်းအာချာတ်၊ ဝိဘတ်ရှစ်သွယ်စသည်

ကစ္စည်းသဒ္ဒါကျမ်းတွင် ပါသော အာချာတ်ကျမ်း၌ ကတ်ကတ် သတ်သတ် နိုက်နိုက် ချွတ်ချွတ် လေ့လာသိရှိအပ်သော ကြိယာဝိဘတ် ရှစ်သွယ်တို့ကို အကုန်အစင် မချန်မချွင်း ထင်လင်းစွာ ပြဆိုထား လေသည်။

ဖွင့်ဆိုရှင်းလင်းချက်

**ကတ်သတ်** ဟူသော စကားသည် ခက်ခဲခြင်း၊ ခဲယဉ်းခြင်းအနက်ရှိ၏။ ဤတွင် "ကတ်"သည် စကားရင်းတည်း။ ဤကဝိလက္ခဏာ သတ်ပုံ တွင်ပင် –

ဆယ်ပါးပုတ်ခတ်၊ တရားကတ်၊ ဖြတ်လေပညာရှင်။ (၁၀၀၂)ဟု 'ကတ်'အနက်ကိုပါ ပြည့်ရှန်းထား၏။ ကတ်လတ် ဟူသောစကား၌'လတ်' သည် 'ကန့်လန့်' ၌ 'လန့်'ကဲ့သို့ စကားပိုး မျှသာဖြစ်ကြောင်း ဆိုသည်[၁]။ ထိုနည်းတူ 'ကတ်သတ်' ၌ 'သတ်'သည်လည်း စကားတန်ဆာမျှသာ ဖြစ်၏။ ယင်းကတ်သတ်ကိုပင် ကတ်ကတ် သတ်သတ် ဟု နှစ်ကြိမ်စီ ထပ်၍ ဆိုခြင်းဖြစ်သည်။ 'ခဲယဉ်း'ကို ခဲခဲယဉ်းယဉ်း၊ 'ကြောင့်ကြ'ကို ကြောင့်ကြောင့်ကြကြ ဆိုသကဲ့သို့ ဖြစ်သည်။ ပရိယာယ် နှစ်ချက်ဆင့် အနက်မြင့် ဆိုသည့်အတိုင်း အနက်ကို လေးနက်စေသည်။

ကျမ်းအာချာတ်ဟူသည် ကစ္စည်းသဒ္ဒါကြီးကျမ်းလာ ခြောက်ခု မြောက်ကျမ်းတည်း။ ကစ္စည်းသဒ္ဒါကျမ်း၌ သန္ဓိကပ္ပ၊ နာမကပ္ပ၊ ကာရက ကပ္ပ၊ သမာသကပ္ပ၊ တဒ္ဓိတကပ္ပ၊ အာချာတကပ္ပ၊ ကိတကပ္ပ၊ ဥဏာဒိ ကပ္ပ ဟူ၍ 'ကပ္ပ'ရှစ်မျိုးပါဝင်၏။ 'ကပ္ပ'ကို ကျမ်းဟူ၍ နိဿယဆရာ တော်များ အနက်ပြန်ဆိုကြ၏။

---

၁။ ဝေါဟာရတ္ထပကာသနီ။

ပုံစံ – သန္ဓိကပ္ပေါ နိဋ္ဌိတော။
သန္ဓိကပ္ပေါ၊ သန္ဓိကျမ်းသည်။ နိဋ္ဌိတော၊ အပြီးသို့ ရောက်ပြီ။

ထို့ကြောင့် 'ကစ္စာယနပကရဏ'ဟု ခေါ်သော ကစ္စည်းသဒ္ဒါကျမ်း၌ ကပ္ပကျမ်းပေါင်း ရှစ်မျိုးပါဝင်ကြောင်း သိရ၏။

နိဿယမြန်မာပြန်ဆရာများသည် ကပ္ပကိုလည်း 'ကျမ်း'ဟု မြန်မာပြန်ကြသည်။ 'ပကရဏ'ကိုလည်း ကျမ်းဟုပင် ပြန်ဆိုကြသည်။ မြန်မာအနက်အရသော် 'ကျမ်း'ဟူသော အနက်ချင်းတူနေသည်။ သို့ရာတွင် ကပ္ပသဒ္ဒါသည်–

ကာလဟူသောအနက်၊ ကတ ယုဂ်လေးပါးဟူသော အနက်၊ အမြွက်ဟူသော အနက်၊ နာမ ပညတ်ဟူသော အနက်၊ အပိုင်းအခြားဟူသော အနက်၊ အာယုကပ်ဟူသောအနက်၊ အတူဟူသောအနက်၊ ရဟန်းတို့ ကပ္ပိခြင်း ကပ္ပဗိန္ဒု အနက်၊ ထက်ဝန်းကျင်အနက်၊ အနဂ္ဃရကပ်စသော အနက်၊ ကြံစည်ခြင်းအနက်၊ စီရင်ခြင်းအနက် ဟူသော အနက်(၁၂)မျိုးကို ဖော်ပြရာတွင်[၂]–

အပိုင်းအခြားဟူသော အနက်ဖြစ်သင့်၏။ သို့ဖြစ်၍ သန္ဓိကပ္ပ စသည်ကို 'ကျမ်း'ဟု ရှေးဆရာတို့ အနက် မြန်မာ ပြန်ဆိုကြသော်လည်းဂန္ထဆိုသော 'ကျမ်းဂန်' အဆင့်မျိုးမဟုတ်။ အပိုင်းအခြားကလေးမျှသာ ဖြစ်သည်ဟု ယူသင့်၏။ သန္ဓိကပ္ပဆိုလျှင် ကစ္စည်းကျမ်း (ကစ္စာယန ပကရဏ)၌ ပါသော သန္ဓိအပိုင်းအခြားဟု သိရသည်။ အာချာတကပ္ပ စသည် နည်းတူပင်။

'ပကရဏ' သဒ္ဒါမူကား နိဒါန်း၊ နိဂုံးစုံလင်သော ကျမ်းဂန်ဟူသော အနက်ကိုပြ၏။ ကစ္စည်းသဒ္ဒါကြီးကို တကျမ်းလုံးရည်ညွှန်းပြီး 'ပကရဏ' ဟု ဆရာတို့ အသုံးပြုကြ၏။

---

၁။ သပြေကန်သဒ္ဒါကြီးနိဿယသစ်။ ၂။ ပါဠိအဘိဓာန်၊ ဂါထာ–၇၉၉။

ဠမဓာပိ၊ ဤအာကာရန္တပဒမာလာ၌လည်း။

ပကရဏ ဒွယေန၊ ကစ္စည်း၊ စူဠနိရုတ္တိကျမ်းနှစ်စောင် နည်းဖြင့်[၁]။ ဤအထိကား အာချာတ်ကျမ်းဟု သုံးစွဲမှုနှင့် ပတ်သက်၍ ဖွင့်ဆိုချက်တည်း။

ကစ္စည်းကျမ်း၌ သန္ဓိကပ္ပဖြင့် ပုဒ်အချင်းချင်း ဆက်စပ်ပုံကို ပြ၏။ နာမကပ္ပ၊ သမာသကပ္ပ၊ တဒ္ဓိတကပ္ပတို့ဖြင့် နာမ်ပုဒ်များ တည်ဆောက်ပုံကိုပြ၏။ ကာရက ကပ္ပဖြင့် ဝါကျတည်ဆောက်ရန်အတွက် နာမ် ဝိဘတ်တို့၏ အစီအရင်ကိုပြ၏။

နာမ်အခန်းကို စီရင်ပြီးနောက် ကြိယာပုဒ်တို့၏ သဒ္ဒါအစီအရင်ကို ပြဆိုလိုသောကြောင့် အာချာတ်ကျမ်းကို ဆက်လက်ပြုစုတော်မူသည်။ ယင်းသို့ ပြုစုရာတွင် ကျမ်းရင်းစာသားကို မရေးသားမီ တင်ကူး၍ အာချာတ်ကျမ်း၏ နက်နဲ ခက်ခဲပုံကိုလည်းကောင်း၊ အာချတ်ကျမ်း၌ ပါဝင်သည့် အချက်အလက်တို့ကို လည်းကောင်း၊ စာသင်သားတို့အား ကြိုတင်အသိပေးတော်မူသည်။

## အာချာတ်သမုဒ္ဒရာ

ယင်းသို့ အသိပေးရာတွင် အလင်္ကာဂုဏ် မြောက်လှစွာ ကျမ်းအာချာတ်ကို သမုဒ္ဒရာနှင့် တင်စားလျက် အောက်ပါအတိုင်း ဖော်ပြထားလေသည်။

အာချာတ်ကျမ်းသည် မဟာသမုဒ္ဒရာနှင့်တူပါသည်။ ထိုအာချာတ်သမုဒ္ဒရာ၌ အဇ္ဈတ္တနိ ဝိဘတ် အစရှိသည်ဖြင့် ဝိဘတ် ရှစ်မျိုးတည်းဟူသော လှိုင်းတံပိုးလည်းထန်ပါသည်။ ဓာတ်တည်းဟူသောရေပြင်လည်း ကျယ်ပါသည်။ ဝိကရဏပစ္စည်း အာဂုံကာလတည်း ဟူသော ငါးမျိုးစုံတို့လည်း ကျက်စားလျက်ရှိပါသည်။ အနုဗန်ဖြစ်သော ဏအက္ခရာ

---

၁။ သဒ္ဒနီတိ ပဒမာလာနိဿယ၊ (နှာ–၄၅၂)

ကျေခြင်းစသော ရွှံ၊ ညွန်လည်း တူကပ်ပါသည်။ သို့ရာတွင် အနက်ကို ဝေဘန်ရာ သဒ္ဒါတည်းဟူသော ကမ်းမူကား အမှန်ရှိပါသည်။ ထို အာချာတ်ကြိယာ မဟာသမုဒ္ဒရာကို နှစ်သက်ဖွယ်သော စကားကို ဆို တတ်ကြကုန်သော ခိုင်ခံ့သော ပညာရှိတို့သည် မိမိတို့၏ ကြီးခိုင် ကျယ်ပြောသော ဉာဏ်ပညာတည်းဟူသော လှေ သင်္ဘောဖြင့် တဖက် ကမ်းသို့ ပေါက်ရောက်အောင် ကူးမြောက်နိုင်ကြပါသည်။

ထိုအာချာတ် ကျမ်းသည် ဆန်းကြယ်သောကြိယာတို့ဖြင့် ခြံရံသော ကျမ်းလည်း ဖြစ်၏။ ကျယ်လည်း ကျယ်ဝန်းလှ၏[၁]။

ဤတွင် အရာအားလျော်စွာသော အာချာတ် အဓိပ္ပာယ်နှင့် လိုင်း တံပိုးသဖွယ်ဖြစ်သော ဝိဘတ်ရှစ်သွယ်အကြောင်းကို ဆက်လက် ဖြေဆို ပါအံ့။

## အာချာတ်အဓိပ္ပာယ်

အာချာတ (ပါ) အာ+ ချာဓာတ် + တပစ္စည်း
ကြိယံ အာချာယတီတိ အာချာတံ ဟု ဝိဂ္ဂြိုဟ်ပြုအပ်၏။

**အနက်ကား**

ကြိယံ၊ ကြိယာကို။ အာချာယတိ၊ ဟောတတ်၏။ ဣတိ၊ ထို့ကြောင့်။ အာချာတံ၊ အာချာတ်မည်၏။ ကြိယာကို ဟောတတ်သောကြောင့် တိ၊ အန္တိ စသော ဝိဘတ်တို့သည် အာချာတ်မည်၏ ဟူလို။

ဤဝိဂ္ဂြိုဟ်အရ အာချာတ် ဟူသည် တိ၊ အန္တိ စသော ဝိဘတ်ပင်တည်း။ တိ အန္တိ စသော ဝိဘတ်ကို အာချာတ် ဟူ၍ ခေါ်သည်ဟု အဓိပ္ပာယ် ရောက်၏။

သို့သော် ပုရိသော မဂ္ဂံ ဂစ္ဆတိ စသော ပုံစံ၌–

ပုရိသော၊ ယောကျ်ားသည်။ မဂ္ဂံ၊ ခရီးကို။ ဂစ္ဆတိ၊ သွား၏။

---

၁။ ကစ္စည်းသဒ္ဒါကျမ်း အာချာတကပ္ပ အဖွင့်စကားဦး။

ဆိုရာတွင် 'ဂစ္ဆတိ' ဟူသော ကြိယာပုဒ်၌ 'တိ'ဝိဘတ်သည် ပုရိသော ဟူသော ကတ္တားကိုသာ ဟော၏။ သွားခြင်း ဟူသော ကြိယာကို မဟော။ ဂစ္ဆ (ဂမုဓာတ်)သည်သာ သွားခြင်းဟူသော ကြိယာ အမူအရာကို ပြ၏။ ထိုသို့ 'တိ' ဝိဘတ်သည် ကြိယာကို မဟောမညွှန်သောကြောင့် ဝိဘတ်ကို အာချာတ်မခေါ်သင့်။ ဤသို့ မေးစရာရှိ၏။

အဖြေကား–သွားခြင်း ကြိယာသည်ဂစ္ဆတိ ဟူသော ပုဒ်ဖြစ်ပေါ်လာစေသည့်အကြောင်း (ဗျုပ္ပတ္တိနိမိတ်)ဖြစ်၏။ ထို သွားခြင်း ကြိယာသည် အခြား၌တည်၏။ ပုရိသော ဟူသော ယောကျ်ား၌ပင် တည်၏။ တနည်းဆိုသော် ကြိယာသည် ကတ္တားနှင့်မကင်း။ (ဝါ) ဓာတ်နှင့် ဝိဘတ်မကင်းစကောင်း၊ သို့မကင်းသောကြောင့် တိဝိဘတ်သည် ပုရိသော ဟူသော ကတ္တားကို ဟောညွှန်ယင်း ကြိယာကိုလည်း ဟောရာရောက်ပေသည်။ မကင်းရာကို ဆိုသဖြင့် မကင်းတတ်သည်ကိုလည်း ရသော နာနန္တရိက နည်းတည်း။ သို့အတွက် တိ စသော ဝိဘတ်သည် ကြိယာကိုပါ ဟောညွှန်သည်မည်၏။ ဤသို့ ကြိယာကို ဟောသောကြောင့် အာချာတ်မည်နိုင်၏ ဟူလို။

တနည်းအားဖြင့် ပဓာနဘာဝေန ကြိယံ အာချာယတီတိ အာချာတံ ဟု ဝိဂ္ဂဟ်ပြုအပ်၏။ ပဓာနဘာဝေန၊ လွန်စွာပြဋ္ဌာန်းသည်၏အဖြစ်ဖြင့်။ ကြိယံ၊ ကြိယာကို။ အာချာယတိ၊ ဟောတတ်၏။ ဣတိ၊ ထို့ကြောင့်။ အာချာတံ၊ အာချာတ်မည်၏။ ကတ္တား၊ ကံကိုဟောသည် ဆိုသော်လည်း ပဓာနအားဖြင့် ဟောသည်မဟုတ်။ ကြိယာကိုသာ ပဓာနအားဖြင့် ဟောသောကြောင့် အာချာတ်မည်၏။

ဤနည်းအရ ဂစ္ဆတိ၊ ဂမိယ တေ စသော ကြိယာပုဒ်တခုလုံးကို အာချာတ်ဟုဆိုရပေသည်။ ထိုပုဒ်တို့သည် ကြိယာဝိသေသဒြပ်ကို ပဓာန ဟော၏။ ကတ္တား၊ ကံ အနက်ကို အပ္ပဓာန ဟော၏။

အကျဉ်းချုပ်ဆိုရသော် ပထမနည်းအရ တိ၊ အန္တိ စသောဝိဘတ်တို့ကို အာချာတ်ဟု ခေါ်၏။ ဒုတိယနည်းအရ ဂစ္ဆတိ၊ ဂစ္ဆန္တိ စသောကြိယာ

ပုဒ်တို့ကို အာချာတ်ဟု ခေါ်၏။ ပထမနည်းကား ဥပစာ စကား၊ ဒုတိယနည်းကား မုချစကားတည်း။

## ဝိဘတ်အဓိပ္ပာယ်

ဝိဘတ္တိ ပုဒ်ရင်း၊ ဝိ + ဘဇဓာတ် + တိပစ္စည်း

ကာလာဒိဝသေန ဓာတွတ္ထံ ဝိဘဇန္တီတိ ဝိဘတ္တိယော ဟု ဝိဂ္ဂြိုဟ်ပြု။

ကာလာဒိဝ သေန၊ အတိတ်စသော ကာလတို့၏ အစွမ်းအားဖြင့်။ ဓာတွတ္ထံ၊ ဓာတ်၏အနက်ကို။ ဝိဘဇန္တိ၊ ဝေဘန်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဝိဘတ္တိယော၊ ဝိဘတ်တို့မည်၏။ ကာလ စသည်တို့ဖြင့် ဓာတ်အနက်ကို ဝေဘန်ဖော်ပြတတ်သောကြောင့် ဝိဘတ်မည်၏ ဟူလို။

ဝေဘန်ပုံကား ဤသို့တည်း။ ပုံစံ-ပစဓာတ်၊ ပစ= ပါကေ။ ပစ၊ ပစ ဓာတ်သည်။ ပါကေ၊ ချက်ခြင်း အနက်၌ဖြစ်၏။ ဤကား ဓာတ်နက်တည်း။

ပစ၊ ချက်ခြင်းဟူ၍ ဓာတ်ချည်း သက်သက်ဆိုသော် ထိုချက်ခြင်းသည် ချက်ပြီးလော၊ ချက်ဆဲလော၊ ချက်လတ္တံ့သော ဟူ၍ ကာလပိုင်းခြင်း မသိသာ၊ သို့မဟုတ် သူချက်သလော၊ သင်ချက်သလော၊ ငါချက် သလော ဟူ၍ ချက်သူ(ယောဂ) အားဖြင့်လည်း မသင်ရှား၊ ထို့ပြင် တယောက်ထဲချက်သလား၊ အများချက်သလားဟူ၍ အနည်းအများ ဧကဝုစ်၊ ဗဟုဝုစ်သည်း မပေါ်လွင်။ သို့အတွက် ပစဓာတ်၌ တိစသော ဝိဘတ်ကိုတွဲပေးလိုက်၍ ပစတိဟု ပုဒ်ပြီးလာသောအခါ တိဝိဘတ်က ချက်ဆဲဖြစ်ကြောင်း ပစ္စုပ္ပန်ကာလကိုပြ၏။ သူချက်သည်ဟု နာမယောဂကိုပြ၏။ တယောက်ထဲချက်သည်ဟု ဧကဝုစ်စကားကို သိစေ၏။ ထိုနည်းတူ အန္တိဝိဘတ်ဆက်ပေးပြီး ပစန္တိ ဟု ဖြစ်လာရာတွင် လည်းကောင်း၊ အနာဂတ် ဝိဘတ်ဆက်၍ ပစိဿတိဟု ဖြစ်လာရာတွင် လည်းကောင်း၊ အပစိံ ဟု အတိတ်ဝိဘတ်ဖြင့် ပုဒ်ပြီးရာတွင် လည်းကောင်း၊ တိ၊ အန္တိ စသော စကားလုံးတို့က ဓာတ်၏အနက်ကို သက်ဆိုင်ရာကာလ

ယောဂ၊ ဝုစ်တို့ဖြင့် ဝေဘန်သွားလေသည်။ ထိုသို့ ဝေဘန်ခြင်းကပြုတတ်သောကြောင့် ဝိဘတ္တိ= ဝိဘတ်ဟုခေါ်ခြင်း ဖြစ်လေသည်။

## အာချာတ်ဝိဘတ် ရှစ်သွယ်

ကစ္စည်းသဒ္ဒါကြီးကျမ်းအရ အာချာတ်ဝိဘတ် ရှစ်မျိုးရှိ၏။ ၎င်းတို့ကား အောက်ပါတို့ပင် ဖြစ်ကြ၏။

၁။ ဝတ္တမာန် ဝိဘတ်။
၂။ ပဉ္စမီဝိဘတ်။
၃။ သတ္တမီ ဝိဘတ်။
၄။ ပရောက္ခာဝိဘတ်။
၅။ ဟိယျတ္တနီ ဝိဘတ်။
၆။ အဇ္ဇတနီ ဝိဘတ်။
၇။ ဘဝိဿန္တိ ဝိဘတ်။
၈။ ကာလာတိပတ္တိ ဝိဘတ်။

ထိုဝိဘတ်ရှစ်မျိုးတို့တွင် ဝတ္တမာန်၊ ပဉ္စမီ၊ သတ္တမီ၊ ဤဝိဘတ်သုံးမျိုးကို ပစ္စုပ္ပန်ဝိဘတ်။ ပရောက္ခာ၊ ဟိယျတ္တနီ၊ အဇ္ဇတနီ၊ ဤဝိဘတ်သုံးမျိုးကို အတိတ်ဝိဘတ်။ ဘဝိဿန္တိ ဝိဘတ်ကို အနာဂတ် ဝိဘတ်ဟုခေါ်၏။ ကာလာတိပတ္တိ ဝိဘတ်မူကား အတိတ်၊ အနာဂတ်နှစ်မျိုး၌ အကျုံးဝင်ပေ၏။

## ဝတ္တမာန်အဓိပ္ပာယ်

ဝတ္တတီတိ ဝတ္တမာနော။ ဝတ္တတိ၊ ဖြစ်တတ်၏။ ဝါ၊ ဖြစ်ဆဲ။ ဣတိ၊ ထို့ကြောင့်။ ဝတ္တမာနော၊ ဝတ္တမာန်တည်း။ ကြိယာအမူအရာတခုကို အားထုတ်ပြုလုပ်၍မပြီးသေး၊ ပြုဆဲဆဲကာလသည် ဝတ္တမာန်မည်၏။ ပစ္စုပ္ပန်နှင့်အတူတူပင်ဖြစ်၏။ တံ တံ ကာရဏံ ပဋိစ္စ ဥပ္ပန္နော ပစ္စုပ္ပန္နော အရ ထိုထိုသော အကြောင်းတခုခုကို အစွဲပြု၍ ဖြစ်ဆဲကာလကိုပင်

ပစ္စုပ္ပန်ဟုဆိုလေသည်။ ထို့ကြောင့် ကာတန္တ ခေါ် သက္ကတကျမ်း၌ 'သမ္ပတိ ဝတ္တမာနာ'ဟု ပြ၏။ သမ္ပတိ=ယခု။ ဝတ္တမာနာ=ယခုဟူလို။ အရင်းခံအားဖြင့် ဝတ္တမာန် ဝိဘတ်ကို ပစ္စုပ္ပန်ကာလအတွက် အသုံးပြုသည်။

## ဝတ္တမာန် ဝိဘတ် ၁၂-လုံး

တိ၊ အန္တိ၊ သိ၊ ထ၊ မိ၊ မ
တေ၊ အန္တေ၊ သေ၊ ဝှေ၊ ဧ၊ မှေ

## ဝတ္တမာန်နှစ်မျိုး

ဗျာကရုဏ်းကျမ်းဆရာတို့သည် ဝတ္တမာန်ကို-
၁။ သမီပဝတ္တမာန်
၂။ တံကာလာ ပေက္ခဝတ္တမာန်ဟု နှစ်မျိုး ခွဲခြား ပြဆိုကြသေး၏။

## သမီပဝတ္တမာန်

သမီပဝတ္တမာန်ဟူသည် ဝတ္တမာန်ကာလနှင့် အနီးကပ်ကာလတည်း။ ဖြစ်ဆဲကာလနှင့် အနီးကပ်ဖြစ်သော အတိတ်ကာလ၊ အနာဂတ်ကာလတို့ကို သမီပဝတ္တမာန်ဟု ဆိုသည်။ သမီပ=အနီးတည်း။

## ပုံစံ (က) အတိတ်အနီး ပစ္စုပ္ပန်

ကုတော တွံ အာဂစ္ဆသိ၊ သင် ဘယ်မှလာသနည်းဟု မေးရာ၌ ရောက်လာမှ မေးမြန်းခြင်းဖြစ်၍ လာခြင်းကြိယာကား ပြီးခဲ့ပြီ။ သို့သော် ပြီးစကလေးသာ ရှိသေးသည်၊ ထိုကာလကို 'သိ'ဟူသော ဝတ္တမာန် ဝိဘတ်ဖြင့် ရေးသားသုံးစွဲရသည်။

## ပုံစံ (ခ) အနာဂတ်အနီး ပစ္စုပ္ပန်

ကတ္ထ တွံ ဂစ္ဆသိ၊ သင်ဘယ်သို့ သွားမည်လဲ။ 'ဘယ်သို့'ဟူသော မေးခွန်းစကားအရ 'သွားမလဲ' ဟူ သော အမေးသည် ဖြစ်ရ၏။ အမေး

ခံရသူသည် သွားနေဆဲမဟုတ်သေး။ သွားလတ္တံ့ (ဝါ) သွားမလို့သာ ရှိသေးသည်။ ထိုသွားခြင်းကြိယာသည် မဖြစ်သေး၊ ဖြစ်လတ္တံ့ကလေး ပေတည်း။ ဤသို့ပစ္စုပ္ပန်နှင့် နီးကပ်နေသော အနာဂတ်ကိုလည်း ပစ္စုပ္ပန် ဝတ္တမာန် ဝိဘတ်ဖြင့် အသုံးပြုရိုးရှိလေသည်။ ထိုဝတ္တမာန်မျိုးကို သမီပ ဝတ္တမာန်ဟု ခေါ်ပေသည်။

## တံကာလာ ပေက္ခဝတ္တမာန်

တံကာလာ ပေက္ခဝတ္တမာန် ဟူသည် တံကာလ=ထိုအတိတ်ကာလ၊ အပေက္ခ=ငဲ့ခြင်း။ယခုဖြစ်ဆဲဆဲကားမဟုတ်။ သို့သော် အတိတ်တချိန်ချိန်၌ ဖြစ်ဆဲအနေအထားရှိခဲ့၏။ ထိုအချိန်က ဖြစ်ဆဲကာလကို ငဲ့ပြီး ပစ္စုပ္ပန် ဝိဘတ်ကို အသုံးပြုရ၏။

ပုံစံ – တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတိ။
ထိုအခါ၌ မြတ်စွာဘုရားသည် ဝေရဉ္ဇာမြို့၌ သီတင်းသုံးနေတော်မူ၏။

'တေန သမယေန'စသော စကားကို ပြောသောအခါ၌ မြတ်စွာဘုရားသည် နေဆဲမဟုတ်၊ အကယ်၍ သံဂါယနာတင်စဉ် ပြောလျှင် မြတ်စွာဘုရားပင် လွန်တော်မူခဲ့ပြီ။ သို့ပါလျက် မြတ်စွာဘုရား ထိုအချိန်က နေဆဲဖြစ်သည်ကို ငဲ့ပြီး ဝိဟရတိဟု ပစ္စုပ္ပန်ကြိယာကို အသုံးပြုခြင်း ဖြစ်ခလသည်။ သို့ဖြစ်၍ ဤဝတ္တမာန်သည် ဝတ္တမာန် ရိုးရိုးမဟုတ်၊ တံကာလာ ပေက္ခဝတ္တမာန်တည်း။

ရာဇဝင်သမိုင်း မှတ်တမ်းများကို ရေးသားသူတို့သည် ဤတံကာလာ ပေက္ခဝတ္တမာန်ကို များစွာအသုံးချကြရလေသည်။

## ဝတ္တမာန်လေးမျိုး

သက္ကတသဒ္ဒါကျမ်းများ၌ကား ဝတ္တမာန်လေးမျိုး ခွဲခြားဖော်ပြကြပါသည်။

၁။ ပဝတ္တူပရတာဝတ္တမာန်။

၂။ ပဝတ္တာ ဝိရတာဝတ္တမာန်။

၃။ နိစ္စ ပဝတ္တိ ဝတ္တမာန်။

၄။ သမီပဝတ္တမာန်။

## ပဝတ္တူပရတာ

ပဝတ္တ = ဖြစ်ဆဲ၊ ဥပရတာ = ရှောင်ကြဉ်ခြင်း။

ဖြစ်ပြီး၊ ပြုပြီးနောက် ရှောင်ကြဉ်နေသမျှ တည်နေသော ဝတ္တမာန် မျိုးကို ပဝတ္တူပရတာဝတ္တမာန်ခေါ်သည်။

ပုံစံ – အယံ မံသံ န ခါဒတိ။

အယံ၊ ဤသူသည်။ မံသံ၊ အသားကို၊ န ခါဒတိ၊ မစား။

အမဲသားစားနေရာက မစားတော့ဘူးဟု ရှောင်ကြဉ်လိုက်ရာတွင် ရှောင်ကြဉ်နေသမျှ "မစား"ဟူသော သဘောသက်ရောက်နေ၏။ ရှောင် ကြဉ်နေဆဲဟု ယူဆရ၏။ ထို့ကြောင့် န ခါဒတိဟု ဝတ္တမာန်ဝိဘတ်ဖြင့် ရေးသားသုံးစွဲရ၏။

## ပဝတ္တာဝိရတ

ပဝတ္တ=ဖြစ်ဆဲ၊ အဝိရတ=မရှောင်ကြဉ်။

ဖြစ်၍ မရှောင်ကြဉ်သမျှ တည်သော ဝတ္တမာန်မျိုးတည်း။

ပုံစံ – ဣဓ ကုမာရာ ကီဠန္တိ။

ဣဓ၊ ဤနေရာ၌။ ကုမာရာ၊ သူငယ်တို့သည်။ ကီဠန္တိ၊ ကစားကြ ကုန်၏။

ဤနေရာ (ကစားကွင်း)၌ သူငယ်တို့ အမြဲကစားနေကြဆဲကား မဟုတ်။ အိမ်ပြန်အိပ်ခြင်း၊ ထမင်းစားခြင်း စသည်ဖြင့် ကစားမှု ပြတ် လပ်၏။

သို့သော် မပြတ်မပြတ် ကစားတက်ကြ၏။ ဤနေရာမှာ မကစား တော့ဘူးဟု ကစားခြင်းကို လုံးဝမရှောင်ကြဉ်သေးသမျှ ကစားကြသည် ဟုသာ ဆိုရာ၏။ ဤသို့ ကြိယာဆောင်ရှက်မှု မပြတ်သေးသော အနေ အထားကိုလည်း ဝတ္တမာန် ဝိဘတ်ဖြင့် သုံးစွဲရေးသားကြရသည်။

## နိစ္စပဝတ္တိ

နိစ္စ = အမြဲ၊ ပဝတ္တိ=ဖြစ်ခြင်း။

အမြဲဖြစ်နေသော ဝတ္တမာန်မျိုးတည်း။

ပုံစံ – ဂုဟာ တိဋ္ဌန္တိ ပဗ္ဗတာ။

ပဗ္ဗတာ၊ တောင်တို့သည်။ ဂုဟာ၊ ဤအရပ်၌။ တိဋ္ဌန္တိ၊ တည်ကြကုန်၏။

ဤတွင် တောင်တို့အမြဲတည်နေမှုရှိပုံကို သိရပေသည်။ ဤဝတ္တမာန် မျိုးကို နိစ္စပဝတ္တိဝတ္တမာန်ခေါ်သည်။

## သမီပဝတ္တမာန်

သမီပ = အနီး၊

အနီး၌ဖြစ်သော ဝတ္တမာန်တည်း။

ပုံစံ – ကုတော အာဂစ္ဆသိ တွံ၊ သင်ဘယ်ကလာသလဲ။

အဟံ ဂစ္ဆာမိ သမ္ပတိ၊ ငါအခုပဲသွားမယ်။

အာဂစ္ဆသိသည် ပစ္စုပ္ပန်နှင့် နီးသော အတိတ်ကာလ၊ ဂစ္ဆာမိသည် ပစ္စုပ္ပန်နှင့်နီးသော အနာဂတ်ကာလတည်း။

ဤသို့လျှင် ဝတ္တမာန်အမျိုးမျိုး၏ အဓိပ္ပာယ်နှင့် ယင်းအဓိပ္ပာယ်အရ ပါဠိဝါကျ ရေးသားစီကုံးနည်းကို သိရာသည်။ ယာဝ၊ ပုရေ၊ ပုရာ၊ ကဒါ၊ တရဟိ၊ နနု၊ နနုသဒ္ဒါ၊ မချွတ်အနက်၊ မမြဲအနက်၊ စသည်တို့

အရ ဝတ္တမာန်ဝိဘတ်သုံးစွဲပုံ စကားကြွင်းသေး၏။ ကျယ်အံ့စိုး၍ လျစ်လျူရှုတော့အံ့။

ဝတ္တမာန်ဝိဘတ်ကို မြန်မာပြန်ရာ၌ '၏' ဟူသော အဆုံးသတ်ဝိဘတ်ကို ရှေးအစဉ်အလာအရ သုံးကြသည်။

## ပဉ္စမီအဓိပ္ပာယ်

ပဉ္စန္နံ ပူရဏီ ပဉ္စမီဟူသော ပူရဏတဒ္ဓိတ် ဝိဂ္ဂြိုဟ်အရ ငါးစုမြောက် ဝိဘတ်ဖြစ်၍ ပဉ္စမီဝိဘတ်ဟုခေါ်သည်။ ငါးခုမြောက်ဖြစ်ပုံမှာ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဟူသော ပါဠိတော်ကာလစဉ် သုံးပါးလိုက်၍ဖြစ်၏။ ပရောက္ခာ၊ ဟိယျတ္တနီ၊ အဇ္ဇတနီကား - အတိတ်သုံးဝိဘတ်၊ ဘဝိဿန္တိကား - အနာဂတ်တဝိဘတ်၊ ဝတ္တမာန်၊ ပဉ္စမီ၊ သတ္တမီကား-ပစ္စုပ္ပန်သုံး ဝိဘတ်၊ ဤသို့တန်းစီချလျှင် ပဉ္စမီသည် ခြောက်ခုမြောက် နေရာ၌ကျ၏။ သို့သော် ဝတ္တမာန်ကို နာမည်သီးခြားရှိနေ၍ ဖယ်လိုက်သော် ပဉ္စမီသည် ငါးနေရာမြောက်၌ပင် ကျသည်။ ယင်းသို့ ငါးခုမြောက် နေရာသို့ ရောက်၍ ပဉ္စမီဟုခေါ်ခြင်းဖြစ်လေသည်။

## ပဉ္စမီဝိဘတ် ၁၂ လုံး

တု၊ အန္တု၊ ဟိ၊ ထ၊ မိ၊ မ။
တံ၊ အန္တံ၊ ဿု၊ ဝှော၊ ဧ၊ အာမသေ။

ယင်းပဉ္စမီဝိဘတ်သည် အနက်အားဖြင့် အာဏတ္တိ=စေခိုင်းတိုက်တွန်းခြင်း၊ အာသိဋ္ဌ=အာသီသပြုခြင်း အနက်တို့၌ အသုံးပြု၏။ ကာလ အားဖြင့်မူကား အချို့ဝတ္တမာန်ကာလ၌ ဖြစ်၏။ အချို့မှာမူ မည်သည့် ကာလဟူ၍ သတ်သတ်မှတ်မှတ် ပြော၍ မရသောကာလ၊ ဝါ၊ ကာလ ထူး၌ဖြစ်၏။ ယင်းကာလထူးကို အနုတ္တကာလဟုခေါ်၏။ န+ဥတ္တ+ ကာလ၊ ဥတ္တ = အတိအကျဆိုအပ်သော၊ ကာလ = ကာလသည်၊ န= မဟုတ်ဟူလို။

ပုံစံ – ကရော့ဘ ကုသလံ၊ (စေခိုင်း)
ကုသိုလ်ကိုပြုပါလော့၊
သုခံ တေ ဟောတု၊ (တောင့်တ)
သင့်အား ချမ်းသာမှုဖြစ်ပါစေ၊

မှတ်ချက်။ ။စေခိုင်းခြင်းအနက်၌ 'လော့'ကို သုံး၏။ တောင့်တခြင်း အနက်၌ စေသတည်း။ စေချင်၏၊ စေခလို တို့ကို အသုံး ပြုလေသည်။

ထိုပဉ္စမီဝိဘတ်ကို ဆိုခဲ့ပါ စေခိုင်းခြင်း၊ အာသိသပြုခြင်း အနက်တို့ အပြင် ဝိဓိ= စီရင်ခြင်း၊ နိမန္တန= ပင့်ဖိတ်ခြင်း၊ အဇ္ဈေသန= တိုက်တွန်း ခြင်း၊ အနုမတိ= ခွင့်ပြုခြင်း၊ ပတ္ထနာ= တောင့်တခြင်း၊ ပတ္တကာလ= အခါရောက်ခြင်း စသော အနက်တို့၌လည်း အသုံးပြုနိုင်ပေသေးသည်။

## သတ္တမီ အဓိပ္ပာယ်

ခုနစ်ခုပြည့်မြောက်ခြင်းကို သတ္တမီဟုခေါ်သည်။ အထက်တွင် ဖော်ပြခဲ့သော အတိတ်၊အနာဂတ်၊ ပဉ္စမီ ဝိဘတ်စဉ်ပုံတွင် ခုနစ်နေရာ၌ ကျရောက်၍ သတ္တမီဝိဘတ်ဟု ခေါ်လိုက်ခြင်းဖြစ်၏။ ဤသို့ အမည်မှည့် ခြင်းမှာ မိဘတို့က မိမိတို့၏ သားသမီး နာမည်ကို မှည့်ပိုင်ခွင့် ရှိသကဲ့သို့ ကျမ်းပြုဆရာက တစုံတခုသောအနက်ကို ထောက်ဆ၍ ကြိုက်နှစ်သက်ရာ အမည်ပေးထားခြင်းမျှသာ ဖြစ်သည်။ အမည်သည် သဒ္ဒါအစီအရင် မဟုတ်ချေ။

## သတ္တမီဝိဘတ် ၁၂ လုံး

ဧယျ၊ ဧယျုံ၊ ဧယျာသိ၊ ဧယျာထ၊ ဧယျာမိ၊ ဧယျာမ၊
ဧထ၊ ဧရံ၊ ဧထော၊ ဧယျာဝှော၊ ဧယျံ၊ ဧယျာမှေ။

ထို သတ္တမီဝိဘတ်ကို အနုမတိ= စုံစမ်းခြင်းအနက်၊ ပရိကပ္ပ=ကြံစည် ခြင်း အနက်တို့၌ အဓိကအားဖြင့် အသုံးပြုရ၏။

ပုံစံ –တို့ ဂစ္ဆေယျာသိ၊ (ခွင့်ပြု)
သင်သွားနိုင်ပြီလော။
ကိ မယာံ က ရေယျာသိ၊ (ကြံဆ)
ကျွန်တော် ဘာလုပ်ရပါအံ့နည်း။

စုံငမ်းခြင်း အနက်တို့၌ 'လော'၊ မိမိအလိုလို ကြံစည်ခြင်းပရိကပ္ပ၌ 'ရာ၏၊ အံ့နည်း' ဟူသော အဆုံးသတ် စကားလုံးတို့ကို သုံးရသည်။

ဝိဓိ= စီရင်ခြင်း၊ အာမန္တန= ပင့်ခေါ်ခြင်း၊ အဇ္ဈေသန= တိုက်တွန်းခြင်း၊ ပတ္ထန= တောင့်တခြင်း အနက်တို့၌လည်း သတ္တမီကို သုံးနိုင်သေး၏။

## ပရောက္ခာအဓိပ္ပာယ်

ပရောက္ခာဟူသော ပုဒ်ကို ပရအက္ခ ဟု ပုဒ်ခွဲရာ၏။ 'ပရ' သည် အခြားတပါးအနက်၊ 'အက္ခ' သည် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဟူသော ဣန္ဒြေငါးပါး အနက်ဟောတည်း။ သုတ်ကြီးဖြင့် အက္ခ မှ အကိုဩပြု။ ပရ+ဩ+က္ခ ကို ပေါင်းလျှင် ပရောက္ခာ ဟူသော ပုဒ်ကိုရ၏။

ထို့ကြောင့် ပရောက္ခာဟူသည် မြင်ခြင်း၊ ကြားခြင်း၊ နံခြင်း၊ လျက်ခြင်း၊ ထိခြင်း ဟူသော အာရုံငါးပါးတို့မှ တပါး၊ အာရုံငါးပါးတို့မှ အလွတ်ဟူ၍ အဓိပ္ပာယ်ရှိ၏။ ပရောက္ခာ ဝိဘတ်ကို ထိုသို့ အာရုံငါးပါးတို့ဖြင့် တွေ့ဆဲ၊ ထိဆဲ မဟုတ်သည့် ရှေးရှေး အတိတ်ကာလတို့၌ အသုံးပြုလေသည်။

## ပရောက္ခာဝိဘတ် ၁၂လုံး

အ ၊ ဥ ၊ ဧ ၊ တ္ထ ၊ အံ ၊ မှ ၊
တ္ထ ၊ ရေ ၊ တ္ထော ၊ ဝှော ၊ ဣ ၊ မှေ ၊

အာရုံငါးပါးမှလွတ်သော အနက်ကို အပစ္စက္ခဟု ဆိုသည်။ အပစ္စက္ခကို န+ပစ္စက္ခဟု ခွဲ။ ပစ္စက္ခကို ပတိ+အက္ခဟုခွဲ။ အက္ခိနော ပတိမုခေါ

ပစ္စက္ခော ဟု ဝိဂြိုဟ်ပြု။ အက္ခီနော၊ မျက်စိ၏။ ဝါ၊ ဣန္ဒြေငါးပါးတို့၏။ ပတိမုခေါ၊ ရှေ့ရှုတည်း။ ပစ္စက္ခော၊ မျက်စိ၏ ရှေ့မှောက်။ ဝါ၊ ဣန္ဒြေတို့၏ ရှေ့မှောက်။ ပစ္စက္ခကို ပျက်မှောက်ဟု ဘာသာပြန်ကြသော်လည်း စင်စစ် မျက်စိအမြင် တခုတည်းနှင့်သာ ဆိုင်သည်မဟုတ်။ အာရုံငါးပါးလုံးနှင့် သက်ဆိုင်ကြောင်း သိရာ၏။

ဒိဋ္ဌံ နာမ ပဉ္စဒွါရ ဝသေန ဝဟိတာ ရူပါဒယော။ (အဋ္ဌသာလိနီ)

ဒိဋ္ဌံ နာမ၊ မြင်ခြင်း မည်သည်ကား။ ပဉ္စဒွါရဝသေန၊ ဒွါရငါးပါးတို့၏ အစွမ်းဖြင့်။ ဂဟိတာ၊ ယူအပ်ကုန်သော။ ရူပါဒယော၊ ရူပါရုံ စသည့် အာရုံငါးပါးတို့တည်း။

န+ပစ္စက္ခ ၌ 'န'ကို အ သို့ ပြောင်းသော် အပစ္စက္ခ ဖြစ်လာ၏။ ထို့ကြောင့် အပစ္စက္ခ ဟူသည် မျက်မှောက်မဟုတ်၊ မျက်ကွယ်တည်း။ ဝါ၊ အာရုံငါးပါးလုံး၏ ကွယ်ရာတည်း။ ကာလအားဖြင့် အတိတ်ကာလ စင်စစ်တည်း။ ဝေးသော အတိတ်တည်း။ ထို အပစ္စက္ခအနက်၌ ပရောက္ခာ ဝိဘတ်ကို အသုံးပြုရသည် ဟူလို။

ပုံစံ-

ဧဝံ ကိလ ပေါရာဏာဟု။

ပေါရာဏာ၊ ရှေးဆရာတို့သည်။ ဧဝံ၊ ဤသို့။ အာဟု ကိလ၊ ဆိုကုန်သတတ်။

ပရောက္ခာဝိဘတ်ကို 'ပြီး'ဟူ၍လည်း မြန်မာပြန်ကြသည်။

### ဟိယျတ္တနီ အဓိပ္ပာယ်

'ဟိယျ'သည် ယမန်နေ့ (ဝါ) မနေ့က ဟူသော အနက်ကိုပြ၏။ ဟိယျောပဘုတိ အတီတေ ကာလေ တဝါ ဟိယျတ္တနီဟု ဝိဂြိုဟ်ပြု။ မနေ့က အစပြု၍ ဖြစ်သော အတိတ်ကာလကို ဟိယျတ္တနီဟု ခေါ်သည်။ လွန်လေပြီးသော ညဉ့်ထက်ဝက်မှစ၍ ဒုတိယညဉ့် ထက်ဝက်တိုင်ရှိသော ကာလသည် ဟိယျမည်၏။

## ဟိယျတ္တနီ ဝိဘတ် ၁၂ လုံး

အာ ၊ ဦ ၊ ဩ ၊ တ္ထ ၊ အံ ၊ မှာ ၊
တ္ထ ၊ တ္ထုံ ၊ သေ ၊ ဝှံ ၊ ဣံ ၊ မှသေ ၊

## အတိတ် သတ်မှတ်ချက်

အတီတ (ပါ)မှ အတိတ်ဟု ဖြစ်လာ၏။ အတီတကို အတိ+ဣတဟု ပုဒ်ခွဲရာ၏။ အတိက္ကမ ဣတော ပဝတ္တော အတီတော ဟု ဝိဂြိုဟ်ပြု။ အတိက္ကမ္မ၊ လွန်၍။ ဣတော ပဝတ္တော၊ ဖြစ်၏။အတီတော၊လွန်၍ဖြစ်သည်။ အားထုတ်ဆဲ ပြုလုပ်ဆဲကြိယာအမူအရာကို ကျော်လွန်၍ဖြစ်သောကြောင့် အတိတ်ဟု ခေါ်၏။ အားထုတ်ပြုလုပ်နေဆဲကား ပစ္စုပ္ပန်။ ပြီးသွားလျှင် အတိတ်။ ပစ္စုပ္ပန်ကို ကျော်ခဲ့ပြီ လွန်ခဲ့ပြီ ဟူလို။

ထိုအတိတ်သည် ပစ္စက္ခ အတိတ်= မျက်မှောက်အတိတ်။ အပစ္စက္ခ အတိတ်= မျက်ကွယ်အတိတ် ဟု နှစ်မျိုးရှိ၏။ မျက်မှောက် အတိတ် ကာလအတွင်း၌ ပြီးသွားသော အားထုတ်ပြုလုပ်မှုကို မြင်တွေ့နိုင်သေး၏။ မျက်ကွယ် အတိတ်ကာလ၌ကား မမြင်မတွေ့ရတော့ပေ။

မနေ့ကအစပြုသောအချိန်အတွင်း၌ မျက်မှောက် အတိတ်မှာဖြစ်စေ၊ မျက်ကွယ်အတိတ်မှာဖြစ်စေ၊ ဖြစ်ပျက်သော၊ ပြီးပြီးသော ကိစ္စရပ်များ အတွက် ဟိယျတ္တနီဝိဘတ်ကို အသုံးပြုရသည်။

ပုံစံ–

သော အဂမာ မဂ္ဂံ၊

သော၊ ထိုသူသည်။ မဂ္ဂံ၊ ခရီးကို။ အဂမာ၊ သွားပြီ။
ဟိယျတ္တနီဝိဘတ် ကို'ပြီး' ဟူ၍ပင် မြန်မာပြန်သည်။

## အဇ္ဇတနီအဓိပ္ပာယ်

'အဇ္ဇ'သည် ယနေ့အနက်ဟော၏။ မျက်မှောက်ဖြစ်စေ၊ မျက်ကွယ် ဖြစ်စေ၊ ယနေ့ဖြစ်ရပ်ထဲက နီးသော အတိတ်ကာလအတွက် အဇ္ဇတနီ ဝိဘတ်ကို သုံးရသည်။

### အဇ္ဇတနီ ဝိဘတ် ၁၂ လုံး

ဤ ၊ ဥံ ၊ ဩ ၊ တ္ထ ၊ ဣံ ၊ မှာ ၊
အာ ၊ ဥိ ၊ သေ ၊ ဝှံ ၊ အံ ၊ မှေ ၊

ပုံစံ -

သော မဂ္ဂံ အဂမိ၊

သော၊ ထိုသူသည်။ မဂ္ဂံ၊ ခရီးကို။ အဂမိ၊ သွားပြီ။
အဇ္ဇတနီကို 'ပြီ'ဟု ပြန်၏။

အာချာတ်ဝိဘတ်ရှစ်သွယ်အနက် ပရောက္ခာဝိဘတ်၊ ဟိယျတ္တနီဝိဘတ် အဇ္ဇတနီ ဝိဘတ်၊ ဤသုံးရပ်တို့သည် အတိတ်ကာလအတွက် ဖြစ်ကြ၏။ သို့သော် အတိတ်ကို ပရောက္ခာ အတိတ်၊ ဟိယျတ္တနီအတိတ်၊ အဇ္ဇတနီ အတိတ် ဟု သုံးမျိုး ခွဲခြားဖော်ပြ၏။ ဤတွင် 'အဇ္ဇ'နေ့တနေ့ သတ်မှတ်ပုံ အစဉ်အလာကို ဤသို့သိအပ်၏။

### အဇ္ဇ=ယနေ့သတ်မှတ်ပုံ

ရှေးခေတ် ရေနှစ်ဖလား၊ မြန်မာစံတော်ချိန် နာရီဖြင့် မိုးလင်း မိုးချုပ် တနေ့တညချိန်တာ၌ နာရီခြောက်ဆယ်ရှိ၏။ ထိုမြန်မာတနာရီ သည် ယခုခေတ် စက်နာရီအရ ၂၄ မိနစ်နှင့် ညီမျှ၏။ ထို မြန်မာနာရီ ခြောက်ဆယ် (စက် ၂၄ နာရီ) ချိန်တာကို တနေ့ဟု ဆိုသည်။

တနေ့ဟုဆိုသော အချိန်တာအတွင်း၌ နေ့လေးပဟိုရ်၊ ညလေးပဟိုရ် ပေါင်း ရှစ်ပဟိုရ်တီး၏။ ပဟိုရ်တီးချိန်မှာ ယခုခေတ် စက်နာရီဖြင့်ပြော လျှင် နံနက် ၉ နာရီ၌ ပဌမပဟိုရ်၊ နေ့လည် ၁၂ နာရီ၌ ဒုတိယပဟိုရ်၊ ညနေ ၃ နာရီ၌ တတိယပဟိုရ်၊ ညနေ ၆ နာရီ၌ စတုတ္ထပဟိုရ်တီး၏။ ဤကား နေ့လေး ပဟိုရ်တည်း။

ညဉ့်လေးပဟိုရ်ကား ညဉ့်ဦး ၉ နာရီ၌ ပဌမပဟိုရ်၊ သန်းခေါင် ၁၂ နာရီ၌ ဒုတိယပဟိုရ်၊ သန်းလွဲ ၃ နာရီ၌ တတိယပဟိုရ်၊ လင်းအား ကြီး ၆ နာရီ၌ စတုတ္ထပဟိုရ် တီး၏။

အဇ္ဇ= ယနေ့ သတ်မှတ်ပုံကား နေ့လေးပဟိုရ်နှင့် ညဉ့်နှစ်ပဟိုရ်၊ ပေါင်း ၆ ပဟိုရ်ကို အဇ္ဇ= ယနေ့ဟု သတ်မှတ်၏။ ညဉ့် နှစ်ပဟိုရ်ကား ညဉ့်ဦး ၉ နာရီ ပထမပဟိုရ်နှင့် လင်းအားကြီး ၆ နာရီ စတုတ္ထပဟိုရ်တို့ ဖြစ်ကြ၏။

ခင်ကြီးဖျော် ဆရာတော်ဘုရားကမူ လွန်လေပြီးသော ညဉ့်ထက်ဝက်မှ စ၍ လာလတ္တံ့သော ညဉ့် ထက်ဝက်တိုင်ရှိသော ကာလသည် အဇ္ဇမည်၏ ဟု အကြမ်းအားဖြင့် ဆိုလေသည်[၁]။

ဟိယျ= ယမန်နေ့၊ မနေ့က သတ်မှတ်ပုံကား ယခုအိပ်ခဲ့ပြီးသော ည လေးပဟိုရ်အနက် နောက်ဆုံး စတုတ္ထ ပဟိုရ်သည် အဇ္ဇထဲပါသွားသည့် အတွက် သုံးပဟိုရ်ကျန်သည်။ ထိုအိပ်ခဲ့ပြီးသော ညဉ့်သုံးပဟိုရ်နှင့် လွန်ပြီးသော နေ့တနေ့လုံးသည် ဟိယျတည်း။

ယခုခေတ် စက်နာရီဖြင့်ဆိုရသော် ယခုအိပ်ခဲ့ပြီးသော ညမိုးလင်းပိုင်း ၃ နာရီမှစ၍ ယနေ့တနေ့လုံးနှင့် နေဝင်ပြီး ည ၉ နာရီအထိ စုစုပေါင်း (၁၈) နာရီကို အဇ္ဇ = ယနေ့ဟု သဒ္ဒါဆရာတို့က သတ်မှတ်သည်။ အိပ်ခဲ့သောည မိုးလင်းပိုင်း ၃ နာရီမတိုင်မီ တညလုံးနှင့် မနေ့က တနေ့ လုံးကို ဟိယျ= ယမန်နေ့ဟု သတ်မှတ်သည်[၂]။

ပရောက္ခာဝိဘတ်ကို မျက်ကွယ် အတိတ်စစ်စစ် ကာလ၌ အသုံးပြုရန် ဖြစ်၏။ ဟိယျ= မနေ့ကမတိုင်မီ အတိတ်ကာလအားလုံးသည် ပရောက္ခာ ဝိဘတ်၏ နယ်ပေတည်း။ ဟိယျတ္တနီဝိဘတ်၊ အဇ္ဇတနီဝိဘတ် တို့ကိုမူ ၎င်းတို့၏ သက်ဆိုင်ရာကာလ အတွင်း၌ မျက်မှောက် အတိတ်ဖြစ်စေ၊ မျက်ကွယ်အတိတ်ဖြစ်စေသုံးနိုင်သည်။ မျက်မှောက်အတိတ်ဟူသည် ပြုလုပ်ဆဲ၊ အားထုတ်ဆဲ ပြီးမြောက်သွား၍၊ မဝေးသေးသောအတိတ်ကာလကို ဆိုလိုပေသည်။

## ဘဝိဿန္တိအဓိပ္ပာယ်

ဘဝိဿတိကာလေ ဘဝိဿန္တိ၊

ကာလေ၊ အခါ၌။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ (ဣတိ) ထို့ကြောင့်။

---

၁။ သဒ္ဒါကြီး ပုဒ်စစ်စုံ။ ၂။ ကစ္စာယနသာရသဒ္ဒါငယ်ကျမ်း။

ဘဝိဿန္တိ၊ ဘဝိဿန္တိနည်း၏။ ထိုဘဝိဿန္တိ ဝိဘတ်ကို အနာဂတ်ကာလ၌ အသုံးပြုရသည်။ ဖြစ်မည်၌ လတ္တံ့၊ အံ့၊ လိမ့်မည် ဟု ပြန်ဆို၏။

## ဘဝိဿန္တိ ဝိဘတ် ၁၂ လုံး

ဿတိ ၊ ဿန္တိ ၊ ဿသိ ၊ ဿထ ၊ ဿာမိ ၊ ဿာမ ၊
ဿတေ၊ ဿန္တေ၊ ဿသေ၊ ဿဝှေ ၊ ဿံ ၊ ဿာမှေ ၊

အနာဂတ်ဟူသည် န အာဂတော အနာဂတော ဟူသော ဝိဂ္ဂဟ် အရဖြစ်ပြီး ဖြစ်ဆဲမဟုတ်၊ ဖြစ်လတ္တံ့ အခါတည်း။ အကြောင်း ညီညွတ်လျှင် ဖြစ်ထိုက်သောကာလကို အနာဂတ်ဟု ခေါ်သည်။

ပစ္စယသာမဂ္ဂိယာ သတိ အာယတိံ ဥပ္ပဇ္ဇနာရဟောတိ အတ္ထော။ (ရူ)
ပစ္စယသာမဂ္ဂိယာ၊ အကြောင်း ညီညွတ်သည်။ သတိ၊ ရှိသော်။ အာယတိံ၊ နောင်အခါ၌။ ဥပ္ပဇ္ဇနာရဟော၊ ဖြစ်ထိုက်၏။ ဣတိ၊ ဤကား၊ အတ္ထော၊ အနက် ဖွင့်ဆိုချက်တည်း။

ပုံစံ–

သော ဂစ္ဆိဿတိ။

သော၊ ထိုသူသည်။ ဂစ္ဆိဿတိ၊ သွားလတ္တံ့။

ထိုဘဝိဿန္တိ ဝိဘတ်ကို ကဲ့ရဲ့ခြင်း၊ အံ့ဩခြင်း အနက်ရှိသော နာမ သဒ္ဒါနှင့် ယှဉ်တွဲ၍ အတိတ်ကာလ၊ ပစ္စုပ္ပန်ကာလတို့၌လည်း အသုံးပြုနိုင်ပေသေးသည်။

## ကြိယာတိပန္န အတိတ်

အကြောင်း မညီညွတ်သည့်အတွက် တခုခုဖြစ်ရမှာ မဖြစ်၊ မဖြစ်ရမှာ ဖြစ်ပြီး လွန်သွားခဲ့သော အတိတ်ကာလကို ကြိယာတိပန္န အတိတ်ဟု

---

၁။ ကာတန္တ ၃–၁–၃၆။

ခေါ်၏။ ကြိယ= ကြိယာအပြုအမူ။ အတိပန္န= လွန်သွားခြင်း။ ယင်း ကြိယာ အတိပန္န အတိတ်အနက်၌ ကာလာ တိပတ္တိဝိဘတ် သက်ရာသည်။

## ကာလာတိပတ္တိ ဝိဘတ် ၁၂ လုံး

| | | | | | |
|---|---|---|---|---|---|
| ဿာ | ဿံသု | ဿေ | ဿထ | ဿံ | ဿာမှာ |
| ဿထ | ဿိသု | ဿသေ | ဿဝှေ | ဿိံ | ဿာမှသေ |

ကြိယာတိပန္န အတိတ်ကို မြန်မာပြန်ရာတွင် 'ရာပြီ'ဟူသော အဆုံးသတ် စကားကို သုံးရ၏။

**ပုံစံ**

၁။ အကယ်၍ သူသည် တောထွက်ပြီး ရဟန်းပြုလျှင် ရဟန္တာဖြစ်ခဲ့ပေရာပြီ။ သို့သော် ရဟန်းပြုခြင်းဟူသော ဖြစ်ရမှာ မဖြစ်၍၊ ရဟန္တာမဖြစ်ပဲ အချိန်လွန်သွားခဲ့သည် ဟူလို။

(ဤကား ဖြစ်ရမှာ မဖြစ်ခြင်းတည်း)

၂။ အကယ်၍ အဇာတသတ်သည် ဘခင်ကိုမသတ်ခဲ့လျှင် သောတာပန် အရိယာ ဖြစ်ရာသည်။

သို့သော် အဘသတ်ခြင်း ဟူသော မဖြစ်ရမှာ ဖြစ်ခဲ့သည့်အတွက် သောတာပန် မဖြစ်ပဲ အချိန်လွန်ခဲ့သည်။

(ဤကား မဖြစ်ရမှာဖြစ်ခြင်းတည်း)

ဤအထိကား အာချာတ်ဝိဘတ် ရှစ်သွယ်၏ အနက်အဓိပ္ပာယ်တည်း။

## ဝိဘတ်ရှစ်သွယ် အသုံးပြုပုံ

ယခုဆက်လက်ပြီးအာချာတ်ဝိဘတ်ရှစ်သွယ်တို့၏ ပါဠိစီကုံးမှုဥပဒေကို ပြဆိုရန်ဖြစ်၏။ သို့ရာတွင် ကျယ်ဝန်းအံ့စိုး၍ ဝိဘတ်ရှစ်သွယ်လုံး အကုန်မပြပဲ ဝတ္တမာန် ဝိဘတ်တသွယ်ကိုသာ သိသာရုံ သုံးသပ်ဖော်ပြပါအံ့။ (ပုံစံကို နောက်ဆက်တွဲ က-ဖြင့် ပူးတွဲထားပါသည်)။

## ပရဿပုဒ်၊ အတ္တနောပုဒ် အဓိပ္ပာယ်

သူ၊ သူတို့ ဟူသော နာမယောဂ။ သင်၊ သင်တို့ဟူသော တုမှယောဂ။ ငါ၊ ငါတို့ ဟူသော အမှယောဂ ဟု ယောဂသုံးပါးရှိ၏။ ယောဂ ဟူသည် ယှဉ်တွဲမှုတည်း။ နာမ၊ တုမှ ယောဂ ကို ပရ= သူတပါးဟု ခေါ်၏။ အမှယောဂ ကို အတ္တ= မိမိဟု ခေါ်၏။

ထို့ကြောင့် နာမယောဂဖြစ်သော တိ၊ အန္တိ။ တုမှယောဂ ဖြစ်သော သိ၊ ထ တို့ကို မှချအားဖြင့် ပရဿပုဒ်ဟုခေါ်၏။ အမှ ယောဂဖြစ်သော မိမိကိုဥပစာအားဖြင့် ပရဿပုဒ်ဟုသာခေါ်၏။ထိုနည်းတူ ဧ၊ မှေ၊ဟူသော အမှ ယောဂကို အတ္တနောပုဒ်ဟု မှချခေါ်၏။ တေ၊ အန္တေ၊ သေ၊ ဝှေ တို့ကို ဥပစာအားဖြင့် အတ္တနောပုဒ်ဟု ခေါ်၏။

ပုရိသ် ဟူသည် ဝါကျ၏ အနက်ကို ပြည့်စုံစေသော အရာဟု အဓိပ္ပာယ်ရ၏။ သဒ္ဒါဆရာတို့က မှည့်သော အမည်ပေတည်း။ ပရဿပုဒ် ခြောက်လုံးတွင် ပုရိသ်သုံးမျိုး၊ အတ္တနောပုဒ် ခြောက်လုံးတွင် ပုရိသ် သုံးမျိုး အသီးသီးရှိ၏။

ပါဠိဝါကျစီကုံးရေးသားရာတွင် ယောဂနှင့်ပုရိသ် အတွဲမှန်ရန် အဓိက အရေးကြီး၏။ ယောဂနှင့်ပုရိသ်မှန်ပြီးနောက် ဝစ်ကိုက်ညီအောင် စီစဉ်ပါက မှန်ကန်သော ပါဠိဝါကျကိုရလေသည်။

ပုံစံ

| ယောဂ | | ပုရိသ် | |
|---|---|---|---|
| နာမယောဂ | ပုရိသော | ဂစ္ဆတိ။ | (ဧကဝုစ်) |
| | ပုရိသာ | ဂစ္ဆန္တိ။ | (ဗဟုဝုစ်) |
| တုမှယောဂ | တွံ | ဂစ္ဆသိ။ | |
| | တုမှေ | ဂစ္ဆထ။ | |
| အမှယောဂ | အဟံ | ဂစ္ဆာမိ။ | |
| | မယံ | ဂစ္ဆာမ။ | |

အတ္တနေ့ာပုဒ် ခြောက်လုံးကိုလည်း ဤနည်းတူပင် ပါဠိဝါကျရေးရသည်။

ဤအထိကား သံပေါက်ပါ အာချာတ် ဝိဘတ်ရှစ်သွယ်နှင့် စပ်လျဉ်း၍ သိသာရုံမျှ ဖြေဆိုချက်ပေတည်း။ ဤအာချာတ် ဝိဘတ်ရှစ်မျိုးကိုသာ ကောင်းစွာတတ်သိနားလည်ပါလျှင် ပါဠိဝါကျများကို မှန်ကန်အောင် ရေးတတ်ပေလိမ့်မည်။ ထို့ကြောင့် ဦးဩသည် သဒ္ဒါ၌ အရေးကြီးသော အချက်ကိုယူပြီး သတ်ပုံသံပေါက် ရေးစပ်သတိပေးခဲ့ခြင်းဖြစ်ရာသည်။




ပဥ္စမီ စသော ကျန်သော ဝိဘတ်များကိုလည်း ဤဝတ္တမာန် ဝိဘတ်နည်းတူ ပုရိသ်ခွဲ၍ မှတ်သားသင့်ပေသည်။

# ၁၁။ ပစ္စည်းနှင့်ခေတ်၊ ရှပ်ချက်ခေတ်၊ ဥဏာဒ်မသင်ချင်။

ကစ္စည်း သဒ္ဒါကြီး ရှစ်စောင်အနက် နောက်ဆုံးဖြစ်သော ဥဏာဒ်ကျမ်းသည် ခေတ်နှင့် ပစ္စည်းရှုပ်ထွေး ရောယှက်လျက် ရှိသောကြောင့် ယင်းဥဏာဒ်ကျမ်းကို စာသင်ပျို့နု အခြေပြုပုဂ္ဂိုလ်တို့သည် သင်ချင်စိတ် မရှိတတ်ကြပေ။

## ဖွင့်ဆိုရှင်းလင်းချက်

ကစ္စည်းသဒ္ဒါကြီးကျမ်း၌ သန္ဓိ၊ နာမ်၊ ကာရက၊ သမာသ်၊ တဒ္ဓိတ်၊ အာချာတ်၊ ကိတ်၊ ဥဏာဒ်-ဟူ၍ 'ကပ္ပ'ရှစ်မျိုးပါရှိ၏။ 'ကပ္ပ'ကို'ကျမ်း' ဟု နိဿယ ဆရာများ အနက်ပြန်ဆိုကြ၏။ ထို့ကြောင့် ကျမ်းငယ် ရှစ်ကျမ်းပါရှိသည်ဟု ဆိုရာ၏။

ထို ရှစ်ကျမ်းတို့အနက် ကိတ်ကျမ်းနှင့် ဥဏာဒ်ကျမ်းသည် ခေတ်နှင့် ပစ္စည်းပေါင်းစပ်၍ ကိတ်နာမ်ပုဒ် တည်ဆောက်ပုံများကို ပြဆိုစီရင်သည်။

ပုံစံ –

ကမ္မံ (=အမှုကိစ္စ)

ကရခေတ်၊ ရမ္မပစ္စည်း (ကရ်+ရမ္မ)

ကရိယတေ တန္တိ ကမ္မံ – ဟု ဝိဂ္ဂြိုဟ်ပြု။

ဤတွင် ကရခေတ်နှင့် ရမ္မပစ္စည်းပေါင်းစပ်၍ ကမ္မံ ဟူသော ပုဒ်ကို တည်ဆောက်ယူကြောင်း သိရ၏။ တနည်းဆိုရသော် ပါဠိတော်များ၌ ရှိသော 'ကမ္မ'ဟူသော ပုဒ်သည် ကရခေတ်၊ ရမ္မပစ္စည်းဖြင့် ပုဒ်ပြီးသည်။ ပြုလုပ်အပ်သော အမှုကိစ္စဟူသောအနက်ကို ဟောသည်ဟု သိစေသည်။

ဤသို့ ဓာတ်နှင့်ပစ္စည်း ပေါင်းစပ်၍ ဖြစ်လာသော တည်ပုဒ်ကို သဒ္ဒါဆရာတို့က 'ကိတ်ပုဒ်'ဟု အမည်မှည့်ကြလေသည်။

ဥဏာဒ်ကျမ်းသည်လည်း ဓာတ်နှင့်ပစ္စည်း ပေါင်းစပ်၍ ပုဒ်တည်ဆောက်ပုံပြသောကြောင့် ကိတ်တမျိုးပင်ဖြစ်၏။ သို့သော် ကိတ်ကျမ်း၌ ရှင်းလင်းလွယ်ကူသော ဓာတ်ပစ္စည်းပေါင်းစပ် ပုဒ်ဖွဲ့ပုံများကို ပြ၏။ ဥဏာဒိကျမ်း၌ကား ခက်ခဲရှုပ်ထွေးသော ဓာတ်ပစ္စည်းပေါင်းစပ်ပုဒ်ဖွဲ့ပုံကို ဖော်ပြ၏။

## ဥဏာဒ်ကျမ်းရှုပ်ထွေးပုံ

ဥဏာဒ်ကျမ်းသည် ကျမ်းအမည်အားဖြင့်လည်း ရှုပ်ထွေး၏။ ခက်ခဲ၏။ ဓာတ်ပစ္စည်း အစီအရင်အားဖြင့်လည်း ရှုပ်ထွေး၏။ ခက်ခဲ၏။

ဥဏာဒ်ကျမ်းဟူသောအမည် အသိခက်ပုံကို ဦးစွာဖော်ပြပါအံ့။

ဥဏာဒ်သည်'ဥဏာဒိ'ဟူသော ပါဠိပုဒ်ရင်းမှ ဆင်းသက်စကားဖြစ်၏။ 'ဥဏာဒိ'ကို ဥဏ+အာဒိ ဟု ပုဒ်ဖြတ်ရ၏။ 'ဥဏ'ကား ဥဏပစ္စည်း။ 'အာဒိ'ကား အဦးအစ အနက်ဟော။ ထိုသို့ တိုက်ရိုက်ရှိသောပုဒ် အနက်အဓိပ္ပါယ်ကို အခြေပြု၍-

ဥဏာဒယော ပစ္စယာ ဧတ္ထ သန္တီတိ ဥဏာဒိ ဟု ဝိဂြိုဟ်ပြုရာ၏။
အနက်ကား - ဧတ္ထ၊ ဤကျမ်း၌။ ဥဏာဒယော၊ ဥဏ အစရှိကုန်သော။ ပစ္စယာ၊ ပစ္စည်းတို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ၊ ဤသို့ ဥဏပစ္စည်း စသည်တို့၏ တည်ရှိရာဖြစ်သောကြောင့်။ ဥဏာဒိ၊ ဥဏာဒ်ကျမ်းမည်၏။ ဥဏ စသော ပစ္စည်းများတည်ရှိရာ ကျမ်းဖြစ်သောကြောင့် ဥဏာဒ်ကျမ်း မည်လေသည် ဟူလို။

သို့သော် ဥဏာဒ်ကျမ်းဟု ခေါ်ထားသော ဤကျမ်း၌ 'ဥဏ' ပစ္စည်းမပါရှိချေ။ ဥဏ ပစ္စည်းမပါပဲလျက် အဘယ့်ကြောင့် ဥဏ ပစ္စည်းကို ပေါင်းထည့်၍ ဥဏာဒိကပ္ပ (ဝါ) ဥဏာဒ်ကျမ်းဟု မှည့်ခေါ်

ထားပါသလဲ။ ဤကား ကျမ်း၏အမည်အားဖြင့် ရှုပ်ထွေးခက်ခဲချက် ပေတည်း။

ဤပြဿနာကို သဒ္ဒါဆရာတို့ ဖြေရှင်းချက်ထုတ်ခဲ့သည့်အတိုင်း တခုစီ စိစစ်တင်ပြပါအံ့။

၁။ သက္ကတ ဗျာကရဏ်းကျမ်းများ၌၊ ဏု၊ ဏွ၊ စသည်ဖြင့် ဏ အနုဗန်[၁] ရှိသော ဥ ပစ္စည်းများကို ဥဏာဒ်(ဥဏာဒိ)ဟု ခေါ်ကြကုန်၏။ ဤကစ္စည်းသဒ္ဒါ၏ အင္ဂမမြောက် ကျမ်းငယ်၌လည်း ဏု ပစ္စည်း၏ အစီအရင်ကို ပဿမဦးစွာပြဆို၏။ သို့ဖြစ်သောကြောင့် ကျမ်းတပါးက နာမည်(ပရသမညာ)ကိုယူပြီး ဤကျမ်းငယ်ကို ဥဏာဒ် ကျမ်းဟု ကစ္စည်းဆရာမှည့်ခေါ်ခဲ့ခြင်း ဖြစ်ရာသည်။

ဥဏာဒိတိ ပရသမညာဝသေန ဏုအာဒိပ္ပစ္စယာန မေဝါယမဓိဝစနံ (ရူ၊ ဋီ)။ ဏု ပစ္စည်းစီရင်ပုံမှာ ဥဏာဒ်ကျမ်း၏ အစဆုံးသုတ်ဖြစ်သော ကတ္တရိကိတ် သုတ်၏ ပြယုဂ်ပုံစံ၌ 'ကာရု'ဟူသောပုဒ်ကို ထုတ်ဆိုထား၏။ ကာရု သည် ကရဓာတ်၊ ဏုပစ္စည်းဖြင့် ပုဒ်ပြီး၏။ ဏု ပစ္စည်း၌ ဏ အနုဗန် ကြောင့် ကရ ၌ က ၏ အ ကို အာ ပြု၍ ကာ ဖြစ်သာသည်။ ရ နှင့် ဥ ကပ်လိုက်လျှင် ရု ဖြစ်၏။ ထို့ကြောင့် ကရ+ဏု=ကာရု (=ပြုလေ့ ရှိသူ) ပုဒ်ပြီးရလေသည်။

သက္ကတ သဒ္ဒါကျမ်းကြီးများ၌ ဥဏာဒိ ဟူသော ဝေါဟာရ ရှိနေပုံကို–

- ဥဏာဒယော ဗဟုလံ – (ပါဏိနိ)
- ဥဏာဒယော ပစ္စယာ ဝတ္တမာ န တ္တေ သညာယံ ဝိသယေ ဗဟုလံ ဘဝန္တိ (ကာသိကာဝုတ္တိ)
- ဥဏာဒယော ဘူတေပိ (ကာဘန္တ)

---

၁။ အနုဗန်=အနုဗန္ဓ=အစဉ် လိုက်၍ဖွဲ့ခြင်း။ မူလပင်ရင်းဖြစ်သော ပစ္စည်း၌ တွဲကပ်၍နေသော ဏ စသော အက္ခရာကို အနုဗန် ဟုခေါ်သည်။

– ဥဏာဒယော ပစ္စယာ ဝတ္တမာနေ ဘူတေပိ ဘဝန္တိ (ကာတန္တဝုတ္တိ)

– သဗ္ဗသ္မိံ ကာလေ ဥဏာဒယော ဘဝန္တိ (သရသွတ) စသည်တို့ကို ထောက်ထားသိရှိရလေသည်။

၂။ တနည်းအားဖြင့် ဥဏာဒိဟူသော အမည်သည် ဥပစာအားဖြင့် ခေါ်ထားသော အမည်ဖြစ်၏။ ဥပစာဖြစ်ပုံကား ဤသို့တည်း။

ကာတန္တ ဟု ခေါ်သော သက္ကတဘာသာ ကလာပ်ကျမ်း၌ ဥဏာဒယော ဘူတေပိ သုတ်ဖြင့် ဝတ္တမာန်ကာလ၊ အတိတ်ကာလတို့၌ စီရင်သော ဥ - ဏ် ပစ္စည်းဖြင့် ကာရု၊ ဝါယု စသော ပုဒ်တို့၏ ရုပ်ပြီးပုံကို ဖော်ပြထား၏။ ဤကစ္စည်းကျမ်း အဋ္ဌမအခန်း၌သည်း 'ကာရု' ဟူသော ပုံစံကို ပထမဦးစွာဖော်ပြစီရင်၏။ ဤကဲ့သို့ စီရင်ပုံချင်း တူလျက်ရှိသည်။

ထိုမှတပါး သရသွတ ခေါ် သက္ကတသဒ္ဒါကျမ်း၌ 'သဒေါဏာဒယော' ဟူသောသုတ်ဖြင့် ကာလသုံးပါးစီရင်သော ဥဏ်ပစ္စည်း စသည်တို့၏ တည်ရှိရာ အခန်းအပိုင်း (ပရိစ္ဆေဒ)ကို ဥဏာဒိ ဟုဆို၏။ ဤကစ္စည်း အဋ္ဌမခန်း၌လည်း ဥဏ်ပစ္စည်း စသည်နှင့်တူသော ဏုပစ္စည်းစသည်တို့၏ အစီအရင်ကို ပြဆို၏။

ဤသို့လျှင် သက္ကတ သဒ္ဒါကျမ်းများနှင့် ပြယုဂ်ပုံစံ စီရင်ပုံတူခြင်း၊ ဏု စသော ပစ္စည်းများ၏ အစီအရင်ပြပုံတူခြင်းကြောင့် ဤ ကစ္စည်း အဋ္ဌမအခန်းကို သက္ကတမှ ဥဏာဒိ ဟူသော အမည်နှင့်တူစွာ (သဒိသူပစာအားဖြင့်) ဥဏာဒ်ကျမ်း ဟု အမည်မှည့်ခေါ်ခြင်းဖြစ်လေသည်

၃။ တနည်းအားဖြင့် ဥဏာဒ် ဟူသောအမည်သည် မုချအမည်ပင်ဖြစ်၏။ မုချအမည်ဖြစ်ပုံကား ဤသို့တည်း။

ဤဥဏာဒ်ကျမ်း၌ ဖော်ပြသော ဏုပစ္စည်းကို ဏ + ဥ ဟု ပုဒ်ခွဲ "ဟေဋ္ဌုပရိယာယဝသေန ဝဏ္ဏဝိပရိယာယော" ဟူသော ပရိဘာ

သ-နှင့်အညီ ဏ နှင့် ဥကို ရှေ့နောက် ပြန်လျှင် ဥဏ ဟု ဖြစ်လာ၏။ ထို့ကြောင့် ဥဏ ဟူသော အမည်သည် ဏု (ဝါ) ဏဥ ကို ရှေ့နောက် ပြန်လှန်ပြီး ခေါ်ဝေါ်ထားသော အမည် သာဖြစ်သည်။ သို့ဖြစ်၍ဥဏာဒိ ဟူသော အမည်သည် မုချ အမည် သာဖြစ်လေသည်။

ဤဆင်ခြင်ချက်နှင့်ပတ်သက်၍ ဖြစ်နိုင်သော ထောက်ထားချက်မှာ ဤသို့ဖြစ်၏။ ရှင်မဟာကစ္စည်းသေရ်သည် ဘုရားဟောပါဠိတော်များကို သိရှိနားလည်နိုင်စေရေးအတွက် ဘုရားစကားတော်နှင့်ညီညွတ်ရန် ပါဠိသဒ္ဒါကျမ်းများကို စီရင်တော်မူရာတွင် ရှိနှင့်နေသော ကာတန္တခေါ် သက္ကတ ဗျာကရဏ်း ကျမ်းကို မှီငြမ်းပြု၍ စီရင်တော်မူသည်။

ယင်းသို့စီရင်ရာတွင် သက္ကတ လာ စကားကို ရှေ့နောက်ပြန်၍ယူတတ် လေ၏။ ပုံစံ- ဝုဏ် တိ စ (သက္ကတသုတ်)

ဝုဏ် ကို ဏ် ဝု ဟု ရှေ့နောက်ပြန်၍ ကပ်လိုက်ပြီး ဏွု ပစ္စည်း အဖြစ် ကစ္စည်းကျမ်း၌ ပြဆို၏။

ကမ္မနိအဏ် (သက္ကတသုတ်)

အဏ် ကို ဏ် အ ဟု ရှေ့နောက်ပြန်ပြီး ကပ်လိုက်လျှင် ဏ ဖြစ်လာ၏။ ယင်း ဏ ပစ္စည်း ကို ကစ္စည်းဆရာပြဆို၏။

ဤကဲ့သို့ အခြားသော အရာတို့၌ ရှေ့နောက်ပြန်၍ ယူထားပုံများ ကို ထောက်၍ ဤ ဥဏာဒိ ဟူသော အမည်၌ ဥဏ ကိုလည်း ဏု(ဝါ) ဏဥ ကို ရှေ့နောက်ပြန်ပြီး မှည့်ခေါ်ထားခြင်းဖြစ်နိုင်ကြောင်း သိရလေ သည်။

---

၁။ ဟေတ္ထုပရိယာယဝ သေန၊ အောက်အထက် ပြန်လှန်ခြင်း၏ အစွမ်းအား ဖြင့်။ ဝဏ္ဏဝိပရိယာယေ သာ၊အက္ခရာတို့၏ဖောက်ပြန်ခြင်း (ဝါ) ပြောင်း လဲခြင်းသည် ဖြစ်၏။

ဤအထိကား ဥဏာဒ်ကျမ်းဟူသော အမည်ဝေါဟာရ၏ အသိခက်ပုံ စကားရပ်တည်း။

ယခု ဆက်လက်၍ ဥဏာဒ် ကျမ်း၌ ပစ္စည်းနှင့်ဓာတ် ရှုပ်ရှက်ခတ်ပုံကို ပြဆိုပါအံ့။ ဤသို့ပြဆိုရာ၌–

(၁) ပစ္စည်းတို့၏ ရှုပ်ထွေးပုံ

(၂) ဓာတ်တို့၏ ရှုပ်ထွေးပုံ

(၃) ဓာတ်နှင့်ပစ္စည်း ပေါင်းစပ်ရာ၌ ရှုပ်ထွေးပုံ

(၄) အခြားနည်းဖြင့် ရှုပ်ထွေးပုံ

ဟူ၍ ကဏ္ဍလေးရပ် ခွဲခြား ဖော်ပြပါသည်။

## ပစ္စည်းတို့၏ ရှုပ်ထွေးပုံ

'ပစ္စည်း' သည် 'ပစ္စယ' ပါဠိမှ ဆင်းသက်စကားဖြစ်၏။ ဝိနယ မှ ဝိနည်း၊ နယမှ နည်း ပြောင်းသကဲ့သို့ ယ နှင့် ည ပြောင်းပြီး ပစ္စယမှ ပစ္စည်းဟူသော ပါဠိသက် ဝေါဟာရကို ရလေ၏။

ထိုပစ္စည်း ဟူသည် ဝိနည်းလာပစ္စည်း–ပုံစံ–ပစ္စည်းလေးပါး။ အဘိဓမ္မာလာပစ္စည်း-ပုံစံ-ဟေတုပစ္စည်း စသည် နှင့် သဒ္ဒါကျမ်းများကဖော်ပြသော ပစ္စည်းဟူ၍ သုံးမျိုးရှိ၏။ ဝိနည်းလာ ပစ္စည်းသည် အထောက်အပံ့ ဟူသောအနက်ရှိ၏။ အဘိဓမ္မာလာပစ္စည်းသည် ကျေးဇူးပြုခြင်း အနက်(ဝါ)အကြောင်းဟူသောအနက်ရှိ၏။

သဒ္ဒါပစ္စည်း ကို ဤသို့ အနက်ဖွင့်ဆိုကြကုန်၏။

သဒ္ဒနိပ္ဖတ္တိံ ပဋိစ္စ ဧန္တိတိ ပစ္စယော။ (ပတိ+ဣ+အ)

သဒ္ဒနိပ္ဖတ္တိံ၊ နိပ္ဖန္န ဓာတ် လိင် ရုပ်၏ပြီးခြင်းကို။ ပဋိစ္စ၊ စွဲမှီ၍။ဧန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပစ္စယော၊ ပစ္စည်းမည်၏။ ဤဝိဂ္ဂိုဟ်အရ–နိပ္ဖန္နပုဒ် ဓာတ် လိင် ရုပ် တို့ပြီး ခြင်း ကို ဖြစ်စေတတ်သော ဏ စသောအက္ခရာကို ပစ္စည်း ဟု ခေါ်ရလေသည်။ ပုဒ် တည်

ဆောက်ရာတွင် ပုဒ် တပုဒ်ဖြစ်သွားအောင် ထည့်သွင်းအသုံးပြုရသော အရာကို ပစ္စည်းဟု ဆိုလိုပေသည်။

တနည်းအားဖြင့် ပတီယတေ အတ္ထော အနေနာတိ ပစ္စယော ဟုလည်း ဝိဂြိုဟ် ကျင်းကြသေး၏။ အနက်ကား–အနေန၊ ဤ ဏ စသည်ဖြင့်။ အတ္ထော၊ ကတ္တား-ကံ စ သောအနက်ကို။ ပတီယ တေ၊ သိအပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပစ္စယော၊ ပစ္စည်း မည်၏။

ဤဝိဂြိုဟ်အရ ကတ္တား၊ ကံ စသောအနက်တို့ကို သိရှိဖို့ရန် အကြောင်းဖြစ်သောကြောင့် ဏ စသော အက္ခရာတို့ကို ပစ္စည်းဟု ခေါ်လေသည်။ ဆိုလိုသည်မှာ- ပါဠိပုဒ်တပုဒ်ကို ကတ္တား ဟောပုဒ်ဖြစ်သည်။ သို့မဟုတ် ကံ ဟောပုဒ်ဖြစ်သည် စသည်ကို ပုဒ်တွင်ပါသော ပစ္စည်းက ဖော်ပြ၏။ ပစ္စည်းအရ ထိုအနက်တို့ကို သိနိုင်၏ ဟူလို။

တနည်းအားဖြင့် ပကတိ တော ပစ္ဆာ ဧတ္ထိ ဂစ္ဆန္တိ ပဝတ္တန္တီတိပစ္စယာ ဟူသော ဝစနတ္ထနှင့်အညီ ပကတိမည်သော ပုဒ်ဓာတ်တို့ နောင် ဖြစ်တတ်သောကြောင့် သိ စသော နာမ် ဝိဘတ်၊ တိ စသော အာချာတ် ဝိဘတ်၊ ဏ စသော ကိတ်ပစ္စည်း၊ တဗ္ဗ စသော ကိစ္စ ပစ္စည်းတို့သည် ပစ္စယ (ပစ္စည်း) မည်ကုန်၏[1]။

ထို သဒ္ဒါပစ္စည်းသည် အဓိကအားဖြင့် နာမ်ပစ္စည်း၊ ကြိယာပစ္စည်း ဟု နှစ်မျိုးရှိ၏။ နာမ်ပစ္စည်းတွင် နာမ်ပစ္စည်း၊ တဒ္ဓိတ်ပစ္စည်းဟု နှစ်မျိုး၊ ကြိယာပစ္စည်းတွင် အာချာတ် ပစ္စည်း၊ ကိတ်ပစ္စည်း ဟု နှစ်မျိုးရှိ၏။ ဥဏာဒ်ပစ္စည်းသည် ကိတ်ပစ္စည်းတွင် အကျုံးဝင်၏။

တနည်းအားဖြင့် ပစ္စည်းသည် ဇောတကပစ္စည်း၊ ဝါစကပစ္စည်း၊ ဓာတုနိဒ္ဒိဋ္ဌပစ္စည်းဟုသုံးမျိုးရှိ၏။ မည်သည့် လိင်ဖြစ်ကြောင်း စသည်ဖြင့် ပြရုံပြသောပစ္စည်းကို ဇောတကပစ္စည်း။ ကတ္တား ကံ စသော အနက်ကို

---

၁။ မာလာဝတာရ ဂဏ္ဍိပဒတ္ထ ဝိနိစ္ဆယသာရ မန္တလေး၊ ဝေယံဘုံသာ ဆရာတော်၊ နဗုသ- ၁၉၇၃။

ဟောသောပစ္စည်းကို ဝါစကပစ္စည်း။ ဓာတ်ကို ညွှန်ပြသောပစ္စည်းကို ဓာတုနိဒ္ဒိဋ္ဌပစ္စည်းဟု ခေါ်၏။

ဥဏာဒ်ကျမ်းလာပစ္စည်းတို့ကား ကြိယာပစ္စည်း၊ ဝါစကပစ္စည်းများ ဖြစ်ကြကုန်၏။ ထိုပစ္စည်းတို့သည် အက္ခရာစာလုံး၊ အနုဗန်၊ အနက်၊ ဤသုံးချက်အရ ရှုပ်ထွေးခက်ခဲဘိ၏။ ပုံစံ–

ဏ္ဏ၊ ခ၊ ဃိဏ်၊ တြဏ်၊ ဟန် (စသည်)

ဤ၌ တ္တ၊ အ၊ မ၊ ဿ၊ တြ တို့သည် ပစ္စည်း စာလုံးများ ဖြစ်ကြ၏။ က၊ ခ၊ ဏ၊ န၊ တို့သည် အနုဗန် စာလုံးများဖြစ်ကြ၏။

အနက် ရှုပ်ထွေးပုံ သိသာရန် 'ဘာဝကမ္မေသု ကိစ္စတ္တ-ခ္ခ-ထ္ထာ' သုတ်ကို ထုတ်ဆောင်ရာ၏။

ကိစ္စအရ ကိစ္စအနက်ရှိသော ပစ္စည်းနှင့် ကိစ္စအနက်ဟု ခွဲခြားယူရာ၏။ ကိစ္စပစ္စည်းတို့ကား တဗ္ဗ၊ အနီယ၊ ဏျ၊ တေယျ၊ ရိစ္စ ဤငါးပစ္စည်းတို့တည်း။ ကိစ္စအနက်ကား– ပေသ=စေခိုင်းခြင်း။ အတိသဂ္ဂ=စွန့်လွှတ်ခွင့်ပြုခြင်း။ ပတ္တကာလ=အချိန်အခါ ကျရောက်သည်ကို ပြောကြားခြင်းတည်း[၁]။

တ္တအရ ကအနုဗန်ရှိသော တပစ္စည်းကို ယူရ၏။ ထိုတပစ္စည်း၏ အနက်ကား ကြောက်ခြင်း၊ လိုချင်ခြင်း၊ သိခြင်း ပူဇော်ခြင်း စသော အနက်တည်း[၂]။

ခ္ခထ္ထာအရ ခ အနုဗန်ရှိသော ခ ပစ္စည်းတည်း။ ခ အနက်ကား ဤ သ-စဉ်းငယ်၊ ဒု-မကောင်း၊ သု-ကောင်း ဟူသော အနက်များတည်း။

---

၁။ ပေသာတိ သဂ္ဂပတ္တကာလေသု ကိစ္စာ၊ ကစ္စည်း သဒ္ဒါကြီး။
၂။ နျာသကျမ်း။

သို့ဖြစ်၍ ဥဏာဒ်ပစ္စည်းတို့သည် အက္ခရာအနုဗန်အားဖြင့် လည်းကောင်း၊ အနက်အားဖြင့် လည်းကောင်း ရှုပ်ထွေးကြောင်း သိရလေသည်။

## ဓာတ်တို့၏ ရှုပ်ထွေးပုံ

ဥဏာဒ်ကျမ်း၌ပြသော ဓာတ်တို့ကား အတွေ့ရ အမြင်ရ အလွန်နည်းပြီး အကျက်ရ အမှတ်ရ လွန်စွာ ခက်သော ဓာတ်တို့ ပါဝင်ကြ၏။ ပုံစံ–

ကဒိ၊ ဃဒိ၊ ဝဒိ၊ ကရဒိ၊ မဒိ၊ သဒိ၊ ကုဒိ၊ ဘဒိ၊ ပဒိ၊ ရဒိ၊ တဒိ၊ ဣသိဒိ၊ စဒိ၊ ဂဒိ၊ အဒိ၊ လဒိ၊ မေဒိ၊ ရေဒိ၊ ခဒိ–

ထို့ပြင် ဓာတ်မဟုတ်သော ပါဋိပဒိကပုဒ်များကို ဓာတ်တို့နှင့်ရောရှ၍ ထည့်သွင်းဖော်ပြထားသည်ဖြစ်ရာ ဓာတ်နှင့်ပါဋိပဒိကပုဒ် ခွဲခြားရသည်ကလည်း တာဝန်တရပ်ဖြစ်ပေသည်။ (ပါဋိပဒိက ဟူသည် လိင်ပုဒ်ကဲ့သို့ သီးခြားပုဒ်တမျိုး ဖြစ်၏)။

## ဓာတ်နှင့်ပစ္စည်း ပေါင်းစပ်ရာ၌ ရှုပ်ထွေးပုံ

ဓာတ်နှင့်ပစ္စည်း ပေါင်းစပ်၍ ပုဒ်တည်ဆောက်ရာ၌လည်း အပြောင်းအလဲ အပြု အပြင်များလှသဖြင့် စာသင်သားတို့အဖို့ အမှတ်ရခက်လှ၏။

ပုံစံ– ဤ ရိသော

ဤရိသောပုဒ်ကို ဣမ+ဒုသ+ကို (ပစ္စည်း)ဟု ပုဒ်ခွဲရ၏။ 'ဣမ' ၌ မကိုချေ၊ ဣကို ဤပြု၊ 'ဒုသ' ၌ ဒု၏ ဥကို ိ ပြု၊ ဒကို ရပြု၊ ကပ်၊ ရိ ဖြစ်၏။ ကိုကိုချေ၊ ဤရိသပုဒ်ရင်းရ၏။ နာမ် သိဝိဘတ်သက်၊ ဩ ပြု– ဤရိသောပုဒ် ပြီးရ၏။

ဤသို့ စသည်ဖြင့် ဓာတ်နှင့်ပစ္စည်း ပေါင်းစပ်၍ ပုဒ်တည်ရာ၌ ပုဒ်ပြီးပြုလုပ်ပုံ ခက်ခဲသောပုဒ်တို့ကို များစွာပြဆို၏။

ထိုပြင် ပုင်တိုင်းလိုလို ဝိဂ္ဂိုဟ်ကျင်း၍ပြ၏။ အနက်ဖော်၏။ ပုဒ်တပုဒ် ပုဒ်၏ ရင်းမြစ်အနက်ကိုရှာရာတွင် ဝိဂ္ဂိုဟ်ခင်း၍ ရှာခြင်းသည် ကောင်းလှပေ၏။ သို့သော် အခြေပြု စာသင်သားတို့၏ အနေဖြင့်မူ အတန်ငယ်မြင့်၏။

## အခြားနည်းဖြင့် ရှုပ်ထွေးပုံ

အချို့သော ပါဠိပုဒတို့ကို တည်ပြီးခဲ့သမျှသော သုတ်တို့ဖြင့် စီရင်၍ မဖြစ်။ ၎င်းတို့ကို စီရင်ရန် သုတ်ပေါင်းများစွာ ထပ်မံတည်ရန်လည်း မသင့်။ သို့ဖြစ်၍ လုပ်ချင်သလိုလုပ်၍ ရနိုင်လောက်အောင် အာဏာရှိသော သုတ်ကြီးတမျိုးကိုတည်ပြီး ထိုသို့သော ပုဒ်ခဏ်များကို ရှင်းပစ်ရလေသည်။

ကစ္စည်းကျမ်းတွင် ထိုကဲ့သို့ စီရင်ချင်သလိုစီရင်နိုင်သော သုတ်ကြီးလေးသုတ်ပါဝင်၏။ ၎င်းတို့ကား အောက်ပါတို့ပင်ဖြစ်ကြ၏။

တေသု ဝုဒ္ဓိ လောပါဂ မဝိကာရ ဝိပရိတာဒေသာ စ၊

(တဒ္ဓိတ်-၄၀၄)

ကွစိ ဓာတုဝိဘတ္တိပစ္စယာနံ ဒီဃ ဝိပရိတာဒေသာ လောပါဂမာ စ၊

(အာချတ်-၅၁၇)

ပစ္စယာ ဒနိဋ္ဌာ နိပါတနာ သိဇ္ဈန္တိ။ (ကိတ်-၅၇၁)

ဝဇာဒီဟိ ပဗ္ဗဇ္ဇာဒယော နိပ္ပဇ္ဇန္တေ။ (ဥဏာဒ်-၆၃၀)

ပဗ္ဗဇ္ဇ စသောပုဒ်မျိုးကို သုတ်ကြီး ရှင်းယူမှရ၏။ ပုံစံအဖြစ် ယင်း ပဗ္ဗဇ္ဇကို ရှုပ်တွက်ပြပါအံ့။

'ပဗ္ဗဇ္ဇ'ကို ပ + ဝဇ + ဏျ ဟု ပုဒ်ခွဲ၊ (ဏ- အနုဗန်ချေ)

ပ-ဝဇ် + - ျ =ပဝဇ္ဇ ဖြစ်၏။

ယင်း ပဝဏ္ဍကို ပဗ္ဗဇ္ဇ ဖြစ်လာအောင် အခြား မည်သည့် သုတ်ဖြင့်မှ စီရင်၍မရ။ ထို့ကြောင့် ဝဇၨ ဒီဟိ စသော သုတ်ကြီးဖြင့် တချည်ထဲ ပဝဏ္ဍကို ပဗ္ဗဇ္ဇ ပြုလိုက်ရလေသည်။ နောက် ဣတ္ထိလိင် အာ ပစ္စည်းသက်၍ ပဗ္ဗဇ္ဇာဟူသော ပုဒ်ပြီးလေသည်။

ဤသို့ ပုဒ်ကြီးဖြင့် စီရင်သောပါဠိပဒတို့ကို မည်သည့်ဓာတ်၊ မည်သည့် ပစ္စည်းဟု ရှာဖွေခွဲထုတ်ရခြင်းသည် လွယ်ကူသော အလုပ်မဟုတ်ချေ။ အနက်ဉာဏ် သဒ္ဒါဉာဏ် ရင့်သန်ရန် လိုအပ်လှသည်။

ဤကားဥဏှာဒ်ကျမ်း၌ ဓာတ်ပစ္စည်းကို၏ အခြားနည်းဖြင့်ရှုပ်ထွေးပုံ ဖြစ်ပေသည်။

ဦးသြသည် ဤသံပေါက်ဖြင့် ရှေးခေတ် သဒ္ဒါ စာသင်သားတို့၏ ယေဘုယျ အမြင်ကိုဖော်ပြ၏။ ဥဏှာဒ်ကျမ်း အနေဖြင့် ဓာတ်ပစ္စည်း ရှုပ်ထွေး၍ ဥဏှာဒ်ကျမ်းကို ဂရုတစိုက် သင်ကြရန် သွယ်ဝိုက်၍လည်း တိုက်တွန်း၏။ သတ်ပုံကိစ္စ၊ သဒ္ဒါကိစ္စ၊ တချက်ခုတ် နှစ်ချက်ပြတ် ရေးခဲ့သော သံပေါက်ပေတည်း။ ။

# ၁၂။ ဿဒ္ဒါရုပ်ဓာတ် လိင်္ဂသင်္ကေတ် ကတ်လတ်ကန့်လန့်ကျင်။

ပါဠိသဒ္ဒါဆိုင်ရာ ရုပ်၊ ဓာတ်၊ လိင်္ဂ၊ သင်္ကေတ်တို့သည် ငယ်နုသူတို့၏ အသိဉာဏ်ကို ဆန့်ကျင်တတ်ကြကုန်၏။ ချောမောလှယ်ကူသော အရာတို့ မဟုတ်ကြကုန်။ ထို့ကြောင့် အလေးဂရုပြု၍ သင်အံလေ့လာကြကုန် ရာသည်-ဟူလို။

## ဖွင့်ဆိုရှင်းလင်းချက်

သဒ္ဒါ၌'ရုပ်'ဟူသည် ပါဠိတော်များမှ ထုတ်နုတ် ဖော်ပြထားသော ပါဠိဥဒါဟရဏ်(ပုံစံ)ပင် ဖြစ်သည်။ ထိုပုံစံသည် သုတ်စုတ္တိတို့၏ ဥပဒေသနှင့် ယှဉ်စပ်ပတ်သက်သောကြောင့် ပယောဂ၊ ပြယုဂ်ဟုလည်း ခေါ်သည်။ ပယောဂသည် ယှဉ်ခြင်းအနက်ရှိ၏။

သဒ္ဒါရုပ် နမူနာတခုကို ပြရသော်- ယဿိန္ဒြိယာနိကို ထုတ်ဆောင် ပြရာ၏။

ဤ ယဿိန္ဒြိယာနိကို ယံဿ+ဣန္ဒြိယာနိ ဟု ပုဒ်ဖြတ်၍ တည်။ ပုဗ္ဗ မဓောဠိတ မဿရံ သရေန ဝိယောဇယေ သုတ်ဖြင့် ဿ မှ အသရကိုခွင်း။ သရာ သရေ လောပံ သုတ်ဖြင့် နောက် ဣသရကြောင့် ရှေ့အသရကိုချေ။ နယေ ပရံ ယုတ္တေ ဟူသော သုတ်ဖြင့် သရမဲ့သော ဿ ကို ဣ သို့ကပ်။ ယဿိန္ဒြိယာနိ ဟု သန္ဓိ ရုပ်ပြီး၏။ ဤသို့ ပုဒ်တို့ကို ခွဲစိတ်ခြင်း၊ စည်းကမ်းတကျ ပြန်လည်ပေါင်းစပ်ခြင်း၊ ဝါ၊ တည်ဆောက်ခြင်းကို ရုပ်တွက် သည်ဟု ခေါ်သည်။

ဓာတ် - ဓာတု(ပါ)။ ရင်းမြစ်ကား ဓ ရ ဓာတ်၊ တု ပစ္စည်း။ ကြိယံ ဓာရေတီတိ ဓာတု-ဟု ဝိဂ္ဂိုဟ်ပြု။ ကြိယံ၊ ကြိယာကို။ ဓာရေတိ၊

ဆောင်တတ်၏။ ဥလတိ၊ ထို့ကြောင့်။ ဓာတ၊ ဓာတ်မည်၏။ ကြိယာကို ဆောင်တတ်သော ဘူ၊ ကရ စသော ရင်းမြစ်စကားလုံးတို့ကို ဓာတ်ဟု ခေါ်သည်။ ပါဠိပုဒ်တိုင်း၌ အခြေခံ ဓာတ်ကို သိရှိအောင် အားထုတ်ရသည်။

လိန(ပါ) မထင်ရှားသော အနက်တည်း။ မည်သည့်အရာတို့ မထင်ရှားသနည်းဆိုသော် ဓာတ်ပစ္စည်းတို့ဖြင့် မထင်ရှား၊ သို့မဟုတ်၊ သန့်ရှင်းသော အခြင်းအရာ၊ မသန့်ရှင်းသော အခြင်းအရာ စသည်တို့ဖြင့် မထင်ရှား ဟူလို။ ပုံစံ - ပုရိသ—

ဤ 'ပုရိသ' ဟူသောပုဒ်သည် ပုရိသော ပုရိသာ စသည်ဖြင့် ဝိဘတ် မသက်ခင် အဓိက်အတန့် (ဝါ) ပုဒ်တခု အဖြစ် လုံးဝ မပြီးသေးခင် အဆင့် (အနိပ္ဖန္န)၌ ယောကျ်ားဒြပ် ဟူသော အနက်သာ ရှိသေး၏။ ဓာတ်နက်ဖြစ်သော ကြိယာအမူအရာ၊ ဂ တ္တားစသည် ဝိဘတ်ပစ္စည်းတို့၏ သတ္တိတို့ မထင်ရှားသေးချေ။ ထိုသို့ ကြိယာ သတ္တိ အနက်တို့ဖြင့် မထင်ရှားသေးသည်ကို 'လိန'ဟု ဆိုသည်။

ဤသို့ 'ပုရိသ'၏ လိနအဖြစ်သည် 'ပုရိသော' ဟူသော ပုဒ်ပြီး၏ အစိတ်အပိုင်းတမျပ်ဖြစ်သောကြောင့် အင်္ဂ သဒ္ဒါနှင့် တွဲပြီး လိန+အင်္ဂ= လိင်္ဂ (လိင်) ဟုလည်း ခေါ်သည်။

ဤ လိင်သည်လည်း စာသင်သားတို့ သိခက်တရပ်တည်း။

သကတ်- သကတ္ထ(ပါ)၊ သက+အတ္ထ၊ သက=မိမိ၊ အတ္ထ=အနက်၊ မိမိအနက်ရင်းကို သကတ်ဟု ခေါ်သည်။ သဒ္ဒါအလိုက် သကတ်အမျိုးမျိုးရှိ၏။

သဒ္ဒါသည် မုချသဒ္ဒါ၊ ဥပစာသဒ္ဒါဟု အခြေခံ အားဖြင့် နှစ်မျိုး ကွဲပြား၏။ မုချသဒ္ဒါအမျိုးအစား၌ ဒဗ္ဗသဒ္ဒါ၊ ဂုဏသဒ္ဒါ၊ ကြိယာသဒ္ဒါ၊ နာမသဒ္ဒါ၊ ဇာတိသဒ္ဒါဟု ငါးမျိုးရှိ၏။

ဒြပ်ကို အကြောင်းပြု၍ ပုဒ်ဖြစ်လာသော သဒ္ဒါကို ဒဗ္ဗ သဒ္ဒါဟု ခေါ်၏။

ပုံစံ - ဝိသာဏီ - ဦးချိုရှိသော နွား၊

ဤတွင် ဦးချိုဒြပ်ကို အကြောင်းပြု၍ 'ဝိသာဏီ' ဟူသော သဒ္ဒါ ပေါ်ပေါက်လာရသည်။ ဤသို့သော ဒဗ္ဗသဒ္ဒါမျိုး၌ ဒြပ်ကိုပင် သကတ် (အနက်ရင်း)ဟု ခေါ်၏။

ဂုဏ်ကို အကြောင်းပြု၍ ပုဒ်ဖြစ်လာသော သဒ္ဒါကို ဂုဏသဒ္ဒါဟု ခေါ်၏။

ပုံစံ - သုက္ကော = နွားဖြူ၊

ဤ၌ အဖြူဂုဏ်ကို အကြောင်းပြု၍ သုက္ကော ဟူသောပုဒ် ဖြစ်လာ၏။ ဤလို ဂုဏသဒ္ဒါမျိုး၌ ဂုဏ်သည်ပင် သကတ်ဖြစ်လေသည်။

ကြိယာကို အစွဲပြု၍ဖြစ်လာသော သဒ္ဒါကို ကြိယာသဒ္ဒါဟုခေါ်၏။

ပုံစံ - ဂန္တာ = သွားတတ်သောသူ၊

ဤ၌ သွားခြင်းဟူသော ကြိယာကို အကြောင်းပြု၍ ဂန္တာဟူသော သဒ္ဒါ ဖြစ်ပေါ်လာ၏။ ထို့ကြောင့် ကြိယာသဒ္ဒါ ဟူသမျှ၌ ကြိယာသည်ပင် သကတ် (အနက်ရင်း) ဖြစ်လေသည်။

အမည်နာမကို အကြောင်းပြု၍ ဖြစ်လာသော သဒ္ဒါသည် နာမသဒ္ဒါ မည်၏။

ပုံစံ - စိတ္တော = စိတ္တအမည်ရှိသောသူ (ဦးစိတ္တ)

ဤ စိတ္တ ဟူသောသဒ္ဒါသည် 'စိတ္တ' ဟူသော နာမည်ကို အကြောင်း ပြု၍ ဖြစ်လာ၏။ ထို့ကြောင့် ဤလို နာမသဒ္ဒါမျိုး၌ အမည်သည်ပင် သကတ်ဖြစ်လေသည်။

ဇာတ်ကို အကြောင်းပြု၍ ဖြစ်လာသော သဒ္ဒါသည် ဇာတိ သဒ္ဒါ မည်၏။

ပုံစံ - ဂေါ = နွား၊

ဤတွင် နွားတို့၏ တကောင်နှင့် တကောင် တူသော မျိုးဇာတ်ကို

အကြောင်းပြု၍ ဝေါဟာရသော ဇာတိသဒ္ဒါ ဖြစ်လာရသည်။ ထို့ကြောင့် ဇာတိသဒ္ဒါဟူသမျှ၌ ဇာတ်သည်ပင် သကတ်ဖြစ်လေသည်။

ဤနည်းအားဖြင့် သကတ်သည် ဒြပ်သကတ်၊ ဂုဏ်သကတ်၊ ကြိယာသကတ်၊ နာမသကတ်၊ ဇာတ်သကတ်ဟူ၍ ငါးမျိုးရှိကြောင်း သိရလေသည်။

ကတ်သတ်၊ ကန့်လန့်တို့၌ ကတ်၊ ကန့်တို့သာ စကားရင်း၊ လတ်လန့်တို့ကား စကားဖက်မျှသာ ဖြစ်ကုန်၏။ ဝေါဟာရတ္ထပကာသနီ၌ အောက်ပါအတိုင်း ဆို၏။

> ကတ်လတ်-ဟူ၍ လတ် ဟူသော စကားခွန်းပါသည်ကား - ကန့်လန့်၊ တန်းလန်း စသည်ဖြင့်ဆိုခဲ့ပြီးသည်နှင့်အညီ ပြေပြစ်ရုံမျှ ဖက်ဆိုခြင်းဖြစ်၏။ (ဝေါသနီ - ၆၄၁)

'ကတ်'၏ အနက်ရင်းကား ခဲ၊ ခက်၊ ခဲယဉ်းသည်' ဟူသော အနက်မူလပင် ဖြစ်၏။ သာဓကကား-

> ပေါင်မြောင် ရှို့ကတ်၊ ရောက်လာလတ်သော်၊ ချောမွတ်စင်လှ။
> (သံ - ၁၆၃)

> စုံခြည်ထွက်ကတ်၊တုလွတ်မျက်နှာ။ (နောင် ရက်လခါကျော်-ချီ)
> ဆိုခြင်းကတ်လတ်၊ နှလုံးဆတ်သည်၊ အမတ်ပွဲချီ၊(ဘူသင်-ဂဂ)။

ကန့်လန့်၌ 'ကန့်'သည် ကန့်ကွက်သည် ဟူသော အနက် ရှိ၏။ 'လန့်ကား' သီးခြားအနက်မရ၊ ဖက်သှဉ်ဘွဲ့ကာမျှသာ။

> ထော်လော်ကန့်လန့်၊ ဘယ်သူဟန့်စိမ့်၊ မကွန့်စသာ
> (ဘူပေါင်း - ၄၇)

'ကျင်'သည် ပဒပူရဏမျှသာ။ ထွန်၊ ထုံ၊ ကျင်၊ ရှောင်း တို့လည်း ပုဒ်ဖြည့်ပါဠိပြည့်ကာမျှ ပဒပူရဏတို့ပင် ဖြစ်ကြသည်။

> တန်ခိုးပြချင်၊ တောင်းပန်ကျင်က၊ ချစ်ရှင်မေ့ရာဇ်။
> (ပြာဒ္ဓိဟာ - ၂၃)

တရားနှာချင်၊ လာကုန်ကျင်သည်။ (ဂါထာ-၅၃)

ဤမျှဖြင့် သဒ္ဒါရုပ်ဓာတ်၊ လိင်သကတ်တို့သည် ခဲကတ်သော အရာများဖြစ်ကြောင်း သိအပ်ပေပြီ။ ယင်းသို့ ခက်ခဲသော အရာများဖြစ်၍ ဂရုတစိုက် လေ့လာကြစေရန် ဦးဩကာ သတိပေးသံပေါက် ရေးစပ်သည်ဟု ဆိုနိုင်ပါသည်။

# ၁၃။ စွန့်အပ် စွန့်တတ် နှစ်ချက်မှတ်

# ကံကတ္တားပုစ်ပင်။

ပစ္စည်းရှင်ကို ပစ္စည်းဥစ္စာက စွန့်ခွာသွားသောအခါ ပစ္စည်းရှင်သည် အစွန့်ခံရသောကြောင့် ကံမည်၏။ ပစ္စည်းရှင်က ပစ္စည်းကို စွန့်ပယ်သွားခဲ့ရသောအခါ ပစ္စည်းရှင်သည် စွန့်တတ်သောကြောင့် ကတ္တားမည်၏။ ပစ္စည်းရှင်သည် ကံရော ကတ္တားပါ နှစ်ချက်လုံးပင် ဖြစ်လေသည် ဟူလို။

## ဖွင့်ဆို ရှင်းလင်းချက်

စိန္တကျော်သူဦးဩသည် ဤသတ်ပုံသံပေါက်ကို အောက်ပါ ကိုးခန်းပျို့ စကားကို အမှီပြု၍ စပ်ဆိုခဲ့ဟန်တူပါသည်။

> အကြောင်းလည်းစပ်၊ ထိုပညပ်ဖြင့်၊ စွန့်အပ်စွန့်ဘတ်၊ မှတ်သည် တခြား၊ ကံကတ္တားကား၊ တပါးမသာ၊ ကိုယ်သာလည်းကောင်း၊ တပ်ဟောင်းမပြယ်၊ ခန္ဓာကွယ်သည်၊ အပါယ်ဘို့ချာ၊ မှတ်သိပ်စွာသား၊ ပြိတ္တာတို့ဘောင်၊ ဥစ္စာဆောင်၏။
>
> (ကိုးခန်း၊ ပုဒ်ရေ- ၃၅ မှ)

ကစ္စည်းသဒ္ဒါကြီး ကာရကပိုင်း၌ ကံနှင့်ကတ္တားအကြောင်းကို ဤသို့ ဖော်ပြထားပါသည်။

**ကံမည်ပုံ။** ယံ ကရောတိ တံ ကမ္မံ၊ (ကာရက-၂၀၀)
ယံ ဝါ ကရောတိ၊ ယံ ဝါ ပဿတိ၊ ယံ ဝါ သုဏာတိ၊
တံ ကာရကံ ကမ္မသညံ ဟောတိ။

အနက်ကား-အကြင်အမှုကိုလည်းပြု၏။ အကြင်အရာကိုလည်းမြင်၏။ အကြင်စကားကိုလည်း ကြား၏၊ ထိုအပြု အမြင် အကြား ခံရသော အရာသည် ကံမည်ပေ၏။

ကြိယာ အကျအရောက်ခံရသော (ကြိယာပဓါနတ္ထ နသတ္တိရှိသော) ကာရကမျိုးကို ကံ (ကမ္မကာရက)ဟု ခေါ်လေသည်။

## ကတ္တားမည်ပုံ

ယော ကရောတိ သ ကတ္တာ (ကာရက- ၂၀၁)
ယော ကရောတိ၊ သော ကတ္တုသညော ဟောတိ၊

အနက်ကား-အကြင် ကာရကသည် ပြု၏။ ထိုပြုမှုသော ကာရကသည် ကတ္တားမည်လေ၏။

ကြိယာကို ပြုလုပ်သော၊ ကြိယာကိုပြီးစေတတ်သော (ကြိယာနိပ္ဖါဒက သတ္တိရှိသော) ကာရကမျိုးကို ကတ္တား (ကတ္တုကာရက)ဟု ခေါ်သည်။

ထို ကံ ကတ္တား စသော ကာရက (သာဓန)တို့ကို အနက်ပေးရာတွင် ပါဠိမြန်မာ စွယ်စုံဘတ် ပညာရှင်ကြီးများက-

| | | |
|---|---|---|
| ကတ္တား | ကို | တတ် |
| ကံ | ကို | အပ် |
| ကရိုဏ်း | ကို | ကြောင်း |
| သမ္ပဒါန် | ကို | ရာ |
| အပါဒါန် | ကို | ရာ |
| ဩကာသ | ကို | ရာ |
| ဘော | ကို | ခြင်း |

ဟူ၍ မြန်မာပြန်ဆိုရန် သတ်မှတ်ထားခဲ့ကြ၏။

ယင်းကို စာသင်သားတို့ မှတ်သားမိစေရန်-

ပဒတ်တကောင်
ကြောင်တသင်း
အပ်တစင်း
ရာသုံးခင်း
ခြင်းတလုံး

ဟု စပ်ဆိုပေးခဲ့လေသည်၊

သို့ဖြစ်၍ သဒ္ဒါစည်းကမ်းအရ အပြု အမြင် အကြား စသည်ကို ခံယူရသော အရာကို ကံဟု ခေါ်သည်။ ထိုကံကို 'အပ်'ဟူ၍ အနက်သင်္ကေတပြုရသည်။ ထို့ကြောင့် သံပေါက်၌ 'စွန့်အပ်' ဟု ဆိုသည်။ ပြုတတ်သော အရာကို ကတ္တားဟု ခေါ်သည်။ ထိုကတ္တားကို တတ်ဟု မှတ်သားရသည်။ ထို့ကြောင့် သံပေါက်၌ 'စွန့်တတ်'ဟု ဆိုသည်။

လူတို့သည် လောကီရတနာ ပစ္စည်းဥစ္စာတို့ကို ပိုင်ရှိကြကုန်၏။ ထိုသို့ ပိုင်ရှိသူကို ပစ္စည်းရှင်၊ ဥစ္စာရှင်ဟု ခေါ်ကြရသည်။ သို့သော် ပစ္စည်းလည်း သင်္ခါရ၊ လူလည်း သင်္ခါရ၊ အတည်မမြဲကြ။

မိမိပိုင်ပစ္စည်း ဥစ္စာတို့သည် မိမိအသက်ထင်ရှား ရှိစဉ်မှာ ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သူ ဟူသော ရန်သူမျိုး ငါးပါး တို့ကြောင့် ပျက်စီးဆုံးပါးသွားကြသောအခါ ပစ္စည်းက ပစ္စည်းရှင်ကို စွန့်သွားသည် မည်၏။ ပစ္စည်းရှင်သည် စွန့်အပ်သော (ဝါ) အစွန့်ခံရသောအရာ ဖြစ်၍ ကံမည်လေသည်။

တဖန် ပစ္စည်းဥစ္စာ လက်ရှိဖြစ်ပါလျက် ပစ္စည်းရှင် သေဆုံးသွားသော အခါ ပစ္စည်းရှင်က ပစ္စည်းကို စွန့်ခဲ့သည် မည်ပေ၏။ ထိုအခါ ပစ္စည်းရှင်သည် စွန့်တတ်သော ကတ္တား ဖြစ်လေသည်။

အဖြစ်အပျက် အခြေအနေအလိုက် ပစ္စည်းရှင်သည်ပင်ကံလည်းဖြစ်၏။ ကတ္တားလည်း ဖြစ်၏။

 ဤသည်ကို ကိုးခန်းပျို ဆရာတော်က–

'ကံ ကတ္တားကား၊ တပါးမလာ၊ ကိုယ်သာလည်းကောင်း' ဟု
ဆက်၍ဆို၏။ သံပေါက်ဆရာက 'ဗွန့်အပ်၊ ဗွန့်တတ်၊ နှစ်ချက်မှတ်' ဟု
တိုတို့တုတ်တုတ် ဆိုလေသည်။

တရားသဘောနှင့် သဒ္ဒါသဘောကို ယှဉ်ပြ၏။ သဒ္ဒါသဘောကို နားလည်မှ တရားသဘောကို ရနိုင်၏။ ထို့ကြောင့် သဒ္ဒါသည် စာပေအတွက် အကျိုးပြုပေသတည်း။ ။

# ၁၄။ သံသေး သံပြတ်၊ သံရှည်ဖြတ်၊ ကျူးခတ်ဒယင်ယင်။

မယ်တော်မိဖုရားနှင့်အထိန်း အယ အပေါင်းတို့သည် မင်းသားကလေး အိပ်ပျော်စေရန် သံသေး၊ သံပေါ့၊ သံပြတ်၊ သံဆက်၊ သံလျင်၊သံညှင်း စသော အသံ၏ ဂုဏ်အရည်အသွေး တဖြတ်ဖြတ်[၁] ဖြင့် ယောင်ကျူးခတ် ကြလေသည်။

## ဖွင့်ဆိုရှင်းလင်းချက်

အသံနှင့် စပ်လျဉ်း၍ ပါဠိဘာသာ၌ အသံစုံ၏။ ဗျဉ္ဇနဗုဒ္ဓိဆယ်ပါး ရှိ၏။ သဒ္ဒါကိုသိခြင်း၏ အကြောင်းဖြစ်သောကြောင့် ဗျဉ္ဇနဗုဒ္ဓိဟုခေါ်၏။ သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရ ရှိစေရန်အတွက် ဌာန်ကရိုဏ်း ပယတ်တို့ကို ကောင်းစွာအသုံးပြုလျက် အက္ခရာ၊ ပဒ တို့ကို အနည်းနည်း အဖုံဖုံ အသံထွက်ဆိုရာမှ ဗျဉ္ဇနဗုဒ္ဓိ ဆယ်ပါးကို ရရှိခြင်း ဖြစ်ပေသည်။

## ဗျဉ္ဇနဗုဒ္ဓိ ဆယ်ပါး

သိထိလံ ဓနိတဉ္စ ဒီဃရဿံ၊ ဂရုကံ လဟုကဉ္စ နိဂ္ဂဟိတံ။  
သမ္ဗန္ဓံ ဝဝတ္ထိတံ ဝိမုတ္တံ၊ ဒသဓာ ဗျဉ္ဇနဗုဒ္ဓိယာ ပဘေဒေါ[၂]။

| | | |
|---|---|---|
| သိထိလ | = | သံပြော့ |
| ဓနိတ | = | သံပြင်း |
| ဒီဃ | = | သံရှည် |

---

၁။ အသံတဖျတ်ဖျတ် ဟုလည်း ရှိ၏။ ဝေါသနီ ၆၀၄။  
၂။ သဒ္ဒနီတိ။

| | | |
|---|---|---|
| ရဿ | = | သံတို |
| ဂရု | = | သံလေး |
| လဟု | = | သံပေါ့ |
| နိဂ္ဂဟိတ | = | နိဂ္ဂဟိတ်သံ(နှုတ်ပိတ်သံ) |
| သမ္ဗန္ဓ | – | သံစပ် |
| ဝဝတ္ထိတ | = | သံဖြတ်(ဖြတ်ဆိုသံ) |
| ဝိမုတ္တ | = | သံလွတ်(ဖွင့်သံ) |

ပါဠိ ၌ ကစ္စည်းကျမ်းအလို သရရှစ်လုံး၊ ဗျည်း-၃၃-လုံး၊စုစုပေါင်း အက္ခရာ-၄၁-လုံးရှိ၏။

သရ-ရှစ်လုံး-အ အာ ဣ ဤ ဥ ဦ ဧ ဩ။

| | | | | | |
|---|---|---|---|---|---|
| ဗျည်း-၃၃-လုံး – | က | ခ | ဂ | ဃ | င |
| | စ | ဆ | ဇ | ဈ | ည |
| | ဋ | ဌ | ဍ | ဎ | ဏ |
| | တ | ထ | ဒ | ဓ | န |
| | ပ | ဖ | ဗ | ဘ | မ |
| | ယ | ရ | လ | ဝ | သ |
| | | ဟ | ဠ | အံ | |

မောဂ္ဂလာန်သဒ္ဒါကျမ်းအလို သရ ဆယ်လုံးရှိ၏။ ဧော်နှင့်ဩတ်ကို ထပ်ပေါင်းထည့်၏။ နိရုတ္တိဒီပနီကျမ်းတွင် ဗျည်း သုံးမျိုးဖော်ပြ၏။

(၁) သုဒ္ဓဗျည်း က်၊ ခ်၊ ဂ်၊ (စသည်) သရမပါ။

(၂) ရဿယုတ္တဗျည်း က ၊ ခိ၊ ဂု၊ (စသည်) ရဿသရပါသည်။

(၃) ဒီဃယုတ္တဗျည်း ကာ၊ ခီ၊ ဂူ၊ ဃေ၊ ငေါ (စသည်)ဒီဃသရ ပါသည်။

မျက်စိတမှိတ်၊ လျှပ်တပြက်အချိန်တိုကလေးကို မတ္တ(မတြာ)ဟုခေါ်

သည်[၁]။ ဗျည်းကို ရွတ်ဆိုသံသည် မတြာဝက်(၁/၂)သာရှိသည်။ အသံပီပြင်စွာ မထွက်နိုင်။ ရဿ ရွတ်ဆိုသံသည် တစ် မတြာကာလရှိသည်။ ကောင်းစွာ အသံထွက်သည်။ ရဿ ယုတ္တဗျည်းသည် တစ် မတြာခွဲ(၁ ၁/၂) ကာလရှိသည်။ ဒီဃ ယုတ္တဗျည်းသည် နှစ်မတြာခွဲကာလ(၂ ၁/၂)ရှိသည်။

'အံ' ၌ 'အ'သည် သရ၊ သေးသေးတင် (အောက်အပြောက်)သည် နိဂ္ဂဟိတ်ဖြစ်၍ ဗျည်းတည်း။ ထို့ကြောင့် အံ သည် က၊ ခ စသည် တို့ကဲ့သို့ တစ် မတြာ ခွဲကာလရှိသော ရဿ ယုတ္တဗျည်းပေတည်း(နိဂ္ဂဟိတ် သည် ဣ နှင့် ဥ ကိုလည်း မှီသည်၊ ဣံ၊ ဥံ သည်လည်း တစ်မတြာ ခွဲကာလရှိသည်)။

ထိုအက္ခရာ ၄၁ လုံး၊ သို့မဟုတ် ၄၃ လုံးတို့ကို အခြေခံ၍ ဗျဉ္ဇနဗုဒ္ဓိ ဆယ်ပါးကို ခွဲခြားရာ၏။

**သိထိလသံ**။ က၊ ဂ၊ စ၊ ဇ၊ ဋ၊ ဍ၊ တ၊ ဒ၊ ပ၊ ဗ၊ ဟူသော အက္ခရာ ဆယ်လုံး၏အသံသည် နူးနူးညံ့ညံ့၊ ပျော့ပျော့ ပျောင်း ပျောင်း ရွတ်ဆိုရသော သိထိလသံတည်း။ (တိုးတိုးသံ မဟုတ်)။

**ဓနိတသံ**။ ခ၊ ဃ၊ ဆ၊ ဈ၊ ဌ၊ ဎ၊ ထ၊ ဓ၊ ဖ၊ ဘ၊ ဟူသော အက္ခရာ ဆယ်လုံး၏ အသံသည် တင်းတင်းရင်းရင်း၊ ပြင်းပြင်း ပြပြ၊ ခက်ခက်ထန်ထန် ရွတ်ရသော ဓနိတသံတည်း။ (ကျယ်လောင်တိုင်း ဓနိတသံမဟုတ်)။

**မှတ်ချက်**။ ။ဖော်ပြပါအက္ခရာ(၂၀)မှ ကျန်သော အက္ခရာတို့ကား သိထိလ လည်းမဟုတ်၊ ဓနိတလည်းမဟုတ်၊ ကြားအက္ခရာ တို့ ပေတည်း။

---

၁။ သက္ကတပါဏိနိ၌ ဒူးပေါ်၌ မှောက်၍တင်ထားသောလက်ကိုလှန်သလောက် သို့မဟုတ် လှန်ထားသောလက်ကို မှောက်သလောက်ကြာချိန်ကို မတြာ ကာလ ဟုဆို သည်။

**ဒီဃသံ။** အာ၊ ဤ၊ ဦ၊ ေ၊ ဩ ဟူသော သရငါးလုံးတို့၏ အသံသည် ရွတ်ဆိုချိန် နှစ်မတြာကာလ ရှိသော သံရှည်ဒီဃ သံတည်း။

**ရဿသံ။** အ၊ ဣ၊ ဥ၊ ဟူသော သရ သုံးလုံးတို့၏ အသံသည် ရွတ်ဆို ချိန် တစ်မတြာကာလရှိသော သံတို ရဿ သံတည်း။ ဧ၊ ဩတ် တို့ကိုလည်း ရဿသံဟု ဆိုအပ်၏။

ဧ၊ ဩတ် ရဿ သည် သံယုဂ်ရဿသာ ဖြစ်၏။ ယင်းသည် င၊ ဉ၊ ဏ၊ န၊ မ၊ ယ၊ ရ၊ လ၊ ဝ၊ အက္ခရာ ကိုးလုံးမှတပါး ကေပုဒ်သံယုဂ်ဖြစ်မှသာ ရဿသံ ထွက်သည်။ ပုံစံ–

စေတ္တ၊ ဩဋ္ဌော စသည်တည်း။

င၊ ဉ၊ ဏ၊ န၊ မ၊ ယ၊ ရ၊ လ၊ ဝ အက္ခရာကိုးလုံး သံယုဂ်နှောင်းမူ ဧ၊ ဩ၊ သံထွက်ပေ။ ပုံစံ – ဧန္တိ၊ ဟောန္တိ စသည်တည်း။ (အင်၊ ဟွန်၊ ဟုသာထွက်သည်)။

ပုဒ်ခြားသော ပဒန္တရ သံယုဂ်ဖြစ်လျှင်လည်း ဧ၊ ဩတ် သံမထွက် ပေ။ ပုံစံ –

(၈) မဇ္ဈေ တုံ နိက္ခမံ ဝနေ။ (မန်စေတုံဟု အသံထွက်၏။ ဇ္ဈေတ်ဟုမထွက်)။

(ဩ) ပုတ္တော တျာဟံ မဟာရာဇ၊ (ပုတ္တော ဟု ဩသံသာ ထွက်၏။ တွတ်–ဟု မထွက်)။

**ဂရုသံ။** ‘ဒုမ္မိ ဂရု’ဟူသော ကစ္စည်းသုတ်အရ အက္ခရာနှစ်လုံးဆင့် (ပါဌ်ဆင့်)၏ ရှေ့ရှိ လေးလေးနက်နက် အသံထွက်ရ သော သံလေးကို ဂရုသံဟု ခေါ်သည်။

ပုံစံ – ဗုဒ္ဓေါ။ ဤတွင် ‘ဒ္ဓ’ ဆင့်၏ရှေ့ရှိ ‘ဗု’ကို သံလေး(ဗုဒ်) ဟု ထွက်ခြင်းမျိုးကို ဂရုသံဟု ခေါ်သည်။

ဂရုသည် သံယောဂ ပုဗ္ဗဂရု၊ ဒီဃဂရု၊ ပါဒန္တဂရု ဟူ၍ သုံးမျိုး ရှိ၏။ ဗုဒ္ဓေါ၊ စိတ္တံ၊ နိဂ္ဂ စသည်တို့၌ ဗု၊ စိ၊ နိ တို့သည် သံယောဂ ပုဗ္ဗဂရုတည်း။ ဒီဃသရ ငါးလုံးနှင့် ယင်းငါးလုံးနှင့်တွဲသော ကာ၊ ကီ၊ ကူ စသော ယှဉ်တွဲ ဒီဃများသည် ဒီဃဂရုတည်း။ ဂါထာတရပ်ရပ်၌ ပါဒတခုစီ၏ အဆုံးစာလုံးသည် ပါဒန္တဂရုတည်း။ ပုံစံ–

သမန္တာ စက္ကဝါဠေသု

၌ သု သည် မူရင်း ရဿ ဖြစ်သော်လည်း ပါဒ အဆုံး၌ တည်သော ကြောင့် ပါဒန္တဂရု ဟု ဆိုရမည်။ ဗျည်းတွဲ ဒီဃဂရု ပါဒန္တဂရု တို့ကား စင်စစ် သဒ္ဒါသုံးမဟုတ်၊ ဆန်းကျမ်း၏အသုံးပေတည်း။ ဤကာ၊ ကီ၊ ကူ စသော ယှဉ်တွဲရဿ သည် တစ်ခတြာခွဲရှိသော်လည်း ဂရုထဲ မသွင်း။ ရဿ (လဟု)သို့သာ သွင်းယူလေသည်။

**လဟုသံ**။ ဂရု၏ အပြန် သံပေါ့သည် လဟု သံတည်း။ ရဿ သရသုံးလုံးနောက်၌ ပါဋ်ဆင့်မရှိ၍ ပေါ့ပါးစွာ ရွတ်ရသော အသံများ၊ က၊ ကိ၊ ကု စသည်ဖြင့် တစ်မတြာခွဲ ရှိသော ယှဉ်တွဲ ရဿများကို လဟုသံ ရွတ်ရသည်။

**နိဂ္ဂဟိတ်သံ**။နိ+ဂဟိတ=နှိပ်၍+ဂဟိတ=ယူခြင်း။ နိဂ္ဂဟိတ=နှိပ်၍ ယူခြင်း။

ရွတ်ဆိုရာတွင် ကရိုဏ်းကို နှိပ်၍ ပါးစပ်ကို ပိတ်လျက် အသံထွက် စေသော သေးသေးတင် အသံမျိုးကို နိဂ္ဂဟိတ်သံဟု ခေါ်သည်။ ပုံစံ–

ဗုဒ္ဓံ ၌ ဒ္ဓံ အသံ၊ တာဝတိံသာ၌ တိံ အသံ၊ ဟောတုံ ၌ တုံ အသံ။

ဒ္ဓံ ၌ဒ္ဓ + ံ ဟု အက္ခရာနှစ်ရပ်ပါဝင်ရာ ဒ္ဓ ကို ဆိုပြီး ချက်ချင်း ပါးစပ်ကိုပိတ်လျက် အံ ၏ အသံကို ပါးစပ်ထဲ၌ပင် ငြိုး၍ ထွက်စေရာ သည်။ ထိုအခါ လေသည် နှာခေါင်းမှထွက်သောကြောင့် နိဂ္ဂဟိတ်သံ (ပိတ်သံ)ကို ကြားနိုင်လေသည်။

**သမ္ဗန္ဓသံ**။ သဒ္ဒါ စည်းကမ်းအရ သော်လည်းကောင်း၊ အနက်အဓိပ္ပာယ်အရသော်လည်းကောင်း ပုဒ်ချင်းဆက်စပ် ရွတ်ဆိုရသော ပုဒ်စပ်သံသည် သမ္ဗန္ဓသံပေတည်း။

ပုံစံ- ဒွေ့မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ။

ဤ၌ သဒ္ဒါစည်းကမ်းအရ (ဒွေ+ဣမေ) ကို 'ဒွေ့မေ' ဟု စပ်၍ ဖတ်သံသည် သမ္ဗန္ဓ သံတည်း။ မမှိဝ်အပ် ဟူသော အနက်အဓိပ္ပာယ်အရ န သေဝိတဗ္ဗာ ဟု န နှင့် သေဝိတဗ္ဗာ ကို ပေါင်းစပ် ဖတ်သံသည်လည်း သမ္ဗန္ဓသံပင် ဖြစ်သည်။

**ဝဝတ္တိ တသံ**။ သဒ္ဒါစည်းကမ်းအရလည်းကောင်း၊ အနက်စည်းကမ်းအရ လည်းကောင်း၊ ပုဒ်ချင်း မရောစေပဲ ခြားဖြတ်၍ ဖတ်သောအသံသည် ဝဝတ္တိတ အသံတည်း

ပုံစံ – (၁) သန္ဓိပုဒ်ကို ပုဒ်ဖြတ်၍ ဖတ်ခြင်း၊ ကျေနန ဝုတိကို ကေ + ဦန + နဝုတိ ဟု ဖြတ်၍ ဖတ်ခြင်း၊

(၂) အနက်အဓိပ္ပာယ်အရ အက္ခရာချင်းခွဲ၍ ဖတ်ခြင်း၊ ပုံစံ- ပဗ္ဗဇိတေန န သေဝိတဗ္ဗာ၌ န နှစ်လုံးကို ဆက်မဖတ်ပဲ အသံခွဲခြား၍ ဖတ်ခြင်း။

**ဝိမုတ္တအသံ**။ နိဂ္ဂဟိတ်ပိတ်သံမှ ကျန်သမျှအသံအားလုံးကို ဝိမုတ္တသံဟု နိရုတ္တိဒီပနီ၌ ဖော်ပြ၏။ နိဂ္ဂဟိတ်သည် ပိတ်ရွတ်ဖြစ်၍ ဝိမုတ္တိသည် ဖွင့်ရွတ်ဖြစ်ပေသည်။

သို့သော် စူဠနိရုတ္တိကျမ်း၌ အသံတိုတို ရဿ သရ အားလုံးသည် သံဝုဋ္ဌ (ပိတ်ရွတ်)၊ သံရှည် ဒီဃသရအားလုံးသည် ဝိဝဋ (ဖွင့်ရွတ်)ဟု ပယာတ်သဘောကို ရှင်းပြထား၏။ အချုပ်မှာ အက္ခရာအသံကို ရွတ်ဆိုလိုက်ပြီး နှုတ်ကို ပြန်မပိတ်ပဲ ဖွင့်လျက်သာ ထားရသော အသံမျိုးသည် ဝိမုတ္တသံ

---

၁။ ဒွေ့မေ= ဒွေ+ဣမေ နှစ်ပုဒ်ကို သန္ဓိစပ်ခြင်းဖြစ်သည်။

ဖြစ်၏။ ဤတွင် သံရှည်ကို ရွတ်သောအခါ အသံအချိန်ကြာသည်နှင့်အမျှ နှုတ်ခမ်းကို ဖွင့်လျက် ပေးထားရ၍ ဝိမုတ္တသံ ပို၍ထင်ရှားရသည်။

**ပ္လုတသံ**။ သက္ကတပါဏိနိကျမ်း၌ ပ္လုတသံ ဟူ၍ အသံတသံ သီးခြား ပြဆို၏။ အဝေးမှလှမ်းပြီးခေါ်သံ၊ ခွဲချွဲပြစ်ပြစ် သီချင်းဆိုသံ၊ ငိုသံတို့သည် ရိုးရိုးဒီဃသံထက် ရှည်လျား၏။ အနည်းဆုံး သုံးမတြာကာလ ရှည်၏။ ထို့ကြောင့် ယင်းသို့သော အသံမျိုးကို ပ္လုတသံဟု ဆိုလေသည်။ ပါဠိကျမ်းဂန်တို့၌ကား ပလုတသံကိုမပြချေ။ ဒီဃသံ ဝိမုတ္တသံတို့၌ သွင်းယူလေသည်။

ဤ ဗျဉ္ဇန ဗုဒ္ဓိ ဆယ်ပါးနှင့်ပတ်သက်၍ အချို့က ဒီဃနှင့်ဂရု၊ ရဿနှင့် လဟု အတူတူသာဖြစ်သည်ဟုဆိုကြသည်၊ သို့သော် ထပ်တူထပ်မျှမတူချေ။ အကယ်၍ တူသည်ဆိုလျှင် ဗျဉ္ဇနဗုဒ္ဓိရှစ်ပါးသာ ရှိလေရာသည်။ ရှစ်ပါး သာ ရှိလျှင်လည်း ဗျဉ္ဇနဗုဒ္ဓိ ဆယ်ပါးဟု အပိုဒ်ကိုသက် ရေတွက်ဖော်ပြခဲ့မည်မဟုတ်ချေ။ မတူ၍သာ ဒီဃ နှင့် ဂရု၊ ရဿ နှင့် လဟု ခွဲခြားပြီး ဗျဉ္ဇနဗုဒ္ဓိ ဆယ်ပါး ပြဆိုခဲ့ခြင်းဖြစ်ပေသည်။

မတူပုံမှာ- ရွတ်ဆိုချိန်တာ တစ်မတြာမျှသာရှိသော အ၊ ဣ၊ ဥ သံတို သရသုံးလုံးသည် ရဿပေတည်း။ ယင်း ရဿ သရ သုံးလုံးကို 'လဟု'ဟုလည်း ခေါ်နိုင်သည်။ သို့ရာတွင် ရွတ်ဆိုချိန် တစ်မတြာခွဲကာလ ရှိသော က၊ ကိ၊ ကု စသည်ကို ရဿထဲသို့ ကည့်ရသော်လည်း စင်စစ် 'လဟု'ဟူ၍သာ သတ်မှတ်ရသည်[၁]။ ထိုနည်းတူ နှစ်မတြာရှိသော အာ၊ ဦ၊ ဧ၊ ဩငါးလုံးကို 'ဒီဃ'ဟု မုချခေါ်ရသည်။ နှစ်မတြာခွဲရှိသော ကာ၊ ကီ၊ ကူ၊ ကေ၊ ကော တို့ကိုမူ ဒီဃ ဟု မုချအားဖြင့် မခေါ်သင့်ပေ။

ဂါထာဗန္ဓဖွဲ့နည်းပြသော ဆန်းကျမ်းအရ ဂိုဏ်းစိစစ်ရာတွင် အ၊ ဣ၊ ဥ၊ က၊ ကိ၊ ကု စသည်ကို လဟု (၁)ဟုလည်းကောင်း။ အာ၊ ဤ၊

---

၁။ လဟုဂ္ဂဟဏံ စေတ္ထ ဆန္ဒသိ ဒီဃံ့မုတ္တဿာပိ ဂဟဏတ္ထံ။ (ရူ)

ဦ၊ ဧ၊ သြ၊ ကာ၊ ကီ၊ ကူ၊ ကေ၊ ကော စသည်ကို ဂရု (၂) ဟု လည်းကောင်း သတ်မှတ်ပေသည်။

ဒီဃ ရဿ ခွဲခြားမှုသည် သဒ္ဒါအစီအရင်အတွက် ပမာဏဖြစ်၏။ ဂရု၊ လဟု ခွဲခြားမှုသည် ဆန်းအစီအရင်အတွက် ပမာဏဖြစ်၏။ဤသို့ယူသင့်၏။

ပုံစံ – ဗုဒ္ဓေါ ဟူသောပုဒ်၌ 'ဗု'ကို သဒ္ဒါအမြင်အရ၊ တစ်မတြာ ခွဲမျှသာရှိသောကြောင့် ဒီဃ ရဿ နှစ်မျိုးအနက် ရဿထဲသို့ထည့်သွင်း ရသည်။ ဆန်းအမြင်အရသော်ကား အနောက်က သံယုတ် ရှိနေသော ကြောင့် ဂရုထဲသို့ ထည့်သွင်းယူရလေသည်။

သို့ဖြစ်သောကြောင့် ဒီဃနှင့် ဂရု၊ ရဿ နှင့် လဟု နေရာတိုင်း ထပ်တူ ထပ်မျှ မဖြစ်ကြောင်း သိအပ်ပေသည်။

## မြန်မာဗျဥ္စနဗုဒ္ဓိဆယ်ပါး

မြန်မာဘာသာ၌လည်း ဗျဉ္စနဗုဒ္ဓိဆယ်ပါးရှိ၏။ ဤအကြောင်းကို ရှင်မဟာရဋ္ဌသာရပုဂ္ဂိုလ်ကျော်သည် ကိုးခန်းပျို့ကြီး၌ ဤသို့ ဖွဲ့ဆိုထား ခဲ့၏။

ပုဒ်စပ်ချောပြေ၊ သဒ္ဒေခြားဖြတ်၊
သံလွတ်ဖွင့်ဆို၊ ရှည် တို လေး ပေါ့၊
တင်းလျော့ နိဂ္ဂဟိတ်၊ အစိတ်အဖြာ၊
အင်္ဂါဆယ်စု၊ ရွတ်မှုမကျွမ်း၊
နားမချမ်း။

ဗျဥ္စနဗုဒ္ဓိဆယ်ပါးကို တတ်သိကျွမ်းကျင်စွာရွတ်ဆိုမှ နားထောင်၍ ကောင်းပါသည်။ နားချမ်းသာသည်။ သို့မဟုတ်က နားမချမ်းသာ ဟူသော မှတ်ချက်ကို သတိပြုအပ်လှသည်။

## ၁။ ပုဒ်စပ်ချောပြေ/သန္ဓေ[၁] (သမ္ဗန္ဓ)

ပုဒ်တို့ကို ချောမောပြေပြစ်စွာစပ်၍ ရွတ်ဖတ်ခြင်းတည်း။ ဤသို့ 'စပ်'ရာတွင် (၁)အက္ခရာချင်း ပုဒ်ချင်းစပ်မှုနှင့် (၂) အသံစပ်မှု ဟူ၍ နှစ်မျိုးခွဲနိုင်၏။

| | | | |
|---|---|---|---|
| အက္ခရာစပ် – | မဟုတ် | ကို | မှုတ် |
| | ဘေးဘယမ်း | ကို | ဘေးဘျမ်း |
| | ယဝန | ကို | ယွန်း |
| အသံစပ် – | စက်ပြာသာဒ် | သို့ | ပြာသာဒ် |
| | သက်မမှတ် | သို့ | မမှတ် |
| | စက်မလွတ် | သို့ | မလွတ် |
| | မိုးသကြား | သို့ | သကြား |
| | ယိုးမမှား | သို့ | မမှား |
| | ဝိုးတဝါး | သို့ | တဝါး |

ယင်း ပြာသာဒ်၊ မမှတ်၊ မလွတ်၊ သကြား၊ မမှား၊ တဝါး စသည်ကို တလုံးစီ ခွဲ၍ အသံမထွက်ရ၊ နှစ်လုံးပေါင်း အသံစပ်သာလျှင် ထွက်ရပေသည်။

## ၂။ ခြားဖြတ် (ဝဝတ္ထိတ)

အသံကို မဆက်စေပဲ အကြားအလပ်သားလျက် ခြားဖြတ်၍ ရွတ်ခြင်းတည်း။

ပုံစံ– နတ်လူတည်ကြသော ပူရတွင် ကို နတ်လူတည်ကြ–သောပူရတွင်

| | | |
|---|---|---|
| မြေကြီး ကသာ | ကို | မြေကြီး–ကသာ |
| နေမီး လဝါ | ကို | နေမီး–လဝါ |
| ဘဝဂ် ကသာ | ကို | ဘဝဂ်–ကသာ |

---

၁။ သန္ဓေ-၏ ရင်းမြစ်ကား သန္ဓိ (ပါ)တည်း။ သမ္ဗန္ဓနှင့် အနက်တူပင်။

## ၃။ သံလွတ်ဖွင့်ဆို (ဝိမုတ္တ)

သေးသေးတင်(နိဂ္ဂဟိတ်)သံမှတပါးကျန်သော အက္ခရာပုဒ်တို့ကို လျှာနှုတ်ခမ်း (ကရိုဏ်းပယတ်) တို့ကိုမနှိပ်ပဲ မပိတ်ပဲ ခံတွင်းဖွင့်လွှတ်ပေးသော အသံမျိုးကို ထွက်စေခြင်းတည်း။

ပုံစံ – အည်၊ အည့်၊ အည်း၊

ဤညသတ် (ည်) သုံးလုံးကို ဖွင့်ရွတ်သံအဖြစ် သတ်မှတ်သည်။ သီပေါမင်း နန်းတက်စ မြန်မာသက္ကရာဇ် ၁၂၄၀ ပြည့်နှစ် တောင်ဥယျာဉ်တော် အစည်းအဝေး ရုံးတော်၌ ပညာရှိ မှူးမတ်စုံညီ စီရင်သော အသံ ကာရန် ၆၄-ပါး ဇယားပုံ၌ ဤသတ်မှတ်ချက်ကို ဖော်ပြထား၏။

၄။ ရှည် (ဒီဃ) အသံရှည်၊ သံရှည်ထွက်ခြင်းတည်း။

၅။ တို (ရဿ) အသံတို၊ အသံပြတ်တည်း။

ဤသံရှည်၊ သံတိုတို့ကို ကာရန်အလိုက် ဖော်ပြပါသည်။

| သံတို (ရဿ) | သံရှည် (ဒီဃ) |
|---|---|
| အ | အာ၊ အား |
| အိ | အီ ၊ အီး |
| အု | အူ ၊ အူး |
| အေ့ | အေ၊ အေး |
| အဲ့ယ် | အယ်၊ အယ်း (နောက်ပစ်တူ) |
| အော့ | အော်၊ အော |

က် (ကသတ်)

အက်၊ အိုက်၊ အောက်

| သံတို | သံရှည် |
| --- | --- |
| **င် (ငသတ်)** | |
| အင့်၊ အိုင့်၊ အောင့် | အင်၊ အင်း<br>အိုင်၊ အိုင်း<br>အောင်၊ အောင်း |
| **စ် (စသတ်)** | |
| အစ် | |
| **ည် (ညသတ်)** | |
| အေည့်<br>အည့် | အေည်၊ အေည်း<br>အည် ၊ အည်း |
| **တ် (တသတ်)** | |
| အတ်၊ အိတ်၊ အုတ် | × |
| **န် (နသတ်)** | |
| အန့်၊ အိန့်၊ အုန့် | အန်၊ အန်း<br>အိန်၊ အိန်း<br>အုန်၊ အုန်း |
| **ပ် (ပသတ်)** | |
| အပ်၊ အိပ်၊ အုပ် | |
| **မ် (မသတ်)** | |
| အမ့်၊ အိမ့်၊ အုမ့်း | အမ်၊ အမ်း<br>အိမ်၊ အိမ်း<br>အုမ်၊ အုမ်း |
| **ဝ် (ဝသတ်)** | |
| အိုဝ် | အိုဝ်၊ အိုဝ်း |

က၊ စ၊ တ၊ ပ အသတ်လေးရပ်သည် သံတိုသာ၊ သံရှည်မရှိခြင်းနှင့် အောက်ကမြစ်သည် သံရှည်ကို သံတိုဖြစ်လာအောင် ပြုလုပ်ခြင်းတို့ကို မှတ်သားအပ်ပေ၏။ ဗျဉ္ဇနဗုဒ္ဓိဆယ်ပါးကိုမတတ်လျှင် မှန်ကန်အောင် ရေးသားစပ်ဆိုနိုင်ရန် ခဲယဉ်းကြောင်း တောင်ဥယျာဉ်တော်စည်းဝေးက သတ်မှတ်ချက်ပြုခဲ့သည်။

၆။ လေး (ဂရု) အသံလေး အသံနက်ကို ဂရုသံ ဟုဆိုသည်။

၇။ ပေါ့ (လဟု) ခပ်ပေါ့ပေါ့၊ ခပ်ဖွဖွ ဆိုရွတ်သံကို လဟုသံဟု ဆိုသည်။

အထက်ဖော်ပြပါ ရဿ သံ (သံတို) အားလုံးကို လဟုသံ (သံပေါ့) ဟူ၍ လည်းကောင်း။ ဒီဃသံ (သံရှည်) အားလုံးကို ဂရုသံ (သံလေး) ဟူ၍ လည်းကောင်း မဆိုနိုင်၊ ဂရုသံ လဟုသံ ခွဲခြားရာ၌ သိထိလ အက္ခရာ (သံပျော့အက္ခရာ) ဓနိတ အက္ခရာ (သံတင်း အက္ခရာ)တို့ကိုလည်း အခြေခံရပေသည်။

ပုံစံ- မချူသာပြန်၊ ယူရန်ကြံရေး ခက် လှသလေး[၁]

ဤပုံစံ၌ 'ခက်'သည် ကသတ်ဖြစ်၍ ရဿသံ (သံတို)ဖြစ်၏။ သို့သော် 'ခ' သည် ဓနိတအက္ခရာ ဖြစ်ပြန်သည်။ လက်တွေ့ဆိုရာ၌ 'ခက်' အသံကို ဆွဲငင်မဆိုရသော်လည်း ခပ်ပြင်းပြင်း ဆိုရမည်။ အလေးအနက်ဆိုရမည်။ သို့မှ ဆိုမှု ဖတ်မှုကျွမ်း၍ နားချမ်းရာသည်။ ဤသို့ လေးလေးပြင်းပြင်း ဆိုချေသော် 'လဟုသံ' မဆိုနိုင်ချေ။ ဂရုသံဖြစ်ပေသည်[၂]။ အခြားပုံစံ များလည်းများစွာ၏။

ထို့ကြောင့် 'သံလေး သံပေါ့' ကို ဓနိတအက္ခရာ၊ သိထိလအက္ခရာ အပေါ် အခြေခံ၍ ခွဲခြားရမည် ဖြစ်ပေသည်။

---

၁။ ဂန္ဓမာဘောင်ပတ်ပျိုးမှ၊

၂။ အလင်္ကာကျမ်းလာ မဓုရတာဂုဏ်၊ သမတာဂုဏ်တို့ကိုလည်း မျှော်လေ။

၈။ တင်း (ဓနိတ) တင်းရင်းခက်မာသော အသံ၊
၉။ လျော့ (သိထိလ) ပျော့ပျောင်း ညွှတ်သက်သော
အသံတည်း။

ဗျည်းသုံးဆယ့်သုံးလုံးတို့တွင် ‘ခ၊ ဃ၊ ဆ၊ ဈ၊ ဌ၊ ဎ၊ ထ၊ ဓ၊ ဖ၊ ဘ’ ဟူသော အက္ခရာဆယ်လုံးသည် ဓနိတအက္ခရာတည်း။ ကျန်အက္ခရာတို့ကား ဓနိတမဟုတ်သော အက္ခရာများ (ဝါ) သိထိလ အက္ခရာများ ပေတည်း။

၁၀။ နိဂ္ဂဟိတ် (နိဂ္ဂဟီတ) သေးသေးတင် အစက်ကလေး ကို နိဂ္ဂဟိတ်ဟု ခေါ်သည်။ သေးသေးတင်သည် သူ့ချည်း သီးသန့်မရှိနိုင်။ အက္ခရာဘသုံးလုံးပေါ်၌ မှီနေရသည်။ သူသည် မတြာဝက်ကာလမျှသာရှိသော ဗျည်းတလုံး ဖြစ်သည်။ ထို့ကြောင့် သူ့ချည်းသက်သက် ပီပီသသ အသံထွက်၍လည်းမရ။ သူမှီနေသောဗျည်းကို ရွတ်ဆိုရာတွင် သေးသေးတင် အသံသည် ပါသည် ဆိုရုံမျှသာ ပါဝင်သည်။ ပါရာတွင်လည်း မူလအက္ခရာကို ဆိုပြီးသည်နှင့် ပါးစပ်ကိုပိတ်လိုက်မှ သူ၏အသံမျှင်းမျှင်းကလေးကို ရသည်။ ထို့ကြောင့်ပင် သဒ္ဒါဆရာမြတ်တို့က ‘ကရိုဏ်းကိုနှိပ်၍ မဖွင့်သော ခံတွင်းဖြင့် နိဂ္ဂဟိတ်ကို ဆိုရမည်’ဟု မှာခဲ့ခြင်း ဖြစ်သည်။

ခံတွင်း(ပါးစပ်)ကို မဖွင့်ပဲ ဘယ်လိုဆိုရမည်လဲဟု ဆင်ခြင်စရာရှိသည်။ အမှန်မှာ အထက်ပါရှင်းလင်းချက်အတိုင်း သူမှီရာ အက္ခရာကို ခံတွင်းဖွင့်ဆိုပြီး ချက်ချင်းခံတွင်းပိတ်လိုက်လျှင် သေးသေးတင်၏ အသံမျှင်းကလေးရပေသည်။ ဤသို့ ပိတ်လိုက်သည်ကိုပင် ‘မဖွင့်သောခံတွင်း’ ဟု ဆိုခြင်းဖြစ်ပေသည်။

မြန်မာ၌သည်း ပ္လုတသံရှိသည်။ ပလုပ်သံဟုလည်း ခေါ်သည်။ အဝေးကို လှမ်း၍ ခေါ်ခြင်း၊ သံရှည်ဆွဲ၍ သီချင်းဆိုခြင်းစသည်တို့၌ ပ္လုတသံ ထင်ရှားပေသည်။

## သံယုဂ် ရှေ့ရှိ ဧ ဩ အသံထွက်ပုံ

ပါဠိဆင့်စာလုံး၏ရှေ့၌ ရှိသော ဧ ဩ တို့ကို မည်သို့အသံထွက်သင့်ကြောင်း ရှေးဆရာများ စိစစ်ခဲ့ကြသည်။ ဆရာအသီးသီး၏ ဝါဒများကို တခုစီဖော်ပြပြီးမှ အများလက်ခံသော ဥပဒေကို ပြပါမည်။

၁။ **ဆရာတော်ဦးဗုဓ်နှင့်။ သင်္ဂဇာဆရာတော်ဝါဒ** ဝဂ်အဆုံး င၊ ဉ၊ ဏ၊ န၊ မ နှင့် ယ၊ ရ၊ လ၊ ဝ၊ တို့မှ တပါး ကျန်သောအက္ခရာ အဆင့်၏ရှေ့၌ ရှိသော ဧ၊ ဩ တို့ကို သက္ကတ ရိ၊ လိ စသော သရများကို ရွတ်ဆိုသကဲ့သို့ အမြစ်သံဖြင့် ဆိုရမည်။

ဤဝါဒအရ – ဇေတ္တ ကို အေ့ထ (ဤ ဋ္ဌ)
သောတ္ထိ ကို သော့ထိ(ချမ်းသာ)ဟု ရွတ်ရမည်။

၂။ **မောဂ္ဂလာန်ဆရာဝါဒ။** သံယုဂ်၏ရှေ့၌ ရှိသော ဧ ကို ဧ်၊ ဩ ကိုဩတ် ဟုအသံထွက်ရမည်။ ဧ်ဩတ် သည် ရဿ သရပင် ဖြစ်လေသည်

ဤဝါဒအရ – ဇေတ္တ ကို အစ်ထ
သောတ္ထိ ကို သောတ်ထိ(သွတ်ထိ)ဟု ရွတ်ရမည်။

၃။ မြတောင်ဆရာတော်ဘုရားကြီးဝါဒ။ ဧ ကို ဧ် ဟု မရွတ်ဆိုသင့်။
ယင်းသို့ ရွတ်ဆိုလျှင် ဧ – ပါ မပါ အသံထွက် မထူးပဲ ရှိမည်။
ဆိုလိုသည်မှာ – မေတ္တာ ကို မစ်တာ
သစ္စာ ကို သစ်စာ ဟု အသံထွက်သဖြင့် ဧ ပါ မပါ၊ အသံတူထွက်ပေသည်။ ထိုသို့ အသံမတူသင့်ဟု ဆိုလိုသည်။

၄။ **ညောင်တုန်း ရွှေဟသ်ာတောရ။ စံကျောင်းဆရာတော်ဘုရားကြီးဝါဒ။** နက္ခမတိ ကို နက်ခမတိ ဟုလည်းကောင်း၊ တဿကို တသ်သ ဟုလည်းကောင်း ရွတ်ဆိုရသကဲ့သို့

ဧ ဩ တို့ကိုလည်းကောင်း၊ ယင်းတို့နောက်ကရှိသော ပါဠိဆင့်နှစ်လုံး အနက် အပေါ်အက္ခရာအထက်၌ အသတ်တင်၍ ရွတ်ရမည်။ သတ်သတ် တလုံးစီ အသံမထွက်ရ။

ဤဝါဒအရ – ဧတ္တ ကို ဧ – တ ဟု မရွတ်ရ၊
ဧတ်တ ဟု ရွတ်ရမည်။
သောတ္တိ ကို သော–တိ ဟု မရွတ်ရ
သောတ် တိ ဟု ရွတ်ရမည်ဟူလို။

ထို့ပြင် သဒ္ဒါကျမ်းများ၌ သံယုဂ်၏ရှေ့ရှိ ဧ ဩ ကို သာ ရဿသံ ဖြင့်ရွတ်ရမည်ကိုပြ၏။ အာသရ ကိုမူ မပြချေ။ ထို့ကြောင့် သံယုတ် (ပါဠိဆင့်)ရှေ့၌ ရှိသော အာ ကို မူလသံအတိုင်း ရွတ်ရမည် ဟု သိနိုင် သည်။

ဤဝါဒအရ – အာ ချာတ ကို အာ – ချာတ
သညာဝါဿ ကို သညာဝါဿ ဟုသာရွတ်ရမည်၊
အက်ချာတ၊ သညာဝါသ်သ ဟု မရွတ်ရ ဟူလို။

၅။ အခြားပညာရှင်များ။ ယျ(ယနှစ်လုံးဆင့်)၏ ရှေ့၌ရှိသော ဧ ကို မူ အိသံ (ညသတ်သံ) ထွက်ရ မည်။ အဘယ့်ကြောင့်ဆိုသော် အာဇာနေယျကို ပါဠိသက် မြန်မာ ဝေါဟာရပြုရာတွင် အာဇာနည်ဟု ပြောင်းသောကြောင့် ဖြစ်၏။

ဤဆရာတို့အလိုအရ အာဇာနေယျ ကို အာဇာနည်ယ(အာဇာနီယ) ဟု အသံထွက်ဖတ်ရန်ရှိသည်။ ဘာသေယျ ကို ဘာသီယျ၊ ဒေယျ ကို ဒီယျ စသည်ဖြင့် ဖတ်ရန်ရှိသည်။

၆။ အများဝါဒ(သမာနဝါဒ)

(၁) ဧ သံ သုံး မျိုး

(က) ဧ သံ သက်သက်

ပုံစံ–ဘာသေယျ=ပြောရာ၏။ ကရေယျ=ပြုရာ၏။
ဒဒေယျ=ပေးရာ၏ စသည်။

(ခ) ငင် သံ (အင်သံ၊ င သတ်သံ) ထွက်ရန် (ဝဂ္ဂန္တ)

ပုံစံ – မေဃ္ဃ (မေ င် ဃ / မင် ဃ = သိုး)
ပူရေန္တ(ပူရေ င်တ/ပူရင်တ=ပြည့်စေသော)၊

(ဂ) စစ် သံ (အစ်သံ/စသတ်သံ)ထွက်ရန်
(ဝဂ္ဂန္တမှာပါး)

ပုံစံ – ကေ္က(စေ်က) = တခု၊ ထေ္တ (စေ်ထ)၊ ခေတ္တ
(ခေစ်တ/ခစ်တ)=လယ်၊ သေဋ္ဌ (သေစ်ဌ/သစ်ထ)
မြတ်သော။ ဆေပ္ပ(ဆေစ်ပ/ဆစ်ပ)=ဖြတ်ခြင်း။

(၂) ဩသံ ၂ မျိုး

(က) ဩတ် (ွတ်) သံ

ပုံစံ – အနောတ္တပ္ပ (အနွတ်တပ်ပ) = မကောင်းမှုကို
မရှက်ခြင်း။
ဩဋ္ဌ (အွတ်ဌ) =ကုလားအုတ်၊
သောတ္ထိ(သွတ်ထိ) = ချမ်းသာ။

(ခ) ဩန် (ွန်)သံ (ည၊ဏ၊ န၊ စသည်)

ပုံစံ – ကောဏ္ဍ (ကွန်ဍဍ)
ဟောန္တု (ဟွန်တု)

(ဂ) ဩက် (အောက်သံ) (က၊ ခ စသည်)

ပုံစံ – မောက္ခ (မောက်ခ)
ယောဂ္ဂ (ယောဂ်ဂ)

၇။ ကျေးဇူးရှင် လယ်တီဆရာတော်၏ သင်ပုန်းကြီး သံခိပ်ကျမ်း၌ကား 'ဧ' ကို 'အ' ကဲ့သို့ အသံထွက် ဖော်ပြထားသည်ကို တွေ့ရသည်။

| စာလုံးပေါင်း | အသံထွက် |
|---|---|
| စေ် | အစ် |
| ညေ် | အည် |
| ညေ့် | အည့် |
| ညေ်း | အည်း |
| ကေ် | အက် |
| ငေ် | အင် |
| ငေ့် | အင့် |
| ငေ်း | အင်း |
| ဠေ် | |
| တေ် | အစ် |
| ပေ် | |
| ဏေ် | |
| နေ် | အင် |
| မေ် | |
| ဏေ့် | |
| နေ့် | အင့် |
| မေ့် | |
| ဏေ်း | |
| နေ်း | အင်း |
| မေ်း | |

သံပေါက်အရ ယှဉ်ကျူးရာတွင် အခြေခံ အသံထွက်မှန်ကန်ရမည့် အပြင် အသံကိုဖြတ်သင့်သောနေရာတွင် ဖြတ်၍လည်းကောင်း၊ လေးလေး တွဲတွဲဆိုရမည့်နေရာတွင် လေးလေးတွဲတွဲဆို၍ လည်းကောင်း ကျူးရသည် ဟူ သိရသည်။ ဆိုခဲ့ပါ အသံလက္ခဏာဆယ်ဖြာနှင့် အတတ်နိုင်ဆုံး ညီညွတ် အောင် ကျူးရင့်ပါလျှင် 'နားချမ်းသာ' မည်ဖြစ်ပေသည်။ ။

# ၁၅။ ဖွင့်၍ရွတ်ဖတ်၊ အားထုတ်လတ်၊ ပယတ်အမည်တွင်။

အဓိပ္ပာယ်ကား- စကားသံ ဖြစ်ပေါ်လာစေရန် ကြိုးစားအားထုတ်ခြင်းကို ပယတ် ဟု ခေါ်၏။ ထိုပယတ်သည် ဖွင့်၍ ရွတ်ဖတ်ခြင်းစသည်ဖြင့် (လေးမျိုး) ရှိလေသည်။

### ဖွင့်ဆိုရှင်းလင်းချက်

**စကားသံဖြစ်ပေါ်ပုံ**

ဗုဒ္ဓအဘိဓမ္မာကို အခြေခံသော ပါဠိသဒ္ဒါကျမ်းများ၌ စကားသံ ဖြစ်ပေါ်လာပုံကို ဤသို့ဖော်ပြကြသည်။

လူသည် မိမိ၏ ကံကြောင့် တကိုယ်လုံး၌ ပထဝီရုပ်ကလာပ် (ခက်မာဓာတ်)များ မပြတ် ဖြစ်နေသည်။ လည်ချောင်း အာစောက် စသော နှုတ်အင်္ဂါ အစိတ်အပိုင်းဆိုင်ရာတို့၌လည်း ပထဝီ အမာဓာတ်များ မပြတ်ဖြစ်လျက် ရှိနေသည်။ ထိုကံကြောင့်ဖြစ်သော (ကမ္မဇ) ပထဝီဓာတ်သည် ရှိနှင့်နေသော ဓာတ်ဖြစ်၏။

လူသည် အနက်ဒြပ်တခုခုကို အကြောင်းပြုပြီး စကားသံမြွက်ဆိုလိုစိတ် ဦးစွာဖြစ်ရသည်။ ထိုစကားပြောချင်သောစိတ်ကြောင့် ချက်တိုင်မှစပြီး ဝါယောဓာတ် ရုပ်ကလာပ် ( လေ ) များဖြစ်၍ လည်ချောင်းဆီသို့ တက်လာ၏။ ထို ဝါယောကလာပ်၌ ပထဝီဓာတ်လည်း ပါနေ၏။ စကားပြောချင်သော စိတ်ကြောင့်ဖြစ်သော ထို (စိတ္တဇ)ပထဝီဓာတ်သည် စကားပြောလိုက်သောအခါ လေနှင့်အတူ ပါ၍ ပါ၍ လာသော အတိုက်ဓာတ် ဖြစ်လေသည်။

စကားပြောချင်သောစိတ်ကြောင့် ဖြစ်လာသောလေကို ညှစ်၍ညှစ်၍ ထုတ်လိုက်သောအခါ လေ၌ပါလာသော စိတ္တဇပထဝီဓာတ်သည် ရင်ချိုင့် လည်ချောင်း စသောဖြစ်ရာဌာန နေရာများ၌ ဖြစ်နှင့်ရှိနှင့်သော ကမ္မဇ ပထဝီဓာတ်နှင့် အချင်းချင်း ပွတ်တိုက်ကြပြီး အသံမြည်ထွက်လာလေ သည်။ ထို့ကြောင့် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၌ အခြေအမြစ်ကိုစိစစ်၍ စကားသံကို စိတ္တဇရုပ် (စိတ်ကြောင့်ဖြစ်သောရုပ်) ဟု ဆိုထားလေ သည်။

တိရစ္ဆာန်တို့သည် လျှာ၊ နှုတ်ခမ်း၊ ပါးစပ်တို့ကို လိုသလို အသုံး မချနိုင်ကြ၍ ရင်ချိုင့်နှင့် လည်ချောင်းအတွင်းမှ ဖြစ်ပေါ်လာသော အသံကို မူရင်းအတိုင်း ထုတ်လွှတ်လိုက်ကြရသည်။ ထို့ကြောင့် ဂူးဂူးဂဲဂဲ အသံမျိုးကိုသာ ကြားရလေသည်။

လူသည်ကား အသံဖြစ်ရာဌာနများကို ကောင်းစွာ အသုံးချတတ် သောကြောင့် ရင်ချိုင့်တွင်းမှ တက်လာသောလေကိုလည်း အာ၊ လျှာ၊ သွား၊ နှုတ်ခမ်းတို့နှင့် အဆင်သင့်အောင် ထိတွေ့ပေးခြင်းအားဖြင့် လည်သံ၊ အာသံ၊ လျှာသံ၊ သွားသံ၊ နှုတ်ခမ်းသံတို့ကို ဖန်တီးရယူနိုင်လေသည်။

## ဌာန်အဓိပ္ပာယ်

ဖြစ်ရာနေရာကို ဌာန၊ ဌာန် ဟု ခေါ်သည်။ အက္ခရာအသံများဖြစ်ရာ လည်၊ အာ၊ လျှာ၊ သွား၊ နှုတ်ခမ်းအရပ်သည် ဌာန်ပေတည်း။ လည်ချောင်းကို ကဏ္ဌဟုခေါ်၏။ လည်ချောင်းနေရာကို ကဏ္ဌဌာန၊ ကဏ္ဌဌာန်ဟုခေါ်၏။ လည်ချောင်းအရပ်၌ဖြစ်သော အက္ခရာ(အသံ)ကို ကဏ္ဌဇအက္ခရာဟု ခေါ်သည်။

ထိုနည်းတူ အာစောက်ကို တာလုဟုခေါ်၏။ အာစောက်အရပ်ကို တာလုဌာန်။ အာစောက်အရပ်၌ဖြစ်သော အက္ခရာကို တာလုဇအက္ခရာ ဟုခေါ်၏။ လျှာထိပ်ကို မုဒ္ဓ၊ လျှာထိပ်အရပ်ကို မုဒ္ဓဌာန်၊ လျှာထိပ်၌ ဖြစ်သော အက္ခရာကို မုဒ္ဓဇအက္ခရာဟု ခေါ်၏။ သွားကို ဒန္တ၊

သွားအရင်းကို ဒန္တဌာန်၊ သွား၌ဖြစ်သော အက္ခရာကို ဒန္တဇအက္ခရာ ဟု ခေါ်၏။ နှုတ်ခမ်းကို ဩဋ္ဌ၊ နှုတ်ခမ်းအရပ်ကို ဩဋ္ဌဌာန်၊ နှုတ်ခမ်းအရပ်၌ဖြစ်သောအက္ခရာကို ဩဋ္ဌဇအက္ခရာ ဟု ခေါ်ပေသည်။ နှာခေါင်းကို နာသ၊ နှာခေါင်းအရပ်ကို နာသိကဌာန်၊ ယင်း၌ဖြစ်သော အက္ခရာကို နာသိကဇအက္ခရာ ဟု ခေါ်၏။

## ဌာန်ပိုင် အက္ခရာများ

သရရှစ်လုံး – အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ

| | | | | | |
|---|---|---|---|---|---|
| ဗျည်း-၃၃-လုံး – | က | ခ | ဂ | ဃ | င |
| | စ | ဆ | ဇ | ဈ | ည |
| | ဋ | ဌ | ဍ | ဎ | ဏ |
| | တ | ထ | ဒ | ဓ | န |
| | ပ | ဖ | ဗ | ဘ | မ |
| | ယ | ရ | လ | ဝ | သ |
| | | ဟ | ဠ | အ | |

ဖော်ပြပါ အက္ခရာ ၄၁ လုံးအနက် ဌာန်အလိုက်ဖြစ်သော အက္ခရာ တို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

ကဏ္ဌဇ အက္ခရာရှစ်လုံး – အ အာ က ခ ဂ ဃ င ဟ
တာလုဇ အက္ခရာရှစ်လုံး – ဣ ဤ စ ဆ ဇ ဈ ည ယ
မုဒ္ဓဇ အက္ခရာခုနစ်လုံး – ဋ ဌ ဍ ဎ ဏ ရ ဠ
ဒန္တဇ အက္ခရာခုနစ်လုံး – တ ထ ဒ ဓ န လ သ
ဩဋ္ဌဇ အက္ခရာခုနစ်လုံး – ဥ ဦ ပ ဖ ဗ ဘ မ
ကဏ္ဌတာလုဇအက္ခရာတစ်လုံး – ဧ
ကဏ္ဌဩဋ္ဌဇ အက္ခရာတစ်လုံး – ဩ
ဒန္တဩဋ္ဌဇ အက္ခရာတစ်လုံး – ဝ

နာသိကဇ အက္ခရာတစ်လုံး – နိဂ္ဂဟိတ် (အံ–၌ သေးသေးတင်) ချာသကျမ်းအလို 'ကဏ္ဍ၊ တာလု၊ မုဒ္ဓ၊ ဒန္တ၊ ဩဋ္ဌ' ဌာန်ငါးပါး တည်း။ ရူပသိဒ္ဓိကျမ်းအလို နာသိက ဌာန်နှင့်တကွ ခြောက်ပါး။ သဒ္ဒနီတိ ကျမ်းအလို ရင်အာရပ်– ဥရ ဌာန်ပါထည့်၍ ဌာန်ခုနစ်ပါး ဖြစ်၏။

## ကရိဏ်း အဓိပ္ပာယ်

ဆိုခဲ့ပါ လည်၊ အာ၊ လျှာ သွား၊၊ နှုတ်ခမ်း၊ နှာခေါင်း ဟူသော ဖြစ်ရာဌာန်တို့မှ အသံထွက်စေရုံမျှဖြင့် စကားသံ ပြည့်ပြည့်စုံစုံ မရသေး ချေ။ စုံလင်စွာရစေခြင်းငှာ လျှာကို လှုပ်ရှား ကစားပေးရလေသည်။ ယင်းသို့ လျှာအမူအရာပြုခြင်းသည် စကားသံကောင်းစွာ ဖြစ်ပေါ်လာ စေရန်အကျိုးပြုသည်။ ထို့ကြောင့် လျှာအစိတ်အပိုင်းကို အက္ခရာ ဖြစ်ခြင်း၏ အကြောင်း ဖြစ်သောကြောင့် ကရဏ (ကရိုဏ်း)ဟု ခေါ်၏။ ကရိဏ်းဟူသည် အကူအညီ အကြောင်းဟု အဓိပ္ပာယ်ရှိပေသည်။

ထိုကရိဏ်းသည် – ဇိဝှာမဇ္ဈ (လျှာလယ်) ကရိဏ်း

ဇိဝှောပဂ္ဂ (လျှာဖျားအနီး) ကရိဏ်း

ဇိဝှဂ္ဂ (လျှာဖျား) ကရိဏ်း

သကဋ္ဌာန (မိမိမူလဌာန်) ကရိဏ်း

ဟူ၍ လေးမျိုးရှိ၏။

ထိုလေးမျိုးတို့တွင် လျှာလယ်ကရိဏ်းသည် ဣ၊ ဤ၊ စ၊ ဆ၊ ဇ၊ ဈ၊ ည၊ ယ ဟူသော အာစောက်ဌာန် အက္ခရာရှစ်လုံးတို့ အတွက်ဖြစ်၏။ လျှာဖျားအနီးကရိဏ်းသည် ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ၊ ရ၊ ဠ၊ ဟူသော လျှာထိပ် ဌာန်အက္ခရာ ခုနစ်လုံးတို့နှင့် သက်ဆိုင်၏။ လျှာဖျားကရိဏ်းသည် တ၊ ထ၊

---

၁။ ခေတ်ခေါ်သဒ္ဒဗေဒပညာရပ်၌ လေကြောင်း ယန္တရားစနစ်ဖြင့် အသံ ဖြစ်ပေါ်လာပုံများကို ရုပ်ပိုင်းကျကျ ဖော်ပြထားလျက်ရှိသည်။

ဒ၊ ဓ၊ န၊ လ၊ သ ဟူသော သွားဌာန်အက္ခရာ ခုနစ်လုံးတို့၏ အကြောင်း ဖြစ်၏။

သကဌာန်ဟူသည်မှာ ဆိုခဲ့ပါ အာစောက်၊ လျှာထိပ်၊ သွား ဟူသော ဌာန် သုံးပါးမှ ကြွင်းသော ကဏ္ဍ နှင့် ဩဋ္ဌဌာန်တို့ကို ဆိုလို၏။ ထို လည်ချောင်းနှင့် နှုတ်ခမ်းတို့၌ ကရိုဏ်းသီးခြားမရှိ။ မိမိတို့သည်ပင် ဌာန်လည်းဖြစ် ကရိုဏ်းလည်းဖြစ်၏ ဟူလို။ ထို့ကြောင့် အ၊ အာ၊ က၊ ခ၊ ဂ၊ ဃ၊ င၊ ဟ ဟူသော ကဏ္ဍဇအက္ခရာ ရှစ်လုံး။ ဥ၊ ဦ၊ ပ၊ ဖ၊ ဗ၊ ဘ၊ မ ဟူသော ဩဋ္ဌဇအက္ခရာ ခုနစ်လုံးနှင့် ဌာန်နှစ်ဌာန်စီ၌ ဖြစ်သော ဧ၊ ဩ၊ ဝ၊ တို့သည် မိမိ၏ဌာန်သည်ပင် မိမိတို့၏ကရိုဏ်းဖြစ်ပေသည်။

## ပယတ်အဓိပ္ပာယ်

မိမိအလိုရှိသော စကားသံကို ရရှိစေရန်အလို့ငှာ အက္ခရာတို့ကို ရွတ်ဖတ်ပြောဆိုရန် အားထုတ်ခြင်း၊ လုံ့လစိုက်ခြင်း အပြုအမူကို 'ပယတ်' ဟုခေါ်လေသည်။ 'ပယတ်'သည် နှုတ်ခမ်းလှုပ်ရှားမှုအမူအရာ ကြိယာမျှသာဖြစ်သည်။ ထိုပယတ် အမူအရာသည် ဌာန်ကရိုဏ်းနှင့်လည်း ဆက်သွယ်နေသည်။

'ပယတ်'နှင့်ပတ်သက်၍ သဒ္ဒါဆရာတို့ အဆိုမညီကြ။ ဖွင့်ဆိုချက် အသီးသီးကို အောက်တွင်ဖော်ပြအပ်ပါသည်။

ကစ္စာယနဝဏ္ဏနာကျမ်း၌ ဤသို့ဆို၏။ 'ပယတ်'ဟူသည်ကား ပိတ်ခြင်း၊ ဖွင့်ခြင်း၊ ပြင်းစွာထိခြင်း၊ စဉ်းငယ်ထိခြင်း ဟူသော အစွမ်းအားဖြင့် အက္ခရာတို့ကို ရွတ်ခြင်းငှာ အထူးတလည် အားထုတ်မှုပင်ဖြစ်၏။ စင်စစ် ပယတ် သည် ဌာန်ကရိုဏ်းတို့၏ ဖွင့်ခြင်း၊ ပိတ်ခြင်း စသော ဂုဏ်ရည်တရပ်ပင် ဖြစ်လေသည်။

ပယတနံ နာမ ဝဏ္ဏ မုစ္စာရဏာယာသော သံဝုဋ္ဌာဒိယော၊
ပယတနံ ပန ယထာရဟံ ဌာနကရဏာနံ သံဝုဋ္ဌာဒိဂုဏော။
(ကစ္စာယနဝဏ္ဏနာကျမ်း)

ရူပသိဒ္ဓိဆရာကမူ ပယတ် ဟူသည် ကရိုဏ်း အထူးမျှသာ ဖြစ်သည်ဟု ဆိုသည်။

ပယတနံ သံဝုဋ္ဌာဒိကရဏဝိသေသော (ရူ)

ကရိုဏ်း အထူးဖြစ်ပုံမှာ ရွတ်ဆိုခြင်းငှာ အားထုတ်မှုဂုဏ်ရှိ၍ ဖြစ်သည်။ ဥပမာ – ရဲဘော်ချင်းတူပါသော်လည်း ပို၍ ရဲရဲရင့်ရင့်ကြိုးစား အားထုတ်သူများကို ရဲစု ဆိုသကဲ့သို့ ဖြစ်လေသည်။

သဒ္ဒတ္ထဇာလိနီဆရာတော်မူကား ပယတ် ဟူ၍ သီးခြားမရှိ၊ ကရိုဏ်း ၌ပင် အတွင်းဝင်ပြီး ဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့် ပယတ်ကို မဖော်ပြချေ။

ပယတနံ ကရဏေ သဒ္ဒေ အန္တောဂဓတာတိ ဝိသုံ န ဝုတ္တံ၊
(သဒ္ဒတ္ထဇာလိနီဋီကာ)

ဤအဆိုများကို ဆင်ခြင်သည်ရှိသော် ပယတ် သီးခြားရှိ၏ဟု ယူသော ဝါဒသို့လိုက်လိုပေသည်။ အကြောင်းမှာ ကရိုဏ်းသည် အထူးသဖြင့် ဇိဝှာ = လျှာကို အခြေခံထားကြောင်း တွေ့ခဲ့ရပြီး ဖြစ်သည်။ လျှာလယ် ကရိုဏ်း၊ လျှာဖျားအနီးကရိုဏ်း၊ လျှာဖျားကရိုဏ်း ဟူ၍ ဝိသေသ ကရိုဏ်းသုံးမျိုးကို တွေ့နိုင်သည်။ ကျန်သမျှ နှုတ်အင်္ဂါများကိုမူ မူလ ဌာန်အတိုင်း လိုက်ပြီး သကဋ္ဌာန ကရိုဏ်းဟု ဖော်ပြလေသည်။

ထိုသို့ သမ္ဘဝတ္တိချထားသော သကဋ္ဌာနကရိုဏ်းတွင်းမှာ ဩဋ္ဌနှုတ်ခမ်းပါလေသည်။ ထိုနှုတ်ခမ်းသည် ဩဋ္ဌဌာန်လည်းဖြစ်၏။ သို့ရာတွင် စကားပြောရာ၌ လှုပ်ရှားရသော နှုတ်ခမ်း၏ အမှုအရာကို သာမည ကရိုဏ်းထဲသို့ ရောထည့်ထားရန် မသင့်ချေ။ နှုတ်ခမ်း၏လုပ်ငန်း ဂုဏ် အရည်အသွေးကို သီးခြားသတ်မှတ်ဖော်ပြသင့်၏။ ယင်းသို့ ဖော်ပြသင့် သောကြောင့် ပယတ်ကို သီးခြားသဒ္ဒါ အင်္ဂါဝါရပ်အဖြစ် ထားရှိထိုက် လှပေသည်။

---

၁။ ဝေါဟာရတ္ထပကာသနီ။

## ပယတ် အမျိုးမျိုး

ပယတ် သည် အဗ္ဘန္တရပယတ် (အတွင်း ပယတ်) နှင့် ဗာဟိရပယတ် (အပြင်ပယတ်)ဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် ဒ က္ခရာဝဏ္ဏများကို ရွတ်ဆိုသောအခါ အသံ ပီသစွာ မရွတ်ဆိုရသေးမီ အပိုင်းကို အဗ္ဘန္တရပယတ်ဟု ခေါ်သည်။ အသံပီသစွာ ရွတ်ဆိုပြီးနောက်ပိုင်းကို ဗာဟိရပယတ်ဟု ခေါ်သည်။

ရူပသိဒ္ဓိ၊ ကစ္စာယနဝဏ္ဏနာ စသော ပါဠိသဒ္ဒါကျမ်းများ၌ အဗ္ဘန္တရပယတ်ကိုသာ ပြ၏။ ယင်းအဗ္ဘန္တရပယတ်သည် သံဝုဋပယတ်၊ ဝိဝဋပယတ်၊ သံဖုဋ္ဌပယတ်၊ ဤသံဖုဋ္ဌပယတ် ဟူ၍ လေးမျိုးရှိ၏။

ပယတနံ စတုဗ္ဗိဓံ သံဝုဋ ဝိဝဋ သံဖုဋ္ဌ ဤသံဖုဋ္ဌဝသေန။
(ကစ္စာယနဝဏ္ဏနာ၊ ကာရိကာ)

ဤတွင် သံဝုဋ = ပိတ်ခြင်း၊ ဝိဝဋ = ဖွင့်ခြင်း၊ သံဖုဋ္ဌ=ကောင်းစွာ ထိခြင်း၊ ဤသံဖုဋ္ဌ=စည်းငယ်ထိခြင်းဟူသော အချက်နှင့် စပ်လျဉ်း၍ ဘာကိုဖွင့်သည် ဘာကို ပိတ်သည်ဆိုသောအချက်၌ ဝိဝါဒရှိပေ၏။

ဝေါဟာရတ္ထ ပကာသနီ ပယတ်အခန်း၌ ပိတ်ခြင်း ဖွင့်ခြင်း၊ စသည် ဖြင့် သာမန်မျှသာ ရေးသားဖော်ပြ၏။ မည်သည်ကိုဖွင့်ရ၊ ပိတ်ရသည် ဟု သေချာစွာ ဖော်ပြခြင်းမရှိခဲ့ပေ။ (ဝေါသနီ၊ နှာ-၀၁)

မ-ကာရလောပ အကျော်ခင်ကြီးဖျော်ဆရာတော်မှုကား 'နှုတ်ခမ်း' ကို မှုတည်၍ဖော်ပြ၏။ နှုတ်ခမ်း တို့၏ ပိတ်ခြင်း၊ ဖွင့်ခြင်း၊ ထိခြင်း၊ စည်းငယ်ထိခြင်းဟု အဓိပ္ပါယ်ဖွင့်လေသည်။ ဤနှုတ်ခမ်းကို မှုတည်ခြင်း သည် သံဝုဋ၊ ဝိဝဋ၊ ပိတ် ဖွင့် ဟူသော စကားရပ်အရ ဖွင့်နိုင် ပိတ်နိုင် သော အရာမှာ နှုတ်ခမ်းဖြစ်သောကြောင့် ဆိုသလော၊ တွေးတောဘွယ် ရှိသည်။

ထိုဝါဒသို့ ဆရာတော်ဗုဓ် စသော နာမည်ကြီး ဆရာတော်များက လိုက်ကြ၏။ ထို့ကြောင့် ကဗျာသဒ္ဒသင်္ဂဟကျမ်း၌ အောက်ပါအတိုင်း စပ်ဆိုထားသည်ကို တွေ့ရ၏။

အားထုတ်ကြိုးပမ်း၊ ပယတ်တမ်းကား၊
နှုတ်ခမ်းပိတ်ထ၊ သံဝုဋ္ဌတည့်၊
ဖွင့်ကာဝိဝဋ္ဌာ၊ ထိကာဖုဋ္ဌ၊
စဉ်းငယ်မှု၊ ဤ သံ ဟူထ၊
သံဝုဋ္ဌကား၊ အအက္ခရာ၊ ပယတ်သာတည့်၊
ဝိဝဋ္ဌမှာ၊ ကြွင်းရာ သရ၊ သ နှင့် ဟ တည့်၊
ဖုဋ္ဌဝဂ္ဂါ၊ မှတ်ရာတလီ၊
ဤသံဖုဋ္ဌ၊ ယ-ရ-လ-ဝ ါ၊ ပယတ်သာဟု၊
သချောမှတ်တို့ ရာသတည်း။

သို့ရာတွင် အက္ခရာတို့ကို ပယတ်ခွဲခြားရာ၌-

- အ သရ သည် သံဝုဋ္ဌ ပယတ် (ပိတ်ရွတ်)
- အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ
  နှင့် သ၊ ဟ အက္ခရာတို့သည် ဝိဝဋ္ဌပယတ် (ဖွင့်ရွတ်)
- က ခ ဂ ဃ င မှ ပ ဖ ဗ ဘ မ
  အထိဝဂ် အက္ခရာ (၂၅) လုံး သည် သံဖုဋ္ဌပယတ်
  (ကောင်းစွာထိရွတ်)

ယရလဝ တို့သည် ဤသံဖုဋ္ဌပယတ် (စဉ်း ငယ် ထိရွတ်) ဖြစ်လေရာ နှုတ်ခမ်းတခုတည်းကို အခြေခံ၍ ထိုအတိုင်း ပိတ်ဖွင့်စသည် ဖြင့် ရွတ်နိုင်ခြင်း မရှိသည်ကို တွေ့ရလေသည်။

သို့ဖြစ်သောကြောင့် နောက်ဆရာတို့က နှုတ်ခမ်းတခုတည်းအခြေခံ ထားမှုကိုပယ်ပြီး ကရိုဏ်းဖြင့် ဌာန်ကို ပိတ်၊ ဖွင့်၊ ထိ၊ စဉ်း ငယ်ထိ ဟူ၍ ပြင်ဆင်ဖွင့်ဆိုကြသည်။ ဤသို့ ကရုဏ်းဖြင့် ဌာန်ကို အခြေခံချက် သည်=

'ပယတနံ ပန ယထာရဟံ ဌာနကရဏာနံ သံဝုဋ္ဌာဒိ ဂုဏောတိ ဝုတ္တံ'

ဟူသော ကစ္စာယန ဝဏ္ဏနာကျမ်းလာ 'ဌာနကရဏာနံ' ဟူသော စကား နှင့် ဆီလျော်သည့် သဘောရှိပေသည်။

ဖော်ပြပါ ပယတ်နှင့် အက္ခရာ (၄၁)လုံးကို ခွဲခြားခန်းတွင် ဋ္ဌ နှင့် အံ ကြွင်းကျန်၏။ ဋ္ဌ ကို လ နှင့် တသဘောတည်းထားပြီး နိဂ္ဂဟိတ်ကို နာသခေါင်းသံမျှဖြစ်၍ ချင်းခွဲသလော၊ တွေးတောဖွယ် ရှိပေသည်။ ကစ္စာယနဝဏ္ဏနာ၌ တမျိုးခွဲပြသေး၏။ ကျယ်အံ့စိုး၍ ချင်းခွဲတော့အံ့။

လဆုသိဒ္ဓန္တ ကောမုဒီစသော သက္ကတသဒ္ဒါကျမ်းများ၌ အန္တရပယတ် ငါးမျိုးဟု ပြ၏။ ဆိုခဲ့ပါ ပယတ်လေးပါးတွင် ဤသံဝိဝဋ (ကရိုဏ်းဖြင့် ဌာန်ကို စဉ်းငယ်ဖွင့်ခြင်း) ဟူသော ပယတ်ကို ထည့်သွင်း ပြဆိုလေသည်။

မဟာဘာသ၊ သိဒ္ဓန္တ ကောမုဒီစသော သက္ကတ သဒ္ဒါကျမ်းများ၌ ဗာဟိရပယတ်များကို ပြဆို၏။ သိဒ္ဓန္တ ကောမုဒီ၌ပြသော ဗာဟိရပယတ် (၁၁) ပါးမှာ အောက်ပါအတိုင်း ဖြစ်၏။

(၁) သံဝါရ = လည်တလျှောက်ကို ဖွင့်၍ရွတ်ခြင်း၊
(၂) ဝိဝါရ = လည်တလျှောက်ကို ပိတ်၍ ရွတ်ခြင်း၊
(၃) သာသ – ရှူရှိုက်ကာ လိုက်၍ ရွတ်ခြင်း၊
(၄) နာဒ = သေးသေးတွဲတွဲ ပျစ်ပျစ်ချွဲချွဲ ဆွဲဆွဲငင်ငင် ရွတ်ခြင်း၊
(၅) ဃောသ = ကျယ်လောင်ပြင်းပြစွာ ရွတ်ခြင်း၊
(၆) အဃောသ = မကျယ်မပြင်း ပျော့ပျော့ လျော့လျော့ ရွတ်ခြင်း၊
(၇) အပ္ပပါဏ = လေအနည်းငယ်သာထုတ်၍ ရွတ်ခြင်း၊
(၈) မဟာပါဏ = ထွက်လေများများ(အာသံ လျှာသံပြင်းပြင်း) ရွတ်ခြင်း၊
(၉) ဥဒတ္တ = မြှင့်၍ ရွတ်ခြင်း၊
(၁၀) အနုဒတ္တ = နှိမ့်၍ ရွတ်ခြင်း၊
(၁၁) သရိတ = မမြှင့်လွန်း မနှိမ့်လွန်း မျှ၍ အလတ်စား ရွတ်ခြင်း။

## ပယတ် အကျိုး

သဒ္ဒါ၌ ပယတ်အကျိုးရှိ၏။ အက္ခရာတို့သည် အခြေခံအားဖြင့် ရဿ ဒီဃအလိုက် မတြာကာလတူကြသည်သာ ဖြစ်၏။ အ သည် တစ်မတြာ၊ က သည် တစ်မတြာခွဲ၊ အာ သည် နှစ်မတြာ၊ ကာ သည် နှစ်မတြာခွဲ စသည်ဖြင့် ရွတ်သံကာလ သတ်မှတ်ချက်အနေအထားရှိ၏။ သို့ရာတွင် ဌာန်ကရိုဏ်း၊ ပယတ်ကိုလိုက်ပြီး ကွဲပြားမှု ရှိလာရပေသည်။ ဤသည်ကို ရည်၍ပင်လျှင်–

ပဒက္ခရ၊ ဝဏ္ဏမတြာ၊ ဂါထာဆန်းဂိုဏ်း၊

ကရိုဏ်းပယတ်၊ ဌာန်မချွတ်တည့်၊ ဟောရွတ်ပီပြင်–

ဟူ၍ စတုဓမ္မသာရ ကိုးခန်းပျို့၌ စပ်ဆိုတော်မူသေးသည်။

အက္ခရာတို့ကို ဖြစ်ရာဌာန်၊ ဖြစ်ကြောင်းကရိုဏ်း၊ ရွတ်ဆိုအားထုတ်မှု ပယတ်အလိုက် စာရင်းပြုစုသည်ရှိသော် ဤသို့ ရရှိပေသည်။

### အဗ္ဘန္တရ ပယတ် ၅ မျိုး အရ ခွဲခြင်း

| အက္ခရာ | ဌာန် | ကရိုဏ်း | ပယတ် |
|---|---|---|---|
| အ | ကဏ္ဌ | သကဌာန | သံဝုဋ |
| အာ | ကဏ္ဌ | သကဌာန | ဝိဝဋ |
| ဣ၊ ဤ | တာလု | ဇိဝှာမဇ္ဈ | ဝိဝဋ |
| ဥ၊ ဦ | ဩဋ္ဌ | သကဌာန | ဝိဝဋ |
| ဧော်၊ ဧ | ကဏ္ဌ တာလု | သကဌာန | ဝိဝဋ |
| ဩတ်၊ ဩ[1] | ကဏ္ဌ၊ ဩဋ္ဌ | သကဌာန | ဝိဝဋ |
| က၊ခ၊ဂ၊ဃ၊င | ကဏ္ဌ | သကဌာန | ဖုဋ္ဌ |
| စ၊ဆ၊ဇ၊ဈ၊ည | တာလု | ဇိဝှာမဇ္ဈ | ဖုဋ္ဌ |

---

၁။ ဧော်၊ ဩတ် သည် မောဂ္ဂလ္လာန်သဒ္ဒါကျမ်းအလို သရုပ်ဖြစ်သည်။

| | | | |
|---|---|---|---|
| ဋ၊ဌ၊ဍ၊ဎ၊ဏ | မုဒ္ဓ | ဇိဝှောပဂ္ဂ | ဖုဋ္ဌ |
| တ၊ထ၊ဒ၊ဓ၊န | ဒန္တ | ဇိဝှဂ္ဂ | ဖုဋ္ဌ |
| ပ၊ဖ၊ဗ၊ဘ၊မ | ဩဋ္ဌ | သကဋ္ဌာန | ဖုဋ္ဌ |
| ယ | တာလု | ဇိဝှာမဇ္ဈ | ဤသံဖုဋ္ဌ |
| ရ၊ ဠ | မုဒ္ဓ | ဇိဝှောပဂ္ဂ | ဤသံဖုဋ္ဌ |
| လ | ဒန္တ | ဇိဝှဂ္ဂ | ဤသံဖုဋ္ဌ |
| ဝ | ဒန္တ၊ ဩဋ္ဌ | သကဋ္ဌာန | ဤသံဖုဋ္ဌ |
| သ | ဒန္တ | ဇိဝှဂ္ဂ | ဤသံဖုဋ္ဌ |
| ဟ | ကဏ္ဌ | သကဋ္ဌာန | ဤသံဖုဋ္ဌ |
| အံ၊င၊ည၊ဏ၊န၊မ | နာသိက | သကဋ္ဌာန | ဖုဋ္ဌ |
| ငှ၊ညှ၊ဏှ၊နှ၊မှ၊ယှ၊ရှ၊လှ၊ဠှ၊ဝှ | မုဒ္ဓ | သကဋ္ဌာန | ဝိဝဋ္ဋ |

## ဗာဟိရပယတ် (၁၁) မျိုးနှင့်ခွဲခြင်း

အ၊အာ၊ဣ၊ဤ၊ဥ၊ဦ၊ဧ၊ဧ၊ ဩ၊ဩ) ဝိဝါရပယတ်
က၊စ၊ဋ၊တ၊ပ/ခ၊ဆ၊ဌ၊ထ၊ဖ၊သ ) သာသ၊ အဃောသ
ဂ၊ဇ၊ဍ၊ဒ၊ဗ )
ဃ၊ဈ၊ဎ၊ဓ၊ဘ )
င၊ည၊ဏ၊န၊မ ) သံဝါရပယတ်၊
ယ၊ရ၊လ၊ဠ၊ဝ ) နာဒ၊ ဃောသ
ဟ၊ အံ )
ငှ၊ညှ၊ဏှ၊နှ၊မှ )
ယှ၊ရှ၊လှ၊ဠှ၊ဝှ )

ဤတွင် ဝိဝါရအက္ခရာမှန်သမျှ သာသ၊ အဃောသ ပယတ်ပင် ဖြစ်သည်။ သံဝါရအက္ခရာမှန်သမျှ နာဒ၊ ဃောသပယတ်ပင်ဖြစ်၏။ ဝိဝါရပယတ် အက္ခရာထဲမှ ခ၊ဆ၊ ဌ၊ ထ၊ဖနှင့် သ သည် မဟာပါဏ ပယတ်

တည်း။ အကြွင်း ဝိဝါရပယတ်အက္ခရာတို့မှာ အပ္ပပါဏသာဖြစ်၏။ သံဝါရ ပယတ်အက္ခရာထဲမှ ဃ၊ဈ၊ဎ၊ဓ၊ဘ၊ဟ၊အံ နှင့် ငှ၊ညှ၊ဏှ၊နှ၊မှ၊ယှ၊ရှ၊လှ၊ဠှ၊ဝှ တို့သည် မဟာပါဏ၊ အကြွင်း သံဝါရ အက္ခရာတို့သည် အပ္ပပါဏတည်း။

အက္ခရာအားလုံးသည် ရွတ်ပုံလိုက်၍ ဥဒတ္တ၊ အနုဒတ္တ၊သရိတ ဖြစ်နိုင်ကြလေသည်။

ထိုပယတ်သည် ပါဠိဘာသာအတွက်သာမက မြန်မာဘာသာအတွက်ပါ များစွာ ကျေးဇူးရှိ၍ သိသင့်သိထိုက်သော အရာဖြစ်လေသည်။ ထို့ကြောင့်ပင် စိန္တကျော်သူဦးဩက ပယတ်အကြောင်းကို ထည့်သွင်း စပ်ဆိုခဲ့ခြင်းဖြစ်ပေသည်။

# ၁၆။ သမာသ်တဒ္ဓိတ်၊ အာချာတ်ကိတ်၊ ခက်ကျိတ်ရောက်သည့်နှင့်။

ပါဠိသဒ္ဒါ၌ သမာသ်တဒ္ဓိတ် အာချာတ်ကိတ် ဟူသော ဝါစကကြီး လေးပါးတို့သည် ခက်ခဲသော အရာများဖြစ်ကြသည်။ ကစ္စည်းသဒ္ဒါကြီး ရှစ်ဆောင်အနက် ယင်းသမာသ် တဒ္ဓိတ်အာချာတ်ကိတ် ကျမ်းများသို့ ရောက်သည်ရှိသော် စာသင်သားတို့သည် အခက်အခဲကို တွေ့ကြလေသည် ဟူလို။

## ဖွင့်ဆို ရှင်းလင်းချက်

သမာသ်- ရင်းမြစ်ကား၊ သမာသ(ပါ)တည်း။ သံ + အာသ + အ သမာသ

သမာသီယတီတိ သမာသော ဟု ဝိဂ္ဂြိုဟ်ပြု။ သမာသီယတိ၊ တွဲယှဉ် ပူးကပ် ချုံးစပ်အပ်၏။ ဣတိ၊ ထို့ကြောင့်။ သမာသော၊ သမာသ် မည်၏။ အကျဉ်းချုံးထားသောပုဒ် ဟူလို။

နာမ်ပုဒ်အချင်းချင်း တွဲစပ်ထားသည်ကို သမာသ် ဟု ခေါ်၏။ သမာသ်စပ်ရာဝယ် နာမ်ပုဒ်နှစ်ခု၊ သုံးခုစသည်ကို အကြား၌ ဝိဘတ် ဖျောက်၍ ဝိဘတ်သံမထင်စေပဲ တချက်သဲ ရွတ်ဆို ခေါ်ဝေါ်ရအောင် စပ်ယူသည်။

ပုံစံ- မဟန္တော ပုရိသော

'မဟန္တော'က သိဝိဘတ် (သြ)ကိုချေ။ 'မဟန္တ'ကို 'မဟာ' ပြု။ မဟာပုရိသ (မဟာပုရိသော)ဖြစ်၏။ အနက်ကား- ယောကျ်ားမြတ်။ ဤကဲ့သို့ စကားမရှည် စာနေမများရအောင် နာမ်ပုဒ် အများကို

သူ့နေရာနှင့်သူ တပုဒ်တည်းဖြစ်အောင် ချုံ၍စပ်၍တည်ဆောက်သောပုဒ်ကို သမာသ်ပုဒ်ဟု ခေါ်လေသည်။ သမာသ်၏လက္ခဏာကား ပုဒ်အချင်းချင်းစပ်ခြင်း၊ ချုံးခြင်းပြု၍ အနက်တခုတည်းရှိခြင်း လက္ခဏာရှိ၏။

ထိုသမာသ်သည် အဗျယီဘော သမာသ်၊ ကမ္မဓာရည်းသမာသ်၊ ဒိဂုသမာသ်၊ တပ္ပုရိသ်သမာသ်၊ ဗဟုဗ္ဗိသမာသ်၊ ဒွန်သမာသ်ဟု ခြောက်မျိုးရှိလေသည်။ (သဒ္ဒါကြီးပုဒ်စစ်စုံ၌ အကျယ်ပါပြီး)။

ထို့ပြင် ဝါကျပဒီယကျမ်း၌လာသော သမာသ် (၆)မျိုးကိုလည်း ဤတွင်ဖော်ပြပါဦးအံ့။ သမာသ် ၆-မျိုး အထူးမှာ ဤသို့ဖြစ်၏။

၁။ နာမ်ပုဒ်ချင်း တွဲစပ်သော သမာသ်= ပုံစံ - ဘူတပုဗ္ဗ။

၂။ နာမ်နှင့် ကြိယာပုဒ် တွဲစပ်သော သမာသ်= ပုံစံ- ပဘာဝတီ၊ အဓိပ္ပေတိ။

၃။ အမည်မျှဖြစ်သော နာမ် သမာသ်=ပုံစံ ကုမ္ဘကာရော။

၄။ နာမ်နှင့်ဓာတ် တွဲစပ်သော သမာသ်= ပုံစံ-ပင်္ကဇံ။

၅။ ကြိယာပုဒ်ချင်းတွဲစပ်သော သမာသ်= ပုံစံ-ပိဝထ ခါဒထာတိ သဘာ တမုစ္စတေ။

၆။ ကြိယာနှင့်နာမ် တွဲစပ်သော သမာသ်=ပုံစံ- မာ ခလိ ဂေါသာလော။

ဤသမာသ် (၆)မျိုး တွဲစပ်ပုံကို ထောက်ရှု၍ ကစ္စည်းကျမ်းလာ နာမာနံ သမာသော ယုတ္တတ္ထော= နာမ်ပုဒ်ချင်း ပေါင်းစပ်မှုသည် သမာသ်မည်၏ ဟူသော စကားကို များရာလိုက်၍ပြောသော ယေဘုယျစကားသာဟု မှတ်ရာသည်။

## သမာသ်နှင့် သန္ဓိအထူး

ပုဒ်နှစ်ပုဒ်ချဉ်း စပ်ရာတွင် သမာသ်အပြင် သန္ဓိ ဟူသော စပ်နည်း
12 တမျိုးလည်း ရှိသေးသည်။ ထို သန္ဓိစပ်နည်းသည် ပုဒ်ချင်းသာစပ်သည်။

အနက်မစပ်။ အနက်တခုတည်းမဖြစ်ပေ။ ထို့ကြောင့် ရှေးဆရာတို့က သန္ဓိနှင့် သမာသ် အစပ်ထူးပုံကို ဤသို့ မိန့်ဆိုခဲ့ကြသည်။

အနက်မစပ်၊ ပုဒ်သာစပ်၊ မှတ်လေသန္ဓိသာ။

အနက်လည်းစပ်၊ ပုဒ်လည်းစပ်၊ မှတ်လေသမာသ်သာ။

တဒ္ဓိတ် – တဒ္ဓိတ (ပါ) တ+ဟိတ=တဒ္ဓိတ

တေသံ ဟိတံ တဒ္ဓိတံ ဟု ဝိဂြိုဟ်ပြု။

တေသံ၊ ထိုအဆက်အနွယ်(အပစ္စ) စသော အနက်တို့အား။ ဟိတံ၊ လျော်သည်တည်း။ တဒ္ဓိတံ၊ ထိုအနွယ်စသော အနက်တို့အားလျော်သည်။ အရကား 'ဏ' အစရှိသော ပစ္စည်းတို့ကိုရ၏။ အဆက်အနွယ်စသော အနက်တို့ကို ဏ စသော ပစ္စည်းတို့ကြောင့်သာ သိရသည်၊ သို့ဖြစ်၍ 'ဏ' စသော ပစ္စည်းတို့ကို တဒ္ဓိတ်ဟု ခေါ်ရလေသည်။ တဒ္ဓိတ်လက္ခဏာကား နာမ်ပုဒ်နှင့် ပစ္စည်းပေါင်းစပ်၍ ပုဒ်ပြုခြင်းတည်း။

ပုံစံ – ဝါသိဋ္ဌ (ပါ) ဝသိဋ္ဌ+ဏ ဟု ပုဒ်ခွဲ။

ဝသိဋ္ဌ ဟူသည် အမျိုးအနွယ်တခု၌ အဦးအစတည်း။ 'ဏ' ပစ္စည်းသည် ထိုအမျိုးအနွယ်ဟူသော အနက်ကိုညွှန်း၏။ 'ဏ'ပစ္စည်းကြောင့် ဝ ကို ဝါ ပြုပြီး ဝါသိဋ္ဌ ဟု ပုဒ်ပြီးသောအခါ ထိုဝါသိဋ္ဌ ဟူသော တဒ္ဓိတ်ပုဒ်သစ်က ဝသိဋ္ဌ မျိုးနွယ်တခုလုံးကို ညွှန်ပြလေသည်။

ဤကဲ့သို့ လိုအပ်သောအနက်ကို လျော်စွာ ညွှန်ပြသောကြောင့်'ဏ' စသောပစ္စည်းကို တဒ္ဓိတ်ဟု ခေါ်ခြင်း ဖြစ်လေသည်။

ထို့ပြင် အမျိုးအနွယ် အနက်ဟောသော သဒ္ဒါတို့၏ အစီးအပွားဖြစ်သောကြောင့် တဒ္ဓိတ်မည်၏။ သဒ္ဒါကိုသင်သော တပည့်တို့အား အနက်ကို သိစေခြင်းအကျိုးပြီးသောကြောင့် တဒ္ဓိတ်မည်၏။ ကာရကခြောက်ပါးတို့အားလျော်သောကြောင့် တဒ္ဓိတ်မည်၏။ စသည်ဖြင့်လည်း ကျယ်ဝန်းစွာ ဖွင့်ဆိုကြကုန်သေး၏။ အလိုရှိလျှင် ပါဠိသဒ္ဒါကျမ်းရင်းများ၌ယူပါကုန်။

ဟောသောအနက်ကို အစွဲပြု၍ တဒ္ဓိတ်ဆယ့်ငါးမျိုးရှိကြောင်း သဒ္ဒါဆရာတို့ ပြဆိုကြကုန်၏။

- အပစ္စတဒ္ဓိတ်၊ တရတျာဒိတဒ္ဓိတ်၊ ရာဂါဒိတဒ္ဓိတ်၊ ဇာတာဒိတဒ္ဓိတ်၊ သမူဟတဒ္ဓိတ်၊ ဌာနတဒ္ဓိတ်၊ ဥပမာတဒ္ဓိတ်၊ နိဿိတတဒ္ဓိတ်၊ ဗဟုလတဒ္ဓိတ်၊ ဝိသေသတဒ္ဓိတ်၊ အဿတ္ထိတဒ္ဓိတ်၊ ပကတိတဒ္ဓိတ်၊ ပူရဏတဒ္ဓိတ်၊ သံချာတဒ္ဓိတ်၊ ဝိဘာဂတဒ္ဓိတ်။

ဤကား သာမညအားဖြင့် တဒ္ဓိတ် ဆယ့်ငါးမျိုးတည်း။ တဒ္ဓိတ်တမျိုးစီ၏ အနက်အဓိပ္ပာယ်ကို သဒ္ဒါကြီးပုဒ်စစ်စုံကျမ်း၌ အကျယ်ဖော်ပြထားလျက်ရှိလေပြီ။

အာချာတ်- အာချာတ (ပါ)

အာ+ချာ+တ= အာချာတ

ကြိယံ အာချာယတီတိ အာချာတံ ဟု ဝိဂြိုဟ် ပြု။

ကြိယံ၊ ကြိယာကို။ အာချာယတိ၊ ဟောတတ်၏။ ဣတိ၊ ထို့ကြောင့်။ အာချာတံ၊ အာချာတ်မည်၏။ တိ၊ အန္တိ စသော ဝိဘတ်တို့သည် ကြိယာကို ပဓာနဟော၏။ ကတ္တား ကံ တို့ကို အပ္ပဓာနအားဖြင့် ဟော၏။ ထို့ကြောင့် အာချာတ်မည်၏ ဟူလို။

ထို့ပြင် ဘူ စသော ဓာတ်ရုပ်တို့၏ ပြီးကြောင်း ဖြစ်သောကြောင့် တကျမ်းလုံးကို အာချာတ်ဟု ခေါ်သည်။ ကတ္တားတို့၏ အမူအရာဗျာပါရကို ဟောတတ်သောကြောင့် တိ စသောဝိဘတ် ( သို့မဟုတ် ) ဂစ္ဆတိ စသောပုဒ်တို့ကို အာချာတ်ဟုခေါ်သည် စသည်ဖြင့် သဒ္ဒါကျမ်းများ၌ ဆိုကြကုန်သေး၏။

အာချာတ်လက္ခဏာကား ကာလသုံးပါး၊ ကာရကသုံးပါး၊ ပုရိသ်သုံးပါးတို့ကို ပြတတ်ခြင်း၊ ကြိယာကိုဟောခြင်း၊ လိင်သုံးပါးမရှိခြင်း၊ ဝုစ်နှစ်ပါးရှိခြင်း၊ စုစုပေါင်း လက္ခဏာခြောက်ရပ်တည်း။ ပုံစံအသီးသီးကို ဖော်ပြပါအံ့။

(၁) ဂစ္ဆတိ၊ အဂစ္ဆိ၊ ဂစ္ဆိဿတိဟု ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလ သုံးပါးရှိသည်။ ဂစ္ဆတိ၊ သွား၏။ အဂစ္ဆိ၊ သွားခဲ့ပြီ။ ဂစ္ဆိဿတိ၊ သွားလတ္တံ့။

(၂) ဂစ္ဆတိ၊ ဂမိယတေ၊ ဂမျတေဟူ၍ ကတ္တား၊ ကံ၊ စသော ကာရက သုံးပါးရှိသည်။

(၃) ဂစ္ဆတိ၊ ဂစ္ဆသိ၊ ဂစ္ဆာမိ ဟူ၍ ပထမပုရိသ်၊ မဇ္ဈိမပုရိသ်၊ ဥတ္တမပုရိသ်အားဖြင့် ပုရိသ်သုံးပါးရှိသည်။

(၄) ဂစ္ဆသိ စသည်၌ သွားခြင်းကြိယာကို ပဓာနအားဖြင့် ဟောသည်။ သွားသောသူဟူသော ကာရကကို အပ္ပဓာနအားဖြင့် ပြသည်။

(၅) ဣတ္ထိ ဂစ္ဆတိ၊ ပုရိသော ဂစ္ဆတိ၊ စိတ္တံ ဂစ္ဆတိ ဟူ၍သာ ရှိသည်။ ဣတ္ထိလိင်၊ ပုလ္လိင်၊ နပုလ္လိင် ဟူသော လိင်သုံးပါး ကွဲပြားသောကြောင့် ဂစ္ဆတိ ဟူသော အာချာတ်ပုဒ် အပြောင်းအလဲမရှိ၊ ထို့ကြောင့် အာချာတ်၌ လိင်မရှိ ဟူပေ။

(၆) သော ဂစ္ဆန္တိ၊ တေ ဂစ္ဆန္တိ စသည်ဖြင့် ဧကဝုစ်၊ ဗဟုဝုစ် နှစ်မျိုးနှစ်စားရှိသည်။ ဒွိဝုစ် စသည်မရှိပေ။

ကိုတ် – 'ကိတ'(ပါ)ပုဒ်ရင်း။ ကိတမှ 'အ'ကို ဖျောက်၊ တ ထက် တံခွန်လွှား၍ 'ကိတ်'ဟု ရေးသားရွတ်ဖတ်ကြသည်။

သိဿာနံ ကာခံ ကိရတိ အပနေတီတိ ကိတံ ဟု ဝိဂ္ဂြိုဟ်ပြု။ ကိရဓာတ်၊ တ ပစ္စည်းတည်း။

**အနက်ကား။** ။သိဿာနံ၊ စာသင်သားတို့၏။ ကာခံ၊ ယုံမှားခြင်းကို။ ကိရတိ အပနေတိ၊ ပယ်ဖျောက်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ကိတံ၊ ကိတ်မည်၏။ သဒ္ဒါပုဒ်တို့၌ စာသင်သားတို့၏ သို့လား သို့လား ယုံမှား

မှုကို ပယ်ဖျောက်ပေးတတ်သောကြောင့် 'ကာ'စသော ပစ္စည်းကို ကိတ်ဟုခေါ်လေသည်။ ကိတ်၏လက္ခဏာကား ဓာတ်နှင့်ပစ္စည်း ပေါင်းစပ်ပုဒ်ဖွဲ့ခြင်းတည်း။

## သမာသ်၊ တဒ္ဓိတ်၊ ကိတ်အထူး

နာမ်ပုဒ်အချင်းချင်း ချဉ်းခြင်း ချုံးစပ်ခြင်းသည် သမာသ်။ ပုဒ်နှင့်ပစ္စည်းပေါင်းစပ်ခြင်းသည် တဒ္ဓိတ်။ ဓာတ်နှင့်ပစ္စည်းပေါင်းစပ်ခြင်းသည် ကိတ်။ ဤသို့ထူးပေ၏။

အာချာတ်နှင့်ကိတ်အထူးကား – အာချာတ် သည် ကြိယာပဓာနဖြစ်၏။ အကြောင်းကား – ကတ္တား၊ ကံ စသော ကာရကတို့က ပြုလုပ်ပြီးစီးစေသည့် သဘောရှိသောကြောင့်တည်း။ ကိတ်ကား ဒြပ်ပဓာနတည်း။ အကြောင်းကား ကတ္တား၊ ကံ စသော ဒြပ် ထင်ရှားရှိသောသဘောရှိသောကြောင့်တည်း[၁]။

## ကိတ် – သာဓန

ထို ကိတ် သည် သာဓေတေ အနေနာတိ သာဓနံ ဟူသော ဝိဂ္ဂိုဟ်အရ သာဓန လည်းမည်၏။ အနေန၊ ဤ ကာ စသော ပစ္စည်းတို့ဖြင့်။ ကြိယံ၊ ကြိယာကို။ သာဓေတေ၊ ပြီးစေအပ်၏။ ဣတိ၊ ထို့ကြောင့်။ သာဓနံ၊ သာဓနမည်၏။

ဆိုလိုသည်မှာ ကာ စသော ပစ္စည်းတို့သည် စာသင်သားတို့၏ သဒ္ဒါ၌ ယုံမှားမှုကို ပယ်ဖျောက်တတ်သောကြောင့် ကိတ်လည်း မည်၏။ ကြိယာပြီးမြောက်ခြင်းအကြောင်း ဖြစ်သောကြောင့် သာဓန လည်း မည်၏ ဟူလို။

သဒ္ဒါ၌ ယုံမှားမှုဟူသည် ဤပုဒ်သည် ကတ္တားကို ဟောသလော၊ ကံကို ဟောသလော စသည်ဖြင့် ညွှန်ပြရာအနက် သေချာစွာမသိရသည်

---

၁။ သပြေကန် နိဿယ (၃) နှာ-၃၄၆။

ကို ဆိုလိုသည်။ ပစ္စည်းက ဤပုဒ်သည် ကတ္တားဟောပုဒ်တည်း။ ကံဟောပုဒ်တည်းဟု သိစေသည်။ ထို့ကြောင့် ဏ စသောပစ္စည်းတို့က စာသင်သားတို့၏ သဒ္ဒါ၌ ယုံမှားမှုကို ပယ်သည်ဟု ဆိုလိုပေသည်။

ထိုသာဓနသည် –

၁။ ကတ္တုသာဓန

၂။ ကမ္မသာဓန

၃။ ကရဏသာဓန

၄။ သမ္ပဒါနသာဓန

၅။ အပါဒါနသာဓန

၆။ အဓိကရဏသာဓန

၇။ ဘာဝသာဓန

ဟူ၍ ခုနစ်ပါး ရှိသည်။

ကတ္တုသာဓနသည် ပြုသော ကတ္တုသတ္တိကို ဖော်ပြသည်။ မြန်မာလို တတ် (ပြုတတ်၊ ဖြစ်တတ်)ဟု အနက်ပြန်ရသည်။

ကမ္မသာဓနသည် အပြုခံကမ္မသတ္တိကို ဖော်ပြသည်။ 'အပ်'ဟု အနက်ပြန်သည်။

ကရဏသာဓနသည် ပြုခြင်း၏အကြောင်း ကရဏသတ္တိကို ဖော်ပြသည်။ ကြောင်း (ပြုကြောင်း၊ ဖြစ်ကြောင်း)ဟု အနက်ပေးသည်။

သမ္ပဒါနသာဓနသည် ကြိယာကို လက်ခံသော သမ္ပဒါနသတ္တိကို ပြသည်။ ရာ(ပြုရာ၊ ဖြစ်ရာ)ဟု အနက်ပြန်သည်။

အပါဒါနသာဓနသည် ကြိယာဖဲ့ခွါရာ အပါဒါနသတ္တိကို ပြသည်။ 'ရာ'ဟုပင် အနက်ပြန်သည်။

အဓိကရဏသာဓနသည် ကြိယာ၏တည်ရာ အဓိကရဏသတ္တိ(သြကာသသတ္တိ)ကိုပြသည်။ 'ရာ' ဟုပင် မြန်မာမှုသင်္ကေတပြုသည်။

ဘာဝသာဓန သည် ကြိယာကည်းဟူသော(ဘာဝ=အဖြစ်)ကိုဖော်ပြသည်။ မြန်မာလို 'ခြင်း' (ပြုခြင်း၊ ဖြစ်ခြင်း)ဟု အနက်ပြန်သည်။

## ကာရက နှင့် သာဓန

ကာရကနှင့် သာဓန အထူးမှာ ကာရက သည် ပြုလုပ်သူ သတ္တိကိုပြသည်။ သာဓနသည် ကြိယာပြီးစီးမှုကိုပြသည်။ ကာရက သည် နာမ်ဘက်၌ရှိသည်။ သာဓန သည် ကြိယာဘက်၌ရှိသည်။ ထို့ကြောင့် ကြိယာသက်သက်ဖော်ပြသော ဘာဝ(ဘော)အရာတွင် ဘာဝသာဓန ဟု ရှိနိုင်သော်လည်း ကာရကဘက်၌ ဘာဝကာရက ဟူ၍ မရှိချေ။

တနည်းအားဖြင့် နာမ်ဝိဘတ်၊ အာချာတ်ဝိဘတ်တို့၏ သတ္တိသည် ကာရက။ ကိတ်ပစ္စည်း၏အနက်သည် သာဓန။ ဝါကျအခိုက်၌ကာရက၊ ပုဒ်ပြီးသော် သာဓန။ ကာရက သည် အံ စသော ဝိဘတ်ခြောက်သွယ်နှင့်ယှဉ်၏။ သာဓန သည် ပထမာ ဝိဘတ် တသွယ်နှင့်သာယှဉ်၏။ ဤသို့စသည်ဖြင့်လည်း ထူးခြားမှုကို ကြံကြကုန်သေး၏။

## ဝါစကနှင့် ဝါစ္စ

ဤ သမာသ်၊ တဒ္ဓိတ်၊ အာချာတ်၊ ကိတ်လေးမျိုးကို ဝါစကကြီးလေးပါးဟု ခေါ်၏။ 'ဝါစက'ဟူသည် ဟောတတ်သောသဒ္ဒါတည်း။ ထိုဝါစက၏ အဟောခံအနက်ကို ဝါစ္စ ဟုခေါ်သည်။ မဟောတတ်သော သဒ္ဒါကို ဇောတက ဟုခေါ်သည်။ အရှိအတိုင်း သိသာအောင်ပြရုံမျှသာ ပြတတ်သည် ဟူလို။

ပါဠိသဒ္ဒါ၌ ဝါစကဆယ်ပါး၊ ဝါစ္စ ခြောက်ပါးကိုပြဆို၏။ ဝါစကဆယ်ပါးကား-

| | |
|---|---|
| ဒုတိယာစသော နာမ်ဝိဘတ် | ၆-ပါး |
| သမာသ် | ၁-ပါး |
| တဒ္ဓိတ် | ၁-ပါး |

အာချာတ် ၁-ပါး

ကိတ် ၁-ပါး

ပေါင်း- ၁၀-ပါး

ပထမာကြဉ်ဖယ်၊ ခြောက်သွယ်ဝိဘတ်၊ သမာသ် တဒ္ဓိုတ်[၁]၊
အာချာတ်ကြိုတ်[၂]၊ အဟုတ်မှတ်ကြ ဝါစက။

ပထမာဝိဘတ်သည် ဇောတမျှသာဖြစ်၏။ ထို့ကြောင့် ကြဉ်သည်။ ဤတွင် ဝိဘတ်ခြောက်ပါးကား ဝါစကငယ်များသာဖြစ်၏။ ဒုတိယာဝိဘတ်သည် ကံ အနက်တခုကိုသာ ဟော၏။ တတိယာ ဝိဘတ်သည် ကရိုဏ်းအနက် တခုကိုသာဟော၏။ ဤသို့ စသည်ဖြင့် အရာကျဉ်း၍ ဝါစကဟု ခေါ်သည်။ သမာသ်၊ တဒ္ဓိတ်၊ အာချာတ်၊ ကိတ်ကား ထိုသို့မဟုတ်၊ အနက်များစွာကို ဟောပြီး အရာကျယ်သည်။ ထို့ကြောင့် ဝါစကကြီးဟု ဆိုရသည်။

ဝါစ္စခြောက်ပါးကား- ကာရကခြောက်တန်၊ ဘောသမ္ဗန်၊ အမှန်ဝါစ္စ ရှစ်၊ ဆိုရိုးအတိုင်း ကတ္တုကာရက စသော ကာရကခြောက်ပါးနှင့် ဘော အနက်၊ သမ္ဗန်အနက်တို့သည် ဝါစက၏ အဟောခံရသော ဝါစ္စတို့တည်း။

ထိုတွင် သမာသ်နှင့် တဒ္ဓိတ် ဝါစကတို့သည် ဝါစ္စ အနက်ရှစ်ပါးလုံးကိုပင် ဟောကြကုန်၏။ အာချာတ်ဝါစကသည် ဘော၊ ကံ၊ ကတ္တား၊ ဤဝါစ္စ သုံးပါးကိုသာ ဟော၏[၃]။

'ဟောသည်'ဆိုသည်ကား ကြိယာနှင့် ကံ ကတ္တား အချင်းချင်းငဲ့ကြ၊ စပ်ကြ၊ တိုက်ဆိုင် ဆုံစည်းမိကြသည်ကို ဆိုလိုသည်။ အာချာတ်ကြိယာပါရှိသော ဝါကျဆိုလျှင် ကြိယာက အချုပ်အချာဖြစ်၍ ဤကတ္တား

၁။ တဒ္ဓိတမှ ဓကို ဥ ပြု၍ တဒ္ဓုတ်ဖြစ်၏၊ တဒ္ဓိတ်၊ တဒ္ဓုတ် အတူတူပင်။
၂။ ကိဘ၊ ကိတ်မှ ဣ ကို ဥပြု၊ ရလာပြီး ကြုတ်ဖြစ်၏။ ကြိတ်၊ ကြုတ်အတူတူပင်။
၃။ သပြေကန် ဒု ၃၇၃။

ကား ငါနှင့်သာ ဆိုင်သည်။ ငါပိုင် ပစ္စည်းကည်းဟု သိစေ၊ မြင်စေခြင်းကို ကတ္တားဟောဟုဆိုရ၏။ ကံကိုဟောလျှင်လည်း အတူပင်။ ကြိယာနှင့် ကံ ကတ္တား အချင်းချင်း မငဲ့ကြ မစပ်ကြလျှင် မဟောဟု ဆိုလေသည်။ ဟောမဟော သိသာရုံ ဖော်ပြပါအံ့။

ပုရိသော မဂ္ဂံ ဂစ္ဆတိ= ယောကျ်ားသည် လမ်းကို သွား၏။

ဤ၌ ဂစ္ဆတိ ဟူသော ကြိယာပုဒ်နှင့် ပုရိသော ဟူသောကတ္တားပုဒ် အချင်းချင်းငဲ့၏။ စပ်၏။ သွားခြင်း ကြိယာသည် ယောကျ်ား၌တည်၏ (ဝါ) ယောကျ်ား၏ခြေ ရွေ့ရှားမှု အမူအရာကိုပင် 'သွား၏' ဂစ္ဆတိဟုဆို၏။ ထိုသို့ ဆက်စပ်ငဲ့ကွက်မှု ရှိသောကြောင့် ဂစ္ဆတိဟူသော အာချာတ်က ပုရိသောဟူသောကတ္တားကို ဟောသည်ဟု ဆိုရ၏။ ဝါစက ပုဒ်က ဟောသော ကတ္တားကို ပါဠိဝေါဟာရအားဖြင့် ဝုတ္တကတ္တားဟု ခေါ်၏။ မဂ္ဂံ၊ ခရီးကို ဟူသောကံကို ဂစ္ဆတိ ကြိယာက တိုက်ရိုက်မစပ်။ ထို့ကြောင့် မဟော။ ယင်းကို အဝုတ္တကံဟုခေါ်၏။ အဓိကကျကျ ငဲ့စပ်မှုကိုဟောသည် (ဝါစက)ဟု သိအပ်ပေသည်။

ဝိဘတ်အမြင်ပိုင်းမှကြည့်သော် ပုရိသော၌ ပဌမာဝိဘတ်၊ မဂ္ဂံ၌ ဒုတိယာ ဝိဘတ်တည်း။

အကယ်၍ ပုရိသေန မဂ္ဂေါ ဂစ္ဆီယတေ ဟု ဆိုလျှင် ကံပုဒ်ကို ဟော၏။

ပုရိသေန၊ ယောကျ်ားသည် (ဝါ) ယောကျ်ားအားဖြင့်။ မဂ္ဂေါ၊ ခရီးကို။ ဂစ္ဆီယတေ၊ သွားအပ်၏။ (ဝါ) အသွားခံရ၏။ ဤတွင် ဂစ္ဆီယတေ ဟူသော အာချာတ်ပုဒ်က မဂ္ဂေါကို တိုက်ရိုက်ငဲ့၏။ စပ်၏။ ဤဝါကျတွင် ခရီးလမ်းသည် ပဓာနဖြစ်၏။ ထို့ကြောင့် မဂ္ဂေါကို ဝုတ္တကံဟု ခေါ်၏။ ပုရိသေန ကတ္တားသည် ဂစ္ဆီယတေ၊ ကြိယာနှင့် တိုက်ရိုက်မငဲ့၊ မစပ်၍ မဟောသော အဝုတ္တကတ္တားဖြစ်လေသည်။ ဝုတ္တကံဖြစ်သော မဂ္ဂေါ၌ ပဌမာဝိဘတ်၊ အဝုတ္တကတ္တားဖြစ်သော ပုရိသေန၌ တတိယာ ဝိဘတ်။

ထို့ကြောင့်- ဟောရ ဟောရ ပထမ၊ မဟောမူကား၊ ဒုတိယနှင့် တတိယ ဟု ဆိုသည်။

တဒ္ဓိတ်ဝါစက၊ ကိတ်ဝါစကတို့၌ကား ဟောမူအခြေအနေသို့လိုက်ပြီး ဝိဘတ်ထားရ၏။

ပုံစံ

ဗုဒ္ဓေန ဓမ္မော ဒေသိတော။
ဗုဒ္ဓေန ဓမ္မာ ဒေသိတာ။

ဤသို့စသည်ဖြင့် အဟောခံ ဝါစ္စပုဒ်သို့လိုက်ပြီး ကိတ်ဝါစကဝိဘတ် ဝုစ် စသည်တို့ကို တူညီအောင် ထားရလေသည်။

ပါဠိသဒ္ဒါ၌ ဤဝါစ္စ၊ ဝါစက၊ ဝုတ္တ၊ အဝုတ္တသည် ပါဠိ ဝါကျရေးသား တတ်ရန် အရေးကြီးသော အခြေခံအချက်ဖြစ်၏။ ဤ ဝါစ္စ၊ ဝါစက၊ ဝုတ္တ၊ အဝုတ္တကို ကောင်းစွာနားလည်မှ ပါဠိ ဝါကျများကို မှန်ကန်စွာ ခင်းတတ်၏။ ယင်းတို့ကို တတ်သိ နားလည်လျှင်လည်း သဒ္ဒါပညာ၌ အထက်တန်းရောက်ပေပြီ။ ပိဋကတ် အခြေရပေပြီ။

ခက်ကျိတ်။ ခက်ကျိတ်ဟူသော စကားနှစ်လုံးတွင် 'ခက်' ကား စကားရင်း။ 'ကျိတ်' ကား စကား တန်ဆာတည်း။

ခက်ခဲ၊ ခက်ကတ် (ခဲကတ်)ဟူသော စကားတို့ကဲ့သို့ မ လွယ် ကူခြင်း၊ စိတ်၌ခက်ခြင်း အနက်ရှိ၏။ ဝေါဟာရတ္ထပကာသနီ၌ ဤသို့ဆို၏။

ခက်မူတည်၊ ခဲကျိတ် မူလီသွင်း၊ စိတ်၌ခက်ခြင်း၊ မလွယ်ခြင်း၊ အနက် (ဝေါသနီ-၉၇)

'ခက်'ကို ကိလိန္န (ကိလိဋ္ဌ) ဟု လည်း ညွှန်ပြကြ၏။ ကိလိဋ္ဌသည် ညစ်နွမ်းခြင်း၊ မသန့်ရှင်းခြင်း အနက်ရှိ၏။ ထို့ကြောင့် 'ခက်သည်' ဟူ သည်ကား ညစ်နွမ်းမှု၊ မသန့်ရှင်းမှုဟုလည်း အနက်ဖွင့်ရာ၏။

လောပဝိပရိတ်၊ ခက်ကိလိဋ္ဌကို၊ ခတ်ကျိတ်ခလုတ် (ပဋ္ဌာဝုခ-၃၁)

ဤ ခက်ကျိတ်ဟူသော စကားဖြင့် ဆိုခဲ့ပါသမာသ်၊ တဒ္ဒိတ်၊ အာချာတ်၊ ကိတ် ဟူသော ဝါစကကြီးလေးပါးတို့ကို ကတ်သိရန် ခက်ခဲသည်။ ကြိုးစားကြပါဟု ဦးသြက တိုက်တွန်းလိုဟန် ရှိလေသည်။

ဤတွင် သံပေါက်မှုရင်းပါ သမာသ်စသည် ဝါစကကြီး လေးပါးအကြောင်းကို သိသာရုံမျှသာ ဖြေဆိုလိုက်ပါသည်။ အကျယ်သိလိုပါမူ ပါဠိသဒ္ဒါကျမ်းရင်းများ၌ လေ့လာကြပါကုန်။ ။

# ၁၇။ သဒ္ဒါမှာသုတ်၊ ဝုတ္တိထုတ်၊ လိင်ဝုစ်အပြီးပြီး။

သဒ္ဒါမှာ သုတ်သည် အရေးအကြီးဆုံးဖြစ်သည်။ သုတ်ကို ဝုတ္တိက ဖွင့်သည်။ သုတ် ဝုတ္တိ၏အဆိုကို ဥဒါဟရုဏ်ထုတ်၍ ရှင်းသည်။ သဒ္ဒါတွင် လိင်နှင့်ဝုစ်အမျိုးမျိုးတို့ကို ဖော်ပြလေသည်။

### ဖွင့်ဆို ရှင်းလင်းချက်

သုတ် ရင်းမြစ်ကား သုတ္တ(ပါ)သူစတော်၊ တပစ္စည်း အတွေ့ သူစေတိတိ သုတ္တံ ဟု ဝိဂ္ဂြိဟ်ပြု။

အတ္ထေ၊ ကွယ်ဝှက်သော အနက်တို့ကို။ သူစေတိ၊ ပြတတ်၏။ ဣတိ၊ ထို့ကြောင့်။ သုတ္တံ၊ သုတ်မည်၏။ ကွယ်ဝှက်သော အနက်ကို ပြတတ်သောကြောင့် သုတ်မည်၏ ဟူလို။

သုဓာဘုတ္တ မှ သုဓာဘုတ်
မုဟုတ္တ မှ မုဟုတ်
သံယုတ္တ မှ သံယုတ် ဟု ပြောင်းသကဲ့သို့
သုတ္တ မှ သုတ်

ဟူ၍ ဆိုသည်။ အဆုံး 'တ' အက္ခရာတလုံးနှင့်တကွ အသရကိုချေ။ သရမဲ့ကြောင်း သိရန် တံခွန်တင်၍ သုတ္တမှ သုတ်ဖြစ်၏။

သုတ်သည် သာမညအားဖြင့် တမျိုးတည်းဟု ဆိုရ၏။ ဝိသေသလက္ခဏာအားဖြင့်မူကား သညာသုတ်၊ အဓိကာရသုတ်၊ ပရိဘာသာသုတ်၊ ဝိဓိသုတ်ဟူ၍ လေးမျိုးလေးစားရှိ၏။

အမည်မှည့်သောသုတ်မျိုးကို သညာသုတ်ဟု ခေါ်၏။ (သညာ-အမှတ်အသား)

ပုံစံ – သော ဣတ္ထိချာ ပေါ။

ဣတ္ထိလိင်ကို ဖော်ပြသော ဣဝဏ်၊ ဥဝဏ် တို့သည် 'ပ' အမည်ရှိကြောင်း ဖော်ပြ၏။

နောက်သုတ်များသို့ ဆက်ပြီး လိုက်ပါစေသော သုတ်ကို အဓိကာရသုတ်ဟုခေါ်၏။ (အဓိကာရ=လိုက်ခြင်း)

ပုံစံ – ဇိနဝစန ယုတ္တံ ဟိ။

ဘုရားစကား ပါဠိတော်နှင့်အညီသာလျှင် လိင်၊ ဝုစ် စသည်ဖြစ်စေရမည်ဟု ဖော်ပြ၏။ ထိုစကားသည် အခြားသုတ်များသို့လည်း သြဇာသက်ရောက်စေ၏။ မည်သည့်သဒ္ဒါအစီအရင်မဆို ဘုရားစကားပါဠိတော်နှင့် ညီ ရမည် ဟူလို။

လိုအပ်သော အနက်အဓိပ္ပာယ် သတ်မှတ်ချက်ကို ထင်ရှားစွာ ပြောကြားတတ်သောသုတ်ကို ပရိဘာသာသုတ်ဟု ခေါ်၏။ ပရိ=ထင်လင်းစွာ၊ ဘာသာ=ပြောခြင်း)

ပုံစံ – အဗ္ဗော အက္ခရ သညာတော။

အနက်အဓိပ္ပာယ်ကို အက္ခရာတို့ဖြင့် မှတ်သားအပ်၏ ဟူလို။ ဤပရိဘာသာ သုတ်မျိုးသည် ညွှန်ကြားမှုသဘောပါ၏။

အက္ခရာချေခြင်း လာခြင်း စသော အစီအရင်ကို ပြုလုပ်သော သုတ်မျိုးကို ဝိဓိသုတ်ဟုခေါ်၏။ (ဝိဓိ=စီရင်ခြင်း)

ပုံစံ – သရာ သရေ လောပံ။

နောက် သရကြောင့် ရှေ့သရ ကို ချေ ဟူလို။ ပါဠိသဒ္ဒါကျမ်းများတွင် ဝိဓိ သုတ်အမျိုးအစားသည်သာ အများဆုံးဖြစ်လေသည်။

ဝုတ္တိ ရင်းမြစ်ကား၊ ဝစဓာတ်၊ တိ ပစ္စည်းတည်း။
ဝုစ္စတိ တောယာတိ ဝုတ္တိ ဟု ပြု။

တောယ၊ ဤစကားဖြင့်။ အတ္ထော၊ သုတ်အနက်တို့ကို။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ထို့ကြောင့်။ ဝုတ္တိ၊ ဝုတ္တိ မည်၏။ သုတ်၏အနက်ပေါ်လွင်အောင် ချဲ့ဖွင့်သော စကားကို ဝုတ္တိ ဟု ခေါ်သည်။

ပုံစံ – တတော စ ဝိဘတ္တိယော။ (သုတ်)

တတော ဇိနဝစနယုတ္တေဟိ လိင်္ဂေဟိ ဝိဘတ္တိယော

ပရာ ယောဇ္ဇန္တိ။ (ဝုတ္တိ)

တတော၊ ထိုနောက်မှ ဟု သုတ်က အကျဉ်းချုပ်ဆိုသည်ကို ဝုတ္တိက 'တတော ဇိနဝစနယုတ္တေဟိ လိင်္ဂေဟိ' ဘုရားစကားတော်များအား လျော်ကပ်ညီညွတ်သောလိင် ပုဒ်တို့နောက်မှ ဟု အကျယ်ဖွင့်၏။ ဝိဘတ္တိယော ဟု သုတ်က သာမန်ဆိုသည်ကို 'ဝိဘတ္တိယော ပရာ ယောဇ္ဇန္တိ' ဟု ဝုတ္တိက သိသာထင်ရှားအောင် ဖော်ပြ၏။ 'ပရာ ယောဇ္ဇန္တိ'ကိုထည့်ပေး၏။ ဤသို့ထည့်ပေးသဖြင့် ဝိဘတ်သည် လိင်ပုဒ်ရှေ့က မရှိမနေစေရ၊ ပုဒ်၏ နောက်ကသာ ဝိဘတ်နေစေရမည်ဟု သတ်မှတ်ပြသည်။ ဤကား ဘုရားဟော ပါဠိနှင့် ညီညွတ်အောင် စည်းကမ်းချပြခြင်း ဖြစ်သည်။ ထို့ကြောင့် On the mat (ဖျာပေါ်မှာ) စသည်ဖြင့် ပုဒ်၏ ရှေ့၌ ဝိဘတ်ထားရှိသော အင်္ဂလိပ် စသော ဘာသာတို့နှင့် ကွဲပြားသွားစေလေသည်။

လိင် ရင်းမြစ် လိင်္ဂ (ပါ)၊

သဒ္ဒါပုဒ် အသွင်အပြင်။

ကွယ်ဝှက်သော အနက်အစိတ်အပိုင်း။

ပါဠိသဒ္ဒါ၌ လိင်ကို ဘုရားဟော ပါဠိစကားနှင့်အညီသာ လက်ခံသည်။ သက္ကတဘာသာ၌ ဣတ္ထိလိင်၊ ပုလ္လိင်၊ နပုလ္လိင်၊ အနပုလ္လိင်ဟု လေးမျိုးရှိ၏၊ ပါဠိ၌ လိင်္ဂဉ္စ နိပ္ပဇ္ဇတေဟု သုတ်ဘည်ပြီး၊ ပါဠိတော်နှင့် မကိုက်ညီသည့် အနပုလ္လိင် ကို ပယ်သည်။ ဣတ္ထိလိင်၊ ပုလ္လိင်၊ နပုလ္လိင်၊ လိင် သုံးပါးကိုသာ ဖော်ပြသည်။

ဤအခြေခံ လိင်သုံးပါးပေါ်မူတည်ပြီး လိင်ကို ဣတ္ထိလိင်၊ ပုလ္လိင်၊ နပုလ္လိင်၊ ဒွိလိင်၊ တိလိင်၊ အလိင်ဟု ခွဲခြားပြ၏။

ရုပ်အစီရင် မသန့်ရှင်းသော အခြင်းအရာရှိသော ပုဒ်သည် ဣတ္ထိလိင်။

ပုံစံ – ကညာ

ရုပ်အစီရင် သန့်ရှင်းသော အခြင်းအရာရှိသော ပုဒ်သည် ပုလ္လိင်။

ပုံစံ – ပုရိသော

သန့်ရှင်းလည်း မဟုတ်၊ မသန့်ရှင်းလည်း မဟုတ်သော ပုဒ်သည် နပုလ္လိင်။

ပုံစံ – စိတ္တံ

ဣတ္ထိလိင်လည်း ဖြစ်နိုင်၊ ပုလ္လိင်လည်းဖြစ်နိုင်သောပုဒ်သည် ဒွိလိင်။

ပုံစံ – ဩဇာ (ဣတ္ထိလိင်)

ဩဇော (ပုလ္လိင်)

လိင်သုံးပါးလုံးနှင့် ဆက်ဆံသော ပုဒ်သည် တိလိင်။

ပုံစံ – ပဉ္ဉာ (ဣတ္ထိလိင်)

ပဉ္ဉော (ပုလ္လိင်)

ဝဉ္ဉံ (နပုလ္လိင်)

လိင်ကြောင့် ရုပ်အထူးမရှိသော ပုဒ်မျိုးကား အလိင်။

ပုံစံ – ပဉ္စအစ အဋ္ဌာရသ အဆုံးရှိသော သင်္ချာသဒ္ဒါများ။

တုမှ သဒ္ဒါ၊ အမှသဒ္ဒါ၊

ဥပသာရပုဒ်၊ နိပါတ်ပုဒ်များ၊

ဤသို့သျှင် ပါဠိဘာသာ၌ လိင်အမျိုးမျိုးကို ဖော်ပြလေသည်။

ဝုစ် ရင်းမြစ်–ဝစနံ(ပါ)။ ဝစဓာတ် + ယုပစ္စည်း။

ဝုစ္စတိ အနေနာတိ ဝစနံ ဟု ဝိဂ္ဂဟ်ပြု။

အနေနှ၊ ဤစကားဖြင့် ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ထို့ကြောင့်။ ခံဝစနံ၊ ဝုစ်ဗည်၏။ အနည်းအများ စကားအရပ်ရပ်ကိုဆိုရန် အကြောင်းပစ္စည်းဖြစ်သောကြောင့် ဝုစ်ဗည်၏ ဟူလို။

| | | |
|---|---|---|
| အဓိကရဏ | မှ | အဓိကရဏ်း |
| အာရမ္မဏ | မှ | အာရုံ |

တို့၌ အ သရမှ ဥ သံရသို့ ပြောင်းသကဲ့သို့–

| | | |
|---|---|---|
| ဝစန | မှ | ဝုစ် |

ဟူ၍ ပြောင်းသည်။ နောက်ဆုံး န ကို ချေဖျက်သည်။

ဝုစ်သည် သက္ကတဘာသာ၌ ဧကဝုစ်၊ ဒွိဝုစ်၊ ဗဟုဝုစ်ဟူ၍ သုံးမျိုးရှိ၏။။ ပါဠိဘာသာတွင်မူ–

တဒနုပရောဓေန။

ဟူသော သုတ်အရ ထိုမြတ်စွာဘုရား စကားတော်အား မဆန့်ကျင်စေရန် ဒွိဝုစ်ကိုပယ်၍ ဧကဝုစ်နှင့် ဗဟုဝုစ် နှစ်မျိုးကိုသာ လက်ခံသည်။ ဘုရားစကားတော်၌၊ တခုကို ဧက- ဧကဝုစ်၊ တခုထက် အများကို ဗဟု- ဗဟုဝုစ်ဟူ၍သာရှိသည်။ နှစ်ခုကို ဗဟုဝုစ်ထဲသို့ ထည့်ယူလေသည်။

ထို့ကြောင့် နာမ်ဝိဘတ် ခုနစ်သွယ်ကို ပြဆိုရာတွင်–

| | | |
|---|---|---|
| သိ | (ပထမာ | ဧကဝုစ်) |
| ယော | ( ။ | ဗဟုဝုစ်) |
| အံ | (ဒုတိယာ | ဧကဝုစ်) |
| ယော | ( ။ | ဗဟုဝုစ်) |
| နာ | (တတိယာ | ဧကဝုစ်) |
| ဟိ | ( ။ | ဗဟုဝုစ်) |

| | | |
|---|---|---|
| သ | (စတုတ္ထီ | ကေဝုစ်) |
| နံ | ( ။ | ဗဟုဝုစ်) |
| သ္မာ | ( ပဉ္စမီ | ကေဝုစ်) |
| ဟိ | ( ။ | ဗဟုဝုစ်) |
| သ | ( ဆဋ္ဌီ | ကေဝုစ်) |
| နံ | ( ။ | ဗဟုဝုစ်) |
| သ္မိံ | ( သတ္တမီ | ကေဝုစ်) |
| သု | ( ။ | ဗဟုဝုစ်) |

ဤသို့ ကေဝုစ် ဝိဘတ် ခုနစ်လုံး၊ ဗဟုဝုစ် ဝိဘတ် ခုနစ်လုံးအထိသာ ပြဆိုလေသည်။ ဒွိဝုစ်ကို မပြဆိုချေ။

သက္ကတသဒ္ဒါကျမ်း လောက၌ ကိုယ်ပိုင်သုတ်၊ ဝုတ္တိ၊ ဥဒါဟရဏ်တို့ဖြင့် သီးခြားထင်ရှားသော ကျမ်းများမှာ အောက်ပါတို့ပင် ဖြစ်ကြ၏။

| | |
|---|---|
| ၁။ ပါဏိနီသဒ္ဒါကျမ်းကြီး | (ပါဏိနီရသေ့) |
| ၂။ စန္ဒြဗျာကရဏ်းကျမ်း | (စန္ဒြဂေါမိန်ဆရာ) |
| ၃။ ကလာပ်ကျမ်းခေါ် ကာတန္တြကျမ်း | (သဗ္ဗဝမ္မာဆရာ) |
| ၄။ မုဒ္ဓဗောဓ ဗျာကရဏ်းကျမ်း | (ဝေါပဒေဝဆရာ) |
| ၅။ သာရသွတဗျာကရဏ်းကျမ်း | (အနုဘူတိဆရာ) |

ပါဏိနီကျမ်းသည် ဘီစီ ၄၀၀ ခန့်က ပေါ်ခဲ့ပြီး ကျန်သဒ္ဒါကျမ်းကြီးတို့မှာ တနည်းမဟုတ်တနည်း ပါဏိနီကို အမှီပြုကြရသည်သာဖြစ်သည်။

ပါဠိသဒ္ဒါကျမ်းနယ်၌ မိမိကိုယ်ပိုင် သုတ် ဝုတ္တိဥဒါဟရဏ်တို့ဖြင့် ရပ်တည် ထင်ရှားသောကျမ်းများကား အောက်ပါတို့ပင်ဖြစ်ကြ၏။

၁။ ကစ္စည်း သဒ္ဒါကြီးကျမ်း (ရှင်ကစ္စည်း ထေရ်)
၂။ မောဂ္ဂလ္လာန ဗျာကရဏ (သီဟိုဠ် ရှင်မောဂ္ဂလ္လာန်ထေရ်)
၃။ သဒ္ဒနီတိ သဒ္ဒါကျမ်းကြီး (ပုဂံခေတ် ရှင်အဂ္ဂဝံသ)
၄။ သဒ္ဒသင်္ဂဟ (မင်းတုန်းခေတ် ယောအတွင်းဝန် ဦးဖိုးလှိုင်)

ကစ္စည်းကျမ်းကို ဘုရားရှင် လက်ထက် တောဒဂ်ရ ရှင်မဟာကစ္စည်း ထေရ် ပြုစုခဲ့သည်ဟုလည်း ယူကြသည်။ အေ ဒီ ၁၂၀ မတိုင်မီက အရှင် မဟာကစ္စာယန အမည်ရှိသော မထေရ်တပါး စီရင်သည်ဟုလည်း ယူကြ သည်။ နှစ်ဝါဒရှိ၏။ သူ့အကြောင်းပြနှင့်သူပေတည်း။

ကစ္စည်းကျမ်း၌ ရှင်မဟာကစ္စည်းထေရ်က သုတ်ကိုသာ ရေးသားခဲ့ သည်။ ဝုတ္တိကို သံဃနန္ဒီထေရ်ကလည်းကောင်း၊ ပြယုဂ်ပုံစံများကို ဗြဟ္မ ဒတ္တထေရ်ကလည်းကောင်း ဆက်လက်ရေးသားသည်ဟုလည်း ဆိုကြကုန် ၏။ ဖော်ပြပါ ပါဠိသဒ္ဒါကျမ်း လေးကျမ်းတို့အနက်–

ကစ္စည်းသဒ္ဒါကြီးသည် ကလာပ်ကျမ်းကို လည်းကောင်း၊
မောဂ္ဂလ္လာနဗျာကရဏ သည် စန္ဒြဗျာကရုဏ်းကိုလည်းကောင်း၊
သဒ္ဒနီတိ သည် ပါဏိနီနှင့် အခြား ဗျာကရုဏ်း ကျမ်းတို့ကို လည်းကောင်း

အသီးသီးမှီငြမ်းပြု၍၊ ဘုရားဟောပါဠိတော်နှင့် လျောက်ပတ်အောင် ရေးသားပြုစုကြသည်။

ကစ္စည်းသဒ္ဒါကြီးကို ထပ်မံဖွင့်ဆိုသော ကျမ်းများကား အောက်ပါ တို့တည်း။

၁။ န្យာသခေါ် ညာသ်ကျမ်း (သီဟိုဠ် ရှင်ဝိမလဗုဒ္ဓိ)
၂။ ရူပသိဒ္ဓိကျမ်း (သီဟိုဠ် ရှင်ဗုဒ္ဓပ္ပိယ)
၃။ ဗာလာဝတာရ (သီဟိုဠ် ရှင်ဓမ္မကိတ္တိ)

---

၁။ ကစ္စာယနဗောဓဋီကာသစ်။

မောဂ္ဂလ္လာန ဗျာကရုဏ်းကျမ်းကို လယ်တီဆရာတော်ဘုရားက နိရုတ္တိဒီပနီ အမည်ဖြင့် အဖွင့်သဒ္ဒါကျမ်း ရေးသားပြုစုတော်မူခဲ့သည်။

'အပြီပြီ'ဟူသည် 'အပြိုင်ပြိုင်' ဟု ဆိုလိုသည်။ 'ပြီပြီ' သည် ဆီဆိုင်ကဲ့သို့ စကားမိသားစုဝင်ဖြစ်၏။

ကမ္ဘာပေါ်ရှိ ဘာသာစကားရပ်အလိုက် ထိုက်သလိုသဒ္ဒါစာအုပ်များ ရေးသားကြရာတွင် သက္ကတနှင့်ပါဠိတို့၌ သုတ်၊ ဝုတ္တိ၊ ဥဒါဟရုဏ်ပုံစံဖြင့် စနစ်တကျ သက္ကတသဒ္ဒါကျမ်းများ၊ ပါဠိသဒ္ဒါကျမ်းများကို ရေးဖွဲ့ခဲ့ကြသည်။ ဤသက္ကတ ပါဠိသဒ္ဒါကျမ်းစနစ်သည် အခြားသော ကမ္ဘာ့ဘာသာများ၏ တုမှီးဖွယ်ဖြစ်ခဲ့သေပြီ။ ။

# ၁၇။ သမာသ်တဒ္ဓိတ်၊ အာချာတ်ကြိတ်

# ပါဠိပုဒ်သင့်အောင်စီ။

ပါဠိသဒ္ဒါ၌ သမာသ်ပုဒ် တဒ္ဓိတ်ပုဒ်၊ အာချာတ်ပုဒ်နှင့် ကိတ်ပုဒ်တို့ကို အနက်အဓိပ္ပာယ်အား လျော်ညီစွာ သဒ္ဒါစည်းကမ်းနှင့်အညီ မှန်ကန်အောင် စီကုံးရေးသားပါလေ ဟူလို။

ဖွင့်ဆိုရှင်းလင်းချက်

သမာသ် – ရင်းမြစ် သမာသ (ပါ) သံ+အာသ

ဟတ္ထပါသကို ဟတ္ထပါသ်၊ နာဂပါသကို နာဂပါသ် ဟု မြန်မာမှု ပြုသကဲ့သို့ 'သ' ၌ 'အ' သရချေ၊ သရ မရှိကြောင်းသိစေရန် တံခွန်တင် 'သမာသ်' ဟူသောပါဠိသက် ဝေါဟာရကို ရရှိသည်။

နှစ်ပုဒ် နှစ်ပုဒ်ထက်ပိုသော နာမ်ပုဒ် အချင်းချင်း ချုံးချုံး ပေါင်းစပ်၍ ဖွဲ့စည်းထားသော ပုဒ်ကို သမာသ်ပုဒ်ဟု ခေါ်သည်။

တဒ္ဓိတ် – ရင်းမြစ် တဒ္ဓိတ (ပါ) တ + ဟိတ

တဒ္ဓိတကို တဒ္ဓိတ်ဟုလည်း ပါဠိသက် ဝေါဟာရပြု၏။ 'ဒ္ဓိ' ၌ ဣကို ဥ ပြုပြီး တဒ္ဓုတ်ဟုလည်း မြန်မာမှုပြုသည်။

ပုဒ်နှင့် ပစ္စည်း ပေါင်းစပ်၍ ဖွဲ့စည်းထားသော ပုဒ်မျိုးကို တဒ္ဓိတ်ပုဒ်ဟု ခေါ်သည်။

အာချာတ်– ရင်းမြစ် အာချာတ (ပါ) အာ+ချာ+တ

'တ' ၌ 'အ' သရကိုချေ၊ တံခွန်တင်ပြီး အာချာတ်ဖြစ်လာ၏။ ကြိယာကိုဟောသော ပုဒ်ကို အာချာတ်ဟု ခေါ်၏။ ဓာတ်၊ ပစ္စည်း၊

အာချာတ်ဝိဘတ်များ ပေါင်းစပ်၍ ဖွဲ့စည်းသော ဂစ္ဆတိစသော ကြိယာ ပုဒ်မျိုးကို အာချာတ်ကြိယာပုဒ်ဟု ဆိုလေသည်။

ကိတ် – ကိတ (ပါ) ကိရ+တ၊ ကိတ မှ ကိတ် ဖြစ်၏။

ကြိယာ် – ဟူသည် သက္ကတသို့လိုက်၍ရေးသောစာလုံးပေါင်းဖြစ်၏။ ဂဟကို ဂြိဟ်ဟု သက္ကတသို့လိုက်၍ ရေးသကဲ့သို့ ကိရတိကို ကြိယာ်ဟု ရေးခြင်းဖြစ်လေသည်။

ဓာတ်နှင့် ပစ္စည်း ပေါင်းစပ်၍ ဖွဲ့စည်းထားသော ပါစကော စသော ပုဒ်မျိုးကို ကိတ်ပုဒ်ဟု ခေါ်သည်။ ကိတ်ပုဒ်သည် ကြိယာနာမ်ပုဒ်မျိုး တည်း။

ပုဒ်ပါဠိသင့်အောင်စီ ဟူသော အကျဉ်းချုပ် ညွှန်ကြားချက်စကား အရ ထိုသမာသ်ပုဒ်၊ တဒ္ဓိတ်ပုဒ်၊ အာချာတ်ပုဒ်၊ ကိတ်ပုဒ်တို့ကို အသုံး ပြု၍ ဘုရားစကားတော် ပါဠိစည်းကမ်းများနှင့် သင့်တင့်ညီညွတ်မှု ရှိအောင် ဝါကျများကို ရေးရမည်။ ဂါထာ၊ ဗန္ဓများကို ဖွဲ့ရမည်ဟု သိရလေသည်။

ထိုပုဒ်လေးမျိုးကို ဝါစကကြီးလေးပါးဟု ခေါ်သည်။ 'ဝါစက' ဟူသည် ဟောခြင်း(ဝါ) စပ်ဆိုင်ခြင်းကို ဆိုလိုသည်။

သမာသ်ပုဒ်နှင့် တဒ္ဓိတ်ပုဒ် ဝါစကတို့သည် ဝါကျ ရေးသားရာ၌ ချယ်လှယ်နိုင်ခြင်း မရှိသော်လည်း မိမိတို့ဟောသော အနက်အရ ပုဒ် အနေဒ ထားရှိရန်ကား လိုအပ်သည်။

| | | | | |
|---|---|---|---|---|
| သမာသ် | ပုံစံ | မင်းသား | ရာဇပုတ္တော၊ | (ပုလ္လိင်) |
| | | မင်းသမီး | ရာဇပုတ္တီ | (ဣတ္ထိလိင်) |
| တဒ္ဓိတ် | ပုံစံ | ဂုဏ်ရှိသူ | ဂုဏဝါ | (ပုလ္လိင်) |
| | | ဂုဏ်ရှိသောမိန်းမ | ဂုဏဝန္တီ | (ဣတ္ထိလိင်) |

ထို့ကြောင့် တဒ္ဓိတာဘိဓေယျလိင်္ဂါ ဟူ၍ သဒ္ဒါငယ် ကျမ်းများ၌ ပြဆိုလေသည်[၁]။

ဝါကျစီကုံးရာ၌ အာချာတ် ဝါစကသည်ကား အရေးအကြီးဆုံး ဖြစ်၏။ အာချာတ်သည် ကြိယာပုဒ်ဖြစ်၍ ဝါကျတွင် ဘုရင်နှင့်တူသည်။ ကြိယာနှင့် စပ်လျဉ်းသော ကာရကခြောက်ပါးတို့မှာ မှူးမတ်များနှင့် တူသည်။ မှူးမတ်တို့သည် ဘုရင်သို့ လိုက်ပါခစားရသကဲ့သို့ ကာရက တို့သည်လည်း ကြိယာပုဒ်နှင့် လိုက်ဖက်စွာ တည်ရှိရလေသည်။

တနည်းဆိုရသော် ကြိယာပုဒ်သည် ဇာတ်မင်းသားနှင့် တူသည်။ ကာရက ခြောက်ပါးတို့သည် မင်းသမီး ခြောက်လက်နှင့် တူသည်။ မင်းသမီးတို့သည် မင်းသားဝတ်သော အဝတ်အစားနှင့် လိုက်ဖက်အောင် မိမိတို့ကလိုက်၍ ဝတ်ကြရသည်။ ထိုနည်းတူ ကာရကမင်းသမီးတို့သည် ကြိယာ မင်းသားနှင့် အဆင်ပြေအောင် ဝိဘတ်များကို ဆင်ယင်ရသည်။

**ပုံစံ** ဂစ္ဆတိ၊ သွား၏ဟူသော ကတ္တားဟော ကြိယာကို ယူ ငြားအံ့။
ပုရိသော မဂ္ဂံ ဂစ္ဆတိ။
ယောကျ်ားသည် ခရီးကိုသွား၏။

ဟူ၍ ဝါကျရှိရာသည်။ ကတ္တားဟော ကြိယာဖြစ်၍ 'ပုရိသ'သည် ပထမာ ဝိဘတ်အဝတ်အဆင်ဖြင့် 'ပုရိသော'ဟု ဖြစ်လာရသည်။ ကြိယာက ကံပုဒ်ကို မဟော၍ 'မဂ္ဂံ'ဟု ဒုတိယာဝိဘတ် ဆင်ယင်ရှိရသည်။

အကယ်၍ ဂစ္ဆီယတေ၊ သွားအပ်၏ဟူသော ကံဟောကြိယာဖြစ်အံ့။

ပုရိသေန မဂ္ဂေါ ဂစ္ဆီယတေ ဟု ဝါကျမှန်ရှိရာသည်။ ယောကျ်ားသည် ခရီးကိုသွားအပ်၏။ ဂစ္ဆီယတေကြိယာသည် လမ်းဟူသော ကံ အနက်ကို ဟောသောကြောင့် 'မဂ္ဂံ' သည် 'မဂ္ဂေါ'ဟူ၍ ပထမာဝိဘတ်

---

၁။ တဒ္ဓိတာ၊ တဒ္ဓိတ်ပုဒ်တို့သည်။ အဘိဓေယျလိင်္ဂါ၊ မိမိဟောသောအနက်၏ လိင်သို့ လိုက်ကုန်၏။ ကစ္စာယနသာရသဒ္ဒါငယ်။

နှင့်ရှိရသည်။ ယောကျ်ားကို မဟော၍ (ဝါ) တိုက်ရိုက် မစပ်ဆိုင်၍ ပုရိသေန ဟု တတိယာဝိဘတ်ဖြင့် ကျေနပ်နေရသည်။

ထိုသို့ ဝိဘတ်အလိုက် အဖက် အဆင်အပြင်နှင့် ပတ်သက်၍—

ဟောရာ ဟောရာ ပဌမာ၊ မဟောမူကား၊ ဒုတိယာနှင့်တတိယာ။ ဟူ၍ သဒ္ဒါဆရာမြတ်တို့ အကျဉ်းမှတ်စေခဲ့လေပြီ။

ကတ္တား၊ ကံ၊ ကာရကတို့သည် အနည်းအများဟူသော ဧကဝုစ်၊ ဗဟုဝုစ် ကြိယာပုဒ်သို့လည်း လိုက်ကြရကုန်၏။

ပုံစံ – ပုရိသာ မဂ္ဂံ ဂစ္ဆန္တိ။ (ကတ္တားအများ)

ယောကျ်ားတို့သည် လမ်းကို သွားကုန်၏။

ပုရိသေန မဂ္ဂါ ဂစ္ဆီယန္တေ။ (ကံအများ)

ယောကျ်ားသည် လမ်းတို့ကို သွားအပ်ကုန်၏။

(လမ်းတို့သည် ယောကျ်ားအားဖြင့် သွားခြင်းကို ခံကြရ၏ ဟူလို)

ဤကား အာချာတ်ဝါစက ပုဒ်တို့နှင့်စပ်လျဉ်း၍ ပုဒ်ပါဠိသင့်အောင် စီရပုံ အမြွက်စကားတည်း။

ကိတ် ကြိယာ ဝါစက တို့၌လည်း ဟောသောပုဒ်၌ ပဌမာ၊ မဟောသောပုဒ်၌ ဒုတိယာနှင့် တတိယာ ဝိဘတ်တို့ဖြင့် ပါဠိစီရလေ၏။

ပုံစံ – ဗုဒ္ဓေါ ဓမ္မံ ဒေသကော။ (ကတ္တား ဟော)

ဘုရားသည် တရားကိုဟောတတ်၏။ (ဟောသူဖြစ်၏)

ဗုဒ္ဓေန ဓမ္မော ဒေသိတော။ (ကံဟော)

ဘုရားသည် တရားကို ဟောအပ်၏။

ပါဠိဘာသာ၌ အာချာတ်ကြိယာနှင့် ကိတ်ကြိယာ အထူးကား အာချာတ်ပုဒ်နောင် မည်သည့်ကြိယာမှ ထပ်မံဖြည့်ဆက်၍မရ၊ အပြီး

သတ်ဖြစ်၏၊ ကိတ်ကြိယာနောက်တွင်မူ အာချာတ်ကြိယာသည် ပ်မံဖြည့်ဆက်နိုင်သည်။ သို့ဖြည့်ဆက်လျှင် ကိတ်ကြိယာသည် ကိတ်နာမ်ဖြစ်လေသည်။

ပုံစံ - ပုရိသော မဂ္ဂံ ဂစ္ဆတိ။ (အာချာတ်ကြိယာ)
ယောကျ်ားသည် ခရီးကို သွား၏။
ပုရိသော မဂ္ဂံ ဂတော ဟောတိ။ (ဂတော ကိတ်)
ယောကျ်ားသည် ခရီးကို သွားသည်ဖြစ်၏။
(ဟောတိ၊ အာချာတ်)

ဤသို့ ကိတ်ပုဒ်နောင် အာချာတ်ကြိယာထည့်၍ ရေးသားလျှင်လည်း မှန်၏။

ထို့ပြင် ကိတ်ပုဒ်သည် 'ကိတကာဘိဓေယျလိင်္ဂါ'' ဟူသော စည်းမျဉ်းအတိုင်း မိမိဟောသော ပုဒ်နှင့်လိင်ဝုစ်တူရသည်။

ပုံစံ - ဂတော၊ သွား၏ဟူသော ကိတ်ပုဒ်ကို ပါဠိစီအံ့။

| | |
|---|---|
| ပုရိသော ဂတော | (ပုလ္လိင်၊ ဧကဝုစ်) |
| ပုရိသာ ဂတာ | (ပုလ္လိင်၊ ဗဟုဝုစ်) |
| ဣတ္ထီ ဂတာ | (ဣတ္ထိလိင်၊ ဧကဝုစ်) |
| ဣတ္ထိယော ဂတာ | (ဣတ္ထိလိင်၊ ဗဟုဝုစ်) |
| စိတ္တံ ဂတံ | (နပုလ္လိင်၊ ဧကဝုစ်) |
| စိတ္တာနိ ဂတာနိ | (နပုလ္လိင်၊ ဗဟုဝုစ်) |

ဤသို့ စသည်ဖြင့် ကိတ် ပုဒ်တို့သည် မိမိဟောသော နာမ်ပုဒ်တို့၏ လိင်၊ ဝုစ်သို့ လိုက်ပါကြရသည်။

အာချာတ်ကြိယာသည် မြန်မာဘာသာ၌ '၏' ဆုံးသော ကြိယာပုဒ်နှင့်တူ၏။ ကိတ်ကြိယာသည် မြန်မာဘာသာ၌ သည်၊ မည် စသည်ဆုံးသော ကြိယာနှင့်တူ၏။

---

၁။ ကိတကာ၊ ကိတ်ပုဒ်တို့သည်။ အဘိဓေယျသိင်္ဂါ၊ ဟောအပ်သော လိင်သို့ လိုက်ကုန်၏။

ပုံစံ – သူ **လာ**၏။ (မြန်မာ အာချာတ်ကြိယာ)
သူ **လာသည်** ကို မြင်၏။ (မြန်မာကိတ်ကြိယာ)

မှတ်ချက်။ သူလာ၏ကို မြင်၏ဟု မြန်မာသုံး မရှိ။
သူလာမည်ကို သိ၏။ (မြန်မာကိတ်ကြိယာ)

ပုရိသော မဂ္ဂံ ဂစ္ဆတော ဟောတိ ပုံစံ၌ ဂစ္ဆတော၌ ပထမာဝိဘတ် ရှိနှင့်ပြီးဖြစ်၏။ ဟောတိ ဟူသော အာချာတ်ကြိယာပုဒ်ကို ထည့်လိုက်သောအခါ– 'ယောကျ်ား ခရီးသွားသည်ဖြစ်၏'ဟု အနက်ရ၏။ စာထွက်နည်းအရ ကြိယာကိုင်၍ တက်ကြည့်သော်–

မေး– ဖြစ်၏ ဟူသည် အဘယ်ဖြစ်သနည်း။

ဖြေ– သွားသည် ဖြစ်၏။

မေး–ဘာကို သွားသနည်း။

ဖြေ– ခရီးကိုသွားသည်။

မေး– ဘယ်သူ သွားသလဲ။

ဖြေ– ယောကျ်ားသွားသည်။

ပြန်၍ဆက်စပ်ယူသော် 'ယောကျ်ား ခရီသွားသည်'ကား ကတ္တားပိုင်း၊ '**ဖြစ်၏**'ကား ကြိယာပိုင်းတည်း။ ထို့ကြောင့် ပုရိသော မဂ္ဂံ ဂစ္ဆတော၊ (ယောကျ်ား ခရီသွားသည်)သည် ဝါကျကြီးတွင် ပါသော အစိတ်အပိုင်း (ဝါ) ဝါကျကဏ္ဍဖြစ်ပေသည်။

ထို**နည်း**တူ မြန်မာ၌လည်း 'သူလာသည်ကို' ကား ကံပိုင်း (ဝါ) ကာရကပိုင်း။ 'မြင်၏'ကား ကြိယာပိုင်းတည်း။ 'ကို'ဟူသော ဝိဘတ်၊ 'ဟု'ဟူသော စကားဆက် စသည်ကား အချို့ပါ၏- အချို့မပါချေ။

ပုံစံ – ဤသို့ဖြစ်လိမ့်မည်ဟု အလျဉ်းမသိ။ (ဟု ပါ)
သေမည် ရှင်မည်မသိ။ (အဆက်စကား မပါ)

စိန္တကျော်သူ ဦးဩကား ယင်းသို့ ပါဠိဝါကျ အစီအကုံးသာမက ပဇ္ဇ၊ ဂဇ္ဇ ဟု ဆိုသော ပါဠိဂါထာ၊ စုဏ္ဏိယ စကားပြေတို့ကိုပင် ဆန်း အလင်္ကာနှင့် ညီညွတ်အောင် ထိုသမာသ်ပုဒ် စသည်ကို အသုံးပြုပါလေဟု မှာလိုရိပ်ရှိသည်။

ဤစကားအရ ဦးဩသည် မြန်မာစာပေသာမက ပါဠိစာပေကိုပါ ကောင်းစွာ နိုင်နင်းကြောင်း သိနိုင်သည်။ မှန်ပေသည်။ ကဝိလက္ခဏာ သတ်ပုံသံပေါက်ကျမ်းလာ ပဏာမ ဂါထာများနှင့် နိဂုံးဂါထာများ၏ လက်ရာကိုထောက်သော် အထက်ပါအယူအဆသည် ကောင်းစွာ ရပ်တည် နိုင်ပေသည်။

## ၁၉။ ရှေ့တိုး နောက်ဆုတ်၊ အရကုတ်၊ သမုစ္စယပြီး။

## ၂၄။ သဒ္ဒါမှာလည်း၊ သမုစ္စည်း၊ အဆည်းတတ်အောင်ဆို။

ဤဆောင်ပုဒ်နှစ်ခုမှာ အကြောင်းအရာတူ ဖြစ်ပါသည်။ သို့ဖြစ်၍ တပေါင်းတည်း ဖြေဆိုပါအံ့။

### ပထမသံပေါက်၏ အဓိပ္ပာယ်ကား

'သမုစ္စယ' (သမုစ္စည်း) ဟူသည်မှာ မိမိထိုင်ရာပုဒ်မှ ရှေ့သို့တိုး၍လည်းကောင်း၊ နောက်သို့ဆုတ်၍ လည်းကောင်း၊ အရအမိ ဆည်းတတ်သည် ဟူလို။

### ဒုတိယသံပေါက်၏ အဓိပ္ပာယ်ကား

ပါဠိသဒ္ဒါ၌ သမုစ္စည်း အဆည်း တတ်အောင် ကျက်မှတ်လေ့လာအပ်သည် ဟူလို။

### သမုစ္စည်းအဓိပ္ပာယ်

သမုစ္စည်း= သမုစ္စယ (ပါ) သံ+ဥစ္စယ။ သံ=ကောင်းစွာ၊ ဥစ္စယ= စုစည်းခြင်း။

သမုစ္စိယတီတိ သမုစ္စယော ဟု ဝိဂ္ဂိုဟ်ပြု။

---

၁။ သပြေကန်သဒ္ဒါကြီး နိဿယ။

သမုစ္စယတိ၊ ပေါင်းစုအပ်၏၊ ဣတိ၊ ထို့ကြောင့်။ သမုစ္စယော၊ သမုစ္စည်းမည်၏။ ပေါင်းစုအပ်သောကြောင့် သမုစ္စည်းဟု ခေါ်သည်။ နယ-နည်း၊ ဝိနယ-ဝိနည်း၊ ပစ္စယ-ပစ္စည်း တို့မှာကဲ့သို့ ယ မှ ည သို့ ပြောင်းပြီး သမုစ္စယမှ သမုစ္စည်း ဟူသော ပါဠိသက် ဝေါဟာရ ရရှိသည်။

'ရာသိဘာဝေါ ဣစ္စတ္တော' ဟူသော ကာတန္တဋီကာနှင့်အညီ နှစ်ပါးသောနာမ်၊ များစွာသောနာမ်တို့၏အပေါင်းအစုကို သမုစ္စယ(သမုစ္စည်း) ဟု ဆိုပေသည်။ ပါဠိသဒ္ဒါ၌ စ အက္ခရာသည် သမုစ္စည်းအနက်ကို ဖော်ပြလေ့ရှိ၏။

ရှေးတိုး နောက်ဆုတ်၊ အရကုတ်ဟူ၍ သမုစ္စည်း၏ အလုပ်ကို ဦးသြထုတ်ဆိုထားသည့် အလိုကား - သဒ္ဒါသုတ်များနှင့် ပို၍ ပတ်သက်ပေရာသည်။

ကဲစ္စည်း သဒ္ဒါကြီးလာ သုတ်တသုတ်ကိုပုံစံထုတ်၍ သိသာရုံမျှ ဖော်ပြပါအံ့။

လောပဥ္စ တဒြာကာရော (သုတ်)

ဗျဥ္ဇနေ စ၊ ဗျည်းကြောင့်လည်း။ သရာ၊ သရတို့သည်။ လောပံ၊ ကျေခြင်းသို့၊ ပပ္ပေါန္တိ၊ ရောက်ကြကုန်၏။ တဒြ၊ ထိုကျေရာ၌။ အကာရော စ၊ အ-အက္ခရာလာသည်လည်း။ ဟောတိ၊ ဖြစ်၏။ ( သုတ်နက် ) (စ=လည်း)။

ဤတွင် ဗျဥ္ဇနေ စ၊ ဗျည်းကြောင့်လည်း ဆိုသောစကား၌ စ(လည်း) သည် သမုစ္စည်းတည်း။ နောက်ဗျည်းကြောင့်လည်း ရှေ့သရတို့ ကျေကြသည်ဟု ဆို၏။ 'လည်း' ဟူသော စကားက ဗျည်းကြောင့်သာမက သရကြောင့်လည်း ကျေသေး၏ဟု အနက်တပါး ( နိမိတ်တပါး ) ကို ဆည်းယူလေသည်။ ထို သရေ ဟူသော နိမိတ်သည် ရှေ့သုတ် (ဥပမာ-သရေကဒေသ) တို့၌ ဆိုခဲ့သော နိမိတ်ကိုလှမ်းယူခြင်း ဖြစ်ပေသည်။ ရှေ့တိုး၍ ဆည်းခြင်းဟု ဆိုရာ၏။ ပါဠိ အမည်အားဖြင့် ဝုတ္တသမုစ္စည်း။ ဆိုခဲ့ပြီးသည်ကို ဆည်းသော သမုစ္စည်း ဟူလို။ (ရူ)

အကာရော စ၊ အ-အက္ခရာ လာသည်လည်း ဟူသောစကား၌ အ-အက္ခရာသာ လာရသည် မဟုတ်။ ဤ၊ ဥအက္ခရာတို့လည်း လာရသေး၏ဟု ဆည်း၏။ အ-၏ နောက် ဤ၊ ဥ သရတို့ကို ဆည်းယူလေသည်။ နောက်ဆုတ်၍ ဆည်းခြင်းဟု ဆိုရာ၏။ မဆိုရသေး သည်ကို လှမ်း၍ ဆည်းသော အဝုတ္တသမုစ္စည်းဟုလည်း ဆိုရာသည်။ (ဗ၁၊န်)

## သမုစ္စည်း အဆည်းတတ်အောင်

သမုစ္စည်း အဆည်းတတ်အောင် ဟူသော စကားမူကား လွန်စွာ ကျယ်ပြန့်လေသည်။ သို့ဖြစ်၍ သမုစ္စည်းနှင့်ပတ်သက်၍ သိဖွယ်ရာကို အကျဉ်းချုပ်၍ ဆက်လက်ဖော်ပြပါမည်။

ဂမ္ဘိရတ္ထနိယာမ် စာကိုယ်ကိုလည်းကောင်း ၊ အဖြေဝိဿဇ္ဇနာကို လည်းကောင်း၊ ကိုယ်တော်တိုင် ရေးသား ဖြေဆိုတော်မူခဲ့သော အရှင်ရွှေရေးဆောင် ဆရာတော်ဘုရားကြီးက 'သမုစ္စည်း' အကြောင်းကို ဤသို့ ဖော်ပြခဲ့ပါသည်။

နိယာမ် = ကာလ ကြိယာ၊ ထိုက်စွာပြိုင်ရှိ၊ ကတ္တာဒိချင်း၊ ဆည်းတုံ လျှင်းရာ၊ မှန်စွာ သမုစ္စည်း။

အဖြေ = ကာလအားဖြင့် လည်းကောင်း၊ ကြိယာအားဖြင့် လည်းကောင်း၊ ကာလကြိယာနှစ်ပါးစုံအားဖြင့်လည်းကောင်း၊ ထိုက်သည် အားလျော်စွာ ပဋိယောဂီ၏ အဖြစ်ဖြင့် တပြိုင်နက် ယှဉ်လျက် သမုစ္စည်း အနက်ရှိသော စ သဒ္ဒါတို့၏ ဆည်းခြင်းသဘောသည် ဆည်းအပ်သော အနက်သည် ရှေဦးစွာ ကတ္တားဖြစ်မူ နောက် နောက် ကို လည်း ကတ္တားကိုသာ ဆည်းရသည်။ ကံ စသည်ဖြစ်မူ ကံစသည်ကိုသာ ထိုက်သည်အားလျော်စွာ ဆည်းရ၏။

ကုန်းဘောင်ခေတ် မန္တလေး ဘုရားကြီး ဆရာတော် ဦးဇာဂရ ပြုစုတော်မူခဲ့သော ဘုရားကြီးနိယံ၌လည်း –

စပိ သဒ္ဒါ၊ ဆည်းလေရာ၊ ကံမှာ ကံချင်း ကတ္တားချင်း ဟူ၍ ဖော်ပြပါရှိပါသည်။

၎င်း နိယံအရ အဂ္ဂမဟာပဏ္ဍိတ သပြေကန် ဆရာတော်ဘုရားက ဤသို့ ရှင်းလင်းပြတော်မူပါသည်။

> 'စပိသဒ္ဒါ၊ ဆည်း လေရာ၊ ကံမှာ ကံချင်း၊ ကတ္တားချင်း' ဟူသော နိယံ အရ စသဒ္ဒါတို့မည်သည် မိမိထိုင်ရာပုဒ်နှင့် သဘောတူသော ပုဒ်ကိုသာ ဆည်းရသည်။ ကတ္တားနောက်ထိုင်လျှင် ကတ္တားချင်းသာ ဆည်းရသည်။ တပါးကို မဆည်းရ။ ကံနောက်ထိုင်လျှင် ကံချင်း၊ နိမိတ်နောင် ထိုင်လျှင် နိမိတ်ချင်း၊ ကာရိနောင်ထိုင်လျှင် ကာရိချင်း၊ ကာရိယနောင်ထိုင်လျှင် ကာရိယချင်းသာ ဆည်းရိုးထုံးစံရှိသည်။
>
> (သပြေကန်၊ ပ-၁၁၆)

ဆရာတော်ကြီးများ၏ စကားကို ကောက်ချက်ချသော် သမုစ္စည်းသည် တူလျှင်ဆည်း၏။ မတူလျှင်မဆည်း ဟူသော အနှစ်ချုပ်မှတ်သားဖွယ်ကို ရပေသည်။

## ကတ္တားတူချင်း ဆည်းပုံ

သတ္ထာ စ သာရိပုတ္တော စ ဓမ္မံ ဒေသေတိ၊

## အနက်ပြန်ပုံ

၁။ မြတ်စွာဘုရားသည် လည်းကောင်း၊ သာရိပုတ္တရာသည် လည်းကောင်း တရားကို ဟောသည်။

၂။ မြတ်စွာဘုရားသည် တရားဟောသည်။ ရှင်သာရိပုတ္တရာ လည်း တရားဟောသည်။

၃။ မြတ်စွာဘုရားရော ရှင်သာရိပုတ္တရာပါ တရားဟောသည်။

၄။ မြတ်စွာဘုရားသာမက ရှင်သာရိပုတ္တရာလည်း တရား ဟောသည်။

၅။ ရှင်သာရိပုတ္တရာအပြင် မြတ်စွာဘုရားပါ တရားဟော သည်။

ဤသို့ အနက်ငါးမျိုး မြန်မာပြန်နိုင်သည်။ လိုရင်းမှာ - သတ္တာနှင့် သာရိပုတ္တော ဟူသော ဂါထာ့နှစ်ပုဒ်ကို စသဒ္ဒါက ပေါင်းဆည်းထား ခြင်း ဖြစ်ပေသည်။

## ကံပုဒ်ချင်းဆည်းပုံ

ဒါနဉ္စ ဒေတိ၊ သီလဉ္စ ရက္ခတိ၊
ဒါနကိုလည်း ပေးသည်။ သီလကိုလည်း စောင့်သည်။
ဒါနနှင့်သီလ •ကံပုဒ်ချင်း ပေါင်းဆည်းကြသည်။

ကြွင်းသောကရိယာ၊ သမ္ပဒါန်၊ အပါဒါန်၊ အဓိကရဏ ဟူသော ကာရက လေးပါးတို့၌လည်း တူရာချင်း သမုစ္စည်း ဖြစ်နိုင်သည်။

ကာရီချင်း၊ ကာရိယချင်း ပေါင်းဆည်းပုံမှာ - ဒေါမဿ စ သုတ်ကို အနက်ပေးရာ၌ 'စ'ကို ဒေါ စ၊ မဿ စ ဟု ပေါင်းစပ်၍ -

မဿ စ၊ မ၏လည်း။ ဒေါ စ၊ ဒပြုသည်လည်း။ ဟောတိ၊ ဖြစ်၏ ဟုပေး၏။

ဤတွင် မ သည် အပြုခံ အပြောင်းခံရမှာဖြစ်၍ 'ကာရီ'ဟု ခေါ်၏။ ဒ သည် ပြုပြီး ပြောင်းပြီးသောအရာဖြစ်၍ 'ကာရိယ'ဟု ခေါ်၏။

မဿ စ ဟုဆိုရာ မကို ဒ ပြုရုံမျှမက၊ ဒ ကို တ လည်းပြုနိုင်သေး သည်ဟု ကာရီတပါးကို ဆည်း၏။ ဒေါ စ ဟုဆိုရာ၌လည်း မ ကို ဒ သာပြုရသည်မဟုတ်၊ မ ကို ဟ လဲ ပြုရသေးသည်ဟု ကာရိယတပါး ကို ဆည်း၏။

ဤကား တူရာချင်း ဆည်းပုံ သမုစ္စည်း၏ သဘောအမြွက်တည်း။

## တနည်း သမုစ္စည်း သုံးမျိုး

ထိုမှ တပါး သမုစ္စည်းသည်

၁။ ကာရကသမုစ္စည်း

၂။ ကြိယာသမုစ္စည်း

၃။ ဝါကျသမုစ္စည်း

ဟူ၍ သုံးမျိုးရှိသေး၏။

ပုံစံ – လိင်္ဂဉ္စ နိပ္ပဇ္ဇတေ (သုတ်)
လိင်္ဂဉ္စ၌ စ သည် သမုစ္စည်းလုပ်ငန်းတာဝန်ကို ဆောင်ရွက်၏၊

## ကာရကသမုစ္စည်းဖြစ်ပုံ

လိင်္ဂဉ္စ၊ လိင်ကိုလည်းကောင်း။ ဓာတု စ၊ ဓာတ်ကိုလည်းကောင်း။ နိပ္ပဇ္ဇတေ၊ ပြီးစေအပ်၏။
(ဓာတုဟူသော ကာရကတပါးကို ပေါင်းဆည်း၏)။

## ကြိယာသမုစ္စည်းဖြစ်ပုံ

လိင်္ဂံ၊ လိင်ကို။ နိပ္ပဇ္ဇတေ စ၊ ပြီးလည်းပြီးစေအပ်၏။ ဌပိယတေ စ၊ ထားလည်းထားအပ်၏။ (ဌပိယတေ ဟူသော ကြိယာတပါးကို ဆည်းသည်။)

## ဝါကျသမုစ္စည်းဖြစ်ပုံ

လိင်္ဂဉ္စ၊ လိင်ကိုလည်း။ နိပ္ပဇ္ဇတေ၊ ပြီးစေအပ်၏။ ဓာတု စ၊ ဓာတ်ကိုလည်း။ ဌပိယတေ၊ ထားအပ်၏။ (ဓာတု စ ဌပိယတေ ဟူသော ဝါကျတပါးကို ဆည်းသည်။)

## သကာတ် သမ္ပစ္စည်း

ထို့ပြင် သမ္ပစ္စည်းသည် သကာတ်အနက်ကိုလည်း ဆည်း၏။ ပုဒ်တပုဒ်၌ သကာတ်၊ ဒြပ်၊ လိင်၊ သင်္ချာ၊ ကာရက ဟူ၍ သဒ္ဒါအချက် ငါးရပ်ရှိ၏။ သကတ္တ(သကာတ်)ဟူသည် သက+အတ္တ=သကတ္တ အရ မိမိ၏အနက်၊ အနက်ရင်းဟူ၍ အဓိပ္ပာယ်ရ၏။

ပုံစံ – ပုရိသော = ယောကျ်ားသည်

ဤပုံစံ၌ ဒးဖို၊ အထီးဟူသော ယောကျ်ား၏ အဖြစ်(ဇာတ်)သည် သကာတ်မည်၏။ ယောကျ်ားကိုယ်ခန္ဓာသည် ဒြပ်မည်၏။ သန့်ရှင်းသော အချင်းအရာသည် လိင်(ပုလ္လိင်)၊ တခုတည်း တယောက်တည်းဟူသော အနက်သည် သင်္ချာ၊ ကြိယာကို ပြီးစေသည့် ကတ္တုသတ္တိ သည် ကာရက ပေတည်း။

ဤအချက် ငါးရပ်တို့တွင် သမ္ပစ္စည်း သည် သကာတ် ကိုလည်း ဆည်း၏။

ပုံစံ – ဒါနဉ္စ ဒေတိ၊ သီလဉ္စ ရက္ခတိ။

ဤ၌ အလှူပေးခြင်းဟူသည် သကာတ်တခု။ သီလဆောက်တည်ခြင်း ဟူသည်သကာတ်တခု။ ဒါနဉ္စ၌ပါသော စ (သမ္ပစ္စည်း)သည် သီလဆောက်တည်ခြင်း ဟူသော သကာတ်ကို ဆည်း၏။ သီလဉ္စ၌ 'စ' (သမ္ပစ္စည်း) သည် အလှူပေးခြင်းဟူသော သကာတ် ကို ဆည်း၏ဟူပေ။

## သမ္ပစ္စည်းနှင့် သမ္ပိဏ္ဍနအထူး

ထို့ပြင် သမ္ပစ္စည်းနှင့် နီးစပ်သော သဒ္ဒါအခေါ်တရပ်မှာ သမ္ပိဏ္ဍန ဖြစ်၏။ သမ္ပိဏ္ဍန အနက်ကို 'ပိ'သဒ္ဒါဖြင့် အပြများ၏။ သာရတ္ထဒီပနီ ဋီကာဆရာကြီးက သမ္ပစ္စည်းနှင့် သမ္ပိဏ္ဍန အဘူ့ဘူယူပြီး 'သမ္ပိဏ္ဍနံ သမ္ပစ္စယော'ဟု ရေးသားခဲ့၏။

သို့သော် သဒ္ဒါဆရာများကမူ ''သမ္ပိဏ္ဍန' ပေါင်းခြင်းနှင့် 'သမုစ္စည်း' ဆည်းခြင်းသည် လုံးဝမတူဟုယူကြသည်။ သမ္ပိဏ္ဍနမှာ တခုသောကာလ၊ တခုသော ကြိယာ၌ တပြိုင်နက်မရသည်ကို ပေါင်းယူသည်။ သမုစ္စည်းမှာ တခုသောကာလ၊ တခုသောကြိယာ၌ တပြိုင်နက်ရသည်ကို ဆည်း၏။

(ရွှေရေး – ၁၇)

## သမ္ပိဏ္ဍန ပုံစံ

သမယောပိ ခေါ တေ ဘဒ္ဒါလိ အပ္ပဋိဝိဒ္ဓေါ။

ဘဂဝါပိ မံ ဇာနိဿတိ။ (မူလပဏ္ဏာသ ပါဠိ)

သမယောပိ ၌ ပိသဒ္ဒါဖြင့် ဘဒ္ဒါလိသည် သမယ (အကျိုးအပြစ်) ကိုသာ မသိရုံမကသေး၊ ကာရဏ (အကြောင်း) ကိုလည်း မသိဟု ကာရဏကို ပေါင်းယူသည်။

ဘဂဝါပိ၌ ပိဖြင့် မိမိကို မိမိသိသည်သာ မကသေး၊ မြတ်စွာဘုရားလည်း သိမည်ဟု မိမိဟူသော အနက်ကို ပေါင်းထည့်၏။

ဤတွင် ကာလ ကြိယာ တပြိုင်နက်မရနိုင်၊ အကျိုးကိုမသိခြင်း၊ အကြောင်းကို မသိခြင်းသည် ကာလတူ မဖြစ်ရာ။ ဤသို့ ကာလကြိယာ တပြိုင်နက်မရ၍၊ သမုစ္စည်းဖြင့် ဆည်း၍မရ။ သမ္ပိဏ္ဍန 'ပိ' ဖြင့်သာ ပေါင်းရသည် ဟူလို။

သမ္ပိဏ္ဍနသည် မိမိပုဒ်မှ အခြားသောပုဒ်သို့ သွား၍ ပေါင်းသည်။ သမုစ္စည်းသည် မိမိပုဒ်သို့ အခြားသောပုဒ်ကို လာ၍ ပေါင်းစေသည်။ ဤသို့လည်း အထူးကြံကြသေး၏။

သူများအပါး၊ ကိုယ်ကသွား၊ မှတ်သားသမ္ပိဏ္ဍနတည်း။

ကိုယ့်ချည်းမပျော်၊ သူ့ကိုခေါ်၊ မိန့်သော် သမုစ္စည်း။

(ရွှေကျင်နိုယံ)

## သမုစ္စည်း နှင့် ဧဝ အနက်

ထို့ပြင် သမုစ္စယ၊ ဆင့်၍ပြ၊ ရှေ့ပုဒ်တွင်၊ ဧဝ ဝင်မြဲ၊ ဟူ၍ ဘုရားကြီး နိယံ (၁၁၆)၌ ဆိုသေး၏။

### အဓိပ္ပာယ်ကား

သမုစ္စည်း(စ) ကို နှစ်ခါဆက်၍ ရေးသားသော် ရှေ့ပုဒ်၌ ဧဝ (သာလျှင်)ဟူသော အနက်ထည့်၍ ယူရမည် ဟုဆိုလိုသည်။

ပထမအချက်မှာ- စ၊ စ ဟု နှစ်ခါ ရေးထားလျှင် အနက်ပြန်သော် ရှေ့ 'စ' ၌ 'သာလျှင်' ဟူသော 'ဧဝ' အနက်ထည့်၍ မြန်မာပြန်ပါရန်။

ပုံစံ - သတ္ထာ စ သာရိပုတ္တော စ ဓမ္မံ ဒေသေတိ၊

မြတ်စွာဘုရားသာလျှင်မက ရှင်သာရိပုတ္တရာသည်း တရားဟောသည် ဟု ဧဝ (သာလျှင်) အနက်ပေါ်အောင် ယူရမည်။

ဒုတိယအချက်မှာ ပါဠိဝါကျ ရေးသားရာ၌ စ၊ စ ဟု နှစ်ခါမရေးပဲ ရှေ့စ ၌ ဧဝ နှင့် တွဲပြီး (စ+ဧဝ=စေဝ) စေဝ၊ စ ဟုရေးရန်။

ပုံစံ-

န စေဝ ရူပံ န စ ရူပက္ခန္ဓော (စေဝ၊ စ)

ဟေတူ စေဝ ဓမ္မာ သဟေတုကာ စ (စေဝ၊ စ)

ဤသို့ စသည်ဖြင့် ရေးရမည် ဟူလို။ ဂါထာ ဖွဲ့စည်းရာတွင်မူကား ဤသို့ စေဝ၊ စ အစဉ် မကျသော်လည်း အပြစ်မရှိ၊ ရေးကောင်းပေသည်။

နောက်တချက်မှာ- ဧဝ (သာလျှင်)ကို 'မဟုတ်' (န)ဟု ပြင်းပယ်ခဲ့သော် သမုစ္စည်း ပြန်ဖြစ်သွားခြင်းပင် ဖြစ်၏။

ပုံစံ–

ဗုဒ္ဓံ ဝေ ဝန္ဒတိ၊ (ဝေ ဝါကျ) ဘုရားကိုသာ ရှိခိုး၏။
န ဗုဒ္ဓံ ဝေ ဝန္ဒတိ၊ (ဝေ ငြင်းပယ်ဝါကျ) ဘုရားကိုသာ ရှိခိုးသည် မဟုတ်သေး။

ဤသို့ဆိုသော်– စကားကျကား–

မမ္မဥ္စ၊ သံဃဥ္စ ဝန္ဒတိ (သမုစ္စည်း ဝါကျ)
တရားကိုရော သံဃာကိုပါ ရှိခိုးပါသည် ဟူလို။

ယခု ဖြေဆိုခဲ့သော ပါဠိသဒ္ဒါ သမုစ္စည်းသဘောအနက်ကို တတ်သိနားလည်ပါလျှင် မြန်မာစာ အရေးအသားအတွက်လည်း များစွာအသုံးဝင်လေသည်။ မြန်မာစာကို စနစ်တကျ သိပ်သည်း ကျစ်လစ်အောင် ရေးတတ်စေနိုင်ပေသည်။

နေ့စဉ် ‘လဲ လဲ ပဲ’ စသည့် သမုစ္စည်း ဝေါဟာရများကို အမြဲပြောနေကြသည်။ ရေးလည်း ရေးနေကြသည်။ သို့ရာတွင် အထက်တွင် ဖြေဆိုဖော်ပြထားသကဲ့သို့ ပေါင်းဆည်းခြင်း အနက်သဘော၊ ပေါင်းဆည်းခြင်းကို ဖော်ဆောင်ပုံ၊ ပေါင်းဆည်းခြင်း အမျိုးအစား စသည်ဖြင့် ခြေခြေမြစ်မြစ် စစ်စစ်ဆေးဆေး မရှိချေ။

ပါဠိသဒ္ဒါမူကား အထက်တန်းကျသော သဒ္ဒါကြီးတရပ် ဖြစ်ပေသောကြောင့် စကားအင်္ဂါ သဒ္ဒါအချက် အလက်များနှင့် ပတ်သက်၍ စနစ်တကျ စုစုစည်းစည်း ထုံးနည်းဖြာဖြာ စုံလင်စွာဘိသည်။ သဒ္ဒါအခြေခံသဘောမှာ ပါဠိ၊ မြန်မာ မဟူ တူညီသည်ပင်ဖြစ်ရကား ပါဠိသဒ္ဒါလာ သမုစ္စည်း၏ လက္ခဏာများကို မြန်မာဘာသာက ကဲ့ယူအသုံးပြုချသိုက်ရုံမျှဖြင့် မြန်မာဘာသာနှင့် စာပေ အတွက် အမြတ်ကြီး ထွက်ရလေသည်။

ရှေးခေတ်က ပါဠိမြန်မာ နှစ်ဘာသာတတ် သုခမိန်တို့သည် ဤကဲ့သို့ ဘာသာပေါင်းကူး အသုံးချရာ၌ မျက်စိရှင်ခဲ့သူများ ဖြစ်ခဲ့လေပြီ။ ထို့ကြောင့်ပင် ယနေ့အခါ၌ ထိုပညာရှင်တို့၏ မြန်မာစာပေ အမွေအနှစ်ကို နှောင်းလူတို့ အကျိုးရှိရှိ ခံစားနေရခြင်းဖြစ်ပေသည်။

## ၂၀။ သန္ဒါဝိကပ်၊ ကြံစည်အပ်၊ အရပ်အရပ်သော။

ပါဠိသဒ္ဒါကျမ်းလာ သုတ်များ၌ဖြစ်စေ၊ အခြားသော ပါဠိကျမ်းဂန် အဖွဲ့၊ အကုံးများ၌ဖြစ်စေ၊ အရပ်ရပ် အခြေအနေကို သုံးသပ်၍ ဝိကပ် ဖြစ်သင့် မဖြစ်သင့် ကြံစည်အပ်ပေသည်။

### ဖွင့်ဆို ရှင်းလင်းချက်

ဝိကပ်– ရင်းမြစ် = ဝိကပ္ပ (ပါ) ဝိ=အထူး၊ ကပ္ပ= ကြံစည်ခြင်း၊ အထူး ကြံစည်ခြင်း။ တနည်း ကြံစည်ခြင်း။

ပါဠိအဘိဓာန် အနေကတ္ထဝဂ်အရ ကပ္ပသဒ္ဒါ ဟောနိုင်သောအနက် ပေါင်း (၁၂)မျိုး ရှိရာ ဝိကပ္ပဟူသော ပုဒ်၌ပါရှိသော ကပ္ပသဒ္ဒါသည် တက္က= ကြံစည်ခြင်း အနက်၌ ဖြစ်ပေသည်။

သုတ်သီလက္ခန် ဋီကာ[၁] ကျမ်း၌ ဝိကပ်၏သဘောကို ဤသို့ ပြဆိုသည်။

"ဆိုသရွေ့ အနက်များတွင် တပါးပါးကိုသာ ယူရသည်ကား ဝိကပ်။ ပြယုဂ်ကား၊ သံဃဿ ဝါ ဂဏဿ ဝါ ပုဂ္ဂလဿ ဝါ၊ ဤ၌ သံဃာဂိုဏ်း ပုဂ္ဂိုလ်တပါးပါးကိုသာ ယူရသော ကြောင့် ဝိကပ်ဖြစ်သတည်း"

---

၁။ သီလက္ခန်ဋီကာ ၁၆၂၊ ရှင်သဒ္ဓမ္မနန္ဒီ။ ၁၁၄၀ ပြည့်နှစ် ကျမ်းပြီး။
ပိဋကတ်တော် ပြန့်ပွားရေး၊ မန္တလေး၊ ၁၃၁၄–ခု။

ပါဠိသဒ္ဒါတွင် စ၊ ဝါ၊ ပိ၊ စသော နိပါတ်ပုဒ်တို့သည် ဝါကျ၏ စ-လယ်-ဆုံး၌ သင့်သလို နေရာယူပြီး လိုအပ်သော အနက်အဓိပ္ပာယ်ကို သိသာထင်ရှားစွာ ပြကြသည်။

ဝါသဒ္ဒါသည် များသောအားဖြင့် ဝိကပ်အနက်ကို ဖော်ပြသည်။ သမုစ္စည်း အနက်ကိုလည်း တခါတရံဟောသည်။ စ သဒ္ဒါ မူကား သမုစ္စည်းအနက်ကိုသာ အထူးအပြများ၏။ မြန်မာဘာသာ၌ 'သို့မဟုတ်၊ ဖြစ်စေ၊ သော်လည်းကောင်း' ဟူသော စကားဆက်နိပါတ် အသုံးမျိုးသည် တခုမဟုတ် တခု အထူး ကြံစည်သည့် ဝိကပ်သဘောပင်ဖြစ်သည်။

ဝိကပ်အဓိပ္ပာယ် ထင်ရှားစေရန် ပုံစံအပြည့်အစုံ ထုတ်ဆိုပါအံ့၊

> ကေသေသု ပန ဩရောပိတေသု ဟလိဒ္ဒိစုဏ္ဏေန ဝါ ဂန္ဓစုဏ္ဏေန ဝါ သီသဉ္စ သရီရဉ္စ ဥဗ္ဗဋ္ဋေတွာ ဂိဟိဂန္ဓံ အပနေတွာ ကသာယာနိ တိက္ခတ္တုံ ဝါ ဒွိက္ခတ္တုံ ဝါ သကိံ ဝါ ပဋိဂ္ဂါဟာပေတဗ္ဗော၊ အထဿ ဟတ္ထေ အဒတွာ အာစရိယော ဝါ ဥပဇ္ဈာယော ဝါ သယမေဝ အစ္ဆာဒေတိ၊ ဝဋ္ဋတိ။
>
> (မဟာဝါအဋ္ဌကထာ၊ ပဗ္ဗဇ္ဇာကထာမှ)

ပန၊ ဆက်၍ဆိုဦးအံ့။ ကေသေသု၊ ရှင်လောင်း၏ ဆံပင်တို့ကို။ ဩရောပိတေသု၊ ချအပ်ကုန်ပြီးသည်ရှိသော်။ ဟလိဒ္ဒိစုဏ္ဏေန ဝါ၊ ဆနွင်းမှုန့်ဖြင့်သော်လည်းကောင်း။ ဂန္ဓစုဏ္ဏေန ဝါ၊ အခြားသော အမွှေးနံ့သာ အမှုန့် တမျိုးမျိုးဖြင့် သော်လည်းကောင်း။ သီသဉ္စ၊ ရှင်လောင်း၏ ဦးခေါင်းကို လည်းကောင်း။ သရီရဉ္စ၊ ရှင်လောင်း၏ ကိုယ်ကို လည်းကောင်း။ ဥဗ္ဗဋ္ဋေတွာ၊ ပွတ်တိုက်၍။ ဂိဟိဂန္ဓံ၊ လူနံ့ကို။ အပနေတွာ၊ ပယ်၍။ ကာသာယာနိ၊ ဖန်ရည်စွန်းသောသင်္ကန်းတို့ကို။ တိက္ခတ္တုံ ဝါ၊ သုံးကြိမ်ဖြစ်စေ။ ဒွိက္ခတ္တုံ ဝါ၊ နှစ်ကြိမ်ဖြစ်စေ။ သကိံ ဝါ၊ တကြိမ်သာဖြစ်စေ။ ပဋိဂ္ဂါဟာပေတဗ္ဗော၊ ခံယူစေအပ်၏။

အထာပိ၊ အကယ်၍။ အဿ၊ ထိုရှင်လောင်း၏။ ဟတ္ထေ၊ လက်၌။ အဒတွာ၊ သင်္ကန်းကို မပေးမူ၍။ အာစရိယော ဝါ၊ ဆရာသည်

လည်းကောင်း။ ဥပဇ္ဈာယော ဝါ၊ ဥပဇ္ဈာယ်သည်လည်းကောင်း။ သယမေဝ၊ ကိုယ်တိုင်သာလျှင်။ အစ္စာဒေတိ၊ ဝတ်ပေးငြားအံ့။ ဝဋ္ဋတိ၊ အပ်သည်ပင်ဖြစ်၏။

မြန်မာဘာသာသက်သက် ပြန်သော်ကား ဤသို့ဖြစ်၏။

ရှင်လောင်းကို ဆံချ[၁] ပြီးသော် ဆနွင်းမှုန့် သို့မဟုတ်၊ အခြားသော အမွှေးရနံ့ အမှုန့်တမျိုးမျိုးဖြင့် ခေါင်းရောကိုယ်ပါ ပွတ်တိုက်၍ လူနံ့ ပျောက်အောင်လုပ်ရမည်။ ထို့နောက်မှ သင်္ကန်းကို သုံးကြိမ်ဖြစ်စေ၊ နှစ်ကြိမ်ဖြစ်စေ၊ တကြိမ်တည်းဖြစ်စေ၊ (ရှင်လောင်းအား) ခံယူစေရမည်။

အကယ်၍ ရှင်လောင်းလက်၌ သင်္ကန်းကို မပေးအပ်ပဲ ဆရာကိုယ်တိုင်သော်လည်းကောင်း၊ ဥပဇ္ဈာယ်ကိုယ်တိုင်သော်လည်းကောင်း၊ ဝတ်ပေးလျှင်လည်း ဝတ်ပေးကောင်းသည်။

ဖော်ပြပါ ပါဠိဘာသာစကားနှင့် မြန်မာပြန်ပုံစံတို့ကို စနစ်တကျလေ့လာလျှင် ဝိကပ်အကြောင်းသိနားလည်နိုင်ပြီ။

ပုံစံ၌ (၁) ဟလိဒ္ဒိစုဏ္ဏေန ဝါ ဂန္ဓစုဏ္ဏေန ဝါ ဟူသောစကား၊
(၂) တိက္ခတ္တုံ ဝါ ဒွိက္ခတ္တုံ ဝါ သကိံ ဝါ ဟူသောစကား၊
(၃) အာစရိယော ဝါ ဥပဇ္ဈာယော ဝါ ဟူသောစကား။

ဤစကားရပ်တို့သည် ဝိကပ်အနက်ရှိသော စကားတို့ ဖြစ်ကြ၏။ ဝိကပ်အနက်ရှိကြောင်းကို 'ဝါ'ဟူသော နိပါတ်ပုဒ်ကပြ၏။

ပုံစံ(၁)၌ ခေါင်းရိတ်ပြီးသောရှင်လောင်းကို ဆနွင်းမှုန့်နှင့်ပွတ်တိုက်သည်။ ဤကား မူရင်းအချက်တည်း။ သို့ဆိုက ဆနွင်းမှတပါးအခြား အမှုန့်တို့ဖြင့် မလိမ်းမပွတ်ကောင်းသလောဟု မေးစရာရှိ၏။ ထို့ကြောင့် တနည်းကြံပြီး ဆနွင်းမှတပါး အခြားနံ့သာမှုန့်များဖြင့် လိမ်းပွတ်ပေး

---

၁။ မြန်မာဝေါဟာရ၌ 'ဆံချ'ဟု သုံးခြင်းသည် ပါဠိ 'ကေသေသု ဩရောပိတေသု'ဟူသော စကားကို အခြေခံ၍ ဖြစ်လေသည်။

ကောင်းသည်ဟု ထပ်ဆိုလေသည်။ စကားကို ပေါင်းလိုက်သော် ဆန္ဒင်းမှုန့်၊ အခြားနှံ့သာမှုန့်၊ မည်သည့်အမှုန့်ဖြင့်ဖြစ်စေ၊ လိမ်းပွတ်ပေးကောင်းသည်ဟု သိအပ်ပေသည်။ ဤသို့ တမျိုးမဟုတ် တမျိုးဟူသောအနက်ကို 'ဝိကပ်၊ ဝါ'က ပြလေသည်။

ပုံစံ(၂)၌လည်း ထို့နည်းတူပင်၊ သုံးကြိမ်ဖြစ်စေ၊ နှစ်ကြိမ်ဖြစ်စေ၊ တကြိမ်ဖြစ်စေ၊ ခံယူစေနိုင်သည်။ ကြိုက်သလိုလုပ်နိုင်သည်ဟု ဆိုလိုသည်။

ပုံစံ(၃)၌လည်း ရှင်လောင်းကို သူ၏မူလဆရာကဖြစ်စေ၊ ဥပဇ္ဈာယ်ပြုသည့်ဆရာကဖြစ်စေ၊ တပါးပါးက ကိုယ်တိုင် သင်္ကန်းဝတ်ပေးလျှင်လည်း ဝတ်ပေးနိုင်သည်ဟု ဆိုလိုသည်။

ဤပုံစံသုံးရပ်တွင် ပဌမပုံစံ၌ ဆန္ဒင်းမှုန့်ရော၊ အခြားနှံ့သာမှုန့်ရော လိမ်းပွတ်ပေးရမည်ဟု မဆိုလိုကြောင်း။ ဒုတိယပုံစံ၌လည်း သုံးကြိမ်လည်း ခံယူစေရမည်၊ နှစ်ကြိမ်လည်း ခံယူစေရမည်၊ တကြိမ်လည်း ခံယူစေရမည်ဟု မဆိုလိုကြောင်း။ တတိယပုံစံ၌လည်း မူလဆရာရော ဥပဇ္ဈာယ်ဆရာပါ နှစ်ပါးလုံးက ဝတ်ပေးရမည်ဟု မဆိုလိုကြောင်းကို သိအပ်ပေသည်။ ဝိကပ်သဘောမှာ တခုမဟုတ် တခုကိုသာ ဆိုလိုသည်။ သို့မဟုတ် ဆိုအပ်သရွေ့ အများထဲက တခုခုကိုသာ ဆိုလိုသည်။

## ဝိကပ်နှင့်သမုစ္စည်း

ဝိကပ်ကို ပိုမိုထင်ရှားစေရန် ဝိကပ်၏ ဆန့်ကျင်ဘက်ဖြစ်သော သမုစ္စည်းနှင့် ယှဉ်ကြည့်သင့်၏။ သမုစ္စည်းသဘောမှာ–

'ကိုယ့်ချည်းမပျော်၊ သူ့ကိုခေါ်၊ မိန့်သော် သမုစ္စည်း'

ဆိုသည့်အတိုင်း အခြားသော အနက်ကိုပါ ပေါင်းယူသည့် သဘောဖြစ်သည်။

အထက်ပါ မဟာဝါအဋ္ဌကထာ ကောက်နုတ်ချက်၌ 'သီသဉ္စ သရီရဉ္စ'ဟူသည် သမုစ္စည်းအနက်ရှိသောပုဒ်များတည်း။ 'စ'သဒ္ဒါသည်

သမုစ္စည်းအနက်ကိုပြ၏။ သီသဉ္စ၊ ရိတ်ပြီးသော ခေါင်းကိုလည်းကောင်း။ သရီရဉ္စ၊ ကျန်သော ကိုယ်အင်္ဂါကိုလည်းကောင်း၊ လူနံ့ပျောက်အောင် ဆန္ဒင်းဖြင့် ပွတ်လိမ်းရမည်ဟု ဆိုလိုချက်တွင် ခေါင်းရောကိုယ်ပါ နှစ်မျိုးလုံးကို လိမ်းပေးရမည်ဟု သိရသည်။ သီသဉ္စ ၌ စ-သည် သရီရကို ပေါင်းယူသည်(ဝါ)ခေါ်ယူသည်။ သရီရဉ္စ ၌-စသည် သီသဉ္စကိုခေါ်ယူသည်။ ခေါင်းသာမက ကိုယ်ကိုပါလိမ်းဟုဆိုလိုသည်။

အကယ်၍ သီသံ ဝါ သရီရံ ဝါ ဟု ဝိကပ်ရေးငြားအံ့။ ခေါင်းကိုလိမ်း သို့မဟုတ် ကိုယ်ကိုလိမ်း၊ တခုခုသာလိမ်းဟု အဓိပ္ပာယ်သက်ရောက်သည်။ သို့သော် လူနံ့ပျောက်အောင် လိမ်းရမည်ဖြစ်၍ ခေါင်းသာမက ကိုယ်ပါလိမ်းရန် လိုအပ်သဖြင့် ဝိကပ်ဖြင့်မရေးပဲ ခေါင်းရောကိုယ်ပါ ရအောင် သမုစ္စည်းဖြင့် ရေးခြင်းဖြစ်လေသည်။

အချုပ်မှာ-ဝိကပ်သဘောသည် တခုကိုယူလျှင် အခြားတခုကိုလွှတ်ရသည်။ တပြိုင်တည်းနှစ်ခု သုံးခု စသည် မဖြစ်နိုင်ခြင်းကို ပြသည်။ ဤကဲ့သို့ တခုဖြင့်တခု၊ ဒါဆိုဒါ သတ်သတ် မှတ်မှတ် စွဲစွဲမြဲမြဲမဆိုပဲ ရွေးချယ်ခွင့်ပေး၍ ဆိုသည့်အတွက် အနိယတ ဝိကပ် ဟု လည်း ခေါ်သေး၏။ (အနိယတ=မမြဲ)။

ဝိကပ်သည် 'တပြိုင်နက်'ကိုသာ ဟန့်ကွက်သည်(ဝါ)တခုမဟုတ်တခုကိုသာ ခွင့်ပြုသည်။ သို့သော် အခြားသော ကြိယာ ကာရက တို့ကိုမူကား မကန့်ကွက်ပေ။ ဥပမာပုံစံ(၃)၌ ဆရာကပဲ ဝတ်ပေးပေး၊ ဥပဇ္ဈာယ်ကပဲ ဝတ်ပေးပေးဟု ဆရာကိုရော ဥပဇ္ဈာယ်ကိုပါ ခွင့်ပေးထား၏။ သို့သော် နှစ်ဦးလုံးတပြိုင်နက်မလို၊ တဦးဦးသာလိုသည်ဟု ဝိကပ်က ပြပေသည်။

ထိုသို့ အခြားသော ကြိယာ ကာရက တခုခုကိုလည်း ခွင့်ပြုသောကြောင့် အနိယမ ဝိကပ်သည် အခြားသော ကြိယာကာရကကိုပါ ပေါင်းယူသည့် သဘော (သမုစ္စည်းသဘော) လည်း မကင်းဟု ဆရာတို့ဆိုကြကုန်၏။

အနိယမာ၊ ဝိကပ်ဝါ၊ သမုစ္စည်းနှင့် တူသင့်စွာ။

(ရွှေရေး)

သို့သော် ဝိကပ်ကခွင့်ပြုသော 'တခု'သည် တခုတည်းဖြင့် ကိစ္စအပြီးသို့ ရောက်သည်။

ပုံစံ – ဇာတရူပရဇတံ ဥဂ္ဂဏှေယျ ဝါ ဥဂ္ဂဏှာပေယျ ဝါ

ဥပနိက္ခိတ္တံ ဝါ သာဒိယေယျ။

ရွှေ၊ ငွေကို ကိုယ်တိုင်မူလည်း ခံယူအံ့၊ (နိဿဂ္ဂိ အာပတ်သင့်သည်ပင်။
သူတပါးကိုမူလည်း ခံယူခိုင်းအံ့၊ ( ။ )
မိမိအနီးမှာ ချထားသည်ကိုမူလည်း
သာယာငြားအံ့ ( ။ )

ဤကဲ့သို့ 'တခု'တည်းဖြင့် ကိစ္စပြီးရသည်။ ဝါသဒ္ဒါက လဲလှယ်ပြသ ချက်များစုံမှ ကိစ္စအပြီး ရောက်ရသည်မဟုတ်ပေ။

## ဝိကပ်၏ တန်ဘိုး

ပါဠိဘာသာ၌ ထိုသို့ ဝိကပ်အနက်ရှိသော 'ဝါ' နိပါတ်ကို သုံးနှုန်း ရေးသားခြင်းဖြင့် ပါဠိအနေအထား စကားကျစ်လစ်သိပ်သည်းသွားသည်။ ပါဠိဘာသာ၏ အဆင့်အတန်းလည်း မြင့်တက်သွားလေသည်။

ကောက်နုတ်ချက် နံပါတ် (၃)ပုံစံ၌ 'ဝါ' မသုံးပဲရေးလျှင် အောက် ပါအတိုင်း ပုစ်ဝါကျရေးမှ ဆိုလိုရင်းသို့ ရောက်မည်။

(၁) အထာပိ အဿ ဟတ္ထေ အဒတွာ အာစရိယော
သယမေဝ အစ္ဆာဒေတိ၊ ဝဋ္ဋတိ။

(၂) အထာပိ အဿ ဟတ္ထေ အဒတွာ ဥပဇ္ဈာယော
သယမေဝ အစ္ဆာဒေတိ၊ ဝဋ္ဋတိ။

ဤသို့ နှစ်ဝါကျ ခင်းရပေအံ့။ သို့သော် ဝိကပ်အနက်ရှိသော 'ဝါ' နိပါတ်ကို အာစရိယောနှင့် ဥပဇ္ဈာယောတို့ နောင် ထည့်ပေးလိုက်ပြီး နှစ်ဝါကျကို တဝါကျတည်းဖြစ်အောင် ချုံးပေးထားလိုက်လေသည်။

ထိုနည်းအတူ–

(၁) ယော ပန ဘိက္ခု ဇာတရူပရဇတံ ဥဂ္ဂဏှေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။

(၂) ယော ပန ဘိက္ခု ဇာတရူပရဇတံ ဥဂ္ဂဏှာပေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ၊

(၃) ယော ပန ဘိက္ခု ဇာတရူပရဇတံ ဥပနိက္ခိတ္တံ သာဒိယေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။

ဤကဲ့သို့ သုံးဝါကျခြင်းမှ ဆိုလိုရင်း ပြည့်စုံမည့်နေရာမျိုးတွင် အနိယမဝိကပ်ဝါကို အသုံးပြု၍ ဥဂ္ဂဏှေယျ ဝါ ဥဂ္ဂဏှာပေယျ ဝါ ဥပနိက္ခိတ္တံ ဝါ သာဒိယေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။ ဟူ၍ တဝါကျတည်းနှင့် ပြီးအောင် ချုံးချုံးရေးသားလိုက်နိုင်ပေသည်။

သို့ဖြစ်၍ ဝိကပ်၏သဘောသည် အနက်အဓိပ္ပာယ်ပိုင်း၌ လည်းကောင်း၊ ပါဠိရေးသားသည့် သဒ္ဒါပိုင်း၌လည်းကောင်း အထူး ထိရောက်ကြောင်း သိရပေသည်။

စိန္တကျော်သူ ဦးသြသည် ဤအထိ မျှော်မြင်ပြီး–

သဒ္ဒါဝိကပ်၊ ကြံစည်အပ်၊ အရပ်အရပ်သာ၊

ဟု ဆိုခဲ့သလောဟု တွေးတောဖွယ် ဖြစ်ပေသည်။

## ဝိကပ်အနက်ပြ မြန်မာစကားဆက် နိပါတ်များ

မြန်မာဘာသာ၌–သော်လည်းကောင်း၊ သော်လည်းကောင်း၊ ဖြစ်စေ ဖြစ်စေ၊ သို့မဟုတ် ဟူသော မြန်မာနိပါတ်ပုဒ်များသည် တခုမဟုတ် အခြား တခု ဟူသော ဝိကပ်အနက်သဘောကိုပင် ဖော်ပြလေသည်။

ပုံစံ – (၁) **သော်ရင်း၊ သော်ရင်း** (သော်လည်း–သော်လည်းကောင်း)

သားသော်ရင်း၊ သမီးသော်ရင်း တယောက်ယောက်
သေလျှင်၊

(မနုဝဏ္ဏသတ်- ၁၆၆)

ရွှေထီးရွှေနန်းကို သော်လည်း ပေးအပ်မည်လော၊
စစ်ပွဲ သော်လည်း ပြိုင်ဆိုင်မည်လော။ (မဟာ
ဇနက ဇာတ်တော်ကြီး ပတ္ထု၊ မင်းဘူး ဦးဩ
ဘာသ)

(၂) ဖြစ်စေ- ဖြစ်စေ

ဘင်္ဂလားမြို့သို့ ဝင်သည် ဖြစ်စေ၊ မဝင်သည်
ဖြစ်စေ အလိုရှိရာသွားနိုင်ပါသည်။ (ကင်းဝန်-
လန်ဒန်သွား-- ၁ ၀)

(၃) သို့မဟုတ်-

သမ္ဗန်ငယ်ကို ရှက်တိုက်၍၊ သို့မဟုတ် ထိုးခတ်၍
ကူးပို့ကြသည်။ (လန်ဒန် ၄၂)

သော် လည်းကောင်း၊ ဖြစ်စေ ဝိကပ်နိပါတ်တို့ကို နှစ်ကြိမ်နှစ်ခါစီ သာ
မက သုံး၊ လေး၊ ငါးခါ ဆက်၍ ရေးနိုင်သည်။ အကြိမ်သတ်မှတ်ချက်
မရှိချေ။ 'သို့မဟုတ်'ကိုလည်း တကြိမ်မက ဆက်၍သုံးနိုင်၏။

သို့ရာတွင် သော်လည်းကောင်းနှစ်ခုကြား၊ ဖြစ်စေနှစ်ခုကြားတို့၌
'သို့မဟုတ်' ထည့်၍ မရေးသင့်။ အပိုပင်ဖြစ်၏။

'သို့မဟုတ်' ပိုသော ပုံစံများ-

(၁) အခြားသစ်သားဖြင့် သော်လည်းကောင်း၊ သို့မဟုတ် သံဖြင့် [၁]
သော်လည်းကောင်း ပိုးပြီးလျှင်၊

---

၃။ လက်သမားအတတ်နှင့်ပန်းရံပညာ-ဘာသာပြန်စာပေအသင်း၊ ၁၉၅၁-ခု။

ဤပုံစံ၌ သော်လည်းကောင်း နှစ်ခုအလယ်ရှိ 'သို့မဟုတ်' မှာ စကားပို မျှသာ ဖြစ်သည်။ 'သို့မဟုတ်' မပါပဲ ဆိုလိုရင်း အနက်အဓိပ္ပာယ် ပြည့် စုံပြီး ဖြစ်၏။

ပါဠိသို့ ပြောင်းကြည့်လျှင် ပို၍ ထင်ရှား၏။

(ပါဠိ) အညေန ဒါရုနာ ဝါ၊ ဝါ၊ အယသာ ဝါ ပက္ခိပိတ္ဗာ၊

(အနက်) အညေန၊ အခြားသော၊ ဒါရုနာ ဝါ၊ သစ်သားဖြင့် သော်လည်းကောင်း။ ဝါ၊ သို့မဟုတ်။ အယသာ ဝါ၊ သံဖြင့် သော်လည်းကောင်း။ ပက္ခိပိတ္ဗာ၊ ပိုးပြီးလျှင် (ပေါင်းထည့်ပြီးလျှင်)။

ဤတွင် ဒါရုနာ ဝါ နှင့် အယသာ ဝါ ဟူသော ဝါ နှစ်လုံးကြားရှိ 'ဝါ'သည် ငုတ်တုတ်ထိုင်နေရုံမျှသာရှိသည်။ စည်းကမ်းကြီးသော ပါဠိ ဘာသာ၌ ဤကဲ့သို့ စကားပိုမပါရှိရပေ။ မြန်မာဘာသာ၌လည်း ထို နည်းတူပင်။ မလိုအပ်ပဲ အပိုမပါလေ ကောင်းလေပင်တည်း။

(၂) အာဖရိကကျွန်းပြင် ပင်လယ်ကြီးက ဖြစ်စေ၊ သို့မဟုတ်၊ တူးမြောင်း စွစ်မြို့ထွက် ပင်လယ်နီဖြစ်စေ၊ လာရောက်သမျှ သင်္ဘောတို့သည် အေဒင်မြို့သို့ ရောက်ရသည်။' (လန်ဒန်-၃၅)

ဤ၌လည်း ဖြစ်စေ နှစ်ခုကြားရှိ 'သို့မဟုတ်' သည် ပမာဒလေခ၊ အပိုမျှသာ။

## ဝိကပ်သုံးသတိပြုဖွယ်

ပါဠိဝိကပ် 'ဝါ' ကို အသုံးပြုရာ၌ဖြစ်စေ၊ မြန်မာဝိကပ် **သော်လည်း ကောင်း ဖြစ်စေ သို့မဟုတ်** တို့ကို အသုံးပြုရာ၌ ဖြစ်စေ၊ အထူးသတိပြု ရန် အချက်မှာ ဝိကပ်ဖြင့် အနက်လဲလှယ်သောပုဒ်ချင်းတူရမည့် အချက် ဖြစ်သည်။ နာမ် ချင်း၊ ကြိယာချင်း၊ အထူးပြုပုဒ်ချင်း၊ ဝိဘတ်ချင်း၊ အနည်းအများပုဒ်ချင်း စသည်တူရ မည်ဖြစ်သည်။

(၁) ပုရိသော ဝါ ဂစ္ဆတိ ဝါ (နွားမ်နှင့်ကြိယာ)
ယောကျ်ား သော်လည်းကောင်း၊ သွား၏ သော်လည်း
ကောင်းဟု ဝိကပ်မပြုနိုင်၊

(၂) ပုရိသော ဝါ သောဘနံ ဝါ (နာမ်နှင့်နာမဝိ)
ယောကျ်ားသော်လည်းကောင်း၊ လှသော်လည်းကောင်း
ဟု ဝိကပ်မပြုနိုင်။

(၃) ပုရိသော ဝါ မနုဿံ ဝါ (ကတ္တားနှင့် ကံ)
ယောကျ်ား သော်လည်းကောင်း လူကို သော်လည်း
ကောင်းဟု ဝိကပ် မပြုနိုင်။

(၄) ပုရိသော ဝါ ဇနာ ဝါ (ဧကဝုစ် ဗဟုဝုစ်)
ယောကျ်ား သော်လည်းကောင်း၊ လူတို့ သော်လည်း
ကောင်းဟု ဝိကပ်မပြုနိုင်။

အခြားသိရန်အချက်တရပ်မှာ ဝိကပ်ကို ပုဒ်ချင်းဖြစ်စေ၊ ပုဒ်စုချင်း ဖြစ်စေ၊ ဝါကျချင်းဖြစ်စေ ထိုက်သလို လဲလှယ်အသုံးပြုနိုင်သည်။

ပုံစံ။ (၁) လူကိုသော်လည်းကောင်း၊ နတ်တို့ကိုသော်လည်းကောင်း၊
(ပုဒ်ချင်း)။

(၂) လူ့ပြည်ရှိ လူကိုသော်လည်းကောင်း၊ နတ်ပြည်ရှိ နတ်ကို
သော်လည်းကောင်း၊ (ပုဒ်စုချင်း)။

(၃) မိဘကိုပြစ်မှားသည်ဖြစ်စေ၊ ဆရာသမားကို ပြစ်မှားသည်
ဖြစ်စေ (ဝါကျချင်း)။

အထူးမှာ 'သော်လည်းကောင်း' ကို သုံးလျှင် ဝါကျရှိ ကြိယာအဆုံး သတ်စကားလုံးကို ပယ်ဖြုတ်ပြီးမှ သော်လည်းကောင်း ကို ဆက်ရ၏။

ပုံစံ–

မိဘကို ပြစ်မှားသော်လည်းကောင်း၊ ဆရာသမားကို စော်ကား သော်လည်းကောင်း၊ (သည်-ဖြုတ်သည်)။

ဤသို့ဖြင့် ‘ဝိကပ်’၏ သဘောသည် မြန်မာဘာသာ အရေးအသား၌ပါ သက်ဝင်အသုံးကျလျက်ရှိကြောင်းတွေ့ရ၏။

ဦးဩ၏ ဤသဒ္ဒါဝိကပ် သံပေါက်သည် မြန်မာသဒ္ဒါဟူ၍ နယ်ခွဲ အင်္ဂလိပ်တို့ စဘင်မရေးသေးခင် (မြန်မာသဒ္ဒါ စာအုပ်မရှိသေးခင်) ရှေးအခါက ပါဠိသဒ္ဒါတတ်လျှင် မြန်မာစာပေကို ကောင်းစွာရေးသားသာ နိုင်ခဲ့ခြင်း၏ သာဓကတရပ် ဟုဆိုနိုင်ပေသည်။ ။

# ၂၁။ ပါဠိသရုပ်၊ ပါဠိခန့်ငုပ်၊ လူနှုပ်မသိနိုင်။

ပါဠိ ပါဠိသားတို့၏ သဘော သရုပ် အနက် အနေအထားတို့သည် အချို့အရာ ငုပ်ကွယ်၍ နေတတ်ရကား လူနှုပ် လူညံ့တို့သည် သိနိုင် ခဲ ခက်ကုန်ပေသည်။

## ဖွင့်ဆို ရှင်းလင်းချက်

**ပါဠိဟူသည်ကား–**

'ပါဠိ'ဟူသည် ပကဋ္ဌာနံ ဝစနာနံ အာဠီတိ ပါဠိ၊ ပကဋ္ဌာနံ၊ မြတ်ကုန်သော။ ဝစနာနံ၊ စကားတော်တို့၏။ အာဠိ၊ အစဉ်တည်း။ ဟူသော ဝိဂ္ဂဟ်အရ မြတ်သော စကားတော်အစဉ် (ဝါ) မူလပါဠိတော်ဟူ၍ အဓိပ္ပာယ်ရလေသည်။

လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်ကာလက မဇ္ဈိမဒေသ မဂဓ တိုင်း၌ အများပြည်သူတို့ သုံးစွဲပြောဆိုကြသော ဘာသာကို မာဂဓီဘာသာဟု ခေါ်၏။ ယင်းမာဂဓီဘာသာသည် နတ် ဗြဟ္မာများပြောသော ဘာသာစကားဖြစ်၏။ ကမ္ဘာဦး ကာလ ဗြဟ္မာပြည်မှ ဆင်းသက် ဖြစ်ပေါ်လာခဲ့ကြသော ကမ္ဘာဦးသားတို့သည်လည်း ဤ မာဂဓီဘာသာ စကားကိုပင် ဆက်ပြီးပြောခဲ့ကြ၏။ ထို့ကြောင့် ကမ္ဘာဦးအစ မူလ ဘာသာဖြစ်ကြောင်း အဆိုရှိပေသည်[၁]။

မဇ္ဈိမဒေသ၌ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားပွင့်ထွန်းတော်မူလာသော အခါ ဤမာဂဓီဘာသာစကားကို အသုံးပြုပြီး တရားဓမ္မများကို ဟော ကြားတော်မူလေသည်။

---

၁။ ရူပသိဒ္ဓိ ကျမ်း၊ ရှင်ဗုဒ္ဓဒတ် သဒ္ဒါ။

အဘယ့်ကြောင့်ဆိုသော် မာဂဓီဘာသာသည် နိရုတ္တိပဋိသမ္ဘိဒါဉာဏ်[၁] ၏ ကျက်စားရာ ဘာသာဖြစ်၍ အခြားသော ဘာသာစကားတို့ထက် ကောင်းမွန်းသည့် အတွက်ဖြစ်၏။

မြတ်စွာဘုရားသည် ပညာအရှိဆုံး ပုဂ္ဂိုလ်မြတ်ကြီးဖြစ်တော်မူသည့် အားလျော်စွာ မြတ်စွာဘုရားဟောကြားသော စကားတော်အစဉ်သည် သာမန်အရပ်သုံး မာဂဓီ ဘာသာစကားထက် အဆင့်အတန်းမြင့်သွားပြန်လေသည်။ သဒ္ဒါနည်း၊ ဆန်းနည်း၊ အလင်္ကာနည်း၊ နေတ္တိ နည်း စသည်တို့နှင့် ပြည့်စုံခြင်း၊ လေးနက်သော တရားဓမ္မများကို ဖော်ပြခြင်းကြောင့် သာမန်အရပ်သူ၊ အရပ်သားများ ပြောသော စကားစဉ်ထက် ထူးခြားသည့် ဝိသေသဂုဏ်ရှိသာခြင်းဖြစ်ပေသည်။ ထို့ကြောင့်ပင် ထိုမြတ်စွာဘုရား၏ တရားဘော် စကားစဉ်ကို 'ပါဠိ'ဟူ၍ ဂုဏ်ပြု ခေါ်ဝေါ်ခဲ့ကြသည်။

သို့ဖြစ်၍ ပါဠိသည် ဘာသာစကားတရပ်၏ အမည်မဟုတ်၊ ပါဠိဟူသည် ဘုရားရှင်၏ စကားတော်အစဉ်သာဖြစ်သည်။ ဘုရားပြောသော ဘာသာစကားမှာမူ မာဂဓီ ဘာသာစကားသာဖြစ်သည်။ ဤသို့ခွဲခြား မှတ်သားရာသည်။

ယခုခေတ်၌မူ မာဂဓတိုင်းသားတို့၏ မူလဘာသာစကားအနေဖြင့် လုံးဝပျောက်ကွယ်သွားပြီး ဘုရားဟော ပိဋကတ် ပါဠိတော်များသာ တည်ရှိနေသဖြင့် ဤပိဋကတ်ပါဠိတော်ကိုပင် ပါဠိဘာသာဟူ၍ ထင်မှတ် သုံးစွဲနေကြခြင်းဖြစ်လေသည်။

## ပါဠိနည်း၏ခက်ခဲပုံများ

ထိုပါဠိနည်းသည် လူသာမန်တို့ မကြံစည်နိုင်လောက်အောင်ပင် ဆန်းကြယ်နက်နဲလှပေသည်။ ထို့ကြောင့် ပါဠိအကြောင်းကို ကောင်း ကောင်းကြီးသိတော်မူကြသော ဆရာအရှင်မြတ်တို့က–

---

၁။ နိရုတ္တိ-သဒ္ဒါ၊ ပဋိသမ္ဘိဒါ=ဉာဏ်အထူး။

အစိန္တေယျာနုဘာဝဿ ဟိ သမ္မာသမ္ဗုဒ္ဓဿ
ပါဠိနယော အစိန္တေယျော ဟောတိ။

ဟူ၍ နှုတ်တံဆိပ်ခပ်နှိပ်တော်မူခဲ့ကြလေသည်။

အနက်ကား။ ဟိသစ္စံ၊ အမှန်စင်စစ်။ အစိန္တေယျာ နုဘာဝဿ၊ မကြံစည်အပ် မကြံစည်နိုင်အောင် ဘုန်းအာနုဘော်ရှိတော်မူသော။ သမ္မာသမ္ဗုဒ္ဓဿ၊ ကောင်းစွာ ကိုယ်တိုင် သစ္စာခိုင်ကို ပိုင်ပိုင်လှမ်းကိုင်တော်မူသော မြတ်စွာဘုရား၏။ ပါဠိနယော၊ ပါဠိနည်းသည်။ အစိန္တေယျော၊ လူသာမန်တို့ မကြံတွေးနိုင် နက်ဆုံးတိုင်သည်။ ဟောတိ၊ ဖြစ်ပေသည်။

ပါဠိတော်မြတ်၏ နက်နဲမှုကား ဤသို့ဖြစ်၏။

၁။ ဓမ္မဂမ္ဘီရ = ပါဠိအရာအားဖြင့် နက်နဲခြင်း၊

၂။ အတ္ထဂမ္ဘီရ = အနက်အဓိပ္ပာယ်အားဖြင့် နက်နဲခြင်း၊

၃။ ဒေသနာဂမ္ဘီရ = ဟောပုံပြောပုံ တရားဆင်ပုံအားဖြင့် နက်နဲခြင်း၊

၄။ ပဋိဝေဓဂမ္ဘီရ = ဉာဏ်ဖြင့် ထိုးထွင်းသိရာ တရားသဘောအားဖြင့် နက်နဲခြင်း၊

ဤသို့အားဖြင့် နက်နဲမှုလေးရပ်ရှိလေသည်။

တနည်းအားဖြင့် ဘုရားဟော ပါဠိတော်မြတ်သည်–

၁။ သဒ္ဒဂမ္ဘီရ = သဒ္ဒါရေးအားဖြင့် နက်နဲခြင်း၊

၂။ အတ္ထဂမ္ဘီရ = အနက်ပေးအားဖြင့် နက်နဲခြင်း၊

၃။ သဒ္ဒတ္ထဂမ္ဘီရ = သဒ္ဒါအနက် နှစ်ချက်လုံး တပေါင်းတည်း နက်နဲခြင်း၊

၄။ အဓိပ္ပါယဂမ္ဘီရ = ယူရမည့် အဓိပ္ပာယ်ထိရောက်မှု အားဖြင့် နက်နဲခြင်း၊

ဟူသော ဂမ္ဘီရလေးဖြာတို့နှင့် ကုံလုံပြည့်စုံနေပေသည်။

## သဒ္ဒါစောင်းတန်းများ သွယ်၍

ထိုသို့ မုက္ခပါဠ်ပါဠိတော်မြတ်၏ နက်နဲ ခန်းကြွယ်လှသောကြောင့် ဟောတော်မူရင်းဖြစ်သော မြတ်စွာဘုရား၏ ဆိုလိုရင်းကို 'ဗုဒ္ဓမတိ' မတိမ်းမစောင်း အဖြောင့်အမှန် သိရှိနားလည်နိုင်ကြစေရန်အလို့ငှာ ခေတ်အဆက်ဆက် ဗုဒ္ဓဝါဒီ ပညာရှင်ကြီးများသည် သဒ္ဒါကျမ်း များစွာတို့ကို စီရင်တော်မူခဲ့ကြကုန်သည်။ သဒ္ဒါစောင်းတန်း သွယ်ခဲ့ကြကုန်၏။ သဒ္ဒါ ငြမ်းဆင်ခဲ့ကြကုန်၏။

တနည်းအားဖြင့် ဘုရားဟောပါဠိတော်မူရင်းများ မူလ အရှိအတိုင်း အတိမ်းအစောင်း အငဲ့အစိုက် မရှိစေပဲ တည့်မတ်နေစေရန် သဒ္ဒါကျမ်း များစွာတို့ဖြင့် ကျားကန်ခဲ့ကြကုန်သည်။

မြတ်စွာဘုရားကိုယ်တိုင်ကလည်း–

'ပုဒ်ဗျည်းမမှန်လျှင် အနက်မမှန်၊ အနက်မမှန်လျှင် ငါဘုရား သာသနာကွယ်ပဘို့ ဖြစ်လာလိမ့်မည် ''

ဟု ဟောတော်မူခဲ့သည်ဖြစ်ရာ သဒ္ဒါဆရာတို့၏ ကြိုးစားချက်သည် အား တက်ဖွယ်ရာပင် ဖြစ်ပေသည်။

ထို့ကြောင့်ပင် အက္ခရာပုဒ်ပါဠ် ရုပ်မ ်တ်ပစ္စည်း အနည်းနည်းသော သဒ္ဒလက္ခဏာတို့ကို မတတ်မသိသူသည် ပိဋကသုံးပုံကို လေ့လာသော် လည်း ပုဒ်တိုင်းပုဒ်တိုင်းမှာ တွေဝေယုံမှားလျက် ဟောဆင်ကန်းကြီး ပမာ ဖြစ်နေရှာမည့်အကြောင်း သတိပေးခဲ့ကြပေသည်။

ကစ္စာယန ထေရပဒါန အဋ္ဌကထာကြီး၌ တေဒဂ်ရ ရှင်မဟာ ကစ္စည်းထေရ်မြတ်သည် ကစ္စာယန ဗျာကရဏကျမ်း၊ မဟာနိရုတ္တိကျမ်း၊ နေတ္တိကျမ်းတို့ကို သံဃာ ပရိသတ်အား ဟောကြားပို့ချခဲ့သည်ဟု ဖော်ပြ ထားလေသည်။ ထို့နောက် ယမကမဟာထေရ်မြတ်က စူဠနိရုတ္တိကျမ်းကို

---

၁။ အဂ္ဂုတ္တိုရ် ပါဠိတော်၊ သဒ္ဒမ္မသုမ္မောသသုတ်။

ဆက်လက်စီစဉ်ခဲ့၏။ သာသနာ့ သမိုင်းတလျှောက်တွင် သဒ္ဒါကျမ်းကြီး များ ပေါ်ခဲ့ ကျော်ခဲ့ပေရာ ယခုအခါ၌ ကစ္စည်းသဒ္ဒါကျမ်း၊ မောဂ္ဂ လာန် သဒ္ဒါကျမ်း၊ သဒ္ဒနီတိကျမ်းဟူသော ကျမ်းရင်းကြီးများ အထင် အရှား ရှိနေ၏။ ထိုကျမ်းများကိုမှီ၍ ပေါ်ခဲ့သော သဒ္ဒါကျမ်းများကား များစွာရှိ၏။

## ပါဠိနေဒုပ်ကို ဖော်ရန်ခက်ပုံ

သံပေါက်ဇာဆိုအတိုင်း ပါဠိသရုပ် ပါဠိ နေဒုပ်ကို လူနုပ်တို့ သိနိုင် ခဲပုံကို သိသာရုံမျှ ဖော်ပြပါအံ့။

ပုံစံ– ၁။

ဒေသိတံ ဓမ္မံ

ဤ ဒေသိတံဟူသော ပုဒ်သည် အတွေ့ရများသော ပုဒ်ဖြစ်သော်လည်း အနက်ဆန်းကြယ်ပုံကိုမူ သိနိုင်ခဲလှသည်။

၁။ ဒေသိတံ = ဟောတော်မူအပ်သော (ဒိသဓာတ်၊ တပစ္စည်း)

၂။ ဒေသိတံ = သခင်္ချေလေးရပ်တသိန်း ကပ်လုံး ရှာမှီး တော်မူ အပ်သော (ဒအာဂုံ၊ ဧသိတံ)

၃။ ဒေသိတံ = ပင်ပန်းဆင်းရဲစွာ ကြိုးပမ်း ရှာမှီးတော်မူအပ် သော (ဒု+ဧသိတံ)

ဓမ္မံ = တရားကို

ဟောအပ်သော တရား၊ လေးသခင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ရှာကြံခဲ့ရသောတရား၊ ပင်ပန်းဆင်းရဲခံ၍ ပါရမီတော်များ ဖြည့်ဆည်း ကာ ရှာမှီးခဲ့ရသောတရား၊ ဤသို့လျှင် သဘာဝကျသော အနက်၊ အတွင်းဒုပ် အနက်တို့ကို ဖော်ထုတ်ယူရလေသည်။ (နီတိ၊ ပဒ၊ နိ၊ နှာ– ၂)။

ပုံစံ- ၂။

ကာမ မယိကံ

ဤပုဒ်ကို ပထမဦးစွာ ကာမပုဒ်ရင်း+မယပစ္စည်း+ဏိက ပစ္စည်းဟု ဖော်ထုတ်သိရှိရန်လို၏။ ပုဒ်ကိုသိပြီးသောအခါ အနက်သိရန် လိုပေသေး၏။

ကာမမယိကံ= ဝတ္ထုကာမဖြင့်ပြီးသော။ (ဤသို့ပေးလျှင် ဏိက ပစ္စည်း၊ အနက်မဲ့)

(ဝါ) = ကာမအစုကိုစွဲ၍ဖြစ်သော။ (ဤသို့ပေးလျှင် မယ ပစ္စည်း၊ အနက်မဲ့)

(ဝါ) = ဝတ္ထုကာမဖြင့်ပြီးသော ကိလေသာကာမနှင့်စပ်သော (ဤသို့ပေးလျှင် မယ၊ ဏိကပစ္စည်း နှစ် မျိုး လုံး အနက်ရှိ)

ပုံစံ- ၃။

နမော ကရေန မေ သောတ္တိ၊

၁။ နမော၊ ရှိခိုးခြင်းကို။ ကရေန၊ ပြုခြင်းကြောင့်။ (နမော နာမ်ပုဒ်)

၂။ နမော ကရေန၊ ရှိခိုးခြင်းဟူသော ကောင်းမှု ကြောင့်။

(နမော၊ နိပါတ်ပုဒ်)

မေ၊ ငါ့အား။

၁။ သောတ္ထိ (သု+အတ္ထိ) ကောင်းသော အကျိုး ရှိခြင်းသည်။ (ဝါ) ကောင်းသောအလိုရှိခြင်း သည်။

၂။ သောတ္ထိ (သု+ဣတ္ထိ) ပဿဒ္ဒိသမ္ဘောဇ္ဈင်တည်း ဟူသော တင့်တယ်သော မိန်းမ ရတနာသည်။ (အတ္ထု) ဖြစ်စေသတည်း။

(ပဿဒ္ဓိသဒ္ဒါသည် ဣတ္ထိလင်ဖြစ်၍ မိန်းမနှင့် တင်စားသည်)။ (နီတိ၊ ပဒ၊ နိ၊ နှာ-၃၇၅)

ဤသို့ စသည်ဖြင့် ပါဠိ၏ သဘောသရုပ်ကို ဖော်ထုတ်သိရှိရန်ကား လွယ်ကူသည်မဟုတ်ချေ။ ဉာဏ်ဝီရိယနည်းပါးသော လူညံ့များသည် ဤသို့ ပါဠိ၏ခက်ရပ်သို့ မသိမကပ်နိုင်ကြ။ အနက် အဓိပ္ပာယ် အမှန်ကို မသိနိုင်ကြရှာ။ ထို့ကြောင့်ပင် ဦးသြက ‘လူနုပ်မသိနိုင်’ဟု ဆိုခဲ့ခြင်း ဖြစ်လေသည်။

# ၂၂။ ဒေါဓသာ ရှုပ်၊ အရှုပ်ရှုပ်။ လျှင်ခုပ်မတွက်နိုင်။

ကစ္စည်းသဒ္ဒါကြီး သန္ဓိကျမ်းလာ ဒေါဓသာ စ သုတ်ဖြင့် စီရင်သော ရုပ်အစီရင်တို့သည် ရှုပ်ထွေးပွေလီလှသောကြောင့် စာသင်သားများသည် အလျှင်အမြန် ရုပ်မတွက်နိုင်ကြကုန်။

## ဖွင့်ဆို ရှင်းလင်းချက်

ဓအောက်ခြိုက်ကို ဒဒွေးပြု၍စီရင်ရသောရုပ်ကို ဒေါဓသာရုပ်ဟုဆိုသည်။ ဧကံမိဒါဟံ- ဟူသော ပုံစံ၌ ဧကံ + ဣဓ+ အဟံ ဟု ပုဒ်ခွဲပြီး ပြန်လည်ပုဒ်ပေါင်းသောအခါ ဓ ကို ဒ ပြု၍စပ်ရသည်။ ပါဠိတော်၌ ဧကမိဒါဟံ ဟု ဒဒွေးနှင့်သာ ပါဌ်ရှိသောကြောင့် ပါဠိတော်ပုံစံကျအောင် စီရင်ရခြင်း ဖြစ်သည်။

အရှုပ်ရှုပ် ဟူသည် အရာရာ၊ အရပ်ရပ် ဟူသကဲ့သို့ အများကို နှီးစပ်စေသည့် စကားဖြစ်သည်။ အလွန်ရှုပ်သည့် သဘောဖြစ်၏။

လျှင်ခုပ်=အလျှင်အမြန်။ ‘လျှင်’ စကားရင်း၊ ‘ခုပ်’စကားပိုး၊ လျှင်ကို မူထားပြီး ခုပ်၊ ဆော၊ မြန် စသည်တို့ကိုတွဲစပ်၍ လျှင်ခုပ်၊ လျှင်ဆော၊ လျှင်မြန် စသည်ဖြင့် သုံးနိုင်သည်။

သဒ္ဒါမှာ ရုပ်တွက်သည်၊ သင်္ဂြိုဟ်မှာ သရုပ်ခွဲသည်ဟု ဆိုရာ၌ ရုပ်တွက် ဆိုသည်မှာ ပါဠိပုဒ် တခုသည် မည်သို့ တည်နေကြောင်း သိနားလည်စေရန် ဓာတ်ပစ္စည်း၊ ဝိဘတ် စသည်ခွဲပြီး စိစစ်ခြင်း ဖြစ်သည်။

ရင်းမြစ်ကို ကာရီ၊ ပြုပြင်ခြင်းကို ကာရိယ ဟု ခေါ်သည်။ ရင်းမြစ် မပေါ်လွင်သော ပုဒ်တို့၌လည်း အနက်မှန်သိအောင် ရင်းမြစ်ကိုဖော်ပြီး

ပြုပြင် စီရင်ထားပုံကို ရှာဖွေရသည်။ ဧကမိဒါဟံ ၌ 'ဣမ' သည်သာ ရင်းမြစ်ဖြစ်သည်။ သို့ပါလျက် ပါဠိတော်မှာ ဧဒွေးနှင့် ရှိနေ၍ ယင်း ဧ သည် ဓ ၏ ပြုပြင် (ဝါ) ကာရိယ ဟူ၍ ဒေါမဿစ သုတ်က လမ်းစ ဖော်၍ ညွှန်ခြင်းဖြစ်လေသည်။

ဒေါမဿ ရုပ်ဟုဆိုသောစကားသည် ဥပလက္ခဏနည်းဖြင့် ပြသော စကားသာဖြစ်သည်။ ဒေါမဿ ရုပ်တရုပ်တည်း သာမက ထိုသုတ်ဖြင့်ပြ သောရုပ်ပေါင်း များစွာ ပါရှိသေးသည်။

ဒေါမဿစ ဟူသောသုတ်၌ပါရှိသော စ သဒ္ဒါဖြင့် ဓ ကို ဟ ပြုလုပ် ရန်လည်း ဖော်ပြသေးသည်။ ပုံစံ - သာဟု ဒဿန မရိယာနံ၌ သာဟု သည် စင်စစ် သာဓုပင်ဖြစ်သည်။ ဓ ကို ဟ သို့ ပြုစီရင်ထားခြင်းသာ ဖြစ်သည်။

ထို့ပြင် ဒေါမဿစ ဟူသောသုတ်ကို ပိုင်းခြား ဝေဘန်ခြင်း၊ သုတ္တ ဝိဘာဂ၏ အစီအရင်များလှစွာ၏။ အောက်ပါတို့ကို ဒေါမဿစ သုတ်၏ သုတ္တဝိဘာဂဖြင့် စီရင်နိုင်ပေသည်။

| | | |
|---|---|---|
| ဒ | မှ | တ |
| ပုံစံ – သုဂဒေါ | မှ | သုဂတော (စကားကောင်းကိုသာ ပြော တတ်သော ဘုရားရှင်) |
| တ | မှ | ဋ |
| ဒုက္ကတံ | မှ | ဒုက္ကဋံ (ပြုပုံမကောင်းခြင်း) |
| တ | မှ | ဓ |
| ဂန္တဗ္ဗော | မှ | ဂန္ဓဗ္ဗော (မိခင်ဝမ်းသို့ ရောက်ထိုက်သူ) |
| တ္တ | မှ | တြ |
| အတ္တဇော | မှ | အတြဇော (ရင်နှစ်သည်းချာသားရတနာ) |
| ဂ | မှ | က |
| ကုလူပဂေါ | မှ | ကုလူပကော (အိမ်လည်တတ်သောရဟန်း) |

ရ မှ လ
မဟာသာရော မှ မဟာသာလော (များသောဥစ္စာနှစ်ရှိသူ)
ယ မှ ဇ
ဂဝ ယော မှ ဂဝဇော (နွားနောက်သတ္တဝါ)
ဝိ မှ ဗ
ကုဝိတော မှ ကုဗ္ဗတော (ပြုသူ)
ယ မှ က
သယေ မှ သကေ (မိမိဥစ္စာ)
ဇ မှ ယ
နိဇံပုတ္တံ မှ နိယံပုတ္တံ (မိမိကိုယ်မှ၍ ဖြစ်သောသား)
တ မှ က
နိယတော မှ နိယကော (မြဲ၏)
တ္တ မှ စ္စ
ဘတ္တော မှ ဘစ္စော (သူ ခစား)
ပ မှ ဖ
နိပ္ဖတ္တိ မှ နိပ္ဖတ္တိ (ဖြစ်ခြင်း)
က မှ ခ
နိက္ကမတိ မှ နိက္ခမတိ (ထွက်သွား၏)

## ဒေါ်ခဿရုပ် ခက်ခြင်းအကြောင်း

ဒေါ်ခဿ စ ဥ္စ တိုက်ရိုက်ဖော်ပြထားသည့်အတိုင်း အက္ခရာပြောင်းလဲမှု ပြု၍ သန္ဓိ ရုပ်တွက်လျှင် များစွာခဲယဉ်းဖွယ် မရှိပါချေ။ ပြောင်းလဲ တတ်သော အက္ခရာများကို မှတ်သားမိရန်သာ လိုပါသည်။

သို့ရာတွင် ကစ္စာယနသဒ္ဒါကျမ်း၏ အဖွင့်ဍ္ဍာသင်္ဂဟ ဆရာကြီးသည် ဒေါ်ခဿ စ သုတ်ဥ္စပြသော ဥဒါဟ ရဏ်ပုံစံတို့ကို ရှုပ်ထွေးပြီး တသီ တတန်းကြီး ဖွင့်ပြခဲ့ပါသည်။ ထိုဋီကာ၏ အဖွင့်ကို ရှေးနိဿယဆ ဆရာ ကြီးများ (ပုံစံ- နန်းကျောင်းမှူ သဒ္ဒါကြီး နိဿယ)က လိုက်နာပြီး စာ

သင်သားများ မသင်ရသေးသည့် ကိုယ်ရုပ်များက စတင်၍ ရုပ်တွက်ပြကြ ပါသည်။ ထိုဆရာကြီးများ၏ ရည်ရွယ်ချက်ကား စာသင်သားတို့အနေဖြင့် ခတ်အခြေခံများ၊ အနက်ဉာဏ်များ ရင့်သန်ကြစေရန် ဖြစ်ဟန်တူပါသည်။ သို့သော် သဒ္ဒါကြီးရွစ်စောင်တွင် အစဆုံးဖြစ်သည့် သန္ဓိကျမ်းကို စသင်ခါစ စာသင်သားငယ်များအဖို့ မသင်ရသေးသည့် ကိုယ်ရုပ်များကိုပါထည့်ပြီး ရှည်ရှည်ဝေးဝေး ရုပ်တွက်ကြရသည်မှာ အခက်အခဲကြီးကို ရင်ဆိုင်ကြရခြင်း ဖြစ်ပါသည်။

ပုံစံအားဖြင့် သုဂတောကို ရုပ်တွက်ရာတွင် ဒေါသော စ သုတ်ဖြင့် သုဂဒေါမှ ဒ ကို တ ပြု သုဂတောဖြစ်၏ ဟုသာ မပြဆိုပဲ သုဂတောကား သုပုဗ္ဗ+ဂမုဓာတ်။ ဂမု၊ ဂမုဓာတ်သည်။ ဂတိမှိ၊ သွားခြင်း သွားခြင်းအနက်၌ဖြစ်၏ ဟု ဓာတ်နက်ကြား စသည်ဖြင့် အမြစ်လှန်၍ ပြလေသည်။ ကောင်းပင်ကောင်းသော်လည်း သဒ္ဒါတက်စ စာသင်သားငယ်များအဖို့ အသိရှုပ်ကုန်လေသည်။ ဤကား ကုန်းဘောင်ခေတ်ပေါ် နိဿယကျမ်းတို့နှင့် ထိတွေ့ရသော စာသင်သားတို့၏ အခြေအနေတည်း။

ဦးညြသည် ဤသို့ ဒေါသောရုပ်တို့နှင့် ကုန်းဘောင်ခေတ် စာသင်သားတို့ နပမ်းလုံးနေကြရသည့်အခြေအနေကို ကောင်းစွာသိရှိလို့ဖြစ်သည့် အတွက်—

ဒေါသော ရုပ်၊ အရုပ်ရုပ်၊ လျှင်ခုပ်မတွက်နိုင်။

ဟု ထည့်သွင်း စပ်ဆိုခြင်း ဖြစ်လေသည်။

ယခုခေတ်ပေါ် သပြေကန်သဒ္ဒါကြီး နိဿယစသည်တို့၌မူ ဒေါသော ရုပ်၌ သန္ဓိအစီအရင်မျှကိုသာ ပြတော့သည်။ ကိုယ်ရုပ်တွက်ပုံ စသည်ကို မပြတော့ပေ။ ထို့ကြောင့် လွယ်ကူနေလေပြီ။

## မြန်မာစကားလုံး ပြောင်းထုံး

ဤသုတ်သည် အက္ခရာဝိပလ္လာသနည်းကဲ့သို့ အက္ခရာအချင်းချင်း ခပြောင်းလဲနိုင်ကြပုံကို ဖော်ပြလေသည်။ ရင်းမြစ်အက္ခရာတလုံးလုံးမှ ဆင့်

ပွား အက္ခရာတမျိုးမျိုးကို ပြောင်းလဲ နိုင်သည့်ထုံးကို သိရခြင်းသည် မြန်မာဘာသာနှင့် စာပေအတွက် နည်းရစေသည်။

မြန်မာစကား တုတ်ကို ဒုတ် ဟု ပြောင်းလဲ ပြောဆိုရေးသားခြင်းသည်။

ဒ တ

သုဂဒေါ သုဂတော

ဟူသော ပုံစံအရ ဒ နှင့် တ လက်ခုပ်လက်ဝါး အသုံးပြုနိုင်သည့် နည်းအရ ပြောင်းလဲကြောင်း သိရပေသည်။ ကံ့ကော်ကို ဂံ့ဂေါ်၊ ဂန့်ဂေါ် စသည်ဖြင့် အသံထွက် ပြောင်းလဲ ပြောဆိုခြင်းသည်လည်း ကုလူပဂေါမှ ကုလူပကော ပြောင်းသကဲ့သို့ က နှင့် ဂ ပြောင်းလဲနိုင်သည့် သဘောအရ ဖြစ်လေသည်။ မြန်မာဘာသာ၌ အခြား အလားတူ ပုံစံများကိုလည်း ဤ ပါဠိသဒ္ဒါ ပြောင်းထုံးကို နည်းယူ၍ ပြောင်းလဲနိုင်လေသည်။

# ၂၃။ သဒ္ဒါပါဟူသည်၊ ချုံပင်စည်၊ ရေနည်

## ငါးမဝေး။

သဒ္ဒါသည် စည်ပင်သောချုံနှင့်တူသည်။ ခါတ်၊ ပစ္စည်း၊ ဝိဘတ် စသည်တို့သည် ရေနည် ရေနောက်ရှိ ငါးတို့နှင့် တူကုန်သည်၊ ချုံနှင့် မဝေး၊ ချုံအနီးတပိုက် ချုံခိုရ၍ နေတတ်ကြသည်။ (ချုံခိုရေနောက် ငါးကို ဖမ်းယူသကဲ့သို့ သဒ္ဒါကို သင်ယူရာသည်)။

### ဖွင့်ဆို ရှင်းလင်းချက်

ချုံနှင့်ခြုံ

ဤသံပေါက် ချုံဝေါဟာရနှင့်ပတ်သက်၍ အပင့်ဖြစ်က တောချုံ၊ ကလိမ်ချုံ၊ စသည်ဖြင့် စုပေါင်းရှုပ်ထွေးသောနေရာဖြစ်သည်။ အရစ်ခြုံ ဖြစ်က ခြုံရုံသည့်အဓိပ္ပာယ်ဘည်း။ ဤသို့ခွဲခြားဖော်ပြကြသည်။

နမ်း၍မကုံ၊ လှမျိုးစုံ၊ ပိုက်ခြုံတကွေးကွေး။ (ကဝိ-၁၃၅)
မိုးထင်းသာပုံ၊ ကလိမ်ချုံ၊ ဆောင်းလှုံဘိုထင်းကွေး။ (ကဝိ-၁၄၈)

ကာဝိယမဥ္စူရီတွင်လည်း တောချုံ၊ လုံခြုံ၊ ဟု ခွဲခြား၍ပြသည်။ ဝဏ္ဏဗောဓနသည်း စေးချုံ၊ တောချုံ စသည်ဖြင့် အပင့်ပင် ပြ၏၊ သို့သော် စွယ်စုံကျော်ထင်၌ကား-

ညဥ့်ခြုံ၊ ပိုက်ခြုံ၊ ကလိမ်ခြုံ၊ လုံးခြုံ ဖုံးခြုံမည်သို့နည်း။

ဟူ၍ အရစ်ပြ၏။ ကလိမ်ခြုံမှတပါး ကျန်သောခြုံတို့မှာ ရုံခြင်း၊ သိမ်းစုခြင်း သဘောပင်ရှိသည်။ ကလိမ်ခြုံကိုလည်း ဤကဲ့သို့ ခြုံရုံသည့် အဓိပ္ပာယ်ကိုပင် လိုသလော၊ သဘောမထင်ပေ။ အများဝါဒမူကား ချုံအရှုပ်အထွေးကို အပင့်ဖြင့်ရှိစေလိုပေသည်။

မြစ်၊ ချောင်း၊ အင်း၊ အိုင်တို့၌ ရေနောက်နေသောအခါ ထိုရေအနည် အနောက်ထဲ၌ နေကြသော ငါးတို့သည် ကမ်းစပ်ရေထဲ၌ပေါက်ရောက်နေကြသော ဓနိဖုတ်၊ ခရာချုံ စသည်တို့အနီး၌ ကျက်စားမှီခိုနေတတ်ကြသည်။ ချုံတို့မှ အဝေးအလယ်တွင် မနေတတ်ကြပေ။

ဤသဘာဝကိုသိသော တံငါသည်တို့သည် ဓနိဖုတ် ခရာချုံစသည်တို့၏အနီးတဝိုက်ကို ပိုက်ဖြင့်ဝိုင်း၍ ငါးဖမ်းယူကြလေသည်။ အကယ်၍ရေနောက်ချောင်း၌ ချုံများမရှိပါလျှင် တံငါတို့က ချုံချပေးကြလေသည်။

စိန္တကျော်သူ ဦးသြသည် သဒ္ဒါကို ငါးချုံနှင့်နှိုင်းယှဉ်ဖော်ပြထားရာတွင် တပက်ပြန်ည်းအားဖြင့် ဥပမာဖက်၌သာ စုံသင်စွာ ဖော်ပြထားသည်။ ဥပမေယျဖက်၌မူ ထင်ရှားစွာမပြချေ။ ထို့ကြောင့် ကျမ်းပြုဆရာ၏ အာဘောဂကို ဖော်ထုတ်ရန် ဖြစ်ပေသည်။

ကစ္စည်းသဒ္ဒါကြီး အာချာတ်ကျမ်း၏ ဂန္ထာရမ္ဘ စကားရပ်၌ အာချာတ်ကျမ်းကို သမုဒ္ဒရာနှင့် တင်စားပြီး အဇ္ဇတ္တနီ စသော ဝိဘတ်ကိုလှိုင်းတံပိုး၊ ဓာတ်ကို သမုဒ္ဒရာရေ၊ ဝိကာရဏပစ္စည်း အာဂုံ ကာလကိုငါး၊ ကျောက်ခြင်း၊ အနုပန်ရှုံခြင်းနှင့် အနက်ကိုဝေဘန်ရာ သဒ္ဒါတည်းဟူသော ကမ်း ဟူ၍ အဆင့်ပြစွာ တင်စားဖော်ပြထားသည်ကို တွေ့ရသည်။ ထိုအာချာတ် သမုဒ္ဒရာကို ပညာတည်းဟူသော လှေသင်္ဘောဖြင့် ကူးနိုင်ကြောင်းကိုပါ ပြဆိုထားလေသည်။

ဤစကားရပ်ကို နည်းယူ၍ ဤသတ်ပုံသံပေါက်တွင် ဥပမေယျပိုင်း၌ ထုတ်ဆောင်သိမြင်အပ်သော ငါးဟူသည်မှာ ပစ္စည်း၊ အာဂုံ၊ ကာလ စသောသဒ္ဒါဆိုင်ရာ အင်္ဂါလက္ခဏာများပင် ဖြစ်ပေသည်။ ထိုပစ္စည်း အာဂုံ ကာလ စသော သဒ္ဒါ အင်္ဂါငါးမျိုးများစွာတို့သည် ချုံပင်စည်နှင့်တူသော သဒ္ဒါကျမ်း၌ ပါရှိနေပေသည်။

ချုံကို ဝိုင်းလိုက်လျှင် ရေနောက်နေချုံခိုငါးများကို အလွယ်တကူဖမ်းယူရရှိသကဲ့သို့ သဒ္ဒါကျမ်းကို သင်ယူလိုက်လျှင် သက်ဆိုင်ရာသဒ္ဒါအင်္ဂါလက္ခဏာများကို ကောင်းစွာတတ်သိနားလည်သွားပေသည်။

သို့ဖြစ်၍ သဒ္ဒါသည် ချုံကဲ့သို့ရှုပ်သည်။ သို့သော်လည်း သဒ္ဒါချုံ၌ ပင်လျှင် သဒ္ဒါလက္ခဏာ အဖြာဖြာကို တတ်သိအောင် ရှာဖွေရသည်။ ယင်းသို့ ရှာဖွေလျှင်လည်း ကောင်းစွာရမိ တတ်သိနိုင်သည်ဟု ကျမ်းဆရာ၏အဘောင်ကို ဖော်ထုတ်နားလည်အပ်သည်။

ဤသတ်ပုံ သံပေါက်၏ အထက်တွင်ကပ်လျက်–

ပရမတ်သည်၊ ပွတ်တိုင်လည်၊ ရေကြည်ငါးတပြေး၊

ဟူသော သံပေါက်ပါရှိ၏။ အဓိပ္ပာယ်ကား ပရမတ္ထတရားသည် မပြတ် လည်ပတ်နေသော ပွတ်တိုင်နှင့်တူသည်။ ရေကြည်ကြည်တွင် ငါးကိုမြင် နိုင်သည်။ သို့သော် ရေကြည်ငါးသည် ရေနောက်ငါး ကဲ့သို့ တနေ ရာရာ၌ မေ့၍ ခိုရှိမနေပဲ ကူးသန်းပြေးလွှားနေတတ်သည်။ ထို့ကြောင့် အဖမ်းရ မလွယ်ပဲ ရှိတတ်သည်။

စိန္တကျော်သူဦးဩသည် ဤသံပေါက်နှစ်ပုဒ်ဖြင့် သဒ္ဒါနှင့်ပရမတ်ကို နှိုင်းယှဉ်ဖော်ပြထားပေသည်။

အချုပ်မှာ–သဒ္ဒါသည် ချုံကဲ့သို့ ရှုပ်သည်။ ရေနည် ငါးကဲ့သို့ မမြင်သာ။ သို့ရာတွင် တတ်သိနားလည်ရန် လွယ်သည်။

ပရမတ်မှာမူ–လည်နေသော ပွတ်တိုင်ကဲ့သို့ဖြစ်ပျက် သဘောရှိသည်။ ရေကြည်ငါးကဲ့သို့ ရှုမြင်နိုင်သည်။ သို့သော် တတ်သိနားလည်ရန် ထိုးထွင်းသိမြင်ရန် မလွယ်ကူပေ ဟူလို။

**အမှာ။** အပုဒ်(၂၄)ကို အပုဒ်(၁၉)နှင့် တပေါင်းတည်း ဖြေဆို ထားပါသည်။

# ၂၅။ ကမ္မဓာရည်း၊ သမာသ်နည်း၊ ကစ္စည်းမိန့်သံချို။

မဟာဗျာကရုဏ်း ဆရာကြီးတဆူ ဖြစ်တော်မူသော ရှင်မဟာကစ္စည်း ဆရာသည် မိမိပြုစုသော သဒ္ဒါကျမ်းတွင် ပုဒ်တို့ကို သမာသ်ဖွဲ့စည်းပုံ ပြရာ၌ ကမ္မဓာရည်း သမာသ်နည်း တရပ်ကိုလည်း ကောင်းမွန်စွာ ဖော်ပြ ထားခဲ့ပေသည် ဟူလို။

## ဖွင့်ဆို ရှင်းလင်းချက်

'ကမ္မဓာရည်း' ဟူသော ဝေါဟာရ၏ ရင်းမြစ်သည် ကမ္မ+ဓာရယ ဖြစ်၏။ 'ကမ္မ'ပုဒ်သည် ဤသမာသ်၏ သဘောသကဏ္ဍာကို ပေါ်လွင် စေရန် ဥပမာပြသောပုဒ်ဖြစ်၏၊ ဓာရယ (ဓာရည်း)ကား ဆောင်ခြင်း အနက်ရှိ၏၊ နယ မှ နည်း၊ ဝိနယ မှ ဝိနည်း၊ ပစ္စယ မှ ပစ္စည်းသို့ပြောင်း သကဲ့သို့ ဓာရယ မှ ဓာရည်း ပြောင်းခြင်းဖြစ်သည်။ ယ နှင့် ည သည် လက်ခုပ်လက်ဝါး အပြောင်းအလဲ အသုံးချနိုင်သောကြောင့် ဖြစ်၏။ ထို့ပြင် ည နှင့် နောက်ပစ် ပြောင်းနိုင်သေး၍ ကမ္မဓာရဲဟုလည်း ရေး ကြသေး၏။

ကမ္မဓာရည်းအကြောင်းကို သဒ္ဒါဆရာတို့ ဤသို့ဖွင့်ဆိုခဲ့ကြသည်–

တူသော အနက်ရှိသည်ဖြစ်၍ ရှေ့ပုဒ် နောက်ပုဒ် ပထမာဝိဘတ်ကျေ သော သမာသ်သည် လည်းကောင်း၊ ရှေ့ပုဒ်နောက်ပုဒ်၌ ပထမာဝိဘတ် ကျေ၍ စ သဒ္ဒါနှစ်လုံး၊ ဟသဒ္ဒါတို့ဖြင့် မှတ်အပ်သော သမာသ်သည် လည်းကောင်း၊ 'ကမ္မမိဝ ဒွယံ ဓာရေတီတိ ကမ္မဓာရယော' ဟူသော ဝစနတ္ထနှင့်အညီ 'သြဒနံ ပစတိ'ဟူသောပြယုဂ်၌ သြဒနံ ဟူသော ကံ သည် ချက်ခြင်းတည်း ဟူသောကြိယာ၊ စားရခြင်းဘည်း ဟူသော အကျိုးနှစ်ပါးကို ဆောင်သကဲ့သို့ တခုဘည်းသော အနက်၌ နှစ်ပါး

သော အမည်ကို ဆောင်တတ်သောကြောင့် ကမ္မဓာရည်း သမာသ် မည်၏။

ဤဖွင့်ဆိုချက်သည် ပဒရူပသိဒ္ဓိ စသော သဒ္ဒါကျမ်းကြီးများနှင့်အညီ ဖွင့်ဆိုချက်ဖြစ်၏။ ဆိုလိုရင်းမှာ- အနက်တခုတည်းက အမည်နှစ်ခုကို ဆောင်ထားသော သမာသ်ဖြစ်၍ ကမ္မဓာရည်းသမာသ်ဟု ခေါ်သည်ဟု ဆိုလိုသည်။

သြဒနံ ဟူသော ကံပုဒ် အကျိုးနှစ်ပါးဆောင်ပုံမှာ ဤသို့ ဖြစ်၏။ သြဒနံ ပစတိ ၌- သြဒနံ၊ ထမင်းကို။ ပစတိ၊ ချက်၏ ဟု အနက်ပေးရ၏။ ထမင်းကို ချက်၏ဟု ဆိုသော်လည်း စင်စစ် ဆန်ကိုသာ ထမင်း ဖြစ်အောင် ချက်ရခြင်းဖြစ်၏။ အကျိုး၏အမည်ကို အကြောင်း၌ တင်စား၍ ဆိုသော ဖလူပစာ စကားတည်း။

သဒ္ဒါဟည်ဆောက်မှုအရ သြဒနံ ပစတိ ၌ သြဒနံ ကို ကံပုဒ်ဟုခေါ်၏။ ကျက်ခြင်းဟူသည် သြဒန၏ ကျက်ခြင်း (ဝါ) ထမင်း၏ ကျက်ခြင်းသာ ဖြစ်၏။ ထို့ကြောင့် ကျက်ခြင်း ကြိယာသည် သြဒနံ ဟူသော ကံ၌ တည်၏။ ထမင်းဖြစ်လာသောအခါ ထမင်း၏ အကျိုးကား စားရခြင်း ပင်ဖြစ်၏။ ထို့ကြောင့် စားရခြင်း၏ အကျိုးကိုလည်း သြဒနံဟူသော ကံပုဒ်၌ပင် ထည့်ပြန်၏။ သို့ဖြစ်၍ သြဒနံဟူသော ကံပုဒ်သည် ကျက်ခြင်း ကြိယာနှင့်စားရခြင်းအကျိုးကို ဆောင်သည် မည်ပေသည်။

ကမ္မဓာရည်း သမာသ်သည် အနက်တခုတည်း၌ အမည်နှစ်ပါးကို ဆောင်ပုံမှာ ဤသို့ဖြစ်ပေ၏။ မဟာပုရိသော ဟူသောပုဒ်၌ မဟန္တ တပုဒ်၊ ပုရိသ တပုဒ်ရှိရာ မဟန္တ၊ မြတ်သော။ ပုရိသော၊ ယောကျ်ားဟု အသီးသီး အနက်ရှိ၏။ ယင်းနှစ်ပုဒ်ကို မဟာပုရိသော ဟု (မဟန္တကို မဟာပြု) တပုဒ်တည်းပြု၍ သမာသ်ဖွဲ့စည်းယူရာ 'မြတ်သောယောကျ်ား' ဟူသော အနက်တခုတည်း ဖြစ်လာ၏၊ ဤတွင် 'ယောကျ်ား' ဟူသော အနက်တခုတည်းက မဟာဟူသော အမည်၊ ပုရိသော ဟူသော အမည်

၁။ သဒ္ဒါကြီး ပုဒ်စစ်စုံ (သမာသ်ပုဒ်စစ်)

တို့ကို ခံဆောင်ရ၏။ ဤသို့ အနက်တခုက သဒ္ဒါနှစ်ခုကို ဆောင်ကြဉ်း ရခြင်းသည် ဆိုခဲ့ပါ ဩဒနံ ဟူသော ကံပုဒ်က ကျက်ခြင်း ကြိယာ၊ စားရခြင်းအကျိုးနှစ်မျိုးကို ဆောင်သည်နှင့်တူ၏။ ဤသို့ တူသောကြောင့် ဤသမာသ်မျိုးကို ကမ္မဓာရည်းသမာသ်ဟု သဒ္ဒါဆရာတို့က အမည်ပေး ခြင်း ဖြစ်လေသည်။

ဤတွင် ''အနက်''ဆိုသည်မှာ–

လူဘောင် နတ်ဘောင်၊ တော၊ တောင်၊ ရေ၊ မြေ၊ လေးထွေ ပရမတ်၊ ယင်းဒြပ်၊ မှတ်လေ အနက်သာ။

ဟူသည့်အတိုင်း ဒြပ်နှင့် ပရမတ်များကို အနက်ဟု ခေါ်လေသည်။ ထို့ကြောင့် ရှေးစာများ၌ 'အနက်'ဟု ဆိုသေတိုင်း ဒြပ်နှင့် ပရမတ်ကို ဆိုလိုကြောင်း သိအပ်ပေသည်။ အထက်ပါပုံစံ၌ ယောကျ်ားဒြပ်သည် အနက်ပေတည်း။

ကမ္မဓာရည်း သမာသ်ကို ဖော်ပြရာတွင်–

ဒွိပဒေ တုလျာဓိကရဏေ ကမ္မဓာရယော–

ဟူ၍ သဒ္ဒါသုတ်ကို တည်ထား၏[၁]။

အနက်ကား။ ဒွိပဒေ၊ ပုဒ်နှစ်ပုဒ်သည်။ တုလျာဓိကရဏေ၊ တူသော တည်ရာရှိလတ်သော်။ သော သမာသော၊ ထိုသမာသ်သည်။ ကမ္မဓာရ ယော၊ ကမ္မဓာရည်း မည်၏။

## တည်ရာတူပုံနှစ်မျိုး

ကမ္မဓာရည်းသမာသ်၌ ပုဒ်နှစ်ပုဒ်သည် မည်ကဲ့သို့ တူသောတည်ရာ ရှိသနည်း။ ဤအဓိပ္ပာယ်ကိုသိရန် လိုပေသည်။ 'တည်ရာတူမှု' နှင့် ပတ်သက်၍ အနက်အားဖြင့် တည်ရာတူခြင်း (အတ္ထတုလျာဓိကရဏ)၊

---

၁။ ကစ္စည်းသဒ္ဒါကြီး သမာသကပ္ပ။

သဒ္ဒါအားဖြင့် တည်ရာတူခြင်း (သဒ္ဒတုလျာဓိကရဏ) ဟု နှစ်မျိုးယူဆကုန်၏။ အတ္ထတုလျာဓိကရဏပိုင်း၌ မုဒ္ဒဗောဓဋီကာဆရာတို့က ဦးဆောင်ကြ၏။ သဒ္ဒတုလျာဓိကရဏပိုင်း၌ကာတန္တဋီကာဆရာတို့ကရပ်တည်ကြ၏။ ဤအနက်တည်ရာတူ၊ သဒ္ဒါတည်ရာတူ နှစ်ရပ်နှင့်စပ်လျဉ်း၍ 'နီလုပ္ပလံ' (ကြာညို) ဟူသော ကမ္မဓာရည်း သမာသ်ကိုပုံစံထုတ်၍ ရှင်းလင်းဖော်ပြပါအံ့။

အတ္ထတုလျာဓိကရဏ ဆရာတို့က ဤသို့ဆိုကြ၏။ နီလုပ္ပလ ဟူသော သမာသ်ပုဒ်၌ နီလ သည် အညိုဂုဏ်၊ ဥပ္ပလ သည် ကြာသာမန် အနက်ကို ဟော၏။ သို့ရာတွင် နီလုပ္ပလ ဟု သမာသ်ပုဒ်ဖြစ်သောအခါ ထိုနီလုပ္ပလ ဟူသော သမာသ်ပုဒ်က 'ကြာညို' တည်း ဟူသော အနက်ဒြပ်တခုတည်းကိုသာ ဟောညွှန်၏။ နီလ (အညို) သည် အခြားသော အဖြူ၊ အနီစသည်တို့ကို တားမြစ်၍၊ ဤ ကြာကား ကြာဖြူ၊ ကြာနီ မဟုတ်၊ ကြာညိုဘည်းဟု သတ်မှတ်ပေး၏။ အညိုဂုဏ်ကို ဖော်ပြယင်း ဂုဏ်၏ဘည်ရာ ကြာဒြပ်ကိုပါ ဖော်ပြပြီး ဖြစ်၏။ ဥပ္ပလသဒ္ဒါကလည်း မိမိသည် ကြာဖြူ ကြာနီ စသည်မဟုတ်၊ နီလကဖော်ပြသော ကြာညိုသာ ဖြစ်ပါသည်ဟု ဒြပ်ကိုအကြောင်းပြုပြီး ကြာညိုကိုပင် ဟောညွှန်၏။ သို့ဖြစ်၍ နီလုပ္ပလ ဟူသော သမာသ်ပုဒ်၌ အညိုနှင့်ကြာ ဟူသော အနက်နှစ်ခုသည် သခ သွားပြီး အတူယှဉ်တွဲ တည်ရှိကြလေသည်။ ထို့ကြောင့် တူသောဘည်ရာ ရှိသည်ဟုဆိုခြင်းမှာ အနက်အားဖြင့်သာ တည်ရာတူခြင်း ဖြစ်သည်ဟု ရှင်းပြလေသည်၊

သဒ္ဒတုလျာဓိကရဏ ဆရာတို့ကလည်း ဤသို့ဆိုကြ၏၊ ပုဒ်နှစ်ခုကို ပေါင်းစပ်၍ သမာသ်ပြုရာတွင် ထိုပုဒ်တို့သည် နဂိုက ကွဲပြားသော ကိုယ်ပိုင်အနက် သီးခြားရှိနှင့်ရန်လို၏။ ထိုသို့အနက်သီးခြားရှိ၍ တပုဒ်စီ ကွဲပြားနေရာမှ သမာသ်စပ်လိုက်သောအခါ အနက်တခုတည်း၌ ပေါင်းစည်းလာခြင်းဖြစ်ရာ၏။ နဂိုက အနက်ဘူနေသော ပုဒ်အချင်းချင်းဖြစ်

---

၁။ သဒ္ဒါဒြပ်ဘန်သဒ္ဒါကြီး နိသျသစ်။

နေပါက သမာသ်တွဲသောအခါ တူသောတည်ရာ ရှိသသည်ဟု ဆိုရန် မလိုချေ။

ပုံစံ – ရုက္ခော၊ သစ်ပင်။ မဟိရုဟော၊ သစ်ပင်။ ဤရုက္ခနှင့်မဟိရုဟ နှစ်ပုဒ်ကို သမာသ်ပပ်၍ မဖြစ်ပေ။ ဤပုဒ်နှစ်ခုကို ပေါင်းစပ်ပြီး သစ်ပင် ဟူသော အနက်တခုတည်းကို ဟောညွှန်စေမည်ဆိုပါက အလုပ်ပိုရုံသာမက ပုဒ်ဖောင်းပွမှုလည်း ဖြစ်နေ၏။ ထို့ကြောင့် နဂိုက အနက်တူ ပရိယာယ်ဝေဝုစ် ပုဒ်ချင်းပေါင်းစပ်၍ ကမ္မဓာရည်းသမာသ်ပုဒ် တည်ဆောက်ရန် မလိုကြောင်းသိအပ်ပေသည်။

နီလုပ္ပလ ပုံစံ၌ နီလသည် အညိုရောင်ဟူသောဂုဏ်အနက်ကို ဟောညွှန်၏။ သို့သော် ထိုအညိုရောင်သည် သူ့ချည်းသက်သက် တည်နေနိုင်ရိုးမရှိ။ ပိတုန်း၊ အောင်မဲပန်းစသည့် ဒြပ်ပေါ်မှာသာ မှီခိုနေရမြဲဖြစ်၏။ ထို့ကြောင့် နီလ(အညို)ဂုဏ်သည် ဂုဏ်၏တည်ရာ ဒြပ်အနက်၌ ဖြစ်လေ၏။ ဥပ္ပလ ဟူသောသဒ္ဒါသည် ကြာဟူသမျှနှင့် ပတ်သက်သော ကြာဟူသော အနက်ဒြပ်ကို ဖော်ပြ၏။ ထိုနီလနှင့် ဥပ္ပလကို နီလုပ္ပလ ဟူ၍ သမာသ် လုပ်ယူလိုက်သောအခါ နီလကလည်း ကြာညိုကိုဟော၏။ ဥပ္ပလကလည်း ကြာညိုကိုဟော၏။ ကြာဖြူ၊ ကြာနီ စသည်မှ ထူးခြားသော 'ကြာညို' ဟူသော ကြာတမျိုးကို ပုဒ်နှစ်ပုဒ်လုံးက သဘောတူ ဝိုင်းပြီး ဟောညွှန်လေ၏။ ဤသို့ ကြာညို ဟူသော အနက်ဒြပ်တခုတည်းကိုသာ ဟောညွှန်နိုင်ခြင်းသည် နီလနှင့်ဥပ္ပလသဒ္ဒါတို့ သမာသ်ပုဒ်ဖြစ်ခိုက်၌ တည်ရာ တူကြ၍ဖြစ်လေသည်။ ဤသို့လျှင် ကမ္မဓာရည်းသမာသ်၌ သဒ္ဒါအားဖြင့် တည်ရာ တူကြပုံကို သိအပ်ပေသည်။ ဤသို့ သဒ္ဒါအားဖြင့်သာ တည်ရာတူကြောင်း ရှင်းပြကြလေသည်။

ဤတွင် သဒ္ဒါဟူက၊ ယေဘုယျ၊ မုချမယူရာ – ဟူသော စကားတရပ်။

ဝတ္တိစ္ဆာနု ပုဗ္ဗိကာ သဒ္ဒပဋိပတ္တိ(သဒ္ဒါ၏) ဖြစ်ပေါ်မှုသည် ဆိုလိုသူ၏ အလိုသို့ လိုက်ပါ၏[၁]။

---

၁။ သုတ်သီလက္ခန်ဋီကာသစ်၊ မောင်းဆောင်သာသနာပိုင်။

ဟူသောစကားရင်ကို ပညာရှင်တို့ သတ်ပြုအပ်၏။ ထို့ကြောင့် အနက်အားဖြင့် တည်ရာတူသည် (အတ္ထတုလျာဓိကရဏ) ဟူသော အယူလည်း သူနည်းနှင့်သူ သင့်တန်၏။ သဒ္ဒါအားဖြင့် တည်ရာတူသည်(သဒ္ဒတုလျာဓိကရဏ)ဟူသော အမြင်သည်လည်း ယုတ္တိတန်ပေ၏။ ရှင်မဟာကစ္စည်းမူကား 'ဒွိပဒေ တုလျာဓိကရဏေ'ဟူ၍ သာမန်မျှသာသုတ်တည်ခဲ့၏။ အတ္ထ၊ သဒ္ဒ မခွဲခြားခဲ့ပေ။ ဤသို့ မခွဲခြားခဲ့ခြင်းသည်ပင်လျှင် ဆိုခဲ့ပါဝါဒ နှစ်ရပ်လုံး ယှဉ်ပြိုင်တည်ရှိခွင့်ကို ပေးခဲ့ရာရောက်လေသည်။

## ကမ္မဓာရည်း ဝိဂ္ဂိုဟ်အလယ် က စ နှင့် တ

ဝိဂ္ဂိုဟ်ဆရာတို့က ကမ္မဓာရည်းသမာသ် ပုဒ်ကိုဝိဂ္ဂိုဟ်ပြုရာ၌-
မဟန္တော ပုရိသော မဟာပုရိသော
သို့မဟုတ် - မဟန္တော စ သော ပုရိသော စာ တိ မဟာပုရိသော-
ဟူ၍ နှစ်မျိုး ဝိဂ္ဂိုဟ်ဆိုကြကုန်၏။

ပထမဝိဂ္ဂိုဟ်ဖြင့်ပင် သမာသ်တွဲ၍ ရပါလျက် ဒုတိယဝိဂ္ဂိုဟ်ဆိုပြခြင်းသည် ကမ္မဓာရည်းသမာသ်၏ သဘောလက္ခဏာကို ထင်ရှားစေချင်၍ဖြစ်၏။ 'မဟန္တော စ' ၌ စ သဒ္ဒါ၊ ပုရိသော စ ၌ စသဒ္ဒါတို့က မဟန္တနှင့် ပုရိသ သည် သတတ်[၁] ကွဲပြားသည်ဟု ဖော်ပြကြ၏။ မြင့်မြတ်သော သို့မဟုတ် ကြီးသော သကတ်အရ မဟန္တဟူသော သဒ္ဒါဖြစ်ထွန်းလာ၏။ ကျားကျားယားယား ဖြစ်မှု(ဝါ) မိဘတို့၏ စိတ်နှလုံးကို နှစ်သက်စေမှု သကတ်ကို အစွဲပြု၍ ပုရိသ သဒ္ဒါ ဖြစ်ပေါ်လာရ၏။ ဤကဲ့သို့ ပုဒ်နှစ်ပုဒ်တို့၏ သကတ် ကွဲပြားပုံကို 'စသဒ္ဒါ'ဖြင့် ဖော်ပြလေသည်။

---

၁။ သကတ်=သကတ္ထ(ပါ)=သက+အတ္ထ။ သက=မိမိ။ အတ္ထ=အနက်။ မိမိ၏ အနက်(ဝါ)သဒ္ဒါကို ဖြစ်ပေါ်လာစေသည့် အခြေခံအနက်ကို 'သကတ်'ဟုခေါ်သည်။

ဝိဂ္ဂိုဟ်၏အလယ်၌ ရှိ'သော'(တသန္ဒါ)ဖြင့် ယင်းသို့ သကတ် ကွဲပြား ကြသော်လည်း သမာသ် ပုဒ်ဖြစ်ပေါ်လာသောအခါ ဒြပ်တခုတည်းကို ပင် အတူဟောကြသည်ဟု သိစေသည်။ ဤအချက်သည် ဝိဂ္ဂိုဟ်အနက် အရ ပေါ်လွင်၏။

မဟန္တော စ၊ မြတ်သည်လည်း ဟုတ်၏။ သော၊ ထိုမြတ်၏ ဟူ သည်။ ပုရိသော စ၊ ယောကျ်ားလည်း ဟုတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ မဟာပုရိသော၊ မဟာပုရိသ မည်၏-ဟူပေ။

ကေတ္တိဘာဝေါ သမာသလက္ခဏံ (အနက်တခုတည်း ဖြစ်ခြင်းသည် သမာသ်၏လက္ခဏာ)ဟူ၍ ဆိုသည့်အတိုင်း သော(တ)ပုဒ်၏ ညွှန်ပြချက် အရ မဟာပုရိသ ဟူသော ကမ္မဓာရည်းသမာသ်ပုဒ်သည် ယောကျ်ား အနက်ဒြပ်တခုတည်းကိုသာ ဟောကြောင်း သိရပေသည်။ သမာသ်ဟူက ပုဒ်မည်မျှပါဝင်သည်ဖြစ်စေ၊ လိုရင်းအနက်မှာ တခုတည်းသာဖြစ်ရသည် ဟူလို။

ဘုရားကြီးနိယံ၌ ကမ္မဓာရည်း စ နှင့် တ သဘောကို ဤသို့ဖော်ပြ၏-

ကမ္မဓာရယ၊ စ-နှစ်လုံးမှာ၊ သညာနာမ၊
နိမိတ်-ဗာဟျတ်၊ ပြားလတ်သည်ကို၊ ပြသည်ဆို၏၊
ထိုအလယ်က၊ တ-တလုံးမှာ၊ သညီနာမိ၊
ဒြပ် အန္တက်၊ မပြားလတ်ဘဲ၊ တူလေမြဲဟု၊
မှတ်စွဲကောင်းပြသတည်း။ (၁၉၃)

နိယံ၏ အဓိပ္ပာယ်ကား -

မဟန္တော စ သော ပုရိသော စာတိ မဟာပုရိသော - ဟူသော ကမ္မဓာရည်း ဝိဂ္ဂိုဟ်၌ပါရှိသော စ သဒ္ဒါတို့က မဟန္တနှင့် ပုရိသ သည် အမည်လည်း ကွဲသည်။ မဟန္တ သဒ္ဒါဖြစ်ရန် အကြောင်းနိမိတ်က အမြတ် ဂုဏ်၊ ပုရိသ သဒ္ဒါဖြစ်ရန် အကြောင်းနိမိတ်က ယောကျ်ားဇာတ်။ ထို့ကြောင့် အကြောင်း နိမိတ်ချင်းလဲ ကွဲသည်။ ပစ္စည်းသည် ဗာဟျတ္ထ မည်ရကား မဟန္တ၌ အန္တပစ္စည်း၊ ပုရိသ၌ ဣသပစ္စည်းဖြစ်၍ ဗာဟျတ်

ချင်းလဲ ကွဲသည်။ ဤသို့လျှင် ကမ္မဝါရည်းသမာသ်ပုဒ်၌ ပါရှိသော အတွင်းပုဒ်အချင်းချင်း၊ အနည်နာမ၊ အကြောင်းနိမိတ်၊ အပြင်ဗာဟျတ်တို့ ကွဲပြားသည့်အကြောင်းကို စ-သဒ္ဒါတို့က ပြဆိုလေသည်။

သညီ၊ နာမီ ဟူသည် အမည်သညာကို ခံဆောင်ထားသောအမည်ရှိ ဒြပ်ကို ဆိုလိုသည်။ မြတ်သောယောကျ်ား(ဝါ)ယောကျ်ားမြတ်ဆိုရာ၌ ယောကျ်ားဒြပ်သည် မဟန္တဟူသောအမည်နှင့် ပုရိသ ဟူသော အမည် နှစ်မျိုးလုံး၏ တည်ရာဖြစ်သည်။ ထို့ပြင် အမြတ်ဂုဏ်နှင့် ယောကျ်ား ဇာတ်ဟူသော အကြောင်း နိမိတ်နှစ်ခုလုံး၏ တည်ရာလည်း ဖြစ်သည်။ ဤသို့ အနက်ဒြပ်မကွဲပြား တသားတည်း တခုတည်းဖြစ်ကြောင်းကို 'သော'(တ) ဟူသော အလယ်စကားက ပြသည်။

ဤကား ကမ္မဝါရည်းသမာသ်နှင့်ပေပ်လျဉ်း၍ ဘုရားကြီးဆရာတော်၏ အာဘော်ပေတည်း။

## ကမ္မဝါရည်း အမျိုးမျိုး

ရှင်မဟာကစ္စည်းက 'ဒွိပဒေ တုလျာဓိကရဏေ ကမ္မဓာရယော' ဟူ၍ ဒွိပဒ (ပုဒ်နှစ်ပုဒ်)ဟု သာမန် ဖော်ပြခဲ့သော်လည်း နှစ်ပုဒ်မက သုံးပုဒ် တွဲစပ်ပြီး၍လည်း ကမ္မဝါရည်း သမာသ် ဖြစ်နိုင်သေး၏။ ပုံစံ-

စိတ္တသံသဋ္ဌ စိတ္တသမုဋ္ဌာနစိတ္တသဟဘူ ဟူသောပုဒ်၌ စိတ္တသံသဋ္ဌတပုဒ်၊ စိတ္တသမုဋ္ဌာနတပုဒ်၊ စိတ္တသဟဘူ တပုဒ်၊ ဤသုံးပုဒ်ကိုပေါင်း၍ ကမ္မဝါရည်းသမာသ် ပြုအပ်သည်ဟု ဆရာမြတ်တို့ ဆိုကြကုန်သည်[၁]။

ထို့ပြင် ပါဠိဘာသာ၌ ပုဒ်နေပုဒ်ထားအလိုက် ကမ္မဝါရည်းသမာသ် အမျိုးအစားပေါင်း ကိုးမျိုးရှိကြောင်း ဗျာကရုဏ်းဆရာတို့ ခွဲခြားပြခဲ့ကြကုန်၏။

---

၁။ အဋ္ဌသာလိနီ အဋ္ဌကထာ၊ ရှင်မဟာဗုဒ္ဓဃောသ။

ကမ္မဓာရည်း သမာသ်သည်လည်း–

၁။ ဝိသေသန ပုဗ္ဗပဒ ကမ္မဓာရည်း (ဝိသေသန ရှေ့ရှိ)

၂။ ဝိသေသန ပရပဒ ကမ္မဓာရည်း (ဝိသေသန နောက်ရှိ)

၃။ ဝိသေသနော ဘယပဒ ကမ္မဓာရည်း(နှစ်ပုဒ်လုံးဝိသေသန)

၄။ ဥပမာ ကမ္မဓာရည်း (နှိုင်းယှဉ်မှုပါ)

၅။ သမ္ဘာဝနာ ကမ္မဓာရည်း (ချီးပင့်မှုပါ)

၆။ အဝဓာရဏ ကမ္မဓာရည်း(ဧဝ-ဟူသောကန့်သတ်ချက်ပါ)

၇။ ကုနိပါတ ပုဗ္ဗပဒ ကမ္မဓာရည်း (ကုနိပါတ်ပုဒ်ရှေ့ရှိ)

၈။ နနိပါတ ပုဗ္ဗပဒ ကမ္မဓာရည်း (န နိပါတ်ပုဒ်ရှေ့ရှိ)

၉။ ပါဒိပုဗ္ဗပဒ ကမ္မဓာရည်း (ပ-စသော ဥပသာရရှေ့ရှိ)
အားဖြင့် ကိုးပါးအပြားရှိ၏။

၁။ **ဝိသေသနရှေ့ရှိ ကမ္မဓာရည်း။** ပုံစံ- မဟာပုရိသော၊ မဟာ= မြတ်။ ပုရိသ=ယောကျ်ား။ ဤ၌ အမြတ် ဟူသော အထူးပြု ဝိသေသန ပုဒ်သည် ရှေ့က တည်၏။

၂။ **ဝိသေသနနောက်ရှိ ကမ္မဓာရည်း။** ပုံစံ- ဂဏုတ္တမော၊ ဂဏ= ဂိုဏ်း၊ ဥတ္တမ=မြတ်သော၊ အမြတ်ဟော ဥတ္တမသဒ္ဒါသည် နောက်က တည်၏။

၃။ **စွယ်စုံ ဝိသေသန ကမ္မဓာရည်း။** ပုံစံ- သဏှ သုခုမော၊ သဏှ= သိမ်မွေ့၊ သုခုမ= နူးညံ့၊ သိမ်မွေ့သော၊ နူးညံ့သော ဝိသေသနချည်း နှစ်ပုဒ်ပါရှိ၏။

၄။ **နှိုင်းယှဉ်မှုပါ ကမ္မဓာရည်း။** ပုံစံ- မုနိသီဟော၊ မုနိ=ဘုရား၊ သီဟ=ခြင်္သေ့၊ ခြင်္သေ့ကဲ့သို့ ရဲရင့်သော ဘုရား။ နှိုင်းယှဉ်ချက်ပါ၏။

---

၁။ သဒ္ဒါကြီးပုဒ်စစ်စုံ၊ သမာသ်ပုဒ်စစ်။

၅။ ချီးမြှောက်မှုပါကမ္မဓာရည်း။ ပုံစံ- အနိစ္စသညာ၊ အနိစ္စ= မမြဲ၊ သညာ=အမှတ်၊ ဝိဂြိုဟ်ဆိုရလျှင် အနိစ္စာ ဣတိ သညာ အနိစ္စ သညာ ဟုပြု။ ဤ သညာသည် သာမန်မဟုတ်ပါ။ အနိစ္စပါတကား ဟု အမြင်မှန်ကိုပြသော သညာတည်းဟု ချီးကျူးမှုသဘောပါ၏။

၆။ **အဝဓာရဏကမ္မဓာရည်း။** ပုံစံ- ဂုဏဓနံ၊ ဂုဏ်သာလျှင် ဥစ္စာ။ ဤတွင် ဝိဂြိုဟ်ကျင်းသောအခါ ဂုဏောဧဝ ဓနံ ဟု ဧဝ= သာလျှင် ဟူသော စကားထည့်ဆိုရ၏။ ဂုဏ်မှတပါး အခြားသော ပစ္စည်းကို ကန့်သည်။

၇။ **ကုနိပါတပုဗ္ဗပဒကမ္မဓာရည်း။** ပုံစံ- ကုပုတ္တော၊ စက်ဆုပ်ဖွယ် သား။ 'ကု' သည် ကုစ္ဆိတ = စက်ဆုပ်ဖွယ် အနက်ဟော၏။

၈။ **နနိပါတပုဗ္ဗပဒကမ္မဓာရည်း။** ပုံစံ- အဗြာဟ္မဏော၊ ပုဏ္ဏားတု 'အ'သည် န၏ ကာရိယ (နမှ ဖြစ်လာသော အ)တည်း။ ယင်းအ(န) သည် သဒိသဘော ဂုဏ်ကိုပြ၏။ အစစ်မဟုတ် တုကာမျှ အတုဟု ဆို လိုသည်။

၉။ **ပါဒိပုဗ္ဗပဒကမ္မဓာရည်း။** ပုံစံ—ပါဝစနံ-ပြဋ္ဌာန်းသော စကား တော်။ ပါဝစနံ ကို ပ+အာ+ဝစနံ ဟု ပိုင်း၍ပြီး ပကဋ္ဌံ ဝစနံ ပါဝစနံဟု ဝိဂြိုဟ်ပြု။ 'ပ'သည် ဥပသာရပုဒ်တည်း။ ဥပသာရပုဒ်ပေါင်း (၂၀) ရှိသည့်အနက် တလုံးလုံး ရှေ့ကနေပြီး သမာသ်စပ်နိုင်၏။

အဗျယီဘောသမာသ်နှင့် ဤနိပါတ၊ ဥပသာရ ပုဗ္ဗကမ္မဓာရည်း သမာသ်တို့၏ ထူးခြားချက်မှာ – အဗျယီဘော သမာသ်၌ ရှေ့၌တည် သည့် ဥပသာရပုဒ် နိပါတ်ပုဒ်တို့၏ အနက်ပြဋ္ဌာန်း၏။ ပုံစံ- ဥပနဂရံ ဆိုလျှင် မြို့ကိုမရ၊ 'ဥပ' သဒ္ဒါကညွှန်သော မြို့အနီးရှိ စကားကိုသာ ကောက်ယူရ၏။ ဤ ကုနိပါတ၊ နနိပါတ၊ ပါဒိပုဗ္ဗကမ္မဓာရည်းတို့ကား နှစ်ပုဒ်တည်ရာတူပြီး အနက်တခုတည်းကို ဖော်ပြ၏။ အထက်ပါ ပုံစံ များကို ပြန်ကြည့်ပါလေ။

ဤအထိကား ပါဠိကမ္မဓာရည်းသမာသ် ရှင်းလင်းချက်တည်း။

## မြန်မာကမ္ဘဒရည်း သမာသ်များ

သဒ္ဒါ၏အခြေခံသည် ဘာသာစကားဖြစ်၏။ စကား၏ အခြေခံသည် အသံဖြစ်၏။ အသံ၏ အခြေခံသည်အသံပြုသူ လူသား၏စိတ်ဆန္ဒပင်ဖြစ်၏။ မည်သည့် လူမျိုးမဆို လူ့သဘာဝချင်း၊ လူ့စိတ်ဆန္ဒချင်း၊ အခြေခံချင်း တူကြသည်။ မိမိတို့၏ စိတ်ဆန္ဒကို အခြေခံပြီး အသံပြုပုံချင်းလည်း တူကြသည်။ သို့သော် အသံကို သင်္ကေတ ပုံသွင်းသော အဆင့်တွင်သာ ကွဲပြားကြခြင်းဖြစ်၏။ သင်္ကေတ ကွဲပြားခြင်းကြောင့် ဘာသာစကား ကွဲပြားခြင်း ဖြစ်ပေသည်။ ဥပမာအားဖြင့် လယ်ထွန်ရသော ခြေလေးချောင်း သတ္တဝါတကောင်ကို ပါဠိက ဂေါ ဟု အသံပြုသည်။ မြန်မာက နွား ဟု အသံပြုသည်။ အင်္ဂလိပ်က အောက်စ်ဟု အသံပြုသည်။ သို့သော် ထိုဘာသာ အသီးသီးက ဖော်ပြသော ဒြပ်ကောင် အနက်မှာမူ အတူတူပင် ဖြစ်လေသည်။

ထို သတ္တဝါ သွားသည်ကိုလည်း ပါဠိက ဂေါဂစ္ဆတိ၊ မြန်မာက နွားသွားသည်။ အင်္ဂလိပ်က The ox goes ဟု ပြောလေသည်။ ထိုအခါ ဒြပ်ကို နာမ်၊ အမူအရာကို ကြိယာ၊ ဒြပ်ပြ ဝေါဟာရကို နာမ်ပုဒ်၊ အမူအရာပြ ဝေါဟာရကို ကြိယာပုဒ်ဟု ဆိုလာရလေသည်။

သို့ဖြစ်သောကြောင့် သဘောတရားကို အခြေခံသော သဒ္ဒါ၊ ကောင်းမွန်သော သဒ္ဒါမှန်လျှင် မည်သည့်ဘာသာ မည်သည့်သဒ္ဒါ၌မဆို ဝင်ဆံ့လေသည်။

ဤသို့ သဒ္ဒါကို သဘောပါပါ မသုံးသပ်ကြ၍ ပါဠိသဒ္ဒါက စည်းမျဉ်းကိုယူ၍ အသုံးပြုလျှင် မြန်မာသဒ္ဒါမဟုတ်၊ ပါဠိသဒ္ဒါဖြစ်သည်ဟု လည်းကောင်း၊ ပါဠိဝေါဟာရကိုသုံးလျှင် ဝေါဟာရကိုသာကြည့်ပြီး မြန်မာသဒ္ဒါ မဟုတ်၊ ပါဠိသဒ္ဒါပင် ဖြစ်သည်ဟု လည်းကောင်း၊ ဝေဖန်မိတတ်ကြကုန်သည်။ သို့သော် ဤသို့ကား မဟုတ်ပါချေ။ ပမာအားဖြင့် သက္ကတပါဏိနိကျမ်းက သဒ္ဒဥပဒေသများကို နည်းယူပြုစုသော အင်္ဂလိပ်သဒ္ဒါများသည် သက္ကတသဒ္ဒါ မဖြစ်သကဲ့သို့ ပေတည်း။

ဤသို့ စကားခံသည်မှာ အခြားကြောင့်မဟုတ်၊ ပါဠိသမာသ်များ ရှိသကဲ့သို့ မြန်မာသမာသ်များ (ဝါ) မြန်မာစကားလုံးတွဲများ ရှိပုံကို ဖော်ပြလို၍ ဖြစ်ပေသည်။

ပါဠိသမာသ်နည်းကိုကြည့်လျှင် ပုဒ်များကိုကျဉ်းအောင် ချုံးခြင်း၊ ပေါင်းစပ်အသုံးချခြင်းဟူသော အခြေခံလက္ခဏာကို တွေ့ကြရသည်။ မြန်မာ၌လည်း ဤကဲ့သို့စကားလုံးဝေါဟာရများကို ချုံးချုံးတွဲစပ်ထားသော ဝေါဟာရ အမြောက်အမြားတို့ရှိချေသည်။ ထိုလုံးတွဲ မြန်မာဝေါဟာရကို မြန်မာသမာသ်ပုဒ်များဟူ၍ ခေါ်နိုင်သည်သာ။ သို့သော် မြန်မာသည် ပါဠိကဲ့သို့ လိင်၊ ယုဂ်၊ စသည်လိုက်ဖွယ်မရှိချေ။

အောက်ပါဝေါဟာရများသည် မြန်မာကမ္ဗောဇရည်း သမာသ်များ အနက်မှ ပုံစံအချို့ ဖြစ်၏။

| | |
|---|---|
| ရှင်နှောင်း | (အငယ်ဆုံး မိန်းကလေး) |
| သူတော် | (တော်သောသူ) |
| ယောကျ်ားမြတ် | (မြတ်သောယောကျ်ား) |
| လူ့ငနွား | (နွားကဲ့သို့ မိုက်သောသူ) |
| လှလွန်းဆော့ | (အလွန်တရာလှသောမိန်းကလေး) |
| သူတော်ကောင်း | (တော်သူ ကောင်းသူ) |
| သန်းမကြီး | (အလွန်တရာကြီးသောသန်း) |
| စောရဲဘုန်းစည် | (ရဲရင့်ပြီး ဘုန်းကြီးသော အရှင်) |
| လူ့တိရစ္ဆာန် | (တိရစ္ဆာန်လို မိုက်မဲသောသူ) |

ထို့ပြင် လူကြီး သူကြီး၊ သူဌေးသူကြွယ် စသည်ဖြင့် မြန်မာကမ္ဗောဇရည်း သမာသ်ပုဒ်အများအပြားကိုလည်း မြန်မာစာပေနှင့် မြန်မာဘာသာလောက၌ တွေ့မြင်နိုင်ကြသည် ဖြစ်ပါသတည်း။

ထိုသို့ ပါဠိမြန်မာ နှစ်ဘာသာအကျိုးသက်ရောက်မှုရှိ၍ပင် 'ကမ္မဝါရည်း၊ သမာသ်နည်း၊ ကစ္စည်းမိန့်သံချို' ဟူ၍ ဦးသြကာ သတိရစေရန် ထည့်သွင်းရေးသားခဲ့သလောဟု တွေးတောဖွယ်ဖြစ်ပါသည်။ ဤကား ပါဠိမြန်မာ နှစ်ဘာသာလုံးအတွက် ထိုသံပေါက်၏အဖြေနိဂုံး ဖြစ်ပါသတည်း။

# နေ့ညှိဆိုင်ရာ သတ်ပုံသံပေါက်

## (၄) ပုဒ်၏အဖြေ

## ၂၆။ ဟာရအာဝတ် သာသူးမြတ်၊ ဝိဘတ္တိနည်းအင်။

ဤသံပေါက်သည် ၁၉၆၂-ခု ဟံသာဝတီ ပုံနှိပ်တိုက်ထုတ် စာအုပ်၌ "အာဟာရဓာတ်၊ သာထူးမြတ်၊ ဝိဘတ္တိနည်းအင်" ဟု ဖြစ်နေ၏။ သို့သော် 'အာဟာရဓာတ်' အစား 'ဟာရအာဝတ်' ဟု ဤခေါင်းစဉ်အတိုင်း စကားအမှန်ရှိရမည်။ ဤအချက်ကိုစိစစ်ဖော်ပြပါအံ့။

### စိစစ်ချက်

ဦးညွှသည် မိမိသတ်ပုံ၌ သဒ္ဒါအကြောင်း၊ အဘိဓာန်အကြောင်း၊ အလင်္ကာအကြောင်း၊ ဆန်းအကြောင်း၊ နေတ္တိအကြောင်း စသည်ကို ထည့်သွင်းစပ်ဆိုရာတွင် သံပေါက်အုပ်စုကလေးများဖွဲ့၍ ဖော်ပြတတ်သည်ကို တွေ့ရသည်၊ ဤတွင် သံပေါက်အမှတ်၊

၁၁၂၃ – သာထူးမြတ်၊ ဝိဘတ္တိနည်းအင်၊

၁၁၂၄ – နေတ္တိကျမ်းမြတ်၊ ပရိဝါသ်၊ ပညတ္တိပုံပြင်၊

၁၁၂၅ – နန္ဒိယာဝဋ်၊ နည်းထူးမြတ်၊ တုလွတ်နေတ္တိပင်၊

ဟူ၍ ပါရှိရာ ဤသံပေါက်သုံးမျိုးလုံးသည် နေတ္တိကျမ်းအကြောင်းကို ချည်း ဖွဲ့ဆိုထားကြောင်း သိသာထင်ရှားလှပေသည်။

ထိုနေတ္တိကျမ်း၌ 'ဟာရ၊ နယ၊ သာသနပဋ္ဌာန' ဟု ကဏ္ဍသုံးရပ်ရှိရာ ဟာရပေါင်း(၁၆)ပါး၌ အာဝတ္တဟာရ ပါရှိလေသည်။ 'အာဟာရဓာတ်' အတွက် ကောက်ယူဘွယ်ရာတစုံတရာမျှ မပါရှိချေ။

ထို့ပြင် ကင်းဝန်မင်းကြီး၏ တိုက်တွန်းချက်အရ နေမျိုးမင်းထင် သိခ်သူ ပြုစုသော ကဝိလက္ခဏာအတို့ကောက် အတ်ကာရန္တ သမူဟ

ကလ္လာ ဝသတ် အစုတွင် 'ဟာရအာဝတ်'ဟူသော ဝေါဟာရကို ဖော်ပြထား၏။

ဟံသာဝတီပုံနှိပ်တိုက်ထုတ် ကဝိလက္ခဏာ အတိုကောက်စာအုပ်၏ အမှာစကား၌ ဟာရအာဝတ် ဟူသော စကားပါသည့် သတ်ပုံသံပေါက် မတွေ့ရဟု ဆိုပြီး ကြက်ခြေခတ်(+)ဖြင့် ဖော်ပြထား၏။

နေမျိုးခင်းထင်သိခ်သူသည် ကဝိလက္ခဏာသတ်ပုံသံပေါက် စာကိုယ်တွင် ပါရှိသော သတ်ပုံဝေါဟာရတို့ကိုသာ အတိုကောက် ပြုလုပ်ခြင်း ဖြစ်သည်။ မပါသော စကားလုံးဝေါဟာရများကို အပိုသည့်ခြင်းမဖြစ်နိုင်ချေ။

ဤသို့လျှင် 'အာဟာရခာတ်'ဟူသောအချက်သည် နေတ္တိနှင့်သက်ဆိုင်ခြင်း၊ ကဝိလက္ခဏာအတိုကောက်တွင် နေတ္တိဆိုင်ရာ 'ဟာရအာဝတ်' ဟူသော စကားပါရှိနေခြင်းတို့ကြောင့် ထိုသံပေါက်အမှတ် ၁၁၂၃ စာမူအမှန်မှာ ဟာရအာဝတ်၊ သာထူးမြတ်၊ ဝိဘတ္တိနည်းအင်သာဖြစ်ကြောင်း ကောင်းစွာသိရပေသည်။

သံပေါက်၏အဓိပ္ပာယ်ကား-နေတ္တိဟာရ(၁၆)မျိုးသုံးတွင် အာဝတ္တဟာရနှင့် ဝိဘတ္တိဟာရ တို့သည် သာလွန်ထူးမြတ်လှပေသည် ဟူ၍။

## ဖွင့်ဆိုရှင်းလင်းချက်

နေတ္တိကျမ်းလာ ဟာရ(၁၆)မျိုးတို့ကား-

ဒေသနာဟာရ၊ ဝိစယဟာရ၊ ယုတ္တိဟာရ၊ ပဒဋ္ဌာနဟာရ၊
လက္ခဏဟာရ၊ စတုဗျူဟဟာရ၊ အာဝတ္တဟာရ၊ ဝိဘတ္တိဟာရ၊
ပရိဝတ္တနဟာရ၊ ဝေဝစနဟာရ၊ အဓိဋ္ဌာနဟာရ၊
သောခနဟာရ၊ ပညတ္တိဟာရ၊ ဩတရဏဟာရ၊ ပရိက္ခာရဟာရ၊
သမာရောပနဟာရ-

တို့ဖြစ်ကြလေသည်။

'ဟာရ' အဓိပ္ပာယ်မှာ 'မသိခြင်း၊ ယုံမှားခြင်း၊ ဖောက်ပြန်ခြင်းတို့ကို ပယ်ရှားတတ်သောကြောင့် 'ဟာရ'မည်လေသည်။

## အာဝတ္တဟာရ အဓိပ္ပာယ်

အာဝတ္တဟာရ - ဟူသည်ကား သုတ်တရားတော် တရပ်ရပ်၏ အနီးကပ် အကြောင်းတရား (ပဒဋ္ဌာန်)ကို ရှာယူပြီး ယင်းနှင့်သဘောတူ သဘာဂတရား၊ သဘောကွဲပြားသော ဝိသဘာဂတရားတို့ကို လည်ပတ်စေတတ်သော လုပ်နည်းလုပ်ဟန်တခုဖြစ်သည်။

'ယံ လောကော ပူဇယတေ' ဟူသော သုတ်ပုဒ်ကို ပုံစံအဖြစ်ထုတ်ဆောင်အပ်၏။ လောကသည် မြတ်စွာဘုရားအား ပူဇော်၏ ဟူလို။

ပူဇော်သမှုပြုရာတွင် ပူဇော်ခံဘုရားဟူသော ခေတ်၊ ပူဇော်သူစိတ်ဓာတ်ဟူသော အဇ္ဈာသယ တို့ ပြည့်စုံမှုရှိကြောင်း သိရ၏။ သို့ပြည့်စုံသောကြောင့် ထူးမြတ်သောကုသိုလ် ပုညကိုရရှိလေသည်။

ယင်း ကုသိုလ်ပုည ဖြစ်လာရခြင်း၏အကြောင်း(ပဒဋ္ဌာန်)အဆက်ဆက်သည်ကား ယောနိသောမနသိကာရ - အသင့်အလျော် စိတ်ထားတတ်မှု၊

ယင်း၏ပဒဋ္ဌာန်ကား သဒ္ဓမ္မသဝန - သူတော်ကောင်း တရားကို နာကြားမှု၊

ယင်း၏ပဒဋ္ဌာန်ကား သပ္ပုရိသူပနိဿယ-သူတော်ကောင်း တရားကို မှီဝဲဆည်းကပ်မှု၊

ယင်း၏ပဒဋ္ဌာန်ကား နဝမခဏ - ဘုရားပွင့်သော အချိန် ကာလ ကြုံရမှု၊

ယင်း၏ ပဒဋ္ဌာန်ကား စက္ကသမ္ပတ္တိ= ပုဗ္ဗေ စ ကတပုညတာ စသော စက်လေးပါးနှင့် ပြည့်စုံမှု၊

ယင်း ပဒဋ္ဌာန်ကားအပ္ပမာဒ = ကုသိုလ်ဖက်၌ မမေ့ မပျောက်တတ်မှု၊

စသည်တို့ ဖြစ်သည်။

ဤပဒဋ္ဌာန်အဆက်ဆက်တို့တွင် ယောနိသော မနသိကာရကို ယူသဖြင့် ထို ယောနိသော မနသိကာရလျှင် အကြောင်းလည်းရှိကုန်သော ကုသိုလ်တရားတို့ ဖြစ်ပွားမှုသည် လည်ပတ်လာကုန်၏။ ပူဇော်ခြင်း ကုသိုလ် အပြင် အခြားသော ကုသိုလ်များစွာတို့ ဆက်ပွား ဖြစ်ပေါ်ကုန်၏ ဟူလို။

ကျန်သော သဒ္ဓမ္မသဝန စသည့်တို့နှင့် စပ်လျဉ်း၍လည်း ကုသိုလ်ပုညကို ဆက်၍ ဆက်၍ ဖြစ်ပွားလည်ပတ်ကြလေသည်။ ဤသည်တို့ကား မူလပူဇော်ခြင်းအမှုနှင့် သဘောတူ ဖြစ်ပေါ်ကြသော သဘာဂတရားတို့၏ လည်ပတ်ပုံပေတည်း။

ဝိသဘာဂတရားတို့၏ လည်ပတ်ပုံကား - ပူဇော်ခြင်း၏ ဆန့်ကျင်ဘက် မပူဇော်ခြားကိုလည်း ယူရသည်။ မပူဇော်ခြင်း၏ အနီးကပ်အကြောင်း (ပဒဋ္ဌာန်) အဆက်ဆက်တို့ကား အယောနိသော မနသိကာရ၊ အသဒ္ဓမ္မသဝန၊ အသပ္ပုရိသူ ပနိဿယ၊ ခဏာတီတ၊ စက္ကဝိပတ္တိ၊ ပမာဒတရားတို့ ပေတည်း။

မသင့်မတင့်နှလုံးသွင်းဆင်ခြင်မှု (အယောနိသောမနသိကာရ) ကြောင့် အကုသိုလ်တရား တို့ဖြစ်ပွားလာကြ၏။ အကုသိုလ်အဆက်ဆက်တို့လည်ပတ်ကြကုန်၏။ မသူတော်တရားကို နားထောင်မိမှု (အသဒ္ဓမ္မသဝန) စသည် တို့ကြောင့်လည်း အကုသိုလ်တရားတို့ လည်ပတ်ကြကုန်၏။

ဤသို့လျှင် မူတည်သုတ်ပုဒ်တခုနှင့် စပ်လျဉ်း၍ သဘာဂတရားတို့ လည်ပုံ၊ ဝိသဘာဂတရားတို့လည်ပုံကိုပြသော ဟာရသည် အာဝတ္တဟာရပေတည်း။

## ဝိဘတ္တိဟာရ အဓိပ္ပာယ်

ဝိဘတ္တိဟာရ ဟူသည်ကား- သုတ်၌လာသော တရားတို့ကို ဓမ္မ၊ ဘုံ၊ ပဒဋ္ဌာန်၊ ဆက်ဆံ၊ မဆက်ဆံ၊ အမည်၊ ဝတ္ထု တို့ဖြင့် ဝေဘန်ခြင်း လက္ခဏာရှိသော ဟာရ ပေတည်း။

ထို ဝိဘတ္တိဟာရ၌ အဓိကအားဖြင့် ဓမ္မဝိဘတ္တိ၊ ဘူမိဝိဘတ္တိ၊ ပဒဋ္ဌာန် ဝိဘတ္တိ ဟူ၍ အပိုင်းသုံးပိုင်းပါရှိ၏။ ပူဇာ စ ပူဇနေယျာနံ ကို ပုံစံအဖြစ် ထုတ်ဆောင်အပ်၏။

ဓမ္မဝိဘတ္တိ၊ ဓမ္မအားဖြင့် ဝေဘန်ပုံကား 'ပူဇာ'ဟူသော ပုဒ်၏အရ ပူဇော်ခြင်းကိုပြုသော ကြိယာ အမူအရာကိုရ၏။ အမူအရာသည် စင်စစ် ပူဇော်ခြင်းကိုပြုသော စိတ်စေတသိက်များ ဖြစ်ပေါ်မှု (စိတ္တုပ္ပါဒ်)ပင် တည်း

ထိုစိတ္တုပ္ပါဒဟူသော အမည်၊ ထိုစိတ္တုပ္ပါဒ် သည် မည်သည့်ပူဇော်သူ၌ မဆို ဖြစ်သောကြောင့် ဖြစ်ရာ ပုဂ္ဂိုလ်သာမန်၊ ပူဇော်ခံ အာရုံလည်း သာမန်၊ ဤသို့ တည်ရာဝတ္ထုအားဖြင့် ဆက်ဆံပေ၏။ ပစ္စည်း၊ ဝတ္ထုပူဇော်မှု (အာမိသပူဇာ)၊ တရားပူဇော်မှု (ဓမ္မပူဇာ) စသော အသီးသီးသော အမည်၊ ပူဇော်သူ၊ အပူဇော်ခံသူ ဟူသော တည်ရာဝတ္ထုအားဖြင့် မဆက်ဆံ၊ ဤသို့ ဓမ္မအားဖြင့် ဆက်ဆံမှု (သာဓာရဏ)၊ မဆက်ဆံမှု (အသာဓာရဏ)ကို စိတ်ဖြာဝေဘန်ပြခြင်းသည် ဓမ္မဝိဘတ္တိပေတည်း။

ဘူမိဝိဘတ္တိ၊ ဘုံအားဖြင့် ဝေဘန်ပုံကား- ပူဇော်ခြင်း၊ အမူအရာ ကြိယာဟူသော စိတ္တုပ္ပါဒ်သည် အပါယ်ဘုံ၊ ကာမဘုံ၊ ရူပဘုံ ဟူသော ဘုံလေးပါးလုံး၌ ဖြစ်နိုင်၏။ ထို့ကြောင့် စတုဘူမိက ဟူသော အမည် သာမန်၊ ဘုံလေးပါးဟူသော တည်ရာဝတ္ထု သာမန်အားဖြင့် ဆက်ဆံ၏။ အသီးသီးသောအမည် ဝတ္ထုဝိသေသနအားဖြင့်ကား မဆက်ဆံ။ ဤကား ဘူမိဝိဘတ္တိပေတည်း။

ပဒဋ္ဌာနဝိဘတ္တိ၊ ပဒဋ္ဌာန်အားဖြင့် ဝေဘန်ပုံကား- ပူဇော်ခြင်းသည် မရေမတွက်နိုင်အောင် များပြားသော အကျိုးတရားတို့ကို ရရှိခြင်း၏ ပဒဋ္ဌာန်ပေတည်း။ ထိုပဒဋ္ဌာန်သည် အကြောင်း သာမညဟူသော အမည်၊ ပူဇော်သော ဝတ္ထုအားဖြင့် ဆက်ဆံပေ၏။ အကျိုးတမျိုးစီကို ရခြင်း၏ အကြောင်း ပဒဋ္ဌာန်ဟူသောအမည်၊ ဝတ္ထုတို့အားဖြင့်ကား မဆက်ဆံ။

ပူဇော်ခြင်းအမှုကို သတ်မှတ်ထားလျက် ပူဇော်ခြင်းအမှုကို ဖြစ်လာစေသော မပူဇော်မီ ရှေးအဖို့ကဖြစ်နိုင်သော ယောနိသော မနသိကာရ စသည်တို့သည် 'ပူဇော်ခြင်း'၏ ပဒဋ္ဌာန်များတည်း။ တဖန် ပူဇော်ခြင်းသည် ဝမ်းမြောက်ရမှု (ပါမောဇ္ဇ)၊ နှစ်သက်ရမှု (ပီတိ)၊ ငြိမ်းချမ်းရမှု (ပဿဒ္ဓိ)၊ ချမ်းသာရမှု (သုခ) စသော ကောင်းကျိုး အဆက်ဆက်၏ ပဒဋ္ဌာန်ပေတည်း။ ဤကား ပဒဋ္ဌာန်အားဖြင့် ဝေဘန်ခြင်းတည်း။

ဖော်ပြပါ အကြောင်းအရာတို့ကို ဖတ်ရှုသုံးသပ်ကြည့်လျှင် အာဝတ္တဟာရနှင့် ဝိဘတ္တိဟာရတို့သည် ကုသိုလ် အကုသိုလ် အရေးအခင်း၌ ကြွယ်ကြွယ်ဝဝ ဝေဘန်စိစစ်ပြထားသည်ကို သိရပေသည်။ ဘုရားရှင်၏ စကားတော်ကို အပွင့်ကားစေပြီး အမြင်ကျယ်စေလေသည်။ ထို့ကြောင့် ပင် ဦးသြက ဤ အာဝတ္တဟာရနှင့် ဝိဘတ္တိဟာရနှစ်မျိုးကို 'သာထူးမြတ်' ဟု ရေးဖွဲ့ခဲ့ခြင်းဖြစ်ပေရာသည်။

# ၂၇။ နေတ္တိကျမ်းမြတ်၊ ပရိဝတ်၊ ပညတ္တိ ပုံပြင်။

မြတ်သော နေတ္တိကျမ်း၌ ပရိဝတ္တနဟာရ၊ ပညတ္တိဟာရတို့ကို ပုံစံ၊ ဥဒါဟရုဏ်များစွာတို့ဖြင့် ဖော်ပြပါရှိလေသည်။

## ပရိဝတ် ပရိဝါသ် စိစစ်ချက်

၁၉၆၂-ခုနှစ်၊ ဟံသာဝတီတိုက်ထုတ် ကဝိလက္ခဏာသတ်ပုံသံပေါက်စာအုပ်၌ နေတ္တိကျမ်းမြတ်၊ ပရိဝါသ်ဟု ရှိ၏။ ယင်းတိုက်ထုတ် ကဝိလက္ခဏာ အတိုကောက် ဝသတ်ကဗျာ၌မူ 'ပရိဝတ်'ဟု ရှိသည်။

တဖန် ကဝိလက္ခဏာသတ်ပုံသံပေါက် အမှတ် ၁၀၆၂ သည်ကား—

'အဗ္ဘာန် မာနတ်၊ ပရိဝါသ်၊ အာပတ်ဖြေ သုတ်သင်'

ဖြစ်ပေသည်။

ဝတ် နှင့် ဝါသ် အသံထွက်တူ၏၊ စာလုံးပေါင်းနှင့် အဓိပ္ပာယ်များစွာ ကွဲလွဲ၏။ ပရိဝတ္တန (ပါ) မှ ပရိဝတ်ဖြစ်၏။ ပရိဝါသ (ပါ) မှ ပရိဝါသ်ဖြစ်၏။ 'ပရိဝတ္တန' ဟူသည် ပရိဝတ္တနဟာရ ဟူသော နေတ္တိဟာရတမျိုးဖြစ်၏။ 'ပရိဝါသ' ဟူသည် သံဃာဒိသိသ် အာပတ်သင့်သော ရဟန်းအတွက် ဆောက်တည်ရသော ကျင့်ဝတ်တမျိုးဖြစ်၏။

ဖော်ပြပါ သံပေါက် အမှတ် ၁၁၂၄ သည် 'နေတ္တိကျမ်းမြတ်'ဟူသော စကားအရနေတ္တိအကြောင်းစပ်ဆိုသည်မှာ ထင်ရှား၏။ ထို့ကြောင့် နေတ္တိဆိုင်ရာ 'ပရိဝတ်'ဟူသော ပါဠိဝေါဟာရသာ ဖြစ်ရမည်။ ဝိနည်းဆိုင်ရာ ပရိဝါသ်ဟူသော စကားမသင့်ချေ။ ထိုသံပေါက် အမှန်ကား—

နေတ္တိကျမ်းမြတ်၊ ပရိဝတ်၊ ပညတ္တိပုံပြင်၊

ဖြစ်ပေသည်။

## ဖွင့်ဆို ရှင်းလင်းချက်

'နေတ္တိ'ဟူသည်ကား–

ဆဋ္ဌသံဂါယနာတင် ပါဠိတော် (၅၃) ကျမ်း၊ ကျမ်းစာအုပ်ရေ (၄၀)တို့တွင် နေတ္တိပါဠိတော်ကျမ်း တကျမ်းပါရှိသည်။ ထိုနေတ္တိ ပါဠိတော်ကို မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ဟောကြားသည်မဟုတ်။ မြတ်စွာဘုရားရှင်၏ တပည့်သား ရဟန္တာ၊ အကျဉ်းကို အကျယ်ဖွင့်ရာ၌ ဧတဒဂ်ရသော ရှင်မဟာကစ္စည်းထေရ် ဟောကြားခဲ့သည်။ သို့သော် ပါဠိတော်ကဲ့သို့ပင် လေးစားဖွယ်ဖြစ်၍ ပါဠိတော်စာရင်းထဲ ထည့်သွင်းထားကြ၏။

ရှင်မဟာကစ္စည်း ထေရ်မြတ်၏အကြောင်းကို မဟာအောင်မြေဘုမ်စံ အုတ်ကျောင်းဆရာတော် ဦးဗုဓ်က

> "ရုံးချုဦး ဟောရှတ်၊ မုခပါဠ်၏၊ ခဲကပ်လျှိုဝှက်၊ မိပ္ပာယ် နက်ကို၊ ထင်ပြက်ပြဲပြဲ၊ ဖွင့်ခဲ့ချကုန်လှည့်၊ ငါ့တပည့်သား၊ ရဟန်းများတွင်၊ ဤရှင်မထေရ်၊ ကစ္စည်းသည်ကား၊ ဥာဏ်ရည် ထူးချွန်၊ လွန်၏သူထက်၊ ဧတဒဂ် ဟု၊ ဘဝဂ်မကန်၊ ဌာနန္တရ၊ ရာထူးရသာ၊ ဝံသနွယ်မည်၊ ကစ္စည်းထေရ်" ဟု စာဖွဲ့ခဲ့သည်။

နေတ္တိ၏အဓိပ္ပာယ်ကား။ 'ဝေနေယျသတ္တေ အရိယမဂ္ဂံ နေတီတိ နေတ္တိ'ဟူသော ဝိဂ္ဂြိုဟ်အရ ကျွတ်ထိုက်သော ဝေနေယျသတ္တဝါတို့ကို မဂ်ဖိုလ် နိဗ္ဗာန် တရားမြတ်သို့ ပို့ဆောင်တတ်သောကြောင့် 'နေတ္တိ'ဟု ခေါ်ဆိုပေသည်။

ထိုနေတ္တိကျမ်းသည် သုတ် ဝိနည်း အဘိဓမ္မာ သုံးဖြာတို့တွင် သုတ္တန် ပိဋကတ်၌ ပါဝင်၏။ ထိုနေတ္တိကျမ်း၏လုပ်ငန်းသည်ကား -

> ဘုန်းစည်မြွက်ဟ၊ ရသတခု၊ နှစ်ခုဓမ္မ၊ ဝိနယ်နှင့်၊
> ပိဋကသုံးလီ၊ ဂမ္ဘီလေးဝ၊ ပဥ္စနိကာယ်၊ ကိုးသွယ်အင်္ဂါ၊
> ဓမ္မက္ခန္ဓာ၊ ပေစာအပေါင်း၊ ရှစ်သောင်းလေးထောင်၊

ကျမ်းကုန်အောင်၏၊ မြားမြောင်ဆန်းကြွယ်၊ နက်မိပ္ပာယ်ကို၊
နည်းကျယ်ဝဏ္ဏနာ၊ ဖွင့်အံ့ငှာလျှင်၊

ဟူ၍ ဆရာတော်ဦးဗုဓ် စပ်ဆိုတော်မူသားသည့်အတိုင်း မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်အရပ်ရပ်ကို နည်းမျိုးစုံဖြင့် အဆန်း တကြွယ်ဖွင့်ပြခြင်း (သံဝဏ္ဏနာပြခြင်း) ဖြစ်ပေသည်။

## ဟာရ-နှစ်ပါး

ထိုနေတ္တိကျမ်းမြွက်၌ ဟာရ၊ နယ၊ သာသနပဋ္ဌာန ဟူ၍ ကဏ္ဍသုံးရပ်ပါရှိ၏။ ဟာရသည်သည်း(၁၆)ပါးရှိ၏။ ထိုဟာရ(၁၆)ပါးတို့တွင် ပရိဝတ္တန ဟာရ ဟူသည်ကား သုတ်၌ ဖော်ပြအပ်သော ကုသိုလ်ဓမ္မတို့ကို ဆန့်ကျင်ဘက် အကုသိုလ်ဓမ္မအားဖြင့် ပြန်လည်စေခြင်း လက္ခဏာရှိသော ဟာရတည်း။

'ပဋိပက္ခဝသေန ပရိဝတ္တီယန္တိ ဧတ္ထ ဓမ္မာ ဝါ သုတ္တေ ဝုတ္တ ဓမ္မာ၊ ပရိဝတ္တနံ ဝါ တေသန္တိ ပရိဝတ္တော' ဟု ဝိဂ္ဂြိုဟ်ပြု၏။

လည်စေပုံကား ဤသို့တည်း-

ပူဇာ စ ပူဇနေယျာနံ ဟူသော သုတ်တရားတော်အရ ပူဇာ သည် အာမိသပူဇာ၊ ဓမ္မပူဇာ တရားတည်း။ ထိုတရားသည် ယောနိသော မနသိကာရလျှင် ဦးစွာသောအကြောင်းရှိပေ၏။ ယောနိသော မနသိကာရ ရှိသူအား အယောနိသော မနသိကာရ ပျောက်ကင်းပေ၏။ အယောနိသော မနသိကာရ ပျောက်ကင်းလျှင် ထိုအယောနိသော မနသိကာရလျှင် အကြောင်းရှိသော အကုသိုလ် တရားတို့သည်လည်း ပျောက်ကင်း လေကုန်၏။ အကုသိုလ်တရား ပျောက်ကင်းသည်ရှိသော် အပြစ်ကင်းသော ကုသိုလ်တရားတို့သည် တိုးပွား စည်ပင်ကုန်သည်။

ပညတ္တိဟာရဟူသည်ကား ပကာရေဟိ ဉာပိယန္တိ ဧတာယ ဓမ္မာ ဝါ တိ ပညတ္တိ ဟူသော ဝစနတ္ထနှင့်အညီ သုတ်၌လာသောတရားတို့ကို အထူးအပြားအားဖြင့် သိစေခြင်း လက္ခဏာရှိသော ဟာရပေတည်း။

ပူဇာ စ ပူဇနေယျာနံ

ဟူသော ဒေသနာကိုပင် ထုတ်ဆောင်အပ်၏။

ဤတရားဒေသနာသည် ပူဇော်ထိုက်သူအား ပူဇော်ခြင်းသည် မင်္ဂလာ မည်ကြောင်း ကြားသိကြစေရန် ထားသောကြောင့် နိက္ခေပပညတ် မည်၏။ ပူဇော်သောအခြင်းအရာတည်းဟူသော တဏှာကို သိစေတတ် သောကြောင့် တဏှာပညတ်လည်း မည်၏။ ပူဇော်ခြင်းကြိယာကိုစွဲ၍ ဖြစ် လာသောကြောင့် ဥပါဒါပညတ်လည်း မည်၏။ ဝန္ဒနာမာန သက္ကာရ စသော ကြိယာကိုထောက်၍ ဖြစ်သောကြောင့် ဥပနိဓာပညတ်လည်း မည်၏။ ဒါန သီလ ဘာဝနာမယ အာမိသပူဇာ၊ ဓမ္မပူဇာ၊ အပေါင်းကို သိစေသောကြောင့် သမူဟ ပညတ်လည်း မည်၏။ ကျင့်စဉ်ကိုသိစေတတ် သောကြောင့် သန္တတိပညတ်လည်းမည်၏။ ပူဇော်ခြင်းကြိယာ စိတ္တုပ္ပါဒ် ဟူသောအနက်ကို သိစေတတ်သောကြောင့် အတ္ထပညတ်လည်း မည်၏။ အာမိသပူဇာ၊ ဓမ္မပူဇာဟု ကောင်းစွာမှတ်အပ်သော သင်္ကေတကို သိစေ သောကြောင့် သင်္ကေတပညတ်လည်း မည်၏။

ဤသို့ အစရှိသည်ဖြင့် ပူဇာ စ ပူဇနေယျာနံ ဟူသော သုတ်ပုဒ် ဒေသနာသည် ပညတ်အမျိုးမျိုးကို သိစေသောကြောင့် ပညတ္တိဟာရ မည်၏။

# ၂၇။ နိဒ္ဒေသဝါရ၊ နည်းထူးခြားတ်

# တုလွတ်နေ့တ္တိပင်။

တေဒဂ်ရ ရှင်ကစ္စည်းမထေရ် ဟောကြားတော်မူသော အတုမဲ့ နေတ္တိကျမ်းတော်တွင် ဟာရ၊ နယ၊ သာသနပဋ္ဌာန ဟူ၍ အပိုင်းသုံးပိုင်း ပါရှိသည့်အနက် ဒုတိယပိုင်းတွင် နိဒ္ဒေသဝါရနည်း စသည်ဖြင့် နည်းပေါင်း ငါးနည်း ဟောကြားတော်မူခဲ့၏။ ထိုနည်းငါးနည်းတို့တွင် နိဒ္ဒေသဝါရ နည်းသည် ထူးခြားတ်သော နည်းတပါးပင်ဖြစ်ပေသည်။

## ဖွင့်ဆို ရှင်းလင်းချက်

ဤနေတ္တိကျမ်း၌ ဟာရ၊ နယ၊ သာသနပဋ္ဌာန ဟူ၍ ဝိသေသ လက္ခဏာသုံးရပ်ပါရှိ၏။ 'ဟာရ' ဟူသည်ကား ဘုရားစကားတော်ကို မသိခြင်း၊ ယုံမှားခြင်း၊ ဖောက်ပြန်ခြင်း မဖြစ်ရအောင် သွယ်ဆောင် ဖွင့်ပြချက်များဖြစ်ပေသည်။ 'နယ' ဟူသည်ကား ညစ်ညူးသောအကုသိုလ်၊ ဖြူစင်သောကုသိုလ်တရားတို့ကို အဖွဲ့အစုအားဖြင့် ခွဲခြားဝေဘန်၍ သိစေ တတ်သော အဖွင့်စကားဖြစ်၏။ 'သာသနပဋ္ဌာန' ဟူသည်ကား ဝေနေယျ သတ္တဝါတို့၏ စိတ်ဓာတ်၊ အဆင့်အတန်းအားလျော်စွာ တရားဒေသနာ များ ဖြစ်ပေါ်နေပုံကို ဖွင့်ပြသောစကားရပ်ဖြစ်၏။ ညစ်နွမ်းသော တရားစု၊ ဝါသနာဘာဂိယ တရားစု၊ ထိုးထွင်းသိစရာ တရားစု စသည်ဖြင့် အဖွဲ့အစု (ဘာဂိယ)အမျိုးမျိုးတို့ဖြင့် ဖွင့်ဆိုပေသည်။

ထိုသို့ ဘုရားတရားတော်ကို ဟာရ၊ နယ၊ သာသနပဋ္ဌာနတို့ဖြင့် ဖွင့်ဆိုသောကျမ်းမျိုးကား ဤနေတ္တိကျမ်းသာရှိ၏။ ထို့ကြောင့် ဤနေတ္တိ ကျမ်းကို 'တုလွတ်'ဟု စိန္တကျော်သူက ဆိုဟန်ရှိပေသည်။

ထို တုလွတ်နေတ္တိကျမ်း၌–

နန္ဒိယာဝဋ္ဋ နည်း
တိပုက္ခလနည်း
သီဟဝိက္ကီဠိတနည်း
ဒိသာလောစနနည်း
အင်္ကုသနည်း

ဟူ၍ နည်း ၅ မျိုးပါရှိ၏။

ထိုနည်း ၅ မျိုးတို့တွင် နန္ဒိယာဝဋ္ဋ နည်းကို 'နည်းထူးမြတ်'ဟု ဦးသြက ချီးကျူးတော်မူ၏။

နန္ဒိယာဝဋ္ဋ နည်းကား ဤသို့တည်း။

ဇလပ်ပန်းသည် မိမိ၏အစိတ် အစိတ်ဖြစ်သော ပွင့်ချပ်တို့ဖြင့် အထက် အောက် အချင်းချင်း ချုပ်စပ်၍ လည်သကဲ့သို့ တဏှာ၊ အဝိဇ္ဇာ၊ သမထ၊ ဝိပဿနာ တရားတို့သည်လည်း ကိုယ့်ဘက်နှင့်ကိုယ် အချင်းချင်းချုပ်စပ်၍ လည်ပုံကိုပြသောနည်းသည် နန္ဒိယာဝဋ္ဋ နည်းပေတည်း။

ဤ နည်း၏သဘောကို သိသာစေရန် မင်္ဂလသုတ်တော်မှ 'ပူဇာ စ ပူဇ နေယျာနံ'ဟူသော စကားတခွန်းကိုယူ၍ စိစစ်ပေအံ့။

ပူဇာ စ ပူဇနေယျာနံ၊ ပူဇော်ထိုက်သူတို့အား ပူဇော်ရခြင်းသည် လည်းကောင်း– ဤကား အနက်တည်း။

ပူဇာသည် ပစ္စည်းဖြင့် ပူဇော်ခြင်း (အာမိသ ပူဇာ)၊ တရားဖြင့် ပူဇော်ခြင်း (ဓမ္မ ပူဇာ)ဟု နှစ်မျိုးရှိ၏။ ထိုသို့ ပူဇော်မှု ပြုခြင်းသည် သင်္ခါရပင်ဖြစ်၏။ (သင်္ခါရ = ပြုပြင်မှု)

သင်္ခါရကိုယူလျှင် သင်္ခါရ၏အကြောင်းဖြစ်သော အဝိဇ္ဇာကိုပါ ယူရ၏။ အဝိဇ္ဇာပါလာလျှင် အဝိဇ္ဇာနှင့် အတူတကွဖြစ်သော တဏှာလည်း မကင်းပေ။ ထိုအဝိဇ္ဇာနှင့်တဏှာသည် အကုသိုလ်တရား အားလုံး၏ မူလ ပေတည်း။ မူလကိုယူလျှင် ထို အဝိဇ္ဇာတဏှာ ဘက်တော်သားများ

ဖြစ်ကြသော အကုသိုလ်တရား အားလုံးကိုပါ ယူရပေမည်။ ဤကား-အကုသိုလ်ဘက်၌ ပွင့်ချပ်များ ဖြာထွက်ပုံတည်း။

တဖန် ပူဇာ အရ ပူဇော်သမှုပြုသောအခိုက်တွင် စိတ်၏ တည်ကြည်မှု သမာဓိပါရှိ၏။ ပညာလည်းပါ၏။ ထို သမာဓိသည် သမထမည်ပေ၏။ ထိုပညာသည် ဝိပဿနာမည်၏။ ထို သမထနှင့် ဝိပဿနာသည် အကုသိုလ် တရားတို့၏ မူလပေတည်း။ ထိုမူလပဒ နှစ်ပါး ကိုယူလျှင် ကုသိုလ်ဘက် သား တရားအားလုံးလည်းပါလေ၏။ဤကားကုသိုလ်ဘက်၌ ပွင့်ချပ်များ ဖြာထွက်ပုံတည်း။

ထိုတရားအပေါင်းတို့တွင် တဏှာသည် လည်းကောင်း၊ တဏှာနှင့် မကင်းရာသည့် အဝိဇ္ဇာသည်လည်းကောင်း၊ ကြွင်းသော ကိလေသာနှင့် အာသဝေါတရားတို့၏ အာရုံဖြစ်သော ကုသိုလ်စိတ်တို့သည် လည်း ကောင်း၊ သံသရာဝဋ္ဋ၏ အမြစ်သဖွယ်ဖြစ်၍ သမုဒယသစ္စာမည်၏။ ထိုမှ ကျန်သော ဘုံသုံးပါး၌ဖြစ်သော ရုပ်တရား နာမ်တရားတို့သည် ဒုက္ခ သစ္စာမည်၏။ သမထ ဝိပဿနာသည် မဂ္ဂသစ္စာမည်၏။ ထိုမဂ္ဂသစ္စာဖြင့် ရောက်အပ်သော နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

ဤ နန္ဒိယာဝဋ္ဋနည်း၌ တရာ ပိုင်းတွင် တဏှာ၊ အဝိဇ္ဇာ၊ သမထ၊ ဝိပဿနာတို့ကား မူလပဒလေးပါးကို ရအပ်ပေ၏။ ပုဂ္ဂိုလ်တိုင်း၌ တဏှာ စရိတပုဂ္ဂိုလ်၊ ဒိဋ္ဌိစရိတပုဂ္ဂိုလ် ဟူသော ပုဂ္ဂိုလ်နှစ်ယောက်ကို ရအပ် ပေ၏။

တဏှာစရိတပုဂ္ဂိုလ်သည် ဘုရားရှင် အဆုံးအမကို ယူ၍ ရဟန်းပြုသည် ရှိသော် ဒုက္ခပဋိပဒါ (ခဲယဉ်းသော အကျင့်)ဖြင့် သမထကိုကျင့်ပြီး သမထ အခြေခံဖြင့် တဏှာ အသင်းအပင်းတရားတို့ကို ပယ်စွန့်လျက် အနာဂါမ် ဖြစ်၏။ ရာဂကင်းသော စိတ်အဆင့်ကို ရရှိလေသည်၊

ဒိဋ္ဌိစရိတပုဂ္ဂိုလ်သည် ရဟန်းပြုကရား ကျင့်သည်ရှိသော် သုခပဋိပဒါ (လွယ်ကူသောအကျင့်)ဖြင့် ဝိပဿနာကို အခြေခံ၍ အဝိဇ္ဇာ အသင်း အပင်းတို့မှ ကင်းလွတ်ပြီး ရဟန္တာဖြစ်၏။ အဝိဇ္ဇာကင်းသော ပညာ အဆင့်ကိုရသည်။

ဤကား နန္ဒိယာဝဋ္ဋ၏ သဘောပင်တည်း။

ပူဇော်စ ပူဇနေယျာနံ ဟူသော ဘုရားဟောပါဠိတော်စကားတခွန်းမျှကို အကုသိုလ်ဘက် ကုသိုလ်ဘက်ခွဲခြမ်းစိတ်ဖြာပြပြီး နောက်ဆုံး သစ္စာလေးပါးကိုဦးတည်ပေးတာသည်ကို တွေ့ရပေသည်။ ဇလပ်ပန်း ဥပမာကဲ့သို့ပင် တရားတခုစီ တခုစီ အချပ်ချပ်အလွှာလွှာ စိတ်ဖြာပြီး ဝံများလည်းသလိုလှည့်၍ ပြထားပေသည်။

ဤသည်ကား အကျဉ်းကို အကျယ်ခွဲချဲ့စွမ်းနိုင်ဘိသော တေဒဂ်ရရှင်မဟာကစ္စည်းလက်ရာ နန္ဒိယာဝဋ္ဋ နည်းပေတည်း။ ထို့ကြောင့် စိန္တာကျော်သူ ဦးညိုက 'နည်းထူးမြတ်' ဟူ၍ ထောမနာခဲ့ခြင်း ဖြစ်ပေသည်။

# ၂၉။ နည်းနာမှန်ဟုတ်၊ နေတွင်ထုတ်၊ တိပုက္ခလပြီး။

မြတ်စွာဘုရား၏ တရားဓမ္မခန် တရပ်ရပ်ကို အကျယ်သိမြင်ရန်အလို့ငှာ နေတ္တိနည်းဖြင့် ထုတ်ဖော်ဆောင်ကြဉ်းရာတွင် တိပုက္ခလနည်းသည် ဟုတ်မှန်ကောင်းမွန်သော နည်းတရပ်ဖြစ်လေသည်။

## ဖွင့်ဆိုရှင်းလင်းချက်

တိပုက္ခလနည်း ဟူသည်ကား – ညစ်နွမ်းသော အကုသိုလ်ဘက်၌ လောဘ၊ ဒေါသ မောဟ ဟူသော အစိတ်သုံးပါး၊ ဖြူစင်သောကုသိုလ်ဘက်၌ အလောဘ အဒေါသ အမောဟ ဟူသော အစိတ်သုံးပါး၊ ဤသို့ အစိတ်စကားတို့ဖြင့် တင့်တယ်သောနည်းသည် တိပုက္ခလနည်းမည်ပေသည်။

ပုံစံ – ပူဇော စ ပူဇနေယျာနံ

ဤပုံစံ၌ ပူဇော်နှင့်ပတ်သက်၍ အခြေခံအနေဖြင့် ရှိနေသော ညစ်နွမ်းသောဘက်၌ လောဘ ဒေါသ မောဟ ဟူသော အကုသလမူ သုံးပါး၊ သန့်စင်သောဘက်၌ အလောဘ အဒေါသ အမောဟ ဟူသော ကုသလမူသုံးပါးအားဖြင့် မူလခြောက်ပါး ရရှိ၏။ ပုဂ္ဂိုလ်အားဖြင့် ဥဃ္ဃဋိတညူ ပုဂ္ဂိုလ်၊ ဝိပဉ္စိတညူပုဂ္ဂိုလ်၊ နေယျပုဂ္ဂိုလ်အားဖြင့် ပုဂ္ဂိုလ်သုံးမျိုးရရှိ၏။

ဥဃ္ဃဋိတညူ ပုဂ္ဂိုလ်ဟူသည် တရားအကျဉ်းချုပ်ကို ကြားနာရကာမျှဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်သူမျိုးဖြစ်၏။ ဝိပဉ္စိတညူပုဂ္ဂိုလ်မျိုးဟူသည် မကျဉ်းမကျယ်တရားနာယူရလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်သည်။ နေယျပုဂ္ဂိုလ် ဟူသည် တရားကိုလည်းအကျယ်နာရမှ၊ လက်တွေ့ကျင့်ကြံအားထုတ်မှုလည်း ပြုပါမှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရနိုင်သူမျိုးဖြစ်သည်။

ထိုသုံးမျိုးတို့တွင် အမြင်စရိုက်သန်သူ (ဒိဋ္ဌိစရိတဥဒတ္တ) ပုဂ္ဂိုလ်သည် ဥဂ္ဃဋိတညူ မည်၏။ အမြင်စရိုက်နုံ့သူ(ဒိဋ္ဌိစရိတမန္ဒ) ပုဂ္ဂိုလ်၊ တဏှာစရိုက်သန်သူ (တဏှာစရိတဥဒတ္တ) ပုဂ္ဂိုလ်တို့သည် ဝိပဉ္စိတညူ မည်၏။ တဏှာစရိုက်နုံ့သူ(တဏှာစရိတမန္ဒ)ပုဂ္ဂိုလ်သည် နေယျပုဂ္ဂိုလ် မည်၏။

ထိုပုဂ္ဂိုလ်တို့သည် ဘုရားသာသနာတော်တွင်းဝင်၍ ရဟန်းပြုသည်ရှိသော် အကုသိုလ်ဘက်၌ လောဘနှင့်တကွသော အကုသိုလ်တရားတို့ကို ပယ်စွန့်၍ ကုသိုလ်ဘက်၌ အလောဘတရားတို့ကို အမှီပြု၍ အဆုံးဖြစ်သော အပ္ပဏိဟိတဝိမောက္ခ[1] ဖြင့် ဝဋ်မှထွက်မြောက်၏။ ထိုနည်းတူ ဒေါသဆိုင်ရာဝယ်၊ အဒေါသကို အမှီပြု၍ အနိမိတ္တဝိမောက္ခဖြင့် ဝဋ်မှလွတ်၏။ မောဟဆိုင်ရာဝယ် အမောဟကို အမှီပြု၍ သုညတဝိမောက္ခဖြင့် သံသရာဝဋ်မှ ထွက်မြောက်၏။

ဤသို့ဖြင့် ပူဇာ စ ပူဇနေယျာနံ ဟူသော သုတ်ဒေသနာသည် လောဘ ဒေါသ မောဟ၊ အလောဘ အဒေါသ အမောဟဟူသော မူလပဒခြောက်ပါးတို့ဖြင့် သုတ်၏ညစ်နွမ်းသော အပိုင်း၊ သန့်စင်သော အပိုင်းတို့ကို သစ္စာလေးပါးနှင့်ယှဉ်ပြီး ပုဂ္ဂိုလ်သုံးမျိုးဖြင့် ထင်ဟပ်ကာ နည်းအစီအရင်ကိုပြခြင်းသည် ကောင်းမြတ် တင့်တယ်အပ်သော တိပုက္ခလနည်း ဖြစ်လေသည်။

၁။ ဝိမောက္ခ=မဂ်၊ သင်္ခါရတရားတို့၏ ပြုပြင်မှုကင်းသော မဂ်သည် အပ္ပဏိဟိတဝိမောက္ခ၊ သင်္ခါရ နိမိတ်ကင်းသော မဂ်သည် အနိမိတ္တ ဝိမောက္ခ၊ သင်္ခါရမှ ဆိတ်သော မဂ်၏သဘောသည် သုညတဝိမောက္ခ။ (ပရမတ္ထသရူပအနုဝဏ္ဏနာ ကျမ်းသစ်၊ အရှင်ဘဒ္ဒန္တဇောတိပါလ၊ ပြည်ကြီးမဏ္ဍိုင်-၁၃၂၀)။

## နိဂုံးလင်္ကာ

**သု** စိ ပု ဘာ၊ ဝိ လိ သိ ခာ၊ **သီ** မာ ဆင့်ကျူး၊ ဤဆယ်လုံးကို၊ ကျင့်သုံးတတ်စ၊ အငယ်ကလျှင်၊ နည်းရကျင့်မြောက်၊ လမ်းရိုးဆောက်၍၊ မြတ်ကျော်ပညာ၊ အခြေပါအောင်၊ ဆရာကောင်းထံ၊ နည်းနာခံလျက်၊ ကျမ်းဂန်ပိဋကတ်၊ ပရိယတ်ပွန်းတီး၊ သင်ရိုးပြီးသော်၊ ကျူးသီးဖလ၊ **သ-စ-အ-ဟု**၊ တိကစမ္မာ၊ စရိယာသုံးအင်၊ စလှယ်ဆင်၍၊ ထို့ပြင်တဖန်၊ လုံ့လသန်လျက်၊ ပဋိဘာန်မြင့်မြောက်၊ လမ်းသစ်လျှောက်၍၊ ခေတ်လျှောက်ပညာ၊ ဆည်းပူးရှာသား၊ ဝိဇ္ဇာသိပ္ပ၊ တက္ကသိုလ်၊ ရွှေကျောင်းသာမှ၊ **ဝိဇ္ဇာဘွဲ့ရ**၊ ထိုမှတခန်း၊ **အထက်တန်းဟု**၊ အောင်ပန်း **ရွှေနေ**၊ အောင်ဆုချေ၍၊ နှစ်ထွေကျူးရ၊ **နှစ်ဖက်လင်္ကာ**၊ ဗုဒ္ဓသာသနာ၊ **ကျင့်နည်းနာဖြင့်**၊ ပြည်ရွာကျူးပြု၊ စာမျိုးစုကို၊ ကြည့်ရှုစီရင် အလှဆင်၍၊ နေစဉ်အခါ၊ မဟာဗုဒ္ဓ ဃောသ၊ ထေရတမ္ပတ်၊ ကဝိထွတ်လျှင်၊ အကျွတ်ဆုငှ၊ မြတ်ဗုဒ္ဓ၏၊ ပိဋကပုံယင်၊ ကျမ်းစုံလင်သည့်၊ လင်္ကာဒီပ၊ သီဟိုဠ်ကြွလျက်၊ ဓမ္မပေါင်းသိုက်၊ စာရွှေတိုက်ကို၊ ထိုက်ထိုက်ဘန်တန်၊ သုံးရန်ခွင့်ပေး၊ ရစေရေးတွက်၊ နက်လေးဆန်းကြယ်၊ အံ့မျိုးကြွယ်သား၊ ကြီးကျယ်ခေါင်ထိ၊ ဝိသုဒ္ဓိဟု၊ ကျမ်းကြီးစီရင်၊ မေဘ်ကွန်းတင်သို့၊ **ကျော်လွင်** မည်သာ၊ ကျွန်ုပ်မှာလည်း၊ ပညာဗဟို၊ တက္ကသိုလ်၏၊ နှစ်လိုဘွယ်သာ၊ ဘွဲ့**မဟာ**ကို၊ ရွှေစာဤကျမ်း၊ ခိုင်သည်ငြမ်းဖြင့်၊ ဆွမ်းလှမ်းဘို့ရာ၊ ပြုစုပါသည်၊ ခွင့်ခါတော်ရေး၊ တစ်သုံးလေးနှစ်၊ သက္ကရာဇ်တွင်၊ ရှစ်ချစ်ပရမေ၊ သုံးလူ့ဆွေ၏၊ သန္ဓေတောာထွက်၊ ဓမ္မစက်ကို၊ ဟောမြွက်သံချို၊ လဝ ါဆို၏၊ ပြည့်မိုကျော်သက်၊ ခြသေ့ရက်၌၊ ပို့ဆက်တင်သွင်း၊ ဂုဏ်ရှိန်လင်းသည် - အောင်ခြင်းတွင်းပြင် ဆင်ဘို့ကို။

(သီ-သီဒလယျ၊ အကျင့်ကောင်းရာ၏။ မာ=သမာဓိယေယျ၊ တည်ကြည်စူးစိုက်ရာ၏။)

## မှီငြမ်းပြု ကျမ်းစာရင်း

၁။ ကေလာသမထေရ်၊ ရှင်။ ဂန္ထာဘရဏဂဏ္ဌိ နိဿယ။ ရန်ကုန်၊ ကမ္ဘာ့အောင်လံပုံနှိပ်တိုက်၊ ၁၃၁၆။

၂။ ကောဝိဒ၊ ဦး။ ပထမကျော်။ လယ်တီပဒမာလာ။ မန္တလေး၊ မန္တလာဘုမ္မိပုံနှိပ်တိုက်၊ ၁၃၀၂။

၃။ ကောဝိ၊ ရှင်။ အခြေပြုပါဠိ စာစီစာကုံး ဗျာကရဏ်း၊ (တွဲ-၁) ရန်ကုန်၊ လယ်တီမဏ္ဍိုင် ပုံနှိပ်တိုက်၊ ၁၉၇၄။

၄။ ကို၊ ဦး။ ပါဠိဌာန၊ ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ မန္တလေး။ ပါဠိစာပေနှင့် မြန်မာစာပေဆက်စပ်မှု။ ပြည်ထောင်စုမြန်မာနိုင်ငံ စာပေနှင့် လူမှုရေးသိပ္ပံဂျာနယ် (အတွဲ ၂၊ အမှတ် ၂)။ ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၊ ၁၉၆၉။

၅။ ကျော်ထွန်း၊ ဦး။ ကိုးခန်းပျို့ဋီကာကျမ်းကြီး။ သထုံ၊ ရွှေထုံနာဂရာ စာပုံနှိပ်တိုက်၊ ၁၂၈၉။

၆။ ကျော်လွင်၊ ဦး။ နှစ်ဖက်လှ။ ကဗျာလင်္ကာနှင့် နည်းဥပစာ အကျယ်အဖွင့်ကျမ်း။ ရန်ကုန်၊ ဘားမားပုံနှိပ်တိုက်၊ ၁၉၆၀။

၇။ ကျော်လွင်၊ ဦး။ နှစ်ဖက်လှ။ မြန်မာစာပဒေသာ။ ရန်ကုန်၊ တောက်တောက်ဝင်း ပုံနှိပ်တိုက်။ ၁၉၇၀။

၈။ ခင်ခင်လှိုင်၊ ဒေါ်၊ ပါဠိလက်ထောက်ကထိက၊ ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ မန္တလေး။ အသွင်ထူးသော တဗ္ဗာဝပါဠိပုဒ်များ။ တက္ကသိုလ်ပညာပဒေသာစာစောင် (အတွဲ ၁၊ အပိုင်း ၂)။ တက္ကသိုလ်များပုံနှိပ်တိုက်၊ ၁၉၆၆၊ ဇွန်။

၉။ ချိန်၊ ဦး။ လှေသင်းအတွင်းဝန်၊ မဟာဇေယျသင်္ခယာ။ ဝေါဟာရ လိနတ္ထဒီပနီ။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၃။

၁၀။ ဂုဏာစာရ၊ ရှင်။ ဒုတိယ ကျော်အောင်စံထားဆရာတော်။ ဝေါဟာရတ္ထ ပကာသနီ။လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်။ ၁၉၆၆။

၁၁။ စတုရင်္ဂဗလအမတ်ကြီး။ အဘိဓာန်ဋီကာပါဠိ။ ကဝိမျက်မှန်စာပုံနှိပ်တိုက်၊ ၁၂၆၅။

၁၂။ စာရိတ္တထေရ်၊ ဝိသုဒ္ဓါရုံပုဒ်စစ်ဂဏ္ဌိကျမ်း။မဟာဒွာရစာပုံနှိပ်တိုက်၊ ၁၉၃၀။

၁၃။ စက္ကပါလ၊ ရှင်။ တောင်ပေါက်ဆရာတော်။ အဘိဓာန်နိဿယသစ်။ မြန်မာ့တာရာ စာပုံနှိပ်တိုက်၊ ၁၃၁၇။

၁၄။ စက္ကိန္ဒ၊ရှင်။ ဆရာတော်ဦးဗုဓ်။(အင္ဂမညောင်ကန်ဆရာတော်) ကဗျာ သဒ္ဒ သင်္ဂဟကျမ်း။ ရန်ကုန်၊ ဟံသာဝတီ ပုံနှိပ်တိုက်။ ၁၂၆၀။

၁၅။ စက္ကိန္ဒ၊ ရှင်။ ဆရာတော် ဦးဗုဓ်။ နေတ္တိဟာရတ္ထဒီပနီ၊မန္တလေး၊ မြန်မာ့တာရာစာပုံနှိပ်တိုက်၊ ၁၃၁၇။

၁၆။ စက္ကိန္ဒ၊ ရှင်။ ဆရာတော်ဦးဗုဓ်၊ သဒ္ဒနီတိ (ဓာတု၊ ပဒ၊ သုတ္တ မာလာနိဿယ)။ ကဝိမျက်မှန်ပုံနှိပ်တိုက်၊ ၁၂၇၂။

၁၇။ စက္ကိန္ဒ၊ ရှင်။ ဆရာတော်ဦးဗုဓ်၊ ပဒရူပသိဒ္ဓိနိဿျ။ ရန်ကုန်၊ ဣန္ဒာသယပိဋကတ်ပုံနှိပ်တိုက်၊ ၁၃၂၄။

၁၈။ စန်းငွေ၊ ဦး။ ဒဂုန်။ အထက်တန်းမြန်မာသဒ္ဒါ။ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ကော်ပိုရေးရှင်း၊ ၁၉၇၂။

၁၉။ ဇနကာဘိဝံသ၊ ရှင်။ ကစ္စည်းဘာသာဋီကာ။ အမရပူရ၊ နယူး ဘားမားပုံနှိပ်တိုက်။

၂၀။ ဉာဏ၊ ရှင်။ မကာရလောပအကျော် ခင်ကြီးဖျော်။သဒ္ဒါကြီး ပုဒ်စစ်စုံ။ ရန်ကုန်၊ ကဝိမျက်မှန်ပုံနှိပ်တိုက်၊ ၁၂၉၁။

၂၁။ ဉာဏ၊ ရှင်။ လယ်တီဆရာတော်။ နိရုတ္တိဒီပနီပါဠိ။ ဗုဒ္ဓ သာသနာ့အဖွဲ့ပုံနှိပ်တိုက်၊ ၁၉၇၀။

၂၂။ ဥဘဏ၀ရ၊ ရှင်။ ပထမကျော်အောင်စံ သားဆရာတော်။ အဘိဓာန်နိဿယ။ ပြည်ကြီးမဏ္ဍိုင် ပိဋကတ် ပုံနှိပ်တိုက်၊ ၁၉၁၃။

၂၃။ တင်မောင်ဋ္ဌေး၊ ဦး။ ကထိက။ မြန်မာသုံးပါဠိစကားလုံးများ။ မြန်စာဂုဏ် စာမြုတေ၊ အမှတ်- ၁။ ရန်ကုန်၊ ဂန္ဓမာ ပုံနှိပ်တိုက်၊ ၁၉၆၆။

၂၄။ ထွန်းမြင့်၊ ဦး။ ပါဠိသက် ဝေါဟာရအဘိဓာန်၊ စာစဉ် ၃၁။ ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန။ တက္ကသိုလ်များ ပုံနှိပ်တိုက်၊ ၁၉၆၈။

၂၅။ နာရဒ၊ ရှင်။ ဝိဂ္ဂဟနယကျမ်း။ မြန်မာနိုင်ငံအစိုးရပုံနှိပ်တိုက်၊ ၁၃၁၂။

၂၆။ ပညာရှင်များ၊ တိပိဋက ပါဠိမြန်မာအဘိဓာန်။ ဗုဒ္ဓသာသနာ အဖွဲ့ ပုံနှိပ်တိုက်၊ ၁၉၇၁။

၂၇။ ပဏ္ဍိတ၊ ရှင်။ မဘဲဆရာတော် (ပဏ္ဍိတာဘိဓဇ သီလာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု) သဒ္ဒါပုဒ်စစ် အကျယ်ကျမ်း။ ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၂၈၂။

၂၈။ ဖာနီဗဲလ်၊ သတိုးသီရိသုဓမ္မ ဒေါက်တာ ဂျေ-အက်စ်။ ဖေမောင်တင်၊ ဒေါက်တာ (တည်းဖြတ်သူများ)။ ဇမ္ဗူဒီပ ဥဆောင်းကျမ်း။ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၆၀။

၂၉။ ဖေမောင်တင်၊ ဦး။ တန်းမြင့် မြန်မာသဒ္ဒါ နှင့် အသုံးအနှုန်း။ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၆၅။

၃၀။ ဖေမောင်တင်၊ ဦး။ ဘာသာလောကကျမ်း။ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း၊ (လက်နှိပ်စက်မူ)။

၃၁။ ဖိုးစိန်၊ ဦး။ မြန်မာစကားအဖွင့်ကျမ်း၊ ရန်ကုန်၊ တိုးစာပုံနှိပ် တိုက်။

၃၂။ ဖိုးလတ်၊ ဦး။ မြန်မာစကားအဖွင့်ကျမ်း(ပ၊ ဒု၊ ပြည့်)။ ပညာနန္ဒပုံနှိပ်တိုက်၊ ၁၉၆၂၊ ၁၉၆၃၊ ၁၉၆၄။

၃၃။ ဗုဒ္ဓပိယထေရ်၊ ရှင်။ ပဒရူပသိဒ္ဓိပါဠိ။ ကဝိမျက်မှန် စာပုံနှိပ်တိုက်၊ ၁၂၀၄။

၃၄။ ဘဆန်း၊ ဦး။ ပါဠိလက်ထောက်ကထိက၊ ဥပစာကောလိပ်၊ မြစ်ကြီးနား။ ပါဠိမြန်မာဘာသာ အမျိုးအစား။ တက္ကသိုလ်ပညာပဒေသာစာစောင်(အတွဲ၂၊အပိုင်း၁)။တက္ကသိုလ်များ ပုံနှိပ်တိုက်၊ ၁၉၆၇။

၃၅။ ဘိုးသိန်း၊ ဦး။ (မှော်ဘီ)၊ ပေါရာဏဒီပနီကျမ်း(ပ)။ရန်ကုန်၊ ဇေတဝတီ စာပုံနှိပ်တိုက်၊ ၁၉၁၀။

၃၆။ မလိခ၊ မြန်မာစာပေ အဘိဓာန် (၁၊ ၂)။ သဇင်ပုံနှိပ်တိုက်၊ ပထမအကြိမ်နှိပ်၊ ၁၉၇၄။

၃၇။ မဟာကစ္စည်း ထေရ်၊ ရှင်။ ကစ္စည်းသဒ္ဒါကြီး ပါဠိ။ ရန်ကုန်၊ ကဝိမျက်မှန် ပုံနှိပ်တိုက်၊ ၁၂၉၁။

၃၈။ မဟာကစ္စည်း ထေရ်၊ ရှင်။ နေတ္တိပါဠိတော်။ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၊ ၁၉၅၆။

၃၉။ မုနိန္ဒာဘိဓဇ၊ ရှင်။ ကျီးသဲလေးထပ် ဆရာတော်ဘုရား။ စွယ်စုံကျော်ထင် အဖြေကျမ်း (ပ၊ ဒု)။ မန္တလေး၊ ရတနာဒီပံပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၆၀။

၄၀။ မောဂ္ဂလာန်ထေရ်၊ ရှင်။ မောဂ္ဂလ္လာနဗျာကရဏ်းကျမ်း၊ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၊ ၁၃၁၆။

၄၁။ မြန်စာပြန်။ စိတ္တကျော်သူ (နှစ် ၂၀၀ ပြည့် အထိမ်းအမှတ်စာအုပ်)။ စာပေလောက ပုံနှိပ်တိုက်၊ ၁၉၇၁။

၄၂။ မြန်မာမင်းလွှတ်တော်သုံး သတ်ပုံ(၁၉)စောင်။ ဟံသာဝတီ ပုံနှိပ်တိုက်၊ ၁၉၆၃။

၄၃။ ဝိသုဒ္ဓါစာရ၊ ရှင်။ ဓာတွတ္ထသင်္ဂဟပါဠိ နိဿယ။ ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်၊ ၁၃၁၃။

၄၄။ ဝိသုဒ္ဓါစာရ၊ ရှင်။ မဟာဝိသုဒ္ဓါရာမဆရာတော်။ ဝိသုဒ္ဓါရုံကစ္စည်းသုတ်နက်။ ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၂၉၇။

၄၅။ ဝန်၊ ဦး။ မြန်မာသတ်ညွှန်းကျမ်း။ ဗမာ့ခေတ် သတင်းစာပုံနှိပ်တိုက်၊ ၁၉၅၁။

၄၆။ သီလာနန္ဒ၊ ဦး။ ပါဏိနီယဓာတုပါဌ၊ ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်။ ၁၉၇၇။

၄၇။ သဒ္ဓမ္မသိရီ၊ ရှင်။ သဒ္ဒတ္ထဘေဒစိန္တာ (သဒ္ဒါငယ် ၁၄-စောင်တွဲပါဌ်)။ ကဝိမျက်မှန်ပုံနှိပ်တိုက်၊ ၁၂၇၂။

၄၈။ သန်းဆွေ၊ ဒေါ်။ သတ်ပုံပန်းချီ။ ပြည်ထောင်စု ယဉ်ကျေးမှုစာစောင်၊ အတွဲ ၄၊ အမှတ် ၂။ အောင်မိတ်ဆက် ပုံနှိပ်တိုက်၊ ၁၉၆၃။

၄၉။ သိန်းဖေမြင့်ဦး။ သတ်ပုံ၊ ပင့်ပုံ၊ ရစ်ပုံ တမျိုးတည်းဖြစ်ရေး။ သဒ္ဒါမတတ် စာမတတ်။ တိုက်ပွဲဝင်စာပေများ။ သဇင်ပုံနှိပ်တိုက်။ ၃၉ လမ်း၊ ၁၉၇၃။

၅၀။ ဟုတ်စိန်၊ ဦး။ ပါဠိမြန်မာအဘိဓာန်။ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၅၄၊ ၁၉၅၆၊ ၁၉၅၈၊ ၁၉၅၉။

၅၁။ အဘယထေရ်။ သဒ္ဒါငယ်ဋီကာပါဌ် (ခြောက်စောင်တွဲ)။ သုဓမ္မဝတီ ပုံနှိပ်တိုက်၊ ၁၉၂၀။

၅၂။ အမည်မသိပညာရှင်များ၊ နိယာမသမူဟ ဒီပနီ(ဒု)။ ဇမ္ဗူမိတ်ဆွေ ပုံနှိပ်တိုက်၊ ၁၉၄၁။

၅၃။ အာဒိစ္စရံသီ၊ ရှင်။ ဒုတိယမုံရွေး ဇေတဝန်ဆရာတော်။ သမန္တစက္ခု ဒီပနီကျမ်း (ပ၊ ဒု)၊ ရန်ကုန်၊ ဂန္ဓမာစာပုံနှိပ်တိုက်။

၅၄။ အာဒိစ္စရံသီ၊ ရှင်။ ရွှေးရးဆောင် ဆရာတော်ဘုရားကြီး (ဦးကြည်)။ ဂမ္ဘီရတ္ထနိယာမ ဝိသဇ္ဇနာကျမ်း။ ရန်ကုန်၊ ဇမ္ဗူ့မိတ်ဆွေ ပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၃၆။

၅၅။ အဂ္ဂဓမ္မ၊ ရှင်။ နန်းကျောင်းဆရာတော်၊ ကစ္စည်းသဒ္ဒါကြီး နိဿယ (ပ၊ ဒု)။ ဣစ္ဆာသယပုံနှိပ်တိုက်၊ ၁၃၁၄။

၅၆။ အဂ္ဂဓမ္မာဘိဝံသ၊ ရှင်။ အဘယာရာမ ရွှေဂူတိုက်ဆရာတော်။ အဘိဓာန် နိဿယသစ်။ မန္တလေး၊ မြဇော် ပုံနှိပ်တိုက်၊ တတိယအကြိမ်နှိပ်၊ ၁၉၆၉။

၅၇။ အဂ္ဂဓမ္မာဘိဝံသ၊ ရှင်။ အဘယာရာမ ဆရာတော်။ မောဂ္ဂလ္လာနဗျာချာ (မောဂ္ဂလ္လာန် နိဿယ) (ပ၊ ဒု)။ မန္တလေး၊ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၃၄။

၅၈။ အဂ္ဂဝံသ၊ ရှင်။ သဒ္ဒနီတိ (ဓာတု၊ ပဒ၊ သုတ္တမာလာ)။ ဗုဒ္ဓသာသနာ အဖွဲ့ပုံနှိပ်တိုက်၊ ၁၃၂၅။

၅၉။ အေးမောင်၊ ဦး။ ပါမောက္ခဟောင်း။ မြန်မာသတ်ပုံသမိုင်း အကျဉ်းချုပ်နှင့် ကဝိလက္ခဏာသတ်ပုံ။ လက်နှိပ်စက်မူ၊ ၁၉၅၀။

၆၀။ ဩဘာသ၊ ဦး။ မင်းပူး၊ လေသာဆရာတော်။ ဝေဿန္တရာ ဇာတ်တော်ကြီးဝတ္ထု။ ရန်ကုန်၊ ဟံသာဝတီ ပုံနှိပ်တိုက်၊ ၁၂၇၃။

၆၁။ အုန်းရွှေ၊ ဦး။ သတ်ပုံအဘိဓာန် မိတ်လင်စုံ။ ပညာအလင်း ပြ စာပုံနှိပ်တိုက်၊ ၁၉၅၆။

၆၂။ ဥက္ကံသာစာရ၊ ဘဒ္ဒန္တ။ အဂ္ဂမဟာပဏ္ဍိတ၊ မူလသပြေကန် ဆရာတော်။ သပြေကန်သဒ္ဒါကြီး နိဿျသစ် (ပ၊ ဒု၊ တ)။ ရန်ကုန်၊ ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်၊ ၁၃၃၃။ ၁၃၃၁။ ၁၃၂၇။

63. CHILDERS, ROBERT CAESAR.
A Dictionary of the Pali Language:
Buddha Sasana Council Press; 1974.

64. JUDSON, Dr. Adoniram. Burmese-English Dictionary; Linn Press. NO. 26. 98th. Street. Rangoon. 1966.

65. MACDONELL, ARTHUR ANTHONY. (M.A. PH. D HON LL. D)
A Practical Sanskrit Dictionary.
OXFORD UNIVERSITY PRESS. 1954 - 58.

# နောက်ဆက်တွဲ

## အဖြေများ

# ၂။ ပရိသတ်လယ်၊ ပျော်စံပယ်၊ ဘုန်းကြွယ်လှ့ထွတ်ချာ။

ဤသံပေါက်သည် ‘လယ်၊ ပယ်၊ ကြွယ်’ ဟူသော ‘အယ်ကာရန်’ ဝေါဟာရသုံးလုံးတို့၏ သတ်ပုံမှန်ကို ဖော်ပြလေသည်၊ အကယ်၍ ‘လည်၊ ပါယ်၊ ကျွယ်’ဟု ရေးလျှင် ဤတွင်လိုအင်သော အဓိပ္ပာယ်မပေါက်၍ မှားသည်ဟူသော ဗျတိရိက်အနက်ကိုလည်း သိစေသည်။

ဤသတ်ပုံသံပေါက်၏ အဓိပ္ပာယ်ကား ဘုန်းတန်ခိုးတေဇော် အာနုဘော်တို့နှင့် ကုံလုံပြည့်စုံတော်မူသော လူသုံးဦးတို့၏ အထွတ် အချာ သဗ္ဗညုမြတ်စွာဘုရားသည် ပရိသတ်အလယ်၌ ပျော်ရွှင်ချမ်းမြေ့စွာ စံပယ်တော်မူသည်ဟု ဖြစ်ပေသည်။

ဤတွင် –

‘မိုးသည် ဧစွတ်အခြောက်မရွေး အနှံ့ရွာ၏သို့ ပဇ္ဇုန္နဂတိက နည်း(စသော)အားဖြင့် အခဲမလွယ်မဟူ ဉာဏ်သက်သမျှအရ အဓိပ္ပာယ် ကို ဖော်ပြလျက် အညွှန်း ဧပြဿာရာသတ္တိ ရှိသမျှသွတ်သွင်း၍ ဆိုအံ့သည်’ ဟူ၍ ဝေါဟာရတ္ထပကာသနီကျမ်း၌ ကျော်အောင်စံထား ဆရာတော် မိန့်တော်မူသကဲ့သို့ပင် ငင်လှည်းသမျှကို မကျဉ်း၊ မကျယ်ဖော်ပြရေးသား ပါမည်။

ဤသံပေါက်တွင် ဘုရားရှင်ကိုယ်တော်သည်သာ ပဓာနအကြောင်း ဖြစ်ပြီး ပရိသတ်လယ် စံပယ်ခြင်းကား ဆင့်ပွားဖြစ်ရပ်သာ ဖြစ်သော ကြောင့်လည်းကောင်း၊ သံပေါက်စာကိုယ်မှာ ပျို့စာပိုဒ်ကဲ့သို့ မရှည်ပဲ စာတိုမျှသာဖြစ်၍ ရှုပ်ထွေးဖွယ်မရှိသောကြောင့် လည်းကောင်း၊ ပုဒ်စဉ် တိုင်း မဖွင့်ပဲ ပဓာနအချက်ကစ၍ ဖွင့်ပေအံ့။ သို့မှသာ မရောက်သေး သောအချက်များကို ကြို၍ ပြောရခြင်း အပြစ်နည်းပါးပေရာသည်၊ ရှေ့သံပေါက်အဖြေများ၌လည်း ဤနည်းတူ ပုဒ်စဉ် (ဒေသနက္ကမ)က ဖြစ်စေ၊ ဖြစ်စဉ်(ပဝတ္တိက္ကမ)ကဖြစ်စေ သင့်သလိုဖွင့်ဆိုသွားပေအံ့။

'ဘုန်းကြွယ်လူ့ထွတ်ချာ'ဟူသည် ဘုန်းတန်ခိုးကြီးမားတော်မူ၍ လူသုံးဦးတို့၏ အထွတ်အထိပ်အချုပ်အချာဖြစ်သော မြတ်စွာဘုရားတည်း။

'ဘုန်းကြွယ်လူ့ထွတ်ချာ' ဟူသော စကားလုံးငါးလုံးသည် ဂုဏ်ရည်ပြစကားများသာဖြစ်ပါလျက် အဘယ့်ကြောင့် ဂုဏ်ဓားဒြပ်ဖြစ်သောပုဂ္ဂိုလ်အထိ ဖော်ပြနိုင်ပါသနည်း၊ ပုဂ္ဂိုလ်ဒြပ်ကိုဖော်ဆောင်ရာ၌လည်း အခြားသောပုဂ္ဂိုလ်ကို မရည်ညွှန်းပဲ သဗ္ဗညုမြတ်စွာဘုရားကိုသာ အဘယ့်ကြောင့် ဖော်ပြရသနည်း၊ ဤသို့မေးဖွယ်ရှိပေ၏။

ပထမအမေး၏ အဖြေကား သဒ္ဒါအတတ်ပညာဖြင့် ပုဂ္ဂိုလ်ဒြပ်ကို ရအပ်ပေသည်။ ပါဠိသဒ္ဒါတွင် သမာသ်ခြောက်မျိုးရှိသည်ဖြစ်ရာ ဗဟုဗ္ဗီဟိ သမာသ်ကြံ၍ ပုဂ္ဂိုလ်ကို ကောက်ယူနိုင်ပေသည်၊ ဗဟုဗ္ဗီဟိသမာသ် သဘောကား သမာသ်ပုဒ်မှတပါး 'အညပုဒ်'ဟုခေါ်သော အခြားသော ပုဒ်၏အရကို ယူရပေသည်။ အညပုဒ်ပြဋ္ဌာန်းသည်။ ပုံစံ-ဇိတမာရော၊ ဤ၌ ဇိတ=အောင်အပ်သော၊ မာရော=မာရ်။ သမာသ်ပုဒ်၏အနက်ကား ဤမျှသာ။ သို့သော် ဇိတ နှင့် မာရ နှစ်ပုဒ်ပေါင်းစပ်၍ ဗဟုဗ္ဗီဟိသမာသ် ပြုလုပ်သောအခါ အောင်အပ်သော မာရ်ရှိသောသူ (ဝါ)မာရ်ငါးပါးကို အောင်သောသူ ဟူ၍ ပုဂ္ဂိုလ်အထိ အနက်ရောက်လေသည်။ ထို့ကြောင့် 'ဘဂဝါ' ဘုရားဟူသော တပါးသောပုဒ်(အညပုဒ်)သည် ဤ၌ ပြဋ္ဌာန်းလာလေသည်။ ဤသဒ္ဒါနည်းစနစ်အရ 'ဇိတမာရော'ကို အောင်အပ်သော မာရ်ရှိသော မြတ်စွာဘုရား၊ ဝါ၊ မာရ်ငါးပါးကို အောင်ပြီးသော မြတ်စွာဘုရားဟု အနက်ပေးရလေသည်။ (ရူပသိဒ္ဓိ)

ဤပါဠိသဒ္ဒါနည်းကမ်းသည် မြန်မာဘာသာပေါ်သို့လည်း သက်ရောက်ပေ၏။ ထို့ကြောင့် 'ဘုန်းကြွယ်လူ့ထွတ်ချာ'ကို ဗဟုဗ္ဗီဟိသမာသ် ကြံလျက် အညပုဒ်အနက်ဖြစ်သော မြတ်စွာဘုရားအထိ အနက်ဆံဖြန့်ကျက်ခြင်း ဖြစ်ဘိသည်။

တနည်းအားဖြင့်၊ 'ဘုန်းကြွယ်လူ့ထွတ်ချာ'ကို မှချသဒ္ဒါမယူပဲ ဥပစာသဒ္ဒါဟု ယူပါကလည်း ဘုရားဒြပ်အထိရရှိနိုင်ပေသည်။ 'ဘုန်းကြွယ်လူ့ထွတ်ချာ'သည် ဂုဏ်ရည်ပြစကားလုံးများဖြစ်ရကား ဂုဏ်၏အမည်ကို

ဂုဏ်ဘောင်(ဂုဏ်၏တည်ရာ)၌ တင်စား၍ ဂုဏ်ဟောစကားလုံးက ဂုဏ်ဘောင် ဒြပ်ကိုပါ ဖော်ပြသည်ဟု ယူနိုင်ပေသည်။ ဆိုလိုသည်မှာ 'ဘုန်းကြွယ်' ဟူသောစကားသည် 'ဘုန်းကြီးခြင်း' အနက်ကိုသာ ဖော်ပြသော် မုချ သဒ္ဒါဖြစ်၏။ 'ဘုန်းကြီးသော မြတ်စွာဘုရား'ကို ဖော်ပြသော် ဥပစာ သဒ္ဒါ(ဂုဏူပစာသဒ္ဒါ)ဖြစ်ပေ၏။ "လူ့ထွတ်ချော"လည်း နည်းတူပင်။

နည်းလေးဆယ် အမြင်ဖြင့်ကြည့်သော် အဝိနာဘာဝနည်းအားဖြင့် ဘုရားဒြပ်ကို ကောက်ယူနိုင်ပေ၏၊ အဝိနာဘာဝနည်းဆိုသည်မှာ မကင်း တတ်သည်ကို ဆိုပြီး မကင်းရာသည်ကို ရယူနိုင်သောနည်းဖြစ်၏။ အကျိုး ကိုဖော်ပြပြီး အကြောင်းကိုပါ သိမ်းယူနိုင်သောနည်းသည်လည်း ဤ အဝိနာဘာဝနည်းပင် ဖြစ်၏။

ဤတွင် ဘုန်းကြီးခြင်း၊ အထွတ်အထိပ် အချောအချာဖြစ်ခြင်းဟူသည် ဘုရားရှင် တည်းဟူသော ပုဂ္ဂလဝိသေသနှင့် မကင်းတတ်သော အကျိုး တရားများဖြစ်ပေသည်။ သို့ဖြစ်၍ ထို'ဘုန်းကြွယ်လူ့ထွတ်ချော'ဟူသော မကင်းတတ်သည့် အကျိုးတရားကို ပြဆိုကာမျှဖြင့် မကင်းရာသော အကြောင်းခံ ဘုရားရှင်ကိုပါ ဖော်ပြနိုင်ပေသည်။ ဤကား အဝိနာ ဘာဝနည်းအရ မြတ်စွာဘုရားကို ဖော်ထုတ်ရယူနိုင်ခြင်း အကြောင်း တည်း။

ကဗျာအမြင်ပိုင်းမှ ကြည့်သော်ကား ကဗျာဂုဏ်မြောက်စေခြင်းငှာ စကားလုံး နည်းနည်းဖြင့် စပ်ဆိုထားခြင်းဖြစ်သည်။ 'အစလေးလုံး၊ အလယ်သုံး၊ အဆုံးငါးခုနစ်'ဟူသော သံပေါက်လင်္ကာစည်းကမ်းအရ 'ဘုန်းကြွယ်လူ့ထွတ်ချော'ဟုသာ အဆုံးသတ်ထားခြင်း ဖြစ်သည်။ စင်စစ် ဘုန်းတန်ခိုးရှင်ကို မြှုပ်ကွက်လုပ်ထားသည်။ ယင်းကိုဖော်ယူရမည်။ ဤသို့ ဖော်ယူခြင်းအားဖြင့် 'မြတ်စွာဘုရား' ဟူသော ပုဂ္ဂိုလ်အနက်အထိ ရရှိ နိုင်ပေသည်။

ဒုတိယမေးခွန်း၏အဖြေကား အရာ အခွင့် အသင့် ယုတ္တိကိုထောက်ညို၍ ပုဂ္ဂိုလ်သာမန်ကို မယူပဲ သဗ္ဗညုမြတ်စွာဘုရားကိုသာ ယူရခြင်းဖြစ်ပေ သည်။

သဒ္ဒါတရပ်နှင့်စပ်လျဉ်း၍ အနက်မှန်ကို ရယူနိုင်ရေးအတွက် ထည့်သွင်းစဉ်းစားရမည့်အချက်များကို အောက်ပါအတိုင်း ဖော်ပြထားကြသည်။

အတ္ထာ ပကရဏာ လိင်္ဂါ၊ ဩစိတျာ ကာလဒေသတော။
သဒ္ဒတ္ထာ ဝိဘဇီယန္တိ၊ န သဒ္ဒါယေဝ ကေဝလာ။
(သဒ္ဒါငယ် သဒ္ဒသာရတ္ထဇာလိနီ၊ ၆၃)

အတ္ထာ၊ အနက်။ ပကရဏာ၊ အရာအခွင့်။ လိင်္ဂါ၊ သွင်ပြင်။ ဩစိတျ၊ အသင့်ယုတ္တိရှိမရှိ။ ကာလ၊ အချိန်အခါ ခေတ်အခါ။ ဒေသတော၊ အရပ်ဒေသနေရာဌာန ဤအချက်များဖြင့်။ သဒ္ဒတ္ထာ၊ သဒ္ဒါ၏အနက်တို့ကို။ ဝိဘဇီယန္တိ၊ ဝေဘန်ချင့်တွက်ကြရ၏၊ သဒ္ဒါယေဝကေဝလာ၊ သဒ္ဒါသက်သက်မျှဖြင့်။ န ဝိဘဇီယန္တိ၊ မဝေဘန်ကြရပေ။

ဖော်ပြပါ ပညာရှိလက်သုံး ထုံးဥပဒေနှင့်အညီ ကိစ္စတရပ်ရပ်၌ အနက်မှန် ဖော်ထုတ်ရေးအတွက်—

သဒ္ဒါ၊ အနက်၊ အရာအခွင့်၊ သွင်ပြင်၊
အသင့်ယုတ္တိ၊ ကာလ၊ ဒေသ

ဟူသော အချက်ခုနစ်ချက်၊ ရှုထောင့်ခုနစ်သွယ်မှ ကြည့်မြင်ချိန်ဆရမြဲဖြစ်လေသည်။

'ဘုန်းကြွယ်လူ့ထွတ်ချာ'ဟူသော စကား၌ 'ဘုန်းကြီးခြင်းနှင့် စပ်လျဉ်း၍' ဘုန်းကြီးကာမျှဖြစ်ဘိသော် အခြားလောကီ ပုဂ္ဂိုလ်များကိုလည်း စဉ်းစားနိုင်၏။ 'လူ့ထွတ်ချာ' ဟူသည်မှာမူ လူသာမန်များနှင့် မသက်ဆိုင်သော ဂုဏ်ပုဒ်ဖြစ်လေသည်။ ထို့ပြင် 'ပရိသတ်လယ် ပျော်စံပယ်'ဟူသော စကားအရ ထိုပုဂ္ဂိုလ်သည် ပရိသတ်လေးပါးအလယ်၌ တင့်တယ်စံပယ်နိုင်သည့် ပုဂ္ဂိုလ်ဖြစ်ရမည်မှာ သေချာပြန်သည်။ ထို့ထက် ဤသံပေါက်လင်္ကာနှင့် တွဲဆက်နေသော 'ရောင်ခြည်ခြောက်သွယ်၊ ဘဂဝါကယ်၊ အံ့ဘွယ်ဆယ့်ရှစ်ဖြာ'ဟူသော ရှေးသံပေါက်ကိုပါ ထည့်သွင်းတွက်ဆရပြန်သည်။

ဤကဲ့သို့အဖက်ဖက်က ပြည့်ပြည့်စုံစုံ ဆင်ခြင်လိုက်သော အခါ– 'မြတ်စွာဘုရား'ဟု တိုက်ရိုက်မဖော်မပြထားစေကာမူ 'ဘုန်းကြွယ် လူ့ထွတ်ချာ' ဆိုသူကား အခြားမဟုတ်၊ သဗ္ဗညု မြတ်စွာဘုရားသာ စင်စစ်ဖြစ်ကြောင်း အနက်မှန် ပေါ်ထွက်ရရှိလေသည်။

အမှာ။ ။ရှေးသံပေါက်များ၏ အဖြေများတွင် ကျမ်းကြီးလေးမည့် အပြစ် (ဂန္ထဂရု ဒေါသ)ကို ရှောင်လိုသဖြင့် ဤကဲ့သို့ ပညာသားပါသော ချင့်ချိန်ချက်တို့ကို အကျယ်ဖော်ပြတော့မည်မဟုတ်ပါ။

ယခုဆက်လက်၍ စကားတလုံးစီ၏ အနက် (အဝယဝတ္ထ)နှင့် တကွ အဓိပ္ပာယ် သရုပ်သဘောတို့ကို မကျဉ်းမကျယ် ဖော်ပြရေးသားပါအံ့။

ဘုန်း– 'ဘုန်း'နှင့် စပ်လျဉ်း၍ 'ဘုန်း၊ ဖုန်း၊ တန်ခိုး၊ တေဇာ၊ အာနုဘော်၊ ပြာဋိဟာ' ဟူ၍ စကားမိသားစုရှိနေသည်။ ထိုစကား မိသားစု၏ စကားရင်းမြစ် တည်ဖြစ်ပုံ၊ အနက်အဓိပ္ပာယ်နှင့် အသုံးအနှုန်း တို့ကို စိစစ်ရှင်းလင်းသင့်ပေသည်။

'ဘုန်း' ဟူသည် မြန်မာစကားစစ်စစ်လော၊ ပါဠိသက် ဝေါဟာရ လော။

'ဘုန်း'သည် မြန်မာစကား စစ်စစ် ပေါရာဏစကားဖြစ်သော 'ဘုန်း' လည်းရှိ၏။ ပါဠိသက် ဝေါဟာရဖြစ်သော 'ဘုန်း'လည်း ရှိ၏။ 'ဘုန်း' (ပေါ)၏ မူရင်းအနက်သည် သီရိကျက်သရေ ( Glory )ပင် ဖြစ်၏။

ဘုန်းကျက်သရေ၊ ပရမေဒ္ဓါဏာ (နဝဒေး-တရုတ်သံရောက်)
ဘုန်း ( Pron – ဖုန်း) N. Glory (ဂျပ်ဆင်)

ဘုန်း (ပေါ)၏ ဆင့်ပွားအနက်ကား 'ဘဂ' ခြောက်ပါးတည်း၊ ဘဂ ခြောက်ပါးကား–

ဣဿရိယ- မိမိစိတ်ကို ထူးထူးကဲကဲ နိုင်နင်းစိုးရခြင်း။

ဓမ္မ = မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ဟူသော လောကုတ္တရာ တရားနှင့် ပြည့်စုံခြင်း။

ယသ = အခြံအရံ အကျော်အစောရှိခြင်း။

သိရိ = ရုပ်ရေ ရူပကာယ တော်၏ ကျက်သရေရှိခြင်း။

ကာမ = စိတ်အလိုဆန္ဒအတိုင်း ပြီးပြည့်စုံခြင်း။

ပယတ္တ = ကြီးမြတ်သော သမ္မာဝါယာမ လုံ့လရှိခြင်းတည်း။

'လောကေ ဣဿရိယဓမ္မယသ သိရိကာမပယတ္တေသု ဆသု ဓမ္မေသု ဘဂသဒ္ဒေါ ပဝတ္တတိ' (ပါ-ဌ)

လောကေ၊ လောက၌။ ဘဂသဒ္ဒေါ၊ ဘဂသဒ္ဒါသည်။ ဣဿရိယ ဓမ္မယသ သိရိကာမပယတ္တေသု၊ ဣဿရိယဓမ္မယသ သိရိကာမ ပယတ္တဟု ဆိုအပ်ကုန်သော။ ဆသု ဓမ္မေသု၊ တရားခြောက်မျိုးတို့၌။ ပဝတ္တတိ၊ ဖြစ်ပေ၏။

မိမိစိတ်ကို ထူးထူးကဲကဲ အစိုးရခြင်းဟူသော ဣဿရိယ ဘုန်းတော်၌ လောကုတ္တရာပိုင်း၊ လောကီပိုင်း နှစ်ပိုင်းရှိ၏။ လောကုတ္တရာပိုင်းတွင် မိမိ၏ အရဟတ္တဖိုလ် စိတ်တော်ကို လိုသလိုဝင်စားတော်မူနိုင်ခြင်းဖြစ်၏။ ဆိုလိုသည်မှာ အခြားစိတ် မဖြစ်ပေါ်စေပဲ အရဟတ္တဖိုလ်စိတ်ချည်း သန့်သန့်ဖြစ်ခနေစေချင်လျှင် ဖြစ်စေနိုင်ခြင်းတည်း။ တရားဟောနေတုန်း မှာပင် စကားတရပ်နှင့် တရပ်အကြား အရဟတ္တဖိုလ်စိတ်ကို ဖြစ်စေနိုင် သည်။ အရဟတ္တဖိုလ်သည် နိဗ္ဗာန်ကိုသာ အာရုံယူသောစိတ်ဖြစ်၍ ထို စိတ်ဖြစ်သောအခါ အလွန်အမင်း ချမ်းသာလေသည်။

လောကီပိုင်း၌ ဣဿရိယ- ဘုန်းတော် (တန်ခိုးတော်)ရှစ်မျိုးရှိ၏။

၁။ အဏိမာဘုန်းတော် = မိမိကိုယ်ကို အနုမြူတမျှ သေးငယ်အောင် ဖန်ဆင်းနိုင်ခြင်း၊ ဗကဗြဟ္မာ ချွတ်ခန်း၌ ဤဘုန်းတော်ဖြင့် ကိုယ်ဖျောက်ပြီး တရားဟောခဲ့သည်။

၂။ မဟိမာ ဘုန်းတော် = မိမိကိုယ်ကို မြင့်မိုရ်တောင်မျှမက ကြီးမားအောင် ဖန်ဆင်းနိုင်ခြင်း၊ ပုဏ္ဏား ဝါးထောက်တိုင်းရာ၌ လည်းကောင်း၊ အသူရိန်နတ်ကြီး လာရောက် ဖူးရာ၌ လည်းကောင်း ဤဘုန်းတော်ကို အသုံးပြုသည်။

၃။ လဃိမာ ဘုန်းတော် = မိမိရုပ် ကိုယ်ခန္ဓာကို စိတ်လောက်ပေါ့ပါးလျင်မြန်အောင် ပြုနိုင်ခြင်း၊ ကောင်းကင်၌ ကြွသွားရာဘွင် ဤဘုန်းတော်ကို အသုံးပြုသည်။

၄။ ပတ္တိ ဘုန်းတော် = စိတ်သွားတိုင်းကိုယ်ပါ လိုရာရောက်စေနိုင်ခြင်း၊ ယူဇနာ ၃၀၀ ခရီး၊ နတ်ပြည်၊ ဗြဟ္မာပြည်စသည်သို့ သွားရာ၌ ချက်ခြင်းရောက်ရန် ဤဘုန်းတော်ကို သုံးသည်။

၅။ ပါကမ္မဘုန်းတော် = စိတ်ရည်သန်တိုင်းဖြစ်မြောက်မှုတည်း အခြား စကြာဝဠာသို့ကြွပြီး ဘုရင်တပါးအနေဖြင့် ပို့ဆောင် တရားဟောခြင်း၌ ဤတန်ခိုးကို အသုံးပြုသည်။

၆။ ဤသိတာဘုန်းတော် = သက်ရှိသတ္တဝါကို မိမိအလိုသို့ ကိုင်းညွတ် လိုက်ပါစေနိုင်ခြင်း၊ တရားပွဲကြီးများ၌ ဤဘုန်းတော်ကို အသုံးပြုသည်။

၇။ ဝသိတာ ဘုန်းတော် = စျာန်အဘိညာဉ် သမာပတ်တို့ကို နိုင်နင်းတော် မူခြင်း။ ဥရုဝေလနဝါး

အာဋ္ဌဝကဘီးလူး စသည်ကိုဆုံးမရာ၌ ဤဘုန်းတော်ကို အသုံးပြုသည်။

၈။ ယတ္ထကာမာဝသာယိတာဘုန်းတော် = တန်ခိုးတော် များကို ချက်ချင်း ရုပ်သိမ်းနိုင်ခြင်း၊ ရေမီး အစုံ တန်ခိုးပြာဋိဟာပြရာ၌လက်ယာ မျက်လုံးမှ မီးထွက်စဉ် ချက်ချင်း ရုပ်သိမ်း၍ လက်ဝဲမျက်လုံးမှ ရေ ထွက်စေသည်။ တခုပြီးမှ တခုဖြစ် သော်လည်းရုပ်သိမ်းမှု၊ဖြစ်ပေါ်စေမှု မြန်ဆန်လွန်းသဖြင့် မြင်ရသူများက တပြိုင်နက် ရေမီးအစုံ ထွက်နေသည် ဟု ထင်ကြရလေသည်။

'ဘုန်း' (ပေါ)သည် သီရိကျက်သရေဟူသော မိမိ၏မူရင်း အနက်နှင့် တသင်းထဲ တအုပ်စုထဲဖြစ်သော ကျန်ဘဂ ငါးမျိုးကို၂ါ ဆင့်ပွားဖော်ပြ ၏။ ထို့ကြောင့် 'ဘုန်း' ၏ အနက်ခြောက်ပါး (ဝါ) ဘုန်းခြောက်ပါး ဟူလိုသည်။

ဘုန်းခြောက်ဖြာစုံ၊ ကောဏာဂုံ၊ မကြုံငါတို့ဝေး၊ (ကဝိ-၁၂၉)

ဤတွင် 'ဘဂ'မှ 'ဘုန်း' ဖြစ်ခြင်းမဟုတ်၊ ပြောင်းထုံးဥပဒေသမရနိုင်။ သို့ရာတွင် ဘဂနှင့် ဘုန်းအနက်အားဖြင့် ဆက်သွယ်မှုရှိ၏။ ဤအချက်ကို သတိချပ်အပ်၏။ (ဝေါ-နီ)

ဘုန်း (ပါသက်)၏ ရင်းမြစ်ကား ပုည (ပုည)တည်း၊ အနက်ကား ဖြူစင်သန့်ရှင်းသော ကောင်းမှုကုသိုလ်ဟူပေ။ ပြောင်းပုံမှာ—

ပုည = ပုဉ်=ပုန် = ဖုန်း = ဘုန်း

အစန်မှ အစဉ်၊ သံယောဇန်မှ သံယောဇဉ် ကဲ့သို့ 'ဉ် နှင့် န်'ပြောင်း ၏။ ပ၊ ဖ၊ ဗ၊ ဘ၊ က၊ ဃ၊ ငါးလုံးဝဂ်တူ အက္ခရာချင်းဖြစ်၍ ပြောင်း နိုင်၏၊ ပုံစံ- (ဘူဘ) ဘုတ်-ဖုတ် (ဘိသိ) ဘုံ-ဖုံ၊ ဝစ္စပေါက်သည့်၍ မြန်မာမှုပြု၏။

ပါဠိသက် ဖုန်း နှင့် ဘုန်း အနက်တူ၏။ သို့သော် ဘုန်း (ပေါ)နှင့် အနက်မတူ၊ ထို့ကြောင့် 'ဘုန်း'ဟု သာမန်ဆိုလျှင်–

(၁) ဘုန်းခြောက်ပါးဟူသော အနက်၊

(၂) ကောင်းမှု ပုည ဟူသော အနက်နှစ်မျိုး ရှိပေသည်။

တဖန် 'ဘုန်း' ကို 'ဖုန်း'ဟု အသံထွက်၏။ ထိုအသံထွက် 'ဖုန်း' နှင့် ပါဠိသက် ဖုန်း အနက်မတူကြောင်း သိအပ်ပေသည်။

**အောက်ပါတို့ကို 'ဖုန်း' ဖြင့် ရေးရာ၏။**

| | |
|---|---|
| ဖုန်းကံ | ပုညကံမှ |
| ဖုန်းသမ္ဘာ | ပုညသမ္ဘာရ (အသံထွက် ဖုန်းသဘာ) |
| ဖုန်း အာနုဘော် | ပုညာနုဘာဝ |
| ဖုန်း တန်ခိုး | ပုညိဒ္ဓိ |

ကြမ္မာရှေးဖုန်း၊ ကုသိုလ်ထုံး၍ (ရှေးဖုန်း=ရှေးကုသိုလ်)

သူဖုန်းစား၊ ဖုန်းတောင်းယာစကာ။

ဤတွင် 'ဘုန်းကံ' စသည်ဖြင့် 'ဘုန်း'ကို ရေးပြီးမှ 'ဖုန်း'ဟု အသံပြန်ထွက်ယူခြင်းသည် အလုပ်ပိုကဲ့သို့ ဖြစ်နေသည်။ မူလသဘော 'ဖုန်း' စသည်ဖြင့် ရေးသင့်သည်။

အောက်ပါတို့၌ 'ဘုန်း' ဖြစ်သင့်၏။

တကာမင်းဘုန်း၊ ချိန်ဆုံးနာထိုက်၊

ဆင်းရှယ်တက်တုန်း၊ ဘုန်းလည်းတက်စ (ဘုလင်-၂၀၃)

တောဝှမ်းပျော်ပုန်း၊ ရဟန်းဘုန်းကား (ကိုး- ၄၀)

ဘုန်းတော်နိုင်ငံ၊ မည်သာခံသည်၊ မင်းစံကြက်သရေ၊

လှမြို့တေကို။ (ပြည်စုန်- ၂၁)

ပြဟ္မာနှင့်ဘုန်း၊ ခါသင့်ဆုန်း၍၊ ခင်ဘုန်း မြောက်ပြီး

(သစ္စာ- ၀၄)

ဘုန်းကြီးသည်၊ ဘုန်းနိမ့်သည်၊ ဘုန်းတော်ဘွဲ့၊ ဘုန်းတော်
အနန္တ။

သတိပြုရန်မှာ မြတ်စွာဘုရားသည် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို ရတော်မူပြီး ဘုရားဖြစ်သည့်အချိန်မှစ၍ ကုသိုလ်ပုည လုံးဝ မရှိတော်ပေ။ 'ကုသလာ ကုသလံဇဟံ' (နမက္ကာရ) ကုသိုလ် အကုသိုလ် အားလုံး စွန့်ပယ်ပြီး ဖြစ်လေသည်။ ဘုရား သဗ္ဗညုအနေဖြင့် ပြုလုပ်သမျှ ကောင်းမှုအားလုံးသည် အကျိုးမပေးတော့သည့်အတွက် ကုသိုလ်မဖြစ်၊ ကြိယာမျှသာ ဖြစ်လေသည်။ ဘုရားမဖြစ်ခင် ဗောဓိပင်နှင့် ရွှေပလ္လင်အထိသာ ကုသိုလ်တော် မြေအထုရှိပေသည်။ (အဘိဓမ္မာ)

'ဘုန်းတော် အနန္တ၊ ကံတော် အနန္တ၊ ဉာဏ်တော် အနန္တ၊ စကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား' ဟု ဆိုရာ၌ ကံတော်အနန္တသည် အလောင်းအလျာဘဝ အဆက်ဆက် ဆည်းပူးလာသော မဟာကုသိုလ်တော်ကိုသာ ရည်မှတ်ရသည်။ ဘုရားဖြစ်ပြီ သော်ကား ဘဝမျိုးစေ့ကို ကြွေချပေးသောကံ (ကုသိုလ်-အကုသိုလ်)အားလုံး ကုန်ပြီးဖြစ်သည်။

ခီဏာ ဇာတိ – ဇာတိမျိုးစေ့ ကုန်ပြီ၊
ကတံ ကရဏီယံ– ပြုစရာအမှုအားလုံး ပြီးဆုံးပြီး (ဓမ္မစကြာ)
ကိုလည်း ထောက်လေ။

သို့ဖြစ်၍ သဗ္ဗညု ဘုရားဘဝပိုင်းကို ရည်ညွှန်းရေးသားသော်'ဘုန်း' ကို သုံးရမည်။ ဘုန်းတော်ခြောက်ပါးကို ရည်ညွှန်းရန် ဖြစ်သည်။ ဘုရားရှင် ဖြစ်ခိုက် ကာလကို မရည်ရွယ်မူကား ဖုန်း (ကုသိုလ်ပုည)ကို သုံးနိုင်ပေသည်။

ဘုရားရဟန္တာမှတပါး အခြားသော ပုဂ္ဂိုလ်များအတွက်မူကား ဖုန်း၊ ဘုန်း သင့်သလို သုံးနိုင်သည်။ ဘုန်းခြောက်ပါးနှင့် မပြည့်စုံသော်လည်း သူ့အဆင့်နှင့်သူရှိသော ဘုန်းကို ရည်ညွှန်းနိုင်သည်။ ကုသိုလ် ပုညကို

ပြုလိုသော် ဖုန်း။ သိရိကျက်သရေ စသည်ကို ပြောလိုသော် ဘုန်း ဟု ရေးရာ၏။ အဌကထာ ဋီကာ ဆရာကြီးများက-

ဝတ္တိစ္ဆာနု ပုဗ္ဗိကာ၊ သဒ္ဒပဋိပတ္တိ-ဟုံ မိန့်ကြားခဲ့သည်။

သဒ္ဒပဋိပတ္တိ၊ သဒ္ဒါ၏ ဖြစ်ပေါ်ခြင်းသည်။ ဝတ္တိစ္ဆာနု ပုဗ္ဗိကာ၊ ရေးသူ ပြောသူ၏ အလိုသို့ အစဉ်လိုက်ပါမြဲ ဖြစ်၏ဟူလို။

ဘုန်း (ကြိ) ကြိယာပုဒ် 'ဘုန်း'လည်းရှိသေး၏။ ဘိက္ခု ဘတ္တံ ဘုဥ္စတိ-ရဟန်းဆွမ်းစား၏။ ဘုဥ္စတိ၊ ကို ဘုဉ်း၊ ဘုန်း ဟု မြန်မာမှုပြု၍ စားခြင်း အနက်ယူ၏။ ဆွမ်းဘုဉ်း၏ဟု သုံးကြသည်။

ပြောစည်ပြုန်းပြုန်း၊ အုတ်အုတ်အုန်း၊ ဆွမ်းဘုန်းပေးသည့်ပွဲ
(ကဝိ- ၉၁၆)

လူမည်ငဘုန်း၊ ဆွမ်းကိုဘုန်း၊ ရွှေဘုန်း (ဖုန်း) ကံတေဇာ။
(မဓုသာရတ္ထ-၃၅၇)

အလျှင်ရှေးရိုး၊ ဘုန်းတန်ခိုးလွှမ်း၊ ဆွမ်းကိုဘုန်းပေး၊ ဆေးငဘုန်းဆို။
(ဆကာရန္တ- ၆၁၂)

တန်ခိုး – တန်းခိုး၊ တန်ခိုး ဟု စာလုံးပေါင်း နှစ်မျိုးရှိ၏။ တန်းခိုးက မူရင်းကျ၏၊ သို့သော် ယခုအခါ တန်ခိုး (တန်၌ ဝိသဇ္ဇနီမဲ့)သာ အသုံးများသည်။ အသံထွက်ကား (တခိုး၊ ဒဂိုး) တည်း။

တန်း=ဖြောင့်၊ တန်=ထိုက်၊ အရောင်၊ ခိုး=အရောင် အလင်း၊ ထို့ကြောင့် တန်ခိုး= ဖြောင့်တန်းသော ထိုက်တန်သော အရောင်တည်း။

တန်းခိုး နေရှိန်ဖြာ (ဦးဖျန်း)
တန်းခိုး နေဝန်းဝါ (နဝဒေး)

ဟူသော ရှုပကစကားအရ တန်းခိုးဟူသည် နေရောင်ကဲ့သို့လင်းသော ပူပြင်းသော ၊ ရဲရင့်စေသော သဘာဝတမျိုးဟု ဆိုရာသည်။

ဒေါက်တာ ဂျင်ဆင်က 'တန်ခိုး' ကို Power ဟု အနက်ဖော်သည်၊ ပြုလုပ်ဖန်တီးနိုင်သောစွမ်းရည်၊ ကိုယ်စိတ်တို့၏အစွမ်းသတ္တိ၊ စွမ်းအားကို 'တန်ခိုး'ဟု ဆိုလိုပေသည်။ ထို့ကြောင့် ဘုန်းတန်ခိုးဟု တွဲသုံးခြင်း ဖြစ်လေသည်။

တေဇာ၊ တေဇော် (ပါသက်)၊ တေဇ (ပါ)မှ ဆင်းသက်သည်။ ထက်မြက်ခြင်း၊ ပူပြင်းခြင်း၊ မီး အနက်ရှိ၏။ တေဇာ၂ = ထက်မြက်သောဘုန်း။

အာနုဘော်၊ အာနုဘာဝ (ပါ)မှ ဆင်းသက်သည်။ ဣဒ္ဓိဘာဝ = ဣဒ္ဓိဘော်၊ သဘာဝ = သဘော်ကဲ့သို့ပြောင်းသည်။ အာနုဘာဝေန- ကို 'တန်ခိုးတေဇော် အာနုဘော်ကြောင့်'ဟု သဒ္ဒနီတိပဒမာလာနိဿယ (နှာ ၁၃၃)၌ ဆရာတော်ဘုမ် အနက်ပေးထားသည်ကို တွေ့ရသည်။ ထို့ကြောင့် 'အာနုဘော်'သည် ဘုန်းတန်ခိုး တေဇာအနက်ကိုပင် ဟော ကြောင်း သိရ၏။

ပြာဋိဟာ=ပါဋိဟေရ၊ ပါဋိဟီရ(ပါ)၊ ပါဋိဟာရ(သ)မှ 'ပြာဋိဟာ' ဟူသော ဆင်းသက်ဝေါဟာရ ရှိသည်၊ ဆန့်ကျင်ဘက်တို့ကို နှိမ်နင်း၍ ဖြစ်တတ်သောကြောင့် ပြာဋိဟာမည်၏။ 'တန်ခိုးပြာဋိဟာ' ဟု အဂ္ဂမဟာပဏ္ဍိတ သပြေကန်ဆရာတော်က အနက်ပေးသည်၊ ဘုန်းတန်ခိုးဟု လည်းကောင်း၊ တန်ခိုးပြာဋိဟာ ဟု လည်းကောင်း အရကူ အသုံးပြု သည်ဖြစ်ရကား က သည် ခ နှင့် ညီသည်၊ ခ သည် ဂ နှင့်ညီသည်ဆိုလျှင် က သည် ဂ ညီသည်ဟူသော သချာသဘောအရ 'ဘုန်းပြာဋိဟာ'ဟူ၍ သိအပ်၏ ပြာဋိဟာ ဟူသည် ဘုန်းတော်ပင်တည်း။

ကြွယ် = ပြည့်စုံကုံလုံခြင်း၊ မြားမြောင်ခြင်းအနက်ရှိ၏။
= မျိုး ဆွေဗိုလ်ပုံ၊ ဘုန်းငွေလှုံသည် - ကြွယ် ကုံမရှားမပါး တည်း။ (ဆု-၁၉)
= အိမ်ခိုင်သူကြွယ်၊ ရှိတိုင်းနွယ်၍။
= ဗိမ္ဗာဘုန်းကြွယ်၊ ရာဟုမယ်၏။

ဘုန်းကြွယ် = ပြည့်စုံသောဘုန်း၊ မြားမြောင်သောဘုန်း၊

'ကြွယ်'ကား အထူးပြုစကား၊ နာမဝိသေသန၊ 'ဘုန်း'ကား အထူးပြုခံ နာမ်ပုဒ်၊ နာမဝိသေသျ၊ ပြောင်းပြန်အနေအထားရှိ၏။ မြန်မာဝေါဟာရများစွာတို့၌ ဤကဲ့သို့ အထူးပြုစကား (နာမဝိသေသန)က နောက်၌ တည်သော ဝေါဟာရ အများအပြားရှိ၏။

ပုံစံ – သူကြွယ် = ကြွယ်သောသူ

လူကြီး = ကြီးသောလူ

မြစ်ငယ် = ငယ်သောမြစ် (စသည်)

ဤသို့သော ပုဒ်ဖွဲ့မျိုးကို ပါဠိသဒ္ဒါနည်းအရ ဝိသေသန ဥတ္တရ ပဒ ကမ္မဓာရည်း သမာသ် ဟု ခေါ်သည်။

ပုံစံ – မဟောသဓပဏ္ဍိတ = ပညာရှိသော မဟောသဓာ

ပုဂ္ဂလဝိသေသ = ထူးသောပုဂ္ဂိုလ်

ဤတွင် ပုဒ်နေ ပုဒ်ထား တည်ဖြစ်ပုံ သဒ္ဒါဟန်သည် ပါဠိနှင့်မြန်မာ တထပ်တည်း တူညီနေသည်ကို တွေ့ရပေသည်။

ဘုန်းကြွယ် – ဟူသော စကားနှင့်စပ်လျဉ်း၍ မြတ်စွာဘုရား ဘုန်းတန်ခိုးကြီးမား တော်မူပုံကို အနည်းငယ်ဖော်ပြပါအံ့။

မြတ်စွာဘုရားသည် မနှိုင်းယှဉ်အပ်သော ပါရမီတော်တို့ကို ဖြည့်ဆည်းပူးတော်မူခဲ့သည့်အတွက် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူပြီး ဘုရား သဗ္ဗညုစင်စစ်ဖြစ်သည်နှင့် အဘိညာဉ်ခြောက်ပါး၊ ပဋိသမ္ဘိဒါလေးပါးတို့ကိုပါ ရရှိတော်မူသည်။

## အဘိညာဉ် ၆-ပါး

အဘိညာဉ်ခြောက်ပါးကား အောက်ပါတို့ပင်တည်း။

၁။ ဣဒ္ဓိဝိဓအဘိညာဉ် – စိတ်သွားတိုင်း ကိုယ်ပါပြီး ဖြစ်စေလိုရာ ဖြစ်နိုင်သော စွမ်းရည်။

၂။ ဒိဗ္ဗစက္ခု အဘိညာဉ် – နတ်မျက်စိကဲ့သို့ မြင်လိုရာ မြင်နိုင်စွမ်းခြင်း။

၃။ ဒိဗ္ဗသောတအဘိညာဉ် – နတ်နားကဲ့သို့ ကြားလိုရာ ကြားနိုင်စွမ်းခြင်း။

၄။ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်–အတိတ်ဘဝအနန္တကို ပြန်လှန်သိမြင်နိုင်သောစွမ်းရည်။

၅။ ပရစိတ္တဝိဇာနနအဘိညာဉ် – သူတပါး စိတ်ကို သိနိုင်သောစွမ်းရည်။

၆။ အာသဝက္ခယအဘိညာဉ် – ကိလေသာ အာသဝေါတရားအားလုံးကို ကုန်ခန်း စေသော ဉာဏ်ရည်။

## ပဋိသမ္ဘိဒါလေးပါး

ပဋိသမ္ဘိဒါလေးပါးကား ဤသို့တည်း။

၁။ အတ္ထပဋိသမ္ဘိဒါ – အကျိုးတရားဟူသမျှကို လည်းကောင်း၊ အနက်၊ နိဗ္ဗာန် ဝိပါက်၊ ကြိယာတို့ကို လည်းကောင်း ကောင်းစွာသိခြင်း။

၂။ ဓမ္မပဋိသမ္ဘိဒါ – အကြောင်းတရား အားလုံးကို လည်းကောင်း၊ ပါဠိမဂ်၊ ကုသိုလ်၊ အကုသိုလ်တို့ကိုလည်းကောင်း၊ ကောင်းစွာသိခြင်း။

၃။ နိရုတ္တိပဋိသမ္ဘိဒါ – ထိုအတ္ထ ၅ ပါး၊ ဓမ္မ ၅ ပါးတို့နှင့် စပ်လျဉ်း၍ သဒ္ဒါဝေါဟာရ စသည်တို့ကို ကောင်းစွာသိခြင်း။

၄။ ပဋိဘာနပဋိသမ္ဘိဒါ – ဖော်ပြပါပဋိသမ္ဘိဒါသုံးပါးကို ဝေဘန်ပိုင်းခြား၍ သိခြင်း။

ဤသို့သော ဆဋ္ဌဘိုည၊ ပဋိသမ္ဘိဒါပတ္တအရာ၌ အထွတ်အထိပ်ဖြစ်သော ပုဂ္ဂိုလ်မြတ်အနေဖြင့် အဘယ်မျှ ဘုန်းတန်ခိုးတေဇော်ထက်မြက်ကြီးမားမည်ကို ချင့်ချိန်နိုင်ရာသည်။ သာဓကဆောင်သော်ကား များစွာ၏။

ရာဇဂြိုဟ်မြို့၌ ပုဏ္ဏားတယောက်သည် မြတ်စွာဘုရား၏ ပမာဏကို တိုင်းတာ၍ မရဟု ပြောကြသည်ကို မယုံကြည်၍ အတောင်ခြောက်ဆယ်ရှိသော ဝါးလုံးတလုံးကို ရှာပြီး မြတ်စွာဘုရား ဆွမ်းခံအလာကို စောင့်နှင့်၏။ မြတ်စွာဘုရားကြွလာသောအခါ မြို့တံခါးအနီး ရောက်သည်နှင့် ဝါးတောက်၍ ဘုရားကိုတိုင်းလေ၏။ သူ့ဝါးသည် ဘုရားရှင်၏ ပုဆစ်တော်လောက်သာ မှီလေသည်။ မကျေနပ်၍ နောက်တနေ့တွင် အတောင်တရာ့နှစ်ဆယ် ရှည်အောင် ဝါးများကိုဆက်ပြီး တိုင်းပြန်ရာ ဝါးသည် ဘုရားရှင်၏ ခါးတော်လောက်သာ မှီဘိ၏။

ထိုအခါ မြတ်စွာဘုရားက ဤသို့မိန့်တော်မူ၏။ ပုဏ္ဏား သင်သည် စကြဝဠာအပြည့်ရှိသော ဝါးများဖြင့် ငါဘုရားကိုတိုင်းသော်လည်း ရမည်မဟုတ်၊ ငါဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး မရေမတွက်နိုင်အောင်များပြားသော ပါရမီတော်တို့ကို ဖြည့်တင်းခဲ့သည်။ ဖြည့်ခဲ့သော ပါရမီတော် ကုသိုလ်တော်တို့၏ ပမာဏမရှိဖြင့် ထိုပါရမီကုသိုလ်တို့ကြောင့် ပွင့်ပေါ်လာသော ငါဘုရား၏ ပမာဏကိုလည်း တိုင်း၍ရမည်မဟုတ်ချေ။

အခြားဝတ္ထုတခုမှာ အသူရိန်နတ်ကြီးသည် ယူဇနာ လေးထောင်ရှစ်ရာ အရပ်မြင့်သည်။ ဦးခေါင်းသည်ပင် ယူဇနာ ကိုးရာရှိသည်။ ဤကဲ့သို့ ခန္ဓာကိုယ် ကြီးမားသည့်အတွက် လူသားဖြစ်သော ဂေါတမဘုရားရှင်ကို သူလာရောက် ဖူးမြင်၍ မလွယ်၊ တော်တော်ငုံ့ကြည့်မှ ဘုရားကို မြင်နိုင်မည်ဟု စိတ်ပျက်လျက်ရှိ၏။ တနေ့တွင်မူ ဖူးချင်လွန်းအားကြီးသဖြင့် ဖြစ်လိုရာဖြစ်စေဟု သဘောထားကာ ဘုရားရှင်ရှိရာ ဇေတဝန်ကျောင်းတော်သို့လာ၏။

မြတ်ဗုဒ္ဓသည် အသူရိန် ကိုယ်ခန္ဓာကြီးမားမှု၊ စိတ်ထဲ၌ဖြစ်နေမှုကို တင်ကြိုသိထားနှင့်သဖြင့် သူလည်းလာ၍ရအောင်၊ သူ့အတင်အမြင် လွဲမှားနေကြောင်းကိုလည်း သိသာအောင် တန်ခိုးတော်ဖြင့် စီစဉ်စောင့် နှင့်၏။ ဇေတဝန်ကျောင်းရိပ်ရှိ ညောင်စောင်းပေါ်၌ မြတ်စွာဘုရားသည် လျောင်းတော်မူနေ၏။

အသူရိန်နတ်ကြီးသည် ဘုရားရှင်ကိုတွေ့သောအခါ သူထင်သလို မဟုတ်ပဲ တော်တော်ကြီးကို မော့ပြီး ဖူးမြော်ရလေသည်။ အံ့ဩနေ သော အသူရိန်နတ်ကြီးအား မြတ်စွာဘုရားက ဤသို့ အတိုချုပ် မိန့် ကြား၏။

အမောင်ရာဟု ငါဘုရားသည် မျက်နှာအောက်ချ၍ ပါရမီဖြည့်ခဲ့သူ မဟုတ်၊တက်တက်ကြွကြွသာ လျှင် ဖြည့်ဆည်းပူးခဲ့သူဖြစ်သည်။ထို့ကြောင့် မြတ်စွာဘုရားအပေါ် မည်သူမျှ အ မြင်မသေးနိုင်ပေ။ (သီ-ဋ္ဌ၊ နှာ ၂၅၄)

(သံ-နှာ၊ ၁၀၁)

အချုပ်အားဖြင့် မြတ်စွာဘုရား၏ ဘုန်းတန်ခိုးတော် ကျေးဇူးတော် ဂုဏ်တော်တို့ ကြီးမား များပြားမှုကား ဤရွေ့ဤမျှသာဟု ကန့်သတ်၍ မရသာ၊ အစိန္တေယျ၊ အပ္ပမေယျ ဖြစ်ဘိ၏။ ဤအကြောင်းကို သိလွယ် စေရန် ဤသို့ ကြံဆပြောကြားကြကုန်၏။

ဗုဒ္ဓေါပိ ဗုဒ္ဓဿ ဘဏေယျ ဝဏ္ဏံ၊ ကပ္ပမ္ပိ စေ အညမဘာသမာနော။

ခီယေထ ကပ္ပေါ စိရဒီဃမန္တရေ၊ ဝဏ္ဏော န ခီယေထ တထာဂတဿ။

မြတ်စွာဘုရားတဆူ၏ ဂုဏ်ကျေးဇူးကို အခြား ဘုရား တဆူက တကမ္ဘာပတ်လုံး ဟောကြားနေသော်လည်း ကမ္ဘာသာပျက်သွားမည်၊ ဘုရားဂုဏ်ကို ဟော၍မကုန်သေးဟု ဆိုလိုပေသည်။ (ဗုဒ္ဓဝံသဋ္ဌ၊ စရိယာ ပိဋကဋ္ဌ-စသည်)။

သို့ဖြစ်၍ 'ဘုန်း ကြွယ်'ဟူသော စကားနှစ်လုံးသည် ဘုရားရှင်နှင့် စပ်လျဉ်းသည်ဖြစ်သောကြောင့် အဆုံးမရှိ တာသွားလျက်ရှိကြောင်း သိအပ်ပေသည်။

လူ့ထွတ်ချာ၌ 'လူ့'ကား 'လူ၏'ဟု ဆိုလိုသည်။ အောက်ကမြစ် ( ့ )သည် '၏' မှ ကျန်ခဲ့သော သင်္ကေတဖြစ်၏။ ရှေးနည်းအရ '၏ နှင့် ၍' ရေးရာတွင် အောက်ကမြစ်နှင့်တကွ '၏့၊ ၍့'ဟု သေသေချာချာ ရေးရသည်။

'ရေးရာမမေ့၊ ၏့ နှင့် ၍့ကို၊ စေ့စေ့မယွင်း၊ အောက်မြစ်သွင်း'ဟူ၍ မြန်မာစာစောင့် ပညာရှိကြီးများက မှာကြားရစ်ခဲ့သည်။

အားသွန်ညွှတ်ခ၊ သုံးလူ့ဘကို၊ ဖူးကြသောဟန် (ရှင်ဥတ္တမကျော်)
ဘိုးတော်ကောင်းမှု၊ တည်ထားပြုသည် (လက်ဝဲသုန္ဒရ)
ဗန္ဓုပရမေ၊ သုံးလူ့ဆွေလျှင် (ဥမ္မာဒန္တီပျို့)
'၏့'နှင့် '၍့' အောက်ကမြစ်ပါရသည့်အကြောင်းကား ဤသို့ဖြစ်၏။

ရာဇကုမာရ် ကျောက်စာကျောင်းရေ (၂၁)၌ 'ယေအိ' (၂၂)၌ မိန္နုရယ်အအေ်'ဟုရှိ၏။ 'အိ'သည် အောက်ကမြစ်တည်း၊ ယေအ်၊ အေ်မှ ယခုခေတ်၏ ဖြစ်လာသည်။ ရယ်မှ ရွေ့၊ ၍ဖြစ်လာသည်။ ထို့ကြောင့် '၏့'နှင့်'၍့'ရေးရာ၌'အောက်ကမြစ်သွင်း' ဟု ရှေးဆရာမြတ်တို့က သတိပေးခဲ့ခြင်း ဖြစ်လေသည်။

လူ 'လူ' သည် မြန်မာဒေါဟာရစစ်စစ် 'လူ' နှင့် ပါဠိသက် ဝေါဟာရ 'လူ' ဟူ၍ နှစ်မျိုး ရှိသည်။

မြန်မာဝေါဟာရ 'လူ'ကား၊ သစ်ညွန့်များကဲ့သို့လန်းလန်းလူလူ ဖြစ်ခြင်း အနက်ရှိသည်၊ ပါဠိသက် 'လူ'ကား–

(၁) လုစခတ်မှ လူ(စ-ကိုချေ၊ ဥ-ကို ဦပြု)။
(၂) လောကမှ လူ (က-ကိုချေ၊ ေ–ါ ကို ူ ကိုပြု)

အနက်ကား၊ ဇာတိဟူသောတရားဖြင့် ဖြစ်တတ် ပျက်တတ်သော သဘောရှိ၍ 'လူ' ဟူပေ။ ပါဠိစကားလုံး 'မနုဿ'ကို 'လူ'ဟု အနက် မြန်မာပြန်ဆိုကြ၏။ ဤအလို ကုသိုလ်နှင့် အကုသိုလ် ခွဲခြားသိတတ်

သောကြောင့် လည်းကောင်း၊ အကြောင်း ဟုတ်သည် မဟုတ်သည်ကို လည်တတ်သောကြောင့်လည်းကောင်း၊ အကျိုးရှိမရှိ ကောင်းစွာ သိတတ်သောကြောင့် လည်းကောင်း၊ 'လူ'မည်ပေသည်။

နတ် သိကြား မဟုတ်သောသူ ကို 'လူ'ဟု ခေါ်၏၊ ပုံစံ-

ဤလူတို့အား၊ နတ် သိကြားလျှင်၊ ဟန့်တားပါလင့်၊

ရဟန်းမဟုတ်သော ဃရာဝါသဖြင့်နေသည့် ဝတ်ကြောင် ပုဂ္ဂိုလ်ကို လည်း လူဟုခေါ်၏။ ပုံစံ-

နားတံချူဖြင့်၊ ရှင်လူ ဆွတ်ပြေ ပြီး သတည်း။

"လူ့ထွတ်ချာ"၌ 'လူ' အရ လူသုံးပါးကိုယူရမည်၊ 'လူသုံးပါး'ဟူသော မြန်မာသုံး စကားသည် 'တိလောက'ဟူသော ပါဠိ၏ မြန်မာပြန်

ဖြစ်၏။ တိ=သုံး၊ လောက = လောက (ဝါ) လူ၊တိလောက=လောက သုံးပါး၊ (ဝါ) လူသုံးပါး။

လူသုံးပါး-အရ-လူနတ်ဗြဟ္မာ-ဤ သုံးဦးကိုလည်း 'လူသုံးပါး' ဟု ခေါ်၏။

ပုံစံ- သုံးပါးလူကို၊ ဆက်ကပ်ရလို၏တည်း။

ကိုယ့်အထက်၊ ကိုယ်တူ၊ ကိုယ့်အောက် သုံးစားကိုလည်း 'လူသုံးပါး' ဟု ဆို၏။ ပုံစံ- လူသုံးပါးနှင့်၊ မပြားရောပြွမ်း။

မုန်းသူချစ်သူ လျစ်လျူရှုသူ သုံးမျိုးကိုသည်း 'လူသုံးပါး'ဟု သုံး၏။ ပုံစံ- မုန်းချစ် လျစ်လျူ၊ သုံးပါးလူကို

'လူ့ထွတ်ချာ'ဟူသော စကား၌ 'လူသုံးပါး' အရ 'လူ၊ နတ်၊ ဗြဟ္မာ' ဟူသော လူသုံးဦးကို ယူရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မြတ်စွာဘုရားသည် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံး၏ အထွတ်အထိပ် အချက်အချာဖြစ်သော ပုဂ္ဂိုလ်တူးဖြစ်၍တည်း၊ ဤတွင်-

အရဟံ – ဗြဟ္မာ နတ်လူ သုံးဘုံသူတို့၏ ကြည်ဖြူကောင်းရော် ပူဇော်ခြင်းကို ခံထိုက်သော မြတ်စွာဘုရား။

အနုတ္တရော ပုရိသဒမ္မသာရထိ၊ မယဉ် ကျေးသေးသည်ဖြစ်၍ ဆုံးမခြင်းငှါထိုက်သော လူယောကျ်ား၊ နတ်ယောကျ်ား၊ ဘီလူးယောကျ်ား၊ တိရစ္ဆာန်ယောကျ်ားတို့ကို အတုမရှိ ယဉ်ကျေးအောင် ဆုံးမတော်မူနိုင်သော မြတ်စွာဘုရား။

သတ္ထာ ဒေဝမနုဿာနံ – နတ်လူတို့၏ဆရာဖြစ်တော်မူသော မြတ်စွာဘုရားဟူသော ဂုဏ်တော်တို့ကို ထောက်ထားရာသည်။

မြတ်စွာဘုရားသည် လူသုံးပါးတို့၏ အထွတ်အချာ ဖြစ်ကြောင်းကို မန်လည်ဆရာတော်ဘုရားက ဤသို့ ဂုဏ်ပြုဖွဲ့ဆိုခဲ့ပေပြီ။

မဟာဝိသယ၊ တိလောကနိုက်၊ နရမရူ၊ သနင်္ကြုတို့၊ သရဘူဦးစိုက်၊ မကိုဋ်မှနဝရတ်၊ ကျောက်စိန်ထွတ်ဖြင့်၊ ညွှတ်၍ ညွှတ်၍၊ ဦးနှိမ်တော့လျက်၊ ညဉ့်နေ့မစဲ တရဲရဲတိ၊ အမြဲရောင်ညီ၊ မပြတ်ထိသား၊ နန္ဒိဝစုန၊ သကျမာရဇိန်၊ စောမုနိန်၏၊ သီရိန္ဒာဘိ၊ သိရိရတနာ၊ မင်္ဂလာမျိုးပေါင်း၊ ပုံတောင်းပြိုးပြက်၊ ရာရှစ်ကွက်နှင့်၊ ရွှေစက်ပဝရ၊ စရဏဟု၊ ပါဒနက်သန်၊ စုံနှစ်တန်ကို၊ ငွေဗိတာန်ကြီး၊ ကဒဏ်ထီးသို့၊ မိုးပြီးဥသုံ၊ ဘေးမျိုးလုံမှ–

ဤသို့ လူနတ်ဗြဟ္မာ သုံးဦးသားလုံးနှင့် သက်ဆိုင်ပါလျက် ‘လူ့ထွတ်ချာ’ ဟု ‘လူ’ ကိုသာ ဖော်ပြခြင်းမှာ ပဓာနနည်းအရ ဖြစ်လေသည်၊ လူသည် ဘုရားပင်ဖြစ်သော သတ္တဝါမျိုးဖြစ်၍ ပဓာနကျသည်၊ ပြဋ္ဌာန်းသည်၊ ပြဋ္ဌာန်းသည်ကိုဆိုသဖြင့် မပြဋ္ဌာန်းသည်ကိုလည်း ယူရသော နည်းသည် ပဓာနနည်း၏ သဘောတည်း။

ထွတ် – အခေါင်အထွတ်၊ ထွားထွားထွတ်ထွတ်

အောက်ပါတို့၌ အခေါင်အထွတ် သဘောကို ရအပ်၏။

ငါ့အားရိုညွတ်၊ လုပ်ကျွေးတတ်သည်၊ ကောင်းထွတ်စံပယ်၊ သားများမယ်ဟား၊ (ကိုး – ၁၆၇)

ဦးလည်လည်းဖြတ်၊ နိုင်အောင်သတ်မှ၊ စောလွတ်ရွှေမှောက် (သခင်ထွေး – ၃)။

သက်ဆုံးကြည်ညွတ်၊ ကျွန်ုပ်မှတ်သည်၊ အထွတ်အဖျား၊ (ကိုး – ၂၄၇)

စည်းစိမ်သာထွတ်၊ နန်းပြာသာဒ်၌၊ ထွားမွတ်ရွယ်နု၊ ရဟန်များထွတ်၊ သုံးလှူနတ်ကား–

အောက်ပါတို့၌ ထွားထွားတွတ်ထွတ် သဘောကို ရအပ်၏။

အထွေးအလတ်၊ ပွတ်ရရွတ်လျှင်၊ နုထွတ် ပျိုထွား (ဘူလင်–၁၄၂)

ညီစောပျိုထွတ်၊ ကြာတုံလတ်သော်၊ ဆယ်မြတ်သက်ရွယ် (ကိုး–၁၁၉)

ပတ်ကုံးပရိသတ်၊ အိုသူမြတ်တို့၊ ရင့်ထွတ်ပညာ၊ ရှေးကမ္ဘာဖြင့် (ဘူလင်–၂၇)

ထွင်္ဂ – 'ထွင်္ဂ'ဟူ၍ ဌသံလျှင်းချိတ်သတ်ဖြင့် မြန်မာစာလုံးပေါင်းမရှိ၊ သို့သော် 'ထွင်္ဂ' အဘယ့်ကြောင့် ဖြစ်ပေါ်လာသနည်း၊ 'ထွင်္ဂ'ဖြစ်လာပုံကား ဤသို့တည်း။

ပါဠိဘာသာ 'ကူဋ' သဒ္ဒါသည် 'အထွတ်'အနက်ရှိ၏။

ပုံစံ – ဂိဇ္ဈကူဋ

ဂိဇ္ဈ = ငှက်လင်းတ၊ ကူဋ=အထွတ်၊ လင်းတငှက်နှင့်တူသော အထွတ်ရှိသောကြောင့် တိုတောင်ကို ဂိဇ္ဈကူဋ်တောင်ဟု ခေါ်သည်။ ဤ၌

'ကူဋ၊ ကုဋ်'သည် 'အထွတ်' အနက်ရှိရကား ယင်းကုဋ် နှင့် ထွတ်သည် ဆက်သွယ်နေသည်၊ အတူတွေ့ရများသည်။

ထိုအခါ အဆန်းထွင်ချင်သူက ထွတ်ကို တ် သတ်နှင့်ရေးသည့်အစား ဋ် သတ်နှင့် ထွဋ်၊ အထွဋ်ဟု ပြောင်းလဲရေးခြင်းဖြစ်သည်။ ယခုအခါတွင်လည်း ဤသို့ အဆန်းထွင်၍ ရေးခြင်းများ အသင်အရှားရှိ၏။ ပုံစံ-

သန်းထွန်းကို သန်းထွဏ်း (န် အစား ဏ် ထည့်သည်)
ထွန်းနေနွယ်ကို ထွဏ်းနေနွယ်(န် နှင့် ဏ်လဲ ရေးသည်)

ချာ(ပေါ်)ယပင့် 'ချာ'သည် လည်ပတ်ခြင်းအနက်၊ အလယ်ကောင်၊ ဟူသော အနက်၊ ဆက်နွယ်ခြင်းအနက်၊ တည့်ကျခြင်းအနက်၊ ယုတ်ညံ့ လျော့ပါးခြင်းအနက်ရှိ၏။

လည်ပတ်ခြင်းအနက်၌ 'ချာ' သည် 'ကျာ'မှ ဆင်းသက်သည်ဟု ယူရာ၏။ ပုံစံ - နေကျာပန်း = နေသွားရာသို့ လှည့်လည်ပွင့်သောပန်း၊ ချာချာလည်။ ပတ်ချာသဝေချာ တို့၌ လည်ပတ်ခြင်း အနက်တည်း။

ဦးချာ၊ သည်းချာ၊ ကွန်ချာတို့၌ အလယ်အနက်၊
အချာတရုံး၊ ရင်းချာ၊ အချာတို့၌ ဆက်နွယ်သောအနက်၊
သေချာ(သေသပ်+တည့်ကျ)၌ တည့်ကျခြင်း အနက်၊
ချူချာ၊ ပတ်ချာ၊ အလုပ်ချာ၊ ရှုးချာချာ-တို့၌ ယုတ်ညံ့ လျော့ပါးခြင်း အနက်ပြ၏။

အ+ချာ၊ အချာသည် ဖော်ပြပါအနက်တို့အပြင် အထွတ်အမြတ် ဟူသော အနက်ကိုပါဖော်ပြ၏။

ပုံစံ - သုံးလူ့အချာ၊ စောမြတ်စွာ၏၊ (ဇနက - ၁)
ပြောင်မြောက်ဝင်းဝါ၊ တောက်၍လာသည်၊ အချာ မှန်ကင်း၊ သုံးလူ့မင်း၏။ (နာရဒ - ၁၀)

'ချာ' နှင့် 'အချာ'ကို လက်ခုပ်၊ လက်ဝါး ကဲ့သို့ အလဲအလှည် သုံးစွဲကြ၏။

> မော်မောဦးစွန်း၊ ကျွန်း၏အချာ (နဝဒေး-၂၁၈)
> အချာမဏ္ဍိုင်၊ ကျေးဇူးခိုင်ကို၊ အနိုင်ကြိုးပမ်း၊ ရစိမ့်လှမ်း
> သည်။ (ပါရမီ-၉၄)

ဤပုံစံတို့၌ 'အလယ်' အနက်ရှိ၏။

ထို့ပြင် 'အချာ'သည် အလုံးစုံဟူသော အနက်ကိုလည်း ရည်ညွှန်း
သေး၏။ ပုံစံ–

> ပြည်ဗာရာဏသီ၊ အချာသိမ် ကျုံး၊ မင်းဆုံးမှန်လှ၊ အဇိတ
> တည့်။

အလယ်ဗဟိုအနက်ဟော 'ချက်'နှင့်တွဲ၍ ချက်ချာ၊ အချက်အချာဟု
လည်း ရှိ၏၊ စပ်ခြင်း၊ စောင့်ရှောက်ခြင်းအနက်ရှိသော 'ချုပ်'နှင့်တွဲ၍
အချုပ်အချာဟုလည်း ရှိ၏။ သို့သော် အချုပ်အချာကို အချုပ်အခြာဟု
အရစ်နှင့် အရေးများသည်။ သေချာနှင့် ကြောင်းခြာကို ဆုတောင်း
ခန်း၌ ခွဲထားပေပြီ ထား၏။ (ဝိဘဇ္ဇဒီပိတ)

ဤ 'သုံးလူ့ချာ'ဟူသောပုဒ်တွင် 'ချာ'သည် အထွတ်အမြတ်ဟူသော
အနက်၊ အကြီးအချုပ်ဟူသော အနက်ရှိ၏။ လူသုံးပါးတို့၏ အထွတ်
အထိပ် အကြီးအမြတ် အခေါင်အချုပ်ဖြစ်တော်မူသော မြတ်စွာဘုရား
ဟူလို။

ပရိသတ် – (ပါ)ပရိ+သိ+အ (ပရိ ရှေးရှိသော၊ သိဓာတ်၊ အ+
ပစ္စည်း)

(၁) ထက်ဝန်းကျင်မှ တည်တတ်သူများ (သဒ္ဒါနက်)

(၂) လူစုလူဝေး (အဓိပ္ပါယ်နက်)

'သဒ္ဒါနက်' ကို 'ရင်းမြစ်အနက်'ဟုလည်း ခေါ်သည်၊ အချို့စာလုံး၌
'ဝေါဟာရနက်' ပါရသည်။ အဓိပ္ပါယ်နက်၊ ဝေါဟာရနက်ကို ဆင့်ပွား
အနက်ဟုလည်း ခေါ်ပါသည်။

ပရိသမန္တတော သေန္တျသံပရိသာ (မာန်ဋီ - ၁၆၁)

အသံ၊ ဤအစုအဝေး၌။ ယေ ဇနာ၊ အကြင်သူတို့သည်။ ပရိသမန္တတော၊ ထက်ဝန်းကျင်မှ။ အာဂန္တွာ၊ လာလတ်ကြကုန်၍၊ သေန္တိ၊ မှီဝဲဆည်းကပ်ကြကုန်၏။ ဝါ၊ တည်ဘတ်ကြကုန်၏၊ ဣတိတသ္မာ၊ ထိုသို့ ထက်ဝန်းကျင်မှ လာရောက်တည်တတ်ကြကုန်သောကြောင့်။ တေ ဇနာ၊ ထိုသူတို့သည်။ ပရိသာ၊ ပရိသာမည်ကုန်၏။

ဤ 'ပရိသာ'ဟူသော ပါဠိစကားလုံးမှ 'ပရိသတ်'ဟူသော မြန်မာဝေါဟာရ ဖြစ်ခဲ့လာနိုင်၊ သက္ကတစကားလုံးမှာ 'ပရိဂဒ်' (ပရိသျဒ်) ဖြစ်၏။ ယင်း'ပရိသျဒ်' မှ 'ပရိသဒ်'၊ 'ပရိသတ်'ဟူသော မြန်မာဝေါဟာရကို ရပေ၏။

ဤသို့ ရင်းမြစ်ကို ဖော်ကြည့်သော် 'ပရိသဒ်' ဟူသောစကား၌ 'ဒ်' သည် မူရင်းဖြစ်၏။ သို့သော် 'ဒုတ်' နှင့် 'ဟုတ်'၊ 'ဒူရိယာ' နှင့် 'တူရိယာ' တို့ကဲ့သို့ 'ဒ' နှင့် 'ဟ'ကို လက်ခုပ်လက်ဝါး အပြန်အလှန်သုံးစွဲရိုးအရ 'ပရိသဒ်' မှ 'ပရိသတ်' ဟု 'တ်' ရေးထုံးဖြစ်လာသည်၊ တောင်ပေါက်ဆရာတော်မူကား 'ပရိသာတ်' ဟူ၍ 'သ' တွင် ရေးချ(—ာ) နှင့် စာလုံးပေါင်းပြသည်။ သို့သော် ရေးထုံးမတွင်ပြီ။

'ပရိသတ်' ဟူသောစလားလုံးကို ပရိတ်သတ်(ပရိတ်သတ်) (ပယိတ်သတ်)ဟု ဂရုသံမှန် ထွက်ရသည်။ ပုံစံ–''ပဋိသန္ဓေ''(ပဋိတ်သန္ဓေ)ဟု အိတ်အာရန် သံထည့်ဖတ်ရသကဲ့သို့ ဖြစ်ပေသည်။ 'စာရေးအရန်၊ စာဖတ်အသံ'ဟူသော ဥပဒေသအရပင်။ ''အရေးမကျန်၊ အဖတ်ချန်' ဟုသည်း သတ်ထူ၍ ဆိုပေသည်။

အဘိဓာနပ္ပဒီပိကာကျမ်း၌ ပရိသတ်အနက်သော စကားပရိယာယ် ၅ လုံးဖော်ပြသည်၊ ပရိသာ၊ သဘာ၊ သမဇ္ဇာ၊ သမိတိ၊ သံသဒတို့ပေတည်း။ ယင်းတို့အနက် 'သဘာ'ကို 'သဘင်'ဟု မြန်မာမှုပြု၍ သုံးသည်။ 'သဘင်'ဟူသည် အတူတကွ ပြောကြဆိုကြသော လူစုလူဝေး။ ထို လူစုလူဝေး တည်ရှိသော နေရာဟု အနက်ရှိပေ၏။

'ပရိသတ်'သည် လေးပါးတနည်း၊ ရှစ်ပါးတနည်းရှိ၏။ ပရိသတ်လေးပါးကား– ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ (ဘိက္ခုနီမ)၊ ဗုဒ္ဓဘာသာဝင် ဝတ်ကြောင်ယောကျ်ား၊ (ဥပါသကာ)၊ ဝတ်ကြောင်မိန်းမ (ဥပါသိကာ)တည်း၊ သည်ကို ရည်၍–

လေးဘော် ပရိသတ်၊ လောကဓာတ်ကို၊ မျက်မှတ်တူရူ၊ ကြည့်တော်မူသည်–ဟုစပ်တော်မူသည်။ (ဘူလင်– ၂၉၅)

ရဟန်းဘဝချင်း၊ အသွင်အပြင်ချင်းတူသည့်အတွက် သာမဏေများ (ကိုရင်များ)ကို ရဟန်းပရိသတ်သို့ လည်းကောင်း၊ သာမဏေ(သီလရှင်)များကို ရဟန်းမိန်းမ (ဘိက္ခုနီမ) ပရိသတ်သို့ လည်းကောင်း ထည့်သွင်း ယူရသည်။

တနည်း ပရိသတ်ရှစ်ပါးကား– ဗြဟ္မာ၊ မာရ်နတ်၊ တာဝတိံသာနတ်၊ စတုမဟာရာဇ်နတ်၊ ရဟန်း၊ မင်း၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်တို့တည်း၊ ဤပရိသတ် ရှစ်ပါး ရေတွက်နည်းကား ထင်ရှားရာကို ဦးတည် ရေတွက်နည်းပေတည်း။ (ဒီ-မဟာ- ၁၀၈)

များထုပရိသတ်၊ မှူးမတ်ရံဆောင်၊ ကြယ်ပြောင်ပြောင်နှင့်။ (ကိုး–၂၅၉)

မြတ်စွာဘုရားသည် ထိုပရိသတ်လေးပါး၊ ပရိသတ်ရှစ်ပါးတို့၏ အလယ်၌ တင့်တယ်စွာ စံပယ်တော်မူသည်။

'လယ်'ကား– အချက်အလယ်၊ မြစ်ပင်လယ်၊ အရပ်အမည်ပင်လယ်၊ ပွတ်လယ်၊ ကုန်စလယ်၊ ရာလယ်– ဟူသော အနက် ခြောက်မျိုး၌ ထင်၏။

စံစံပယ်ပယ်၊ သဘင်လယ်နှိုက်၊ မြူးရယ်ပျော်ပါး (ကိုး)၌– အချက် အလယ် အနက်။

ပညာပင်လယ်၊ အင်သုံးသွယ်ဖြင့်၊ ပြည့်စွယ်ပြည်သွား–၌ မြစ်ပင်လယ် အနက်။

မြို့ပင်လယ်၌၊ စံပယ်ပျံ့ပျူး–၌ အရပ် အမည် ပင်လယ်အနက်။

လျှောက်လေ၊ ပွတ်လယ်၊ ပြင်သာကျယ်သား၊ သင်ယယ်သားရက်–၌ ပွတ်လယ်အနက်။

များလှရှောင်းဝယ်၊ ကုန်စလယ်ကား၊ သွတ်လှယ်ခေါက်တင်– ၌ ကုန်စလယ်အနက်။

တွေးစချင့်ဖွယ်၊ မတင့်ကယ်လည်း၊ ယာလယ်လုပ်စား–၌ ရာလယ် အနက်တို့ကို အသီးသီး ဖော်ပြ၏။

"လယ်၊ လည်၊ လဲ"ကား အချင်းချင်း ပုံပြောင်းနိုင်သောစကား မိသားစုတည်း။ သို့သော် တခုနှင့် တခု အနက် ခြားနား၏။

'လည်' ကား– ကျင်လည်၊ အရပ်အမည် မလည်၊ ဦးလည်၊ လော်လည်၊ လှည့်လည်၊ တူးလည်၊ ထွေလည်၊သုတ်လည်–ဟူသော အရာတို့၌ တင်၏။ အထက်ဖော်ပြပါ 'လယ်' ၏ အနက်နှင့် ကွဲပြား၏။

လဲ(လဲ၊)သည် အသစ်အစား ဖြစ်စေခြင်း အနက်၊ လဲကျခြင်းအနက်၊ လဲဝါဂွမ်း အနက်တို့၌ဖြစ်၏။ 'လဲသဲ' ဟု ဆိုမှု အနက် အဓိပ္ပာယ်ကို အများပေါ်သို့ ပျံ့နှံ့စေလို၍ ဆိုသော ဝိစ္ဆာစကားဖြစ်၏၊ 'တသဲလဲ' ဟု ဆိုရာတွင် 'တစ်လဲသဲ'ပင် ဖြစ်၏။ တခါပြီး တခါ ထပ်ပွား၍ ဖြစ်ပြန်သည်ကို ဆိုပေသည်။

ဤ၌ 'လယ်၊ လည်၊ လဲ'ဟူသော စကားသုံးလုံးသည် သူ့အဓိပ္ပာယ်နှင့်သူ သီခြား အလုပ်လုပ်ကြကြောင်း သိရ၏။ သို့ သိရသောကြောင့်–

နောက်ပစ်– ယ် သတ် သမာနတော (် = ယ်)

နောက်ပစ်– ည် သတ်ဣမေဇညာ သဒိသာ (် = ည်)

ဟူသော ပရိဘာသာ (ဥပဒေသ) အရ စကားလုံးတို့ကို ကာရန်၊ အသတ် ပြောင်းလဲနိုင်သော်လည်း အချို့သော စကားလုံးတို့၌ အနက် အဓိပ္ပာယ် ကွဲပြားသွားကြောင်း သတိချပ်အပ်၏။

ပုံစံ- ရေလယ်ဘုရား- ရေအလယ်ခေါင်၌ တည်ရှိသော ဘုရား။

ရေလည်ဘုရား- ရေပတ်လည်နေသော ဘုရား။

ယခုအခါ 'လည်'ကို 'လဲ'၊ 'လည်လည်ပတ်ပတ်' ကို 'လယ်လယ်ပတ်ပတ်'ဟု ဖတ်ကျင့်ပါ နေရာမှ၊ မဲဇာတောင်ခြေရတု၌ 'မြစ်ရေဂန်းလည်၊ မြိုင်တောစည်က'ကို 'မြစ်ရေဂန်းလယ်'ဟု ဖတ်မှားကြသည်။ အဓိပ္ပာယ်လည်းပျက်၊ ကာရန်လည်း သွေဖည်သွားလေသည်။ ဤအရေးမျိုးကို သတိရှိသင့်လှသည်။

အောက်ပါပုံစံမျိုး၌မူ အသံထွက်ကာရန် အသံပြောင်းသော်လည်း အဓိပ္ပာယ် မကွဲ။

ညွှံ့သည် ညွှံ့သယ်

နာမည် နာမယ်

သွေဖည် သွေဖယ် (စသည်)

မြတ်စွာဘုရားသည် ပရိသတ်လေးပါး စုံလင်သော တရားပွဲများ၌ ပရိသတ်၏ အလယ်ကောင်၌ အမှန်တကယ် ထိုင်တော်မူကြောင်း အောက်ပါ မဟာပရိနိဗ္ဗာနသုတ်လာ စကားအရ သိရပေသည်။

မြတ်ဗုဒ္ဓသည် ပရိနိဗ္ဗာန် စံယူတော်မူရန် ရာဇဂြိုဟ်မှ ကုသိနာရုံသို့ အကြွ၊ နောက်ဆုံး ဆယ်လခရီးစဉ်ပွဲ ပါဋလိရွာအရောက် ညွှံ့သည် စရပ် (ဓမ္မာရုံ)၌ စခန်းတဘောက် နားလေသည်။ ထိုညွှံ့စရပ်တွင် ဘုရားရှင်သည် ဇရပ်အလယ်ကောင်တိုင်ကို ကျောပြုလျက် အရှေ့ဘက်သို့ မျက်နှာမူပြီး ထိုင်တော်မူသည်။ ရဟန်းပရိသတ်ကား အနောက်ဘက် နံရံကို ကျောပေး၍ ဘုရားရှင်ရှိရာ အရှေ့ဘက်သို့ မျက်နှာမူပြီး ထိုင်ကြသည်။ ပါဋလိရွာသူရွာသား တို့သည် မြတ်စွာဘုရား မျက်နှာပြုရာဘက်ရှိ နံရံကို ကျောခိုင်း၍ မြတ်စွာဘုရားဘက်သို့ တူရူလှည့်ပြီး နေရာယူကြလေသည်။

အထက်ပါစကားအရ ဗုဒ္ဓရှင်တော်ဘုရားသည် ရဟန်းပရိသတ်နှင့် လူပရိသတ်တို့၏ အလယ်၌ ကျရောက်နေကြောင်း တွေ့ရပေသည်။ ထို့ကြောင့်'ပရိသတ်လယ်၊ ပျော်စံပယ်၊ ဘုန်းကြွယ်လူ့ထွတ်ချာ'ဟူသော စကားသည် ခြေခြေမြစ်မြစ်ရှိလှပေသည်။

'ပျော်'သည် မွေ့လျော်သောအနက်၊ မြူးတူးသော အနက်၊ မှည့်လွန်းသော အနက်၊ ကြေပျက်သောအနက်၊ အိပ်ခြင်းသို့ရောက်သော အနက်တို့၌ ထင်၏။

ညာပျော်မြောက်သား၊ သည်းချားတမွတ် (မဃဒေဝ)၌
မွေ့လျော်သောအနက်။

ပျော်မြူးစွာလျက်၊ မခွာရက်ဘည်၊ (မဃဒေဝ)၌
မြူးတူးခြင်းအနက်။

မှည့်ပျော်သက်ကြီး၊ သေချိန်နီးသော်၊ (မဃဒေဝ)ရှိ
မှည့်လွန်းသောအနက်။

သကြားအရေပျော်သည် (စသည်)၌ ကြေပျက်သောအနက်။

မေးမိုတ်လှိုစက်ပါသော်၊ ရေးမျှပျော်၌ အိပ်ခြင်းသို့
ရောက်သောအနက်။

အသီးသီးကို ဖော်ပြ၏။ ဤတွင်ကား–

သုံးလူ့မျက်ဖျော်၊ ထိန့်ထိန့်ကျော်၊ ကိန်းပျော်နိုရောဓာ (ဦးဩ-ပင့်ရစ် သတ်ပုံသံပေါက်)၌ 'ကိန်းပျော်' ဆိုသကဲ့သို့ မွေ့လျော်သော အနက် ဖြစ်ပေသည်။

တနည်းအားဖြင့် အနက်ရှာသော် ဤသို့တွေ့ရ၏။ 'ပျော်'၏ ဆန့်ကျင် အနက်မှာ 'ပျင်း' ဖြစ်၏။ 'ပျင်း'ဟူသည် စိတ်စေတသိက်တို့၏ ထိုင်းမှိုင်းခြင်း ထိနမိဒ္ဓသဘောပေါ်၏။

အပျင်းအရိ၊ တချိချိနှင့်၊ ထိနမိဒ္ဓ၊ နိဝရဏကား (မဿဒေဝ-၁၁၉) အခြားပျင်းခြင်း၏ သဘောတရပ်မှာ စိတ်နေစိတ်ထား တွန့်ဆုတ်ခြင်း။ မပျော်ပိုက်ခြင်းတည်း။

ကောသဇ္ဇဝသေနဝလီနော သင်္ကုစိတော မနော (ပါဠ)

ပျင်းရိသည်၏ အစွမ်းအားဖြင့်သာလျှင်ဖြစ်သော တွန့်ဆုတ်သော စိတ်အခြေအနေတည်း။ ပျင်းရိသူ၏ အမူအရာသည် လည်တမော့မော့နှင့် တောင်မျှော်မြောက်မျှော် မျှော်နေတတ်၏။

အနဘိရတောတိ ဥက္ကဏ္ဌိတော (ပါဠ)

မပျော်မွေ့ခြင်း ဟူသည်ကား လည်တမော့မော့ နေခြင်းတည်း။ မြတ်စွာဘုရား၏ စိတ်တော်၌ ကိလေသာနိဝရဏ လုံးဝ ကင်းရှင်းတော်မူ၏။ ထိုင်းခြင်း မှိုင်းခြင်း ဆုတ်နစ်ခြင်း လုံးဝမရှိ၊ မြတ်စွာဘုရားသည် မည်သည့်အခါမျှ မပျင်းတတ်၊ တရားအာရုံဖြင့် ပျော်တော်မူမြဲ ဖြစ်လေသည်။

စံပယ်(ပေါ)စမွယ်၊ စံပါယ်ဟုလည်း ရေးကြ၏၊ တင့်တယ်စွာ နေထိုင်ခြင်းကို 'စံပယ်'ဟု ခေါ်သည်။

ဗိမာန်ထဲ၌၊ အမြဲစံပယ်၊ တန်ခိုးကြွယ်သား၊ ငါးမယ်ခင်းစိုး။
(လက်ာကြီး ၁၄၅)

ကုံကုံထံထံ၊ ခြွေရွေရံလျက်၊ စံစံပယ်ပယ်၊ သဘင်လယ်၌
(ကိုး - ၁၈၉)

ဝမ်းမြောက်စွာတရှဲ ခြင်းသို့၏စံပယ်ခြင်းဖြင့် စံပယ်လျက်
(သမန္တစက္ခု - ၃၅၃)

ပါဠိဘာသာ 'ဝိဇမ္ဘနာ'ကို အနက်ပေးရာတွင်-

(၁) ထူးထူးခြားခြား လှုပ်ရှားထကြွခြင်း။

(၂) တင့်တယ်စံပယ်ခြင်းဟုပေး၏။

သီဟော ဝိယ ဝိဇမ္ဘမာနော ပါသာဒံ အဘိရူဟိ၊

သီဟော ဝိယ၊ ခြင်္သေ့မင်းကဲ့သို့။ ဝိဇမ္ဘမာနော၊ စံပယ်လျက်။ ပါသာဒံ၊ ပြာသာဒ်သို့။ အဘိရူဟိ၊ တက်လေပြီ။ (နိဿယနက်)

သို့ဖြစ်၍ သုံးလူ့ထွတ်ချာသည် ပရိသတ်အလယ်၌ မဆုတ်မနစ် မေ့မေ့ပျော်ပျော် တင့်တယ်စံပယ်တော်မူသည်ဟု ဆိုလိုရင်းအနက်ကို သိရပေပြီ။

မြတ်စွာဘုရားအနေဖြင့် ပရိသတ်အလယ်မှာ အဘယ့်ကြောင့် ပျော်ရွှင်ချမ်းမြေ့စွာ တင့်တယ်စံပယ်တော်မူနိုင်ပါသနည်း။

ပရိတ်ကြီး အာဋာနာဋိယသုတ်တော်၌–

သီဟနာဒံ နဒန္တေတေ၊ ပရိသာသု ဝိသာရဒါ။

ဟု ဖော်ပြပါရှိ၏။

တေ ဗုဒ္ဓါ၊ ထိုသဗ္ဗညုဘုရားရှင်တို့သည်။ ပရိသာသု၊ ဖြဟ္မာ လူ နတ် ပရိသတ်တို့၏အလယ်တို့၌။ ဝိသာရဒါ၊ ရဲရဲတင်းတင်း။ သီဟနာဒံ၊ မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ လွတ်မြောက်ကြောင်းမှန် တရားသံကို။ နဒန္တိ၊ ကျူးရင့်တော်မူကြကုန်၏။ (အသင်းပြ)

သုတ်သီလက္ခန်ပါဠိတော် မဟာသီဟနာဒသုတ်၌ ဘုရားရှင်၏ ရဲရင့်သော စကားခွန်းပေါင်း ၁၁၀ ကို ဖော်ပြထားသည်၊ ယင်းတို့အနက်–

သီဟနာဒံ န ဒန္တော ပရိသမဇ္ဈေ နိသီဒိတွာ နဒါမီတိ ဧကော၊
ဝိသာရဒေါ ဟုတွာ နဒါမီတိ ဧကော၊ (သီ - ၄)

စသည်ဖြင့် စကားခွန်းများကို ရှင်မဟာဗုဒ္ဓဃောသဆရာက ရေတွက်ပြထား၏။

အနက်ကား – ရဲရင့်သောစကားခွန်းကို ပြောဆိုသည်ရှိသော် ပရိသတ်အလယ်မှာသာ ပြောသည်။ ရဲရဲရင့်ရင့်ပြောသည် ဟူပေ။

ရဲရင့်ခြင်းအကြောင်းကို အင်္ဂုတ္တိုရ်ပါဠိတော်၊ နဝကနိပါတ်၊ ဗလသုတ်၌ တွေ့ရ၏၊ ဤသုတ်၏ဆိုလိုရင်းကား ဗလလေးတန်နှင့်ပြည့်စုံသူ

သည် ဘေးကြီးငါးမျိုးနှင့် မည်သည့်အခါမှ မတွေ့နိုင်၊ ဘေးကင်း၏ ဟု ဆိုလိုပေသည်။

ဗလလေးတန်ကား-

၁။ ပညာဗလ- ပညာအား။ ကုသိုလ်နှင့် အကုသိုလ် ခွဲခြား သိတတ်ခြင်း။ အပြစ်ရှိ အပြစ်မဲ့၊ လုပ်ထိုက်၊ မလုပ်ထိုက်၊ မှီဝဲထိုက် မမှီဝဲထိုက် တတ်သိလိမ္မာခြင်း။

၂။ ဝီရိယဗလ - ဝီရိယခွန်အား။ ကုသိုလ် အကုသိုလ်စသည် ကို ပိုင်းခြား၊ နားလည်သည့်အတိုင်း ကုသိုလ်တိုးပွား အောင် အားထုတ်ခြင်း၊ အကုသိုလ်ကင်းအောင် ရှောင် ကြဉ်ခြင်း။

၃။ အနဝဇ္ဇဗလ - အနဝဇ္ဇအား။ မိမိပြုသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု အပြစ်ကင်းခြင်း။

၄။ သင်္ဂဟဗလ - သင်္ဂဟအား။ ပေးလှူခြင်း၊ နှုတ်ချိုခြင်း၊ အကျိုးရအောင် အားထုတ်ခြင်း၊ လူတို့အား မိမိနှင့် အကျိုးတူဆက်ဆံခြင်း။

ဤလေးပါးကို လောကီဗိုလ်လေးပါး ဟုလည်းခေါ်၏။

## ဘေးကြီးငါးပါးကား

၁။ အာဇီဝိကဘေး - အသက်မွေးဝမ်းကျောင်း ဒုက္ခတွေ့ရ သော ဘေး။

၂။ အသိလောကဘေး - အရှိန်အဝါ၊ အကျော်အစောမဲ့ နာမည်ပျက်ခြင်းဘေး။

၃။ ပရိသသာရဇ္ဇဘေး - ပရိသတ်ထဲ မတိုးရဲသောဘေး၊ အပြစ်ရှိနေ၍ဖြစ်စေ၊ ပင်ကိုယ်သတ္တိနည်း၍ဖြစ်စေ၊ လူစုစု မြင်လျှင် သွေးလန့်နေတတ်သော ဘေး။

၄။ မရဏဘေး-သေဘေး၊ မကောင်းမှုဒုစရိုက် အပြုများလျှင် မသေခင်ထဲက သေဘေးကို ကြောက်နေတတ်၏။

၅။ ဒုဂ္ဂတိဘေး - သေပြီး အပါယ်လေးပါး ကျရောက်သည့်ဘေး။

ဖော်ပြပါဗိုလ်လေးဦး(အားလေးပါး)ရှိသူသည် ဘေးကြီးငါးမျိုးမှကင်းလေသည်၊ မြတ်စွာဘုရားသည်ကား၊ ပညာ၊ ဝီရိယ၊ အနဝဇ္ဇ၊ သင်္ဂဟဟူသောဗိုလ်လေးပါးနှင့် အထူးတလည် ပြည့်စုံတော်မူသည်ဖြစ်၍ ဘေးကင်းလျက်ရှိသည်၊ ပရိသသာရဇ္ဇဘေးမဲ့တော်မူ၍ မည်သည့်ပရိသတ်ကိုမျှ မထိတ်မလန့်၊ ပရိသတ်အလယ်၌ ရဲဝံ့တော် မူသည့်အလျောက် ပျော်ရွှင်ချမ်းမြေ့စွာ စံပယ်တော်မူနိုင်ခြင်း ဖြစ်လေသည်။

အကျိုးကျေးဇူး - ဤသတ်ပုံသံပေါက်ကို လေ့လာသည့်အတွက် အောက်ပါ အကျိုးရှင်း အကျိုးဆက်တို့ကို ရရှိနိုင်ပေသည်။

၁။ လယ်၊ ပယ်၊ ကြွယ်ဟူသော အယ်ကာရန် ဝေါဟာရတို့၏ သတ်ပုံမှန်ကို သိရသည်။

၂။ ပရိသတ်၊ ပျော်၊ စံပယ်၊ ဘုန်းကြွယ်၊ လူ့ထွတ်ချာဟူသော မြန်မာဝေါဟာရများကို ရရှိသည်။

၃။ လူ့ထွတ်ချာ ဟူ၍ စကားလုံးချင်းပေါင်းစပ်ပြီး သမာသ်ဖွဲ့စည်း အသုံးပြုသည့် နမူနာကောင်းကို ရရှိသည်။

၄။ မြတ်စွာဘုရားသည် မည်သည့် ပရိတ်သတ်၌ မဆို၊ ရှိုကြောက်ခြင်းမရှိ ပကတိရဲရင့်တင့်တယ် စံပယ်တော်မူတတ်သော ဂုဏ်အရည်အချင်းရှိကြောင်း သိရသည်။

၅။ မြတ်စွာဘုရားဟူသည် ဘုန်းတန်ခိုး လွန်စွာကြီးမားသည်၊ လူသုံးဦးတို့၏ အထွတ်အထိပ် အချုပ်အချာဖြစ်သည်ဟု ကြည်ညိုခွင့်ရသည်။

၆။ ဤသံပေါက်ကို လေ့လာတိုင်း ဗုဒ္ဓါနုဿတိ ဘာဝနာ ကုသိုလ် ရနိုင်သည်။

၇။ မိမိသည်လည်း ပရိသတ်နှင့်ကြုံလျှင် ရဲရင့်မှုရှိရန် ကောင်းသော အရည်အချင်းများကို မွေးမြူရမည်ဟု သခ်န်းစာ ရယူနိုင်ပေသည်။

## ၂၊ ၃၁။ သံပေါ်အယ်အယ်၊ သုရကာယ်၊ အပေါ်ယ်လေးဘုံ၌မှာ။

ဤသံပေါက်သည် 'အယ်၊ ကာယ်၊ ပါယ်' ဟူသော အယ်ကာရန် စကားသုံးလုံး၏ သတ်ပုံမှန်ကို ဖော်ပြသည်။ 'အသုရကာယ်၊ အပယ်'ဟု ရေးချမပါပဲရေလျှင် စာလုံးပေါင်းမှားယွင်းကြောင်းလည်း သိစေသည်။

ဤသံပေါက်၏အဓိပ္ပာယ်ကား-အသုရကာယ်တို့သည် အပါယ်လေးဘုံ၌ တအယ်အယ်ငိုညည်းနေကြရရှာသည် ဟူလို။

'သံတအယ်အယ်'၌ 'သံ'သည် 'သံတိုင်၊ သံမှူး၊ သံကောင်၊ သွေးသံ' စသည်တို့၌ကဲ့သို့ 'သံ'ဟူသောလုံးချင်းနာမ်ပုဒ်မျိုးမဟုတ်။ 'တအယ်အယ်' ဟူသော တွဲဖက်စကားကိုထောက်၍ နားဖြင့်ကြားနိုင်သော 'အသံ' (သဒ္ဒရုပ်)သာဖြစ်၏။ 'အသံ' ဟူသော အက္ခရာနှစ်လုံးပုဒ် ဖြစ်ပါလျက် တလုံးတည်း 'သံ' ဟုသာ ဖော်ပြထားခြင်းမှာ သံပေါက်ကဗျာဖြစ်၍ အာဒိလောပနည်းဖြင့် ရှေ့'အ'ကို မြုပ်ကွယ်ထားခြင်း (ချေထားခြင်း) ဖြစ်၏။ ဤသို့အစအက္ခရာ'အ'ကို မြုပ်ကွယ်၍ စပ်ထုံးစပ်အင်များစွာ ရှိပေ၏။

ဘော်နှင့်မကွာ၊ နှုတ်လျှာမလျော့၊ သံသော့သော့နှင့်၊
ဆော့သည့်နှုတ်သီး၊ မြိုင်တောကျီးလည်း၊ သံကြီးအာအာ။

(ရဌသာ၊ ရွှေစက်တော်သွား)

သံချိုကြွေးဟစ်၊ ဗျာဆွေးသစ်၍၊

(ရှင်ဥတ္တမကျော်-တောလား)

ဤတွင် သံသော့သော့=အသံသော့သော့၊ သံကြီး = အသံကြီး၊ သံချို=အသံချိုဟု ဆိုလိုပေသည်။ သော့သော့မြည်သောအသံ၊ကြီးသော အသံ၊ ချိုသောအသံ-ဟူလို။

အချို့အရာ၌အစ 'အ'ကို မချေပဲ အပြည့်စပ်၏။ ပုံစံ-
အသံတေးထုံး၊ ဆိုတီးတုံး၊ သက်ဆုံးပြောဥဒါန်း၊
(ကဝိ-၂၁၆)

သံကြီး၊ သံချို-ဟူရာ၌ အသံ+ကြီးသော။ အသံ+ချိုသောဟု ပုဒ်ခွဲရသည်။ ထို့ကြောင့် ဝိသေသနနောက်နေသော မြန်မာသမာသ်ပုဒ်များဖြစ်ကြ၏၊ ဝိသေသနပရပဒကမ္မဓာရည်းသမာသ်ခေါ်၏၊ ဤ'အသံ' ဟူသောပုဒ်သည် အခြားပုဒ်တခုခု၏နောက်၌တည်၍ သမာသ်ဖြစ်သော အခါ၌လည်း'အ'ကျေပျောက်၏။ ဦးပုည၏ 'နန်းဆန်တဲ့မှိုင်'မှ အောက်ပါ ကောက်နုတ်ချက်ကို ရှုပါ။

မဟာမှိုင်ဂုလိုဏ်မှတ်မှာ၊ ဆေးစုတ်ကာမန္တန်နှိုးလို့၊ ရေးလုပ်ကာ ကြံဖန်ကြိုးလို့၊ တိုးတိုးသံ၊ ညှိုးညှိုးညံ၊ ဩြောင်းဒူရမန္တန်၊ ကောင်းမူပဟန်ပန်၊ ဟိန်းသံကြိမ်းသံ၊ ရှိန်းအလျှံတွေ၊ ဥုံသံ ထုံခံကြေးလို့၊ မှိုင်ယံမှာ လိုင်သံပေးလို့၊ လေးလေးနှုတ်၊ ကျေးကြွေးကျူတံငှက်သံ။

ဤတွင်-တိုးတိုးသံ၊ ဟိန်းသံ၊ ကြိမ်းသံ၊ ဥုံသံ၊ လိုင်သံ၊ ငှက်သံ တို့၌ 'အ'ကျေ၏။ အသံဟူသော နောက်ပုဒ်၏အနက်ပြဌာန်း၏၊ သဒ္ဒါ နည်းအရ တပ္ပုရိသ်သမာသ်ဟု ခေါ်၏။

'တအယ်အယ်'၌ 'တ'သည် ကြိယာဝိသေသနရှေ့ဆက်အက္ခရာဖြစ်၏၊ အင်္ဂလိပ်လို Prefix ဟု ခေါ်၏။ တအယ်အယ်ငိုသည်ဟူသောစကား၌ 'တအယ်အယ်'သည် 'ငိုသည်'ဟူသော ကြိယာကို အထူးပြုသည့်အတွက် ကြိယာ အထူးပြုပုဒ်ဖြစ်လေသည်။

အမျိုးသိုးသင်ရိုးမြန်မာသင်ပုန်းကြီးတွင် အခြေခံသရ၊ ဗျည်း၄၅လုံး ရှိသည့်အနက် 'အ' 'တ'တို့သည် ထူးခြားမှုရှိ၏။ 'အ'ကို အခြားနေရာ တွင်မှ အကျယ်ပြအံ့။

ပါဠိသဒ္ဒါတွင် ပုဒ်တည်ဆောက်ခြင်းနည်းများအနက် ဝိစ္ဆာပြုလုပ်ခြင်းနည်းတရပ်ပါ၏၊ ဝိစ္ဆာဟူသည် များစွာသောအနက်တို့ကို တခဏ

ဖြင့် ပြန့်နှံ့စေခြင်းငှာ စကားလုံးကို နှစ်ခါထပ်၍ဆိုခြင်းဖြစ်၏။ ထို ဝိစ္ဆာနည်းကို မြန်မာဘာသာ အတွက် လုံးလုံးလျားလျား အသုံးချ၍ ရပေ၏။

ထိုဝိစ္ဆာသည် –ဒြပ်ဟောစကားလုံးကို နှစ်ခါထပ်ဆိုသော ဒဗ္ဗဝိစ္ဆာ
ဂုဏ်ဟောစကားလုံးကိုနှစ်ခါထပ်ဆိုသော ဂုဏဝိစ္ဆာ
ကြိယာဟောစကားလုံးကိုနှစ်ခါထပ်ဆိုသော ကြိယာ ဝိစ္ဆာ၊

ဟု သုံးမျိုးရှိ၏။ သူသူ၊ ငါငါ စသည်တို့ကား ဒဗ္ဗဝိစ္ဆာတည်း၊ကောင်း ကောင်းဆိုးဆိုး စသည်တို့ကား ဂုဏဝိစ္ဆာတည်း၊ နှေးနှေး၊ မြန်မြန် စသည်တို့ကားဝိစ္ဆာတည်း။

ထိုဝိစ္ဆာပုဒ်များ၏ရှေ့၌ 'တ' ကို ဆက်တွဲ၍လည်း ပုဒ်ဟည် ဆောက်၏ကြ။

တအိမ်အိမ်၊ တရွာရွာ၊ တမြို့မြို့ (ဒဗ္ဗဝိစ္ဆာ)

တဝင်းဝင်း၊ တဝါဝါ၊ တထိန်ထိန် (ဂုဏဝိစ္ဆာ)

တလှုပ်လှုပ်၊ တရွရွ၊ တခိခိ (ကြိယာဝိစ္ဆာ)

တလှုပ်လှုပ်သွားသည်၊ တခိခိရယ်သည်ဟု ကြိယာနှင့် တွဲစပ်သုံးလျှင် 'တလှုပ်လှုပ်' 'တခိခိ'သည်၊ ကြိယာဝိသေသနဖြစ်၏၊ ထို့ကြောင့် 'တ' ကို ကြိယာဝိသေသနပုဒ် ရှေ့ဆက်ဟု ဆိုခြင်းဖြစ်၏။

နာမည်ကျော်ပျို့ကြီးများအနက် တစောင်ပါဝင်သော ကိုးခန်းပျို့ကြီး၌ ရှင်မဟာရဋ္ဌသာရက 'တ' ဆယ့်တချက်ဆင့်ကာ ဤသို့လက်စွမ်းပြ ခဲ့၏။

တသန္ဓေဓေ၊ တပေလျှဉ်းလျှဉ်း၊ တညှဉ်ဆိုးဆိုး၊

တညှိုးလျလျ၊ ကတလွမ်းလွမ်း၊ တသိမ့်ဟယ်ဟယ်၊

တတွယ်တာတာ၊ တဟာလှိုက်လှိုက်၊ တရှိုက်ငင်ငင်၊

တပင်ပန်းပန်း၊ တဝန်းလျားလျား၊ ရဟတ်ချားသို့၊ (ပုဒ်ရေ ၃၉)

> တသန္တေမေဟူသည် သန္တေကို နှစ်ခါ ထပ်၍ ပြောသော ကြောင့် ဒွဗ္ဗိဝိစ္ဆာဖြစ်ပေ၏၊ တပေးလျဉ်းလျဉ်း စသော ပုဒ်ကြွင်းဆယ်ပုဒ်မှာမူ ကြိယာ ဝိစ္ဆာများ ဖြစ်ကြလေသည်၊ ရှေးဟောင်းမင်းပျို့နှင့် အခြားပျို့များ၌လည်းသာဓက များစွာ ရှိပေသည်။

ထို့ပြင် ကြိယာဟော 'တ' လည်းရှိ၏၊ တ သည်၊ တ ၏၊ မတ-ဟူပေ။ 'တ'၏ဟူရာ၌ တမ်းတသည်၊တောင့်တသည်၊ ယူတသည်ဟူသော အနက်များရှိ၏။

> သေသူကိုရှင်သူက တရမည်-ဆိုရာ၌ တမ်းတခြင်းအနက်၊ စီးပွားတောင့်တ၊ အောက်မေ့ကြ၍ – ဆိုရာ၌ တောင့်တခြင်း အနက်၊
>
> ညည့်နေ့မဟူ၊ ငိုတယူလျက်-ဆိုရာ၌ ယူတခြင်းအနက်ရှိ၏။

'တစ်'မှ ဖြစ်လာသော 'တ'လည်းရှိ၏၊ ငွေတကျပ်ဟူသည် ငွေတစ် ကျပ်ပင်ဖြစ်၏၊ 'တစ်' ဖြင့် နှစ်၊ သုံး စသည်မဟုတ်ဟု ကန့်၏။

'တစ်'သည် နောက်ရှိနာမ်ပုဒ်နှင့် ပေါင်းစပ်သမာသ် ဖြစ်သောအခါ 'တ'ဖြစ်လာ၏၊ ပုံစံ - တယောက်၊ 'တယောက်'သည် 'တစ်ယောက်'ပင် ဖြစ်၏။

'အယ်' အယ်-နှင့် စပ်လျဉ်း၍ ဝေါဟာရတ္ထ ပကာသနီ၌
'များသည်ကို အယ်သည်ဟု အလွယ် ပြောဆိုခြင်းလည်းထင်၏။ စပ်အင်ကားမထင်'

ဟု ဆို၏။ ပေါရာဏစကား၊ အဘိဓာန်များ၌လည်း များသော အနက် ကို ပြ၏။ ထို့ကြောင့် 'အယ်' သည် များခြင်းအနက်ရှိ၏။ ထို့ပြင် 'ကလေး တအယ်အယ်နှင့် ငိုနေသည်' ဆိုရာမျိုး၌ 'အယ်'သည် 'အယ်'ဟူ သော အသံပင်ဖြစ်၏။

'အယ်'ကို များသောအနက်ယူလျှင် 'အယ်အယ်'ဆိုပါက 'ပရိယာယ် နှစ်ချက်ဆင့် အနက်မြင့်' ဆိုသည့်အတိုင်း အလွန်များခြင်း အဓိပ္ပာယ်

ရ၏။ ထို့ကြောင့် 'သံတအယ်အယ်'သည် အလွန်များသော အသံပေတည်း။ 'အယ်'ကို အသံဟုယူလျှင် 'သံတအယ်အယ်' သည် အယ်အယ်ဟူ၍ မပြတ်ထွက်နေသော အသံတည်း။ အယ်အယ်ဟု ဝိစ္ဆာပြုထားသဖြင့် မပြတ်ထွက်နေသော အသံများစွာကို နှိုးစေသည်။ 'တ'ကား ကြိယာဝိသေသန၏ ရှေ့ဆက်စကားတည်း။

အယ်- များသော အနက်အရ အသူရကာယ်တို့သည် အလွန်များသော အသံတို့ကိုပြုလျက် ငိုညည်းနေကြသည်ဟု အနက်ယူရာ၏။ အယ်အသံ ဟူသော အနက်အရ အသုရကယ်တို့သည် အယ်အယ်ဟူသော အသံတို့ကို ပြုကြကုန်၏ဟု ယူရာ၏။ ထို့ပြင် အသုရကာယ်တို့သည် တအယ်အယ် ငိုညည်းနေကြကုန်၏ဟုလည်း လုံးပြီး ဆိုနိုင်ပေသည်။

ဤအထိကား 'သံတအယ်အယ်'ဟူသော ပုဒ်၏ ဋီကာ ပေတည်း။

သုရကာယ် – ရင်းမြစ်ကား အသုရကာယ (ပါ)တည်း။ အသုရ+ကာယ အသုရ = အသုရာ၊ ကာယ = အပေါင်း အစု အအုပ်။ ထို့ကြောင့် အသုရာထုကို အသုရကာယ်ဟု ဆိုလိုသည်။

'အသုရ'ဟူသောပုဒ်သည် 'အသ်' ဓာတ် + 'ဥရ'ပစ္စည်းဖြင့် ပြီး၏။ အသ်+ဥရ=အသုရတည်း။ န သုရန္တိ န ဒိဗ္ဗန္တီတိ အသုရာ။ န သုရန္တိ န ဒိဗ္ဗန္တိ၊ လွတ်လပ်မှု ပျော်ပါးမှုများဖြင့် မဝင့်ကြွား မတောက်ပနိုင်ကြကုန်။ ဣတိ၊ ထို့ကြောင့်။ အသုရာ၊ အသုရာတို့မည်ကုန်၏။ နတ်များလောက် မကြွားဝင့်နိုင်ကြသောကြောင့် အသုရာဟု အမည်ရခြင်းဖြစ်၏။

ဤစကားတွင် မာဃ ဇာတ် နောက်ခံရှိ၏။ မစလရွာသား မာဃလုလင်တို့သည် ရွာသာယာ လုပ်ငန်းများကို စေတနာသန့်သန့်ဖြင့် ကိုယ်ထူကိုယ်ထ လုပ်ဆောင်ကြသည်။ သေလွန်ကြသောအခါ ထိုကုသိုလ်ကြောင့် တာဝတိံသာ နတ်ပြည်၌ သွားရောက်ဖြစ်ကြ၏၊ ထိုအခါ တာဝတိံသာဘုံ၌ရှိနှင့်သော နတ်တို့သည် အပျော်ကျူး အမူးလွန်နေကြသောကြောင့် သူတို့ကို နတ်သစ် မာဃတို့အစုက ဖယ်ရှားလိုက်နိုင်ကြသည်။ တာဝတိံသာ နတ်ဘုံသည် မြင့်မိုရ်တောင်ထိပ်၌ တည်ရှိသည်

ဖြစ်ရာ ထိုနတ်အမှုးသမားတို့ကို မြင့်မိုရ်တောင်အောက်သို့ ပစ်ချလိုက်ကြသည်။ ထိုနတ်မှုးတို့သည် အမှုးပြေကြသောအခါ တိုင်းပြည်လက်လွတ်ပြီး တိုင်းမဲ့ပြည်မဲ့ ဒုက္ခသယ်များ ဖြစ်ကြရသည်။ မိမိတို့နေရင်းဒေသကို သိကြားမာဃတို့ထံမှ ပြန်ရအောင်လည်း မတိုက်ယူနိုင်ကြတော့ပေ။

ဤသို့ ဒုက္ခဘေး တွေ့ရသည့် အခြေခံ လက်သည်ကား အခြားမဟုတ်၊ 'သုရာ'ခေါ်သော သေအရက်ပေတည်းဟုတွေ့မြင်ကြသည်။ ထို့ကြောင့် သေသုရာအပေါ်မှာ ခါးခါးသီးသီး မုန်းတီးစိတ်နာကြပြီး ဒီအချိန်ကစပြီး ငါတို့ သေသုရာ ရှောင်ကြတော့မည်။ ဘယ်အခါမျှ မသောက်ကြတော့ဟုဆုံးဖြတ်၍ မှုးယစ်ဘေးဖြစ် ပစ္စည်းမှန်သမျှ (ဝါ) သုရာမှန်သမျှကို အမြဲရှောင်ကြဉ်လာခဲ့ကြသည်။ ယင်းသို့ အရက်ဖြတ် လိုက်သည့်အခါမှစပြီး သူတို့လည်း 'အသုရာ'ဟူသော အမည်သစ်ကို ရရှိလာကြလေသည်။ သုရာ=သေအရက်၊ အ(န)=ရှောင်ကြဉ်ခြင်း အသုရာ အရက်ရှောင်သော နတ်များဟူလို။ ဤကား 'အသုရာ' ဟူသောစကားလုံး၏ သမိုင်းတည်း။

ဖော်ပြပါ ပုဒ်ပါဌ်စိစစ်ချက်ကိုလည်းကောင်း၊ စကားလုံးသမိုင်းကိုလည်းကောင်း၊ ထောက်ရှု၍ 'အသုရာ' ဟူ၍ သဒ္ဒါ တချောင်းငင် ဥ သရနှင့် ရှိသော ပါဌ်သာ မှန်သည်။ 'အသူရာ'ဟု နှစ်ချောင်းငင် ဦသရနှင့် ရှိသော ပါဌ်ကား မမှန်ဟု သိအပ်ပေသည်။

'သုရ'ပုဒ်နှင့် နီးစပ်သော 'သူရ'ဟူသော ပုဒ်ကား သူဓာတ်ရပစ္စည်းဖြင့် ပုဒ်ပြီး၏။ ရဲရင့်ခြင်း အနက်၊ နေဟူသောအနက်ကို ဟောသည်။ သူရသတ္တိ ဟူသော စကား၌ နှစ်ချောင်းငင်ဖြင့် မှန်သည်၊ နေအနက်ကိုမူ သူရိယ၊ သူရဟူသောပုဒ်များက ဖော်ပြနိုင်၏။

အချို့ကမူ နတ်များလောက် မရဲရင့်ကြသောကြောင့် 'အသူရာ'မည်၏ဟု နှစ်ချောင်းငင်ဖြင့် အနက်ဖွင့်ကြ၏။ မရဲရင့်ခြင်း၊ တိုင်းပြည်လက်လွတ်ရခြင်း၏ အကြောင်းမှာ သုရာပင်ဖြစ်သောကြောင့် 'အသုရာ' ဟု တချောင်းငင် ဥသရဖြင့်ရှိသော စကားကပို၍နှစ်သက်ဖွယ်ရှိ၏။ သို့မဟုတ်

ပုဒ်ရင်းအမှန် အသုရာကိုပင် မြန်မာ့လျှာအသံထွက် လွယ်ရာလိုက်ပြီး 'အသူရာ'ဟု ဆိုသည်ဟုလည်း ယူနိုင်၏။ ဤသို့ယူသော် 'အသူရာ'သည် ပါဠိသက် မြန်မာဝေါဟာရဖြစ်၏။ ပါဠိစကား မူရင်းအတိုင်း မဟုတ်ဟု သတိချပ်အပ်ပေသည်။

မူလစကား အပြည့်အစုံမှာ 'အသုရကာယ် ဖြစ်ပါလျက် ဤသံပေါက် 'အသူရကာယ်'ဟူသာ ရှိနေခြင်းကား အာဒိလောပနည်းဖြင့် အစစာလုံး 'အ'ကို မြုပ်ကွက်ချေဖျက်၍ ကဗျာဒေါသ ကင်းစင်အောင် သုံးစွဲထားခြင်းကြောင့်ဖြစ်၏။ ဤသို့ မြုပ်ကွက်လုပ်၍ စပ်ဆိုရိုး အစဉ်အလာလည်း ရှိပေ၏။

မိုက်မည်း မောဟာ၊ ဝိဇ္ဇာခိုးမူး၊ ရှိန်းဆေးဖြူး၍၊ မိန်းမူးအိပ်ပျော်၊ သုံးလူဘော်။ (ရှင်တေဇောသာရ၊ ရွှေဟသာ်မင်းပျို)

ဤ၌ 'အဝိဇ္ဇာ' ဟု ဆိုလိုလျက် အစ'အ' အက္ခရာကိုဖျောက်၍ 'ဝိဇ္ဇာခိုးမူး'ဟု စပ်၏။

အနိစ္စ နှင့်၊ ဒုက္ခ နတ္တာ၊ မချာအောက်မေ့။

(ကန်တော်မင်းကျောင်း မေတ္တာစာ)

ဤ၌ 'အနတ္တ'ကို 'နတ္တာ' ဟု စပ်သည်။

'အပါယ်' ၌ အပ+အယ=အပါယ ပုဒ်ရင်းတည်း။

'အယ' ဟူသည်ကား 'တိပိဓသမ္ပတ္တိတော အယန္တိ ဂစ္ဆန္တိ ပဝတ္တန္တိ ဧတေနာတိ အယော' ဟူသော ဝိဂ္ဂိုဟ်အရ လူနတ်နိဗ္ဗာန်သုံးတန်သော ချမ်းသာကို ရရှိရန်အကြောင်းဖြစ်သော ကုသိုလ်ကောင်းမှုကို 'အယ'ဟု ဆိုသည်။ 'အပ'ကားကင်းမဲ့ခြင်းတည်း၊ လို့ကြောင့်'အယတော အပဂတော အပါယော'ဟူသော ဝိဂ္ဂိုဟ်အရ၊ ကောင်းမှုကုသိုလ်မှကင်းသောကြောင့် 'အပါယ' (အပါယ်) မည်ပေသည်။ ကုသိုလ်ကောင်းမှုပြုခွင့်များစွာမရ၊ အကုသိုလ်သာ အဖြစ်များသည်ဟူလို။ ချမ်းသာကြောင်း၊ ကြီးပွားကြောင်းကင်း၍ 'အပါယ်'ဟုလည်း ဆိုပေသည်။

'လေး'ကား အရေအတွက် ၄ ခု သချ်ာကိုပြသော စကားတည်း။

'ဘုံ'၏ ရင်းမြစ်ကား ဘူမိ (ပါ) တည်း၊ ဘဝန္တိ တွောတိ ဘူမိ ဟူသော ဂြိုဟ်အရ သတ္တဝါတို့နေရာဌာနကို ဘူမိ (ဘုံ) ဟု ခေါ်၏။ အပါယ+ဘူမိ–အပါယဘူမိ (အပါယ်ဘုံ) ဖြစ်လေသည်။ ကုသိုလ်ကောင်းမှု ကင်းသောဘုံ ဟူလို။

အပါယ်ဘုံသည် လေးဘုံရှိ၏။ ယင်းတို့ကား- ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာ ဘုံနှင့် အသုရကာယ်ဘုံတို့တည်း။

၁။ ငရဲဘုံ၊ (နိရယ (ပါ) နိရယ်၊ နိရဲ၊ ငရဲ)
– ချမ်းသာကင်းသော ဘုံ

မူရင်းငရဲဘုံ ရှစ်ဘုံရှိ၏။

| | | |
|---|---|---|
| ၁။ | သိဉ္ဇိုဝ်းငရဲ | – ခဏခဏသေရသောငရဲ။ |
| ၂။ | ကာဠသုတ်ငရဲ | – ကြိုးနက်ကြီးများဖြင့် ရေစ်ပတ် နှိပ်စက်သောငရဲ။ |
| ၃။ | သံဃာတငရဲ | – သံတုံးကြီးများဖြင့် ကြိတ်ချေ ညှဉ်းဆဲသောငရဲ။ |
| ၄။ | ဇာလရောရုဝငရဲ | – မီးတောက်ကြီးများဖြင့် မြိုက်၍ နှိပ်စက်သောငရဲ။ |
| ၅။ | ဓူပရောရုဝငရဲ | – မီးခိုးလုံးကြီးများဖြင့် မှိုင်းတိုက် ညှဉ်းဆဲသောငရဲ။ |
| ၆။ | တာပနငရဲ | – သံပူတံကျင်ကပ်၍ နှိပ်စက်သော ငရဲ။ |
| ၇။ | မဟာတာပနငရဲ | – သံအိုးခင်းထဲ ထည့်လှော် ပြီး ညှဉ်းဆဲသော ငရဲ။ |
| ၈။ | အဝီစိငရဲ | – ငရဲသားတွေလည်း ကြပ်၊ မီး မြိုက်ခံရသည်ကလည်း ဒလစပ်၊ ဒုက္ခလည်းမပြတ်ခံစားနေရသော ငရဲ။ |

ထိုငရဲဘုံကြီး တဘုံစီ၌ အခြံအရံငရဲဌာနခွဲများလည်း ရှိသည်။ မစင်ဘင်ပုပ် အတိပြည့်သော ငရဲ၊ ပြာပူတွေ ဖုံးလွှမ်းနေသောငရဲ။ လက်ပံဆူးငရဲ၊ ဓားသန်လျက် လက်နက်ပြည့်နှက်သောငရဲ၊ ကြိမ်ဆူးတွေရှိသော သံရေပူချောင်း ငရဲ။

ထိုငရဲဘုံ၌ ဌာနအားလုံးသည် အကုသိုလ်ကံ ကြီးမားလှသူတို့ ရောက်ရှိ ဒုက္ခခံကြရသော နေရာဒေသများဖြစ်လေသည်။

တိရစ္ဆာန် (တိရစ္ဆာန)

တိရစ္ဆာန်ဟူသော ဝေါဟာရသည် ကန့်လန့်ဖီလာ သွားတတ်သော သတ္တဝါအားလုံးအပေါ်၌ တည်သည်။ လူတို့ကဲ့သို့ မတ်မတ်စောက်စောက် မသွားတတ်၊ အလျားလိုက် သွားတတ်သည်ကို ဖီလာသွားတတ်သည်ဟု ဆိုသည်။ တနည်းအားဖြင့် ထိုသတ္တဝါတို့၏ ကြီးနိုင်ငယ်ညှဉ်း နိုင်ရာစား အပြုအမူသည် နတ်ရွာသုဂတိ နိဗ္ဗာန်ချမ်းသာနှင့် ဖီလာကျနေသည်ဟုလည်း ဆိုရသည်။

တိရစ္ဆာန်ဘုံသီးခြားမရှိ၊ လူ့ဘုံမှာပင် ရောနှောနေကြရသည်၊ ကုန်းနေ၊ ရေနေ၊ တိရစ္ဆာန်အားလုံး အပါယ်ဘုံသားချည်းဖြစ်ကြသည်။

ပြိတ္တာ (ပေတ္တိ၊ ပေတ) မစားရတတ်၊ မသောက်ရတတ်ဖြင့် ငတ်ပြတ်ဆင်းရဲကြီးလှသော သတ္တဝါတမျိုးဖြစ်သည်။ တစ္ဆေ၊ မှင်စာ၊ ဘုတ်စသည်များတည်း။ ၎င်းတို့ကို လူ့ဘုံက သာမန်မျက်စိဖြင့် မမြင်နိုင်ချေ၊ လူတို့ ကံနိမ့်သောအခါ သို့မဟုတ် သူတို့က အမြင်ခံချင်၍ တခဏတကာ မြင်နိုင်အောင် ဖန်ဆင်းပြသောအခါတို့၌ မြင်နိုင်သည်။

အသုရကာယ် (အသုရကာယ) ပျော်ပျော်ပါးပါး မနေနိုင်သော သတ္တဝါမျိုးဖြစ်သည်။

အသုရာ ဟုခေါ်ဝေါ်သုံးစွဲသော သတ္တဝါ(၄)မျိုးရှိ၏။

၁။ နတ်အသုရာ – သေရည်မူးနေကြ၍ သိကြားသစ် မာဃကို အရှုံးပေးလိုက်ရပြီး၊ မြင့်မိုရ်တောင်ခြေ၌ သွားနေရသောနတ်များဖြစ်

သည်။ ဝေပစိတ္တိအသုရာ၊ အသုရိန်(ရာဟု)စသည်တို့တည်း။ သိကြား မင်းနှင့် စစ်ရှုံးသည်မှစပြီး ငါတို့သုရာ(သေရည်)မသောက်တော့ဘူးဟု ပြောကြသည့် စကားကို အစွဲပြု၍ အသုရာဟု ခေါ်ခြင်းဖြစ်သည်။ (သံ၊ ဋ္ဌ၊ ၁၊ ၃၀၉)ထို အသုရာနတ်ပြည်သည် မြင့်မိုရ်တောင်အောက်၌ တည်ရှိသည်။ ယူဇနာတသောင်းကျယ်သည်၊ (တာဝတိံသာနတ်ပြည်၊ ဇမ္ဗူဒိပ်ကျွန်း၊ မဟာအဝိစိငရဲဘုံတို့လည်း ယူဇနာတသောင်းစီပင် ကျယ်သည်၊ ဝိ၊ ဋ္ဌ၊ ၁၉)။

၂။ ဝိနိပါတိက အသုရာ — တန်ခိုးနဲ့နဲ့ လှသော နတ်အညံ့စား တို့တည်း၊ တချို့ အသုရာတို့သည် လူတို့၏နုပ်၊ တံထွေး စသည်ကိုပင် စားကြရသည်၊ ဘုမ္မဇိုဝ်းနတ်တို့၏ ခြွေရံသင်းပင်းများဖြစ်ကြ၏။ သို့သော် ပိယင်္ကရမာတာ၊ ဥတ္တရမာတာတို့သည် ဘုရားတရားကို နာကြား၍ သောတာပန်တည်ကြသည်၊ သူတို့လည်း ဝိနိပါတိက အသုရာမျိုးပင် ဖြစ်၏။ (ဒီ၊ဋ္ဌ၊ ၂၊ ၁၀၀)

၃။ လောကန္တရိက်ငရဲသား အသုရာ — စကြာဝဠာ တံတိုင်းသုံးခု ဆက်စပ်ရာ လင်ပန်းသုံးခုစပ်သကဲ့သို့ ကြားလပ်သောနေရာ၌ အလွန် မှောင်မိုက်သည်။ ရေမှာ ဆားငံရေ၊ အေးလည်း အဆမတန် အေးသည်။ ထိုအသုရာတို့သည်။ စကြဝဠာတံတိုင်းမှာ လင်းနို့များကဲ့သို့ တွယ်ကပ် နေကြရသည်။ ဆာလောင်မွတ်သိပ်အားကြီး၍ တကောင်နှင့်တကောင် ဖမ်းယူစားသောက်ရန် ကြိုးစားလိုက်ရာ ဆားငံရေထဲကျပြီး ကျေပျက် သေဆုံးကြရသည်။ ဤနည်းဖြင့် ဆင်းရဲဒုက္ခခံနေကြရသည်။

၄။ ပြိတ္တာအသုရာ — အစာငတ် ရေငတ် အလွန်ဒုက္ခကြီးသော သတ္တဝါမျိုးဖြစ်သည်။ ကာလကဉ္စိက အသုရာ၊ ဝေမာနိက ပြိတ္တာ အသုရာတို့ပင် ဖြစ်သည်။ တချို့မှာ ဘုရားနှစ်ဆူ သုံးဆူပွင့်အောင် ကြာ သည်အထိ အစာရေစာ မစားရပဲ ပြေးလွှားနေကြရသည်ဟု ဆိုသည်။ မြတ်စွာဘုရားလက်ထက်က ကာလကဉ္စိက အသုရာတယောက် ရေငတ် လှသဖြင့် ဂင်္ဂါမြစ်သို့ဆင်း၍ ရေသောက်ရာ သူ့အတွက် ရေမရ၊ မီးခိုး

တွေ့သာ ထနေသည်။ ဆွမ်းခံကြွလာသော ရဟန်းသုံးကျိပ်က တွေ့ရ၍ အသုရာကာယ်ကြီးအား ပက်လက်အိပ်ခိုင်းပြီး သပိတ်ကိုယ်စီဖြင့် ရေခပ်ကာ သူ၏ပါးစပ်ထဲ လောင်းထည့်ပေးကြသော်သည်း ရေဘပေါက်မျှ မဝင်ဟုဆိုသည်။ အကုသိုလ်ကံအပြစ်ဘား ကြီးလှဘိတောင်း။ (ခန္ဓဝိဘင်း)

ပိဋကတ်ကျမ်းဂန်များ၌ အသုရိန္ဒ = အသုရာမင်းဟု အမည်ရသူငါးဦးကိုတွေ့ရ၏။

## ၁။ ရာဟု

ရာဟု ကိရ အသုရိန္ဒော = ရာဟုသည် အသုရာမင်းဟူ၍ သံယုတ်ပါဠိတော် အင်္ဂုတ္တိုရ်ပါဠိတော်တို့၌ တွေ့ရ၏။ သီလက္ခန် အဋ္ဌကထာ မဇ္ဈိမနိကာယ် အဋ္ဌကထာ တတိယအုပ်တို့၌ ထိုရာဟု၏ အရွယ်အစားကိုပင် ဖော်ပြထား၏။ ရာဟုအသုရာမင်းသည် အရပ်အမောင်းအားဖြင့် ယူဇနာ ပေါင်းလေးထောင် ရှစ်ရာမြင့်သည်။ ဦးခေါင်းသည် ယူဇနာကိုးရာရှိသည်။ လက်ဝါးပြင်သည် ယူဇနာသုံးရာကျယ်သည်ဟု ဆိုသည်။ ထိုအရပ် အမောင်းနှင့် လိုက်ဖက်သော အခြားသော ကိုယ်ကာယ အချိုးအစား များကိုလည်း ဖော်ပြထား၏။

ဖော်ပြခြင်းအကြောင်းကား ရာဟုသည် ဤမျှ ခန္ဓာကိုယ် အတ္တဘော ကြီးမားလှ၍ လူသားဖြစ်သော ဂေါတမဘုရားကို သွားရောက်ဖူးမြင်ရန် မလွယ်ဟု ထင်မှတ်နေခဲ့၏၊ ထို့ကြောင့်လည်း ဘဝဂ်မဆံ့ သတင်းပျံ့နေသော ဘုရားရှင်ကို ဖူးချင်လျက် မဖူးဖြစ်ပဲ ရှိနေသည်။ တနေ့တွင်မူ ဟိုကျမှ ဖြစ်ချင်ရာဖြစ်တော့ ဒီသောက်ဂုဏ်သတင်းကြီးနေသော လူသား ဘုရားကို ငါသွားဖူးအံ့ဟု ဆုံးဖြတ်ကာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ရာဟု အသုရာမင်းကိုယ်တိုင် ဘုရားဖူးလာလေသည်။

မြတ်ဗုဒ္ဓသည် ရာဟု၏ စိတ်အကြံကို ကြိုတင်သိနှင့်နေ၍ တန်ခိုးတော်ကို အသုံးပြုကာ ဇေတဝန်ကျောင်းတော်အရိပ်မှာ ညောင်စောင်း

ခုတင်တခုပေါ်၌ လဲလျောင်းတော်မူနေယင်း၊ ရာဟုကို လက်ခံတွေ့ဆုံဖူးမြင်ခွင့် ပေးလေသည်၊ အသုရာမင်းသည် ဘုရားရှင်ကို တွေ့ရသောအခါ သူထင်သလို ငုံ့ကြည့်ဖို့ဝေးစွ၊ မော်၍ပင်ဖူးရလေသည်။ ထို့ကြောင့် အလွန့်အလွန် အံ့သြနေလေ၏။

ထိုအခါ အသင်ရာဟု၊ ငါဘုရားသည် တွန့်တိုသောစိတ်ဖြင့် မျက်နှာအောက်ချ၍ ပါရမီဖြည့်ခဲ့သူမဟုတ်၊ ငါဘုရားသည် ဒါနပါရမီကို တက်တက်ကြွကြွသာ ဖြည့်ဆည်းပူးခဲ့သည်ဟု ဟောကြား၍ ရာဟုအား အခြေအနေကို နားလည်စေလေသည်။ ရာဟုလည်း ဘုရားကို ဆည်းကပ်၍ ဗုဒ္ဓဘာသာအဖြစ်ခံယူလေသည်။ (ဒီ၊ ဋ္ဌ၊ ၁၊ ၂၅၄။ မ၊ ဋ္ဌ၊ ၃-၂၀၇)

## ၂။ ဝေပစိတ္တိ

သံယုတ်ပါဠိတော် ပထမအုပ်နှင့် ကေနိပါတ်ဇာတ် အဋ္ဌကထာတို့၌ ဝေပစိတ္တိ အသုရာကို အသုရိန္ဒ=အသုရာမင်း ဟုခေါ်ဝေါ်သုံးနှုန်းထား၏၊ သူသည် 'သူဇာ'၏ဖခင်၊ သိကြားမင်း၏ယောက္ခမတည်း။

> အထ ခေါ ဘိက္ခဝေ ဝေပစိတ္တိအသုရိန္ဒော သက္ကံ ဒေဝါနမိန္ဒံ ဧတဒဝေါစ (သံ၊၁၊၂၂၄)

## ၃။ ဝေရောစန

သဂါထာဝဂ္ဂသံယုတ်ပါဠိတော်မှာပင် ဝေရောစနကို အသုရိန္ဒဟု ခေါ်ဝေါ်သုံးနှုန်းထားသည်ကို တွေ့ရ၏၊ (သံ၊၁၊၂၂၇)

## ၄။ ပဟာရာဒ

အင်္ဂုတ္တိုရ်ပါဠိတော်၌ ပဟာရာဒအသုရာကို အသုရာမင်းအဖြစ် ဖော်ပြပါရှိ၏။

## ၅။ သမ္ဗရ

ဤအမည်ကို သံယုတ်ပါဠိတော်ပထမအုပ် စာမျက်နှာ ၂၂၀ ၌တွေ့ရ၏။

အသုရာနှင့်ပတ်သက်၍ အကျဉ်းချုပ်သိရန်မှာ အသုရာသည် နတ်မျိုးနွယ် အသုရာ၊ ပြိတ္တာမျိုးနွယ် အသုရာဟု နှစ်မျိုးရှိသည်၊ နတ်အသုရာတို့သည် မြင့်မိုရ်တောင်အောက်၌နေသည်၊ တာဝတိံသာနတ်တို့၏ ဘဝအခြေအနေမျိုးရှိသည်၊ ချမ်းသာသုခ ရှိကြသည်၊ ဝေပစိတ္တိအသုရာ၊ ရာဟုအသုရာမျိုးပင်တည်း။

ပြိတ္တာအသုရာတို့သည် ပြိတ္တာတမျိုးပင်ဖြစ်ကြသည်၊ နေရာဘုံဌာနသီးသန့်မရှိကြ၊ ဂင်္ဂါမြစ်ကမ်းဂိဇ္ဈကုဋ်တောင် စသည်ကဲ့သို့ ယင်းတို့အများအပြားရှိသောနေရာသည်ပင် အသုရာဘုံဖြစ်သည်၊ ပြိတ္တာများကဲ့သို့ပင် အကုသိုလ်ကံ၏ ဆိုးပြစ်ဆင်းရဲဒုက္ခကြီးစွာ ခံစားနေကြရသည်၊ မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်သော အသိဉာဏ်မျိုးမရှိ။ ( အဟိတ်သတ္တဝါများသာ)၊ ကာလကဉ္စိကအသုရာ၊ ဝေမာနိကပြိတ္တာမျိုးပင်ဖြစ်၏။

ဤတွင် ဝိနိပါတိက အသုရာဟု ခေါ်သော အသုရာတမျိုးမှာ ပြိတ္တာသဘော၊ နတ်သဘောနှစ်မျိုးတွေ့ရ၏။ လူတို့၏ နှုပ်တံတွေး စသည်ကိုပင် စားရသည်အထိ ဘဝအခြေအနေနိမ့်ကျသော သတ္တဝါမျိုးလည်းပါရှိ၏။ သို့သော် ပိယင်္ကရမာတာ၊ ဥတ္တရမာတာတို့သည် ဝိနိပါတိကအသုရာမျိုးဖြစ်ပါလျက် သောတာပန်ဖြစ်ကြောင်း (ဒီ၊ ဋ၊ ၂၊ ၁၀၀)၌ တွေ့ရ၏၊ ထိုကြောင့် အဆိုးအကောင်းနှစ်မျိုးရောသော အသုရာမျိုးဟု သိရပေသည်။

ဤ၌ ‘သံတအယ်အယ်၊ သုရကာယ်’ ဟုရှိရာ ‘သံတအယ်အယ်’ ဟူသော စကားကိုထောက်၍ ဒုက္ခကြီးစွာခံနေကြရသော ပြိတ္တာအသုရာတို့ကိုပ င်ယူရမည်။

ဤတွင် အပါယ်ငရဲကို ဘုရားသဗ္ဗညုတ ဟောကြားခဲ့ကြောင်း ပိဋကတ် ကောက်နုတ်ချက်အနည်းငယ်ကို ဖော်ပြလိုက်ပါ၏။

၁။ ဝေရဉ္ဇာ ပုဏ္ဏားဆရာကြီးက မြတ်စွာဘုရားအား အချက်ရှစ်ချက်ဖြင့် စွပ်စွဲရာတွင် ချေပရှင်းလင်းရာ၌

မြတ်စွာဘုရား အနေဖြင့် ဒိဗ္ဗစက္ခုအဘိညာဉ်ရရှိပုံ၊ ယင်းအဘိညာဉ်ဖြင့် မည်သည့်အရာတို့ကို မြင်ပုံ အကျဉ်းချုပ် ဖော်ပြ ဟောကြားခဲ့သည်။ ယင်းဒိဗ္ဗစက္ခုအခန်း၌ အပါယ်ငရဲအကြောင်း တိတိကျကျ ဟောပြထားလေသည်။

ပါဠိ။ ။သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေ ဌိတေ အာနေဉ္ဇပ္ပတ္တေ သတ္တာနံ စုတူပပါတ ဉာဏာယ စိတ္တံ အဘိနိန္နာမေသိ–။

သော ဒိဗ္ဗေန စက္ခုနာ ဝိသုဒ္ဓေန အတိက္ကန္တမာနုသကေန သတ္တေ ပဿာမိ စဝမာနေ ဥပပဇ္ဇမာနေ ဟီနေ ပဏီတေ သုဝဏ္ဏေ ဒုဗ္ဗဏ္ဏေ သုဂတေ ဒုဂ္ဂတေ ယထာကမ္မူပဂေ သတ္တေ ပဇာနာမိ။ ဣမေ ဝတ ဘောန္တော သတ္တာ ကာယဒုစ္စရိတေန သမန္နာဂတာ ဝစီဒုစ္စရိတေန သမန္နာဂတာ မနောဒုစ္စရိတေန သမန္နာဂတာ အရိယာနံ ဥပဝါဒကာ မိစ္ဆာဒိဋ္ဌိကာ မိစ္ဆာဒိဋ္ဌိကမ္မသမာဒါနာ။ တေ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပန္နာ။

(ပါရာဇိကဏ်ပါဠိတော်)

မြန်မာပြန်။ ။ဤကဲ့သို့ အာနာပါနကမ္မဋ္ဌာန်းကို ဝီရိယအင်္ဂါလေးပါးဖြင့် အခိုင်ဌာန်မြဲမြဲ အားထုတ်လာသည်ဖြစ်၍ စိတ်သည် တည်ကြည်သန့်ရှင်း ဖြူစင်လာသည်ရှိသော် ကိလေသာ အညစ်အကြေး ကင်း ရှင်း သွား သည်ရှိသော်၊ နူးညံ့မှုခံ့၊ တည်တံ့ပြီး မတုန်မလှုပ် ခိုင်ခံ့သောအဆင့်သို့ ရောက်လာသည်ရှိသော် သတ္တဝါတို့ သေဆုံးခြင်း သေပြီးနောက်ဘဝမှာ သွား

ဖြစ်ခြင်းတို့ကို သိရန် စိတ်ကို ညွှတ်လိုက်လေသည်၊ ထိုအခါ နတ်မျက်စိနှင့်တူသော အလွန်အလွန်သန့်ရှင်း ကြည်လင်သော လူတို့၏မြင်နိုင်စွမ်းကို ကျော်လွန်သော ဒိဗ္ဗစက္ခုအဘိညာဉ်မျက်စိဖြင့် စုတေဆဲဆဲ သတ္တဝါတို့ကိုလည်းကောင်း၊ စုတေပြီးနောက် သန္ဓေယူကြသော သတ္တဝါတို့ကိုလည်းကောင်း မြင်လေပြီ၊ ယုတ်ညံ့သော သတ္တဝါ၊ မြင့်မြတ်သော သတ္တဝါ၊ လှသောသတ္တဝါ၊ မလှသောသတ္တဝါ၊ သူတို့ပြုလုပ်ခဲ့သော ကုသိုလ်ကံကြောင့် ကောင်းရာသို့လားရောက်သော သတ္တဝါ၊ သူတို့ပြုခဲ့သောအကုသိုလ်ကံကြောင့် မကောင်းရာသို့ လားရောက်သော သတ္တဝါတို့ကို ကောင်းစွာသိရှိခွင့် ရလေသည်။

ဤတွင် ကာယဒုစရိုက်၊ ဝစီဒုစရိုက်တို့ဖြင့် မှားမိုက်ခဲ့ကြသော သတ္တဝါများ၊ အရိယာသူတော်စင်တို့ကို ပြစ်မှားခဲ့ကြသူများ၊ ကံ ကံ၏အကျိုးမှတပါး အခြားသောအမှားအယွင်း၊ အယူဝါဒတို့ကို ယူမှားမိကြသူများ၊ အခြားသူများကို မိစ္ဆာဒိဋ္ဌိဖြစ်အောင် ဟောပြော စည်းရုံးခဲ့သူများသည် လက်ရှိ ဘဝမှ သေလွန်သည်နှင့် အပါယ်ဒုဂ္ဂတိငရဲသို့ ဖေါက်ပြန်ပျက်စီးကျရောက်ကြရကြောင်း သိမြင်တော်မူလေသည်။

၂။ အပါယောတိ နိရယ တိရစ္ဆာနယောနိပေတ္တိဝိသယ အသုရကာယာ၊

သဗ္ဗေပိ ဟိ တေ ဝုဍ္ဍိသင်္ခါတသာ အယသာ အဘာဝတော အပါယောတိ ဝုစ္စန္တိ၊ (ဒီ၊ ဋ္ဌ၊ ၂၊ ၀၆။ သံ၊ ဋ္ဌ၊ ၂၊ ၀၉၊ အံ၊ ဋ္ဌ၊ ၂၊ ၃၀၆)

မြန်မာပြန်။ ။အပါယ်ဟူသည်ကား ငရဲတိရစ္ဆာန် ပြိတ္တာ နှင့် အသုရကာယ်တည်း၊

မှန်ပေ၏။ ထိုလေးမျိုးတို့သည် ကြီးပွားချမ်းသာခြင်းမရှိသောကြောင့် 'အပါယ်' ဟူ၍ ဆိုအပ်ကုန်၏။

အထက်ပါ ပါဠိတော်၌ 'ကာယဿ ဘေဒါ၊ ကိုယ်ခန္ဓာပျက်စီးပြီးမှ။ ပရံမရဏာ၊ သေသည်၏နောက်၌'ဟူသော စကားရပ်များကို ထောက်၍ အပါယ်ကျသည်ဆိုသည်မှာ သေပြီးမှကျရောက်ကြောင်းသိအပ်ပေသည်။ ထို့ကြောင့် လောကအချုပ်ခန်း ထောင် စသည်ကို အပါယ်ဟု မဆိုရချေ။

၃။ ယေ ကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
နတေ ဂမိဿန္တိ အပါယဘူမိံ။

(သံ၊၁၊၂၅)

ဘုရားတရားသံဃာကို မြဲမြဲဆည်းကပ်သူသည် အပါယ်လေးပါးသို့ မကျရောက်နိုင်ဟု ဟောသည်။ အပါယ်ဘုံဌာနရှိကြောင်းနှင့် အပါယ်ကင်းကြောင်း တချက်ခုတ်နှစ်ချက်ပြတ် သိရလေသည်။

အဘိဓမ္မာပါဠိတော်များ၌လည်း အပါယ်ဘုံနှင့်တကွ ၃၁ ဘုံ အစုံဟောပြထားချက်ပါရှိ၏၊ (နှင်ဖက်လှ၏ 'ဗုဒ္ဓနှင့်မာရ်နတ် အတွင်းရေးပဋိပက္ခများ' စာအုပ်တွင်လည်းရှုပါ)

မှာ—ဤသံပေါက်၌'မှာ'သည် နေရာပြပုဒ်ဝိဘတ် (အာဓာရဝိဘတ်) ဖြစ်၏၊ နေရာဌာနပြဝိဘတ်တို့မှာ ၌၊မှာ၊ဝယ် တို့ ဖြစ်ကြ၏။'တွင်'သည် အပေါင်းမှ အစိတ်ကိုထုတ်ဆောင်ယူရာအနက်(နိဒ္ဓါရဏ)ကို ပြသည်။ 'အပါယ်လေးဘုံမှာ'ဟူသည်'အပါယ်လေးဘုံ၌'ဟု ဆိုလိုပေသည်။

အကျိုးကျေးဇူး —ဤသံပေါက်ကို လေ့လာ၍ရရှိသောအကျိုးကျေးဇူးများမှာ—

၁။ သတ်ပုံနှင့် စကားလုံးဝေါဟာရများကိုသိရသည်။

၂။ ကဗျာလင်္ကာစပ်ရာ၌ အာဒိအက္ခရာများကို မြုပ်ကွယ်ထိန်ချန်စပ်ဟန်များကို နည်းရပေသည်။

၃။ အပါယ်လေးဘုံနှင့် အပါယ်ဘုံသား အသုရကာယ်တို့၏ ဘဝဒုက္ခ တစိတ်တဒေသကို ရိပ်စားမိနိုင်သည်။

၄။ အပါယ်ဒုက္ခကို သံဝေဂယူပြီး မိမိကိုယ်ကို မကောင်းမှုမှကင်းအောင် ကိုယ်ကျင့်တရားကောင်းအောင် ကြိုးစားဘို့ သတိရစေသည်။

# ၄။ ၄၇။ အောင်တော်မူမြဲး၊ မာရ်ရှင်ဂါးပွဲး၊ ရန်ကဲးတို့ဘုရား။

ဤသံပေါက်သည် အဲး ကဲးရန် ဝေါဟာရများအနက် 'မြဲး၊ ပွဲး၊ ကဲး' ဟူသော စကားသုံးရပ်၏ သတ်ပုံမှန်ကို ဖော်ပြလေသည်။

သံပေါက်၏ ပိဏ္ဍတ္ထ အဓိပ္ပာယ်ကား- ရန်သူတကာတို့ထက် (သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏဒဿနဂုဏ်တို့ဖြင့်) သာလွန်တော်မူသော ငါတို့၏ကိုးကွယ်ရာ မြတ်စွာဘုရားသည် ငါးပါးသော မာရ်တို့ကို မြဲမြံစွာ အောင်တော်မူခဲ့လေသည် ဟူလို။

ဤတွင် 'အဲး' ကဲးရန် အကြောင်းကို အခြေအမြစ်နှင့်တကွ ဖွင့်ဆိုရှင်းလင်းအံ့။ ရှေးဒေတ် ဘုန်းတော်ကြီးကျောင်းသုံး မြန်မာစာသင်ရိုး သင်ပုန်းကြီး စာအုပ်များတွင် အောက်ဖော်ပြပါ သရ (၁၂) လုံးနှင့်၊ ဗျည်း(၃၃)လုံးတို့ကို တွေ့ရပေ၏။

သရ ၁၂ လုံး

အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ အဲ၊ ဩ၊ ဪ၊ အံ၊ အား။

ဗျည်း ၃၃-လုံး

| | | | | |
|---|---|---|---|---|
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |
| ယ | ရ | လ | ဝ | သ |
| | ဟ | ဠ | အ | |

ပုဂံခေတ်ဦး ကျောက်စာများသည် မြန်မာစာပေ၏ စာလက်မှန်များ ပင် ဖြစ်ကြ၏။ ထိုကျောက်စာတို့၌ ဝစ္စနှစ်လုံးပေါက် ( း ) မပါသေး၊ ဝစ္စနှစ်လုံးပေါက် အသံကို ရယူလိုသောအခါ 'ဟ်'ကို အသုံးပြုခဲ့ကြ၏။ ပုံစံ- 'နွား' ကို "နွဟ်၊ 'သား' ကို သဟ်"ဟု စာလုံး ပေါင်းခဲ့ကြ၏။

ဤအချက်ကိုထောက်၍ဖော်ပြပါ သင်ရိုးသင်ပုန်းကြီးသည် ပုဂံခေတ် ရှင်ဒိသာပါမောက်၏ သင်ပုန်းကြီး ဋီကာ နောက်ပိုင်းနှင့် ထို့အောက် နောက်ကျသောကာလ ရောက်မှသာ ပေါ်လာသော သင်ပုန်းကြီး ဖြစ်ကြောင်းသိရသည်။ အဘယ့်ကြောင့်နည်း ဆိုသော် 'အား' ဟူသော သရ၌ ဝစ္စနှစ်လုံးပေါက် (ဝိသဇ္ဇနီ) ပါရှိနေသောကြောင့် ပေတည်း။

ထို မြန်မာ သရ ၁၂-လုံးကို မည်သို့ ဖန်တီးယူခဲ့ကြသနည်းဟု စဉ်း စားသော် ပါဠိသင်ပုန်းကြီးနှင့် သက္ကတ သင်ပုန်းကြီးတို့ကို တွေ့ရ ပေ၏။

**ပါဠိသင်ပုန်းကြီး**

( ၄၁=လုံး ) သရ ရှစ်လုံး

အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ

ဗျည်း ၃၃ လုံး

| | | | | |
|---|---|---|---|---|
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |
| ယ | ရ | လ | ဝ | သ |
| ဟ | ဠ | အ | | |

**သက္ကတ သင်ပုန်းကြီး**

(၅၁)လုံး

**သရ ၁၄-လုံး**

အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧဲ (အဲ) ဩ ဪ

(ရိ ရီ) (လိ လီ)

**ဗျည်း ၃၇-လုံး**

| | | | | | | |
|---|---|---|---|---|---|---|
| | က | ခ | ဂ | ဃ | င | |
| | စ | ဆ | ဇ | ဈ | ည | |
| | ဋ | ဌ | ဍ | ဎ | ဏ | |
| | တ | ထ | ဒ | ဓ | န | |
| | ပ | ဖ | ဗ | ဘ | မ | |
| | ယ | ရ | လ | ဝ | ဂ | (ဂသျှ) |
| (ပသျှ) | ၑ | သ | ဟ | ဍ | လ | |
| | | | | (ရ) | (ဠ) | |

အံ အး

ဤ စာရင်းအရ ပါဠိသရရှစ်လုံးကိုမှတည်ပြီး သက္ကတ သရ အဲ နှင့် ဪ ကို လည်းကောင်း၊ သက္ကတဗျည်းမှ အံ၊ အး ကို လည်းကောင်း ယူထည့်လိုက်ပါလျှင် မြန်မာသင်ရိုး၊ သရ ၁၂-လုံး ဖြစ်လာပေသည်။ သို့မဟုတ် သက္ကတမှ ဝစ္စနှစ်လုံးပေါက်ကိုယူပြီး ပါဠိ အာနှင့် ပေါင်းစပ်၍ 'အား' ဟူသော အဆုံး သရကို ရရှိသည်ဟုလည်း သုံးသပ်နိုင်ရာသည်။ ထို အချက်သည် ပို၍ ဖြစ်နိုင်ကောင်းသည်။ အဘယ့်ကြောင့် ဆိုသော် အာ နှင့် ဝစ္စနှစ်လုံးပေါင်း၍ 'အား' ကို ဖန်တီးယူသည့် နည်းတူ အခြားသော ဒီဃ သရများ ဖြစ်ကြသည့် ဤ၊ ဦ (ဦ)၊ ဧ တို့ နှင့် လည်း ဝစ္စနှစ်လုံးပေါက်ကိုပေါင်းပြီး အီး၊ အူး၊ အေး (ကီး၊ ကူး၊ ကေး) စသည်တို့ကိုလည်း ဖန်တီး ရယူထားကြောင်း တွေ့ရသောကြောင့် ဖြစ်ပေသည်။

ထို့အပြင် သက္ကတမှ ယူထားသော 'အဲ' သရနှင့် ဝစ္စနှစ်လုံးပေါက်ကို ပေါင်းစပ်၍ 'အဲး' ဟူသော ကာရန်တရပ်ကိုလည်း ရရှိလေသည်။

(ပျူ၊ မွန် ဘာသာတို့လည်း ပါဠိ၊ သက္ကတဘာသာများကို တမှီး ရသော ဘာသာများပင်ဖြစ်ကြ၏။)

ပုဂံခေတ်ဦး ကျောက်စာတို့၌ ဝစ္စနှစ်လုံးပေါက် မပါ မရှိသေးသည့် နည်းတူ အောက်ကမြစ်(့)သင်္ကေတလည်း မရှိသေးချေ၊ အောက်ကမြစ်သံ ရလိုသောအခါ 'အ်'ကို အသုံးပြုကြသည်။ ပုံစံ – နှအ်၊ မိအ်၊

သို့သော် အသတ်(လွှားတမ်းခွန်)ကို မူကား ပုဂံခေတ်ဦးကပင် လှိုင်လှိုင်ကြီးအသုံးပြုလျက်ရှိချေပြီ၊ ပုံစံ–နှပ်လိယ်သုရှောဝ်တေဟ် (ရာဇကုမာရ်ကျောက်စာမှ)။

ပါဠိဘာသာတွင် သေးသေးတင်(နိဂ္ဂဟိတ်)သာ ပါရှိ၏၊ အောက်ကမြစ်(့) နှင့် အသတ် (်) မပါချေ။ ထို့ကြောင့် ယင်းတို့ကို သက္ကတမှ ရယူ၍ မြန်မာမှုပြုထားသည်ဟု တွက်ဆနိုင်ပေသည်။ သက္ကတ၌ ့ဥ၊ လ့ ဟူ၍ အောက်၌ ဗိန္ဒုအစက်ပါ၏။ က ခ ဂ စသည်ဖြင့် အက္ခရာ၌ သရကင်းမဲ့ကြောင်း ဖော်ပြသည့် သင်္ကေတပါ၏။ ထိုသက္ကတသာ အက္ခရာ၏ အောက်ရှိသရမဲ့ကြောင်းပြသည့် လက္ခဏာကို မြန်မာတို့က အက္ခရာအပေါ်တင်ပြီး က်၊ ခ်၊ ဂ် စသည်ဖြင့် အသတ်အဖြစ် ပြောင်းလဲ အသုံးချသည်ဟု ဆိုရာသည်။

ဤနည်းဖြင့် မြန်မာဗျည်းများကို အသတ်ဘင်ရာတွင် 'က်၊ စ်၊ တ်၊ ပ်၊ င်၊ ည်၊ န်၊ မ်၊ ယ်၊ ဝ်' တို့သည် ပင်ရင်းအသတ်များအဖြစ် စတင်အသုံးခံလာကြရလေသည်။

ထိုအသတ်တို့တွင် ယသတ်ကို ဝစ္စပေါက်၊ အောက်မြစ်တို့ဖြင့် တိုးချဲ့လိုက်သောအခါ 'အယ်၊ အယ်း၊ အယ့်' ဟူ၍ အသံသုံးမျိုး ကာရန်သုံးသွယ် ဖြာထွက်လာသည်၊ နှဟ်၊ သဟ် စသော ပုဂံခေတ်စာလုံးပေါင်းကိုထောက်၍ ဝစ္စပေါက်သည် ဟသတ်အသံရှိကြောင်းသိရ၏။ ထို့ကြောင့်

အယ်သံ၏နောက်၌ ဝစ္စပေါက်အသံကို အနည်းငယ်ပြု၍ 'အယ်း'ကို အသံထွက်ရချိမ့်မည်၊ သို့မှ 'အယ် နှင့် အယ်း' အသံကွဲပြားရာသည်။

သို့သော် ယ် နှင့် ဲ ဟူသည် အချင်းချင်း ပြောင်းလဲနိုင်ကြသည်၊ အဘယ့်ကြောင့် ပြောင်းလဲနိုင်သနည်း။

နိရယ ကို နိရယ် ဟု ပါဠိသက် ပဿဓဆင့်ဝေါဟာရပြု၊ ထိုမှ နိရဲ၊ ငရဲ ဒုတိယဆင့် မြန်မာဝေါဟာရ ပြောင်းလဲ ဖြစ်ပေါ်လာ၏။ ထို့ပြင် ကျယ် နှင့် ကျဲ ကိုကြည့်လျှင် အဓိပ္ပာယ်တူနေကြောင်း တွေ့ရ၏။ ကျယ်၍ ကျဲသည်။ ကျဲ၍ပင် ကျယ်သည် မဟုတ်ပါလော၊ သို့သော် နေရာတကာ၌ ဤသို့အဓိပ္ပာယ်တူမဖြစ်ပေ၊ ပုံစံ သွယ် နှင့် သွဲ၊ ဘွယ် နှင့် ဘွဲ တူသည်ဟု မဆိုသာ။

မည်သို့ဆိုစေ အများအားဖြင့်၊ ယသတ်နှင့် နောက်ပစ်သည် လက်ခုပ် လက်ဝါး သဘောရှိဘိ၏။ ဤသို့သော ဘာသာစကား၏ ဖြစ်တည်မှုကို ကြည့်၍ ရှေးဆရာများက– 'နောက်ပစ်ယသတ်သမာနတော၊ နောက်ပစ် ယသတ် ဣမေ ဧညာ သဒိသာ (ဝိနယ လင်္ကာရဋီကာ)ဟု ဥပဒေသ ပြုခဲ့ခြင်းဖြစ်လေသည်။

ပုံစံ – 'ပုလယ် မှ ပုလဲ'
မြယ်မြန် မှ မြဲမြန် (စသည်)

ဤသို့ ယသတ်နှင့် နောက်ပစ် ပြောင်းလဲ အသုံးပြုနိုင်သည့်အတွက် အယ်၊ အယ်း၊ အယ့် ကို အဲ၊ အဲး၊ အဲ့ ဟု ပြောင်းလဲနိုင်ပေသည်။ သို့သော် ကဝိသက္ခဏာ သတ်ပုံဆရာသည် မူလအချက်ကို 'အယ်'အတိုင်း ထား၍ သံပေါက်နှစ်ပုဒ် ရေးသားစပ်ဆို၏။ အဲး၊ နှင့် အဲ့ကိုမူ အတည် ယူပြီ၊ အဲး ကာရန် ၁၉ ပုဒ်နှင့် အဲ့ ကာရန် ၂၁ တို့ကို ရေးသားစပ် ဆိုထားလေသည်။ သို့ဖြစ်၍–

အောင်တော်မူမြဲး၊ မာရ်ငါးပွဲး၊ ရန်ကဲး တို့ဘုရား

အစရှိသည်ဖြင့် အဲး ကာရန်၌ အဲ နောက်တွင် ဝစ္စနှစ်လုံးပေါက် ပါနေ ရခြင်း အကြောင်းကို သိအပ်ပေပြီ၊ အဲး ဟူ၍ ဝစ္စနှစ်လုံးပေါက်မပါခဲ့

သော် အယ်နှင့် အသံတူသာ ဖြစ်ကြောင်းကိုလည်း သတိပြုဖွယ်ဖြစ်လေသည်။ ထို့ကြောင့် အဲး ကာရန်၌ နောက်ပစ်နောက်၌ ဝစ္စနှစ်လုံးပေါက်ပါမှ ရေးထုံးအမှန်ဖြစ်လေသည်။ ဤအမှန်အတိုင်းပင် ရှေးရေးပေ၊ ပုရပိုက်ကျမ်းစာအုပ်များ၌ နောက်ပစ်ဝစ္စနှစ်လုံးတွဲ၍ အဲး ကာရန်ကို ရေးမြဲဖြစ်လေသည်။

သို့ရာတွင် ယခုခေတ်၌ နောက်ပစ်ဘွင် ဝစ္စနှစ်လုံးပေါက်မပါပဲ မြဲ၊ ပွဲ၊ ကဲ စသည်ဖြင့် ရေးသားနေကြလေသည်။ အသံထွက်မှာမူ ဝစ္စနှစ်လုံး ပါသကဲ့သို့ပင် အယ်နှင့်ကဲ့အောင် အသံထွက်ကြလေသည်။ ဤသည်မှာ 'လူညီလျှင် ဤကိုကဲ့ဖတ်'ဆိုဘိသကဲ့သို့ အများညီ၍ အဘည်ကဲ့သို့ဖြစ်နေလေပြီ။ ဤတွင်–

> သောကသင်္ကေတ သာဓေ ပ္ပတ္တော၊ သဒ္ဒေါ နေ့ကန္တဘူတိကော။
> သဒ္ဒါဟူသည် လူတို့၏ အမှတ်သင်္ကေတဖြင့် ပြီးပေ၏၊ သဒ္ဒါဟူက ယေဘုယျသာ ကေန္တသဘောမရှိ။

ဟူ၍ သဒ္ဒတ္ထဘေဒစိန္တာ၌ မိန့်ဆိုချက်ကို မမေ့ရာ။ ထို့ပြင်–

> အတ္တော ဟိ နာထော သရဏံ အဝေါစ၊ န ဗျဉ္ဇနံ–

အနက်သည်သာ အားပြုရာဖြစ်သည်၊ သဒ္ဒါသည်ကား အဓိကမဟုတ်ချေ၊ ဟူ၍ အင်္ဂုတ္တိုရ်ပါဠိတော်၌ မြတ်စွာဘုရား ဟောကြားချက်ကိုပါ ထည့်သွင်းသုံးသပ်အပ်၏။ သို့ဖြစ်သောကြောင့် မြဲ၊ ပွဲ၊ ကဲ စသည်ဖြင့် ဝစ္စပေါက်မပါပဲ ရေးနေကြသော်လည်း အမှားကြီးတရပ်ဟုမဆိုသာ၊ အများ နားလည်မှုအနက်မပျက်သောကြောင့်တည်း။

ဤသံပေါက်၌ မာရ်ငါးပါးနှင့် မာရ်ငါးပါး အောင်တော်မူပုံကို ချဲ့ထွင် သိရှိရန် လိုအပ်၏။

'မာရ်'ဟူသည်ကား အဘယ်နည်း။

'မာရ်'ဟူသောပါဠိသက်စကား၏ရင်းမြစ်မှာမာရ(ပု)ဖြစ်၏။ ဓာတ်ကျမ်းများ၌ မရ - ပါဏစာဂေ၊ မရဓာတ်သည် အသက်စွန့်စေခြင်း

အနက်၌ ဖြစ်၏ဟုဆို၏။ ထို့ကြောင့် 'မာရ်' ဟူသည် 'သေခြင်း'ပင် ဖြစ်ကြောင်းသိအပ်၏။

သံယုတ္တအဋ္ဌကထာ၊ ဒုတိယအုပ်၊ စာမျက်နှာ ၂၄၆-၌

'မာရော မာရေတိ မရဏံ ဝုစ္စတိ၊ မာရဓမ္မောတိ မရဏဓမ္မော'

'မာရ်၊ မာရ်'ဟူသည် သေခြင်းကိုဆိုလိုသည်၊ 'မာရဓမ္မ' ဟူသည် သေခြင်းသဘောတရားပင် ဖြစ်သည်ဟု ဖွင့်ပြထားသည်။

သဒ္ဒဗေဒသဘောအရ အသံထွက်ကိုသာလိုက်ပြီး မည်သည့်အခါမျှ 'မာန် မန်၊ မံ'ဟု မရေးရ၊ 'မာရ်' ဟူသာ အမှန်ရေးရမည်၊ သို့မှသာ အနက်ကိုရှာ၍ ရမည်ဖြစ်ပေသည်။

သေခြင်းနှင့် မသေခြင်းသည် လုံးဝဆန့်ကျင်ဘက်ဖြစ်၏၊ မသေခြင်း သည် နိဗ္ဗာနဓာတ်သန္တိသုခအသခ်တဓာတ်ပေတည်း။ ထိုမသေသော နိဗ္ဗာန်မှတပါး ကျန်သမျှ လောကသံသရာသည် သေခြင်းနယ် (ဝါ) မာရ်၏နယ်ဖြစ်လေသည်။

ဤသို့သော ရင်းမြစ်အဓိပ္ပာယ်နှစ်ကိုကိုင်၍ သေခြင်းနှင့် သေခြင်းကို ဖြစ်စေတတ်သောအရာမှန်သမျှကို 'မာရ်'ဟူသော ဝေါဟာရဖြင့် ခေါ် ဝေါ် သုံးစွဲထားလေသည်။

သံသရာတခွင်တပြင်ဘွင် သေခြင်းနှင့်သေစေခြင်း (မာရ်)တို့ကို ရှာ ဖွေရာတွင် ငါးမျိုးရှိကြောင်းတွေ့ရလေသည်။ ယင်းသေခြင်း၊ သေစေ ခြင်းဟူသော မာရ်ငါးမျိုးတို့ကား ကိလေသာ၊ ခန္ဓာ၊ မစ္စု၊ အဘိ သင်္ခါရနှင့် ဒေဝပုတ္တတို့ဖြစ်ကြလေသည်။

မာရ်ငါးပါးနှင့်စပ်လျဉ်း၍ မာရ်တမျိုး၊ နှစ်မျိုး၊ သုံးမျိုး၊လေးမျိုး၊ ငါးမျိုးတို့ကို အလျဉ်းသင့်သလို ကျမ်းဂန်များစွာတို့၌ ဖော်ပြထား လေသည်။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုတိယတွဲ စာမျက် ၂၁၁ ၌-
သံခေပတော ဝါ ပဉ္စ ကိလေသခန္ဓာဘိသင်္ခါရဒေဝပုတ္တမစ္စုမာရေ အဘဉ္ဇိ၊ တသ္မာ - - ဘဂဝါတိ ဝုစ္စတိ ဟူ၍ ဖွင့်ဆို၏။

ထေရဂါထာအဋ္ဌကထာ၊ ဒုတိယအုပ်၊ စာမျက်နှာ ၄၆ ၌-
သဗ္ဗာမိတ္တေတိ ခန္ဓကိလေသာဘိသင်္ခါရ မစ္စုဒေဝပုတ္တသင်္ခါတေ သဗ္ဗပစ္စတ္ထိကေ-ဟူ၍ ဖွင့်ဆို၏။
(အနက်သိလောက်ပြီ)

ထို့ပြင် အင်္ဂုတ္တိုရ်ပါဠိတော် (တတိယ)၊ သံယုတ်ပါဠိတော်မာရသံယုတ်၊ သုတ္တနိပါတ်ပါဠိတော်၊ ဝိနည်းပါဠိတော် (ပထမ)၊ မူလပဏ္ဏာသပါဠိတော်၊ သုတ်ပါထေယျပါဠိတော် အစရှိသော ပါဠိတော်များ၊ သုတ္တနိပါတ်အဋ္ဌကထာ၊ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၊ ဇာတ်အဋ္ဌကထာ(ပထမ)၊ ဗုဒ္ဓဝံသအဋ္ဌကထာ၊ ဓမ္မပဒအဋ္ဌကထာ၊ သံယုတ်အဋ္ဌကထာ၊ မဇ္ဈိမနိကာယ်အဋ္ဌကထာ (ပထမ)၊ ထေရဂါထာအဋ္ဌကထာ၊ ဣတိဝုတ္တကအဋ္ဌကထာ၊ ဥဒါန်းအဋ္ဌကထာ၊ စူဠနိဒ္ဒေသအဋ္ဌကထာ အစရှိသော အဋ္ဌကထာများ၊ ထိုပါဠိအဋ္ဌကထာတို့၏ ဋီကာများနှင့် ဇိနာလင်္ကာရဋီကာ စသော ကျမ်းပေါင်းများစွာတို့၌ 'မာရ်' အကြောင်းကို ဟောကြားဖော်ပြထားလေသည်။

ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့၌ မာရ်အကြောင်းကိုဟောကြားဖော်ပြရာတွင် သူ့နေရာနှင့်သူဖော်ပြ၏။ ကိလေသမာရ်ဖြစ်စေ၊ အခြားသောမာရ်တခုခုကိုဖြစ်စေ၊ အလျဉ်းသင့်သလို ဟောကြား ဖွင့်ဆိုလေသည်။ ယခု ထိုမာရ်ငါးပါးတို့၏ အဓိပ္ပာယ်အသီးသီးကို ဆက်လက် ဖွင့်ဆိုပေအံ့။

၁။ ကိလေသမာရ် (ကိလေသ=ကိလေသာ+မာရ်)

ကိလေသာဘည်းဟူသော မာရ်ကို ကိလေသမာရ်ဟုခေါ်၏၊ ကိလေသာတို့သည် သတ္တဝါတို့အား သေခြင်းကို ဖြစ်စေ၏၊ အကယ်သို့ဖြစ်

စေသနည်းဆိုသော် သတ္တဝါတို့သည် လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ အစရှိသော ကိလေသာတို့ကို မပယ်မသတ်နိုင်သေးသမျှ မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်ကြ၊ နိဗ္ဗာန်မရသေးသမျှလည်း သတ္တဝါတို့သည် သံသရာထဲမှာ တသသယ်သေနေကြရဦးမည်သာဖြစ်၏။ သို့ဖြစ်၍ ကိလေသာတို့သည် သတ္တဝါတို့၏ သေမျိုးသေစေ့သေခင်းသဖွယ်ဖြစ်လေသည်။ ထို့ကြောင့် ကိလေသာကို သေမင်းဟုသဘောထားကာ ကိလေသမာရ်ဟု ဝေါဟာရ ပြုလေသည်။

၂။ ခန္ဓမာရ်(ခန္ဓ=ခန္ဓာ+မာရ်)

ခန္ဓာကိုယ်တည်းဟူသော မာရ်ကို ခန္ဓမာရ်ဟုခေါ်၏။ ခန္ဓာကိုယ်ရှိနေသမျှ ထိုခန္ဓာကိုယ်သည် သေရမည်အမှန်ဖြစ်၏၊ ခန္ဓာကိုယ်မရှိတော့မှသာ သေရခြင်းကင်းပေမည်၊ ဤအဓိပ္ပာယ်အရ ခန္ဓာသည် သေခြင်းတည်ရာ သေခြင်းအကြောင်းဖြစ်သောကြောင့် ခန္ဓမာရ်ဟု ဆိုခြင်းဖြစ်ပေသည်။

၃။ မစ္စုမာရ်(မစ္စု=သေခြင်း+မာရ်)

မစ္စု–ဟူသည်မှာ ရွေ့လျောခြင်း၊ သေခြင်းဟုအဓိပ္ပာယ်ရ၏၊ အသက်စွန့်ရမှုပင်ဖြစ်၏၊ မစ္စုအဓိပ္ပာယ်လည်းသေခြင်း၊ မာရ်–၏အဓိပ္ပာယ်လည်း သေခြင်း။ အတူတူပင်ဖြစ်၏။ ထို့ကြောင့် သေခြင်းကိုပင် မစ္စုမာရ်ဟု ဆိုရပေသည်။

၄။ အဘိသင်္ခါရမာရ်(အဘိသင်္ခါရ=ပြုပြင်ခြင်း+မာရ်)

အဘိသင်္ခါရ–ဟူသည် ပြုပြင် စီရင်မှုပေတည်း၊ သတ္တဝါတို့သည် ကုသိုလ်ဖြစ်အောင်လည်းလုပ်သည်၊ အကုသိုလ်ဖြစ်အောင်လည်းလုပ်သည်၊ ဤသို့လုပ်သည်ကို ပြုပြင်စီရင်သည်ဟု ဆိုရ၏၊ သတ္တဝါတို့သည် ကုသိုလ် အကုသိုလ်တို့ကိုပြုလုပ်နေသမျှ ထိုကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကြောင့် ဘဝသစ်တဖန်ဖြစ်၍ ဖြစ်၍ နေရဦးမည်၊ ဘဝသစ်ဖြစ်တိုင်း ဘဝတခါ တခါ သေနေရမည်သာဖြစ်၏။ ထို့ကြောင့် အဘိသင်္ခါရဟူသော ပြုပြင်စီရင်မှုသည် သေခြင်းတရားမပြတ် ဖြစ်ပေါ်နေအောင် အားထုတ်ရာ

ရောက်လေသည်။ ယင်းသို့ သေစေခြင်းဖြစ်၍ ကုသိုလ် အကုသိုလ်ဖြစ် အောင် ပြုပြင်စီရင်သော အဘိသင်္ခါရအမှုကို အဘိသင်္ခါရမာရ်ဟု ဆိုရ လေသည်။

၅။ ဒေဝပုတ္တမာရ် (ဒေဝပုတ္တ=နတ်သား+မာရ်)

နတ်သားတည်းဟူသော သေခြင်းကို ဒေဝပုတ္တမာရ်ဟု ခေါ်သည်၊ ထိုနတ်သားသည် သတ္တဝါတို့အား သေခြင်းကိုဖြစ်စေ၏၊ သေစေ၏၊ သေစေရန်အားပေး၏။ အဘယ်သို့သေခြင်းကိုအားပေးသနည်းဆိုသော် သတ္တဝါတို့အနေဖြင့် ကိလေသာကာမဂုဏ်ဘို့၌ လိုက်စားမိုက်မှားနေကြ လျှင် ထိုနတ်သားက သဘောကျ၏၊ သတ္တဝါတို့ သံသရာထဲမှာပျော်ပိုက် နေစေရေးအတွက် မှားယွင်းသောအတွေးအမြင် အယူအဆတို့ကို ဖြစ် စေ၏၊ သံသရာမှလွတ်မြောက်စေမည့် ဘုရားရှင်၏တရားနည်းမှန်အကျင့် တို့ကို ကျင့်သုံးအားထုတ်သူတို့အား အနှောင့်အယှက်ပေး၏၊ တရား မရအောင် တားဆီး၏။ ထိုနတ်သားသည် လောကီဘုံသားအားလုံးကို သူ၏လက်အောက်ခံ ကျေးကျွန်သဖွယ် သဘောထား၏၊ လောကီနယ်ကို သူပိုင်၏။

သတ္တဝါတို့သည် ထိုနတ်သား၏ လောကီနယ်၌ ကျင်လည်နေကြရ သောအခါ ဘဝတိုင်း သေနေကြရလေသည်၊ ဤသို့ သေနေကြရခြင်း သည် ထိုနတ်သား၏ အကြိုက်ဖြစ်၏။ သေခြင်း သေစေခြင်းကို အား ပေးသည့်အတွက် ထိုနတ်သားကိုလည်း 'မာရ်'ဟုခေါ်ဝေါ် သုံးစွဲ၏။ မာရ်နှင့်နတ် စကားနှစ်ရပ်ပေါင်း၍ 'မာရ်နတ်' ဟု ဖြစ်သ၏၊ ထို့ ကြောင့် 'မာရ်နတ်'၏ အဓိပ္ပာယ်ကား သေစေသော နတ်၊ သေခြင်းနတ် ဟု ဖြစ်လေသည်။

ဒေဝပုတ္တမာရ် ဟူသော မာရ်နတ်သား အကြောင်းအရာ ရှိခဲ့ကြောင်းကို သံယုတ်ပါဠိတော်၊ မာရသံယုတ်တခုလုံး၊ မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ ပါဠိ၊ မာရတဇ္ဇနီယသုတ်တို့၌ အသင်္ခြား ဖော်ပြထား၏။ ထို့ပြင် အောက်ပါ မဇ္ဈိမနိကာယ် အဋ္ဌကထာ(ပ)၌ ပါသော စကားရပ်တို့ကို လည်း ကြည့်ရသည်။

မာရောယေဝ ပန အတ္တသန်ါတာယ ပဇာယ အဓိပတိဘာဝေန ဣဓ ပဇာပတီတိ အဓိပ္ပေတော၊ သော ဟိ ကုဟိံ ဝသတီတိ၊ ပရနိမ္မိတဝသဝတ္တိဒေဝလောကေ၊ တတြ ဟိ ဝသဝတ္တိရာဇာ ရဇ္ဇံ ကာရေတိ၊ မာရော ကေသ္မိဉ္စိ ပဒေသေ အတ္တနော ပရိသာယ ဣဿရိယံ ပဝတ္တေန္တော ရဇ္ဇံ ပစ္စန္တေ ဒါမရိကရာဇပုတ္တော ဝိယ ဝသတီတိ ဝဒန္တိ။

ပါဠိ၌ အနက်ကား –

ဤ၌ 'ပဇာပတိ' ဟူသည် သတ္တဝါတို့ကို အစိုးရသဖြင့် မာရ်နတ်ကို ပင် ယူရာ၏။ ထိုမာရ်နတ်သည် အဘယ်မှာ နေသနည်းဆိုသော် – ပရနိမ္မိတဝသဝတ္တီ နတ်ပြည်၌ နေပေ၏။ ထိုနတ်ပြည်၌ ဝသဝတ္တီ နတ်မင်း သည် မင်းပြု၏။ မာရ်နတ်မူကား တခုသောအရပ်ဒေသ၌ မိမိပရိသတ်နှင့် သီခြား အုပ်ချုပ်လျက် တိုင်းစွန်ပြည်နား၌ သူပုန်မင်းသားကဲ့သို့ နေလေ သည် ဟူလို။

ဇိနာလင်္ကာရ ဋီကာ၌လည်း–

ထိုမာရ်နတ်သည် ဥပပတ်နတ်မျိုးတည်း၊ ကာမဘုံကို အစိုးရ၏။ တခါတရံမူကား ပြဟ္မပါရိသဇ္ဇာပြဟ္မာငယ်တို့၏ ကိုယ်တွင်းသို့ပင် ပူးဝင် နိုင်စွမ်းရှိ၏ဟု ဆိုထား၏။

ဤသို့ ဖွင့်ဆိုခြင်းကား ဋီကာဆရာ၏ အတ္တနောမတိမဟုတ်၊ ဗက ပြဟ္မာအား မြတ်စွာဘုရား ချေချွတ်တော်မူရာ၌ မာရ်နတ်သည် ပြဟ္မာ ငယ်တဦးအား ပူးဝင်ပြီး အရေးနိမ့်နေသော ပြဟ္မာကြီးဘက်ကဝင်၍ ပြောကြောင်း ဟောကြားတော်မူသားသော ဘုရားဟောပါဠိတော်ကို အခြေခံလေသည်။

ကဝိလက္ခဏာ သတ်ပုံသံပေါက် (၄၅၆) ကိုလည်း အထက်ပါ အဓိပ္ပာယ်ကို ရည်၍ "မာရ်မင်း နန်းအိမ်၊ ပရနိမ်၊ စည်းစိမ် အသစ်သစ်" ဟု စပ်ဆိုလေသည်။

ဗုဒ္ဓဝင်၌ ဘုရားလောင်းကို မာရ်နတ်တားခြင်း၊ ပလ္လင်လုခြင်း၊ တောထွက် တရားကျင့်သော ဘုရားအလောင်းနောက်သို့ ခုနစ်နှစ် တိုင်တိုင်လိုက်ပြီး နှောင့်ယှက်ရန် ကြံစားခြင်း စသည်တို့လည်း အထင် အရှားပင် ရှိသည်။

သို့ဖြစ်သောကြောင့် ရတနာသုံးပါးကို ဆည်းကပ်သော ဗုဒ္ဓဘာသာ ဝင်တို့အနေဖြင့် မာရ်နတ်၊ ရှိလေဟန် အပြောမများမိစေဘို့ စောင့်စည်း အပ်လှသည်။ နတ်မယုံကြည်ခြင်း၊ မာရ်နတ်တကယ်မရှိဟုဆိုခြင်းများ သည် ဗုဒ္ဓဘာသာတို့၏ အယူဝါဒမဟုတ်။ ထာဝရဘာသာနှင့် ရုပ်ဝါဒီ တို့၏ အယူအဆဖြစ်ချေသည်။

မြတ်စွာဘုရားအနေဖြင့် မာရ်ငါးပါးကို အောင်တော်မူပုံနှင့် ပတ် သက်၍ မူလဋီကာ၌ ဖွင့်ဆိုထားချက်ကို မြန်မာပြန်၍ ဖော်ပြပါသည်။

၁။ မာရ်စစ်သည်အင်အားကို ရှုံးနိမ့်စေခြင်း၊ မာရ်နတ်၏လောကီ နယ်ကို လုံးဝလွန်မြောက်ခြင်းအားဖြင့် ဒေဝပုတ္တမာရ်ကိုအောင်သည်။ မာရ်စစ်သည်ကို အောင်တော်မူပုံမှာ ကဆုန်လပြည့်နေ့ ညနေခင်းအခါ မဟာဗောဓိပင်ရင်း၌ ဘုရားဖြစ်ရန် အားထုတ်ဖို့ ထက်ဝယ်ဖွဲ့ခွေ ထိုင် တော်မူခိုက် မာရ်စစ်သည်တို့ ရောက်လာ နှောင့်ယှက်ကြသည်။ မြတ်စွာ ဘုရားလောင်းက မိမိဖြည့်ဆည်းပူးခဲ့သော ပါရမီ ကုသိုလ်ကို ဤမဟာ ပထဝီမြေကြီး သိလေသည်ဟု မြေသို့ လက်ညှိုးညွှန် တိုင်တယ်တော်မူ သည်။ ထိုအခါ မြေပထဝီသည် အိုးထိန်းစက်ပမာ သွက်သွက်ခါ လှုပ် ရှား၍ သက်သေခံလေသည်။ မာရ်စစ်သည်တို့လည်း ထိတ်လန့်တကြား ပြေးပုန်းကြကုန်သည်။

၂။ အရဟတ္တမဂ်ဉာဏ်ဖြင့် ပယ်သတ်ပြီးနောက် မည်သည့်အခါမျှ မဖြစ်နိုင်အောင် ပြုခြင်းအားဖြင့် ကိလေသမာရ်ကို အောင်သည်။

၃။ အဝိဇ္ဇာ၊ တဏှာ အနုသယကင်းစေပြီးဖြစ်၍ ပြုသမျှ ကောင်းမှု သည် ကုသိုလ်မဖြစ်၊ ကြိယာသာဖြစ်ခြင်း၊ အကုသိုလ်ကို လုံးဝမပြုလုပ် ခြင်းကြောင့် ပြုပြင်စီရင်မှု ကင်းစေခြင်းဖြင့် အဘိသင်္ခါရမာရ်ကို အောင်သည်။

၄။ ဘဝခန္ဓာကို ဖြစ်ပေါ်စေတတ် ဖန်တီးတတ်သော အကြောင်းတရားကို ပယ်ခြင်းအားဖြင့် ခန္ဓမာရ်ကို အောင်သည်။ (နောက်ထပ်ဘဝခန္ဓာ မဖြစ်ရတော့ပြီ ဟူလို)

၅။ ထိုနည်းတူ သေခြင်း၏ အကြောင်းကိုပယ်ခြင်းအားဖြင့် မစ္စုမာရ်ကို အောင်သည်။

ထိုမာရ်ငါးပါးလုံးကို ဗောဓိပင်ရင်း၌ သဗ္ဗညုဘုရားဖြစ်ဦးစကပင် အောင်တော်မူခဲ့ပြီး ဖြစ်လေသည်။

အကျိုးကျေးဇူး-

ဤသံပေါက်ကို လေ့လာခြင်းဖြင့် မာရ်ငါးပါးရှိကြောင်း၊ ထိုမာရ်ငါးပါးလုံးကိုပင် ကျွန်ုပ်တို့ ကိုးကွယ်ဆည်းကပ်သော မြတ်စွာဘုရားသည် အောင်မြင်တော်မူပြီး ဖြစ်ကြောင်းသိရသည်။ ဤသို့ မြတ်စွာဘုရားအနေဖြင့် မာရ်ငါးပါးကို အောင်မြင်တော်မူသည့်အကြောင်းကို ဖော်ပြသော ဤသံပေါက်ကို ရွတ်ဖတ်သောအခါတိုင်း စိတ်ထားတတ်လျှင် ဗုဒ္ဓါနုဿတိ ဘာဝနာကုသိုလ်ရရှိခြင်းစသော အကျိုးများကို ရရှိပေသည်။ မြတ်စွာဘုရား မာရ်ငါးပါး အောင်မြင်သည်ကို အတုယူ၍ မိမိတို့လည်း ကိလေသမာရ်စသည်တို့ကို အောင်မြင်အောင် ကြိုးစားအားထုတ်သင့်ကြောင်း ဥပဒေသရရှိပေသည်။

# ၄၈။ လက်တောင်ဝင်ဆွဲ၊ ကလိခွဲ၊ ပြောင်ပြီး နဖူးဖျား။

# ၁၃၂။ မွေးရှင်အခုံ၊ ဥဏ္ဏာလုံ၊ ရောင်ဟုံတွေးရငွေး။

# ၁၉၂ မွေးရှင်တော်ပျံ၊ နဖူးယံ၊ ကလိတော်အခွဲ

ဤသံပေါက်သုံးပုဒ်သည် အကြောင်းအရာအခြေခံ အတူတူပင်ဖြစ်၏။ မြတ်စွာဘုရား၏ ဥဏ္ဏာလုံ မွေးရှင်တော်အကြောင်းကိုပင် ဖွဲ့ထားလေသည်၊ သံပေါက်အမှတ်(၄၈)သည်'အံး'ကာရန်သတ်ပုံကို ဖော်ပြ၏။ သံပေါက်အမှတ်(၁၃၂)သည် 'အုံ'ကာရန်သတ်ပုံကို သိစေ၏။ အမှတ်(၂၉၂) သည် 'အံ'ကာရန်သတ်ပုံအသုံးကို ပြပေ၏။ ဤမျှသာထူး၏။

သံပေါက်အမှတ်(၄၈)၏အဓိပ္ပာယ်ကား-မြတ်စွာဘုရား၏ နဖူးဖျား၌ ထင်ထင်ရှားရှား ပေါက်ရောက်ပြီး လက်ျာရစ်ခွေ၍ အဖျားအထက်သို့ ကော့တက်တည်ရှိနေသော ဥဏ္ဏာလုံမွေးရှင်တော်သည် လက်တော်ဖြင့် ငင်ဆွဲ၍ ဆန့်လိုက်ပါက အရှည်တလံခွဲမျှရှိသည်-ဟူလို။

သံပေါက်အမှတ်(၁၃၂)၏ အဓိပ္ပာယ်ကား-မြတ်စွာဘုရား၏ နဖူးဖျား၌ တည်ရှိသောဥဏ္ဏာလုံမွေးရှင်တော်၏အရောင်သည် များပြားသည်၊ နီတွေးတွေးကလေး ထင်ရသည်-ဟူလို။

သံပေါက်အမှတ်(၂၉၂)၏ အဓိပ္ပာယ်ကား-မြတ်စွာဘုရား၏ နဖူးတော်အပိုင်းအခြား၌ ပုံ့ဝဲဘိသကဲ့သို့ ပေါက်ရောက်တည်နေတော်မူသော မွေးရှင်တော်သည် ဆွဲ၍ဆန့်ပါက အလျားအားဖြင့် တလံနှင့်တခွဲ(ဝါ) တလံ၏တဝက်၊ သို့မဟုတ် နှစ်ပေှာင်ခန့်ရှည်လျားပေသည်-ဟူလို။

ပထမဦးစွာ ၄ ကားလုံးဝေါဟာရတို့၏ အနက်ကိုဖွင့်ဆိုပေအံ့။

'တလံ'ဟူရာ၌ တစ်+အလံ ကို သရုပ်ချရေးရှိ သမားသ်ပြု၍ 'တလံ' ဖြစ်၏။ 'တလံ'သည် ဤ၌'ဇေ'သဒ္ဒါ၏အနက်ဖြစ်သော တံခွန် အလံ ဟူသော အနက်မဟုတ်။ အထွာ၊ အတောင်၊ အရပ်၊ အသူ တို့ကဲ့သို့ အတိုင်းအထွာ ပမာဏပြ စကားတည်း။

'အလံ'ဟူသော နာမ်ပုဒ်၏ အရင်းအမြစ်ကား'လံ'တည်း။ 'လံ' သည် ကြိယာပုဒ်တည်း။

'လံ'(ကြိယာ)၏ပထမအနက်မှာ–လက်ရုံးဖြင့် တိုင်းတာခြင်းတည်း။ To measure by the arms extended ဟု ဂျပ်ဆင်အဘိဓာန်၌ဖွင့်၏။ ပုံစံ -သည် ကြိုးဘယ်လောက်ရှည်သည်ကို လံ မေး။

ထင်ယောင်မဆုံ၊ လံကြိုးလံလျက်၊ ရွှေလှံ့လိုလို၊
ဝင်းဝင်းညိုသား၊ နဝဒေး–၀၁(၃)

လံ(ကြိ)၏ ဒုတိယအနက်မှာ–အနှောင်အဖွဲ့တခုခု၊ အထိန်းတခုခုဖြင့် လွှတ်ထားခြင်းတည်း။ To tether . ဟု အင်္ဂလိပ်လိုဖွင့်၏။ ပုံစံ– မြင်းကို မျက်ပေါသည့်နေရာမှာ လံထားလိုက်ပါ။

(လံကြိုးဖြင့် လံထားသည်)။

စိတ်တော်နှစ်ကြုံ၊ သူကိုလံ၍၊ မြေလှုံ့လိုလို၊
စိမ်းစိမ်းညိုသား။ နတ်သျှင်နောင်–၂–၂၆(၂)

တိုင်းတာခြင်းအနက်ရှိသော လံ(ကြိ)မှ 'အလံ'ဟူသောနာမ်ပုဒ်ရရှိသည်။ အနက်ကား 'တိုင်းတာခြင်း' ဟူလို–။

မြန်မာ့ရိုးရာ တိုင်းတာမှုမှာ အောက်ပါရှေးလင်္ကာကို အခြေခံလေသည်။

ဆယ်ဆံခြည်တနှမ်း၊
ခြောက်နှမ်းတမုယော၊
လေးမုယော တလက်သစ်၊
ရှစ်လက်သစ် တမိုက်၊
သုံးမိုက်တတောင်၊
လေးတောင်တလံ၊
ခုနစ်တောင်တတာ၊
နှစ်ဆယ်တာ တဥသဘ၊
လေးဥသဘ တကောသ၊
လေးကောသ တဂါဝုတ်၊
လေးဂါဝုတ် တယူဇနာ။

ဤတွင်'တမိုက်'ဟူသည်မှာ လက်မကို ဘေးသို့ဖြောင့်ဖြောင့်တန်း၊ ကျန်လက်လေးချောင်းကိုဆုပ်ကာ လက်မဖျားနှင့်လက်သန်း၏လက်ပျဉ်း နှစ်ခုကြား အတိုင်းအတာတခုကို 'တမိုက်'ခေါ်သည်။ 'တထွာ' ဟူရာ၌ လက်မကို အတွင်းဘက်သို့လည်းကောင်း၊ ကျန်လက်လေးချောင်းကို ရှေ့သို့လည်းကောင်း ကား၍ ပြင်ညီတခုပေါ်တွင် ဖိချထားရာ လက်မ ထိပ်ဖျားနှင့် လက်ခလယ်ထိပ်ဖျားနှစ်ခုကြား အတိုင်းအတာ တခုကို တထွာခေါ်သည်။ 'တတောင်' ဟူရာ၌ တတောင်ဆစ်ကို ပြင်ညီပေါ် ထိစေပြီး လက်ဖဝါးဖြန့်၍ချလိုက်ရာ တတောင်ဆစ်ဖုနှင့် လက်ခလယ် ထိပ်ဖျားအကွင်းရှိ အတိုင်းအတာတခုကို'တတောင်'ခေါ်သည်။

သို့သော် လူအရွယ်အစားအလိုက် အရှည်အတို မတူညီ၍ စံနှုန်းဖြစ် သော မိုက်,ထွာ,တောင်တို့ကို လူပေါ် လုံးဝအခြေခံ၍ မရနိုင်သော ကြောင့် လက်ာတွင် ဆံပင်တ င်ကို မူတည်ပြီး ဖော်ပြလေသည်။

'တလံ'ကိုမူ လ ကာ်အရ လေးတောင်ကို 'တလံ' ဟူသည်မှာ စံနှုန်း ဖြစ်၏။ သို့ရာတွင် ကိုယ်အထွာနှင့် ကိုယ် ဆိုသကဲ့သို့ ကိုယ့်အလံနှင့်ကိုယ် တိုင်းတာလိုသော် လူကိုမတ်တတ်ရပ်၊ လက်နှစ်ဘက်ကို ဘေးနှစ်ဘက်သို့ တန်းနေအောင် (၉၀ ဒီဂရီကျအောင်)ဆန့်ထားလျှင် ညာလက်ခလယ်

ထိပ်ဖျားနှင့် ဘယ်လက်ဝယ် ထိပ်ဖျားအတွင်းရှိ အတိုင်းအတာတခုကို 'တလံ'ဟု ခေါ်ရလေသည်။ ပခုံးအောက်ရှိ ညှင်ရိုးနှစ်ခုဆုံရာ လည်ပင်းအောက်ချိုင့် ချွန်နေရာမှသည် တဘက်ကို နှစ်တောင်စီ ရှိလေသည်။ ထို့ကြောင့် တတောင်ဆစ်မှအထက် ချိုင်းအိုးအပေါ်အဝင် ညှပ်ရိုးချိုင့်ချွန်းအထိမှ တတောင်ရှိသည်။ တတောင်ဆစ်အောက် လက်ဖျားထိ တတောင်ရှိသည်။ ဤအချက်ကို သတိပြုရသည်။

တရပ်၊ တသူ နှင့် ပေလျဉ်းရှိဆိုရသော် လူမတ်တပ်ရပ်နေစဉ် ဦးထိပ်မှ ခြေဖဝါးပြင်အထိကို 'တရပ်'ဟု ခေါ်သည်၊ တရပ်သည် လေးတောင်မရှိ၊ မတ်တပ်ရပ်ပြီး လက်နှစ်ဖက်ကို အထက်သို့ တန်းမြှောက်ထားလျှင် လက်ခလယ်ထိပ်ဖျားမှ ခြေဖဝါးရပ်ရာ အပြင်ညီအထိ ဤအတိုင်းအတာကို 'တသူ'ဟုခေါ်သည်။ တသူ၊ နှစ်သူ၊ သုံးသူ စသည်ဖြင့် အသူပေါင်းများစွာ ရေတွက်ရိုးရှိသည်။

> အသူတရာ၊ နက်စွာဘိလောက်၊ တောင်ကြီးချောက်ကို၊
> လွှားဘောက်ခုန်ဆင်း၊ မာန်ဟုန်ပြင်းစွ။ (အာသံနိုင်)

ဟူ၍ စပ်ဆိုသည်။

အတိုင်းအတာကို လူကိုစံထား၍ ပြခြင်းသည် လူကည်သမျှ လူရှိရာ ဒေသမှန်သမျှ လူမှန်သမျှ ခေတ်တိုင်းနားလည်နိုင်စေသည်။ လက်မ၊ ပေ၊ စင်တီ၊ မီလီ စသည် စနစ်တို့ဖြင့် ပြခြင်းသည် ထိုစနစ်ကို တကူးတကတတ်သိမှ အတိုင်းအတာကို သိနိုင်၏။ အကယ်၍ ထိုစနစ်ကွယ်သွားပါက ထိုစနစ်အရ ဖော်ပြထားသော အတိုင်းအတာကို နောင်ခေတ်လူသားတို့ မသိနိုင်တော့ချေ။

ပြောင်ပြဲ – ယင်း၌ 'ပြောင်'ကား စင်ကြယ်ခြင်း၊ လက်ခြင်း၊ အရောင်ထွက်ခြင်း အနက်ဖြစ်၏။

ပြဲ – ကို ဝေါဟာရတ္ထပကာသနီ ဆရာတော်က–

'ထို၌ 'ပေါက်ပြဲ'ဟူသည်ကား ကွဲခြင်း ပွင့်ခြင်း အနက်တည်း။' ဟု ဖွင့်၏။

တနည်းအားဖြင့် 'ပြ့ မှ ပြဲ'ဟူ၍ ကာရန်ရအောင် စပ်ထားသည်ဟု လည်း ယူနိုင်၏။ 'ပြ့'ဆိုလျှင် ထင်ရှားခြင်းအနက်ရှိ၍ ဤသံပေါက်၌ အဓိပ္ပာယ်ပိုပြီးဆီလျော်ပေ၏။ ပုံစံ– ပြ့ပြ့ မြင်သည်။ (ထင်ထင်ရှားရှား မြင်သည်ဟူလို)။

သံပေါက်အမှတ် (၁၃၂)၌ မွေးရှင်၊ မွေ့ရှင် ဟု ဝိသဇ္ဇနီ ပါမပါ နှစ်မျိုးရှိ၏။ ဤတွင်'လောမ'ဟူသော ပါဠိအနက်မှာ 'အမွေး'ဖြစ်၍၊ မွေးရှင်ဟု ဝိသဇ္ဇနီပါသော စကားသာမူရင်းဖြစ်၏။ မွေ့ရှင် ဟု ဝိသဇ္ဇနီမဲ့ ရှိသည်မှာ အချို့သောအညာကျေးလက်၌ ရှေးဟန်ဖြင့် ဝိသဇ္ဇနီ သံမပါပဲ ဆိုတတ်ရာမှ ဖြစ်လာဟန်တူပေ၏။ မုံရွာနယ် ကျေးလက်ပျော်သံများ တွင် 'တုံးအောက်ကဖား' ကို 'တုံ့အောက်ကဖား' ဟု 'တုံ'၌ ဝိသဇ္ဇနီ သံမပါပဲ ဆိုတတ်သည်ကို တွေ့ရှာရသည်။ 'ရှင်'သည် ရှင်သန်ခြင်း အနက်တည်း။

ဥဏ္ဏလုံ – ရင်းမြစ်ကား ဥဏ္ဏ+လောမ(ပါ)တည်း။ ဥဏ္ဏ=မြင့်သော၊ လောမ = အမွေး၊ လောမ မှ ေ–ာ(ဩ)ကို ဥပြု၊ မ ကို တံခွန်လွှား၍ လုမ်၊ လုံ၊ ဟူသောပါဠိသက် စကားလုံးကို ရရှိ၏။ ထိုကြောင့် မြင့်သော နေရာ၌ ပေါက်ရောက်သော အမွေးကို ဥဏ္ဏလောမ၊ ဝါ၊ ဥဏ္ဏလုံ ဟု ဆိုသည်။

**ရောင်ဟုံ** – ၌ 'ဟုံ'သည် များခြင်းအနက်တည်း။

ရောင်ခြည်တောက်ဟုံ၊ ထူပါရုံဟု၊ ကမ်းခုံရေနား၊
(နဝဒေး၊ မင်းတရား 'မယ်တော်ချောင်း)

ရွှက်စိမ့်ဟုံဟုံ၊ ဘေးမဲ့လုံသည်၊ သီးမြုံကရုသာခီတည်း။
(ကိုးခန်းပျို)

**တွေးရရွေး** – ၌ 'တွေး'ကား စကားရင်း၊ 'ရရွေး'ကား စကား တန်ဆာ။ 'တွေး'ကားနီမြန်းခြင်း အနက်ရှိ၏။ ရှေးပျို့ကဗျာများ၌ ရကေးက်နှစ်ချက်ဆင့်၍ ကာရန်တူ စကားတန်ဆာဆင်လေ့ရှိသည်။

ပုံစံ – ငင်ပျိုနုကျိုင်း၊ ဆိုင်းရရှိုင်းလျှင်၊ ပြိုင်းပြိုင်းရိုင်မြိုင်၊
ဂနိုင်ရွှမ်းစိမ်း၊ ရှိမ်းရရိမ်းသား။
(ရွှေဟသာ်ာမင်းပျို့မှ)

နဖူးယံ – ၌ 'ယံ' သည် အပိုင်းအခြားရှိ၏။ အောက်ပါတို့၌ ကဲ့သို့တည်း။
ညဦးသန်းခေါင်။ သောက်ရောင်ညဥ့်ယံ၊
မြမြံစောင့်ရှောက်။ (ဘူရိဒတ်လင်္ကာကြီး - ၃၈၃)

ဆွေညွဲမောင်နှံ၊ နေရောင်ခံ၏၊ ကမ်းယံမှိုင်း၊
ရွှေဥဗျိုင်းလည်း၊ (နေမိဘုံခန်းပျို့ - ၂၂)

**ဥဏ္ဏလုံမွေးရှင်တော် ဟူသည်**

စကားလုံးတို့၏ အနက်ကို ဖွင့်ဆိုပြီးနောက် အပေါ်ယံ အထည် ကိုယ်ပိုင်ကိုဆိုရာငယ် ဖော်ပြပါ သံပေါက်သုံးရပ်၏ အခြေခံအချက် ဖြစ်သော ဥဏ္ဏလုံမွေးရှင်တော် အကြောင်းကို စေ့ငုသချာစွာ လေ့ လာရသည်။ ဤတွင်–

ဥဏ္ဏလုံ မွေးရှင်တော်ဟူသည် မည်သူ၏ အမွေးနည်း၊ တပင်တည်း လော၊ အများလော၊ မည်သို့ ထူးခြားသနည်း၊ မည်သည့်နေရာ၌ ပေါက်ရောက်သနည်း။ မည်သို့တည်နေသနည်း။ အရောင် မည်သို့ရှိနေ သနည်း၊ အရှည်အသေး မည်သို့ရှိသနည်း။ မည်မျှ ရှည်ပါသနည်း။ ထိုမွေးရှင်တော်အဘယ့်ကြောင့် ပေါက်ရောက်ပါသနည်း။ ဤသို့သော မေးခွန်းများကို ထုတ်၍ဖြေဆိုရာ၏။

ဥဏ္ဏလုံ မွေးရှင်တော်ဟူသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလ ပတ်လုံး ပါရမီသုံးဆယ်၊ စွန့်ခြင်းကြီးငါးပါး၊ စရိယသုံးပါးတို့ကို ဖြည့်ဆည်းပူးဖော်မှုမှ တရားအားလုံးကို ဆရာမရှိ မိမိအလိုလို ထိုးထွင်း သိမြင်သော သဗ္ဗညုတဉာဏ်တော်မြတ်ကို အပိုင်ရတော်မူပြီး လောက သုံးပါး၌ အတုမရှိသော တဆူတည်းသော ဘုရားစင်စစ် ဖြစ်တော်မူ သော ဂေါတမသဗ္ဗညုမြတ်စွာဘုရား၏ မွေးတော်ဖြစ်လေသည်။

ဥဏ္ဏာလုံမွေးရှင်တော်သည် အများမဟုတ်၊ တချောင်းတည်းသာ ဖြစ်လေသည်။ မြတ်စွာဘုရားကိုယ်တော်၌ မွေးညှင်းတွင်းတခွင်း၌ အမွေးတော်နှစ်ပင် သုံးပင် စသည်ဖြင့် ပေါက်ခြင်းမရှိ၊ တပင်စီသာ ပေါက်တော်မူသည်။

ရှေးအခါက မြတ်စွာဘုရား၌ ဥဏ္ဏာလုံမွေးရှင်တော် ရှစ်ပင်ရှိသည်ဟူသော ဝါဒပေါ်ခဲ့ဘူးသည်။ ဤအကြောင်းကို ကင်းဝန်မင်းကြီးက မန်လည်ဆရာတော်ဘုရားကြီးထံ ၁၂၅၁-ခုနှစ်က စာရေးလျှောက်ထားရာ ဆရာတော်က မည်သည့် ပါဠိအဋ္ဌကထာဋီကာ အနုဋီကာကျမ်း အစုစုတွင်မျှ ထိုကဲ့သို့မပြ၊ နာဂရီအက္ခရာရေး လလိတဝိတ္ထာရ ကျမ်းမှာပင်မဆို၊ ဥဏ္ဏာလုံမွေးရှင်တော် ရှစ်ဆူဘုရားရှိခိုးဆိုသော ဂါထာအနက်များမှာလည်း အပေါ်အပျက်သာဖြစ်သည်။ မမှတ်သားထိုက်ဟူ၍ ပြတ်သားစွာ ဆုံးဖြတ်တော်မူခဲ့သည်။ (သာသနာ့ရောင်ခြည် တွဲ ၄-မှတ်-၁)

ဥဏ္ဏာလုံ မွေးရှင်တော်၏ထူးခြားချက်မှာ မြတ်စွာဘုရား၏ ထင်ရှားရှိသော ၃၂ ပါးသော ယောကျ်ားမြတ်လက္ခဏာတော်တို့အနက် လက္ခဏာတော်မြတ်တခုဖြစ်သည်။ ယောကျ်ားမြတ်မဟာပုရိသ ဖြစ်ကြောင်း ဖော်ပြသည့် အမွေးတော်ဖြစ်လေသည်။

မည်သည့်နေရာ၌ ပေါက်ရောက်တည်ရှိသနည်းဆိုသော် မြတ်စွာဘုရား၏ နဖူးဖျား၌ ပေါက်ရောက်တည်ရှိလေသည်။ အတိအကျ ဆိုရသော် မျက်ခုံးတော်နှစ်ခု၏အကြား နှာတံတော် အထက်ဘည့်တည့် နေရာ၌ ပေါက်ရောက်တည်ရှိ၏။

မည်သို့တည်နေသနည်းဆိုသော် လကျ်ာရစ်ခွေကပ်၍တည်၏။ အမွေးတော်၏အဖျားသည် အထက်သို့ ကော့တက်နေ၏။ အနေအထားသည် နဖူးတော်၏ အလယ်တည့်တည့်၌ လှပသပ္ပါယ် တင့်တယ်စွာ တည်နေပေသည်။

အရောင်မည်သို့ရှိသနည်း။ ဥဏ္ဏာလုံ မွေးရှင်တော်၏အရောင်မှာအဖြူရောင်ဖြစ်၏။ ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိ၊ မဟာပဒါနသုတ်နှင့် ပါထိက

ဝဂ္ဂပါဠိတော် လက္ခဏာသုတ်တော်တို့၌ ပင်းမွေးရှင်တော်၏ အဆင်းကို ဩဒါတဟု တိတိကျကျ ဟောကြားဖော်ပြထားၞ၏။

ထိုဩဒါတဟူသော ပါဠိတော်ကို ရှင်မဟာဗုဒ္ဓဃောသက–

'ဩဒါတာ တိ ပရိသုဒ္ဓါ ဩသဓိတာရကာသမာနဝဏ္ဏာ' ဟု ဖွင့်ပြတော်မူထား၏၊ အနက်ကား–

'ဩဒါတာတိ၊ ဩဒါတဟူသည်ကား။ ပရိသုဒ္ဓါ၊ သန့်ရှင်းစင်ကြယ်သော။ ဩသဓိတာရကာ သမာနဝဏ္ဏာ၊ သောက်ရှူးကြယ်နှင့်တူသော အဆင်းရှိသော' ဟူပေ။

အဋ္ဌကထာ ဆရာကြီးက အများမြင်ဘူးသော သောက်ရှူးကြယ်ကို နိမိတ်ပုံပြ၍ ကွက်ကွက်ကွင်းကွင်း ဖွင့်ဆိုတော်မူထားပေသည်။

ပါဠိတော်၌ ဥဏ္ဏာလုံ မွေးရှင်တော်၏ အဖြူရောင်ရှိကြောင်း ဟောကြားထားပါလျက် သတ်ပုံသံပေါက်၌ ရောင်ဟုံတွေးရရွေးဟု နီဒတွေး တွေး အရောင်ရှိလေဟန် အဘယ့်ကြောင့် စပ်ဆိုထားသနည်း၊ ဤသို့ မေးဘွယ်ရှိ၏။

အဖြေကား မြတ်စွာဘုရား၏ အသားရောင်သည် ရွှေရောင်ဖြစ်၏။ ရွှေဝါရောင်ရှိရခြင်းသည်လည်း ၃၂ ပါးသောလက္ခဏာအဝင် လက္ခဏာတော်တရပ်ပင်ဖြစ်၏။ ရွှေဝါရောင်မျက်နှာတော်၌ ဖြူစင်သန့်ရှင်းသော မွေးရှင်တော် ပေါက်ရောက်တည်ရှိနေပေသည်။ ဤသို့ ရွှေဝါရောင် အသားတော်နှင့် ကြယ်ဖြူရောင်မွေးရှင်တော်တို့ သဟဇာတ ဖြစ်နေပုံကို အဋ္ဌကထာဆရာကြီးက ဥပမာပြရာတွင်–

(၁) ရွှေပြားပေါ်၌ ငွေပွင့်ကလေး ပွင့်နေသကဲ့သို့

(၂) ရွှေကရားထဲမှ နို့ရည်ဖြူဖြူလေး ငှဲ့ချထားဘိသကဲ့သို့

(၃) နံနက်ခင်း နေခြည်နု အရုဏ်ရောင်ဖြင့် ဆိုးထားသော ကောင်းကင်ပြင်၌ ပွင့်လင်းနေသော သောက်ရှူးကြယ်ပွင့်ကဲ့သို့-

ဟူ၍ စိတ်ကူးဆန်းကြယ်လှစွာ ရေးသားထားသည်ကို တွေ့ရပေသည်။

အနောင်နှစ်ခုသည် အတူယှဉ်တွဲနေသောအခါ အချင်းချင်းကူးသန်းမြဲ ဓမ္မတာရှိ၏၊ ပဘဿရရောင်ခြည်တော်ကို ထောက်ထားရာ၏။ ကူးသန်းရာတွင်လည်း အားရှိသောအရောင် ဝိသေသသည် ပင်ကိုယ်ရောင်အပေါ် ပို၍လွှမ်းမိုးနိုင်ပေသည်။ ဤသဘောအရ အသားအရေတော်မြတ်၏ ရွှေဝါရောင်သည် ဥဏ္ဏာလုံမွေးရှင်တော်၏ အဖြူရောင်ပေါ်၌ သမ်းနေမည်ဖြစ်၏။ ဤသို့ရွှေရောင်သမ်းနေသည့်သဘောကိုယူပြီး သတ်ပုံသံပေါက်ဆရာက 'ရောင်ဟုံတွေးရရွှး'ဟု စပ်ဆိုခြင်း ဖြစ်ပေသည်။

ဥဏ္ဏာလုံ မွေးရှင်တော်၏ အရည်အသွေးပိုင်းကိုကြည့်သော် လွန်စွာနူးညံ့လှသည့် လဲဝါနှင့် နူးညံ့ပုံချင်းတူသည်ဟု ပါဠိတော်က ပြ၏။ အဋ္ဌကထာဆရာကြီးက စင်ကြယ်လှစွာသော ထောပတ်ရေကြည်၌ စိမ်ထားသော အကြိမ်တရာဖတ်ထားသည် ဝါဂွမ်းနုနုကလေးကဲ့သို့ ဥဏ္ဏာလုံမွေးရှင်တော်သည် အလွန်နူးညံ့လှသည်ဟု နုပုံအိပုံကို ဖွင့်ပြလေသည်။

ဥဏ္ဏာလုံ မွေးရှင်တော်သည် အဘယ်မျှလောက်ရှည်ပါသနည်း။

မွေးရှင်တော်၏အလျားကို သံပေါက်အမှတ်(၄၈)၌ တလံခွဲးဟုပြ၏၊ အမှတ်(၂၉၂)၌ တလံတောင်အခွဲးဟု ဆိုထား၏။

မုံရွေးဇေတဝန်ဆရာတော်ဘုရား၏ သမန္တစက္ခုဒီပနီကျမ်း (ပထမ) အုပ်၌—

> မု၊ မုဒေါဒါတုဏ္ဏာလောမော၊ နူးညံ့ဖြူစင်စွာသော မျက်မှောင်တော်နှစ်ဘက်ကြား၌ နဖူးအလယ်၌ လကျ်ာရစ်သည်သော အသက်သို့ အဖျားတက်သော တလံခွဲသော ဥဏ္ဏာလုံတော်လည်း ရှိတော်မူ၏။

ဟု မိန့်ကြားတော်မူထား၏။

ယာခေတ်၌ ထင် ရှား လျက် ရှိ သော တိပိဋကခရမ္မဘဏ္ဍာဂါရိကအရှင်ဝိစိတ္တသာရာဘိဝံသ၏ မဟာဗုဒ္ဓဝင်ကျမ်း(ဒုတိယတွဲ).စာမျက်နှာ-၉၆-၌-

ထိုမွေးရှင်တော်သည် အဖျားမှ ဆွဲ၍ ဆန့်လိုက်လျှင်
နှစ်တောင်ခန့် ရှည်လျား၍ လွှတ်လိုက်သောအခါ သူ့
အလိုလို လက်ျာရစ်ခွေ၍ အဖျားကား အထက်ကော့မော့
လျက်သာ တည်ပေ၏။

ဟု ရေးသားထား၏။

ဤသတ်ပုံဆရာနှင့် မုံရွေးဆရာတော်တို့က တလံခွဲး ရှည်သည် ဟုဆို၏၊ မဟာဗုဒ္ဓဝင်၌ နှစ်တောင်ခန့်ဟု ပြ၏။ အဘယ်အရာကား မှန်ပေသနည်း။

ကျမ်းရင်းကိုလိုက်ရာတွင် မဟာပဒါနသုတ် အဋ္ဌကထာ၌—

သာ ပနေသာ ကောဋိယံ ဂဟေတွာ အာကဍ္ဎိယမာနာ
ဥပဍ္ဎ ဗာဟုပ္ပမာဏာ ဟောတိ

ဟု ပါဠိရှိသည်ကို တွေ့ရပေသည်၊ ဤတွင် 'ဥပဍ္ဎ ဗာဟုပ္ပမာဏာ' ဟူသောစကားသည် ဥဏ္ဏာလုံ မွေးရှင်တော်၏ အရှည်အလျားကို ဖော်ပြသော မူရင်းစကားပေတည်း။ ဤစကားကို မြန်မာအနက်ပြန်ဆိုကြပြီးလျှင် 'တလံခွဲး'ဟု လည်းကောင်း၊ နှစ်တောင်ခန့် ဟု လည်းကောင်း အမျိုးမျိုး ရေးသားတော်မူကြခြင်း ဖြစ်ပေသည်။

ထိုပါဠိကို စိစစ်ရာတွင် 'ဥပဍ္ဎ+ဗာဟု+ပမာဏ' ဟု သုံးပုဒ်ပေါင်းစပ်ထားသည်ကို တွေ့ရ၏။

ဥပဍ္ဎ ကား ထက်ဝက်၊ ဝါ၊ တဝက်ဟူသော အနက်တည်း။
ပုံစံ-ဥပဍ္ဎ ကာယ=ကိုယ်ထက်ဝက်၊
ဗာဟု-ကား၊ လက်ရုံး အနက်တည်း။
ပုံစံ-ဗာဟုပ္ပစာလကံ=လက်ရုံးကိုလှုပ်၍လှုပ်၍၊
(လက်ရုံးနှင့်လက်မောင်း အတူတူပင်)

ပမာဏ=အတိုင်းအရှည် ပမာဏတည်း။

ထို့ကြောင့် 'ဥပဍ္ဎဗာဟုပ္ပမာဏာ' ကို အနက်ပေးလျှင် လက်ရုံး၏ ထက်ဝက်ပမာဏရှိသောဟု ပြန်ရပေသည်။

ဤတွင် ဗာဟု လက်ရုံးဟူသည်ကိုသိရှိရန်လိုပေသည်။ ပါဠိအဘိဓာန် ဂါထာအမှတ်(၂၆၅)၌-

ဗာဟု၊ ဘုဇော၊ ဗာဟာ-ဟုလက်ရုံး ပရိယာယ်သုံးပုဒ်။
ဟတ္ထော၊ ကရ၊ ပါဏိ-ဟု လက်ပရိယာယ် သုံးပုဒ်-

ဆသီးသီး ဖော်ပြပါရှိ၏။

မော်လမြိုင် တောင်ပေါက်ဆရာတော် ဦးစက္ကပါလအရှင်မြတ်က မိမိ ပြုစုသော အဘိဓာန်နိဿယသစ်ကျမ်း စာမျက်နှာ-၁၄၃-၌

တတောင်ဆစ်မှ အထက်ကို ဗာဟု၊
အောက်ကို ဟတ္ထ မည်၏ဟုမှတ်-

ဟူ၍ တိကျစွာ ခွဲခြားပြတော်မူထား၏။

ထို့ပြင် ၎င်းဂါထာအမှတ်(၂၆၄)၌ 'ဗာဟုမူလ၊ ကစ္ဆ'ဟု 'ချိုင်း' သို့မဟုတ် လက်ကတီးကြား၊ သို့မဟုတ် လက်မောင်းရင်း ပရိယာယ် နှစ်ပုဒ် ဖော်ပြပါရှိ၏။ ဤ'ဗာဟုမူလ'ဟူသော စကားအရ လက်ရုံး၏ အဆုံး(ဝါ)အရင်းသည် ချိုင်းကြားဖြစ်ကြောင်း သိရပေသည်။

အထက်ပါစကားနှစ်ရပ်ကို ပြန်လည်ဆက်စပ်ယူသော်-

ဗာဟု(လက်ရုံးလက်မောင်း)ဟူသည်
တတောင်ဆစ်မှအထက် ချိုင်းကြားအထိ
လက်၏အစိတ်အပိုင်းပင် ဖြစ်သည်။
ဟု တိကျစွာ သိရှိခွင့်ရလေသည်။

ဤတတောင်ဆစ်မှအထက် ချိုင်းကြားတိုင်ရုံ လက်ရုံး၏ အရှည် အလျားမှာ တထွာသာသာကလေးသာရှိလေသည်။ အထက်ဝေါဟာရ ရှင်းလင်းချက်တွင် ညှပ်ရိုးနှစ်ခုဆုံရာ လည်ချောင်းအောက် ချိုင့်မြောင့် နေရာမှ လက်ဖျားအထိသာ နှစ်တောင်ရှိသည်၊ တတောင်ဆစ်မှ အဆို ပါညှပ်ရိုးဆုံရာ နေရာအထိ 'တတောင်' အတိုင်းအတာရှိသည်ဟု ဖွင့်ဆို ခဲ့ပြီးဖြစ်၏။

'ဗာဟု'သည် တထွာသာသာလေးသာ အလျားရှိရကား 'ဥပဓ္ဓုဗာဟု'ဆိုရာ၌ တထွာ၏တဝက်(ဝါ)ခြောက်လက်သစ်ခန့်သာ ရှည်လျားကြောင်း သိနိုင်ပေသည်။

သို့ဖြစ်သောကြောင့် 'ဥပဍ္ဎုဗာဟုပ္ပမာဏာ' ဟူသော ပါဠိနှင့်အညီ ယူသော် ဥဏ္ဏလုံမွေးရှင်တော်၏အလျားသည် တထွာ၏တဝက်ခန့်(ဝါ) ခြောက်လက်သစ်ခန့်သာ ရှည်လျားကြောင်း သိအပ်ပေသည်။ တလံခွဲလည်းမဟုတ်၊ နှစ်တောင်ခန့်လည်းမဟုတ် ဟူလို။

ထပ်ဆင့်ဆင်ခြင်ရန်မှာ-ဥပဍ္ဎုဗာဟုပ္ပမာဏာ ဟူသော စကားသည် မြတ်စွာဘုရား၏ အတိုင်းအတာဖြင့်သာ ဆိုထားသောစကားဖြစ်၏။ ပကတိလူတို့၏ အတိုင်းအတာမဟုတ်ဟု ဆင်ခြင်နိုင်၏။ မြတ်စွာဘုရားအတိုင်းအတာနှင့် ပကတိလူသားတို့၏ အတိုင်းအတာ ပမာဏကူးရာတွင် ရှေးဆရာစဉ်ဆက်တို့သည်-

ရှင်စောတထွာ၊ မ,သုံးထွာ၊ တို့မှာ ထက်ဝက်တိုး-

ဟူသော ဥပဒေကို အသုံးချကြမြဲဖြစ်၏။ ဤနည်းဥပဒေသကို အသုံးပြု၍ တွက်ကြည့်သော်-

မြတ်စွာဘုရားတထွာသည် မဇ္ဈိမလူသားအနေဖြင့် သုံးထွာရှိ၏။

တို့မှာထက်ဝက်တိုးဆိုသည့်အတွက် သုံးထွာ၏ထက်ဝက် တထွာခွဲကိုတိုးလျှင် လေးထွာခွဲရ၏။ ထို့ကြောင့် မြတ်စွာဘုရား တထွာသည် ကျွန်ုပ်တို့ပကတိလူသားလေးထွာခွဲ ရှိလေသည်။

ဗာဟုသည် တထွာခန့်ရှိသည်၊ (ဖော်ပြပြီး)
ဥပဍ္ဎုဗာဟုသည် တထွာ၏တဝက်ခန့် (ဖော်ပြပြီး)

ထို့ကြောင့် လေးထွာခွဲကို ထက်ဝက်ဝက်လျှင် နှစ်ထွာနှင့် ၃ လက်သစ်၊ သို့မဟုတ် တတောင်နှင့်သုံးလက်သစ်သာ ရှိပေမည်။

သို့ဖြစ်၍ ဥဏ္ဏလုံ မွေးရှင်တော်သည် မြတ်စွာဘုရား၏အတိုင်းအတာဖြင့် လက်ခြောက်သစ်ခန့်ရှည်၏။ ပကတိ လူတို့၏ အတိုင်းအတာဖြင့်

‘တတောင်နှင့် သုံးလက်သစ်’ခန့်သာ ရှိလေသည်။ ဤကား ဥဏ္ဏလုံ မွေးရှင်တော်၏ အရှည်ပမာဏ ဆုံးဖြတ်ချက်တည်း။

ဘုရားရှင်မှတပါး အခြားမည်သူဘာစုံတဦး၌မျှ ဥဏ္ဏလုံ မွေးရှင်မရှိ၊ မြတ်စွာဘုရား၌ အဘယ်ကြောင့် ပေါက်ရောက်တည်ရှိပါသနည်းဆိုသော် ပါရမီဖြည့်ဆည်းပူးခဲ့သော ဘဝများစွာ သံသရာကာလပတ်လုံး ဖြစ်လေရာ ဘဝ၌ သစ္စာစကားကိုသာ ပြောဆိုခဲ့သည့်ကုသိုလ်ကြောင့် ယခုလို ထူးထူးခြားခြား နဖူးဖျား၌ ဥဏ္ဏလုံ မွေးရှင်တော်ပေါက်ရောက်တည်ရှိတော်မူခြင်းဖြစ်လေသည်။ မွေးရှင်တော်ကြောင့် မျက်နှာတော်မှာ ပို၍ ကျက်သရေရှိလေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသောအခါတွင် ဥဏ္ဏလုံ မွေးရှင်တော်ကို ကောသလတိုင်း သာဝတ္ထိပြည်၌ စေတီတည်၍ကိုးကွယ်ကြောင်း တထာဂတဥဒါနဒီပနီကျမ်း၌ ဆိုပေသည်။

အမှာ-မြတ်စွာဘုရား၏လက္ခဏာတော်ကြီး ၃၂ ပါး၊ လက္ခဏာတော်ငယ် ၈၀ တို့ကို သုတ်မဟာဝါပါဠိတော် မဟာပဒါနသုတ်၊ သုတ်ပါထိက ပါဠိတော်လက္ခဏသုတ် စသော ပါဠိကျမ်းရင်းများ၌ လည်းကောင်း၊ မုံရွေးဇေတဝန်ဆရာတော်ဘုရား၏ သဒ္ဒန္တစက္ခုဒီပနီ၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ၏ မဟာဗုဒ္ဓဝင် (ဒုတိယတွဲ) ဆရာနှစ်ဖက်လှ၏ အသင်းပြုပရိတ်ကြီးကျမ်း စသည်တို့၌ လည်းကောင်း အလိုရှိသူတို့ ကြည့်ရှုကြပါကုန်။

အကျိုးကျေးဇူး-

မြတ်စွာဘုရား၏ နဖူးဖျား၌ ဥဏ္ဏလုံ မွေးရှင်တော်ပါရှိသည်ကို သိရခြင်းအားဖြင့် မြတ်စွာဘုရား၏ ရုပ်ခန္ဓာတော်သည်ပင်လျှင် ပကတိလူတို့နှင့်မတူ ထူးခြားတော်မူလှကြောင်း၊ နာမ်ခန္ဓာမူကား ကိလေသာ အာသဝေါ လုံးဝကင်းစင်တော်မူခြင်း၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်မြတ်တို့ ဖြစ်ပေါ်ရာ ဖြစ်ခြင်းကြောင့် ထူးခြားတော်မူလှကြောင်း သိရပေသည်။

ဤသို့သိရသဖြင့် ဘာသာမျိုးခြားလူတပါးတို့က ကျွန်ုပ်တို့၏ မြတ်စွာဘုရားကို လူထဲကလူသာမန်တဦးမျှအဆင့်သို့ နှိမ့်ချပြီး ရေးသားပြောဆိုမှုများသည် အမှန်ရှိသော ဘုရားရှင်၏ဝိသေသလက္ခဏာများနှင့် မကိုက်ညီကြောင်း၊ ထိုသူတို့၏ မသိမိုက်မဲမှုမျှသာဖြစ်ကြောင်း သိရပေသည်။

စိန္တကျော်သူ ဦးဩ၏ ဤသံပေါက်သုံးပုဒ်သည် သတ်ပုံ ဗဟုသုတကိုသာမက ဗုဒ္ဓဘာသာဆိုင်ရာ အဖိုးတန်လှသော အသိအမြင်ကိုပါ တပါတည်း ပေးစွမ်းနိုင်ပေသည်။

# ၁၂၆။ နေမိမင်းဝတ္ထု၊ ဇာတ်ရန်ပုံ၊ ငရဲ အောက်ရွာပြည်

စကားပြေကား–

ရန်အပေါင်းကို အောင်မြင်သော နေမိမင်းမြတ်သည် အောက်ပြည် အောက်ရွာဖြစ်သောငရဲ ဘုံများသို့ ဝင်ရောက်ကြည့်ရှုတော်မူလေသည်-ဟူလို–။

'နေမိ'၏ပုဒ်ရင်းကား နိမိ(ပါ)ဖြင်၏၊ နိမိ၏အနက်ကား 'အကွပ်' တည်း။ လှည်းဘီးတွင် အနားသပ်က အထိန်းအချုပ်အဖြစ်ထည့်ထား သောပစ္စည်းဝတ္ထုကို အကွပ်ဟု ခေါ်၏။ အကွပ်သည် ထားဘီးတခု၏ နှုတ်ခမ်းသား အနားပတ်(အနားသတ်)လည်းဖြစ်၏ ဘီးအတွင်း၌ပါရှိ သော အကန့်ပုံတောင်းစသောပစ္စည်း ကိရိယာများကိုလည်း တခုနှင့်တခု ခိုင်မြဲစွာဆက်စပ်စေသည်။

ယင်းနိမိ၌ နိ မှ ိ(ဣ)သရကို ဧ(ဩ)ပြုပြီး နေမိ ဟူသော ပါဠိ သက် မြန်မာ ဝေါဟာရကို ရပေ၏။ ပြောင်းထုံးပုံစံများမှာ–

အမိ မှ အမေ
သီဟပတိ မှ သီဟပတေ့
ပကတိ မှ ပကတေ့(စသည်)

အတိတ်ဝေးစွာ ရှေးအခါက မိထိလာဘုရင် မဃဒေဝမင်းကြီးသည် သူငယ်ဘဝဖြင့် နှစ်ပေါင်းရှစ်သောင်းလေးထောင်၊ အိမ်ရှေ့မင်းဘဝဖြင့် နှစ်ပေါင်း ရှစ်သောင်းလေးထောင်၊ ဘုရင်အဖြစ်နှင့် နှစ်ပေါင်း ရှစ်သောင်းလေးထောင် စံစားတော်မူရာ မိမိဦးခေါင်း၌ ဆံဖြူတပင် အလံစိုက်လာသည်နှင့် သံဝေဂယူ၍ ထီးနန်းစည်းစိမ်စွန့်ပြီး တောထွက် ရဟန်းပြုလေသည်။ ရဟန်းဘဝဖြင့် နှစ်ပေါင်း ရှစ်သောင်းလေးထောင်

နေပြီး တရားအားထုတ်မှုကြောင့် ဈာန်အဘိညာဉ်များကို ရသော ကြောင့် သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့ ရောက်လေသည်။

ထိုမဃဒေဝမင်းဆက်သည် ထိုနည်းတူ ရဟန်းပြုကြ၍ ဗြဟ္မာပြည်သို့ ချည်း လားခဲ့ကြလေသည်။ မင်းဆက်ပေါင်း ရှစ်သောင်းလေးထောင် ပြည့်ရန် နှစ်ဦးအလိုသို့ ရောက်လာသောအခါ ပထမ မဃဒေဝဗြဟ္မာ ကြီးက မိမိမျိုးဆက်ကို ဆင်ခြင်ကြည့်လေသည်။ နောက်နောက် ဘုရင် တို့သည် ရဟန်းပြုကြတော့မည်မဟုတ်၊ ရဟန်းပြုသော ဘုရင်မျိုးဆက် ပြတ်တော့မည်ကိုသာ မြင်လေသည်။

ထိုအခါ မဃဒေဝဗြဟ္မာကြီးသည် မိမိစတင်ခဲ့သော 'ပဗ္ဗဇ္ဇာဝံသ'ခေါ် နိက္ခမမင်းဆက်ကို မိမိကိုယ်တိုင် ပြန်လည်ဆက်စပ်ပြီး နှုတ်ခမ်းသတ်လို သောကြောင့် မိထိလာဘုရင်၏ မိဖုရားကြီး ဝမ်း၌ ဝင်စားလေသည်။ သားတော်ဖွားမြင်ကြ၍ အမည်မှည့်အံ့သောနေ့သို့ ရောက်သောအခါ နိမိတ်ကြားပုဏ္ဏားတော်တို့၏ လျှောက်တင်ချက်အရ မျိုးဆက်ကိုပြန်လည် ဆက်စပ်အနားကွပ်သူ ဟူသော အဓိပ္ပာယ်အရ 'နိမိကုမာရ'ဟု မှည့်ခေါ် စေလေသည်။

လှည်းဘီးအကွပ်ကို ဟောသော 'နိမိ'ဟူသော ဝေါဟာရကို မင်း သား၌ မှည့်ခေါ်လိုက်သောကြောင့် ဥပစာသဒ္ဒါ (သဒိသူပစာသဒ္ဒါ) ဖြစ်သွားလေသည်။ အကွပ်သည်လည်း လှည်းဘီးတခုလုံးကို နှုတ်ခမ်း သတ်သည်။ ဤမင်းသားသည်လည်း ရှစ်သောင်းလေးထောင်သော နိက္ခမ မင်းဆက်ကို စနဲ့ပြီး ယခုရှစ်သောင်းလေးထောင်ပြည့်အောင် ပြန်လည် ဆက်စပ် နှုတ်ခမ်းသတ်သည်။ ဤသို့ ဂုဏတစိတ်တူညီမှု ရှိသောကြောင့် တင်စား၍ မင်းသားအား နိမိမင်းသားဟုခေါ်ခြင်းဖြစ်ပေသည်။

စောရန်ဖွဲ ၌ စော ကား ပေါရာဏစကား၊ အထွတ်အမြတ် အနက်၊ မင်းဟူသော အနက်ကိုဆောင်၏။

'ဖွဲ့' သည် ဖယ်၊ ဖွဲ့၊ ဖွဲ့ ဟူသော စကား မိသားစုဝင်ဖြစ်၏။ ရန် အန္တရာယ်များကို ဖယ်ခွါခြင်း၊ ဘေးရန်လွတ်ကင်းအောင် ဖဲ့ကြဉ်ခြင်း၊

ထုထည်ကြီးမားသောရန်တို့ကို ဖွဲ့ချွေခြင်းဟူသော အနက်အဓိပ္ပာယ်များ စွာပါရှိသည်။

'ငရဲ'ဟူရာ၌ ငရဲကိုပင် အဲ့ကာရန်ကိုက်အောင် အောက်မြစ်ထည့်သွင်း စပ်ဆိုခြင်းမျှသာဖြစ်သည်။ ( ့ )သည် ၏ မှကျန်သော သင်္ကေတမဟုတ်၊ ထို့ကြောင့် 'ငရဲ၏'ဟု အနက်မယူရချေ။ 'ငရဲ'ရင်းမြစ်စကားမှာ နိရယ (ပါ)ဖြစ်၏။ နိရယ မှ နိရယ်၊ နိရဲ၊ ငရဲ ဟုပြောင်းလဲသည်။ ချမ်းသာ ကင်းသောဘုံ ဟူလိုသည်။ အကျယ်ကို 'သံတအယ်အယ်' ဟူသော သံပေါက်၏ အဖြေ၌ပြခဲ့ပြီးဖြစ်၏။

'အောက်ရွာပြည်'ဟုဆိုခြင်းသည် ငရဲကြီးရှစ်ထပ်သည် လူ့ဘုံအောက် ယူဇနာ တသောင်းငါးထောင်စီ ခြားလျက် အဆင့်ဆင့်တည် ရှိသည်။ သို့အတွက် 'အောက်'ဟူသော စကားကို သုံးခြင်းဖြစ်သည်။ တနည်း အားဖြင့် လူတို့၏ ကုသိုလ်ကံ အကုသိုလ်ကံအလိုက်ဖြစ်ထိုက်သော ဘုံတို့ မှာ စုစုပေါင်း ၃၁ ဘုံရှိသည်ဖြစ်ရာ အပါယ်လေးဘုံသည် အကုသိုလ် ကံကြောင့် ဖြစ်ရသောဘုံဖြစ်၍ အောက်တန်းကျသည်။ လူ့ဘုံ၊ နတ် ခြောက်ဘုံတို့မှာကား ကုသိုလ်ကံကြောင့်ဖြစ်ရပြီး ဗြဟ္မာ့ဘုံနှစ်ဆယ်သည် မြတ်သော မဟဂ္ဂုတ် ကုသိုလ်ကြောင့် ဖြစ်ရသဖြင့် အထက်တန်းကျသည်။ ဤသို့ အခြေခံအားဖြင့်လည်း အောက်အထက်ခွဲခြားနိုင်ရာသည်။

နေမိမင်းအကြောင်းသည် ငါးရာ့ငါးဆယ်နိပါတ် မဟာနိပါတ်ဇာတ် အမှတ်(၄)၌ ပါရှိ၏။ မဟာနိပါတ် ဟူသည် တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေ၊ ဟူသည့်အတိုင်း တေမိဇာတ် (မူလပက္ခဇာတ်ဟု လည်း ခေါ်သည်)၊ မဟာဇနကဇာတ်၊ သုဝဏ္ဏသာမဇာတ်၊ နိမိဇာတ်၊ မဟောသဓာဇာတ်၊ ဘူရိဒတ်ဇာတ်၊ စန္ဒကုမာရဇာတ်၊ နာရဒဇာတ်၊ ဝိဓုရဇာတ်၊ ဝေဿန္တရာဇာတ် ဟူသောဇာတ်တော်ကြီး ဆယ်ဘွဲ့ကို စုပေါင်းမှတ်တမ်းတင်ထားသော နိပါတ်ဖြစ်လေသည်။ ဇာတ်အဋ္ဌကထာ ဆဋ္ဌမအုပ်နှင့်သတ္တမအုပ်၌ ပါရှိပေ၏။

နေမိဇာတ်လမ်း အကျဉ်းချုပ်မှာ ဘုရားအလောင်း နေမိမင်းကြီး သည် ထူးထူးကဲကဲ အလှူပေးသည်။ သီတင်းသီလ ဆောက်တည်သည်။

တိုင်းသားပြည်သူတို့အားလည်း ဒါန သီလ ကြိုးစားအားထုတ် ပြုလုပ်စေသည်။ သို့ဖြစ်၍ ပြည်သူအများ သေလွန်ကြသောအခါ နတ်ပြည်သို့ ရောက်ကြရသည်။ ထိုနတ်တို့သည် နေမိမင်းကြီး၏ လမ်းစဉ်မှန်အရ လိုက်နာကျင့်သုံးကြ၍ ယခုလို ချမ်းသာသုခ ရရှိကြသောကြောင့် မင်းကြီး၏ ကျေးဇူးကြီးမားလှကြောင်း နတ်ဘဘင် စည်းဝေးများ၌ ချီးကျူး ပြောဆိုကြကုန်၏။ ထိုနတ်များသည် နေမိမင်းမြတ်ကို ဖူးမြင်ရန် အလို့ငှာ နတ်ပြည်သို့ ပင့်ဆောင်ပေးပါမည့်အကြောင်း သိကြားမင်းအား တိုက်တွန်းကြလေသည်။ သို့ဖြစ်၍ သိကြားမင်းက မာတလိ နတ်သားကို စေလွှတ်ပြီး နေမိမင်းအား တာဝတိံသာ နတ်ပြည်သို့ ပင့်ခေါ်စေလေသည်။

နေမိမင်းသည် နတ်ရထားဖြင့် လိုက်ပါတော်မူစဉ် ငရဲဘုံများသို့ ဝင်ရောက်ကြည့်ရှုတော်မူသည်။ အကုသိုလ် ဒုစရိုက်များကို မဆင်မခြင် ပြုလုပ်ခဲ့ကြသူတို့ ငရဲ၌ ဘယ်ပုံဘယ်နည်း ဒုက္ခကြီးစွာ ခံစားနေကြရသည်ကို ကိုယ်တွေ့မျက်မြင်လေ့လာလေသည်။ ငရဲခရီးပြီးဆုံးမှ နတ်ပြည်သို့ ခရီးဆက်လေသည်။

တာဝတိံသာ နတ်ပြည်သို့ရောက်သောအခါ သိကြားမင်းနှင့်တကွ နတ်အများအား တရားဟောကြားပြီး အပူဇော်ခံယူသည်။ ထို့နောက် လူ့ပြည်သို့ ပြန်ကြွတော်မူပြီး ဦးခေါင်း၌ ဆံပင်ဖြူတပင် ပေါက်ရောက်လေသည်နှင့် ထီးနန်းစည်းစိမ်စွန့်ပြီး တောထွက် ရဟန်းပြုလေသည်။ သေလွန်သောအခါ ဗြဟ္မာပြည်သို့ လားလေ၏။

ဤ နေမိဇာတ်သည် အကုသိုလ်ကံ၏ အပြစ်နှင့် ကုသိုလ်ကံ၏အကျိုးကို ပြက်ပြက်ထင်ထင် သိမြင်စေသဖြင့် ကံကိုလက်ခံယုံကြည်သော ဗုဒ္ဓဘာသာတို့လောက၌ လွန်စွာအရေးပါလှ၏။ ထို့ကြောင့်လည်း မြန်မာ စာပေဖခင်ကြီးတို့သည် ဤနေမိဇာတ်တော်ကို အာဘတ်ကလေး လက်တွေ့ကြကုန်သည်။

အင်းဝခေတ်၌ ရှင်အဂ္ဂသမာဓိသည် ဤနေမိဇာတ်လမ်းကို နှစ်ကဏ္ဍ ခွဲပြီးက နေမိငရဲခန်းပျို့နှင့် နေမိဘုံခန်းပျို့ ဟူ၍ ပျို့ကြီးနှစ်ဆောင် ရေးသားပြုစုခဲ့လေသည်။

နေမိငရဲခန်းပျို့ကြီးကို အခန်းကြီး (၁၅)ခန်း ခွဲခြား၍ ရေးသားတော်မူသည်။ အခန်း (၁၅)ခန်းတို့မှာ ဝေတ္တရဏီငရဲခန်း၊ သုနခငရဲခန်း၊ သဇောတိဘူတ ငရဲခန်း၊ အင်္ဂါရကာသု ငရဲခန်း၊ လောဟကုမ္ဘီငရဲခန်း၊ လုဋ္ဌသိရငရဲခန်း၊ ဘုသနဒီငရဲခန်း၊ သတ္တိတုဒန ငရဲခန်း၊ မံသကောဋ္ဌနငရဲခန်း၊ မုတ္တကရီသဘက္ခငရဲခန်း၊ လောဟိတ ပုဗ္ဗကဘက္ခငရဲခန်း၊ ကင်္ဆသတငရဲခန်း၊ သမ္ပရိဘိန္နဂတ္တငရဲခန်း၊ အဝံသိရငရဲခန်း၊ မိစ္ဆာဒိဋ္ဌိပစ္စနက အဓိပတ္တဒုက္ခငရဲခန်းတို့ပေတည်း။

ငရဲဒုက္ခများကို သရုပ်ဖော်ရာတွင် စကား အသုံးအနှုန်းထိရောက်ပြီး အလင်္ကာ ဂုဏ်မြောက်လှသဖြင့် ဖတ်ရှုကြားနာရသူတို့အနေဖြင့် ရသစွဲငြိ ဘဝင်ထိ၍ မချိစိတ်နှမ်း ကျောချမ်း ထိတ်လန့်ကြရကုန်သည်။ အကုသိုလ် ဒုစရိုက်မှုကို မပြုဝံ့လောက်အောင် သံဝေဂဉာဏ်ရကြလေသည်။

တဖန် နတ်ပြည်ခရီးလမ်း၌တွေ့ရသော နတ်သားနတ်သမီး ဗိမာန်ရှင်တို့၏ သုခစည်းစိမ်ကို သရုပ်ထုတ်ဆောင်၍ ကုသိုလ်ကံ၏ ကောင်းကျိုး ချမ်းသာကို 'နေမိဘုံခန်းပျို့'ဖြင့် ဖော်ပြပြန်သည်။ ကောင်းကင်ဘုံဗိမာန်များကို ဖွဲ့ဆိုရာတွင် မျက်ဝါးထင်ထင် မြင်လုဘနန်း အဆန်းတကြယ် အသွယ်သွယ် အလှယ်လှယ်ဖွဲ့သီတတ်လှသဖြင့် မစားရဝကမန်း ရွှင်လန်း ချမ်းမြေ့ သဘောတွေ့ကြရလေသည်။

ရှေး သူဟောင်းတို့ကမူ ငရဲဒုက္ခကြီးသည်ကား မှန်ပါ၏။ နတ်ရွာသည် စိတ်ချမ်းငြိမ်သည်လည်း မှန်ပါ၏။ သို့သော် ရှင်အဂ္ဂသမာဓိ လက်စွမ်းပြလွန်းသည်ဟု ယူဆကြဟန်တူ၏။ ထို့ကြောင့်ပင် 'ငရဲခန်းလည်း ချောက်လွန်းသည်။ ဘုံခန်းလည်း မြှောက်လွန်းသည်' ဟူ၍ ဥဒါန်းစဉ်ဆက် ပြောပရစ်စရာ ဖြစ်ခဲ့လေသည်။

ကုန်းဘောင်ခေတ်၌ မင်းဘူး ဦးသြဘာသ ဆရာတော်သည် နေမိဇာတ်တော်ကြီး ဝတ္ထုကို မြန်မာစကားပြေဖြင့် ရေးသားတော်မူ၏။ စိန္တမွှားပြုရသော စကားပြေကျမ်းကောင်း တဆူပင် ဖြစ်လာပေ၏။

ကမ်းဝန်မင်းကြီး ဦးကောင်းသည်လည်း နေမိရကန်ကို ရေးသားလေသည်။ နေမိရကန်မှာကား ဘုံခန်းကိုသာ အဓိကထား၏။ စာပေအဆင့်အတန်းဘက်က သာမန်မျှသာရှိ၏။ အခြားသော စာငယ်များ၌လည်း အလျဉ်းသင့်သလို နေမိဇာတ်ပါ အချက်အလက်များကို ဖော်ပြတတ်ကြလေသည်။

အကျိုး ကျေးဇူး–

ဤ သံပေါက်ကို လေ့လာသူတို့သည် လူလေးက၌ သက်တမ်းရှစ်သောင်းလေးထောင် လေးပြန် ရှည်သော ဧတကာလမျိုး ငှဘူးကြောင်းနှင့် သူသား တဦးအနေဖြင့် ဘဝပြောင်းပဲ ငရဲပြည်၊ နတ်ပြည်များသို့ အရှင်လတ်လတ်ရောက်ဘူးကြောင်း ဆန်းကြယ်သော ဗဟုသုတကို ရရှိပေသည်။

ထိုပြင် မိမိတို့ပြုလုပ်သော ကံသာလျှင် မိမိတို့ကို စီရင်သည်။ ကံသာကိုယ်ပိုင် ဖြစ်သည်ဟူသော (ကမ္မဿကတာ သမ္မာဒိဋ္ဌိ) အသိဉာဏ်၏ ကျက်စားရာဖြစ်သော ငရဲအကြောင်းကို ကြားသိရသဖြင့် အမြင်မှန်ရရှိရေး အကျိုးပြုပေသည်။ လူမှုစရိုက်များကိုလည်း ဆင်ခြင်နိုင်ရန် သတိရစေပေသည်။

# ၁၂၈။ သရဏဂုံ၊ ကိုယ်လုံးထုံ၊
# အာရုံငြိမ့်ဆေးလေး

ဤသံပေါက်သည် ဂုံ၊ ထုံ၊ ရုံ ဟူသော သေးသေးတင် ဥုံကာရန် သုံးပုဒ်၏သတ်ပုံမှန်ကို ဖော်ပြသည်။

သံပေါက်၏ပိဏ္ဍတ္ထ အနက်ကား-ဘုရား၊ တရား၊ သံဃာရတနာတော် မြတ်သုံးပါး တည်းဟူသော အာရုံသည် နှစ်သက်ဖွယ်လည်းဖြစ်သည်၊ ငြိမ်လည်းငြိမ်သက်သည်၊ ထိုရတနာမြတ်သုံးပါးကိုအာရုံပြုလျက် ကြည်နူး နှစ်သက်သောစိတ်ဖြင့် မိမိတကိုယ်လုံးကို ထုံစိမ်ထားအပ်ပေသည်-ဟူလို။

'သရဏဂုံ'သည် သရဏ+ဂမန ပုဒ်ရင်းဖြစ်၏၊ ဂမန မှ ဂုံ သို့ပြောင်း ပြီး သရဏဂုံ ဟူသော ပါဠိသက်ဝေါဟာရဖြစ်လာ၏။ ဤတွင် ဂ ၌ ရှိသော အ ကို ဥပြု၊ မကိုတံခွန်လွှား၊ အဆုံး န ကို ချေဖျက်သည်၊

နိဂမ မှ နိဂုမ်၊ နိဂုံ၊ နိဂုံး

အဓိကရဏ မှ အဓိကရုဏ်၊ အဓိကရုဏ်း

အာရမ္မဏ မှ အာရုမ်၊ အာရုံ

'အာရုံ'သည် အာရမ္မဏ ရင်းမြစ်ဖြစ်၏။ စိတ်စေတသိက်တရားတို့၏ မွေ့လျော်ရာဖြစ်သောကြောင့် လည်းကောင်း၊ စိတ်စေတသိက်တရားတို့ ဖြစ်လာစေရန် အကြောင်းတရားဖြစ်သောကြောင့်လည်းကောင်း အဆင်း အသံ အနံ့ အရသာ အတွေ့သဘော ဤခြောက်ရပ်ကို အာရုံဟုခေါ် သည်။ (ဋီကာကျော် ပကိဏ်းပိုင်းအဖွင့်)။

အာရမ္မဏ အပြင် အာလမ္ဗဏ လည်း ပါဠိ ရှိ၏။ ဤပါဠိအရဆိုသော် မစွမ်းမသန်သူများသည် တုတ် တောင်ဝှေး စသည်တို့ကို ဆွဲမှီအားပြု၍ ထကြွရသကဲ့သို့ စိတ်စေတသိက်တို့က တွဲမှီအားပြုရာ ဖြစ်သောကြောင့်

အာလမ္ဗဏ မည်၏ဟု အဓိပ္ပါယ်ရ၏။ ဤအာလမ္ဗဏ အရ အာလုံ ဟုကား မြန်မာမှုမပြုခဲ့ကြပေ။

အာရုံနှင့်ဆင်တူသော ဝေါဟာရတလုံးမှာ အရုဏ်ဖြစ်၏။ ရင်းမြစ်ကား 'အရုဏ'တည်း။ နေထွက်စ အနီရောင်နကို 'အရုဏ'က ဟော သည်။ အရုဏကို ပါဠိသက်မြန်မာဝေါဟာရပြောင်းယူသောအခါ အဆုံး 'ဏ'၌ တံခွန်တင်၍ အရုဏ် ဟုသံဖြစ်လာ၏။ သို့သော် အရပ်သား'တို့က အာရုဏ်တက်သည် စသည်ဖြင့် ပြောဆိုသုံးနှုန်းကြ၏။ ဤအသံထွက်ကို လိုက်ပြီး အာရုဏ် ဟု အချို့ မှားယွင်းစွာစာလုံးပေါင်းမိတတ်ကြသည်။ သတိရှိရန်အချက်တည်း။

'ငြိမ့်'ကား ဤ၌ နှစ်သက်ခြင်းသဘောကို ယူရသည်။

'ငြိမ့်၏'ဟူသည်ကား တပ်မက်သာယာသော နှလုံး၏စိမ့်ခြင်း နှစ်သက် ခြင်းသဘောကိုယူသင့်၏။ (ဝေါ-နီ)

'ဆေးလေး'ကား ပေါရာဏတည်း။ လေးလံခြင်း၊ ဖင့်နွဲ့ခြင်း၊ ကြာမြင့်ခြင်း၊ ငြိမ်သက်ခြင်းအနက်ရှိရာတွင် ဤ၌ ငြိမ်သက်ခြင်း အနက် ယူရသည်။

သရဏဂုံသည် ဗုဒ္ဓဘာသာတို့အတွက် အခြေခံအကျဆုံး အရေးကြီး ဆုံး သိဘွယ်ရာဖြစ်၏။ ထို့ကြောင့် သာမညဖလသုတ် အဋ္ဌကထာကြီး၌ ရှင်မဟာဗုဒ္ဓဃောသ ဖွင့်ပြထားသည့်အတိုင်း ဤ၌ အနှစ်ချုပ်၍ ဖော် ပြပါအံ့။

သရဏဂုံနှင့်စပ်လျဉ်း၍ အောက်ပါမေးခွန်းခုနစ်ရပ်ကို ဖြေဆိုရှင်းလင်း ရာ၏။

'သရဏ' ဟူသည် အဘယ်နည်း၊
သရဏဂုံ ဟူသည် အဘယ်နည်း၊
သရဏဂုံ မည်သို့တည်သနည်း၊
သရဏဂုံ၏ အမျိုးအစားမည်မျှရှိသနည်း၊
သရဏဂုံ၏ အကျိုးတရားကား အဘယ်နည်း၊

မည်သို့ပြုလျှင် သရဏဂုံညစ်နွမ်းသနည်း။

မည်သို့ပြုလျှင် သရဏဂုံပျက်သနည်း။

## သရဏ ဟူသည် အဘယ်နည်း

သရဏဟူသည် ဗုဒ္ဓမြတ်စွာဘုရား၊ ထိုမြတ်စွာဘုရား၏ တရားတော်နှင့် ထိုမြတ်စွာဘုရား၏ တပည့်သား သံဃာတော်ဟူသော ကိုးကွယ်ရာ ရတနာသုံးရပ်ပင် ဖြစ်သည်။ သရဏ သဒ္ဒါသည် ဖျက်ဆီးခြင်း ဖျက်ဆီးခြင်းအနက်ရှိသည်။

ရတနာမြတ်သုံးပါးသည် မိမိအား ကိုးကွယ်ဆည်းကပ်သူ၏ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု၊ စိတ်ညစ်နွမ်းမှု၊ ထိတ်လန့်ကြောက်ရွံ့မှုနှင့် အပါယ်လေးပါး ဘေး၊ သံသရာဝဋ်ဘေးတို့ကို မခံစားရအောင် မဖြစ်ပေါ်ရအောင် ဖျက်ဆီးပေးတတ်သောကြောင့် သရဏ မည်လေသည်၊

တနည်းဆိုရသော် မြတ်စွာဘုရားသည် မိမိကိုဆည်းကပ်ကိုးကွယ်သူအား အကျိုးစီးပွားဖြစ်ထွန်းစေခြင်း၊ အကျိုးမဲ့ မဖြစ်စေခြင်းဖြင့် ဘေးရန်ကို ဆည်းကာပေးတတ်၏၊ ထို့ကြောင့် သရဏ မည်ပေသည်။

တရားတော်သည် မိမိကိုကျင့်သုံးခံယူသူအား ဘဝဒုက္ခအပေါင်းမှ သက်သာရာရစေခြင်း၊ ဘဝသံသရာခရီးခဲမှ ထွက်မြောက်စေခြင်းဖြင့် ဘေးဆီးရန်ကာဖြစ်၏၊ ထို့ကြောင့် သရဏမည်ပေသည်။

## သရဏဂုံ ဟူသည် အဘယ်နည်း

သရဏဂုံ ဟူသည် သဘာဝတရားကိုယ်အားဖြင့် ကိုးကွယ်ဆည်းကပ်သူ၏ စိတ်အနေအထားပင်ဖြစ်၏။ ရတနာသုံးပါးကို ကြည်ညိုသောစိတ်၊ အလေးဂရုပြုသောစိတ်၊ ကိုင်းညွတ်သောစိတ်ကို သရဏဂုံ ဟုခေါ်ရ၏။ ထိုသို့ ရတနာသုံးပါးကို ကြည်ညိုသောစိတ်သည် လောဘ

ဒေါသ စသော စိတ်၏ညစ်ညူးမှုများကို ကင်းစေသည်။ ကောင်းမြတ်သောစိတ်ဖြစ်ပေသည်။

## သရဏဂုံ မည်သို့တည်သနည်း

ဆိုခဲ့ပြီးသော ရတနာသုံးပါးအပေါ် ကြည်ညိုလေးမြတ် ကိုင်းညွတ်သောစိတ်ရှိသူအား သရဏဂုံတည်ပေသည်၊ ဘုရား တရား သံဃာရတနာမြတ်သုံးပါးသည် ငါ၏ရတနာတို့ပေတည်း၊ ငါ၏ဆင်းရဲကို ပယ်ဖျောက်ပြီး ငါ့အားချမ်းသာသို့ ရောက်စေမည့်အရာတည်း။ ငါသည် ဤရတနာမြတ်သုံးပါး၌သာလည်းလျောင်းရာပြုပါသည်။ ဤကဲ့သို့သော စိတ်ထားမျိုး ခိုင်မြဲစွာထားရှိသူ၌ သရဏဂုံတည်လေသည်။

## သရဏဂုံ၏အမျိုးအစား မည်မျှရှိသနည်း

သရဏဂုံသည် လောကုတ္တရာသရဏဂုံ လောကီသရဏဂုံ ဟူ၍ အဓိကအားဖြင့် နှစ်မျိုးရှိ၏။

လောကုတ္တရာ သရဏဂုံဟူသည်ကား သစ္စာလေးပါးကို ထိုးထွင်းသိမြင်ကြသူတို့အား မဂ်စိတ်ဖြစ်ပေါ်သောခဏ၌ နိဗ္ဗာန်ကိုအာရုံပြုပြီး ကိလေသာကို ပယ်ခြင်းသည် လောကုတ္တရာ သရဏဂုံဖြစ်လေသည်။ ဆိုလိုသည်မှာ သရဏဂုံစိတ်ကို ဖျက်ဆီးတတ်သော တရားမှာ လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ စသော ကိလေသာဖြစ်သည်။ ကိလေသာကိုပယ်လိုက်သောအခါ သရဏဂုံ မပျက်စီးနိုင်တော့ချေ။ ဤသို့ မပျက်စီးနိုင်တော့သော အခြေအနေသည် လောကကို လွန်မြောက်သော အခြေအနေဖြစ်သည်။ လောကုတ္တရာဟူသည် လောကကို လွန်မြောက်ခြင်းဟု အဓိပ္ပာယ်ရလေသည်။ အရိယာ သံရဏဂုံပေတည်း။

လောကီသရဏဂုံကား–ပုထုဇဉ်သရဏဂုံ ဖြစ်ပေ၏။ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်ကို အာရုံပြုပြီး သရဏဂုံစိတ်ကို ညစ်နွမ်းစေတတ်သည့် ကိလေသာများကို ယာယီပယ်ခွါထားလိုက်နိုင်သောအခါ

လောကီသရဏဂုံနှင့် ပြည့်စုံသည်ဟု ဆိုရ၏။ သရဏဂုံတည်သူသည် ဘုရား တရား သံဃာအပေါ်၌ သက်ဝင်ယုံကြည်မှု ရှိလေသည်။

ဤသို့သရဏဂုံတည်သူသည် မှန်ကန်သောအမြင် (သမ္မာဒိဋ္ဌိ)လည်း ရှိသည်။ ဒါန၊ သီလ၊ ဘာဝနာ စသော ကောင်းမှုတည်ရာ အရာတို့၌ ဖြောင့်မှန်သော အယူဝါဒလည်းရှိပေသည်။

ဤလောကီ သရဏဂုံသည် သရဏဂုံဆောက်တည်သူတို့၏ ဆောက်တည်ပုံ ဆောက်တည်နည်း အပြုအမူကိုလိုက်၍ လေးမျိုးလေးစား ရှိပေသည်။

၎င်းတို့မှာ–

၁။ အတ္တသန္နိယျာတနသရဏဂုံ = ကိုယ် အပ်နှင်း သရဏဂုံ

၂။ တပ္ပရာ ယနသရဏဂုံ = လည်းလျောင်းပြု သရဏဂုံ

၃။ သိဿဘာဝူပဂမနသရဏဂုံ = တပည့်ခံသရဏဂုံ

၄။ ပါဏိပါတသရဏဂုံ = လက်ချ သရဏဂုံ (သက်စွန့် သရဏဂုံလည်းဟူပေ)

တို့ဖြစ်ကြ၏။

ကိုယ်အပ်နှင်း သရဏဂုံဟူသည် ယနေ့ကိုအစပြု၍ တပည့်တော်သည် မိမိကိုယ်ကို ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးအား ဆောင်နှင်းပါ၏။ တပည့်တော်၏ကိုယ်ကို ရတနာသုံးပါးအတွက် စွန့်ပါ၏ဟူ၍ ဆိုပြီး စိတ်ပါလက်ပါ မိမိကိုယ်ကို ရတနာသုံးပါးအား အပ်နှင်းခြင်းတည်း။

လည်းလျောင်းပြု သရဏဂုံဟူသည် ယနေ့ကိုအစပြု၍ တပည့်တော်သည် ဗုဒ္ဓဘုရားအားသာ ကိုးကွယ် လည်းလျောင်းရာ ရှိသူဖြစ်သည်။ ဗုဒ္ဓတရားတော်အားသာ ကိုးကွယ်လည်းလျောင်းသူဖြစ်သည်။ ဗုဒ္ဓဘုရား၏ တပည့်သံဃာတော်အားသာ ကိုးကွယ်လည်းလျောင်းသူ ဖြစ်သည်။ ဤကဲ့သို့

အမှတ်ထားတော်မူကြပါ၊ ဝါ၊ အသိအမှတ် ပြုတော်မူကြပါဟုဆို၍၊ ရတနာသုံးပါးသို့ ကိုင်းညွတ်ကိုးကွယ်ခြင်းတည်း။

တပည့်ခံသရဏဂုံဟူသည် ယနေ့ကိုအစပြု၍ အကျွန်ုပ်သည် ဗုဒ္ဓဘုရား၏ တပည့်ရင်း၊ တရားတော်၏တပည့်ရင်း၊ သံဃာတော်၏တပည့်ရင်းဖြစ်ကြောင်း အသိအမှတ် ပြုတော်မူကြပါဘုရား ဟူ၍ လျှောက်ထားပြီး တပည့်ခံယူခြင်းတည်း။

လက်ချ သရဏဂုံ ဟူသည် ယနေ့ကို အစပြု၍ အကျွန်ုပ်သည် ဘုရား တရား သံဃာ ဤရတနာမြတ်သုံးပါးအားသာ ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်းအမှုကို ပြုပါသည်၊ အခြား မည်သည့်ဘာသာဝါဒ မည်သည့်ဘာသာရေး ပုဂ္ဂိုလ်ကိုမျှ အမြတ်တနိုး ရှိခိုးခြင်း စသည်ကို မပြုပါ၊ ဤကဲ့သို့ အကျွန်ုပ်အပေါ် အသိအမှတ်ပြုတော်မူပါ၊ ဤသို့လျှောက်ထားပြီး ဘုရား တရား သံဃာအပေါ် အလွန်အလွန် ရိုသေမြတ်နိုးသမှု ပြုခြင်းတည်း။

ဤကဲ့သို့ ကိုယ်အပ်နှင်းခြင်း၊ လည်းလျောင်းပြုခြင်း၊ တပည့်ခံခြင်း၊ လက်ချခြင်းဟူသော အခြင်းအရာတရပ်ရပ်ဖြင့် ဆောက်တည်ပါလျှင် ဆောက်တည်သူ၌ သရဏဂုံတည်ပေသည်၊ 'သရဏဂုံတည်သည်' ဟုဆိုတိုင်း ရတနာသုံးပါးကို ကိုင်းညွတ်ယုံကြည်သော ကုသိုလ်စိတ်ဖြစ်သည်ဟူ၍ သတိရပါ။

တနည်းအားဖြင့် ဤလောကီ သရဏဂုံလေးပါး ဆောက်တည်ပုံ အကျယ်ကို ဆက်လက်ပြဆိုပါဦးအံ့။

## အတ္တသန္နိယျာတန = ကိုယ်အပ်နှင်းသရဏဂုံ

တစုံတယောက်သောသူသည် ကျွန်ုပ်၏ကိုယ်ကို မြတ်စွာဘုရားအား စွန့်ပါ၏။ တရားတော်၊ သံဃာတော်အား စွန့်ပါ၏။ သို့မဟုတ် ကျွန်ုပ်၏ အသက်ကိုစွန့်ပါ၏၊ သို့မဟုတ် ကျွန်ုပ်၏ ကိုယ်ကို စွန့်ပြီးပါပြီ၊ ကျွန်ုပ်၏ အသက်ကို စွန့်ခဲ့ပါပြီ၊ သို့မဟုတ် အသက်ဆုံးသည်အထိ ဘုရား တရား

သံဃာ ရတနာမြတ်သုံးပါးကို ဆည်းကပ်ပါ၏၊ သို့မဟုတ် မြတ်စွာဘုရားသည် ကျွန်ုပ်၏ ကိုးကွယ်ရာပါတည်း၊ မှီခိုရာပါတည်း၊ဤကဲ့သို့ ပြောဆို၍ သရဏဂုံခံယူလျှင် ထိုသူ၌ သရဏဂုံတည်ပေသည်။ ဤသရဏဂုံမျိုးကို ကိုယ်အပ်နှင်း သရဏဂုံဟုခေါ်သည်။

ဤအင်္ဂုတ္တိုရ်လာ စကားရပ်ကို အခြေတည်၍မဟာဂရုလောပအကျော်ခင်ကြီးဖျော်စသော ရှေးဆရာများက သရဏဂုံ ၃၀၊ သရဏဂုံ ၆၀၊ သရဏဂုံ ၉၀-ဟု ခွဲထွင်ပွားများစေခဲ့ကြသည်။ ဇာတိ၊ ဘောဂ၊ ဇီဝိတ၊ ယာဝဇီဝ၊ မရဏ၊ အရဟတ္တ၊ နိဗ္ဗာန ဟူ၍ အခြေခံအချက်ကို ခုနစ်ရပ်ထားပြီး စကားအသုံးအနှုန်းတမျိုးစီ သုံးစေပြီ၊ သရဏဂုံကို ပွားများကြလေသည်။

## သရဏဂုံ ၃၀

၁။ ဇာတိပရိယန္တိကံ အဟံ — ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ (ပရိယန္တိကံ=ဆုံးသည်အထိ။)

၂။ — ဓမ္မံ

၃။ — သံဃံ

၄။ ဘောဂ ပရိယန္တိကံ — ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

၅။ — ဓမ္မံ

၆။ — သံဃံ

၇။ ဇီဝိတ ပရိယန္တိကံ — ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

၈။ — ဓမ္မံ

၉။ — သံဃံ

၁၀။ ယာဝ ဇီဝံ — ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ (ယာဝဇီဝံ- အသက် ဆုံးသည်အထိ)။

၁၁။ — ဓမ္မံ

F.24 ၁၂။ — သံဃံ

| | |
|---|---|
| ၁၃။ ယာဝ မရဏကာလံ | ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ (ယာဝ မရဏကာလံ= သေသည့် ကာလ အထိ)။ |
| ၁၄။ | ဓမ္မံ |
| ၁၅။ | သံဃံ |
| ၁၆။ မရဏပရိယန္တိကံ | ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ (မရဏပရိယန္တိကံ= သေသည် အဆုံးအထိ။ |
| ၁၇။ | ဓမ္မံ |
| ၁၈။ | သံဃံ |
| ၁၉။ ယာဝ အရဟတ္တံ | ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ (ယာဝ အရဟတ္တံ=အရဟတ္တဖိုလ် ရသည်အထိ)။ |
| ၂၀။ | ဓမ္မံ |
| ၂၁။ | သံဃံ |
| ၂၂။ အရဟတ္တ ပရိယောသာနကာလံ | ဗုဒ္ဓံ သရဏံဂစ္ဆာမိ၊(အရဟတ္တ ဖိုလ်ကိုရ၍ ဘဝဆုံးသည် အထိ)။ |
| ၂၃။ | ဓမ္မံ |
| ၂၄။ | သံဃံ |
| ၂၅။ ယာဝ နိဗ္ဗာနကာလံ | ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ (နိဗ္ဗာန် ရောက်သည့်ဘဝ တိုင်အောင်) |
| ၂၆။ | ဓမ္မံ |
| ၂၇။ | သံဃံ |

၂၈။ နိဗ္ဗာနကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ (ပရိနိဗ္ဗာန်ဝင်စံသည့်တိုင်အောင်)

၂၉။ ဓမ္မံ

၃၀။ သံဃံ

(အဟံ၊ ကျွန်ုပ်သည်။ ဇာတိ ပရိယန္တံကာ၊ ဘဝဇာတ်ဆုံးသည်အထိ။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။- စသည် အနက်ပေးပါ။)

ဖော်ပြပါ သရဏဂုံ ၃၀ ကို ဒုတိယမ္ပိ၊ တတိယမ္ပိ ထည့်ဆိုလျှင် သရဏဂုံ ၉၀ ဖြစ်လာပေသည်။ ဤသရဏဂုံများသည် အတ္တသန္နိယျာတန သရဏဂုံ အမျိုးအစားများပင်ဖြစ်ကြသည်။

## တပ္ပရာယန-လည်းလျှောင်းပြု သရဏဂုံ

အာဠဝကဘီလူးကြီးသည် ဗုဒ္ဓဘာသာဖြစ်လာပြီးနောက် ဗုဒ္ဓဘုရားနှင့် ဗုဒ္ဓတရားကို ဦးညွတ်ယင်း တရွာမှတရွာ၊ တနိုင်ငံမှ တနိုင်ငံသို့ လှည့်လည်၍ ဘုရားစစ် ဘုရားမှန်ဖြစ်ကြောင်း၊ ကောင်းသောတရားဖြစ်ကြောင်း၊ ကြွေးကြော်ခဲ့သည်။ ဤသို့သော အပြုအမူမျိုးသည် လည်းလျှောင်းပြု သရဏဂုံမျိုးတွင် ပါဝင်သည်။

## သိဿဘာဝူပဂမန=တပည့်ခံ သရဏဂုံ

ရှင်မဟာကဿပအလောင်း ပိပ္ပလိလုလင်သည် မြတ်စွာဘုရားကို ရည်စူး၍ ရဟန်းပြုပြီး မြတ်စွာဘုရားကို ဖူးမြင်လိုလှ၍ ဘုရားရှာခဲ့ပါသည်။ ဤအပြုအမူမျိုးသည် တပည့်ခံသရဏဂုံ မြောက်လေသည်။

ဗြဟ္မာယု အမည်ရှိသော ပါဒေါက္ခပုဏ္ဏားဆရာကြီးသည် နေမိတ္တကကျမ်း၊ မဟာပုရိသ လက္ခဏာကျမ်းလာ အဆိုအမိန့်များဖြင့် ခုနစ်သတိုင်တိုင် ဘုရားရှင်ကို သေချာလာပြီးနောက် နောက်ဆုံး ဗုဒ္ဓဘုရားထံ

မှောက် ရောက်သွားသောအခါ မိမိ၏ ပခုံးပေါ် တဘက်တင်လျက် ဘုရား·ရှင်၏ ခြေတော်အစုံ၌ မိမိ၏ ဦးခေါင်းကိုထား၍ ဝပ်တွားပြီး ဘုရားမြတ်စွာ၏ ခြေတော်အစုံကို မိမိ၏ လက်နှစ်ဖက်ဖြင့်လည်း ဆုပ်ကိုင်သည်။ နှုတ်ခမ်းဖြင့်လည်း စုပ်သည်။ တပည့်တော်သည် ဗြဟ္မာယုအမည်ရှိသော ပုဏ္ဏားပါဘုရားဟု မိမိ၏ နာမည်ကိုလည်း လျှောက်ထားလေသည်။

ဤသို့သော အပြုအမူမျိုးသည် ပါဏိပါတ သရဏဂုံ ဖြစ်ပေသည်။ ဤဗြဟ္မာယုဆရာကြီး၏ ပါဏိပါတ သရဏဂုံ ဆောက်တည်ပုံမှအစပြု၍ ယခုခေတ်အထိ 'ခြေတော်ဦးခိုက် လျှောက်ထားသည်' ဟူသော ဝေါဟာရ ပေါ်ခဲ့ရပေသည်။

## ပါဏိပါတ လေးမျိုး

ပါဏိပါတ လက်ချ (သက်စွန့်)ပြုခြင်းသည် လူ့လောက၌ လေးမျိုးလေးစားဖြစ်နိုင်၏။ လေးမျိုးမှာ ဉာတိပါဏိပါတ၊ ဘယပါဏိပါတ၊ အာစရိယ ပါဏိပါတနှင့် ဒက္ခိဏေယျ ပါဏိပါတတို့ဖြစ်ကြ၏။

ဉာတိ ပါဏိပါတဟူသည် အမျိုးတော်သဖြင့်လည်းကောင်း၊ အမျိုးဇာတ်မြင့်မြတ်သူ ဖြစ်သဖြင့်လည်းကောင်း၊ ဆည်းကပ်ခြင်းမျိုးဖြစ်၏။ မြတ်စွာဘုရားကိုပင် ဤဘုရားသည် ငါတို့၏ ဆွေသဟာတည်း။ ဤဘုရားသည် သကျသာကီဝင် မင်းမျိုးတည်းဟူ၍ ဆည်းကပ်ပါက သရဏဂုံ မဖြစ်ပေ။

ဘယ ပါဏိပါတ ဟူသည် ကြောက်၍ ဆည်းကပ်ခြင်းတည်း။ ဤဘုရားသည် ဘုရင်မင်းမြတ်တို့ကပင် ကိုးကွယ်ခံရသူဖြစ်၏။ ဤဘုရားသည် တန်ခိုးအာနုဘော်ကြီး၏။ ဤဘုရားကို ဝတ္တရားကျေအောင် နေ့စဉ်ရှိမခိုးပါက ဝတ်မပြုပါက ငါတို့ တနည်းနည်းဖြင့် ဒုက္ခတွေ့နိုင်သည်။ ဘုရားက ငါတို့အား ပြစ်ဒဏ်ခတ်လိမ့်မည်။ ဤကဲ့သို့ ကြောက်ကြောက်နှင့် ရှိခိုးဝတ်ပြုဆည်းကပ်ပါကလည်း သရဏဂုံမဖြစ်ပေ။

ဗုဒ္ဓမြတ်စွာဘုရားက မိမိကိုကြောက်၍ ကိုးကွယ်ရန်မလို။ ကြောက်၍ ကိုးကွယ်ခြင်းသည် သရဏဂုံမဟုတ်။ ဘာသာရေးမဟုတ်ဟု အလေးအနက် သိစေတော်မူသည်။

ထို့ပြင် ဗုဒ္ဓဘာသာဝင်တို့အား အမျှော်နှင့်အကြောက် (*Reward & Punishment*) ကြောင့် ဘာသာရေးကို ကိုးကွယ်သူများ ဖြစ်လေဟန် သိမ်းကြုံးရေးသား ပြောဟောသူများသည် ဗုဒ္ဓဘာသာကျမ်းဂန်များကို မသိသူများသာဖြစ်ကြောင်း သိရပေသေးသည်။

အာစရိယ ပါဏပါတ ဟူသည် မိမိအား လောကီပညာ သင်ကြားပေးသော ဆရာအနေမျိုးဖြင့် ဆည်းကပ်လျှင် သရဏဂုံမပြောက်။ ပုံစံ-ရှာဖွေရရှိသော ပစ္စည်းကို လေးစုခွဲပြီး တစုကိုစား၊ နှစ်စုကိုရင်း၊ တစုကို ဆောင်းဟူ၍ ဆုံးမသွန်သင်တတ်သူ ဆရာမျိုးအား ငါ၏ဆရာပေတည်းဟု ရှိခိုးပူဇော်သမှုပြု၍ သရဏဂုံမဖြစ်။ ဗုဒ္ဓဘုရားကိုပင်လျှင် ဤသို့သော လောကီအဆုံးအမပိုင်းကို ကွက်၍ သဘောကျပြီး ဆည်းကပ်လျှင် သရဏဂုံ မဖြစ်ပေ။

အမှန်စင်စစ် မြတ်စွာဘုရားသည် ဤလောက၌ မြတ်သောအလှူကို ခံယူတော်မူထိုက်သော အဂ္ဂဒက္ခိဏေယျ ပုဂ္ဂိုလ်ဖြစ်ပါပေသည်ဟု ဆည်းကပ် ကိုးကွယ်ပါမှ ကိုးကွယ်သူ၌ သရဏဂုံ တည်ပေသည်။

ဉာတိ ပါဏပါတ ၊ ဘယ ပါဏပါတ၊ အာစရိယပါဏပါတ သုံးမျိုးသည် သရဏဂုံမပြောက်ကြောင်း အထက်၌ပြဆိုခဲ့ပြီ။ ဤအချက်မှ ဆက်သွယ်သိအပ်သော အချက်တရပ်မှာ သရဏဂုံတည်နေသော ဗုဒ္ဓဘာသာဝင် တဦးဦးသည် ဗုဒ္ဓဘာသာမဟုတ်သော ဘာသာခြား ဘာသာရေး ခေါင်းဆောင် တဦးဦးအား မိမိနှင့် ဆွေးမျိုးတော်သဖြင့် ငါ့အမျိုးပဲဟု ဆွေစိတ်မျိုးစိတ်ဖြင့် ရှိခိုးပူဇော်လျှင် သရဏဂုံမပျက်ပေ။ ဝါ-ဗုဒ္ဓဘာသာဝင်အဖြစ်မှ မပျက်စီးပေ။

ထိုနည်းတူ ရှင်ဘုရင်စသော သူမျိုးအား ကြောက်၍ရှိခိုးလျှင်လည်း ဗုဒ္ဓဘာသာသရဏဂုံ မပျက်ပေ။ သိပ္ပဝိဇ္ဇာ ခေတ်ပညာ သင်ပေးသော ဆရာအား ရှိခိုးလျှင်လည်း သရဏဂုံ မပျက်ပေ။

ထို့ကြောင့် ဗုဒ္ဓဘာသာတို့အနေဖြင့် နိုင်ငံတော်အလံကို အလေးပြု၍ သရဏဂုံမပျက်။ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများအား အလေးပြု၍ သရဏဂုံမပျက်။ အိမ်တွင်း မင်းမဟာဂီရိနတ်၊ အညာနတ်၊ ဦးရှင်ကြီး၊ ငှင်းနောက်ပါ အဘိုး စသည်တို့ကိုကြောက်၍ ပူဇော်ပသပါကလည်း သရဏဂုံမပျက်။ ဘိုးဘိုးအောင်၊ အောင်မင်းခေါင် စသည် ဝိဇ္ဇာများကို လာဘ်လာဘ အမဲအစ ရယူလိုသဖြင့် ပူဇော်ပါကလည်း သရဏဂုံမပျက်ဟူ၍ စာနှင့်ပေနှင့် ကျမ်းဂန်နှင့်အညီ မှတ်သားပေရာ၏။

သို့သော် မည်သည့်ဘာသာခြားကို ဖြစ်စေ၊ လူကို၊ နတ်ကို၊ ဝိဇ္ဇာကို ဖြစ်စေ၊ အဂ္ဂဒက္ခိဏေယျ မြတ်သောအလှူကို ခံယူတော်မူထိုက်သော အရဟံ ဂုဏ်တော်နှင့် ပြည့်စုံသူဖြစ်ပါပေသည်ဟု ယုံကြည်သိမှတ်၍ ရှိခိုး ပူဇော်ပါမူကား သရဏဂုံပျက်လေသည်။ ဗုဒ္ဓဘာသာအဖြစ်မှ ပါရာဇိက ကျလေသည် ဟူလို။

ဉာတိ၊ လာဘ၊ အာဇီဝအနေဖြင့် ရှိခိုးလျှင် သရဏဂုံမပျက်ဟု ဆိုသော်လည်း စိတ်၏သဘောသည် အလွန်မြန်ဆန်လှသဖြင့်(ဝါ) စိတ်မချရသဖြင့် ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘ ဟူသော အနန္တော အနန္တ ကျေးဇူးရှင် ငါးမျိုးမှတပါး အခြားမည်သည့်လူ မည်သည့်နတ်ကိုမျှ ရှိမခိုးရ၊ ဦးမချရဟု ဆရာတော်များက သတိပေး တားမြစ်တော်မူကြလေသည်။

## သရဏဂုံ၏အကျိုးကား အဘယ်နည်း

လောကုတ္တရာ သရဏဂုံ၏ မုချအကျိုးမှာ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ဖြစ်ရခြင်းတည်း။ အကျိုးဆက်မှာဒုက္ခခပ်သိမ်းကင်း ငြိမ်းရခြင်းတည်း။ တနည်းအားဖြင့် အတ္တဝါဒ အယူမှားမှ ကင်းလွတ်ခြင်း၊ ဘာသာတပါး ကူးပြောင်းမှု လုံးဝမပြုခြင်း၊ အနန္တရိယ ကံဘူ သမျှမှ လွတ်ကင်းခြင်းအကျိုးရှိပေသည်။

လောကီသရဏဂုံ၏ အကျိုးကား စီးပွားဥစ္စာ ဖြစ်ထွန်းခြင်း၊ လူချမ်းသာ နတ်ချမ်းသာရရှိခြင်း၊ နတ်ဖြစ်သောအခါ အခြားနတ်များ

ထက် အချက်ဆယ်ချက်၌ သာလွန်ခြင်းအကျိုးရှိ၏၊ အခြားနတ်များထက် အသက်ပိုရှည်သည်၊ အဆင်း ပိုလှသည်၊ ပို၍ချမ်းသာသည်၊ အခြံအရံပိုများသည်၊ အစိုးတရရှိသည်၊ အဆင်း အသံ အနံ့ အရသာ အတွေ့ကောင်းတို့ဖြင့် ပို၍ တွေ့ကြုံခွင့်ရလေသည်။

## အဘယ်သို့ပြုလျှင် သရဏဂုံ ညစ်နွမ်းသနည်း

လောကုတ္တရာ သရဏဂုံသည် ညစ်နွမ်းခြင်းလုံးဝ မရှိပေ။ လောကီသရဏဂုံမူကား ညစ်နွမ်းတတ်ပေ၏။ ညစ်နွမ်းပုံမှာ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါး၏ ကျေးဇူးတော်ဂုဏ်တော်ကို ကောင်းစွာမသိရှိလျှင်လည်း သရဏဂုံ ညစ်နွမ်း၏။ ရတနာသုံးပါးအပေါ် သံသယဖြစ်လျှင်လည်း ညစ်နွမ်း၏၊ ရတနာသုံးပါးအပေါ် မှားယွင်းစွာ မြင်လျှင်လည်း ညစ်နွမ်းပေ၏။

ဤသို့ သရဏဂုံ ညစ်နွမ်းခဲ့သော် အရှိန်အဝါမဲ့၏။ တက်ကြွမှု မရှိ။ သာယာစည်ပင်မှု မရှိ ဖြစ်လေသည်။

## အဘယ်သို့ပြုလျှင် သရဏဂုံပျက်သနည်း

လောကုတ္တရာ သရဏဂုံသည် ပျက်သည်ဟုမရှိ။ မည်သည့်အခါမျှ မပျက်စီးတော့ချေ။ ဤဘဝတွင်မက နောက်ဘဝများ၌လည်း လောကုတ္တရာ သရဏဂုံ ဆက်လက်တည်၏၊ ဗုဒ္ဓဘာသာမှတပါးအာ ခြားဘာသာဝင် မဖြစ်တော့ချေ။

လောကီသရဏဂုံမူကား ပျက်တတ်၏။ ဗုဒ္ဓဘာသာမှတပါး အခြားသော ဘာသာနှင့် အခြားသောဘုရားကို ကိုယ်အပ်နှင်းခြင်း လည်းလျှောင်းရာပြုခြင်း၊ တပည့်ခံခြင်း၊ လက်ချ (သံက်စွန့်) ကိုးကွယ်ခြင်းတို့ အနက် တခုခုပြုလိုက်လျှင် ဗုဒ္ဓဘာသာ သရဏဂုံပျက်စီးသွား၏။ ဗုဒ္ဓဘာသာဝင် မဟုတ်တော့ချေ။ ဤသို့ ဘာသာ ကူးပြောင်း သရဏဂုံပျက်လျှင် အပြစ်ရှိ၏။ ဆိုးကျိုးများကို ဖြစ်စေနိုင်ပေ၏။

ထို့ပြင် သရဏဂုံဘည်သော ဗုဒ္ဓဘာသာဝင်တဦးသည် သေဆုံးသွားလျှင် သရဏဂုံပျက်သွားပေ၏။ သို့သော် ယင်းသို့ ပျက်သည့်အတွက် အပြစ်မရှိချေ။

ဤစကားအရသိရသည်မှာတခါသရဏဂုံဆောက်တည်ထားလျှင်မပျက်မချင်း တည်ပေသည်။ သို့သော် ထပ်၍ထပ်၍ဆောက်တည်သော်လည်း အပြစ်မရှိချေ။ ကုသိုလ်ပွားများသည်ပင်။ နောက်တချက်မှာ လူသေအလောင်း ဘုန်းကြီးပျံအလောင်းတို့၌ သရဏဂုံမရှိချေ။ ထို့ကြောင့် အသုဘ၌ သရဏဂုံတင် အမေးအနားကို ပြုလုပ်ကြခြင်း ဖြစ်လေသည်။ ယင်းသို့ သရဏဂုံတင်ပေးသဖြင့် ရုပ်အလောင်း၌ သရဏဂုံမတည်နိုင်ချေ။ သရဏဂုံဟူသည် ရတနာသုံးပါးအပေါ် ကိုင်းညွတ်သော စိတ်သာ ဖြစ်ကြောင်း ဖော်ပြခဲ့ပြီ။ ထို့ကြောင့် စိတ်မရှိတော့သော အလောင်းကောင်၌ သရဏဂုံ မတည်နိုင်ချေ။

သို့ရာတွင် ဘဝတပါး ကူးပြောင်းသွားသည့် ဂတိငါးပါးတို့တွင် ဒေဝဂတိလား၍ နတ်ဖြစ်နေခြင်း၊ ပေတဂတိလား၍ ပြိတ္တာဖြစ်နေခြင်းနှင့် ကြုံပါက ထိုနတ်တို့ ပြိတ္တာတို့သည် သရဏဂုံ တည်သွားနိုင်သည်။ မနုဿဂတိလား၍ လူပြန်ဖြစ်သွားလျှင် လည်းကောင်း၊ ငရဲကျသွားလျှင် လည်းကောင်း၊ တိရစ္ဆာန်ဖြစ်သွားလျှင်လည်းကောင်း ဘဝဟောင်းက ကျန်ရစ်သူများက ဆောင်ရွက်ပေးချက် အားလုံးကို မသိနိုင်ချေ။ ကုသိုလ် အဖို့ကို အမျှမရနိုင်၊ သာဓု မခေါ်နိုင်ပေ။

သို့သော် သေသူသည် မည်သည့် ဂတိလားသည်ဟု ကျန်ရစ်သူတို့က အတပ်မသိ၍ နတ်ဘဝ၊ ပြိတ္တာဘဝရောက်နေလျှင် ကုသိုလ်အဖို့ရပါစေဟု ဆွမ်းသွတ်ခြင်း သရဏဂုံတင်ခြင်း စသည်ကို ဆောင်ရွက်ပေးကြ၏။ သေသူ မည်သို့မျှ မရနိုင်စေကာမူ၊ ကုသိုလ်ပေးသူတို့ ကုသိုလ်ရကြ၏။ မိဘအတွက်ကုသိုလ်လုပ်ပေးလျှင် သားသမီးဝတ္တရား ကျေပြွန်၍ မိဘကျေးဇူးဆပ်ရာ ရောက်၏။

ဤသို့သော အကြောင်းများကြောင့် သေ၍ သရဏဂုံပျက်သွားသော ဘဝပြောင်း ရုပ်အလောင်းများအတွက် ဆွမ်းသွတ်ခြင်း သရဏဂုံတင်ခြင်း စသည်တို့ကို သဘာဝကျကျ ဆောင်ရွက် ပေးကြခြင်းဖြစ်ကြောင်း ကျမ်းရိုးကျကျသိမှတ်အပ်ပေသည်။

**အကျိုးကျေးဇူး -**

ဤ သံပေါက်ကို လေ့လာ၍ ရရှိသောအကျိုးကျေးဇူးများမှာ-

ဘုရားတရား သံဃာရတနာ့မြတ်သုံးပါး တည်းဟူသော အာရုံသည် အေးငြိမ်းချမ်းသာကြောင်းကို ရတနာ့သုံးပါး အသိစိတ်ဖြင့် မိမိကိုယ်ကို ထုံသင့်ထုံထိုက်ကြောင်း သိရခြင်းအကျိုးရှိပေ၏။

အဓိပ္ပာယ်ဖွင့်အရ ဗုဒ္ဓဘာသာတို့အတွက် အရေးကြီးလှသော သရဏဂုံဆိုင်ရာ ဗဟုသုတများစွာ ရရှိခြင်းအကျိုး ရှိပေသည်။

ဤသံပေါက်ကို ထပ်တလဲလဲ ကျက်မှတ် ရွတ်ဖတ်ပါလျှင် ဗုဒ္ဓါနုဿတိ ဘာဝနာကုသိုလ် ရရှိနိုင်ပေသည်။ ။

## ၁၂၃။ ဘုန်းခြောက်ပြာခိုး ကောဏာဂုံ၊ မကြိုင်ါတို့ခဝး။

စကားပြေကား – ဣဿရိယစသော ဘုန်းတော်ခြောက်ပါး နှင့် ပြည့်စုံတော်မူသော ကောဏာဂုံမြတ်စွာကို ငါတို့က မတွေ့ကြုံလိုက်ကြရ၊ ထို့ကြောင့် ငါတို့သည် အကျွတ်တရားနှင့် ဝေးကွာခဲ့ကြရခြင်း ဖြစ်ပေသည် – ဟူလို။

**ကောဏာဂုံ** ဟူရာ၌ 'ကောဏာဂမန' ပုဒ်ရင်း ဖြစ်၏။ ဂမနမှ ဂုံသို့ ပြောင်းပြီး ကောဏာဂုံ ဟူသော ပါဠိသက် မြန်မာဝေါဟာရ ရရှိခြင်း ဖြစ်လေသည်။

ပရိတ်ကြီး အာဋာနာဋိယသုတ်၌ 'သဗ္ဗေ ဗုဒ္ဓါ သမသမာ' ဟု ညွှန်ပြထား၏၊ အဓိပ္ပာယ်ကား– သဗ္ဗညု မြတ်စွာဘုရားတို့သည် မိမိတို့ အချင်းချင်း တဆူနှင့်တဆူ အားလုံး တူညီကြကုန်၏။ ဘာသာခြား ဘုရားအမည်ခံမည်သည့်ဘုရားနှင့်မျှ မတူညီကြဟုလည်း ဆိုလိုသည်။ ထို့ကြောင့် ဂေါတမ မြတ်စွာဘုရား၌ ရှိသော ဘုန်းတော် ခြောက်ပါးမျိုး သည်ပင် ကောဏာဂုံ မြတ်စွာ ဘုရား၌ ရှိပေသည်။ ဘုရားရှင်၏ ဘုန်းတော် ခြောက်ပါးတို့ကား – ဣဿရိယဘုန်းတော်။ ဓမ္မဘုန်းတော်၊ ယသဘုန်းတော်၊ သိရီဘုန်းတော်၊ ကာမဘုန်းတော် နှင့် ပယတ္တ ဘုန်းတော်တို့ပင် ဖြစ်ကြ၏၊

ဗုဒ္ဓဘာသာ မဟုတ်သော အခြားသာသနာဝင် တို့သည် အနန္တတန်းခိုးတော်ရှင် ဖန်ဆင်းရှင် ထာဝရဘုရားသခင် ရှိသည်ဟုထင်မှတ်ယုံကြည် ကြသည်။ လူလောကမှာ ပေါ်သမျှ ဘုရားအမည်ခံ ပုဂ္ဂိုလ်များသည်လည်း ထာဝရ ဘုရားသခင်၏ လက်အောက်ခံ ချည်းသာဟု ယူဆကြကုန်၏။ ထို့ကြောင့် ဘုရားတဆူတည်း ရှိသည်ဟူသော စကားကို ပြောဆိုဝါဒ ဖြန့်တတ်ကြလေသည်။

ဗုဒ္ဓဘာသာတို့သည်ကား ဗုဒ္ဓဘုရား ဟောကြားသော ဗြဟ္မဇာလ သုတ်တော်၌ ဣဿရနိမ္မာနဝါဒ= ဖန်ဆင်းမှု အယူဝါဒကို မိစ္ဆာဝါဒ ဖြစ်ကြောင်း ဖော်ပြပြီး လုံးဝပယ်ထားခြင်း၊ ကံကံ၏ အကျိုးသဘာဝ မှန်အရ လူသည် မိမိကိုယ်ကို မိမိကိုယ်တိုင်သာလျှင် ကောင်းအောင် ဆိုး အောင် ဖန်ဆင်းနိုင်သည်ဟု လက်တွေ့ကျကျ လက်ခံ ယုံကြည်ခြင်းများ ကြောင့် ထာဝရဘုရား ဆိုသည်ကို ယုံကြည်မှု လုံးဝ မရှိကြချေ။ ထို့ ကြောင့် ထိုဘာသာခြားတို့ ပြောလေ့ ပြောထ ရှိသော တဆူတည်း သော ဘုရားဟူသော စကားကိုလည်း လက်သင့် မခံကြချေ။ ဗုဒ္ဓဘုရား ရှင်ဟူသည် လူဘဝမှပင် ဖြစ်လာရ၍ ကြိုးစားက ဘုရား ဖြစ်လာနိုင် သော ပါရမီလမ်းလည်း အခိုင်အမာရှိ၏။ ထို့ကြောင့် ဂင်္ဂါဝါဠုသဲစု မက သဗ္ဗညုဘုရား အမြောက်အမြား ပွင့်ထွန်းတော်မူခဲ့ပြီးပြီဟု အလေး အနက် သိမြင် ယုံကြည်လျက် ရှိကြပေသည်။

ဗုဒ္ဓဘာသာ ပိဋကတ် ကျမ်းဂန်များအရ ယခုလက်ရှိ ကျွန်ုပ်တို့ နေ ထိုင်ဆဲ ဖြစ်သော ဤလူ့ကမ္ဘာ၌ သဗ္ဗညုဘုရား လေးဆူ ပွင့်တော်မူပြီး ဖြစ်သည်၊ နောက်တဆူ ပွင့်စရာ ကျန်သေးသည်။ ဤအချက်ကို သိသာ ရုံ ဆက်လက် ဖော်ပြပါအံ့။

လက်ရှိလူ့ကမ္ဘာသည် အန္တရကပ် ၆၄ ကပ် ကြာမျှ တည်တံ့နေ မည် ဖြစ်သည်။ အန္တရကပ် ဟူသည် လူတို့သက်တန်း ၁၀ နှစ်တမ်းမှ သက်တမ်း မရေမတွက် နိုင်အောင် ရှည်သော အသင်္ချေယျတန်း သို့ တဖြည်းဖြည်း အသက်တန်း တိုးတက် လာသော အချိန်ပိုင်း ကြီးနှင့် အသင်္ချေယျတန်းမှ ၁၀ နှစ်တန်း အထိ တရွေ့ရွေ့ချင်း အသက်တမ်း တိုးလာသည့် အချိန်ပိုင်းကြီး၊ ဤကဲ့သို့ လူ့အသက် အတက် အကျ တစုံစာမျှ ကြာသော ကာလကို အန္တရကပ်ဟု သတ်မှတ် ခေါ်ဝေါ် ထားပေသည်။ ထိုသို့သော အန္တရကပ် ၆၄ ကပ် ပြည့်သော အခါ ဤ ကမ္ဘာမြေကြီးသည် လုံးဝပျက်စီး ပျောက်ကွယ်သွားမည် ဖြစ်ပေသည်။

ဤကမ္ဘာတည်ဦးစ ပထမ အန္တရကပ်၏ ဆုတ်ကပ် အသက်တမ်း ၄- သောင်း ခေတ်၌ ကကုသန် မြတ်စွာဘုရား ပွင့်တော်မူခဲ့သည်။ ဒုတိယ

အန္တရကပ်၏ ဆုတ်ကပ် အသက်တန်း ၃-သောင်း၌ကောဏာဂုံ မြတ်စွာ ဘုရား ပွင့်တော် မူခဲ့သည်။ တတိယ အန္တရကပ်၏ ဆုတ်ကပ် အသက် တမ်း ၂-သောင်း၌ ကဿပ မြတ်စွာဘုရား ပွင့်တော် မူခဲ့သည်။ စတုတ္ထ အန္တရကပ်၏ အသက်တန်း တရာ၌ ဂေါတမ မြတ်စွာဘုရား ပွင့်တော်မူ ခဲ့သည်။ စင်စင် ဂေါတမ မြတ်စွာဘုရားသည် အသက်တမ်း တသောင်း ၌ ပွင့်ရန် ဖြစ်သော်လည်း ပါရမီ မပြည့်သဖြင့် တရာတန်းမှာ လာပြီး ပွင့်ရခြင်း ဖြစ်လေသည်။ နောက်ပဉ္စမ အန္တရကပ်၏ ဆုတ်ကပ် အသက် တမ်း ၅-ထောင်၌ မေတ္တေယျ သဗ္ဗညု မြတ်စွာဘုရား ပွင့်တော်မူလိမ့် မည်။ ထို့နောက် ကျန်ရှိသော အန္တရကပ် ၅၉ ကပ် ကာလပတ်လုံး သဗ္ဗညု မြတ်စွာဘုရား ထွန်းမျှ ပွင့်တော်မူတော့မည် မဟုတ်ချေ။ ဗုဒ္ဓ ဘာသာ အမှန်တရား ကင်းမဲ့ပြီး မိစ္ဆာဝါဒ လွှမ်းမိုးသော အချည်းနှီး သော ကမ္ဘာကြီး အဖြစ်နှင့် နောက်ဆုံးကမ္ဘာ ပျက်ပြုန်းသည် အထိ သွားလိမ့်မည် ဖြစ်ပေသည်။

ယခုနေက ပြန်ကြည့်လျှင် ဒုတိယ အန္တရကပ် ဆုတ်ကပ် ၃-သောင်း တမ်း၌ ကောဏာဂုံ မြတ်စွာဘုရား ပွင့်တော်မူခဲ့သော ကာလသည် ခေတ် ပေါင်း နှစ်ပေါင်း များစွာ ကွာဝေးခဲ့ပြီး ဖြစ်သည်။ ထိုကောဏာဂုံ မြတ်စွာဘုရားကို ကျွန်ုပ်တို့ ကြုံကြိုက် ဖူးတွေ့ခဲ့ပါကလည်း ကျွတ်တမ်း ဝင်ခဲ့စရာ ရှိသည်။ မတွေ့ခဲ့ ရ၍သော အကျွတ်တန်းနှင့် ဝေးခဲ့ရသည် ဟူ သော အဓိပ္ပာယ်ဖြင့် ဤသံပေါက်ကို ဦးသြ စပ်ဆိုခဲ့ခြင်း ဖြစ်လေ သည်။

ဤတွင် စကား စပ်လျှဉ်းသည့် အလျောက် နှစ်ကျိပ်ရှစ်ဆူ ဘုရား ရှင်များ အကြောင်း ထည့်သွင်း ဖော်ပြ လိုပါသည်။ ဂေါတမ ဘုရား အလောင်း သုမေဓါ ရှင်ရသေ့သည် ဒီပင်္ကရာ မြတ်စွာဘုရား ထံမှ ဘုရားဖြစ်မည် ဟူသော ဗျာဒိတ်ကို စတင်ရခဲ့သည်။ ဒီပင်္ကရာ ဘုရား ရှင်နောက် ပွင့်တော်မူသမျှ ဘုရားရှင်တိုင်း ကလည်း ဂေါတမ ဘုရား အလောင်းအား ဗျာဒိတ်ထပ်၍ ထပ်၍ ပေးခဲ့သည်။ ဗျာဒိတ်ပေးသော

ဘုရားပေါင်းမှာ ဒီပင်္ကရာမှ ကဿပ ဘုရားရှင်အထိ ၂၄-ဆူ ဖြစ်လေသည်။

တဖန် ဒီပင်္ကရာ မြတ်စွာဘုရား ပွင့်တော်မူသော ကမ္ဘာ၌ ဒီပင်္ကရာ မြတ်စွာဘုရား၏ အရင် တဏှင်္ကရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာ ဟူသော ဘုရားရှင် သုံးဆူပွင့်ပြီး ဖြစ်သည်။ ထိုဘုရားရှင်များ ထံ၌မူ ဂေါတမ ဘုရား အလောင်း ဗျာဒိတ် မရသေးပေ။

မြတ်စွာဘုရားသည် မိမိ၏ ဗုဒ္ဓဝင်ကို ပြန်လည် ဟောကြားတော်မူရာ၌ ပဌမဦးစွာ ဗျာဒိတ် ခံယူခဲ့သော ဒီပင်္ကရာ ဘုရားရှင်မှ စတင် အသေးစိတ် ဟောကြားတော် မူခဲ့သည်။ ဒီပင်္ကရာ မတိုင်ခင် ဘုရားရှင်များကိုမူ စကား စပ်လျဉ်းမှ သာမန် ဖော်ပြလေသည်။ သို့မဟုတ် ယခုခေတ် ပြုစု ရေးသား ကြသော ဗုဒ္ဓဝင် စာအုပ်များ၌ ဒီပင်္ကရာ အစ ဂေါတမ ဘုရား အဆုံး ၂၅ ဆူသော ဗုဒ္ဓရှင်တော် များ၏ အကြောင်း ကိုသာ အသေးစိတ် ဖော်ပြ နိုင်ကြခြင်း ဖြစ်ပေသည်။

(ဗုဒ္ဓဝင် ပါဠိတော်)

သို့ရာတွင် ဂေါတမမြတ်စွာဘုရားအလောင်းတော် ပါရမီဖြည့်တော်မူသော လေးသင်္ချေနှင့် ကမ္ဘာတသိန်းကို ရေတွက်ရာတွင် ဒီပင်္ကရာဘုရား ပွင့်သော သာရမဏ္ဍကမ္ဘာကိုပါ ထည့်သွင်းရေတွက်ရ၏၊ ထိုကမ္ဘာ၌ ပွင့်သောကြောင့် တဏှင်္ကရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာ ဘုရားသုံးဆူ တို့သည် ဂေါတမ ဘုရားအလောင်းအား ဗျာဒိတ်ပေး ကိုယ်တော်များ မဟုတ်ကြသော်လည်း ကမ္ဘာအားဖြင့် ပတ်သက်နေပေသည်၊

သို့ဖြစ်သောကြောင့် ရှေးပညာရှိကြီးများသည် ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြပြီးသော ဘုရားရှင်များအနက်မှ မိမိတို့၏ ဂေါတမဘုရားရှင် ပါရမီဖြည့်သော ကမ္ဘာနှင့်ပတ်သက်သည့် ဘုရားရှင်က ၃ ဆူ၊ ဗျာဒိတ်ပေးသော ဘုရားရှင်က ၂၄ဆူ၊ မိမိတို့၏ ဂေါတမဘုရားရှင် ကတဆူ၊ စုစုပေါင်းဘုရားရှင် ၂၈-ဆူကိုသီးသန့်ခွဲခြား၍ နှစ်ကျိပ်ရှစ်ဆူ ဘုရား

ရှင်များအာ ဖြစ်ထွန်းပေါ်ပေါက်ခဲ့လေသည်။ 'သမ္ဗုဒ္ဓေ အဋ္ဌဝီသဥ္စ' ဆိုသည်မှာ ဤနှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်များပင်ဖြစ်လေသည်။

ဤတွင် မေးဘွယ်ရာတရပ်ရှိ၏။ ပါရမီဖြည့်သော ကမ္ဘာအခြေခံ ဆက်သွယ်မှုအရ နောင်ပွင့်လတ္တံ့ဖြစ်သော မေတ္တေယျ ဘုရားရှင်ကို အဘယ်ကြောင့်မယူသလဲ၊ မေတ္တေယျဘုရားရှင်နှင့်ဘကွ နှစ်ကျိပ်ကိုးဆူ ပြုလျှင်ကော မရပါသလော ဟူ၍ မေးဖွယ်ရှိ၏။

အဖြေကား – မေတ္တေယျဘုရားသည် ယခုအခါ၌ မပွင့်သေး၊ ဘုရား မဖြစ်သေး၊ထေရဝါဒဗုဒ္ဓဝါဒီတို့သည် ဘုရားအလောင်း ကိုးကွယ်သူများ မဟုတ်ကြ။ ဘုရားကိုသာ ကိုးကွယ်သူများဖြစ်ကြသည်။ ထို့ကြောင့် မပွင့်သေးသော မေတ္တေယျ ဘုရားကို မထည့်မသွင်းခြင်းဖြစ်ပေသည်။

## နှစ်ကျိပ်ရှစ်ဆူ

ယခုဆက်လက်၍ နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့နှင့် စပ်လျဉ်း၍ သိအပ်ဖွယ်ရာများကို အကျဉ်းချုပ်ဖော်ပြပါမည်။

ဘုရားရှင်များနှင့် ပတ်သက်၍ သိမှတ်ဘွယ်ရာအနှစ်ချုပ်ကို ဝေမတ္တ ဟု ကျမ်းဂန်များ၌ ဖော်ပြကြသည်။ ဝေမတ္တ ဟူသည် သဗ္ဗညုဘုရားချင်း တူသော်လည်း တိုင်းပြည်၊ မိဖုရား၊ ဖခင် စသည်ကွဲပြားမှုမျိုးကို ဆိုလိုသည်။ ဝေမတ္တ အလိုက် နှစ်ကျိပ်ရှစ်ဆူဘုရားရှင်များကို ဖော်ပြလိုက်ပါသည်။

၁။ **တဏှင်္ကရာဘုရားရှင်** – ၄ သင်္ချေနှင့် ကမ္ဘာတသိန်းထက် သာရမဏ္ဍ ကမ္ဘာ၌ ပွင့်သည်။ ဗောဓိပင်မှာ စရည်းပင်ဖြစ်၏။

၂။ **မေဓင်္ကရာဘုရားရှင်** – ၎င်း – ဗောဓိပင်မှာ ပေါက်ပင်ဖြစ်၏။

၃။ **သရဏင်္ကရာဘုရားရှင်** – ၎င်း – ညောင်ချဉ်ပင် ဖြစ်၏။

၄။ **ဒီပင်္ကရာဘုရားရှင်** – ၄ သင်္ချေနှင့် ကမ္ဘာတသိန်းထက် သာရ

မဏ္ဍကမ္ဘာ။ သက်တမ်း အနှစ်တသိန်း၊ ပြည်တော် - ရမ္မဝတီ၊ ခမည်းတော်-သုဒေဝ၊ မယ်တော်-သုမေမာ၊ အရပ်အမြင့် (ဉာဏ်တော်) အတောင် ၈၀။ ပြာသာဒ် သုံးဆောင်အမည်-ဟံသ၊ ကောဉ္စ၊ မယူရ၊ ကြင်ရာတော်-ပဒုမာ၊ သားတော်-အမည် ဥသဘက္ခန္ဓ၊ စည်းစိမ်နှစ် ၁ သောင်း၊ နိက္ခမ ယာဉ်-ဆင်။ ဒုက္ကရစရိယာ ၁၀-လ။ ဗောဓိပင်-ညောင်ကြတ်ပင်။ လကျ်ာရံ-သုမင်္ဂလထေရ်၊ လက်ဝဲရံ - တိဿထေရ်၊ အလုပ်အကျွေး-ရှင်သာဂတ။ လကျ်ာရံထေရီ-နန္ဒာ၊ လက်ဝဲရံ-သုနန္ဒာ။ စေတီအမြင့် ၃၆-ယူဇနာ။ ဗျာဒိတ်ခံသော ဘုရားအလောင်း အမည် သုမေဓာရသေ့။

၅။ ကောဏ္ဍည ဘုရားရှင်- ၃ သင်္ချေနှင့် ကမ္ဘာတသိန်းထက် သက်တမ်း အနှစ် တသိန်း၊ ရမ္မဝတီပြည်၊ ခမည်းတော် သုနန္ဒာ၊ မယ်တော် သုဇာတာ၊ အရပ်အမြင့် ၈၈ တောင်၊ ပြာသာဒ်သုံးဆောင် သုစိ၊ သုရုစိ၊ သုဘ၊ ကြင်ယာတော် ရုစိဒေဝီ၊ သားတော် ဝိဇိတသေန၊ စည်းစိမ်နှစ် ၁-သောင်း၊ နိက္ခမယာဉ် ရထား၊ ဒုက္ကရစရိယာ ၁၀-လ၊ ဗောဓိပင်-နပဲပင်၊ လကျ်ာရံထေရ် ဘဒ္ဒ၊ လက်ဝဲရံ သုဘဒ္ဒ၊ အလုပ်အကျွေး-အနုရုဒ္ဓ၊ လကျ်ာရံထေရီမ-တိဿာ၊ လက်ဝဲရံ-ဥပတိဿာ၊ စေတီ-၇ ယူဇနာ၊ ဗျာဒိတ်ခံ-ဝိဇိတာဝီစကြာမင်း။

၆။ မင်္ဂလ ဘုရားရှင် – ၂ သင်္ချေ နှင့် ကမ္ဘာတသိန်း သက်တမ်း အနှစ် ၉ သောင်း၊ ဥတ္တရပြည်၊ ခမည်းတော်-ဥတ္တရ၊ မယ်တော်-ဥတ္တရာ၊ ဉာဏ်တော် ၈၈ တောင်၊ ပြာသာဒ်သုံးဆောင် ယသဝါ၊ သုစိမာ၊ သိရိမာ။ ကြင်ယာတော် ယသဝတီ၊ သားတော် သီလဝ၊ စည်းစိမ်နှစ် ၉-ထောင်၊ နိက္ခမယာဉ်-မြင်း၊ ဒုက္ကရစရိယာ ၈-လ၊ ဗောဓိ-ကံ့ကော်ပင်၊ လကျ်ာရံထေရ်-သုဒေဝ၊ လက်ဝဲရံ ဓမ္မသေန၊ အလုပ်အကျွေး ပါလိတ၊ လကျ်ာရံထေရီမ သီဝလာ၊ လက်ဝဲ အသောကာ၊ စေတီအမြင့် ယူဇနာ ၃၀။ ဗျာဒိတ်ခံ သုရုစိပုဏ္ဏား။

၇။ သုမနဘုရားရှင်- ၂ သင်္ချေနှင့် ကမ္ဘာတသိန်းထက် အသက်တမ်း ၉-သောင်း၊ မေခလပြည်၊ ခမည်းတော်-သုဒတ္တ၊ မယ်တော် သီရိမာ၊ အရပ်အမြင့် အတောင်-၉၀၊ ပြာသာဒ်သုံးဆောင်-စန္ဒ၊ သုစန္ဒ၊ ဝဋံသ။ ကြင်ယာတော်ဝဋံသိကာ၊ သားတော် အနုရုဒ္ဓ၊ စည်းစိမ်နှစ် ၉-ထောင်။ နိက္ခမယာဉ်-ဆင်၊ ဒုက္ကရစရိယာ ၁၀-လ၊ ဗောဓိ-ကံ့ကော်ပင်၊ လက်ျာရံထေရ် သရဏ၊ လက်ဝဲ ဘာဝိတတ္တ၊ အလုပ်အကျွေး-ဥဒေန၊ လက်ျာရံထေရီမ သောဏာ၊ လက်ဝဲဥပသောဏာ၊ ၄ ယူဇနာ၊ ဗျာဒိတ်ခံ အတုလနဂါးမင်း။

၈။ ရေဝတဘုရားရှင်- ၂သင်္ချေနှင့် ကမ္ဘာတသိန်းထက်၊ အသက်တမ်း အနှစ် ၆-သောင်း၊ သုဓညဝတီပြည်၊ ခမည်းတော်ဝိပုလ၊ မယ်တော် ဝိပုလာ၊ အရပ်အမြင့်အတောင် ၈၀။ပြာသာဒ်သုံးဆောင် သုဒဿန ရတနဂ္ဃိ၊ အာဝေဠ။ ကြင်ယာတော် သုဒဿနာ၊ သားတော် ဝရုဏ၊ စည်းစိမ် နှစ် ၆-ထောင်။ နိက္ခမယာဉ်-ရထား၊ ဒုက္ကရစရိယာ ခုနစ်လ၊ ဗောဓိ ကံ့ကော်ပင်၊ လက်ျာရံထေရ် ဝရုဏ၊ လက်ဝဲ ဗြဟ္မဒေဝ၊ အလုပ်အကျွေး သမ္ဘဝ၊ လက်ျာရံထေရီမ-ဘဒ္ဒါ၊ လက်ဝဲသုဘဒ္ဒါ၊ စေတီအများ၊ ဗျာဒိတ်ခံ အတိဒေဝပုဏ္ဏား။

၉။ သောဘိတဘုရားရှင်- ၂-သင်္ချေနှင့်ကမ္ဘာတသိန်းထက်၊ သက်တမ်းအနှစ် ၉-သောင်း၊ သုဓမ္မပြည်၊ ခမည်းတော်သုဓမ္မ၊ မယ်တော် သုဓမ္မာ၊ အရပ်အမြင့် ၅၈-တောင်၊ ပြာသာဒ်သုံးဆောင်၊ ကုမုဒ၊ နာဠိန၊ ပဒုမ၊ ကြင်ယာတော်မဏိလာ၊ သားတော်သီဟ၊ စည်းစိမ်နှစ်၉-ထောင်၊ နိက္ခမယာဉ်ပြာသာဒ်၊ ဒုက္ကရစရိယာ ၇-ရက်၊ဗောဓိကံ့ကော်ပင်၊ လက်ျာရံထေရ်အသမ၊ လက်ဝဲသုနေတ္တ၊ အလုပ်အကျွေး အနောမ၊ လက်ျာရံထေရီမ နကုလာ၊ လက်ဝဲ သုဇာတာ၊ စေတီအများ၊ ဗျာဒိတ်ခံ သုဇာတပုဏ္ဏား။

၁၀။ အနောမဒဿီဘုရားရှင်- ၁-သင်္ချေ နှင့် ကမ္ဘာတသိန်းထက်၊ အသက်တမ်းအနှစ်တသိန်း၊ စန္ဒဝတီပြည်၊ ခမည်းတော် ယသဝါ၊ မယ်

တော် ယံသောမရော၊ အရပ်အမြင့် ၅၀ တောင်၊ ပြာသာဒ်သုံးဆောင် သီရိ၊ဥပသီရိ၊ ဝစုံ၊ ကြင်ယာတော် သီရိမာ၊ သားတော်ဥပဝါဏ၊ စည်းစိမ်နှစ် ၁-သောင်း၊ နိက္ခမ ယာဉ် ရွှေထမ်းစင်၊ ဒုက္ကရ စရိယာ ၁၀လ၊ ဗောဓိပင် ဖေါက်ကြံ့ပင်၊ လက်ျာရံ ထေရ် နိသဘ၊ လက်ဝဲအနောမ၊ အလုပ် အကျွေး ဝရုဏ၊ လက်ျာရံ ထေရီသုန္ဒရီ၊ လက်ဝဲ သုမနာ၊စေတီ ၂၅-ယူဇနာ၊ ဗျာဒိတ်ခံဘုရားလောင်း ဘီလူးစစ်သူကြီး။

၁၁။ ပဒုမဘုရားရှင်- ၁-သင်္ချေ နှင့် ကမ္ဘာတသိန်းထက်၊ အသက်တမ်း အနှစ် တသိန်း၊ စမ္ပကပြည်၊ ခမည်းတော် အသမ၊ မယ်တော် အသမာ၊ အရပ်အမြင့် ၅၀-တောင်၊ ပြာသာဒ်သုံးဆောင် နန္ဒ၊ ဝသု၊ ယသုဩရ။ ကြင်ယာတော်ဥတ္တရာ၊ သားတော်ရမ္မ၊ စည်းစိမ်နှစ်၁-သောင်း၊ နိက္ခမယာဉ် ရထား၊ ဒုက္ကရစရိယာ ၈-လ၊ ဗောဓိ ကြောင်ရှာပင်၊ လက်ျာရံထေရ် သာလ၊ လက်ဝဲ ဥပသာလ၊ အလုပ် အကျွေး ဝရုဏ၊ လက်ျာရံ ထေရီ ရာမာ၊ လက်ဝဲဥပရာမာ၊ စေတီအချား၊ ဗျာဒိတ်ခံ ဘုရားလောင်းခြင်္သေ့မင်း

၁၂။ နာရဒဘုရားရှင်- ၁-သင်္ချေ နှင့် ကမ္ဘာတသိန်းထက်၊ အသက်တမ်း အနှစ် ၉-သောင်း၊ ဓညဝတီပြည်၊ ခမည်းတော် သုဒေဝ၊မယ်တော် အနောမာ၊အရပ်အမြင့် ၈၈ တောင်၊ ပြာသာဒ်သုံးဆောင် ဇိတ၊ ဝိဇိတ၊ အဘိရာမ၊ ကြင်ယာတော် ဝိဇိတ သေနာ၊ သားတော် နန္ဒုတ္တရ၊ စည်းစိမ်နှစ် ၉-ထောင်၊ နိက္ခမယာဉ် ခြေလျင်၊ ဒုက္ကရ စရိယာ ၇-ရက်၊ဗောဓိ ကြောင်လျှာပင်၊ လက်ျာရံ ထေရ် ဘဒ္ဒသာလ၊ လက်ဝဲ ဇိတမိတ္တ၊အလုပ် အကျွေး ဝါသေဋ္ဌ၊ လက်ျာရံ ထေရီ ဥတ္တရာ၊ လက်ဝဲ ဖဂ္ဂုနီ၊ စေတီ ၄ ယူဇနာ၊ ဗျာဒိတ်ခံ ရသေ့ရဟန်း။

၁၃။ ပဒုမုတ္တရ ဘုရားရှင်- ကမ္ဘာတသိန်းထက်၊ အသက်တမ်း အနှစ် တသိန်း၊ ဟံသဝတီတိုင်းပြည်၊ ခမည်းတော် အာနန္ဒ၊ မယ်တော်သုဇာတာ၊ အရပ်အမြင့်၅၀-တောင်၊ ပြာသာဒ်သုံးဆောင် နရဝါဟန၊ ယသ၊ ဝသဝတ္တိ။ ကြင်ယာတော် ဝသုဒတ္တာ၊ သားတော် ဥတ္တမ၊ စည်းစိမ်နှစ်

အနှစ် ၁သောင်း၊နိက္ခမယာဉ် ပြာသာဒ်၊ ဒုက္ကရစရိယာ ၇-ရက်၊ ဗောဓိ ဆပ်သဖူးပင်၊ လက်ျာရံ ဒေဝလ၊ လက်ဝဲ သုဇာတ၊ အလုပ်အကျွေး သုမန၊ လက်ျာရံထေရီ အမိတာ၊ လက်ဝဲ အသမာ၊ စေတီ ၁၂ ယူဇနာ၊ ဗျာဒိတ်ခံ ဇဋိလမင်း။

၁၄။ သုမေဓ ဘုရားရှင်- ကမ္ဘာ ၃- သောင်း ထက်၊ အ သက်တမ်း အနှစ် ၉- သောင်း၊ သုဒဿနပြည်၊ ခမည်းတော် သုဒတ္တ၊ မယ်တော် သုဒတ္တာ၊ အရပ်အမြင့် ၈၈—တောင်၊ ပြာသာဒ် သုံးဆောင် သုစန္ဒ၊ကဉ္စန၊ သိရိဝဍ္ဎ ကြင်ယာတော်သုမနာ၊ သားတော် ပုနဗ္ဗသု၊ စည်းစိမ်နှစ် ၉ထောင်၊နိက္ခမယာဉ်ဆင်၊ဒုက္ကရစရိယာ၁၅-ရက်၊ ဗောဓိကျည်းပင်၊လက်ျာရံထေရ်သရဏ၊ လက်ဝဲ သဗ္ဗကာမ၊အလုပ်အကျွေး သာဂရ၊ လက်ျာရံထေရ်ရီ ရာမာ၊ လက်ဝဲ သုရာမာ၊ စေတီ အများ၊ ဗျာဒိတ်ခံ ဥတ္တရလုလင်။

၁၅။ သုဇာတ ဘုရားရှင်- ကမ္ဘာ ၃သောင်း-ထက်၊ အသက်တမ်း အနှစ် ၉သောင်း၊ သုမင်္ဂလ နေပြည်တော်၊ ခမည်းတော် ဥဂ္ဂတ၊ မယ်တော် ပဘာဝတီ၊အရပ်အမြင့် အတောင် ၅၀၊ ပြာသာဒ်သုံးဆောင် သိရီ၊ ဥပသိရီ၊ နန္ဒ၊ ကြင်ယာတော် သိရိနန္ဒာ၊ သားတော် ဥပသေန၊ စည်းစိမ်နှစ် ၉ထောင်၊နိက္ခမယာဉ် မြင်း၊ ဒုက္ကရစရိယာ ၉-လ၊ ဗောဓိကြခတ်ဝါးပင်၊ လက်ျာရံထေရ် သုဒဿန၊ လက်ဝဲ သုဒေဝ၊ အလုပ်အကျွေး နာရဒ၊ လက်ျာရံထေရီ နာဂါ၊ လက်ဝဲနာဂသမာလာ၊ စေတီအမြင့် ၃-ဂါဝုတ်၊ ဗျာဒိတ်ခံ စကြာဝတေးမင်း။

၁၆။ ပိယဒဿီ ဘုရားရှင်- ၁၁၈ ကမ္ဘာထက်၊ အသက်တမ်း အနှစ် ၉သောင်း၊ သုဓညနေပြည်တော်၊ ခမည်းတော် သုဒတ္တ၊ မယ်တော် စန္ဒာ၊ အရပ်အမြင့်အတောင်၈၀၊ ပြာသာဒ်သုံးဆောင်သုနိမ္မလ၊ ဝိမလ၊ ဂိရိဂုဟ။ ကြင်ယာတော် ဝိမလာ၊ သားတော် ကဉ္စနာဝေဠ၊ စည်းစိမ်နှစ် ၉ထောင်၊ နိက္ခမယာဉ် ရထား၊ ဒုက္ကရစရိယာ ၆-လ၊ ဗောဓိ ဖေါက်ကြံ့ပင်၊ လက်ျာရံထေရ် ပါလိတ၊ လက်ဝဲ သဗ္ဗဒဿီ၊ အလုပ်အကျွေး သောဘိတ၊

လကျာ်ရံထေရ် သုဇာတာ၊ လက်ဝဲ ဓမ္မဒိန္နာ၊ စေတီ ၃-ယူဇနာ၊ ဗျာဒိတ်ခံ ကဿပ ပုဏ္ဏား။

၁၇။ အတ္ထဒဿီ ဘုရားရှင်- ၁၁၈-ကမ္ဘာထက်၊ အသက်တမ်း အနှစ် တသိန်း၊ သောဘဏ နေပြည်တော်၊ ခမည်းတော် သာဂရ၊ မယ်တော်သုဒဿနာ၊ အရပ်အမြင့် အတောင် ၈၀၊ ပြာသာဒ် သုံးဆောင် အမရဂိရိ၊ သုဂိရိ၊ ဝါဟန။ ကြင်ယာတော် ဝိသာခါ၊ သားတော်သေလ၊ စည်းစိမ်နှစ် ၁သောင်း၊ နိက္ခမယာဉ် မြင်း၊ ဒုက္ကရစရိယာ ၈-လ၊ ဗောဓိ စကားပင်၊ လကျာ်ရံထေရ် သန္တ၊ လက်ဝဲ ဥပသန္တ၊ အလုပ် အကျွေး အဘယ၊ လကျာ်ရံထေရီ ဓမ္မာ၊ လက်ဝဲ သုဓမ္မာ၊ စေတီ အများ၊ ဗျာဒိတ်ခံ သုသီမရသေ့။

၁၈။ ဓမ္မဒဿီ ဘုရားရှင်- ၁၁၈-ကမ္ဘာထက်၊ အသက်တမ်း အနှစ် တသိန်း၊ သရဏ နေပြည်တော်၊ ခမည်းတော် သရဏ၊ မယ်တော်သုနန္ဒာ၊ အရပ်အမြင့်အတောင် ၈၀၊ ပြာသာဒ်သုံးဆောင် အရဇ၊ ဝိရဇ၊ သုဒဿန၊ ကြင်ယာတော် ဝိစိကောဠိ၊ သားတော် ပုညဝဍ္ဎန၊ စည်းစိမ်နှစ် ၈ ထောင်၊ နိက္ခမယာဉ်- ပြာသာဒ်၊ ဒုက္ကရစရိယာ ၇-ရက်၊ ဗောဓိ- သံသတ်ပင်၊ လကျာ်ရံထေရ် ပဒုမ၊ လက်ဝဲ ဖုဿဒေဝ၊ အလုပ်အကျွေး သုနေတ္တ၊ လကျာ်ရံထေရီ ခေမာ၊ လက်ဝဲ သစ္စနာမ၊ စေတီ ၃-ယူဇနာ။ ဗျာဒိတ်ခံ ဘုရားလောင်း သိကြားမင်း။

၁၉။ သိဒ္ဓတ္ထ ဘုရားရှင်- ၉၄-ကမ္ဘာထက်၊ အသက်တမ်း အနှစ် တသိန်း၊ ဝေဘာရပြည်၊ ခမည်းတော် ဥဒေန၊ မယ်တော် သုဖဿာ၊ အရပ်အမြင့် အတောင် ၆၀၊ ပြာသာဒ်သုံးဆောင်၊ ကောက၊ သုပ္ပလ၊ ကောကနဒ၊ ကြင်ယာတော် သောမနဿာ၊ သားတော် အနုပမ၊ စည်းစိမ်နှစ် ၁သောင်း၊ နိက္ခမယာဉ်- ရွှေထမ်းစင်၊ ဒုက္ကရစရိယာ ၁၀-လ၊ ဗောဓိ မဟာလှေကားပင်၊ လကျာ်ရံထေရ် သမ္ဗလ၊ လက်ဝဲ၊ သုမိတ္တ၊ အလုပ်အကျွေး ရေဝတ၊ လကျာ်ရံထေရ် သီဝလာ၊ လက်ဝဲ သုရာမာ၊ စေတီ ၄-ယူဇနာ၊ ဗျာဒိတ်ခံ မင်္ဂလရသေ့။

၂၀။ တိဿ ဘုရားရှင်- ၉၂ ကမ္ဘာထက်၊ အသက်တမ်း အနှစ် တသိန်း၊ ခေမက နေပြည်တော်၊ ခမည်းတော် ဇနသန္ဓ၊ မယ်တော် ပဒုမာ၊ အရပ်အမြင့် အတောင် ၆၀၊ ပြာသာဒ် သုံးဆောင် ဂုဟာသေလ၊ နာရိသယ၊ နိသဘ။ ကြင်ယာတော် သုဘဒ္ဒါ၊ သားတော် အာနန္ဒ၊ စည်းစိမ်နှစ် ၇ထောင်၊ နိက္ခမယာဉ် မြင်း၊ ဒုက္ကရစရိယာ ၈-လ၊ ဗောဓိ- ပိတောက်ပင်၊ လကျ်ာရံထေရ် ဗြဟ္မဒေဝ၊ လက်ဝဲ ဥဒယ၊ အလုပ်အကျွေး သမင်္ဂ၊ လကျ်ာရံထေရီ ဖုဿာ၊ လက်ဝဲ သုဒတ္တာ၊ စေတီ ၃ ယူဇနာ၊ ဗျာဒိတ်ခံ သုဇာတမင်း။

၂၁။ ဖုဿဘုရားရှင်- ၉၂- ကမ္ဘာထက်၊ အသက်တမ်း အနှစ် ၉သောင်း၊ နေပြည်တော် ကာသိက၊ ခမည်းတော် ဇယသေန၊ မယ်တော် သိရိမာ၊ အရပ်အမြင့် ၅၈-တောင်၊ ပြာသာဒ် သုံးဆောင် ဂရုဠပက္ခ၊ ဟံသ၊ သုဝဏ္ဏဘာရ။ ကြင်ယာတော် ကိသာဂေါတမီ၊ သားတော် အနူပမ၊ စည်းစိမ်နှစ် ၉တောင်၊ နိက္ခမယာဉ် ဆင်၊ ဒုက္ကရစရိယာ ၆-လ၊ ဗောဓိ ကြက်ဆူပင်၊ လကျ်ာရံထေရ် သုရက္ခ၊ လက်ဝဲ ဓမ္မသေန၊ အလုပ်အကျွေး သဘိယ၊ လကျ်ာရံထေရီ စာလာ၊ လက်ဝဲ ဥပစာလာ၊ စေတီအများ၊ ဗျာဒိတ်ခံ ဝိဇိတာဝီမင်း။

၂၂။ ဝိပဿီဘုရားရှင်- ၉၁- ကမ္ဘာထက်၊ အသက်တမ်း အနှစ် ၈သောင်း၊ ဗန္ဓုမတီပြည်၊ ခမည်းတော် ဗန္ဓုမာ၊ မယ်တော် ဗန္ဓုမတီ၊ အရပ်အမြင့် အတောင် ၈၀၊ ပြာသာဒ်သုံးဆောင် နန္ဒ၊ သုနန္ဒ၊ သိရိမာ။ ကြင်ယာတော် သုဒဿနာ၊ သားတော် သမဝတ္တက္ခန္ဓ၊ စည်းစိမ်နှစ် ၈ထောင်၊ နိက္ခမ ရထားယာဉ်၊ ဒုက္ကရစရိယာ ၈-လ၊ ဗောဓိ သခွတ်ပင်၊ လကျ်ာရံထေရ် ခဏ္ဍ၊ လက်ဝဲ တိဿ၊ အလုပ်အကျွေး အသောက၊ လကျ်ာရံထေရီ စန္ဒာ၊ လက်ဝဲ စန္ဒမိတ္တာ၊ စေတီ ၇-ယူဇနာ၊ ဗျာဒိတ်ခံ အတုလ နဂါးမင်း။

၂၃။ သိခီ ဘုရားရှင်- ၃၁ ကမ္ဘာထက်၊ အသက်တမ်း အနှစ် ၇-သောင်း၊ အရုဏဝတီပြည်၊ ခမည်းတော် အရုဏ၊ မယ်တော် ပဘာဝတီ၊

အရပ်အမြင့် အတောင် ၇၀၊ ပြာသာဒ် သုံးဆောင် သုစန္ဒက၊ ဂိရိ၊ ဝသဘ။ ကြင်ယာတော် သဗ္ဗကာမာ၊ သားတော် အတုလ၊ စည်းစိမ် အနှစ်၇-ထောင်၊ နိက္ခမယာဉ်-ဆင်၊ ဒုက္ကရစရိယာ ၈-လ၊ ဗောဓိ သရက်ဖြူပင်၊ လကျ်ာရံထေရ် အဘိဘူ၊ လက်ဝဲ သမ္ဘဝ၊ အလုပ်အကျွေး ခေမင်္ကရ၊ လကျ်ာရံ ထေရီ သခိလာ။ လက်ဝဲ ပဒုမာ၊ စေတီ ၃ ယူဇနာ၊ ဗျာဒိတ်ခံ အရိန္ဒမမင်း။

၂၄။ **ဝေဿဘူဘုရားရှင်**-၃၁ ကမ္ဘာ ထက်၊ အသက်တမ်းအနှစ်ခြောက်သောင်း၊ အနောမပြည်၊ ခမည်းတော် သုပ္ပတိတ၊ မယ်တော် ယသဝတီ၊ အရပ်အမြင့် အတောင်၆၀၊ ပြာသာဒ်သုံးဆောင် ရုစိ၊ သုရုစိ၊ ရတိဝဍ္ဎန၊ ကြင်ယာတော် သုစိတ္တာ၊ သားတော် သုပ္ပဗုဒ္ဓ၊ စည်းစိမ် နှစ် ၆-ထောင်၊ နိက္ခမယာဉ် ရွှေထမ်းစင်၊ ဒုက္ကရစရိယာ ၆ လ၊ ဗောဓိ အင်ကြင်းပင်၊ လကျ်ာရံထေရ် သောဏ၊ လက်ဝဲ ဥတ္တရ၊ အလုပ်အကျွေး ဥပသန္တ၊ လကျ်ာရံထေရီ ရာမာ၊ လက်ဝဲ သမာလာ၊ စေတီအများ၊ ဗျာဒိတ်ခံ သုဒဿနမင်း။

၂၅။ **ကကုသန်ဘုရားရှင်**- ဤဘဒ္ဒ ကမ္ဘာ၊ အသက်တမ်း အနှစ် ၄ သောင်း၊ ခေမာဝတီပြည်၊ ခမည်းတော် အဂ္ဂိဒတ္တ၊ မယ်တော် ဝိသာခါ၊ အရပ်အမြင့် အတောင် ၄၀၊ ပြာသာဒ် သုံးဆောင် ကာမ၊ ကာမဝဏ္ဏ၊ ကာယသုဒ္ဓိ၊ ကြင်ယာတော် ရောစိနီ၊ သားတော် ဥတ္တရ၊ စည်းစိမ်နှစ် ၄ ထောင်၊ နိက္ခမယာဉ် ရထား၊ ဒုက္ကရစရိယာ ၈-လ၊ ဗောဓိ ကုက္ကိုပင်၊ လကျ်ာရံထေရ် ဝိဓုရ၊ လက်ဝဲ သဉ္ဇီဝ၊ အလုပ်အကျွေး ဗုဒ္ဓိဇ၊ လကျ်ာရံထေရီ သာမာ၊ လက်ဝဲ စမ္ပာ၊ စေတီအမြင့် ၁-ဂါဝုတ်၊ ဗျာဒိတ်ခံ ခေမမင်း။

၂၆။ **ကောဏာဂုံဘုရားရှင်**- ဤဘဒ္ဒကမ္ဘာ၊ အသက်တမ်း အနှစ် ၃-သောင်း၊ သောဘဝတီပြည်၊ ခမည်းတော် ယညဒတ္တ၊ မယ်တော် ဥတ္တရာ၊ အရပ်အမြင့် အတောင် ၃၀၊ ပြာသာဒ်သုံးဆောင် တုသိတ၊ သန္တုသိတ၊ သန္တုဋ္ဌ၊ ကြင်ယာတော် ရုစိဂတ္တာ၊ သားတော် သတ္ထဝါဟ၊ စည်းစိမ်

နှစ် ၁ ထောင်၊ နိက္ခမယာဉ် ဆင်၊ ဒုက္ကရစရိယာ ၆ လ၊ ဗောဓိ ရေသဖန်းပင်၊ လကျာ်ရံထေရ် ဘိယျသ၊ လက်ဝဲ ဥတ္တရ၊ အလုပ်အကျွေး သောတ္ထိဇ၊ လကျာ်ရံ ထေရီ သမုဒ္ဒါ၊ လက်ဝဲ ဥတ္တရာ၊ စေတီအများ ဗျာဒိတ်ခံ ပဗ္ဗတမင်း။

၂၇။ **ကဿပဘုရားရှင်**– ဤဘဒ္ဒကမ္ဘာ၊အသက်တမ်း အနှစ် ၂– သောင်း၊ ဗာရာဏသီပြည်၊ ခမည်းတော် ဗြဟ္မဒတ္တ၊ မယ်တော် ဓနဝတီ၊ အရပ်အမြင့် အတောင် ၂၀၊ ပြာသာဒ် သုံးဆောင် ဟံသ၊ ယသ၊ သိရိနန္ဒ၊ ကြင်ယာတော် သုနန္ဒာ၊ သားတော် ဝိဇိတသေန၊ စည်းစိမ် နှစ် ၂ ထောင်၊ နိက္ခမယာဉ် ပြာသာဒ်၊ ဒုက္ကရစရိယာ ၇ ရက်၊ ဗောဓိ ညောင်ပင်၊ လကျာ်ရံ ထေရ် တိဿ၊ လက်ဝဲ ဘာရဒွါဇ၊ အလုပ်အကျွေး သဗ္ဗမိတ္တ၊ လကျာ်ရံ ထေရီ အနုဠာ၊ လက်ဝဲ ဥရုဝေဠာ၊ စေတီအမြင့် ၁-ယူဇနာ၊ ဗျာဒိတ်ခံ ဇောတိပါလ လုလင်။

၂၈။ **ဂေါတမဘုရားရှင်**– ဤဘဒ္ဒ ကမ္ဘာ၊ သက်တမ်း အနှစ် တရာ၊ ကပိလဝတ်ပြည်၊ ခမည်းတော် သုဒ္ဓေါဒန၊ မယ်တော် မဟာမာယာ၊ အရပ်အမြင့် ၁၈ တောင်၊ ပြာသာဒ် သုံးဆောင်၊ ရမ္မ၊ သုဘ၊ သုရမ္မ၊ ကြင်ယာတော် ဘဒ္ဒကစ္စာနာ၊ သားတော် ရာဟုလာ၊ စည်းစိမ်နှစ် ၂၉ နှစ်၊ နိက္ခမယာဉ် မြင်း၊ ဒုက္ကရစရိယာ ၆ နှစ်၊ ဗောဓိ ညောင်ဗုဒ္ဓဟေပင်၊ လကျာ်ရံ ကောလိတ၊ လက်ဝဲ ဥပတိဿ၊ အလုပ်အကျွေး အာနန္ဒာ၊ လကျာ်ထေရီ ခေမာ၊ လက်ဝဲ ဥပ္ပလဝဏ္ဏာ၊ စေတီအများ။

**ထူးခြားချက်များ။**

နှစ်ကျိပ်ရှစ်ဆူ ဘုရားရှင်တို့အနက် ထူးခြားချက်အချို့မှာ အောက်ပါတို့ဖြစ်ကြ၏။

ဒီပင်္ကရာ မြတ်စွာဘုရားကို ဆဋ္ဌဘိည ရဟန္တာလေးသိန်း အမြဲခြံရံသည်။ ဒီပင်္ကရာမြတ်စွာဘုရား သာသနာ၌ ရဟန္တာမဖြစ်ပဲ သောတာပန် သကဒါဂါမ်၊ အနာဂါမ်မျှသာဖြစ်ပြီး လူဝတ်ဖြင့်နေသူများသည် ကဲ့ရဲ့ခံကြရသတတ်။

မင်္ဂလ ဘုရားရှင်၏ ရောင်ခြည်တော်သည် စကြဝဠာတသောင်းလုံးကို အနှံ့ထွက်၍ အမြဲတည်သည်။ သစ်ပင်တောတောင် ရေမြေသမုဒ္ဒရာတို့နှင့်တကွ လူတို၏ အသုံးအဆောင်များပါ ရောင်ခြည်တော်လွှမ်း၍ ရွှေရောင်ရှိကြကုန်၏။ ရောင်ခြည်တော်သည် နေ့ညဉ့်မပြတ် အမြဲတည်ရှိနေ၍ မင်္ဂလဘုရားရှင် သက်တော်ထင်ရှား ရှိသမျှကာလပတ်လုံး နေ့ညဉ့် ဟူ၍မဒ္ဓ။ တလောကလုံး အမြဲ ထွန်းလင်းနေပေသည်။ အခြားမည်သည့် ဘုရားရှင် မျှ ဤသို့ ရောင်ခြည်တော် မထွန်းပချေ။

မင်္ဂလဘုရား အလောင်းတော်သည် ဆီမီးခွက်ကို ဦးခေါင်းဖြင့် ရွက်ပြီး မိမိကိုယ်တိုင်ကိုလည်း ဆီဆွတ် အဝတ်ပုဆိုးဖြင့် ရစ်ပတ်၍ ဆီမီးတိုင်ပမာ ပြုကာ စေတီတော် တဆူအား ဆီမီး ပူဇော်ဖူး၏။ ကိုယ်ကိုမီးညှိ၍ တညဉ့်ပတ်လုံး စေတီကို ဝင်္လျက် မီးပူဇော် သော်လည်း မွေးညှင်း တပင်မျှ မီးမလောင်ချေ။

ထို့ပြင် ဝေဿန္တရာကဲ့သို့ နောက်ဆုံး အလောင်းတော် ဘဝ၌ မိမိ၏ရင်သွေးနှစ်ဦးကို ခရဒါဠိက ဘီလူးအား လှူဒါန်း၏။ ဘီလူးသည် ဘုရားအလောင်း ရှေ့မှာပင် ကလေးငယ် နှစ်ယောက်ကို ကျွတ်ကျွတ်ဝါး၍ စားလေ၏၊ ဘီလူးခံတွင်း၌ သားသမီး၏ သွေးစိမ်း ရှင်ရှင်ကို မြင်တော်မူရာတွင် တဆံဖျားမျှ စိတ်နှလုံး မသာမယာ မဖြစ်ပဲ ငါ၏အလှူ အောင်မြင်ပေသည်ဟု အလှူဒါနကို အာရုံပြု၍ နှစ်သက်ဝမ်းမြောက် နိုင်ခဲ့၏။

ဤသို့သော ကုသိုလ်ထူးများကြောင့် မင်္ဂလ ဘုရားရှင် ဖြစ်သာသော အခါ အခြားသော ဘုရားရှင်တို့ထက် ထူးကဲသော ရောင်ခြည်တော်ကို ရတော်မူခြင်း ဖြစ်ပေသည်။

ပဒုမုတ္တရ ဘုရားရှင် လက်ထက်၌ တိတ္ထိဟူ၍ လုံးဝ မရှိပေ၊ ဘာသာခြား အယူကွဲပြားသူ မရှိ၊ နတ်လူအားလုံး ဘုရားရှင် သာသနာကိုသာ ခံယူကြလေသည်၊ အခြားသော ဘုရားရှင် သာသနာ များတွင်မူ အယူတပါး ဘာသာခြား တိတ္ထိတို့ ရှိကြမြဲ ဖြစ်ကြသည်။

(တထာဂတ ဥဒါနဒီပနီ-ပထမတွဲ)

သတ်ပုံကျမ်းပြု ဦးဩသည် ကောဏာဂုံ ဘုရားရှင်ကိုမှ ရွေးပြီး စပ်ဆိုခြင်း၌ အကြောင်းထူး မတွေ့ရချေ၊ (မသတ်) သေးသေးတင် အုံကာရန် အရာ ဖြစ်၍သာ ကောဏာဂုံ ဘုရားကို စပ်ဆိုခြင်း ဖြစ်ရာ သည်။

အကျိုးကျေးဇူး

ဤသတ်ပုံ သံပေါက်ကို လေ့လာခြင်းဖြင့် အသိတရား ဖြစ်ပွားစေသည်၊ ကောဏာဂုံ ဘုရားနှင့် လွဲခဲ့ရသော သူတို့သည် လက်ရှိ ကြုံတွေ့နေရသော ဂေါတမ ဘုရား ဘာသနာတော် တွင်းမှာပင် ကျွတ်တမ်းဝင်ရေး စိတ်သွေး ကြိုးစား သင့်ကြောင်း အသိဉာဏ် ဖြစ်စေနိုင်သည်။

ပါဠိဝေါဟာရ 'ဂမန' ၌ အဆုံး 'န'ကို ချေဖျက် 'မ'ကို သေးသေးတင် (နိဂ္ဂဟိတ်)ပြု၊ အ,သရကို ဥ,သရပြုပြီး 'ဂုံ' ဟူသော ပါဠိသက် မြန်မာဝေါဟာရ တီထွင် ရယူနိုင်ကြောင်း နည်းလမ်း တရပ်ကိုလည်း သိရပေသည်။

# ပုဒ်ရင်း။ သီဟိုဠ်ကျွန်းဝေတော်၊ မုဒ္ဒတော်၊
# ပုဒ်ပါဠိ ကျမ်းစီရင်။

သီဟိုဠ်နိုင်ငံမှ ကျမ်းဂန်တတ်မြောက်သော ရှင်ဗုဒ္ဓဒတ်ထေရ်သည် ပုဒ်ပါဠိအကျဉ်းဖြင့် ကျမ်းဂန် စီရင်ပြုစုတော်မူသည်။

ဝေါဟာရ ဖွင့်ဆိုချက်-

'သီဟိုဠ်' ဟူသော ဝေါဟာရ၏ ရင်းမြစ်သည် 'သီဟဠ' ဟူသော ပါဠိစကားလုံး ဖြစ်သည်။ 'သီဟဠ' ဟူ၍လည်းကောင်း၊ 'သီဟလ' ဟူ၍လည်းကောင်း (ဠနှင့်လ) စာလုံးပေါင်း နှစ်မျိုးရှိ၏။ ဤတွင် 'လဋ္ဌာနမဝိသေသော၊ လယေဠကြီး ကဲ့ပြားသော်လည်း အနက်မထူး' ဟူသော ရူပသိဒ္ဓိ ကျမ်းလာ ပရိဘာသာ အရ သီဟဠနှင့် သီဟလ အနက်တူသည်။

စတုရင်္ဂဗလ အမတ်ကြီး က ယင်း၏ အဘိဓာန်ဋီကာ ကျမ်း၌ 'သီဟံ လဠိတိ သီဟဠော'ဟု ဂုဏ်ပြုကျင်းသည်။ သီဟံ၊ ခြင်္သေ့ကို၊ လဠိ၊ ယူတတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်၊ သီဟဠော၊ သီဟဠမည်ကုန်၏။ သီဟပုဒ်၊လာဓာတ်၊ အပစ္စည်း၊ လာဓာတ်သည် ဂဟဏယူခြင်း အနက်၌ ဖြစ်ကြောင်း ဓာတွတ္ထသင်္ဂြိုဟ် ကျမ်း၌ ဆိုသည်။ ခြင်္သေ့ကို ဖမ်းယူ တတ်သောကြောင့် 'သီဟဠ' မည်၏ ဟူပေ။

'သီဟ' ကို ခြင်္သေ့အနက်ဖြင့် စပ်ဆိုသည်။

ဆင်ပြောင်စသည်၊ သီဟာတခြား၊ သစ်ကျွဲများကို၊

မဆိုထားဘိ (သူဇာပျို-၁၇၀)

သမန်းနာမ်၊ အသံသီဟ၊ ရာဇိန္ဒ၏၊ မိဘမခြား။

အူတုံဘွားသည်၊ (ကုသပျို-၂၀၀)။

သက္ကတဘာသာတွင် ခြင်္သေ့ကို 'သိံဟ'ဟု ခေါ်သည်၊ ဟကို ဃသို့ ပြောင်း၍လည်း သိံဃဟု ဆိုသည်။ ဗေဒင်ကျမ်းတွင် 'မိဿော သိဃော ဓနုဇေဝ' ဟု 'သိဃ'ကို ပြသည်။ သို့ဖြစ်၍ သီဟ (ပါ) သိံဟ(သ) သိဃ(ပြောင်း) ဟူ၍ သုံးမျိုးရှိ၏။ နန်းဝလေ့ ဘွဲ့ထူးဂုဏ်ထူး များတွင်လည်း 'သီဟသူရ၊ သိင်္ဃသူရ' သို့ မဟုတ် 'သီဟသူ၊ သိဃသူ' ဟူ၍ ပါရှိသည်။ ခြင်္သေ့ကဲ့သို့ ရဲရင့်သူဟုဆိုလိုသည်။ (ကဝိမဏ္ဍာဒီ ၁၂၃)။ လင်္ဂတ်နှင့် ပြန်တွဲစပ်သော အခါ 'သီဟလ၊ သီဟဠ၊ သိံဟလ၊ သိံဟဠ၊ သိဃလ၊ သိဃဠ'ဟူ၍ ခြောက်မျိုး ဖြစ်ထွက်လေသည်။ အားလုံးပြသော့အနက် ပေးချည်း ဖြစ်၏။

'သီဟဠ' ကို မြန်မာမှုပြု၍ 'သီဟိုဠ်' ဟူသော ပါဠိသက် ဝေါဟာရကို ရရှိသည်။ 'သီဟဠ' မှ 'သီဟိုဠ်'သို့ ပြောင်းရာတွင်-

(၁) အဆုံးအန္တ အက္ခရာကို အသတ်တင်၍ သရမဲ့ပြုခြင်း။
(၂) အ(-)ကို အို(ို)သို့ ပြောင်းလဲခြင်း။

ဟူသော ဥပဒေသ နှစ်ရပ်ကို အသုံးပြုသည်။

'သီဟဠ' မှ 'ဠ' ကို အသတ်တင်၍ 'ဠ်' သို့ ပြောင်းသည်၊ အသတ်တင်သော အခါ (ဠ်+အ) မှ 'အ' သရသံ ပျောက်သွားပြီး ရှတ်ချိန် မတြာဝက် ကာလမျှသာ ရှိသော 'ဠ်' ဗျည်းစစ်စစ်ကျန်၏။ ထို့ကြောင့် 'ဠ်'သံပီသစွာ မထွက်တော့ချေ (ဟ်+အ=ဟ)မှ အ ကို အို သို့ ပြောင်း၍ ဟ မှ ဟို ဖြစ်လာသည်။ သို့ဖြစ်၍ 'သီဟဠ' သုံးသံထွက် ပါဠိ ရင်းမြစ်မှ 'သီဟိုဠ်'ဟု နှစ်သံထွက် ပါဠိသက် မြန်မာဝေါဟာရ ဖြစ်ပါလေသည်။ 'သီဟိုဠ်'လည်း နည်းတူပင်။

အ မှ အို ပြောင်းထုံး သာဓကများမှာ အောက်ပါ တို့ပင် ဖြစ်ကြသည်။

တောရဏ (ပါ)မှ တုရိုဏ်၊ တုရိုင် (ဏ-င)
ဓမ္မကရဏ (ပါ)မှ ဓမ္မကရိုဏ်၊ ဓမ္မကရိုင် (ဏ-င)
နိသီဒန (ပါ)မှ နိသိဒိန်၊ နိသိဒိုင် (န-င)
ပကရဏ (ပါ)မှ ပ‌ကြိုဏ်
မဏ္ဍလ (ပါ)မှ မဏ္ဍိုလ်၊ မဏ္ဍိုင် (လ-င)
ယုဂန္ဓရ (ပါ)မှ ယုဂန္ဓိုရ်
ဝိဇ္ဇာဓရ (ပါ)မှ ဝိဇ္ဇာဓိုရ်
သမ္ဗုဋ္ဌိန (ပါ)မှ သမ္ဗုဋ္ဌိန်၊ သမ္ဗုဋ္ဌိုင် (န-င)

'သီဟဠ၊ သီဟိုဠ်' ဟူသော အမည်သည် အနွတ္ထအမည် ဖြစ်၏။ ခြင်္သေ့ကို ဖမ်းယူတတ်သော သီဟမင်းသားသည် မုချအားဖြင့် သီဟဠ မည်၏။ ထိုသီဟ မင်းသားနှင့် လူမျိုးတူ လူအပေါင်းသည် သဒိသူပစာ (အတူတင်စားချက်) အားဖြင့် သီဟဠ မည်၏။ ထိုလူတို့ နေသော ကျွန်းသည်ကား ဌာနူပစာ အားဖြင့် သီဟဠ မည်၏။ ဤသို့ သာရတ္ထဒီပနီဋီကာနှင့် သုတ်သီလက္ခန် ဋီကာကျမ်းတို့၌ ဆိုသည်။

## သီဟိုဠ် အတ္ထုပ္ပတ္တိ။

သီဟိုဠ် ဖြစ်ပေါ်လာပုံ အကြောင်း ဗျူပ္ပတ်နှင့်စပ်လျဉ်း၍ ရှင်မဟာနာမ ပြုစုသော မဟာဝံသကျမ်း၊ အဆိုကို အကျဉ်းချုပ် ဤသို့ သိအပ်၏။

ဝင်္ဂတိုင်း ဝင်္ဂရာဇ်မင်း၏ သမီးတော်သည် ကာမအကြောင်း အားလျော်စွာ ဟိမဝန္တာတော၌ နေသော ကေသရ ခြင်္သေ့မင်းနှင့် အကြောင်းပါပြီး သားတယောက် သမီးတယောက် ဖွားမြင်သည်။ သားသီဟဗာဟု မင်းသား အရွယ်ရောက်သော အခါ မိခင်နှင့်နှမ သီဟသီဝလိကို ပခုံးဖြင့် ထမ်း၍ တောထဲမှ လူနေဒေသသို့ ပြေးလာကြသည်။ ဖခင် ခြင်္သေ့ကြီး လိုက်လာသောအခါ သားသီဟဗာဟုက သတ်ဖြတ် နှိမ်နင်း၍ မင်းမြှောက် ခံရသည်။ မိဖတို့သခင် သီဟဗာဟု မင်းသား နေခဲ့ဖူးသော တောင်တွင်းအရပ် (လာဠတိုင်း) ၌ တိုင်းပြည်တည်၍ စိုးစံသည်။

သီဟဗာဟုမင်းက သား တယောက် သမီး တယောက် ဖွားရာတွင် သားတော်ကြီး ဝိဇယမင်းသား ဆိုးသွမ်း၍ ငယ်ကျွန်များနှင့် အတူ ဖောင်ဖြင့် သမုဒ္ဒရာသို့ မျှောလိုက်ကြသည်။ ထိုဖောင်သည် လက်ဒီပ ဟူ၍ လည်းကောင်း၊ နာဂဒီပဟူ၍ လည်းကောင်း၊ ယက္ခဒီပ ဟူ၍ လည်းကောင်း၊ သုံးမည်ရသော ကျွန်းတွင် ဆိုက်လေသည်။ ဝိဇယ မင်းသားသည် ကျွန်းရှင်မယ်ကုဝဏ်နှင့် သင့်မြတ်၍ ထိုကျွန်း၌ မင်းပြု လေသည်။ ထိုကျွန်း၏ ထေဝီ ပုံသွင်သည် ခြင်္သေ့ ဦးခေါင်းနှင့် တူ ကြောင်း မုံရွေး ဇေတဝန် ကျောင်းတော်ကြီး သမိုင်း (လက်ရေးမူ) အရ သိရသည်။ ဤကဲ့သို့ သီဟဠ မင်းမျိုးတို့ နေရာဒေသ ဖြစ်သော ကြောင့် 'သီဟိုဠ်ကျွန်း'ဟူ၍ထင်ရှားလာလေသည်။ ယခုခေတ်တွင်မူ သီရိ လင်္ကာ အမည်ဖြင့် ထင်ရှားသည်။ အိန္ဒိယပြည်၏ တောင်ဘက် မိုင်၃၀- ခန့် အကွာ ပင်လယ်ထဲ၌ တည်ရှိလေသည်။

ကျမ်းသည် ကျမ်းဂန်ဟူသော အနက်၊ တံသုတ်ကျမ်းဟု ဟူသော အနက်၊ တင်းကျမ်း ဟူသော အနက်တို့၌ ဖြစ်၏၊ ကျမ်းသည် ဟူသော ဝေါဟာရသည် မပြိုးမမောက်၊ မရှိုက်မလျှ ပြည့်မျှသည် ဟူသော အနက် ဖြစ်သင့်ကြောင်း ဝေါဟာရတ္ထပကာသနီ ကျမ်း၌ ပြဆို၏။ ညီ သည်၊ ညီစေသည်ဟု ဆိုရသည်။

ကြိုးကြိုးပမ်းပမ်း၊ သင်သော ကျမ်း၌၊ ငြိမ်းချမ်း မင်္ဂဖိုလ် (ဘူရိဒတ် ဇာတ်ပေါင်း ၅၉)။

မွှးဘခြီးမွှမ်း၊ တိတ္ထိကျမ်းကို၊ စွဲသမ်းအယူ (ကိုးခန်းပျို့-၃၃) တို့ ၌ 'ကျမ်း'ဟူသော ဝေါဟာရသည် နည်းဥပဒေအရ အနက် မလျှံမကျ ပြည့်မျှသည် ဟူသော အနက်ကို ဆောင်၏။

> ပမာနှိုင်း တမ်း၊ တံသုတ်ကျမ်းသို့၊ ပို့ရမ်းစုံတို့၊ (တန်တားဦး တည် မော်ကွန်း-၄၅)။

ဤပုံစံ၌ 'ကျမ်း'သည် တံသုတ်ဟူသော အချောင်းအတံဖြင့် ညီမျှ စေ သည် ဟူသော အနက်ရှိ၏။

နက်စွာအဝှမ်း၊ ရေတင်းကျမ်းလည်း၊ နှိုင်းတမ်းမမျှ (ဘူရိဒတ်ဇာတ်ပေါင်း-၁၀၀)

ငြိတ်ငြိတ်မှမ်းမှမ်း၊ ခရီးလမ်းနှင့်၊ တင်းကျမ်းပြည့်ဖြိုး၊ (တန်တားဦးတည်-၁၂)။

တို့၌ 'ကျမ်း'သည် ပြည့်တင်း ညီမျှသည် ဟူလို။ တင်းကျမ်းလည်း ပြည့်ညီခြင်း အနက်ကိုပင် ဟောသည်။ ဗုံများကို သားရေကျက်သော အခါ တင်းလာလျှင် မျက်နှာပြင် ညီလာသည်။ ထို့ကြောင့် 'တင်း' သည် ပြည့်ညီခြင်း အနက်ကိုပင် ညွှန်ပေသည်။

**ဂန္ထ** (ပါ) အဆက်အစပ် အာထုပ်အသိမ်း သေသပ်စွာ ရေးဖွဲ့ထားသော စာစောင်ကြီး ဟူ၍ ပါဠိသက် ဝေါဟာရ အဘိဓာန် ဆရာက အနက်ပေးသည်။ စင်စစ် 'ဂန္ထ'ဟူသည် အထုံးအဖွဲ့ပင် ဖြစ်သည်။ စာများကို အထုံးအဖွဲ့ ပြုထားသော အရာဖြစ်သည်၊ ဂန္ထမှဂန် ဖြစ်လာသည်၊ ကျမ်းနှင့်ဂန် မြန်မာပါဠိ ပူးပေါင်း၍ 'ကျမ်းဂန်' ဟူသော တွဲလုံး ဝေါဟာရသစ် တရပ် ဖြစ်လာခဲ့သည်၊ ပေစာရွက် များကို ညီအောင် အပေါက်ဖောက်ပြီး တုတ်တံဖြင့် သီသည်၊ ထက်အောက် ပျဉ်ပြား တချပ်စီဖြင့် ညှပ်သည်။ ထို့ကြောင့် ပေစာထုပ်သည့် နှုတ်ခမ်းသားများ ညီနေသည်၊ ကျမ်းဂန်ဟူသည် ညီနေသော ဂန္ထပင် ဖြစ်ကြောင်း အနက် ဖော်နိုင်သည်။

သို့ဖြစ်သောကြောင့် 'ကျမ်းတတ်' ဟူသော ဝေါဟာရ၌ ကျမ်း၏ အဓိပ္ပာယ်မှာ ညီညွတ် ပြည့်ဝ စုံလင်သော စာပေအဖွဲ့အစည်း တရပ်ကို ကျမ်းဟု ခေါ်သည်။

**'တတ်'** ၏ အနက်မှာ အထူးသဖြင့် ဆောင်ရွက်နိုင်သည် ဟူသော အနက်၊ အသိမှာ ပညာဟူသော အနက်၊ ပြုကာမျှ ဖြစ်ကာမျှ ဟူသော အနက်၊ အလေ့အထ ဟူသော အနက်များပင် ဖြစ်၏။

ပညောင် စောင့်တတ်၊ ရက္ခနတ် (ကိုးခန်း) ဆိုရာ၌'တတ်' သည် အထူးသဖြင့် ဆောင်ရွက်နိုင်သော အနက် ရှိ၏။

ရည်သွားသိတတ်၊ ကျင့်ရာဝတ် (ဘူလင်) ၌ အလိမ္မာပညာ အနက်ကို ညွှန်၏။

ကဒရာတိ၊ ပြုတတ်၏။ ပစတိ၊ ချက်ဘတ်၏။ ဆိုသာမျိုး၌ ကတ္တား အနက်မှန်း သိအောင်သော တတ်ကို ထည့်ခြင်း ဖြစ်၍။ အနက်ဘူး မရှိ။ တတ်သည် သာမန်မျှ ဖြစ်၏။

တဿီလ အနက်၌ ဘယဒဿာဝီ၊ ဘေးကိုမြင်လေ့ ရှိ၏၊မြင်တတ်၏၊ ဆို့ရာတွင် 'တတ်'သည် အလေ့အထ သဘောကို ပြပေသည်။

'ကျွမ်းတတ်' ဟူသော ဝေါဟာရ၌ တတ်သည် အထူး ဆောင်ရွက်နိုင်ခြင်း အနက်၊ တတ်သိ လိမ္မာခြင်း အနက်တို့ကို ဟောရသည်။ ကျွမ်းဝင်၍ အထူးဆောင်ရွက် နိုင်သည်၊ ကျွမ်းဝင်၍ လိမ္မာသည်ကို ကျွမ်းတတ်ဟု ဆိုရသည်။

'ဗုဒ္ဓဒတ်'၏ ရင်းမြစ်သည် ဗုဒ္ဓဒတ္တ (ပါ)ဖြစ်၏၊ နောက်ဆုံး အက္ခရာနှစ်လုံးအနက် အောက်အလုံးကို ချေဖျောက်၊ အထက်တလုံးကို တမ်းခွန်လွှား၍ အသံမဲ့ပြုကာ 'ဗုဒ္ဓဒတ်' ဟူသော ဝေါဟာရကို ရသည်၊ ဗြဟ္မဒတ္တမှ ဗြဟ္မဒတ်၊ သောမဒတ္တမှ သောမဒတ်၊ ယညဒတ္တမှ ယညဒတ်၊ ဒေဝဒတ္တမှ ဒေဝဒတ်၊ ဘူရိဒတ္တမှ ဘူရိဒတ်၊ အနုဝဒတ္တမှ အနုဝဒတ် ပြောင်းသကဲ့သို့ပင် ဖြစ်၏။

အမည်မှည့်ပုံ ယဉ်ကျေးမှုကို လေ့လာသော် ဒတ္တသည် ပေးခြင်း အနက်ဟော၏။ ဗြဟ္မာ ဖန်ဆင်းမှုကို ယုံကြည်သူတို့က သူတို့အား ဗြဟ္မာက သားကို ပေးသည်ဟု ယုံကြည်၍ ဗြဟ္မဒတ္တ (ဗြဟ္မဒတ်) ဗြဟ္မာပေးသောသားဟု အမည်မှည့်ခြင်းဖြစ်သည်။ နတ်ပေး၍ ရသောကလေးကို ဒေဝဒတ်၊ သောနတ်ခင်း ပေး၍ ရသော ကလေးကို သောမဒတ် စသည် မှည့်ခေါ်၏။ ဤသို့သော သာသနာပြင်ပ ပုဂ္ဂိုလ်တို့၏ ယဉ်ကျေးမှုသည် ဗုဒ္ဓဘာသာဝင် များကို ကူးစက် လာဟန် တူသည်။ ထို့ကြောင့် (ဘုရားပေးသော သား) ဟူသော အဓိပ္ပာယ်ဖြင့် 'ဗုဒ္ဓဒတ်' ဟူ၍ နာမည်ပေးခြင်း ဖြစ်ရသည်။ (ဗုဒ္ဓ=ဘုရား၊ ဒတ္တ= ပေး အပ်သူ)။

'ပုဒ်' ၏ ရင်းမြစ်မှာ ပဒ (ပါ)ဖြစ်၏။ 'ဒ'၌ အသတ်ဟင် 'ပ'မှ အကို အုသို့ ပြောင်း၍ ပဒမှ ပုဒ် ဖြစ်လာ၏။ အဝိကရဏမှ အဓိက ရုဏ်းသို့ ပြောင်းသကဲ့သို့ပင်။

'ပုဒ်' သည် အနက်ရသော အက္ခရာ အပေါင်း စကားတလုံး စကား တခွန်း ဟူသော အနက်၊ အဓိပ္ပာယ် ပြည့်စုံသည့် စာပိုဒ်၊ သို့မဟုတ် ဂါထာ၊ကဗျာ! ဟူသော အနက်၊ ဝါကျတခု၊ စာပိုဒ်ဘာပုဒ် ပြီးဆုံး ကြောင်း ပြသော သင်္ကေတ အမှတ်အသား ဟူသော အနက်ကို ပြ ဆိုသည်။ ယင်းတို့တွင်-

သမာသ် တဒ္ဓိတ်၊ အာချာတ်ကြိတ်ဟု၊ လေးပုဒ် ဝါစက (ကိုး ခန်း ၇) ၌ စကားတလုံး အနက်ကို ဖော်ပြ၏။

ဂါထာချီကောက်၊ သုံးပိုဒ်လောက်တည့်၊ တယောက်တပုဒ်၊ မယုတ် မလွန်။ ပြန်လှန်ခြေဘင်၊ အံ့ချီးဆင်ပိမ့် (ဇနကပျို-၁၇၂) ၌ စာပိုဒ် ဟူသော အနက်ကိုဆောင်၏၊ (ဤ၌ ပိုဒ်နှင့်ပုဒ် အနက်တူ သဘောရှိ၏)

မေတ္တာသုတ်တစောင်လုံး၊ ပုဒ်မပါကျုံးပြီးလျှင် (ဦးပုညမေတ္တာစာ) ၌ ဝါကျဆုံးပြသင်္ကေတအနက်ဟော၏။

ပုဒ်သေး၊ ပုဒ်မ ဟူ၍လည်း နှစ်မျိုးရှိ၏၊ မျဉ်းမတ်တိုတချောင်း(၊) မှာပုဒ်သေး၊ နှစ်ချောင်း (။)မှာ ပုဒ်မ၊ ဝါ၊ ပုဒ်ကြီးဟုခေါ်သည်။

ခင်ကြီးဖျော်ဆရာတော်၏ သဒ္ဒါကြီးပုဒ်စစ်စုံကျမ်းတွင် ပုဒ်အမျိုးမျိုး ကို ဖော်ပြထား၏၊ အက္ခရာတလုံးသာရှိသောပုဒ်(ပုံ-ဂေါ)၊အက္ခရာများ စွာ ပါဝင်သောပုဒ် (ပုံ-ပုရိသော)၊ ပုဒ်များစွာ တွဲထားသောပုဒ် (ပုံ- ယံ ကိဉ္စိ) စသည်ဖြင့် များစွာစိစစ်ပြဆိုထားသည်။ ပါဠိပုဒ်များကို စိစစ် ပြထားသော်လည်း မြန်မာဘာသာအတွက် အသုံးဝင်သော နည်းစနစ် များစွာပါလေသည်။

ပုဒ်နှင့်ပိုဒ်ကို ယခုအခါ ခွဲခြားကြ၏၊ ပါရာဂရပ်(Paragraph)ဟု ခေါ်သော စကားတရပ်ကို ပိုဒ် ဟုခေါ်၏။ ရတုတွင် ကောပိုဒ်ရတု၊ ပိုဒ်စုံရတုဟူ၍ သုံးသည်ကို ထောက်ထားရာသည်။

'ပါဠိ'၏ ရင်းမြစ်သည် ပါဠ (ပါ)ဖြစ်၏။ အသတ်တင်၍ 'ပါဠိ'ဖြစ်လာ၏။ ရင်းမြစ်အနက်မှာ ရွတ်ဖတ်ခြင်းတည်း။ အဓိပ္ပာယ်အနက်အရ ဘုရားဟော ပါဠိတော်ကို ပါဠိ ဟုဆိုသည်။

ပါဠိ သရုပ်၊ ပါဠ ဂုတ်ကို၊ တွေ့သုဘ်ကျမ်းသာ၊ မြင်ချေပါသို့ (ပါရမီ-၁)။

အတ္ထနယုတ်၊ ပါဠဂုတ်ကို၊ ဖော်ထုတ်ကျမ်းဘွင့် (မဃ-၃၆၁)။

'ပါဠဂုတ်'ကား အဋ္ဌကထာကျမ်းတည်း။ ပါဠ-ပါဠိ၊ ဂုတ္တ၊ ဂုတ်၊ လုံခြုံအောင် စောင့်ရှောက်သော(ကျမ်း)ဟူလို။ ဘုရားဟောပါဠိကို စောင့်ရှောက်သောကျမ်းကား အဋ္ဌကထာကျမ်းတည်း။

ဠ နှင့် ဠ္ဌ ကို ခွဲခြားမှတ်သားရာ၏။ ဠ ကား သုဒ္ဓတည်း၊ ဠ္ဌ ကား ဠ+ဠ=ဠ္ဌ တည်း။ နှစ်လုံးဆင့်တည်း။ ထို့ကြောင့် ပါဠ္ဌိ ဟု ရေးလျှင် မှား၏။ ဠာနကို ဠ္ဌာနဟုရေးလျှင် မှား၏။ သတိချပ်ရန် အချက်ဘည်း။

'စီရင်'၌ 'စီ'သည် ကုံးသည်ဟူသောအနက်၊ စီဟူသောအနက်၊ တစီစီ ဟူသော အနက်၊ စုံသည် ဟူသောအနက်တို့၌ ဖြစ်၏။ 'ရွှေးရှုလုံးညီ၊ ပုလဲစီသို့' ဆိုရာ၌ ကဲ့သို့ သင့်လျော်ရာ ယှဉ်ဖက်စပ်ယှက်သည်ကို 'ကုံးသည်'ဟု ဆိုသည်၊ ကြေးလုံးကလေးများ အသုံးစုံ မှောက်လှန်သဖြင့် ကုံးသီစီလျဉ်စွာ ရှိသည်ကို 'စီ'ခေါ်၏။ အလျဉ် မပြတ်ဆင်သည်ကို 'တစီစီ'ဟု ဆိုသည်။ 'ဗာရာဏသီ၊ စုံစီပြောဝ'ဆိုရာ၌ ကဲ့သို့ စုံသည်၊ စီသည်၊ ဝပြောသည်ဟူလို။

'စီရင်'ကို ဂျပ်ဆင်မြန်မာ အင်္ဂလိပ် အဘိဓာန်၌ ဆုံးဖြတ်သည် to decide ဟုပြ၏၊ 'စီရင်' မှ 'အစီအရင်'ဟူသော ကြိယာနာမ်လည်း ဖြစ်၏။

"ရာဇာများပန်း၊ ဖန်နန်းများရှင်၊ ဘန်စီရင်၍"

ဆိုရာ၌ ဘန်ဆင်းသည်၊ စီရင်သည်၊ ပြုလုပ်သည် ဟု အဓိပ္ပာယ်ရ၏။ ဤ'ပုဒ် ပါဠိ ကျမ်းစီရင်'ဆိုရာ၌ စီရင်၏ အဓိပ္ပာယ်မှာ ပြုလုပ်သည် ဟူ၍ဖြစ်၏။ ကျမ်းဂန်ရေးသားသည် ဟူလို။

ယခုဆက်လက်၍ အရှေ့တိုင်း ရှေးခေတ် ကျမ်းရေးနည်းစနစ်ကို ဆက်လက်ဖော်ပြအပ်ပါသည်။

## ဂန္ထာရမ္ဘ–ကျမ်းပျိုးစနစ်၏ အခြေအနေ

ပါဠိ၊ မြန်မာရှေးဟောင်း ကျမ်းဂန်များစွာတို့၌ ကျမ်း၏နိဒါန်း ဟူသည်း မဆိုသာသော စကားဦးစကားစများကို အမြဲလိုလိုတွေ့ရပေသည်။ ဤကဲ့သို့ ကျမ်းကို စပုံစနည်း စနစ်တချပ်ကို အမှတ်တမဲ့အလွတ် မပေးပဲ ခြေခြေမြစ်မြစ် သိခွင့်ရခဲ့သည်ရှိသော် ရှေးဟောင်းကျမ်းပြုနည်း စနစ်၏ တစိတ်တဒေသကို နည်းရဖွယ်ရှိပေသည်။

## ကျမ်းဂန်ဟူသည်

မိမိဖော်ပြလိုသော အကြောင်းအရာ တရပ်ရပ်ကို အကျိုးသင့် အကြောင်းသင့် စီကာစဉ်ကာ သဒ္ဒါအနက်ပြည့်စုံစွာ စည်းကမ်းစနစ် တကျ သီကုံးထုံးဖွဲ့ထားသော အရာကို 'ဂန္ထ'ဟူ၍ ခေါ်၏။ ဂန္ထ ဟူသော ပါဠိဝေါဟာရကို 'ကျမ်း'ဟူ၍ မြန်မာပြန်ဆိုလေသည်။ ကျမ်း၏ အဓိပ္ပာယ်မှာ ညီညွတ်ခြင်းပင်ဖြစ်၏၊ မပို့မခေါက် မရှုပ်ထွေးပဲ ပြည့်ညီသည်ဟူ၍ ဆိုလိုသည်။

ပေစာချက်များကို ပေစာထုပ်ပြုလုပ်ရာတွင် နှုတ်ခမ်းသား တညီတည်း ရှိစေပြီး ထက်အောက် သစ်သားပြားတခုစီဖြင့် ညှပ်၍ထားရာ ကောင်းစွာ ညီညွတ်လေသည်။ ယင်းသို့ ညီညွတ်သောအရာကို ကျမ်းဟုခေါ်၏။ ကျမ်းနှင့်ဂန္ထ ဝေါဟာရနှစ်ရပ်ကို တွဲပြီး ကျမ်းဂန္ထ(ကျမ်းဂန်)ဟူ၍ သုံးစွဲကြလေသည်။

## ကျမ်းပျိုးစကားနှစ် ရည်ရွယ်ချက်

ရှေးဟောင်း ဘာရတနိုင်ငံ (ယခု အိန္ဒိယနိုင်ငံ)၏ စာပေယဉ်ကျေးမှု
.26 မှ မြစ်ဖျားခံလာသော အချို့ကိုး စာပေလောက၌ ကျမ်းဂန်အဆူဆူ

တို့တွင် ရေးလိုရင်းအကြောင်းအရာကို မာဓမတင်မီ ကျမ်းဦးကျမ်းစ စကားများ ရေးသားထည့်သွင်းထားသည်ကို တွေ့ရပေသည်။ ထိုစကား ဦးများကို လေ့လာကြည့်သောအခါ ကျမ်းပြုဆရာအနေဖြင့် ကျမ်းကို စတင်အားထုတ် ရေးသားပြုစုပြီဖြစ်ကြောင်း သိရပေသည်။ ကျမ်းကို အားထုတ်ခြင်းကို ပါဠိဝေါဟာရအားဖြင့် ဂန္ထာရမ္ဘ ဟု ခေါ်သည်[၁]။ ဂန္ထာရမ္ဘ ကို ကျမ်းပျိုးစကားဟု ဘာသာပြန်သော် သင့်တန်ပေရာသည်။ ဤကဲ့သို့ ကျမ်းပျိုးစကားဖြင့် မိမိကျမ်းဂန်ကို စတင်ဖွင့်လှစ်သည့် စနစ် သည် အရှေ့တိုင်း ပညာရှင်တို့၏ ကျမ်းရေးနည်းစနစ်တရပ်ပင် ဖြစ်ခဲလ သည်။

ကျမ်းပျိုးစကားရေးသားကြရာတွင် ရည်ရွယ်ချက်နှစ်ရပ် ထားရှိကြ ကြောင်း သိရပေသည်။ ယင်းရည်ရွယ်ချက်နှစ်ရပ်တို့မှာ–

(၁) ကျမ်းရေးနေစဉ် ကာလအတွင်း ဘေးအန္တရာယ် အနှောင့် အယှက်တို့မှ ကင်းရှင်းစေလိုခြင်း။

(၂) ရေးသားနေသော ကျမ်းကို ကောင်းမွန်စွာပြီးစီးစေလို ခြင်းတို့ ဖြစ်လေသည်[၂]။

## ဂန္ထာရမ္ဘစနစ်၏ ရေသောက်မြစ်

ဤတွင် ကျမ်းပျိုးစကားရေးသည့် စနစ်သည် မည်သည့်ခေတ်လောက် က စတင်ပေါ်ပေါက် သုံးစွဲခဲ့ကြသနည်း၊ ဆိုခဲ့ပါအန္တရာယ် ပျောက် ခြင်း၊ ကျမ်းပြီးခြင်း အကျိုးနှစ်ပါးရရှိအောင် ကျမ်းကိုမည်ကဲ့သို့ ပျိုးခဲ့ကြသနည်း၊ ဤသို့စသည့်အချက်တို့ကို သိသင့်လှပေသည်။ သို့သိရန် မှာ မဇ္ဈိမဒေသ၌ ပေါ်ထွန်းခဲ့သော ပါဠိ၊ သက္ကတ စာပေကြီးနှစ်ရပ်၏ သက်ဆိုင်ရာသမိုင်းဖြစ်စဉ်ကို သုံးသပ်ရန် လိုပေသည်။

---

၁။ ဂန္ထ=ကျမ်းဂန်၊ အာရမ္ဘ-အားထုတ်ခြင်း၊ အစပျိုးခြင်း။
၂။ ဋီကာကျော်

သာသနာ့ခေတ်တွင်း ပါဠိစာပေကျမ်းဂန်များတွင် မြတ်စွာဘုရား မုက္ခပါဠိ ပါဠိတော် ကျမ်းဂန်များ နှင့် ထိုမှအလွတ်ဖြစ်သော အဋ္ဌကထာ(အဖွင့်ကျမ်း)စသော ကျမ်းဂန်များဟူ၍ အဓိကအားဖြင့် နှစ်မျိုး နှစ်စား ခွဲခြားရပေသည်။ ပါဠိတော်ကျမ်းဂန်များတွင် ဂန္ထာရမ္ဘခေါ် ကျမ်းပျိုးစကား တစုံတရာမျှ မပါမရှိချေ၊ ရှင်အာနန္ဒာ၏ ဧဝံ မေ သုတံ နိဒါန်းဖြင့်သာ အစချီမြဲဖြစ်သေသည်။ အဋ္ဌကထာ အစရှိသော အခြား ကျမ်းများတွင် ကျမ်းပျိုးစကား အမြဲပါရှိသည်ကို တွေ့ရပေသည်။

## ပါဠိကျမ်းဂန်များနှင့် ကျမ်းပျိုးစနစ်

အဋ္ဌကထာကျမ်းလောကတွင် ဘီစီ ၃ ရာစုခန့်က ပေါ်ခဲ့သော ရှေး အကျဆုံး အဋ္ဌကထာကြီးများ ရှိခဲ့သည်။ ၎င်းတို့မှာ—

မဟာအဋ္ဌကထာ
မူလ အဋ္ဌကထာ
မဟာပစ္စရီ အဋ္ဌကထာ
စူဠအဋ္ဌကထာ
ကုရုန္ဒီအဋ္ဌကထာ
အန္ဓကအဋ္ဌကထာ
သင်္ခေပအဋ္ဌကထာ
အရိယအဋ္ဌကထာ

တို့ဖြစ်ကြ၏ ယင်းအဋ္ဌကထာကြီးတို့သည် ရှေးဟောင်းသီဟိုဠ်ဘာသာဖြင့် ရှိခဲ့ကြသည်။ ယခုအခါတွင်မူ လုံးဝကွယ်ပျောက်ခဲ့ပြီးဖြစ်၍ လေ့လာ နိုင်ခွင့်မရကြပြီ၊ သို့ရာတွင် အဋ္ဌကထာကြီးများကို အကျဉ်းချုံး၍ခေတ်မီ အောင် ပြန်လည် ရေးသားပြုစုထားသော အဋ္ဌကထာသစ်များကို လေ့လာနိုင်သေးသည်၊ ၎င်းတို့မှာ အေဒီ ၅-ရာစုခန့်က ပေါ်ပေါက်ခဲ့ သောရှင်မဟာဗုဒ္ဓဃောသနှင့် ရှင်မဟာဗုဒ္ဓဒတ္တ၏ အဋ္ဌကထာကျမ်းများ။ ရှင်ဓမ္မပါလ၏ အဋ္ဌကထာကျမ်းများဖြစ်ကြ၏၊ ရှင်မဟာဗုဒ္ဓဃောသ၏

အဋ္ဌကထာကျမ်းမှာ ကျမ်းရေ(၄၀)ရှိ၏၊ ရှင်ဗုဒ္ဓဒတ်သည် ဗုဒ္ဓဝင် အဋ္ဌကထာနှင့် အခြားကျမ်း(၅)ကျမ်းပြုစုခဲ့၏၊ ရှင်ဓမ္မပါလသည် ဣတိဝုတ္တက အဋ္ဌကထာအစရှိသော အဋ္ဌကထာ(၇)ကျမ်းနှင့် ဝိသုဒ္ဓိမဂ်မဟာဋီကာ စသော ဋီကာ(၁၆)ကျမ်းပြုစုခဲ့သည်၊ ဆိုခဲ့ပါ ဂန္ထဝင်မြောက် ပါဠိဘာသာ အဋ္ဌကထာဋီကာ ကျမ်းကြီးများ၌ ဂန္ထာရမ္ဘခေါ် ကျမ်းဦး စကားများ ပါရှိမြဲဖြစ်သည်ကို တွေ့ရပေသည်။

ရှင်မဟာ ဗုဒ္ဓဃောသသည် သမန္တပါသာဒိကာ အမည် ရှိသော ဝိနည်းအဋ္ဌကထာ ကျမ်းကြီး၏ ကျမ်းလာ်မှန်၌ ဤသို့ ကျမ်းဦး စကား ရေးသား ထားပေသည်။

မြတ်စွာ ဘုရားသည် မဟာ ကရုဏာတော်ရှင် ဖြစ်သည့် အားလျော်စွာ လောကအကျိုး အတွက် ကမ္ဘာ ကုဋေပေါင်း များစွာ ကာလပတ်လုံး လူသာမန်တို့ ပြုလုပ် ဆောင်ရွက်ရန် ခက်ခဲသော အလုပ်တို့ကို ပြုလုပ် ဆောင်ရွက်တော် မူသဖြင့် ပင်ပန်း နွမ်းနယ် ခဲ့ရဖူးလေပြီ၊ ယခုမူ လူတို့၏ အားကိုးရာ ဘုရားရှင် ဖြစ်လေပြီ၊ ထိုမြတ်စွာဘုရားအား ကျွန်ုပ်သည် ဦးညွှတ်ပါ၏။ [၁]

ရှင်မဟာ ဗုဒ္ဓဒတ်သည်လည်း မိမိပြုစုသော ဗုဒ္ဓဝင် အဋ္ဌကထာ၌ ဤသို့ ဂန္ထာရမ္ဘ ပြုထားလေသည်။

အတိုင်းအဆမရှိ ကြီးမြတ်တော် မူသော ဉာဏ်တော်၊ ကရုဏာတော်အစ္စာသယ တော်ရှိတော်မူသော ကိလေသာ အညစ် အကြေးလည်း ကင်းတော် မူသော ကောင်းစွာ တည်ကြည်တော် မူသည့် အပြင် လောက အကျိုးကို သည်ပိုး ဆောင်ကြဉ်းတော် မူသော မြတ်စွာဘုရားအား လည်းကောင်း၊ ဘဝကို ထိန်းကျောင်း တတ်သော

---

၁။ ပါရာဇိကဏ် အဋ္ဌကထာ (ပထမအုပ်)

တရားမြတ်အား လည်းကောင်း၊ ကိလေသာ ကင်း၍ ဂုဏ်ကျေးဇူးတို့၏ တည်ရာ သံဃာအပေါင်းအား လည်း ကောင်း၊ ဦးညွတ်ပါ၏။ ၁

အရှင် ဓမ္မပါလ၏ စရိယာပိဋက အဋ္ဌကထာ အဦး၌လည်း ဤသို့ တွေ့ရပေ၏။

ကမ္ဘာလောကသား အားလုံးတို့၏ စီးပွားအတွက် ပြု ကျင့် ဆောင်ရွက်တော် မူသော၊ မြတ်သောသီလ အစ ရှိသော ကျေးဇူးကို ရှာမှီးတော် မူတတ်သော ကြံစည် အပ်သော တန်ခိုး အာနုဘော်နှင့် ပြည့်စုံတော် မူသော လောက၏ ရှေ့ဆောင် ဖြစ်တော်မူသည့် မြတ်စွာဘုရား ကို ကျွန်ုပ်သည် ရှိခိုးပါ၏။ ၂

ဤအဋ္ဌကထာ ဆရာကြီးများ နောက် အဆက်ဆက် ပေါ်လာကြ ကုန်သော လက်သန်း အဋ္ဌကထာ ဆရာများ၊ မူလဋီကာ၊ အနုဋီကာ၊ မဓုဋီကာ ဆရာများ၊ ယောဇနာ ဆရာနှင့် ဂဏ္ဌိဆရာများ၊ ထိုမှတပါး အထွေထွေ ပါဠိကျမ်းပြု ဆရာများသည် ကျမ်းလက်မှန်၌ ဂန္ထာရမ္ဘ ကျမ်းပျိုး စကားများ ရေးသားသည့် စနစ်ကို တညီ တညွတ်တည်း လိုက်နာ ကျင့်သုံး လာခဲ့ကြောင်း တွေ့ရပေသည်။ ဇမ္ဗူဒီပ်ဒေသ၌သာ မက ပါဠိသာသနာ ပြန့်နှံ့ရာ သီဟိုဠ်၊ မြန်မာ– ယိုးဒယား၊ ဇင်းမယ် စသော နိုင်ငံအသီးသီးရှိ တိုင်းရင်း ပညာရှင် များသည်လည်း ကျမ်း ဂန် ပြုစုရာတွင် ရှင်မဟာ ဗုဒ္ဓဃောသတို့၏ ကျမ်းဖွင့်နည်း စနစ်ကိုပင် လက်ခံ သုံးစွဲကြကြောင်း တွေ့ရပေသည်။

ဤသည်ကား ပါဠိစာပေ လောက၌ ကျမ်းပျိုးစကား ရေးသား မှု စနစ်၏ သမိုင်းကျောရိုး ဖြစ်ပေသည်။

---

၁။ ခုဒ္ဒကနိကာယ ဗုဒ္ဓဝံသ။　၂။ စရိယာပိဋက အဋ္ဌကထာ။

## သက္ကတကျမ်းများနှင့် ဂန္ထာရမ္ဘ စနစ်

တဖန် သာသနာပ သက္ကတ စာပေနယ်၌ ဂန္ထာရမ္ဘ(ကျမ်းဦးစနစ်)နှင့် ပေါင်းလို့ ညီသို့ ရှိခဲ့သည်ကို ထည့်သွင်း လေ့လာရာတွင် ဤသို့ တွေ့ရပေသည်။ ဘုရားဟော ပါဠိတော်၌ 'ဂေယျ' ဟူ၍ ဖော်ပြသော ကျမ်းအမျိုးအစား တရပ် ရှိခဲ့၏။ ထိုစစ် ထိုကျမ်း တို့သည် ရှေးဟောင်း အလင်္ကာ ကျမ်းကြီးများ ဖြစ်ကြသည်။ မဟာ ကဗျာ ကျမ်းကြီးများ ဟူ၍လည်း ခေါ်၏။ ထိုမဟာကဗျာကျမ်း လေးကတွင် အောက်ပါ ကျမ်းများ ပါဝင်သည်။

| | |
|---|---|
| ကာလိဒါသ ဆရာ၏ | ကုမာရသမ္ဘဝကျမ်း။ |
| | ရဃုဝံသကျမ်း၊ |
| | မေဃဒူတကျမ်း၊ |
| ဘာရဝိ ဆရာ၏ | ဘာရဝိကဗျကျမ်း။ |
| ဗာဏ ဆရာ၏ | ကိရာတာဇ္ဇုနီယကျမ်း |
| သိရိဟဿ ဆရာ၏ | နေသဓီယစရိယကျမ်း |
| မာဃ ဆရာ၏ | သီသုပါလဝဓကျမ်း။ |

ထိုကျမ်းတို့၌ ရေးသားပုံ အစီအစဉ်မှာ ဤသို့ ဖြစ်၏။

| | |
|---|---|
| ရှေးဦးစွာ | ဂန္ထာရမ္ဘကို ပြ၏၊ |
| ထို့နောက် | လူမိုက်နှင့် လူလိမ္မာ တို့၏ သဘောကို ပုံဝတ္ထု များဖြင့် ပြ၏။ |
| ထို့နောက် | ချမ်းသာကြောင်း ဓမ္မ၊ ပညာ ပစ္စည်း သိမ်းဆည်းနည်း အတ္ထ၊ ကာမဂုဏ် ဟူသော ကာမ၊ လွတ်မြောက်မှု ဟူသော မောက္ခ ဤလေးပါး ကို ပြ၏။ |
| ထို့နောက် | ကြီးကျယ်သော လောက၏ သဘာဝပုံ၊ လူတို့၏ သိင်္ဂါရ ရသဆိုင်ရာ၊ ချစ်ကြွလွမ်း စသည်နှင့် စစ်ရေး စစ်ရာစသည်ကို ပြ၏။ |

ဤကဗျာ ကျမ်းတို့သည် ကမ္ဘာ့တန်ဆာ အဖြစ် ကမ္ဘာပတ်လုံး တည်သည်ဟု ဆို၏။ အထူးအားဖြင့် ဤမဟာကဗျာ ကျမ်းများ၌ ဂန္ထာရမ္ဘတားရှိသည်ကို အစွဲပြု၍ နောက်နှောင်း ကျမ်းပြု ဆရာတို့သည် ကျမ်း၏ အစ၌ ဂန္ထာရမ္ဘ ကျမ်းပျိုးစကားကို ရေးသား ထည့်သွင်းကြသည်ဟု ဆိုပေသည်။

ဤမဟာကဗျာ ကျမ်းတို့သည် အိန္ဒိယနိုင်ငံမှ ရောမနိုင်ငံသို့ ရောက်ရှိပြီး ရောမမှ တဆင့် အနောက် ဥရောပ နိုင်ငံများသို့ ပြန့်နှံ့ခဲ့လေသည်။

ထို့ပြင် သာသနာတွင် သက္ကတကျမ်းများလည်း များစွာရှိသေး၏။ အရှင်အဿဃောသ၊ အရှင် နာဂါရ်ဇုန၊ အရှင် ဗုဒ္ဓပါလိတ၊ အရှင် ဘာဝ ဝိဝေက၊ အရှင် အသင်္ဂ၊ အရှင်ဝသုဗန္ဓု၊ အရှင် ဒိန္နာဂ၊ အရှင်ဓမ္မကိတ္တိ အစရှိသော ပုဂ္ဂိုလ်များသည် သက္ကတဘာသာဖြင့် ဗုဒ္ဓဓမ္မ ကျမ်းစာများကို ပြုစုရေးသားခဲ့ကြလေသည် ဖြစ်ရာ ဂန္ထာရမ္ဘများကို မည်သို့ထားရှိကြောင်း လေ့လာလျှင် လွန်စွာကျယ်ပြန့်ပေရာ၏။

ထေရဝါဒဗုဒ္ဓဘာသာအထွန်းကားဆုံးဖြစ်သောသီဟိုဠ်နိုင်ငံနှင့်မြန်မာနိုင်ငံတို့တွင် တိုင်းရင်းဖြစ်ကျမ်းစာများစွာ ဖြစ်ထွန်းခဲ့သည်။ ထိုကျမ်းစာတို့တွင် ပါဠိမူရင်းကျမ်းစာနှင့် သက္ကတမှ ပါဠိသို့ပြန်ဆိုသော ကျမ်းစာဟူ၍ စာပေရှုထောင့်မှ နှစ်မျိုး ဖြစ်နိုင်ပေသည်။

## သီဟိုဠ်ဖြစ်ကျမ်းများနှင့် ကျမ်းပျိုးမှု

သီဟိုဠ်ဖြစ် နာမည်ကျော် မဟာဝံသကျမ်းကြီး၌ 'နမဿိတွာန သမ္ဗုဒ္ဓံ' အစရှိသော ဂန္ထာရမ္ဘဂါထာ လေးဂါထာ ပါရှိသည်ကို တွေ့ရလေသည်၊

သီဟိုဠ်နိုင်ငံ တုမ္ဗူလလောမကျောင်း ဆရာတော် အရှင် အနုရုဒ္ဓါပြုစုသော အဘိဓမ္မတ္ထ သင်္ဂဟ လက်သန်း အဋ္ဌကထာသည် ပါဠိမူရင်းကျမ်းစာဖြစ်၏။ ၎င်း၌ 'သမ္မာ သမ္ဗုဒ္ဓ မတုလံ' အစရှိသော ကျမ်းပျိုးစကားကို တွေ့နိုင်လေသည်။

သီဟိုဠ် အရှင်သံဃရက္ခိတမထေရ်ပြုစုသော သုဗောဓာ လင်္ကာရကျမ်းသည် သက္ကတမှ ပါဠိသို့ ပြန်ဆိုထားသော ကျမ်းဖြစ်၏။ ထိုကျမ်းတွင်– "မုနိန္ဒဝဒနမ္ဗောဇ" အစရှိသော ဂန္ထာရမ္ဘ ပါရှိလေသည်။ သီဟိုဠ်ဖြစ်ဆန်းကျမ်း၊ သဒ္ဒါကျမ်းများ၌လည်း ကျမ်းဦးကျမ်းစ၌ ဂန္ထာရမ္ဘများ ပါရှိမြဲ ဖြစ်သည်ကို တွေ့ရပေသည်။

## မြန်မာ့လက်သုံး ကျမ်းပျိုးစနစ်

မြန်မာနိုင်ငံ ကျမ်းသမိုင်းတွင်–

(၁) ပါဠိဘာသာကျမ်း

(၂) ပါဠိမြန်မာ နိဿယကျမ်း

(၃) မြန်မာ စကားပြေကျမ်း

(၄) ကဗျာကျမ်း

ဟူ၍ ကျမ်းဂန်လေးမျိုး လေးစား တွေ့ရပေသည်။

## ပါဠိကျမ်း

မြန်မာပြည်ဖြစ်ပါဠိဘာသာကျမ်းတို့တွင် ကာရိကာ သဒ္ဒါကျမ်းသည် အဦးဆုံး ဖြစ်သည်။ သက္ကရာဇ် ၄၂၆-ခုနှစ် နန်းတက်သော ထီးလှိုင်ရှင် လက်ထက်၊ နန္ဒာဂူအနီး၊ နန္ဒာကျောင်း ရှင်ဓမ္မသေနာပတိ ပြုစုသည်။ ၎င်းကျမ်းအစတွင်–

သိဒ္ဓသဒ္ဒတ္ထသမ္ဗုဒ္ဓံ၊ ဒေသကံ ဇိနပုင်္ဂဝံ၊

အစရှိသော ဂန္ထာရမ္ဘကို တွေ့ရပေသည်။

ထို့နောက် ၅၉၆၊ ကျစွာမင်း လက်ထက် ရှင်အဂ္ဂဝံသ (တတိယ ရှင်အဂ္ဂပဏ္ဍိတ) ပြုစုသော သဒ္ဒနီတိကျမ်း၊ သာလွန်မင်း လက်ထက်၊ တောင်ဘီလာ ပုဂ္ဂိုလ်ကျော် စီရင်သော ဝိနယာလင်္ကာရဋီကာ၊ ၁၂၅၉-

ခုနှစ်၊ လယ်တီ ဆရာတော် ဦးဉာဏ ရေးသားတော်မူသော ပရမတ္ထဒီပနီ၊ အချို့သော မြန်မာနိုင်ငံ ပညာရှိ အသီးသီး ရေးသားစီရင်တော်မူကြသော ပါဠိဘာသာ ကျမ်းပေါင်းများစွာတို့၌ ကျမ်းဦး အစပိုင်း၌ ကျမ်းစာကို မရေးသားမီ ဂန္ထာရမ္ဘဖြင့် အစပျိုးထား သည်ကို အစဉ်တစိုက် တွေ့ကြရလေသည်။

## နိဿယကျမ်း

ပါဠိမြန်မာ နိဿယကျမ်း လောကကို တစေ့တစောင်း ကြည့်ရှုရာတွင်လည်း ကျမ်းပြုပုဂ္ဂိုလ် ဝိဇ္ဇာမိုရ်တို့ အနေဖြင့် ဂန္ထာရမ္ဘကို လက်မလွှတ်ကြောင်း တွေ့ရပေသည်။ နိဿယကျမ်း လောကတွင် သက္ကရာဇ်ခုနှစ်ရာကျော်က ပုဂံမြို့ ရွှေကျောင်း ဆရာတော် ရှင်ဂုဏဝံ့သကာ ပြုစုတော် မူသော သုတ်သုံးကျမ်း ပါဠိတော် နိဿယကျမ်းသည် ရှေးအလွန် အကျဆုံး ဖြစ်ခဲ့ပေသည်။

ထို့နောက် သာလွန်မင်းတရားကြီး လက်ထက် ရွှေဥမင်ဆရာတော် စီရင်သော ဝိနည်းငါးကျမ်း ပါဠိတော် နိဿယ ကျမ်းများ၊ ဘကြီးတော် လက်ထက် မဟာအောင်မြေဘုံစံ အုတ်ကျောင်း ဆရာတော် ဦးဗုဓ် စီရင်တော် မူသော သဒ္ဒနီတိ နိဿယကျမ်းမှ စ၍ အမရပူရခေါ် တောင်မြို့မဟာဂန္ဓာရုံတိုက် ဆရာတော်အရှင်ဇနကာဘိဝံသထေရ်ပြုစုတော်မူသော ဘာသာဋီကာ အမည်ရှိ နိဿယကျမ်းများ၊ ယင်းနိဿယကျမ်း အသီးသီးတို့ကို ဂန္ထာရမ္ဘ စကားဖြင့် စတင် ဖွင့်လှစ်ထားကြောင်း တွေ့ရပေသည်။

## မြန်မာ စကားပြေကျမ်း

မြန်မာစကားပြေကျမ်း အခန်းကဏ္ဍတွင် ဝတ္ထု၊ ရာဇဝင်၊ ပုံပြင်၊ ဘာသာရေး ကျမ်းစာများ၊ သဒ္ဒါဆိုင်ရာ ကျမ်းများနှင့် အထွေထွေ ကျမ်းများ ပါရှိလေသည်။ ဒုတိယ မင်းခေါင် လက်ထက် ရှင်မဟာ

သီလဝံသ ပြုစုတော်မူသော ပါရာယနဝတ္ထုသည် စကားပြေ ကျမ်းများတွင် များစွာ ရှေးကျသည်။ အနောက်ဘက် လှိုင်မင်း လက်ထက် တောင်ဘီလာ ပုဂ္ဂိုလ်ကျော် ပြုစုသော ယသဝဍ္ဎနဝတ္ထု သည်လည်း မဏိကုဏ္ဍလဝတ္ထုတို့နှင့် အတူ စကားပြေ လောကတွင် ထင်ရှားပေသည်။

ရွှေတောင်မြို့ ကျီးသဲလေးထပ် ဆရာတော်ဘုရား၏ ဇိနတ္ထပကာသနီကျမ်းနှင့် မင်းပူး ဦးသြဘာသ၏ မဟာနိပါတ် ဇာတ်တော်ကြီး စကားပြေ ကျမ်းများသည် ဘာသာရေး ဘက်တွင်သာ မက၊ မြန်မာစာပေ လောကဘက်၌ပါ နေလပမာ ထင်ရှားကြသည်။ ဒုတိယကျော်အောင်စံထား ဆရာတော်၏ ဝေါဟာရတ္ထပကာသနီကျမ်း၊ နိုင်ငံခြား ဝန်ထောက်မင်း ဦးခြိမ့်၏ ဝေါဟာရလီနတ္ထ ဒီပနီနှင့် လယ်တီ ဆရာတော်၏ ဥတ္တမပုရိသ ဒီပနီ၊ မှော်ဘီ ဆရာသိန်း၏ ပေါရာဏဒီပနီကျမ်း အထိ ဂန္ထဝင်မြောက် စကားပြေကျမ်းကြီး များတွင် ဂန္ထာရမ္ဘများကို တွေ့ရပေသည်။

ဤတွင် ထူးခြားသည်မှာ မြန်မာစကားပြေ ကျမ်းကို ပြုစုသည်ဖြစ်ပါလျက် ဂန္ထာရမ္ဘကိုမူ ပါဠိ ဂါထာ များဖြင့် ခမ်းနားစွာ ဖွင့်လှစ်ခြင်း ဖြစ်၏။ ပုံပြေရသော် ဘိုးတော်မင်းတရား လက်ထက် တွင်းသင်းတိုက်ဝန် မဟာစည်သူသည် တွင်းသင်း မြန်မာ ရာဇဝင်သစ်ကို ပြုစုလေသည်၊ ရာဇဝင် အကြောင်းအရာကို မြန်မာစကားပြေ သက်သက်ဖြင့် ရေးသားထား၏။ သို့ရာတွင် ကျမ်းဖွင့်ရာတွင်မူ–

မဟာဝံသံ ဇိနံ နတွာ ၊မေ့ရာဇံ သုဒေသိတံ။
ဓမ္မံ မောဟ ဝိဓံသန္တံ၊ သုခေတ္တံ သံဃမုတ္တမံ။

ဟူ၍ ပါဠိဘာသာ ဂါထာ စကားဖြင့် ခမ်းနားစွာ စတင်ထားသည်ကို တွေ့ရသည်။ ဤစကားသည်ကား ဂန္ထာရမ္ဘ စကား ဖြစ်ပေသည်။

ဥပမာသမူဟ ဂိရက္ကမဟု ခေါ်သော သင်္ဂဇာ စကားပုံ ကျမ်းကို 'ယုတ္တိ သုဘာသိတဂုဏေန တိလောကမာနံ' အစချီသော ပါဠိဂါထာ ဖြင့်လည်းကောင်း၊ တောင်လုန်ရေး စာဆို ကဥ္စီး ဖြစ်သော ယောမြို့စား အတွင်းဝန် ဦးဘိုးလှိုင်၏ ဥတုဘောဇန သင်္ဂဟကျမ်းကို 'နတွာ ဗုဒ္ဓံ မဟာဝေဇ္ဇံ' အစရှိသော ပါဠိဂါထာ နှစ်ဂါထာဖြင့် လည်းကောင်း ဖွင့်လှစ်ထားလေသည်။ ကင်းဝန်မင်းကြီး လန်ဒန် သွားနေ့စဉ် မှတ် တမ်း စကားပြေ ကျမ်း ကို 'သတ္တဂုဏပေတမဇယံဒေသဒ္ဒရင့်' စချီသော ဝသန္တ တိလကပါဠိ ဂါထာကြီးဖြင့် ထယ်ထယ် ဝါဝါ ဂန္ထာရမ္ဘ ပြု ထားလေသည်။

အချို့သော စကားပြေ ကျမ်းများတွင် ကဗျာဖြင့် ဂန္ထာရမ္ဘ ပြု ထားသည်ကို တွေ့ရသည်၊ ပုံစံ ပြရသော်- ပုဂံဝန်ထောက်မင်း ဦးတင် (ကေအက်စ်အမ်-ဒီ.တီအမ်)၏ ကဗျာဗန္ဓသာရကျမ်း ဖြစ်၏ ၎င်းကျမ်း ဦးတွင် 'အုံ့ဝိုင်းလျှံလည်' အစ ချီ သော သံပေါက် ၅-ချက်ညီ မင်္ဂလာရတုပိုဒ်စုံကို တွေ့ရသည်။ ၎င်း၌ 'ငါးရုံမုန်၊ ဂုဏ်အနန္တကို၊ ယုံ လွန်ကြားများ၊ ဂန္ဒနာဖြင့်၊ ဆပ်ပြာလက်မို့ ရှိပန်သော်' ဟူသော အချက်ဖြင့် ကျမ်းဦးထားသည်ကို တွေ့ရပေသည်။

## မြန်မာကဗျာကျမ်းများ

မြန်မာကဗျာများ ဘက်သို့ မျှော်ကြည့်ရာ တွင်လည်း ကျမ်းဦးစဉ်၌ ဂန္ထာရမ္ဘ ပါရှိသည်ကို တွေ့ရပေသည်။ ကဗျာကျမ်းများ၌ ကဗျာဖြင့် ပင် ဂန္ထာရမ္ဘ ပြုခြင်းနှင့် ပါဠိဘာသာဖြင့် သီးခြား ဂန္ထာရမ္ဘပြုခြင်း ဟု နှစ်မျိုးနှင်စား တွေ့ရပေသည်။

ဇာတိပုည၊ ဂုဏ်မာနနှင့်၊ သံပဟုံ့စုံ၊ ဘက်မဲ့ကျုံးသား၊
အားသုံးတောင်ထား၊ မျိုးလေးပါး၏၊ တက်ပွားစောင်မာန်၊
လွှားတန်ခွန်ကို၊ အားချွန်ခုတ်ပိုင်း၊ ခပ်ချိုးလှိုင်းသို့-

စသည်ဖြင့် ရှင်မဟာရဋ္ဌသာရက ကိုးခန်းပျို့ကို စတင်ဖွင့် သကဲ့သို့ ကျေးဇူးရှင် မာန်လည် ဆရာတော် ဘုရားက-

မဟာဝိသယ၊ တိလောကဥ္ဇ၊ နရမရူ၊ သနက်ုတို၊
သရဘူဦးခိုက်၊ မကိုဋ္ဌနဂရတ်၊ ကျောက်စိန်ထွတ်ဖြင့်၊
ညွှတ်၍ ညွှတ်၍၊ ဦးနှိမ်ဝေ့လျက်။

စသည်ဖြင့် မဟာ သုတကာရီမယ ဒေဝလက်ာသစ် ကျမ်းမဟာကို ကား လိပ် တင်လေသည်။ ၎င်းအဖွဲ့များသည် ဂန္ထာရမ္ဘ စကားများပင် ဖြစ်လေသည်။

မြန်မာ ကဗျာ ကျမ်းကို စင်လျက်၊ ပါဠိ ဂါထာဖြင့် ကျမ်းပျိုးထား သည်ကို ထူးထူးခြားခြား တွေ့ရသော ကျမ်းများ အနက် ဤကဝိ လက္ခဏာသတ်ပုံ သံပေါက် ကျမ်းလည်း အပါအဝင် ဖြစ်လေသည်။ ကဝိလက္ခဏာ သတ်ပုံသံပေါက် အစ၌ 'ဟာသဉာဏသမုပ္ပန္န' အစရှိ သော ဂါထာ (၃) ဂါထာဖြင့် အစပျိုးထား၏။ သံပေါက်စာ ကိုယ် တွင်ကား၊ 'ရောင်ခြည် ခြောက်သွယ်' စသော သံပေါက်ဖြင့် ကျမ်းကို အားထုတ်ထားပေသည်။

ဤမျှလောက် ကျမ်းတို့၏ ငြေရကိုကောက်၍ ဂန္ထာရမ္ဘ အကြောင်း ကို ထောက်လှမ်းမိလျှင် ရှေးခေတ် ပါဠိသက္ကတ ကျမ်းတို့၏ ဂန္ထာရမ္ဘ စနစ်ကို မြန်မာ ကျမ်းပြု ပုဂ္ဂိုလ်ပင်္ဂာနိုရ် အဆက်ဆက် နှစ်ခြိုက်စွာ လက်ခံ ကျင့်သုံးလာခဲ့ကြောင်း သိသာထင်ရှားပေပြီ။ ပုဂံခေတ်မှစ၍ကုန်းဘောင် ခေတ် နောက်ပိုင်းကာလ အထိ ကျမ်းရေးသူ တို့သည် မိမိတို့၏ ကျမ်း ကို ဂန္ထာရမ္ဘ စကား လက်မှန်ဖြင့် စတင် ဖွင့်လှစ်ခဲ့ကြလေသည်။

## ဂန္ထာရမ္ဘ သုံးမျိုး

ရှေးခေတ် ကျမ်းပြုဆရာ အဆက်ဆက်တို့ လက်သုံးပြုလာကြသော ဂန္ထာရမ္ဘ ကျမ်းပျိုး စကား များသည် အခြေခံအားဖြင့် သုံးမျိုးရှိ ကြောင်း တွေ့ရပေသည်။ ဂန္ထာရမ္ဘ သုံးမျိုးတို့မှာ–

၁။ ပဏ္ဏာမပုဗ္ဗက ဂန္ထာရမ္ဘ
၂။ အာသီသ ပုဗ္ဗကဂန္ထာရမ္ဘ နှင့်
၃။ ဝတ္ထုပုဗ္ဗက ဂန္ထာရမ္ဘ

တို့ ဖြစ်ကြ၏။

'ပဏ္ဏာမပုဗ္ဗက ဂန္ထာရမ္ဘ' ဆိုရာတွင် 'ပဏ္ဏာမ' ဟူသည် ဦးညွတ် အလေးပြုခြင်း (ဝါ) ရှိခိုးခြင်း ဖြစ်၏။ 'ပုဗ္ဗက' ဟူသည် ရှေးဦး ရှေးဖျား ရှေ့သွားဖြစ်၏။ 'ဂန္ထာရမ္ဘ ဟူရာ၌ 'ဂန္ထ' ဟူသည် ကျမ်းဂန်၊ အာရမ္ဘဟူသည် အားထုတ်ခြင်း ဖြစ်၏။ သို့ဖြစ်၍ ဦးညွတ် ရှိခိုးခြင်း ပဏ္ဏာမ စကားကို အစပြု၍ ကျမ်းကို အားထုတ်ခြင်း စနစ်သည် ပဏ္ဏာမပုဗ္ဗက ဂန္ထာရမ္ဘ ပေတည်း။ ရှိခိုးခြင်း ပဏ္ဏာမဖြင့် ကျမ်းကို စတင်ခြင်း ဖြစ်ပေသည်။

ပဏ္ဏာမပြုကြရာတွင် မိမိတို့ ကိုးကွယ်သော ဘာသာရေး အလိုက်သော် လည်းကောင်း၊ ကျမ်းဂန်၏ အကြောင်း အရာ အလိုက်သော် လည်းကောင်း ပဏ္ဏာမ ပြုလေသည်။ ဗြဟ္မာ၊ ဗိဿနိုး၊ သိဝ စသည်ကို ကိုးကွယ်သော ကျမ်းပြု ပုဂ္ဂိုလ်တို့သည် မိမိ ကိုးကွယ်သော တန်ခိုးရှင်များကို ပဏ္ဏာမပြု၍ ကျမ်းကို ဖွင့်ကြသည်။ ဗုဒ္ဓဘာသာဝင် ကျမ်းပြုပုဂ္ဂိုလ်တို့ သည်သည်း ဘုရား၊ တရား၊ သံဃာ ရတနာ မြတ်သုံးပါးကို ပဏ္ဏာမပြု၍ မိမိရေးသော ကျမ်းကို စတင်ကြသည်။

ကျမ်း၏ အကြောင်းအရာ အလိုက် ဂန္ထာရမ္ဘ ပြုရာတွင် ပဒါအားဖြင့် ဂဏန်းသင်္ချာ ကျမ်းကို ရေးသူသည် ဂဏန်းတို့ကို အစိုးရသည်ဟု ဆိုသော မဟာပိန္နဲနတ်ကို ပဏ္ဏာမ ပြု၏။ ဆန်းကျမ်းကို ပြုစုသူသည် ဆန်းအဘတ်၏ အရှင် ဗိဿနိုးနတ် အား ပဏ္ဏာမပြု၏၊ ပျို့ကဗျာလင်္ကာ နှင့် စာအစီအကုံး အနှုန်းအဖွဲ့စကား ခြေခံအခြေခံသော ကျမ်းဂန်များကို ပြုစုသော ဆရာများမှာ စကားကို အစိုးရသော ဝါဒဝီဝါကျိဿရ အမည်ရသော သူရဿတီ နတ်သမီးကို ပဏ္ဏာမပြု၍ ကျမ်းကို စကြသည်။

ပဏာမ ပုဗ္ဗက ဂန္ထာရမ္ဘ၏ ပုံစံတခုမှာ အောက်ပါအတိုင်း ဖြစ်၏။

သမ္ဗုဒ္ဓံ အတုလံ၊ သသဒ္ဓမ္မဂဏုတ္တမံ၊
အဘိဝါဒိယ ဘာသိဿံ၊ အဘိဓမ္မတ္ထသင်္ဂဟံ၊

ဤဂါထာ၏ မြန်မာပြန်မှာ- ဟူရာ သံဃာနှင့် တကွ အတု မရှိသော မြတ်စွာဘုရားကိုရှိခိုးပါ၏၊ ရှိခိုး ပြီးနောက် အဘိဓမ္မတ္ထသင်္ဂဟ်ကျမ်းကို ဆိုပါအံ့-။

ဟူပေ။ အထက်ဘွင် ဖော်ပြခဲ့သော စံပြ ဂန္ထာရမ္ဘတို့သည်လည်း ပဏာမ ပုဗ္ဗက ဂန္ထာရမ္ဘ တို့ပင် ဖြစ်ကြသည်။ ရတနာ သုံးပါးအား ရှိခိုးပြီး ကျမ်းကို စတင်ကြသောကြောင့် ပဏာမ ပုဗ္ဗက ဂန္ထာရမ္ဘ ခေါ်လေ သည်။

အာသီသပုဗ္ဗက ဂန္ထာရမ္ဘ ဆိုရာတွင် 'အာသီသ' ဟူသည် မိမိ ဖြစ် ချင်သည်ကို ဖြစ်သာအောင် တောင့်တခြင်း၊ သမ္ဘာဆန္ဒပြုခြင်း ဖြစ်၏၊ ဤကဲ့သို့ ရလိုမှုကို မြွက်ဆို၍ ကျမ်းကို ပျိုးခြင်းသည် အာသီသပုဗ္ဗက ဂန္ထာရမ္ဘ ဖြစ်လေသည်။ အာသီသ ပြုရာတွင် ဣဋ္ဌဒေဝတာဟု ဆိုအပ် သော မိမိကို နှစ်သက်မြတ်နိုးသည့် နတ်များ၊ သို့မဟုတ် ကျေးဇူးရှင် များ၊ သူတော်ကောင်း များကို တိုင်တည်၍ အာသီသ ပြုကြပေသည်။

ပုံစံအဖြစ် အောက်ပါ ဂန္ထာရမ္ဘကို ကြည့်နိုင်သည်။

မုနိန္ဒဝဒန မ္ဗောဇ၊ ဂဗ္ဘ သမ္ဘဝသုန္ဒရီ။
သရဏံ ပါဏိနံ ဝါဏီ၊ မယှံ ပိနယတံ မနံ။

အနက် စကားပြေမှာ ဤသို့တည်း။

မြတ်စွာဘုရား၏ ခံတွင်းတော် ကြာတိုက်၌ ဖြစ်၍ ကောင်းမြတ်သော၊ သတ္တဝါတို့၏ ကိုးကွယ်ရာ ဖြစ် သော (သူရဿတီ နတ်သမီး တည်းဟူသော) တရား တော်သည် ကျွန်ုပ်၏ စိတ်ကို နှစ်သက်ပါစေခလို။

ဤဂန္ထာရမ္ဘသည် ရှင်သံဃရက္ခိတထေရ် စီရင်တော်မူသော သုဗောဓာလင်္ကာရ ကျမ်းမှ ထုတ်နုတ်ချက် ဖြစ်၏။ အာသီသာ ပြုလိုရင်းမှာ သူရဿတီ နတ်သမီးသည် ကျမ်းပြုပုဂ္ဂိုလ် ဖြစ်သော ကျွန်ုပ်၏ စိတ်ကို (ဝါ) ဉာဏ်ကို ရှင်လန်းအောင် ပြုပါစေဟု ဖြစ်၏။

သို့ရာတွင် ရှင်သံဃရက္ခိတသည် ဗုဒ္ဓသာဝက ရဟန်းတပါး ဖြစ်ပေသောကြောင့် နတ်ကို မကိုးချေ။ ဘုရားရှင်၏ တရားတော် ဓမ္မကို သူရဿတီနှင့် ရူပက (အတူ) ပြု၍ တရားတော်တည်း ဟူသော သူရဿတီသည် (ဝါ) တရားတော်သည် မိမိစိတ်ကို အညစ် အကြေးကင်းစေပြီး နှစ်သက် ရှင်လန်းအောင် ပြုပါစေသတည်းဟု ဆိုရလေသည်၊ ကျမ်းဂန် ပြုရာတွင် စိတ်ကြည်လင်မှ (ဝါ) ဉာဏ်ရှင်မှ ကျမ်းကောင်းမည် ဖြစ်၍ ယခုလို ဆန္ဒပြုခြင်း ဖြစ်ပေသည်။

ဝတ္ထုပုဗ္ဗက ဂန္ထာရမ္ဘ ဆိုရာတွင် 'ဝတ္ထု' ဟူသည် ကျမ်းရေးသည့် အကြောင်းအရာ ကိုယ်ထည် ဖြစ်၏၊ ယင်းကျမ်း ရေးသည့် အခြေခံ အချက်ကို လက်မှန်မဆ ဖော်ပြပြီး ကျမ်းကို ပျိုးခြင်းသည် ဝတ္ထုပုဗ္ဗက ဂန္ထာရမ္ဘ ဖြစ်လေသည်။

ပုံစံ ပြရသော် ဝိသုဒ္ဓိမဂ်ကျမ်း မဟာ၏ ဂန္ထာရမ္ဘကို ထုတ်ဆောင်ရပေအံ့။

သီလေပတိဋ္ဌာယ နရော သပညော၊
စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊
သော ဣမံ ဝိဇဋယေ ဇဋံ။

ရင့်ကျက်သော ပညာအခြေခံ ရှိပြီး ဇွဲယုံ့လ ရှိသူသည် သီလ၌ တည်လျက်မိမိစိတ်နှင့် ပညာကို ပွားစီး ကြီးမြင့်အောင် ပြုသည် ရှိသော်၊ ရှုပ်ထွေးသော တဏှာကို ရှင်းလင်း နိုင်ပေရာသည်။

ပညာရှိ နတ်သား တဦးက အဘယ်သူမျိုးသည် တဏှာကို ရှင်းလင်းနိုင်ရာပါသနည်းဟု မေးလျှောက်၍ အသက်ပါအတိုင်း မြတ်စွာဘုရားက ဖြေဆိုတော်မူ၏။ ဤအဖြေ ဂါထာတော်တွင် တဏှာကို ပယ်သတ်ရေး အတွက် အဓိက ကျသော အချက်ချပ်များ ဖြစ်သည့် သီလ၊ စိတ် (သမာဓိ) ပညာတို့ ပါရှိသည်၊ လုံ့လဝီရိယ ဟူသော သမ္မပ္ပဓာန်လည်း ပါရှိသည်။ ဤအချက်တို့ကို မူတည်၍ ဤအချက်တို့ကို ဖွင့်ဆို၍ ဝိသုဒ္ဓိမဂ်ကျမ်းကို စီရင်တော်မူသည် ဖြစ်ရာ ဤသီလ၊ သမာဓိ၊ ပညာ ဟူသော အကြောင်းအရာ တို့သည် ဝိသုဒ္ဓိမဂ်ကျမ်းကို ရေးသားသည့် အခြေခံဝတ္ထု (ဝါ) အခြေခံ အကြောင်းအရာကို ဖြစ်လေသည်၊ ဤအခြေခံ ဝတ္ထု (ဝါ) အခြေခံ အကြောင်းအရာကိုကျမ်း လက်ခံနှုန်း အဖြစ် ဖော်ပြပြီးမှ မိမိကျမ်းကို ဆက်လက် ပြုခြင်းသည် ဝတ္ထု ပုဗ္ဗက ဂန္ထာရမ္ဘ ကျမ်းမျိုးနည်း ဖြစ်လေသည်၊

ခေတ်မီသော ကျမ်းပြုပုဂ္ဂိုလ်ကျော်ဘာပါးဖြစ်သော အချင်ဇနကာ ဘိဝံသသည် မိမိပြုစုသော ခုဒ္ဒသိက္ခာဘာသာဋီကာကျမ်းကို ဝတ္ထုပုဗ္ဗက ဂန္ထာရမ္ဘနည်းဖြင့် အစပျိုးထားသည်ကို တွေ့ရသည်၊ ဥပါလိထေရ ပဒါန်ကျမ်း၌ လာသော အောက်ပါ ဂါထာဖြင့် ကျမ်းဝတ္ထု (ဝါ) အခြေခံအကြောင်းအရာကို ထုတ်နှုတ်ထားပေသည်၊

ဝိနယော အာယုယော မယှံ၊ ဝိနယော ဌာနစင်္ကမံ။
ကပ္ပေမိ ဝိနယေ ဝါသံ၊ ဝိနယော မမ ဂေါစရော။

ဝိနည်းသည် ကျွန်ုပ်၏ မှီခိုရာနေရာဖြစ်ပါပေသည်၊ ဝိနည်းသည် ကျွန်ုပ်၏ စင်္ကြံလမ်းဖြစ်ပါပေသည်၊ ဝိနည်းသည် ကျွန်ုပ်၏ ကျက်စားရာဖြစ်ပါပေသည်။ ကျွန်ုပ်သည် ဝိနည်း၌ နေခြင်းကို ပြုပါသည်။

ဝိနည်းကျမ်းကို ပြုစုသည်ဖြစ်၍ ဝိနည်းဟည်းဟူသော ဝတ္ထု (ဝါ) ဝိနည်းတည်းဟူသော အခြေခံအကြောင်းအရာကို ထုတ်ပြ၍ ဂန္ထာရမ္ဘ ပြုခြင်း ဖြစ်လေသည်။

## ဂန္ထာရမ္ဘအင်္ဂါများ

ဂန္ထာရမ္ဘများကို အတွင်းကျကျလေ့လာသောအခါ အင်္ဂါအစိတ်အပိုင်းများကို တွေ့ရပေသည်။ အထူးသဖြင့် အသုံးတွင်ကျယ်သော ပဏာမပုဗ္ဗက ဂန္ထာရမ္ဘတွင် အင်္ဂါငါးပါးပါဝင်ကြောင်း တွေ့ရပေသည်။ ပါဝင်သော အင်္ဂါရပ်ငါးမျိုးတို့မှာ–

၁။ ပဏာမ – ရှိခိုးဦးညွှတ် အရိုအသေပြုခြင်း။

၂။ အဘိဓေယျ – ပြုစုစီရင်သော ကျမ်း၏ အနက်(ဝါ)အခြေခံ အကြောင်းအရာ။

၃။ ကရဏပ္ပကာရ – ကျမ်းပြုပုံအခြင်းအရာ။

၄။ ပကရဏာဘိဓာန – ပြုစုသောကျမ်း၏အမည်။

၅။ ပယောဇန – ကျမ်း၏အကျိုးကျေးဇူး။

တို့ ဖြစ်ပေသည်။ ၎င်းငါးမျိုးကို ပုဗ္ဗပဉ္စက ၅-ပါးဟုခေါ်သည်။ ကျမ်းမပြုမီ ရှေးဦးစွာ ဖော်ပြသော အချက် ၅-ရပ်ဟု ဆိုလိုသည်။

တနည်းအားဖြင့် ဂန္ထာရမ္ဘ စကားရပ်တွင် ရှေးဦးဆိုသော အချက်ခြောက်ရပ် ပုဗ္ဗဆက္က ပါဝင်သည်ဟု သတ်မှတ်ကြသေးသည်။ ၎င်းပုဗ္ဗဆက္က ခြောက်မျိုးတို့မှာ အောက်ပါတို့ပင် ဖြစ်ကြ၏။

| | | |
|---|---|---|
| ၁။ | ပဏာမ | ရှိခိုးဦးညွှတ်ခြင်း |
| ၂။ | သညာ | ပြုစုသောကျမ်း၏အမည် |
| ၃။ | နိမိတ္တ | ကျမ်းကို ပြုစုစီရင်ရသည့်အကြောင်း |
| ၄။ | ကတ္တာ | ကျမ်းပြုပုဂ္ဂိုလ် |
| ၅။ | ပရိမာဏ | ကျမ်း၏ အကျယ်အဝန်း အတိုင်းအရှည် |
| ၆။ | ပယောဇန | ပြုစုသောကျမ်း၏အကျိုးကျေးဇူး။ |

အဘိဓမ္မာဆိုင်ရာ ကျမ်းများတွင် ပုဗ္ဗပဒ္ဓကပါရှိသော ဂန္ထာရမ္ဘကို တွေ့ရတတ်သည်။ သဒ္ဒါဆိုင်ရာကျမ်းများတွင် ပုဗ္ဗဆက္ကပါရှိသော ဂန္ထာရမ္ဘကို တွေ့ရတတ်သည်။ သို့သော် အဘိဓမ္မာကျမ်းများတွင် ပုဗ္ဗပဒ္ဓက၊ သဒ္ဒါကျမ်းတွင် ပုဗ္ဗဆက္ကဟူ၍ ခွဲခြားသတ်မှတ်ချက်ကား မရှိချေ။

အကက်ပါပဒ္ဓကနှင့်ဆက္ကကို တူရာပေါင်း-မတူရာခွဲ၍ယူသော် ရှေးဦးအင်္ဂါရှစ်မျိုး ပုဗ္ဗအင်္ဂကို ရရှိလေသည်။ ၎င်းတို့မှာ-

၁။ ပဏာမ။

၂။ အဘိဓေယျ။

၃။ ကရဏပ္ပကာရ။

၄။ ပကရဏာဘိဓာန (သညာ)

၅။ နိမိတ္တ။

၆။ ကတ္တာ။

၇။ ပရိမာဏ။

၈။ ပယောဇန။

တို့ဖြစ်ကြ၏။ ဂန္ထာရမ္ဘ တခုတွင် ၎င်းပုဗ္ဗအင်္ဂက (ရှေးဦး အင်္ဂါရှစ်ချက်) စုံလင်စွာပါနိုင်လျှင် ကောင်းမြတ်သော ဂန္ထာရမ္ဘဟု ဆိုရသည်။ ၎င်းအချက်တို့ကို တိုက်ရိုက်စကားဖြင့်ဖြစ်စေ၊ အဓိပ္ပါယ် သက်ရောက်စေခြင်းဖြင့် သိရသော နေယျတ္ထနည်းဖြင့် ဖြစ်စေ ဖော်ပြနိုင်ပေသည်။

## အင်္ဂါရှစ်ရပ် ရှင်းလင်းချက်

၁။ ပဏာမ(ပါ/သ)

ပါဠိပုဒ် ပဏာမသည် ပ+နမုဓာတ်+ဏပစ္စည်းဖြင့် ပုဒ်ပြီး၏၊ ခေတ်ရေးနည်းဖြင့် (ပ√နာမ်+ဏ)ဟု ပြနိုင်၏။ သက္ကတပုဒ်မှာ 'ပြဏာမ' ဖြစ်၏၊ ဓာတ်ပစ္စည်းအခြေခံအတူတူပင်ဖြစ်၏။ န ကို ဏ သို့ပြောင်း၍ ပဏာမ(ပြဏာမ)ဟု ပုဒ်ပြီး ခြင်းဖြစ်သည်။

ပဏ္ဏာမဒ္ဓ ပ သည် ဥပသာရပုဒ်၊ အနက်ကား–အထူးထူး အပြားပြား တည်း၊ နမုဓာတ်ညွတ်ခြင်း အနက်ဟော၏၊ သို့ဖြစ်၍ ပဏ္ဏာမဟူသော ပုဒ်၏ ရင်းမြစ်အနက်(သဒ္ဒါနက်)မှာ အထူးထူး အပြားပြားအားဖြင့် ညွတ်ခြင်းဟူ၍ ဖြစ်၏။ ဝေါဟာရအနက်ကား ပဏ္ဏာမ ရှိခိုးခြင်းတည်း။ ရှိခိုးခြင်းဟူသည် မိမိရှိခိုးသည့် ဘုရားစသော ရတနာသို့ စိတ်ရောကိုယ်ပါ ကိုင်းညွတ်ခြင်းပင်ဖြစ်သည်။ ပဏ္ဏာမ၏ သင့်ပွားအနက်ကား နှင်ထုတ် ခြင်းဖြစ်၏၊ ရှိခိုးသောကြောင့် ရရှိသော ကုသိုလ်စေတနာဖြင့် ဘေး အန္တရာယ်များကို နှင်ထုတ်သည်၊ ပယ်သည်ဟူလို–။

အဘိဓမ္မာနည်း အားဖြင့် ပဏ္ဏာမ၏ အရကို ကောက်ယူသည် ရှိသော် စေတနာကို ရပေ၏။ ရှိခိုးခြင်းဟူသော ကိုယ်အပြုအမူ၊ နှုတ်အပြုအမူကို ဖြစ်ပေါ်လာအောင် စေ့ဆော်တိုက်တွန်း ဖြစ်ထွန်းစေ သည်။ စေတနာ သဘာဝပင်တည်း။ ယင်း ပဏ္ဏာမကို ဖြစ်ပေါ်စေသော စေတနာသည်ကား စေတနာကောင်းသာ ဖြစ်၏၊ ကုသိုလ် စေတနာ ပေတည်း။

ကျမ်းပြုဆရာတို့သည် ကျမ်းကို စတင်ပြုစုသည့်ရှိသောအခါ ကျမ်း၏ စသားကို မရေးသားမီ ပဏ္ဏာမ ပြုကြမြဲဖြစ်၏။ မိမိတို့ကိုးကွယ်သော ဘုရားစသော ရတနာတို့ကို ရှိခိုးကြ၏။ ရှိခိုးပဏ္ဏာမပြု၍ ကုသိုလ်ယူကြ၏၊ အဘယ့်ကြောင့်ပေနည်း။

ဤကျမ်းတဆူကို ပြုစုခြင်းမည်သည် လွယ်ကူသော သာမန်ကိစ္စမျိုး မဟုတ်၊ တခဏခြင်း ပြီးစီးသောအလုပ်မျိုးလည်းမဟုတ်၊ ဉာဏ်ထုတ်၍ လုပ်ရသော အလုပ်၊ ကြာမြင့်စွာ အချိန်ယူ၍လုပ်ရသော အလုပ်မျိုးဖြစ် ပေသည်။ သို့ဖြစ်၍ ကျမ်းရေးနေစဉ် ကျမ်းမပြီးမီ ကာလအတွင်းမှာ အတိတ်ကြမ္မာကြောင့် တမျိုးမဟုတ် တမျိုး အနှောင့်အယှက်ကြုံရတတ် ပေသည်၊ ရောဂါတခုခုဖြစ်သာတတ်၏၊ အန္တရာယ် တမျိုးမျိုး ကျရောက် တတ်၏။ စိတ်မချမ်းမြေ့ဘွယ်ရာ ဖြစ်ပေါ်တတ်၏။ သို့ဖြစ်၍ ရှေးဆရာ

တို့က ကျမ်းပြုစုသည့်အလုပ်ကို ကန္တာရခရီးခဲသို့ သွားရဘိသကဲ့သို့ အခက်အခဲများစွာတွေ့ရတတ်ကြောင်း နှိုင်းယှဉ် ပြောကြားခဲ့ကြ၏။ အကုသိုလ်အရင်းခံသော အကြောင်းအမျိုးမျိုးကြောင့် ရေးလက်စကျမ်းကို ပြီးစီးအောင် ဆက်လက်မရေးနိုင်ခဲ့ကြသည့် သက်သေသာဓကလည်း များဘိသည်။ သို့ဖြစ်သောကြောင့် ကျမ်းရေးသားသောအခါတွင် အန္တရာယ်ကင်းခြင်း၊ ကျမ်းပြီးခြင်းဟူသော အကျိုးကို မျှော်ကိုးအပ်ပေသည်။

ကျမ်းဦး ကျမ်းစဉ် ပဏာမ ပြုခြင်းသည် ကုသိုလ်တံတား ဆောက်ခြင်း ဖြစ်၏၊ ကုသိုလ် စေတနာသည် ကျမ်းရေးခြင်း အလုပ်ကို အခနှောင့်အယှက် ဖြစ်စေမည့် အကုသိုလ် ဘေးအန္တရာယ် များကို အဝေးက ကြဉ်ရှောင် စေ၏၊ အန္တရာယ်ကင်း ဘေးရှင်းပြီး ရှင်သော ဉာဏ် ထက်မြက်သော ဉာဏ်တို့ဖြင့် ကျမ်းပြုသော အခါ ကျမ်းသည် ချောချော ရှုရှု ပြီးစီးလေသည်။ ဤကဲ့သို့ အန္တရာယ် ပျောက်ခြင်း၊ ကျမ်းပြီးခြင်း၏ အကျိုးကို ရရှိစေခြင်းငှာ ကျမ်းလက်မွန်တွင် ပဏာမပြုခြင်း ဖြစ်ပေသည်။

ပဏာမ ပြုရာတွင် လက်အုပ်ချီမိုးရှိခိုး ဦးညွှတ်၍ ကိုယ်ဖြင့် ပဏာမပြုခြင်း ကာယ ပဏာမ။ ဂုဏ်တော်များကို ထုတ်ဖော် ချီးကျူးရွတ်ဆို၍ နှုတ်ဖြင့် ပဏာမပြုခြင်း ဝစီပဏာမ။ စိတ်ထဲကသာ ပဏာမပြုခြင်း မနောပဏာမ ဟူ၍ သုံးမျိုး ရှိ၏။ ကျမ်းပြု ဆရာတို့သည် ကိုယ်ဖြင့် စိတ်ဖြင့် ပဏာမပြုရုံမက နှုတ်ဖြင့်လည်း ပဏာမ ပြုကြ၏။ နှုတ်ဖြင့်ပြုသော ပဏာမကို စာဖြင့် ရေးသား၍ ကျမ်းဦး ကျမ်းစဉ် ထည့်သွင်းကြ၏။ အကြောင်းမှာ ကျမ်းပြုဆရာက ကိုယ်စိတ်ဖြင့် ပဏာမပြုခြင်းသည် မိမိအတွက်သာ ကုသိုလ်ကို ဖြစ်စေ၏။ မိမိကျမ်းကို လေ့ကျက်သူများအား ကုသိုလ် မဖြစ်စေနိုင်ပေ။ ဝစီပဏာမကို စာဖြင့်ရေး၍ ကျမ်း၌ ထည့်သွင်းခြင်း မှုကား ထိုကျမ်းကို လေ့ကျက် နာယူသူတိုင်း အတွက် အကျိုး ဖြစ်ထွန်းစေ၏။ လေ့လာသူများလည်း ယင်းပဏာမကို ရွတ်ဆိုနာယူ ကြရ၍ ကုသိုလ် ဖြစ်ကြ ရသောကြောင့် ထိုကုသိုလ်က ကျမ်းကို အောင်မြင်စွာ လေ့လာသင်ယူ နိုင်စေဘို့ အကျိုး

ဖြစ်ထွန်း စေပေသည်။ ဤအကြောင်း များကြောင့် ကျမ်းပြုဆရာတို့သည် ဝစီကောမ စကားရင်ကို ကျမ်းဦး ကျမ်းစ၌ ဖော်ပြဖြစ်အောင် ဖော်ပြခြင်း ဖြစ်လေသည်။

ဖော်ပြပါ အချက်များကို အလေးအနက် ဆင်ခြင်လျှင် ပဏာမ ရေးသားသည့် စနစ်သည် အတ္တဟိတ ပရဟိတ အကျိုးနှစ်ငကို ဖြစ်ထွန်း စေကြောင်း၊ ကျမ်းပြုဆရာ၏ မေတ္တာ စေတနာသည် စာဖတ် ပရိသတ် အပေါ် လက်တွေ့ ကျရောက် စေကြောင်း သိမြင်နိုင်ပေသည်။

ယခုအခါတွင် ပဏာမ၏ ရင်းမြစ်ကို လည်းကောင်း၊ ပဏာမ၏ အသုံးအစွဲ ထုံးဝံထွားကို လည်းကောင်း၊ သတိမမူ မိကြသောကြောင့် သာမန်အားဖြင့် ပဏာကို အဦးအစ အနေမျိုး မှတ်ထင် ယူဆကြကာ စကားပြောသည့်အခါ စာရေးသည့်အခါ များ၌ ပဏာမ ဟူသော ဝေါဟာရကို အဦးအစ အဓိပ္ပာယ်ဖြင့် သုံးစွဲ နေကြလေသည်။ ကျွန်တော်ပဏာမအားဖြင့်ပြောလိုတာက ဟု ကြားရသောအခါ ပညာရှိတို့က ပြုံးကြသည်၊ အချို့ စာအုပ်များတွင် စတင် ရေးသော အရာကို ပဏာမဟု ခေါင်းစဉ် တင်ကြသည်၊ ဆင်ခြင်ဘွယ်ပင် ဖြစ်၏။

စင်စစ် ပဏာမသည် ရှိခိုး ဦးညွှတ်ခြင်း ဖြစ်သည်၊ ဂန္ထာရမ္ဘ ကျမ်းမျိုး အင်္ဂါရပ် ဖြစ်သည်၊ ဤသို့ အနှစ်ချုပ် မှတ်သား နိုင်ပေသည်။

## ၂။ အဘိဓေယျ (အဘိ+ဓာ+ဏျ)

အဘိဓေယျ ဟူသည် ကျမ်း၏ အနက် ဖြစ်၏။ ဤတွင် အနက် ဟူသည်မှာ လိုအင်သော အကြောင်း အရာပင် ဖြစ်၏။ ကျမ်းရေးသည့် အကြောင်း အရာကို စာရှုသူအား ကြိုတင် အသိပေးထားရန် အဘိဓေယျကို ဂန္ထာရမ္ဘတွင် ထည့်သွင်း ဖော်ပြခြင်း ဖြစ်ပေသည်။

မည်သည့် အကြောင်းအရာကို ရေးသည်ဟု ရေးသည့် အကြောင်းအရာကို ဖော်ပြလျှင် ကျမ်းဆရာက ပဋိညာဉ် ပြုခြင်းပင် ဖြစ်၏။ ဤ

ကဲ့သို့ ကျမ်း၏ အနက်ကို ဖော်ပြ၍ ပဋိညာဉ် ပြုထားသဖြင့် ကျမ်းကို လေ့လာသူ များအား လွယ်ကူစေခြင်း အကျိုး ရှိပေသည်။

## ၃။ ကရဏပ္ပကာရ (ကရဏ+ပကာရ)

ကရဏပ္ပကာရ ဟူသည် ကျမ်းပြုပုံ အခြင်းအရာ ဖြစ်၏။ ကျမ်းကို မည်သို့မည်ပုံ ရေးသားမည် ဟူ၍ ကြိုတင် ဖော်ပြချက် ဖြစ်၏။ ယခု ခေတ် ကျမ်းစာအုပ် များတွင် ကျမ်းဦးစကား အဖြစ်ဖြင့် ကျမ်းပြုပုံ အခြင်းအရာကို အကျယ်တဝင့် ချဲ့ဖွင့် ရေးသား ကြတတ်လေသည်။

## ၄။ ပကရဏာဘိဓာန (ပကရဏ+အဘိဓာန)

ပကရဏ ဟူသည် ကျမ်း၊ အဘိဓာန ဟူသည် အမည်၊ ထို့ကြောင့် ပကရဏာဘိဓာနသည် ကျမ်း၏ အမည် ဖြစ်၏။ မည်သည့် ကျမ်းကို ရေးသည် ဖြစ်စေ၊ ကလေး မွေးပြီးလျှင် အမည်မှည့်ရ သကဲ့သို့ ကျမ်း ရေးပြီးလျှင် ကျမ်းကို အမည်ပေးရစမြဲ ဖြစ်သည်။ ထိုသို့ ကျမ်းကို အမည်သညာတပ်ခြင်း သည်လည်း ကျမ်းပြုဆရာ၏ ရှေ့ဦးလုပ်ငန်း ကဏ္ဍ တွင် ပါဝင်လေသည်။

## ၅။ နိမိတ္တ (နိမိတ်)

နိမိတ်ဟူသည် ကျမ်းကို ပြုစု စီရင်ခြင်း၏ အကြောင်းရင်းတည်း။ မည်သို့သော အကြောင်းတရား များကြောင့် ဤကျမ်းကို ရေးဖြစ် သည့် အကြောင်း ဖော်ပြ ချက်ပင် ဖြစ်လေသည်။ နိမိတ်သည် အဇ္ဈတ္တနိမိတ်(အတွင်းခံ အကြောင်း)၊ ဗာဟိရနိမိတ် (ပြင်ပအကြောင်း) ဟူ၍ နှစ်မျိုး ရှိနိုင်၏။

အရင်းခံ အတွင်း အကြောင်း ဆိုသည်မှာ ဤကျမ်းစာ ပြုစုသူက စာဖတ်သူ ကျမ်းစာ လေ့လာသူများ အပေါ် ထားရှိသည့် စေတနာ တည်း။ ထို့ပြင် ဤကျမ်းစာကို မလေ့လာ ကြရလျှင် အခွင့်

ကောင်း တရပ် လက်လွတ်၍ အကျိုးထူး မရှိရာ၊ ဤသို့ အကျိုးယုတ်လျော့မှု မဖြစ်စေချင်သည့် ကရုဏာ စိတ်ထားလည်း ပါဝင်၏။ ကျမ်းပြု ပုဂ္ဂိုလ်၏ စေတနာ (ဝါ) စာရေးဆရာ၏ စေတနာသည် ကျမ်းစာဖြစ်ပေါ် လာလေသည့် အတွင်းကျကျ အကြောင်း နိမိတ် ဖြစ်လေသည်။

ပြင်ပအကြောင်း ဟူသည်မှာ အဓိကအားဖြင့် ကျမ်းစာ လေ့လာသူ စာဖတ် ပရိသတ်ပင် ဖြစ်၏။ ကျမ်းစာကို ဆီးကြိုဖတ်ရှု ကြမည့်သူတို့သည် စာအုပ်ဖြစ် ပေါ် လာအောင် (ဝါ) စာရေး ဆရာများ စာရေးဖြစ်အောင် ဖန်တီးပေးသည့် ပြင်ပ အကြောင်း တရပ်ပင် ဖြစ်လေသည်။ ထိုစာရေး ဆရာ၏ စေတနာနှင့် စာဖတ် ပရိသတ်ကို နိမိတ် (ကျမ်းစာ ဖြစ်ပေါ်ရန် အကြောင်း) ဟူ၍ ဆိုရလေသည်။

## ၆။ ကတ္တာ (ပြုလုပ်သူ)

ကတ္တာဟူသည် ကျမ်းပြု ပုဂ္ဂိုလ်တည်း။ ကျမ်းဂန်ကောင်း တခုတွင် မည်သူရေးသည်ဟု ကျမ်းရေးသူကို ဖော်ပြရမြဲ ဖြစ်သည်။ ကျမ်းရေးသူ၏ အရည်အသွေးသည် ကျမ်းကို တင်တပ်စေလေသည်။

## ၇။ ပရိမာဏ (အတိုင်း အရှည်)

ပရိမာဏဟူသည် ကျမ်း၏ အတိုင်းအရှည် အပိုင်းအခြားပေတည်း။ ကျမ်းဦးတွင် မိမိရေးသားသည့် ကျမ်း၏ ပမာဏကို ဖော်ပြအပ်သည်။ သို့မှ စာဖတ်သူ လေ့လာသူများ အနေဖြင့် တင်ကူး၍ တွက်ဆ ချင့်ချိန်နိုင်ကြမည် ဖြစ်လေသည်။

## ၈။ ပဒယာဇန (ပယောဇဉ်)

ပယောဇဉ်ဟူသည် အကျိုးတည်း။ ဤကျမ်းကို လေ့လာ သူတိုင်း ရရှိနိုင်သည့် အကျိုးကို ဖော်ပြပေသည်။ ထိုအကျိုးသည် မုချ အကျိုး

နှင့် အကျိုးဆက် (အနုသံဂိက) ဟူ၍ နှစ်မျိုးရှိ၏။ မုချအကျိုး ဟူသည်ကား ကျမ်းစာက တိုက်ရိုက် ဖော်ပြသည့် အတိုင်း သိရခြင်း ဖြစ်၏။ အနုသံဂိက အကျိုးဆက် ဟူသည်ကား ထိုသို့ သိရသဖြင့် အယူမှန် အကျင့်မှန်ခြင်း၊ ကျမ်းတတ် အဖြစ် ထင်ရှားခြင်း၊ အသိဉာဏ် တိုးပွားခြင်း စသည်တို့ ဖြစ်ပေသည်။ ဤသို့ အကျိုးရှိအောင်လည်း ကျမ်းရေးသူက စီစဉ် ပြုစုအပ်ပေသည်။

အရှေ့တိုင်း ရှေးခေတ် ဗုဒ္ဓဘာသာ ကျမ်းဆရာကြီး များသည် ဆိုခဲ့ပါ ဂန္ထာရမ္ဘ အင်္ဂါ အချက်အလက် များကို ကျမ်းဦး၌ စုံစုံလင်လင် ထည့်သွင်း ပြုစုကြလေသည်။

မဟာ ဗုဒ္ဓဒတ္တထေရ်သည် အထက်တွင် ပြဆိုခဲ့သည့် အတိုင်း ကျမ်းတတ် ပုဂ္ဂိုလ်ကျော် တပါး ဖြစ်လေသည်။ ကျမ်းတတ် လက္ခဏာနှင့် စပ်လျဉ်း၍ ရှင်သံဃရက္ခိတထေရ်က သုဗောဓာလင်္ကာရ ကျမ်း၌ ဤသို့ ဖော်ပြထား၏။

အကြင်သူသည် သဒ္ဒါကျမ်း၌ လိမ္မာ၏၊ အဘိဓာန်၊ ဆန်း၊ အလင်္ကာ ကျမ်းတို့၌လည်း မပြတ်အားထုတ်ခြင်း ရှိသည် ဖြစ်၍ လိမ္မာပေ၏၊ ထိုသူသည် ပညာရှိ ဖြစ်ကြောင်း ဖြစ်သော ကျမ်းဂန် ရေးသားခြင်းမှ ကင်းသော်လည်း (ကျမ်းမရေး သော်လည်း) ပညာရှိ တို့တွင် ကျမ်းဂန်တတ် တယောက် ဟူသော အရေအတွက်သို့ ရောက်၍ မနုံ့နည်းသော ဂုဏ်သတင်း ကျော်စောခြင်းကို ရနိုင်သည်သာ ဖြစ်ပေသည်။

(ဂါထာ-၁၆၃)။

ရှင်မဟာ ဗုဒ္ဓဒတ္တထေရ်မြတ်သည် ကဝိလက္ခဏာ လေးဖြာကိုသာ မက ပိဋကတ်ကျမ်း ပင်လယ်လမ်းကိုပင် တဘက်ကမ်းခတ် တတ်မြောက်တော်မူကြောင်း ဆရာတော် ပြုစုခဲ့သော ကျမ်းစာများ ကပင် သက်သေခံလေသည်။

ဆရာတော် ရေးသား စီရင်ခဲ့သော ကျမ်းဂန်တို့မှာ အောက်ပါ ကျမ်းတို့ပင် ဖြစ်ကြ၏။

၁။ ဗုဒ္ဓဝင်အဋ္ဌကထာကျမ်း

၂။ ဇိနာလင်္ကာရဋီကာကျမ်း

၃။ ဝိနယဝိနိစ္ဆယကျမ်း

၄။ ဥတ္တရဝိနိစ္ဆယကျမ်း

၅။ အဘိဓမ္မာဝတာရကျမ်း

၆။ ရူပါရူပဝိဘာဂကျမ်း။

သို့ဖြစ်သောကြောင့် ရှင်မဟာ ဗုဒ္ဓဒတ်ထေရ်သည် သီဟိုဠ် နိုင်ငံမှ ကျမ်းတတ် ပုဂ္ဂိုလ်တပါး ဖြစ်ကြောင်း၊ သီဟိုဠ်မှ ကျမ်းတတ် အကျော် ရှင်ဗုဒ္ဓဒတ်သည် ကျမ်းဂန် များကို ပြုစုခဲ့ကြောင်း ဦးဩ၏ ဖော်ပြချက်သည် လွန်စွာ လေးနက် ကျယ်ပြန့် ကောင်းမွန် လှပေသတည်း။

# လှုယ်ကျမ်းပြု မောင်ညြ

ကျမ်းပြုပုဂ္ဂိုလ် သံတော်ဆင့် မောင်ညြ ဟူသည်ကား မည်သူနည်း၊ မောင်ညြသည် အခြားသူမဟုတ်၊ ကုန်းဘောင် ခေတ်ဦးပိုင်းတွင် ထင်ရှား ကျော်ကြားသော စာဆို ပညာရှိ စိန္တကျော်သူ ဦးညြပင်တည်း။ ထိုစကား၏ အကျယ်ကို ဤသို့ သိအပ်ပေ၏။

သက္ကရာဇ် ၄၀၆ (ခရစ် ၁၀၄၄) ခုနှစ်၌ နန်းတက်သော ပုဂံမင်း အနုရုဒ္ဓဒေဝ (အနော်ရထာ)သည် မြန်မာ နိုင်ငံတော်နှင့် အတူ ပါဠိစာပေတို့ကို လက်မှန်အစ ပြုစု ပျိုးထောင်ခဲ့သည့် အချိန်မှစ၍ မြန်မာစာပေသည် တခေတ်ထက် တခေတ် ကြီးမြင့် ထွန်းကား ပြန့်ပွား လာခဲ့လေသည်။ ပင်းယခေတ်၊ အင်းဝခေတ် တောင်ငူခေတ် ဟူသော ခေတ်ကြီး သုံးခေတ်ကို လွန်မြောက် ခဲ့ပြီးနောက် ညောင်ရမ်းခေတ် (ဒုတိယ အင်းဝခေတ်) သို့ ရောက်လာသော အခါ လင်္ကာ စကားပြေ စာပေ နှစ်ရပ်လုံး တင့်ဆုံးခေါင်ကျူး ကွန့်မြူး ထွန်းကားမည့် ကုန်းဘောင် ခေတ်ကြီး အတွက် အရှိန်ယူဘိ သကဲ့သို့ ရှိချေသည်။

ပျို့လင်္ကာနှင့် အမေးတော်ပုံကျမ်း၊ ယသဝဍ္ဎန ဝတ္ထု စသည်တို့ကို ရေးသားတော်မူသော တောင်ဘီလာ ပုဂ္ဂိုလ်ကျော် ရှင်မုနိန္ဒဃောသ။ မာဂဓ အဘိဓာန် စာကိုယ်နိဿယ၊ ရဇ္ဇာဓိရာဇာ နာမတ္ထပကာသနီ ကျမ်း စသော ကျမ်းပေါင်း များစွာကို ပြုစုတော်မူသော ပထမ ကျော်အောင်စံထား ဆရာတော်၊ နောင်တွင် တွင်းသင်းမင်းကြီး ဟူ၍ ထင်ရှားလာမည့် မဟာလင်္ကာဓာပျို့ ဆရာ ပဥ္စင်းငယ် ရှင်လင်္ကာသာရ၊ မဟာ ရာဇဝင်ကြီးကို စီရင်ခဲ့သော စဥ့်ကိုင် သူဌေးသား ဦးကုလား၊ မဏိကာတ်ပြဇာတ်နှင့် ဂီတသီချင်း များစွာကို တီထွင်ခဲ့သူ ပဒေသရာဇာ စသော ရဟန်း ပညာရှိ လူပညာရှိ တို့သည် ညောင်ရမ်းခေတ် စာပေ အရေးတော်ပုံကို ဦးဆောင် ခဲ့ကြလေသည်။[၁]

---

၁။ မြန်မာသမိုင်း

ထိုသို့ စာပေ ဝန်းကျင်တွင် မောင်းထောင်ရွာ ဦးဇေယျ၊ ဒေါ်ပု တို့၏ ဝမ်းကြာတိုက်၌ စာပေမျိုးစေ့ တစေ့ ကျခဲ့လေသည်။ အခါကား ဟံသာဝတီပါမင်း နန်းစံ သုံးနှစ်အကြာ သက္ကရာဇ် ၁၀၉၀ ခုနှစ် ဖြစ်လေသည်။

## မောင်းမ တထောင်

ထိုမောင်းထောင် ရွာသည် ယခင်အခေါ် ဗဒို၊ ယခုအခေါ် အလုံမြို့ အနီး အထက် မောင်းထောင်ရွာ ဖြစ်၏။ မောင်းထောင်ကြီးရွာ ဟုလည်း ခေါ်သည်။ မောင်းထောင်ရွာ အကြောင်းမှာ ပုဂံမင်း နရပတိစည်သူသည် ရွှေဖောင်တော်ဖြင့်လာ၍ ရွာတည်ပေး၏။ ရွာတည်ရာတွင် မောင်းမ တထောင်တို့က ငွေမောင်း တထောင်ကို တီးခတ်၍ တည်ခဲ့၏။ ဤအနုတ္တ နိမိတ်ကို ယူ၍ ရွာအမည်ကို 'မောင်းထောင်' ရွာဟု သမုတ်ခဲ့သော ဟူ၏။[၁] (မောင်းမ တထောင်မှ မောင်းထောင်၊ သို့မဟုတ်၊ မောင်းတထောင် ဆိုလိုလျက် မဇ္ဈေလောပ နည်းဖြင့် အလယ်က 'တ'ကို ဖျောက်၍ မောင်းထောင်ဟု ခေါ်သည် ဟူလို)။

ဝိဂ္ဂိုဟ်ဆရာတို့က 'မန္တာတိင္ဂန္တိ ထွေ့ကိ ောင်းထောင်' ထွေ့တေသို့ ဂါမေ၊ ဤမောင်းထောင် ရွာ၌။ မန္တာ၊ ရဟန်း ပညာရှိ လူပညာရှိ ကဝိတမ်းခွန် လူရည်ချွန် တို့သည်၊ တင္ဂန္တိ၊ တည်ရှိကြ ကုန်၏။ ဣတိ၊ ထို့ကြောင့်၊ သော ဂါမော၊ ထိုပညာရှိ ထွက်ရာဖြစ်သော ရွာသည်။ မောင်းထောင်၊ မောင်ထောင်မည်၏ဟု ဆိုကြကုန်သည်။

မောင်းထောင်ရွာ ပညာရှိ ပေါ်ထွက်သည်ကား မှန်ပေသည်။ မောင်းထောင်ရွာမှ သာသနာပိုင်ပေါ်ထွက်တော်မူခဲ့သည်။ ဘိုးတော်ဘုရားလက်ထက် ဉာဏာဘိဝံသသာသနဓဇ မဟာဓမ္မရာဇဂုရု တံဆိပ်တော်ရ ပထမမောင်းထောင် သာသနာပိုင်ဆရာတော်သည် မောင်းထောင်ရွာ သားပင်ဖြစ်သည်။ မင်းတုန်းမင်းလက်ထက် ပညာသာမိသိရိကဝိဓဇ

---

၁။ ပေါရာဏ ဒီပနီ (ပ) စတုတ္ထကြိမ်ရိုက်။

ဗဟား ဓမ္မရာဇာဓိ ရာဇဂုရု တံဆိပ်တော်ရ မောင်းထောင်ဆရာတော်သည်လည်း မောင်းထောင်ရွာဇာတိပင်ဖြစ်သည်။ သာသနာပိုင်ကားမဖြစ်ပေ။ သီပေါမင်းလက်ထက် ဝိမလာ လင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော်ရ ဆရာတော်သည်လည်း မောင်းထောင်ရွာ မှိုင်းသာရပ်၌ ဖွားမြင်ခဲ့သည်။ ဧတဒ္ဂမောင်းထောင်ဆရာတော်ဖြစ်၏။

သာယာဝတီမင်းလက်ထက် ဥဇ္ဇယျဓမ္မာဘိဝံသ သိရိပဝရာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ဒုတိယ မောင်းထောင်သာသနာပိုင်ဆရာတော်မှာမူ မောင်းထောင်သားမဟုတ်၊ နတ်ရဲတောင်ရွာဇာတိသားဖြစ်ပေသည်[၁]။ ဆရာတော်၏ မယ်တော်ဒေါ်မယ်ရာမှာမူ မောင်းထောင်ရွာသူဖြစ်သည်[၂]။

ထို့ပြင် တွင်းသင်းမင်းကြီး ဦးထွန်းညို၊ စိန္တကျော်သူဦးဩ၊ သာသနာလင်္ကာရကျမ်းဆရာ အနေတ်ကြီးမဟာဓမ္မသင်္ကြံ၊ သံချိုကိုင်ဦးကျော်လုတို့သည်လည်း မောင်းထောင်ရွာချက်မြှုပ်များဖြစ်ကြသည်။ ဤအချက်တို့ကို ထောက်ထားပါလျှင် ပညာရှိထွက်ပေါ်ရာဌာနဖြစ်သောကြောင့် မောင်းထောင်ဟု ခေါ်ဝေါ်ကြောင်း ကြံဆသည့် ဝိဂြိုဟ်ဆရာတို့၏ အယူအဆသည်လည်း သင့်မြတ်ပေသည်။

## ပဒုံ မှ အလုံ

'ဗဒုံ' သည်လည်း 'ရေဗဒုံ'၊ ကြည်း ဗဒုံ ဟူ၍ နှစ်ဌာနရှိ၏။

'သလ္လာမြစ်ဆုံ၊ မြို့ပဒုံ၊ မုံရွာနှင့်မဝေး'

ဟူသော ကဝိလက္ခဏာသတ်ပုံ အံ့ကာရန်သံပေါက်အရ သလ္လာဝတီ (ချင်းတွင်း)မြစ်နှင့် တစပ်တည်းတည်ရှိသော ပဒုံမှာ 'ရေပဒုံ'ဖြစ်၏[၃]။ ယခု အလုံမြို့ပင်တည်း။ ကြည်း ပဒုံကား–

၁။ ရွှယ်စုံ-၉။ ၂။ ဂန္ထဝင်ပုဂ္ဂိုလ်။
၃။ ကြည်းပဒုံကိုထောက်၍ ရေပဒုံဟုခေါ်လိုက်ခြင်းဖြစ်၏။

ကျောက်စရစ်ပုံ၊ ကြည်းပဒိုး၊ ယှက်ရုံမနီးဝေး။

ဟူသော ဝင်းသတ်ပုံသံပေါက်အရ ကျောက်ပရစ်ပုံရွာအနီး၌ တည်ရှိကြောင်းသိရ၏၊ ကျောက်စည်ပုံရွာနှင့် ကြည်းပဒိုးရွာ သွားသော လှည်းလမ်းရှိလေသည်။

ယခုအလုံဟုခေါ်သော ပဒိုးမြို့ကို အလောင်းဘုရား၏ စတုတ္ထသားတော် သတိုးမင်းလှရွှေတောင်စားရသည်။ ထို့ကြောင့် ပဒိုမင်းသားဟု အမည်တွင်သည်။ နောင်တွင် ဘိုးတော်မင်းတရားကြီး ဖြစ်လာမည့်သူ ပေတည်း။ ပဒိုးမြို့သည် စေ်သည်သူရဲကောင်းများ ပေါ်ထွက်သော ဌာနလည်း ဖြစ်၏။ ရာဇဝင်ပြောင်လှသော စစ်သူကြီး မဟာဗန္ဓုလနှင့် ကမ္ဘာကျော် မြန်မာ့နိုင်ငံရေးသုခမိန်ကြီး ကင်းဝန်မင်းကြီး ဦးကောင်းသည် အလုံ(ပဒိုး)မြို့ဝန် ဖြစ်ခဲ့ကြသည်

ပဒိုးမြို့ကျေး၊ မောင်းထောင်ရွာ၌ ကျရောက်သော စာပေမျိုးစေ့သည်ကား အခြားမဟုတ်၊ ပဋိသန္ဓေထဲက စာပေဗီဇပါလာသူ မောင်ညြပင် ဖြစ်လေသည်။ မောင်ညြ၏မိခင်ဒေါ်ပုသည် မုဒုလက္ခဏာပျို ဆရာ ရှင်လက်ာသာရ (နောင်တွင် တွင်းသင်းတိုက်ဝန် မဟာစည်သူ)၏ အမ အရင်းပင်တည်း။

## ဦးညြမွေးသက္ကရာဇ်စိစစ်ချက်

မောင်ညြ၏ မွေးသက္ကရာဇ်နှင့်ပတ်သက်၍ အယူအဆနှစ်ရပ်ရှိနေသည်။ မင်းတုန်းမင်းလက်ထက် နိုင်ငံခြားဝန်ထောက်မင်း သီရိမဟာဇေယျသူ ဦးခြိမ့်၏ ကဝိလက္ခဏာ ဒီပနီကျမ်း၌ ၁၀၉၈-ခုနှစ်ဖွားဟု ဆိုသည်။ ထိုသက္ကရာဇ်ကို မြန်မာစာပေသမိုင်းနှင့် အခြားဆရာများစွာတို့က လက်ခံကြသည်။ မြန်မာနိုင်ငံစာပေ ပြန့်ပွားရေးအသင်းကလည်း ထိုဖွားသက္ကရာဇ် ၁၀၉၈-ကို အခိုင်အမာယူသည့်အပြင် ကွယ်လွန်သက္ကရာဇ်ကိုလည်း မော်ဘီဆရာသိန်းကြီး၏ အလိုအတိုင်း ၁၁၃၃-ခုနှစ်ဟု လက်ခံသည်။ ထို့ကြောင့်ပင် စိတ္တကျော်သူ ဦးညြကွယ်လွန်သည့်အနှစ် ၂၀၀ ပြည့်အထိမ်းအမှတ်ပွဲကြီးကိုပင် ၁၃၃၃ ခုနှစ် နတ်တော်လက ရန်ကုန်မြို့

ဗိုလ်တထောင်ဘုရားလမ်းရှိ ရာမကရစ်ရှနာအသင်းတိုက်၌ စည်ဘားသိုက် မြိုက်စွာကျင်းပ ချီးကျူးခဲ့လေသည်။ စိန္တကျော်သူဦးဩ ဟူသောအမည် ဖြင့် မှတ်တမ်းတင်စာတအုပ်ကိုလည်း အထိမ်းအမှတ် အဖြစ်ထုတ်ဝေ ခဲ့သည်။

သို့ရာတွင် ပညာရှင်အချို့က မူ မောင်ဩဖွား သက္ကရာဇ်ကို ၁၀၇၉ ဟု ယူလိုကြပေသည်။ ထိုအယူအဆနှင့် စပ်လျဉ်း၍ အစောဆုံးတွေ့ရ သည့် အထောက်အထားမှာ 'စိန္တကျော်သူရတု' အမည်ရှိသော စာအုပ် တွင်ပါရှိသော မောင်ဩ၏ အတ္ထုပ္ပတ္တိဖြစ်သည်။ ထိုစာအုပ်ကို ခရစ်- ၁၉၃၄ ခုနှစ်တွင် လောကပါလပုံနှိပ်တိုက်က ရိုက်နှိပ်ပြီး တအုပ်လျှင် အဖိုး ၆-ပဲနှုန်းဖြင့် ရောင်းချခဲ့သည်။

ထိုစာအုပ်၌ မောင်ဩအတ္ထုပ္ပတ္တိကို ဤသို့ဖော်ပြထား၏။

ရတနာပူရ အဝပြည်ကြီးအရှင် ဟံသာဝတီရောက် မင်းတရားကြီး လက်ထက်တော်မှသည် အမရပုရ ပထမမြို့တည် နန်းတည် မင်းတရားကြီး လက်ထက်တော်တိုင် မင်းခြောက်ဆက်တိုင်တိုင် ချီးမြှင့်သူကောင်းပြုခြင်း ကို ခံရသော စာဆိုတော် စိန္တကျော်သူဘွဲ့ခံ ဦးဩ၏ အတ္ထုပ္ပတ္တိကား-

ယခုအခါ အလုံမြို့ဟုခေါ်သော ဗဒုံမြို့အထက်တိုက် မောင်းထောင် ရွာဇာတိ၊ အမိ မပုံ၊ အဘဦးဇေယျတို့၏သား၊ သက္ကရာဇ် ၁၀၇၉-ခု အင်္ဂါနေ့ဖွား ငယ်မည် မောင်ဩသည် ဦးလေးအရင်းဖြစ်သူ ဦးထွန်းညို နှင့်အတူ ကျောင်းနေ၍ စာပေသင်ကြားရာ ဦးထွန်းညိုမှာ ၁၀၈၀-ခု ဖွားဖြစ်၍ သက္ကရာဇ် ၁၁၀၇ ခုတွင် ရဟန်းအဖြစ်ကို ခံယူပြီးလျှင်၊ ပျိုကဗျာလင်္ကာအများကို သီရိုးရေးသားခြင်းအရာ၌ လွန်စွာထင်ရှား ကျော်ကြားသည့်အတိုင်း 'ရှင်လင်္ကာသာရ' ဟူသော ဘွဲ့ကိုခံသည်။

နောက်သာသနာတော်မှ သက်ခဲ့၍ ရာဇဝလ္လဘအဖြစ်နှင့် မင်းမှိုစိုး ကပ်ပြုလုပ်ရာ တွင်းသင်းတိုက်ဝန် မဟာစည်သူ ဟူသောဘွဲ့နှင့် နန်းတွင်း နန်းပြင် ပေါ်လွင်ထင်ရှားကျော်ကြားသော ပညာရှိ အမတ်ကြီးတပါး ဖြစ်သတည်း။

တူဖြစ်သူ ဦးညြမှာ ဦးလေးဖြစ်သူအောက် အသက်တနှစ်လျော့သဖြင့် ဦးလေးနှင့်အတူ သိမ်ဝင်၍ ရဟန်းမပြုရသောကြောင့် အသက် ၁၉-နှစ်တွင် သာမဏေကြီးဘဝမှ လူထွက်၍ ဟံသာဝတီရောက် မင်းတရားကြီး၏ ဘထွေးတော် တောင်ငူရာဇာမှာ အမှုထမ်းရာ အသက် ၂၃-နှစ်တွင် သံတော်ဆင့်အဖြစ်နှင့် 'ရွှေတောင်ရာဇကျော်'ဟူသောဘွဲ့ကို ချီးမြှင့်ခြင်း ခံရသည်။

၁၁၁၃ ခုနှစ် တော်သလင်းလဆန်း ၁၁ ရက် အင်္ဂါနေ့ 'ရောင်ခြည်ခြောက်သွယ်'ချီ ကဝိလက္ခဏာ သံပေါက်သတ်ပုံ ပုဒ်ရေတထောင်ရေး၍ ပြီးစီးသည်ကို ဆက်သွင်းသည်။

ရတနာသိခ မြို့တည်နန်းတည် အလောင်းမင်းတရားကြီး ရွှေလက်ထက်တော်၌လည်း သံတော်ဆင့်အရာနှင့်ပင် စိတ္တကျော်သူဘွဲ့ကို ရသည်။

၁၁၁၉-ခုနှစ်၊ ရွှေနန်းတော်၌ ထီးချက်တော် အရောင်တောက်သည်ကို 'ရွှေထီးချက်မှာ၊ တဝါဝါတည့်'အစချီသော ရတုနှင့်တကွ မင်းခန်းဆိုင်ရာ ရတုအမျိုးမျိုး၊ အိမ်ရှေ့မိဖုရားချောင်း၊ ညြဝါဒထူးပျို၊ ကန်တော်သိမ်း ရတု စသည်များကို ခမ်းနားဖွယ်ရာ ယဉ်ကျေးနက်နဲစွာ နည်းယူဖွယ်အဖြာဖြာတို့ဖြင့် ကဗျာ့ပါရဂူ ဖြစ်သည်နှင့်ညီစွာ ရေးသားစီရင်ခဲ့သော ပုဂ္ဂိုလ်ကြီး ဖြစ်ရကား သက္ကရာဇ် ၁၁၄၂-ခုတွင် အထွတ်အမြတ်သို့ရောက်တော်မူသော အမရပူရ ပထမမြို့တည်နန်းတည် မင်းတရားကြီးလက်ထက် ၁၁၃၅-ခုနှစ်၌ သံတော်ဆင့်အရာနှင့်ပင် မဟာဇေယျသင်္ခယာဘွဲ့ကို သနားတော်ခံရသတည်း။

ထိုစာအုပ်၌ ဤကဲ့သို့ ဦးညြ၏ အတ္ထုပ္ပတ္တိကို ဖော်ပြပြီးနောက် အောက်ပါအတိုင်း ထည့်သွင်းထားသည်ကို တွေ့ရသည်။

အထူးမှတ်ရန် – စာဆိုတော် စိတ္တကျော်သူ၏ အကြောင်းကို ပြဆိုသော ဤအတ္ထုပ္ပတ္တိကား သီရိပဝရ မဟာသုဓမ္မရာဇာ ဘွဲ့တံဆိပ် နာမံရှိတော်မူသော နတ်ပြည်စံ အိမ်ရှေ့မင်းတရားကြီး၏ သမီးတော် ကောင်းတုံမြို့စား၊

> သုသီရိသာမာဝတီတွင် မြင်သည့် သမီးတော်ကောင်းတုံ
> ထိပ်တင်မကြီးထံမှရသည့် ပုရပိုက်မူ၊ မန္တလေးမြို့အနောက်
> ပြင် ထားတန်းရပ်နေ သံဘောဆင့်ခင်း ဦးကျော်ထံရှိ
> ပေမူမှ ကူးယူရရှိခဲ့သော စက္ကူဖြူတွင်ရေးသည့် လက်ရေး
> ကော်ပီ၊ ယင်းသည့် စာမူနှစ်ဆောင်၌ ပါရှိသည့်အတိုင်း
> ထည့်သွင်းပုံနှိပ်လိုက်ပါသတည်း။

ဤအမှာစကားအရ အထက်တွင်ဖော်ပြသော ဦးသြ အတ္ထုပ္ပတ္တိမှာ ကောင်းတုံထိပ်တင်မကြီး၏ပုရပိုက်မူနှင့် ထားတန်းဦးကျော်အား၏ ပေမူ၌ တည်ရှိသောအတ္ထုပ္ပတ္တိဖြစ်ကြောင်းသိရပေသည်။ ဤအတ္ထုပ္ပတ္တိတွင် ဦးသြသည် ၁၀၇၉-ခုနှစ်ဖွားဖြစ်ကြောင်းကို ဦးလေးတော်သူ ဦးထွန်းညို၏ ဖွားသက္ကရာဇ် ၁၀၇၇ နှင့် ထောက်ခံ၍ အခိုင်အမာပြဆိုထားပေသည်။ ထို့ပြင် ဘိုးတော်မင်းတရား လက်ထက် ၁၁၄၅-ခုနှစ်တွင် မဟာဇေယျသင်္ချာဘွဲ့ ရသေးသည်ဟုဆို၍ မွေးသက္ကရာဇ် ၁၀၇၉-အရ ဆိုလျှင် ဦးသြသည် အသက်(၅၆)နှစ်အထိ အသက်ရှင်လျက်ရှိသေးကြောင်း သိရပေသည်။

ဤသို့လျှင် ဦးသြသည် ၁၁၉၇-ခုဖွားဖြစ်ပြီး သက္ကရာဇ် ၁၁၃၃-ခု အသက် ၃၅-နှစ်အရွယ်တွင် ကွယ်လွန်ဟူသော အဆိုတရပ်၊ ၁၀၇၉-ခု ဖွားဖြစ်ပြီး သက္ကရာဇ် ၁၁၄၅-ခု၊ အသက် ၅၆-နှစ်နောက်ပိုင်းမှ ကွယ်လွန်သည်ဟူသောအဆိုတရပ်၊ ဤအဆိုနှစ်ရပ်သည် ရှေးကာလသထဲက ကွဲပြားလာခဲ့ကြောင်း သိရပေသည်။

ယင်းကွဲပြားမှုပေါ်တွင် မည်သည့်အဆိုသည် မှန်လောက်၏၊ သင့်လောက်၏ဟု ယခုခေတ်စာပေသုတေသီတို့က ချိန်ဆသုံးသပ်ကြလေသည်။ ယင်းသို့ သုံးသပ်ရာတွင် ဦးသြပြုစုခဲ့သည့် ကဝိသာရတ္ထသတ်ပုံသံပေါက်ကျမ်းနှင့် သြဝါဒထူးပျို့တို့သည် စဉ်းစားမှု၏ မဏ္ဍိုင်ဖြစ်သကြ၏။

မြန်မာရာဇဝင်အရ မဟာရာဇာဓိပတိဘွဲ့မည်ရှိသော ဟံသာဝတီပါမင်းသည် ၁၀၉၅-ခုတွင် အင်းဝ၌ နန်းတက်၍ ၁၁၁၃-ခုတွင် နန်းကျ

ခဲ့သည်။ ထိုမင်းနန်းကျသောအခါ ဦးအောင်ဇေယျသည် ကုန်းဘောင်မင်းဆက်ကို ၁၁၁၄-ခုနှစ်က စတင်တည်ထောင်လေသည်။ မောင်ဩသည် ဟံသာဝတီပါမင်း၏ ဘထွေးတော် တောင်ငူရာဇာထံ၌ သံတော်ဆင့်ရာထူးဖြင့် မင်းမှုထမ်းခဲ့သည်။ တောင်ငူရာဇာသည် ဟံသာဝတီပါမင်းနန်းကျသောအခါ မွန်တို့ကိုပြန်လည်တိုက်ခိုက်ရန် လက်နက်လူသူစည်းရုံးယင်း နာဖျား၍ ကံကုန်ရှာသည်။

ကဝိလက္ခဏာသတ်ပုံကျမ်းတွင် ကျမ်းရေးသူက နိဂုံးကိုးဂါထာ ရေးသားထည့်သွင်းခဲ့သည်။ ထိုနိဂုံး၌ ဤသတ်ပုံကျမ်းကို တောင်ငူရာဇာက တိုက်တွန်း၍ ရေးရခြင်းဖြစ်ကြောင်း။ ၁၁၁၃ ခု တော်သလင်းလဆန်း ၁၁ ရက် အင်္ဂါနေ့၌ ပြီးစီးကြောင်းများကို အတိအကျ ဖော်ပြထားပေသည်။ သို့ဖြစ်၍ ၁၁၁၃-ခုနှစ် ကဝိလက္ခဏာသတ်ပုံကျမ်းရေးသား ပြီးစီးကြောင်း တညီတညွတ်တည်းလက်ခံကြရလေသည်။ ဤအချက်ကိုကိုင်၍ ဦးဩမွေးသက္ကရာဇ်ကို စဉ်းစားခန်းဖွင့်ကြလေသည်။

ကဝိလက္ခဏာ သတ်ပုံကျမ်းကို ၁၁၁၃ ခုနှစ်၌ ရေးသား ပြီးစီးသောကြောင့် အကယ်၍ ဦးဩသည် ၁၀၉၈-ခုဖွားဖြစ်ပါက ထိုကျမ်းရေးသားချိန်တွင် အသက် ၁၅-နှစ်မျှသာရှိသေးသည်။ ဤမျှနုငယ်သောသူတဦးက ဤမျှလေးနက်ရင့်ကျက်၍ ပညာသားပါလှသော ကဝိလက္ခဏာသတ်ပုံကျမ်းကို ပြုစုသည် ဆိုသည်မှာ ယုတ္တိမတန်ချေ။ ၁၀၈၉-ခုဖွားဖြစ်လျှင် ၁၁၁၃-ခုနှစ်၌ ၂၄-နှစ်ရှိ၍ ဤအရွယ်ကာလဆိုလျှင် ရေးနိုင်လောက်တန်ရာသည်။ ဤသို့ တွေးဆကြလေသည်။

နောက်တချက်မှာ ဩဝါဒထူးပျို့ကိုကိုင်၍ စဉ်းစားခြင်းဖြစ်၏။ ဦးဩသည် ၁၁၂၂-ခုနှစ်၌ နန်းတက်သော နောင်တော်ကြီးခေါ် စစ်ကိုင်းမင်းနန်းတက်စဉ်၌ ဩဝါဒထူးပျို့ကိုရေးသားဆက်သွင်းခဲ့သည်။
.28 ထို့နောက် ဦးဩ၏ သတင်းတိမ်မြုပ်သွားသည်။ ဤသို့တိမ်မြုပ်သွားခြင်း

မှာ ၎င်းပျို့ရေးသားပြီး မကြာခင်(တနှစ်ကျော်လောက်တွင်) ဦးညြ ကွယ်လွန်သည်ဟု ယူရန်ဖြစ်သည်။

အကယ်၍ ဦးညြ မွေးသက္ကရာဇ် ၁၀၉၇-ဖြစ်သော် အသက် ၂၄-နှစ်တွင် ညြဝါဒထူးပျို့ကို ရေးသည် ဖြစ်ရာ၏။ ၃၅-နှစ်၌ ကွယ်လွန်သောကြောင့် အသက် ၂၄-နှစ်မှ ၃၅-နှစ်အထိ ကြားကာလ တဆယ့်တနှစ် လုံးလုံး မည်သည့် စာပေမျှ မပြုစုဟု အဓိပ္ပာယ် ရောက်သည်။ ဆယ့်တနှစ် လုံးလုံး စာပေ မပြုစုသည်မှာ ယုတ္တိ မရှိချေ။ မွေးသက္ကရာဇ်သည် ၁၀၇၉-ဖြစ်လျှင် အသက် ၃၃၊ ၃၄-အရွယ်၌ ညြဝါဒ ထူးပျို့ကို ရေးရသည်။ ရေးပြီး တနှစ်ခန့် အကြာ အသက် ၃၅-နှစ်တွင် ကွယ်လွန် ရသည်။ ထို့ကြောင့်သာ ညြဝါဒထူးပျို့နောက် ဦးညြ သတင်း တိမ်မြုပ်ခဲ့ခြင်း ဖြစ်နိုင်သည်။

ဤဆင်ခြင်ချက် အရ ဦးညြ မွေးသက္ကရာဇ်မှာ ၁၀၇၉။ ကွယ်လွန်ချိန်မှာ အသက် ၃၅-နှစ် ဖြစ်ကြောင်း အဖြေထွက်လေသည်။

## ခေတ်စနစ်၏ အသီးအပွင့်

ဤတွင် မောင်ညြအသက် ၁၅-နှစ်သား အရွယ်တွင် ကဝိလက္ခဏာ သတ်ပုံသံပေါက် ကျမ်းကို ရေးသားနိုင် မရေးသားနိုင် ဟူသော အချက်ကို ဖြည့်စွက် ဆွေးနွေး လိုပါသည်။ သတ်ပုံ သံပေါက် ကျမ်းသည် ကဝိလက္ခဏာ အဆင့်အတန်း မြင့်မားသောကျမ်းဖြစ်သည်မှာ မှန်ပါသည်။ ထိုကျမ်း၌ ကျမ်းဦးပဏာမ ဂန္ထာရမ္ဘနှင့် နိဂုံးစကား တို့ကို အဆင့်အတန်း မြင့်သော ပါဠိသွားဖြင့် ဂါထာစီကုံး ဖော်ပြထား သည်ကို တွေ့ရပါသည်။ ဤအချက်အရ သိရသည်မှာ ဤသတ်ပုံကျမ်းပြု ပုဂ္ဂိုလ်သည် မြန်မာဘာသာကိုသာ မက ပါဠိဘာသာကိုပါ ကောင်းစွာ တတ်ကျွမ်းသူ ဖြစ်ကြောင်း ပင်တည်း။ ထို့ပြင် စာကိုယ် သတ်ပုံ သံပေါက် တထောင်တွင်လည်း ပိဋကတ်၊ ဗေဒင်၊ ရာဇဝင်၊ နီတိ စသော အကြောင်းအရာ များရော၊ ဝေါဟာရများပါ စုံလင်လှသည်ကို အံ့ချီးဘွယ် တွေ့ရလေသည်။ ဤအချက်နှစ်ရပ်ကို ထောက်ရှု၍ ကဝိလက္ခဏာ သတ်ပုံ

ကျမ်းသည် ဘက်စုံ အဆင့်အတန်း မြင့်သော ကျမ်းကောင်းတဆူ ဖြစ်ကြောင်း ဝန်ခံကြရပါသည်။

သို့ဖြစ်လျှင် ၁၅-နှစ်သား လူငယ်တယောက်သည် ဤကျမ်းမျိုးကို ပြုစုနိုင်ရာအံ့လော၊ စဉ်းစားဘွယ် ဖြစ်ပါသည်။ ဤသို့ စဉ်းစားရာတွင် ကျမ်းပြုပုဂ္ဂိုလ်၏ အသက်အရွယ် မျှကိုသာ ကွက်၍ မစဉ်းစားသင့်ချေ။ လူ၏ သဘောနှင့် သူ့ခေတ် ပညာသင်ကြား နည်းစနစ်ကိုပါ ထည့်သွင်း တွက်ဆရမည် ဖြစ်ပေသည်။ ထို့ပြင် စာဆို၏ ပတ်ဝန်းကျင်လည်း အရေး ပါပေသေးသည်။

လူသည် တော်ချင်လျှင် ငယ်ငယ်ကပင် တော်ဘတ်သည်။ ငယ်ငယ် ရွယ်ရွယ်နှင့် တတ်သိ လိမ္မာသူများစွာ ရှိလေသည်၊ ရှင်သီလဝံသ အလောင်း မောင်ညိုကလေးသည် ကျောင်းသား အရွယ်ကပင် အစွမ်းအစ ပြလာခဲ့သည်။ ရှင်မဟာရဋ္ဌသာရ အလောင်း မောင်ကောက်ကလေးသည် ဆယ့်တနှစ်သား အရွယ်က 'အိုဘယ့်ဘယ် အိုဘယ့် သမီးတော်' ချီဘုရင့် သမီးတော်ဘွဲ့ကို နှုတ်လွတ် တခဏချင်း စီကုံးပြနိုင်ခဲ့သည်'ဟု သိရသည်။ စစ်ဘက်တွင် ထူးချွန်သော တပင်ရွှေထီးနှင့် မင်းရဲကျော်စွာတို့သည်ဆယ်ကျော်သက် အရွယ်ကပင် ထူးချွန်ခဲ့ကြသည်။ ထို့ကြောင့် အသက်ငယ်၍ မရေးနိုင်ဟု မဆိုသာချေ။ ထူးချွန်သော လူ့သဘာဝဟုရပ်ကို သတိ ချပ်အပ်ပေသည်။

ထို့ပြင် မောင်ဩတို့ခေတ် ဘုန်းကြီးကျောင်း ပညာ သင်ကြားရေး စနစ်ကို သည်း ဆင်ခြင်ရာသည်။ ဘုန်းကြီးကျောင်း ပညာသင်ကြားရေး စနစ်၌ ကောင်းသော အချက်များစွာ ရှိသည်။

၁။ ဆရာ ဘုန်းကြီးကို လွန်စွာ ကြောက်ရ၍ မခိုကပ် ဉာဏ်ရှိသမျှ ကြိုးစားရသည်။

၂။ စာသင်ချိန်မှာ ယခုခေတ် ကဲ့သို့ နာရီပိုင်းဖြင့် ကန့်

သတ်မထားပဲ စားချိန် အိပ်ချိန်မှ တပါး စာသင်ချိန် ချည်း ဖြစ်နေသည်။

၃။ ဘုန်းကြီး ကျောင်းသားနှင့် ကိုရင် များသည် ပြင်ပ အပျော်အပါး မရှိ၊ စာမှတပါး အခြားကိစ္စ မရှိ ဖြစ်သည်။

၄။ စာသင်ရာ၌ သမာဓိ မွေးကြရသည်။

၅။ စာကို နားလည် အောင်လည်း သင်ယူရသည့် အပြင် နေ့တိုင်း အာဂုံရအောင် အလွတ်ကျက်ရသည်။ လေ့လာနည်း မှာလည်း သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ၊ နှင့် အညီ ဖြစ်သည်။

၆။ ရပြီးသမျှ စာများ မေ့ပျောက် မသွားရအောင် ညစဉ် ရပြီးသား စာများကို ပြန်ကြ ရသည်။ ကြာ လျှင် ရပြီးသား စာများသည် တညနှင့် ပြန်၍မကုန်၊ ၄၊ ၅၊ ၆ ညခွဲ၍ ပြန်ကြရသည်။ ထို့ကြောင့် နှုတ်ငုံ အရများ သည်။

၇။ ဆရာသမား များက နှုတ်ဖြင့် မေးသည်များကို ဖြေကြ ရသည်။

ဘုန်းကြီးကျောင်း ပညာသင်ကြားနည်း စနစ်၌ ပြဋ္ဌာန်းစာများမှာ မူလတန်းအတွက် သင်ပုန်းကြီးနှင့် ဆယ်စောင်တွဲ ဖြစ်သည်။ [၁] အလယ် တန်းမှ ဇာတ်တော်ကြီး ၁၀ ဘွဲ့၊ ငါးရာ့ငါးဆယ်၊ ပျို့ကဗျာ၊ ရာဇဝင် လင်္ကာ၊ နေ့စဉ်သုံး ဗေဒင်ဆိုင်ရာ လင်္ကာများ၊ သဒ္ဒါ၊ သင်္ဂြိုဟ် စသည် တို့ ပါရှိသည်။ အာဂုံ အလွတ်ရအောင် ကျက်မှတ် ကြရသည်ချည်း ဖြစ်သည်။

---

(၁) ဆယ်စောင်တွဲ၌၊ မင်္ဂလသုတ်၊ အတွင်း အောင်ခြင်း၊ အပြင်အောင်ခြင်း၊ ရတနာ ရွှေချိုင့်၊ နမက္ကာရ၊ လောကနီတိ၊ ပရိတ်ကြီး၊ ရှင်သီလဝံသ ဆုံးမစာ စသည်တို့ ပါရှိသည်။

အထက်ဆင့်ရောက်သော အခါသာသနာ့ ဝန်ထမ်းမည့် သူများအတွက် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသည်ကို ဆက်လက် သင်ယူစေသည်။ လူလုပ်မည့်သူများ အတွက် ရာဇသတ်၊ ဓမ္မသတ်၊ ရာဇဝင် စသည်တို့ နှင့်တကွ သဒ္ဒါ၊ အဘိဓာန်၊ အလင်္ကာ၊ ဆန်း၊ နေတ္တိ စသည်တို့ကို သင် ယူစေသည်။ သင်ကြား သမျှကို အများအားဖြင့် နှုတ်ငုံအရ ကျက်မှတ် ကြရလေသည်။

သို့ဖြစ်၍မောင်ဩသည်ပထမကျော်အောင်စံထားဆရာတော်ကျောင်း တိုက်၌ နေစဉ် ဆိုခဲ့ပါ ဘုန်းကြီးကျောင်း ပညာများကို ကောင်းစွာ သင်ယူ ရရှိခဲ့ရာသည်။ အထူးသဖြင့် မြန်မာစာပေ ဘက်မှ ရှင်မဟာ ရဋ္ဌသာရ၏ ပျို့အားလုံး၊ ရှင်မဟာ သီလဝံသ၊ ရှင်အုန်းညို၊ ရှင်အဂ္ဂသမာဓိ စသော စာဆိုကျော် တို့၏ စာကောင်း ပေကောင်း များစွာ တို့ကို သဘော အဓိပ္ပာယ်နှင့် တကွ နှုတ်ငုံရရှိနေမည် ဖြစ်လေသည်။

စာကျက်ပုံကို အနည်းငယ် ဖော်ပြပါအံ့။ ယခု ခေတ်တွင် စာသင် သား များသည် ပါဠိ အဘိဓာန် ဂါထာများကို ကျက်ရာ၌ တနေ့ ဘယ်နှစ်ဂါထာ ရသည်ဟု စံနှုန်းထားကြ၏။ တနေ့ ဆိုသော်လည်း တမနက်ခင်း၌သာ ဖြစ်သည်။ ဉာဏ်ထိုင်း သူသည် တနေ့ ငါးဂါထာ လောက် ရ၏။ တဂါထာမှာ စာနှစ်ကြောင်း ရှိ၏။ ဉာဏ်သင့်သူသည် တနေ့ ဆယ် ဂါထာရပြီး ဉာဏ်ကောင်း သူများ တနေ့ ဂါထာ နှစ်ဆယ်-အထက် ရလေသည်။ ဂါထာ ငါးဆယ် ထိအောင် ရသူ လည်း ရှိသည်။ ရပြီးသား စာများကို မမေ့ မပျောက်အောင် ညည ပြန်ဖတ်ရသည်။ ပြန်ပါများသော အခါ စာကြေလာသည်။ ဘယ်မှာ ဘာရှိသည်ကို မျက်စိထဲမှာ ကွက်ကွက် ကွင်းကွင်း မြင်နေတော့သည်။ အချိန်မရွေး ဆင်ခြင်၍ ရသည်။ မေးလျှင် ဖြေနိုင်ပေသည်။ ဤကား အာဂုံ ရရှိမှု၏ စွမ်းရည်တည်း။ ထို့ပြင် နေ့ဝါ၊ ညဝါ များကိုလည်း နေစဉ် သင်ယူရမြဲ ဖြစ်သည်။[၁]

---

၁။ ဤစာရေးသူသည် သက်နှီးဝတ်နှင့် ပညာသင်ခဲ့စဉ်က ကိုယ်တိုင် ကျက် မှတ် ရရှိလာသူ ဖြစ်၏။

ဤနည်းအားဖြင့် ကိုးခန်းပျိုကို ကျက်မည်ဆိုအံ့။ ယနေ့ စာအုပ်အနေအထား အရကိုးခန်းပျို့စာမျက်နှာ ၁၉၀-ရှိ၏။ တမျက်နှာလျှင် စာကြောင်းရေ ၂၀-ခန့် ပျမ်းမျှရှိသည်။ ထို့ကြောင့် ဉာဏ်အလတ်စားရှိသူသည် တနေ့ စာကြောင်းရေ ၂၀-ခန့် (စာတမျက်နှာခန့်) အသာအသာကလေး ရပေသည်၊ အကျင့် ရသွားသော အခါ ရှေ့တွင် ပို၍ရလွယ်လာသည်။ ထို့ကြောင့် ခြောက်လခန့် ကျက်လိုက်လျှင် ကိုးခန်းပျို့ တစောင်လုံးကို ဂျောင်းဂျောင်းပြေး ရလေတော့သည်။

မောင်သြသည် ၉-နှစ်သား အရွယ်ခန့်က သာမဏေပြုပြီး ပထမကျော်အောင်စံထား ဆရာတော် ထံ၌ ပညာ သင်ကြားသည်ဟု အဆိုရှိရာ ၉-နှစ်မှ ၁၅-နှစ်သား အထိ သူ၏စာကျက် အားသည် မည်မျှ ရှိနိုင်ကြောင်း မှန်းဆနိုင်ပေသည်။ မောင်သြ၏ နှုတ်ထဲ၌ ခြောက်နှစ်တာမျှ ကျက်မှတ် ထားသော စာတို့အနက် အင်း၀ခေတ် စာကောင်း ပေကောင်း အမြောက်အမြား ပါရှိနေမည် ဖြစ်ပေသည်။

ဤကဲ့သို့ ဘုန်းကြီးကျောင်း ပညာ သင်ကြားရေး စနစ် ထိရောက်မှုကြောင့် မောင်သြသည် ၁၅-နှစ်သား အရွယ်တွင် ပါဠိ မြန်မာ နှစ်ဘာသာလုံး၌ လူတော် တယောက် ဖြစ်နေပြီဟု ကောင်းစွာ ယူဆနိုင်ပေပြီ။ ယခုခေတ်တွင် ၁၅-နှစ် ၁၆-နှစ် သာမဏေ များသည် ၁၀-တန်း စာမေးပွဲ၌ ဂုဏ်ထူး ၄၊ ၅၊ ဘာသာ ရသည်အထိ ဉာဏဗလ ရှိကြသည်ကို သတိပြုရာသည်။

ထို့ပြင် ခေတ်အရ စာပေနှင့် စာပေ ပတ်၀န်းကျင် အနေအထားလည်း ကောင်းလှပေသည်။ သူတို့ခေတ်တွင် သိပ္ပံပညာ မထွန်းကားသေး၍ ၀ိဇ္ဇာပညာ စာပေကို အားစိုက် လုပ်ကြ လေသည်။ ဘုန်းကြီးကျောင်း၌ ၄၊ ၅၊ ၆ နှစ် နေသော ကျောင်းသားကလေး များသည် ပင် ကာရန် ယူတတ်ကြသည်။ ကျောင်းသားများ တန်းစီ ခိုင်းပြီး တယောက်က 'မွှေးမေ့ မေတ္တာ' ဟု တိုက်လိုက်လျှင် အခြား တယောက်က 'ထွေးပွေ့ ချစ်တာ' ဟု ဆက်ရသည်။ ဤသို့ လေ့ကျင့်ကြရသည်။

မောင်ဩသည် ငယ်စဉ် ကတည်းက စာပေပတ်ဝန်းကျင်တွင် ကြီးပြင်းလာရသူ ဖြစ်သည်။ သူ၏ ဦးလေး ရှင်လင်္ကာသာရ မှာလည်း အနုစာပေ၌ ထူးချွန်သူ ဖြစ်သည်မှာ အထင်အရှားပင်တည်း။ သူ၏ ငယ်ဆရာ ပထမ ကျော်အောင်စံထား ဆရာတော်သည်လည်း၊ စာတတ် ပေတတ် ထိမ်ထိပ်ကျဲ ဆရာကော် တပါး ဖြစ်သည်။ ထို့ပြင် ဘုရင်မြတ်များကလည်းစာတော်သူများအါးထိုက်ထိုက်တန်တန်ချီးမြှင့်တတ်၏။မောင်ဩသည် ဤကဲ့သို့သော ပတ်ဝန်းကျင်၌ ကျရောက်နေသူ ဖြစ်သောကြောင့် သူ၏ စာပေ အရည်အသွေးကို တောက်ပစေမည်မှာ မုချ ဖြစ်ပေသည်။

ကဝိလက္ခဏာသတ်ပုံ သံပေါက်ကျမ်းတွင် အရေး ကြီးသော စကားနှစ်ရပ် ပါရှိသည်။ ပထမ စကားမှာ ကျမ်းဦး ဂန္ထာရမ္ဘ ဒုတိယ ဂါထာ၌ 'တဿ နယံ အဝါလမ္ဗ' ဟူသော စကားတည်း။ ဒုတိယ စကားမှာ နိဂုံး ၆ ဂါထာ အနက် အမှတ် ၅ ဂါထာ၌ ပါရှိသော 'လင်္ကာသာရံ ဓုရံ ကတွာ' ဟူသော စကား ဖြစ်ပေသည်။ 'တဿ နယံ အဝါလမ္ဗ' ဟူသည်ကား ရှင်မဟာရဋ္ဌသာရ၏ နည်းကို အမှီပြု၍ဟု ဆိုလိုသည်။ 'လင်္ကာသာရံ ဓုရံ ကတွာ' ကား မိမိ၏ ဦးလေးတော်သော မုဒ္ဒလက္ခဏာပျို့ဆရာ ဦးပဥ္စင်း ရှင်လင်္ကာသာရကို အဦးထား၍ဟု ဆိုလိုသည်။

သံတော်ဆင့် မောင်ဩသည် မိမိအရှင် တောင်ငူရာဇာက သတ်ပုံကျမ်း တစောင် ပြုစုရာတွင် ကျမ်းကို မည်သို့မည်ပုံ ရေးရန် ရှင်လင်္ကာသာရ၏ ညွှန်ကြားချက်ကို ခံယူသည်။ သတ်ပုံကို ပြုရာတွင် ရှင်မဟာရဋ္ဌသာရ၏ နည်းကို မှီဘည်ပြီး အခြား ဆရာများ၏ အဆိုအမိန့်တို့ကို လိုအပ်သလို ထည့်သွင်းသည်။ ဤနည်းအားဖြင့် သတ်ပုံကျမ်းကိုမိမိကိုယ်တိုင်စီခြင်း ဖြစ်ကြောင်း အထက်ပါ ကောက်နုတ်ချက် စကား နှစ်ရပ်က ဖော်ပြ နေပေသည်။

အထက်တွင် ဆိုခဲ့သည့် အတိုင်း ပျို့အစောင်စောင်ကို အာဂုံ အလွတ် ရရှိနေသောကြောင့် သတ်ပုံ ဥပဒေ ပြုရာတွင် လိုရာ လိုရာကို ဖွဲ့ယူပြီး

ကာရန်ခွဲကာ စနစ်တကျ အစီအစဉ် ပြုလုပ် နိုင်လေသည်။ ကျမ်း၏ ရည်ရွယ်ချက်သည် ရေးထုံး သတ်ပုံကို သတ်မှတ် ဖော်ပြ ရန်သာ ဖြစ်သောကြောင့် ကျမ်းကြီး ကျမ်းခိုင် စကားရပ်ကို မဖျက်ပဲ မူရင်းအတိုင်း ထည့်၍ ရနိုင်သမျှ ထည့်ပေးရန် ဖြစ်၏။ မရှိမှ မိမိကိုယ်ပိုင် ဉာဏ်ဖြင့် စီကုံး ထည့်သွင်းရန် ဖြစ်လေသည်။

ပုံစံ ကိုးခန်းပျို့ အပိုဒ် (၂)၌–

သံမြတ်သာအိန့်၊ ဤသို့ မိန့်၏၊ ကျော်ထိန့်အံ့ဘွယ်

ဟု ရှိ၏။

၎င်းကို ‘ချီသာအိန့်၊ နှုတ်တော်မိန့်၊ ထိန့်ထိန့် ကျော်သံဝေ’ ဟု မောင်ဩက စပ်ဆိုလိုက်သည်။ ဤတွင်မျှမက သူ၏ တတ်သိမှုအရ လုံးကင်နသတ်အောက်မြစ် အစပ်ထည့်၍ ‘အိန့်၊ မိန့်၊ ထိန့်’ သုံးမျိုးမှ တပါး မရှိဟု နားလည်၏။ ထို့ကြောင့်–

နသတ်တင်မြစ်၊ ရေးနည်းစစ်၊ အသစ်ရတတ်စေ၊

ယင်းသည်အပ၊ ထူး၍ရ၊ လူများခေါင်ချုပ်နေ။

အင်္ဂါမချို့၊ စုံပျို့ပျို့၊ ငါတို့ ဆရာပေ၊

ဟု ရေးစပ်လေသည်။ ဤသည်တို့ကား မောင်ဩ ဉာဏ်များသာ ဖြစ်သည်။ မောင်ဩ စွမ်းရည်ပြ သာဓကများ ဖြစ်ပေသည်။ ထို့ပြင် ဂါထာ ခြောက်ဆယ်ပျို့၌–

ရောင်ခြည် ခြောက်သွယ်၊ ဘဝဂ်ကယ်မျှ၊ ပြိုင်ဆွယ်မဲ့လျှင်း

ဟု ရှိရာ ယင်းမှ ရနိုင်သမျှ မူအတိုင်း ယူ၍ လိုသည်ကို မိမိ ဉာဏ်ဖြင့် ဖြည့်ပေးလေသည်။ ထို့ကြောင့်–

ရောင်ခြည် ခြောက်သွယ်၊ ဘဝဂ်ကယ်၊ အံ့ဘွယ် ဆယ့်ရှစ်ဖြာ

ဟူသော အစဦး ဂုဏ်တော်ဖွင့် သံပေါက်သည် ဖြစ်ထွန်း လာလေသည်။

အထက်ပါ အချက်တို့ကို ဆင်ခြင်လျှင် မောင်သြသည် သစ်ဝါး စုံလင်စွာ ကိုယ်ပိုင်ရှိပြီး အိမ်ပုံစံလှလှ အချိုးကျကျ ဆောက်လုပ်တတ်သော လက်သမား ဆရာကြီးနှင့် တူဘိသည်။ ပျို့အစောင်စောင်ကို နှုတ်ငုံရထားပြီး၊ မိမိ ပြုစုစီရင်သော သတ်ပုံကျမ်း၏ ရည်ရွယ်ချက်နှင့် ကိုက်ညီအောင် လိုအပ်သလို ပြုစု စီရင်တတ်သူ တဦးဖြစ်ကြောင်း သိရပေသည်။

မောင်သြတို့ ခေတ်သည် ယခုခေတ် ကဲ့သို့ စာပုံနှိပ်စက်များ မပေါ်သေးပဲ ပေခေတ် ပုရပိုက်ခေတ် ဖြစ်ဘိရကား စာကို နှုတ်ငုံ ရမထားပါက ပေအချပ်ချပ်ကို လှန်လှော ရှာဖွေ ရေးကူး တည့်သွင်းရန် များစွာ ခဲယဉ်း ပေလိမ့်မည်။ ယခု ခေတ်တွင်မူ စာအုပ်များ၌ နိဗ္ဗာတန်ဖြင့် မှတ်သား၍ လည်းကောင်း၊ အလုံးလိုက်၍ လည်းကောင်း ရှာဖွေနိုင်သည် ဖြစ်ရာ နှုတ်ငုံ မရသူများလည်း စာစု၍ လွယ်ပေသည်။ ဤနည်းဖြင့် ကဝိလက္ခဏာ သတ်ပုံ သံပေါက်များ၏ အခြေခံရာ ပျို့အစောင်စောင်ကို ရှာဖွေ ထောက်ပြသော အလုပ်ကို လုပ်နိုင်ပေသည်။

အထက်ပါ ဆွေးနွေးချက် အကျဉ်းချုပ်မှအနှစ်သာရကို ထုတ်ကြည့်ပါလျှင် အောက်ပါ အချက်နှစ်ရပ်ကို အခိုင်အမာ ရပေသည်။ ပထမအချက်မှာ ကဝိလက္ခဏာ သတ်ပုံသံပေါက် ကျမ်းသည် မောင်သြ ၁၅-နှစ်သား အရွယ်က ကိုယ်တိုင် ပြုစုသော ကျမ်းပင် ဖြစ်သည် ဟူသော အချက်ပင် ဖြစ်သည်။ ဒုတိယအချက်မှာ ကဝိလက္ခဏာ သတ်ပုံသံပေါက် ကျမ်းသည် မိမိ၏ ဉာဏ ခွန်အား များစွာ စိုက်ထုတ်ရန် မလိုသော သာမန် ကျမ်းမျိုး မဟုတ်၊ ပျို့အစောင်စောင်ကို ဒိုးလိုမွှေ ရေလို နှောက် တတ်မြောက် ပြီးပါမှ ကျမ်း၏ ရည်ရွယ် ချက်နှင့် ကိုက်ညီအောင် ပညာသားပါပါ ရေးသား ပြုစုထားသော ကျမ်းကောင်း တဆူဖြစ်သည် ဟူသော အချက် ဖြစ်ပေသည်။

ဤကဲ့သို့ ကဝိလက္ခဏာ သတ်ပုံကျမ်းကို မောင်သြဘဝ ၁၅-နှစ်သား အရွယ်ကပင် ရေးသား ခဲ့သည်ဟု လက်ခံသောကြောင့် မောင်သြ မွေး

သက္ကရာဇ်မှာလည်း ၁၀၉၈ မဖြစ်နိုင်စရာ အကြောင်း မရှိပါချေ။ ကွယ်လွန်ချိန်နှင့် စပ်လျဉ်း၍ သြဝါဒထူးမျို့ကို ရေးသားပြီး နောက်ပိုင်း၌ စာပေနယ်မှ ဦးသြ ပျောက်သွားသည့် အတွက် သေဆုံး သွား ရှိသာ ဖြစ်လိမ့်မည်ဟု တထစ်ချ ယူဆသင့်ပေ။ စင်စစ် ဦးသြသည် စိတ်ဓာတ် ကျဆင်းပြီး အေးအေးလူလူ နေသွားသည် ဟုသာ ဆိုနိုင်ပေသည်။ စိတ်ဓာတ် ကျပုံကို မိမိရေးသား ပြုစုသော သြဝါဒထူးပျို၌ ဦးသြသည် ဤသို့ အမြွက်မျှ ဖော်ပြထားလျက် ရှိ၏၊

စိန္တကျော်သူ၊ ဟူသားအမည်၊ ကျွန်ုပ်သည့်လျှင်၊ ဝန်းလည်ယှက်ရှုံ၊ ကာလိန်ချုံဝယ်၊ ခုံခုံ မင်မင်၊ လက်ယှက် တင်၍၊ စိတ်ထင်လိုရာ၊ မကသာသို့၊ ပြည်ရွာမင်းရေး၊ မှုရှုပ်ထွေးလည်း၊ ဆေးတအိုးကျွမ်း၊ ကွမ်းတယာညက်၊ စိတ်စက် ပျော်ပိုက်၊ လစ်လပ်ခိုက်တွင်၊ နှစ်ခြိုက်ဝမ်းသာ၊ စီကုံးပါသည်။

ဝေဖန်ရေးသမား များစွာတို့သည် နှိုင်းယှဉ် စဉ်းစားမှုကို အများအားဖြင့် လက်နက်သဖွယ် သုံးကြရသည်။ မဖြစ်နိုင်ပါဘူးဟု ကောက်ချက်ချရာ၌ ထိုသို့ ဖြစ်နိုင် မဖြစ်နိုင် တိုင်းတာမှု တရပ်က ပါရှိပြီး ဖြစ်လေသည်။ သို့ရာတွင် နှိုင်းယှဉ်ရာ၌ မစေ့စပ်ပဲ အကွက်ကျော် နေပါကလည်း အဖြေမှန် မရနိုင်တော့ပေ။

ကဝိလက္ခဏာ မောင်သြ ၁၅–နှစ်သား အရွယ်က ဤမျှ ကောင်းမွန်သော ကဝိလက္ခဏာ သတ်ပုံသံပေါက် ကျမ်းကို ရေးနိုင်ဘွယ် မရှိဟု သုံးသပ်ခြင်းသည် ယခုခေတ် လက်ရှိ အခြေအနေကို လက်ဆုပ် လက်ကိုင် ပြု၍ မိမိတို့ခေတ် အခြေအနေ အရ မောင်သြခေတ်၊ မောင်သြအခြေအနေကို အကဲဖြတ်ကြခြင်း ဖြစ်နေပေသည်။ ဤကဲ့သို့ ခေတ်အခြေအနေ ကွာဟမှုကို နှိုင်းယှဉ်ရန် လစ်ဟင်းသည့် အတွက် ရရှိသော အဖြေသည် မှန်ကန်တော့မည် မဟုတ်ပေ။ ထို့ပြင် ထူးချွန်သော ပုဂ္ဂိုလ်တို့၏ ကုသိုလ် ပါရမီကို ထည့်သွင်း တွက်ဆခြင်း မပြု၍လည်း မဖြစ်

ပေ။ ပါရမီ ထူးသူများသည် အပြုအမူ များလည်း ထူးစမြဲ ဖြစ်ပေသည်။

သို့ဖြစ်သောကြောင့် နိုင်းယှဉ် စဉ်းစားမှုကို အကွက် စေ့စေ့ ကျယ်ကျယ် ပြန့်ပြန့် ဖြစ်စေမည် ဆိုပါလျှင် ပေါ်ထွက်လာသည့် အဖြေသည်ကား "လူငယ်ကျမ်းပြု မောင်သြ" ပင် ဖြစ်ပါသတည်း။ ။

# အာသိသပတ္တနာ

စိန္တကျော်သူ ဦးညြ၏ ကဝိလက္ခဏာ သတ်ပုံ သံပေါက် ကျမ်းသည် မြန်မာစာပေနှင့် မြန်မာ့ ယဉ်ကျေးမှု အတွက် အဖိုးအနဂ္ဃ ထိုက်တန်သော ရတနာမြတ် ဖြစ်ပေသည်။ ဤကျမ်း ရတနာ၏ တန်ဖိုးကို သိရှိကြသော ပုဂ္ဂိုလ် တို့သည် အမြတ်တနိုး သိမ်းပိုက်၍ နှစ်ခြိုက်စွာ လေ့လာ ခဲ့ကြလေသည်။

ဤကဝိလက္ခဏာ သတ်ပုံ သံပေါက် ကျမ်း၌ သံပေါက် အပုဒ်ရေပေါင်း (၁၇၉၃)ပုဒ် ပါရှိ၏။ ထို(၁၇၉၃) ပုဒ်တို့တွင်-

- ဝိနည်းဆိုင်ရာ သံပေါက် (၂၄)ပုဒ်၊
- အဘိဓမ္မာဆိုင်ရာ သံပေါက် (၅၀)ပုဒ်၊
- သုတ္တန်ဆိုင်ရာ သံပေါက် (၂၀၈)ပုဒ်

အားဖြင့် ကျမ်းဂန်ဆိုင်ရာ ပုဒ်ပေါင်း (၂၈၂)ပုဒ်ပါရှိသည်ကိုတွေ့ရ၏။ ထိုမှ ကျန်ရှိသော ပုဒ်ရေ တထောင်ငါးရာခန့် တို့၌ ပိဋကတ် ကျမ်းဂန် နွယ်သော ပုဒ်များလည်း ပါရှိ၏။ အထက် ဖော်ပြပါ (၂၈၂) ပုဒ်မှာမူ ကျမ်းဂန် တိုက်ရိုက်ပုဒ်များ ဖြစ်ပေသည်။

ထိုကျမ်းဂန် ဆိုင်ရာ (၂၈၂) ပုဒ်တို့တွင် ဦးခြိမ့်၊ ဦးဆန်းတွန်း နှင့် ယခု ကျွန်တော်၏ စာတမ်းနှင့် နောက်ဆက်တွဲ တို့၌ ဖြေဆို ပြီးသော အပုဒ်တို့လည်း ပါဝင်ပေသည်။ သို့ရာတွင် မဖြေရသေးသော ပုဒ်ပေါင်း နှစ်ရာခန့် ကျန်ရှိနေပေသေးသည်။

ကျွန်တော်၏ အခြေခံ ဆန္ဒမှာ ကဝိလက္ခဏာ သတ်ပုံ သံပေါက် တကျမ်းလုံး အဖြေရှိအောင် ရေးသားပြုစု လိုပါသည်။ ဤသို့ ရေးသား ပြုစုပြီး မြန်မာ စာပေကို ကျေးဇူး ဆပ်လို ပါသည်။ ဤကိစ္စ အောင်မြင်ရေးမှာမူ အခြေအနေနှင့် အချိန်အခါ ပေါ်၌ မူတည် နေပါသည်။ ကျန်းမာရေး အခြေအနေ၊ စီးပွားရေး အခြေအနေနှင့် အလုပ်အကိုင် အခြေအနေများ ကောင်းဖို့ လိုပါသည်။ စာရေးဖို့ အချိန်ရဖို့ လိုပါသည်။

# အာသီသပတ္ထနာ

အပုဒ်အားလုံး အဖြေ ရေး၍ မပြီးနိုင်တောင်မှ ကျမ်းဂန်ဆိုင်ရာ ကျန်ရှိသော ပုဒ်ရေ နှစ်ရာခန့်ကိုမူ အဖြေ ရေးဖြစ်အောင် ရေးဖို့ ဆုံးဖြတ်ထားပါသည်။ ဆုံးဖြတ်ချက် အတိုင်း ကြိုးကြားကြိုကြား ရေးသွားမည် ဖြစ်ပါသည်။ ရေးသားပြီးသော အပုဒ်များ ပုံနှိပ်ဖြစ်ဖို့မှာလည်း တောင်တလုံးကျော် ရဦးမည့် ခရီးလမ်းပမာ ဖြစ်ပြန်ပါသည်။ ယခု ခေတ်တွင် ပုံနှိပ်ထုတ်ဝေ ဖြစ်ပါက စာဖတ်သူ အများအား အကျိုး ပြုနိုင်မည် ဖြစ်ပါသည်။

ယခင်က ဇမ္ဗူ့မိတ်ဆွေပိဋကတ်ပုံနှိပ်တိုက် ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက် စသည်တို့က ဂန္ထဝင် ကျမ်းဂန်များကို ရိုက်နှိပ် ဖော်ထုတ် ပေးလာခဲ့ကြသည်။ ယခု အခါ၌မူ သာသနာရေး ဦးစီးဌာန ပုံနှိပ်တိုက်က ဂန္ထဝင် ကျမ်းဂန် အချို့ကို အထိုက်အလျောက် ဖော်ထုတ် ပေးလျက်ရှိပေသည်။

ကျွန်တော့် အနေဖြင့် မိမိရည်သန်ရင်း ဆုံးဖြတ်ရင်း ရှိသည့် အတိုင်း ကျန်ရှိသော ကဝိလက္ခဏာ သတ်ပုံသံပေါက် အပုဒ်များ၏ အဖြေများကို ရေးသား ပြုစုနိုင်ပါရစေ၊ ရေးသား ပြုစုပြီးသော အဖြေများကိုလည်း လွယ်လွယ်ကူကူ ပုံနှိပ်ထုတ်ဝေ ဖြစ်ပါရစေဟု ပတ္ထနာ ပြုရတော့သည်။

မည်သို့ပင် ဖြစ်စေ အနာဂတ် ကာလတွင် ဖြစ်ပေါ်လာမည့် အကျိုးတရားကို ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသပညာ ဟူသော အဓိပတိ တရားလေးပါးကသာ အစိုးရပေသည်။ သို့မဟုတ် အနာဂတ်ကို မည်သည့် အရာကမျှ မပိုင်မစိုးနိုင်ချေ။ ယင်းသို့ အနာဂတ်ကို ပိုင်မပိုင် ပြဿနာကိုလည်း အခြားအရာက မဆုံးဖြတ်နိုင်၊ အနာဂတ် ကာလကပင် ဆုံးဖြတ်လိမ့်မည် ဖြစ်ပါသတည်း။

# နှစ်ဖက်လှ - ဦးကျော်လွင်

## ရေးသားပြုစု ထုတ်ဝေပြီးသော စာအုပ်များ

**မြန်မာစာပေ**


၁။ ကဗျာလင်္ကာနှင့် နည်းဥပမာ အကျယ်ဖွင့်ကျမ်း
(မြန်မာစာ ရွှေသော့) ၁၉၆၈-ခု
၂။ မြန်မာစာ ပဒေသာ ၁၉၇၈-ခု
၃။ ယခု သဒ္ဒါနှင့် နေတ္တိဆိုင်ရာ- ကဝိလက္ခဏာ သတ်ပုံ
သံပေါက်အဖြေနှင့် နောက်ဆက်တွဲများ ၁၉၈၁-ခု


**ဘာသာရေး**


၁။ သ-စ-အ ခရီးစဉ် ၁၉၅၈-ခု
၂။ အောင်ဇေယျ ဘုရားကြီး သမိုင်း ၁၉၅၉-ခု
၃။ ပဋ္ဌာန်း ရွှေသော့ ၁၉၆၀-ခု
၄။ ခေတ်သစ်သောနုတ္တိုရ် (ပထမတွဲ) ၁၉၆၄-ခု
၅ ခေတ်သစ်သောနုတ္တိုရ် (ဒုတိယတွဲ) ၁၉၆၅-ခု
၆။ မျက်မှောက်ခေတ် ဘာသာရေးနှင့် ကျွန်ုပ်တို့၏
သုံးသပ်ချက် (ပထမအကြိမ်) ၁၉၆၅-ခု
(ဒုတိယအကြိမ်) ၁၉၇၄-ခု
၇။ ဗုဒ္ဓဝင် အမြုတေ (ပထမအကြိမ်) ၁၉၇၄-ခု
(ဒုတိယအကြိမ်) ၁၉၇၉-ခု
၈။ ဗုဒ္ဓယဉ်ကျေးမှု ဆိုင်ရာ အမေး ၂၀၀၊
အဖြေ ၂၀၀၀၊ (ပထမအကြိမ်) ၁၉၇၄-ခု
(ဒုတိယအကြိမ်) ၁၉၇၈-ခု
၉။ ကျန်းမာရေး အတွက် မြတ်ဗုဒ္ဓ
ဟောကြားချက်များ ၁၉၇၅-ခု

## ထုတ်ဝေပြီး စာအုပ်များ

၁၀။ သိပ္ပံခေတ်နှင့် ဗုဒ္ဓ၏ အစိန္တေယျ တရား
(ပထမအကြိမ်) — ၁၉၇၅-ခု
(ဒုတိယအကြိမ်) — ၁၉၈၁-ခု

၁၁။ ဗုဒ္ဓနှင့် မာရ်နတ် အတွင်းရေး ပဋိပက္ခများ — ၁၉၇၆-ခု

၁၂။ အလင်းပြ ပရိတ်ကြီး — ၁၉၇၆-ခု

၁၃။ ငွေနှင့် မိန်းမ ဗုဒ္ဓဘယ်လို ဟောခဲ့သလဲ — ၁၉၇၇-ခု

၁၄။ ပုတီးသမိုင်းနှင့် ပုတီးစွမ်းရည် အမျိုးမျိုး
(ပထမအကြိမ်) — ၁၉၇၉-ခု
(ဒုတိယအကြိမ်) — ၁၉၇၉-ခု

# အလိမ္မာ စာမှာရှိသည်

# လူကောင်း လူတော် ဖြစ်အောင်

လူ့သဘာဝ စရိုက်ဆိုးများကို ပယ်ရှားပြီး
စရိုက်ကောင်းများကို ဖော်ဆောင်မည့်

**သာသနာရေးဦးစီးဌာနမှ**

## ပိဋကတ် မြန်မာပြန်များကို ဖတ်ပါ

---

**သာသနာရေးဦးစီးဌာန၌ ရိုက်နှိပ်ပြီးသော**
**အဘိဓမ္မာ မြန်မာဘာသာကျမ်းများ**

| | | | |
|---|---|---|---|
| ၁။ | အဘိဓမ္မတ္ထသရူပဒီပက | ပ၊ဒု | မြို့ပြင်ကြီးဆရာတော် |
| ၂။ | ပရမတ္ထသံခိပ်နှင့် အဖြေ | | လယ်တီဆရာတော်ကြီး |
| ၃။ | ပရမတ္ထသံခိပ်ဋီကာ | ပ၊ဒု | လယ်တီပဏ္ဍိတ ဦးမောင်ကြီး |
| ၄။ | ပရမတ္ထသရူပဘေဒနီ | ပ၊ဒု | မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး |
| ၅။ | မနော ရထပူရဏီကျမ်း | | ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး |
| ၆။ | အဘိဓမ္မတ္ထသရူပဒီပနီ | | သေက္ချတောင် ဦးတိလောက |
| ၇။ | သရုပ်ပြသင်္ဂြိုဟ် | | ဒေါ်ဝိဇ္ဇာသိ၊ ဘီအေ၊ ဓမ္မာစရိယ |
| ၈။ | ဓမ္မသင်္ဂဏီ မြန်မာပြန် | | |
| ၉။ | ခန္ဓာ, အာယတန, ဓာတ်, သစ္စာဝိဘင်း မြန်မာပြန် | | |
| ၁၀။ | ပုဂ္ဂလပညတ် မြန်မာပြန် | | |
| ၁၁။ | ဋီကာကျော် မြန်မာပြန် | ပ၊ဒု၊တ | |
| ၁၂။ | ဗုဒ္ဓအဘိဓမ္မာ စေတသိက်များအဖွင့် | အတွဲ-၃ | |
| ၁၃။ | ဝိုင်-အမ်-ဘီ-အေ အဘိဓမ္မာ | | |

၁၅၀၄

---

တိပိဋက ပါဠိ-မြန်မာ အဘိဓာန် ၁၀-တွဲ ထွက်ပြီ။
ပါဠိပဒ ပိဋကကျမ်းညွှန်း ၃-တွဲ ထွက်ပြီ။
မဟာဗုဒ္ဓဝံသ ဆဋ္ဌမတွဲ (ပ-ဒု) နှင့် ( ၃ မတွဲ ထွက်ပြီ။